
http://www.dhammadownload.com

မန္တလေးမြို့
မစိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိ မဟာနာယက

# ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
# ကိုယ်တိုင်ရေးသားစာပေများ




| သာသနာ | ကောဇာ | ခရာဇ် |
|---|---|---|
| ၂၅၅၆ | ၁၃၇၄ | ၂၀၁၂ |

http://www.dhammadownload.com

မန္တလေးမြို့
မစိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိ မဟာနာယက

# ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
# ကိုယ်တိုင်ရေးသားစာပေများ



ညီညွတ်မှုသာ၊ ရှိနေပါမူ
ကောင်းရာကောင်းကျိုး၊ ဆဆတိုး၍
ကောင်းကျိုးသင်္ချေ၊ ရရှိပေလိမ့်
မညီမညာ၊ ရှိလျက်ပါမူ
ဆိုးရာဆိုးကျိုး၊ ဆဆတိုး၍
ဆိုးကျိုးသင်္ချေ၊ ရရှိပေလိမ့်

http://www.dhammadownload.com

မန္တလေးမြို့မစိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိမဟာနာယက

# ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
# ကိုယ်တိုင်ရေးသားစာပေများ



သာသနာ ၂၅၅၆ ကောဇာ ၁၃၇၄ ခရစ် ၂၀၁၂

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်မြတ်ကြီး၏
ကိုယ်တိုင်ရေးသား စာပေများ ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခုနှစ် - ၂၀၁၃၊ ဖေဖော်ဝါရီလ
ထုတ်ဝေသူ - ဦးကဝိန္ဒာဘိဝံသ
ပုံနှိပ်သူ - ဦးဇော်မြင့်ဝင်း၊ ကာလာဖုံပုံနှိပ်တိုက်

ကွန်ပျူတာစာစီ - ရွှေမေတ္တာ (မစိုးရိမ်တိုက်သစ်)
မျက်နှာဖုံးဒီဇိုင်း - ရဲဝင်းဌေး(ယော)
အတွင်းဖလင် - အောဇက်

အုပ်ရေ - ၇၅၀၀
တန်ဖိုး - ဓမ္မဒါန

ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏
သက်တော်ရှစ်ဆယ် ပူဇော်ပွဲအထိမ်းအမှတ်အဖြစ်
ထုတ်ဝေသည်။

http://www.dhammadownload.com

## ကိုယ်တိုင်ရေးသား စာပေများ
## စာအုပ်အလှူရှင်

အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက်
လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရ၊
သီရိသုဓမ္မမဏိဇောတဓရ
အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်းနှင့်
ဇနီး သီဟသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နီနီ
သား- လူမှုထူးချွန် (ဒုတိယဆင့်) ဝဏ္ဏကျော်ထင် ဦးကျော်ဝင်းနှင့်
ဇနီး သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နန်းမောက်လောင်(ဝ်)ဆိုင်
သား,သမီး,မြေး,မြစ်တစ်စု "ရွှေသံလွင်ကုမ္ပဏီ"မိသားစု
ရန်ကုန်မြို့။

http://www.dhammadownload.com

# စီစဉ်သူ၏ အမှာစာ

ဆရာတော်၏ သက်တော် (၈၀)ပြည့် ပူဇော်ပွဲ၌ ဆရာတော်ကိုယ်တိုင်း ရေးသားခဲ့သည့် စာပေများကို စုပေါင်းထုတ်မည်ဟု စီစဉ်သောအခါ ဆရာတော်ရေးသားခဲ့သည့် စာပေများကို လက်လှမ်းမီသမျှ ဟိုတစ်ခု သည်တစ်ခု ရှာဖွေခဲ့ရသည်။ ယခင်က စုစုစည်းစည်း မှတ်မှတ်သားသား မရှိခဲ့ပါ။

တွေ့ရှိခဲ့သမျှကို ဆရာတော်ထံ ဆက်ကပ်ပြီး ဆရာတော်ကိုယ်တိုင် စိစစ်အတည်ပြုပေးခဲ့သည်၊ တစ်ချို့ကို ဆရာတော်အမိန့်ရှိမှ ရှာဖွေခဲ့ရသည်၊ ၁၉၇၀-နှစ်လွန်များက ရေးသားခဲ့သော သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်းပါ အချို့ဆောင်းပါးများကိုကား ရှာဖွေ၍မရနိုင်ခဲ့။

ရှာဖွေတွေ့ရှိသမျှကို အကြောင်းအရာတူ စုစည်းသည့်အခါ -

၁။ ခရီးသွားမှတ်တမ်းများ

၂။ ကိုယ်တိုင်ရေး စာအုပ်များပါ အမှာစာများ

၃။ သူတစ်ပါးရေးသည့် စာအုပ်များပါ အမှာစာများ

၄။ ဆောင်းပါးများ

၅။ ပေးစာများ


၆။ ဩဝါဒနှင့် တရားတော်များဟု ၆-မျိုး တွေ့ရသည်။

ယခု ရှာဖွေတွေ့ရှိရသောစာပေများကိုသာ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ ကိုယ်တိုင်ရေးသား စာပေများ"ဟူသောအမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

စာမူများရှာဖွေပေးကြ၊ ကွန်ပျူတာစာစီပေးကြ၊ တစ်တပ်တအား ဝိုင်းဝန်းကူညီကြသော ပုဂ္ဂိုလ်များအား ကျေးဇူးတင်လျက်။

**အရှင်တဝိန္နာဘိဝံသ**

http://www.dhammadownload.com



http://www.dhammadownload.com

# "명징하게 깨어 있어야 분노 다스려"

名법문 名강의

미얀마 우아사 담마 비행사 사야도

부모님 은혜


평생 잊지 않는

우아사 담마는






ကိုရီးယားနိုင်ငံရောက် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဟောကြားတော်မူအပ်သော တရားတော်ကို ဆရာတော်၏ ဓာတ်ပုံ၊ အတ္ထုပ္ပတ္တိနှင့်တကွ ကိုရီးယားသတင်းစာ၌ ဖော်ပြထားပုံ



**미얀마 우아사 스님, 법장 스님 예방**

미얀마 불교 수담마의 큰 스승인 우아사 담마 비행사 스님이 5월 20일 조계종 총무원장 법장 스님을 예방했다. 이날 우아사 스님은 오는 2007년 100주년을 맞는 미얀마 만달레이의 마소이엥 절의 기념행사에 법장 스님을 공식 초청했다. 이에 대해 법장 스님은 세계 문화유산 팔만대장경의 목판 복제품을 전달하며 적극 검토하겠다고 화답했다.

김형규 기자 kimh@beopbo.com



**붓다와 떠나는 책 여행, 저자와의 대화**

불서읽기 모임인 '붓다와 떠나는 책 여행'이 5월 25일 서울노인복지회관에서 저자와의 대화 및 저자초청 강연회를 개최했다. 『번뇌, 업, 고통』의 저자인 정승석 동국대학교 인도철학과 교수를 초청해 열린 저자와의 대화에는 회원 등 50여 명이 참석해 책에 관한 저자의 설명을 듣고 책에 관한 궁금증을 자유롭게 질의 응답하는 시간을 가졌다.

남수연 기자

ကိုရီးယားနိုင်ငံရောက် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်အား ကိုရီးယားသာသနာပိုင်ဘုန်းတော်ကြီးက သစ်ထွင်းပိဋက(ဓမ္မပဒ) လှူဒါန်းနေစဉ်။ (သတင်းစာတွင်ဖော်ပြထားပုံ)

http://www.dhammadownload.com

# ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

## ကိုယ်တိုင်ရေးသား စာပေများ

| စဉ် | မာတိကာ | စာပေ အမျိုးအစား | ရေးသည့်နေ့စွဲ | | |
|---|---|---|---|---|---|
| | | | နေ့ | လ | နှစ် |
| ၁ | ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း | အတ္ထုပ္ပတ္တိ | ၁၆ | ၂ | ၂၀၀၄ |
| ၂ | အမေရိကန် ခရီးစဉ် (၁) | ခရီးသွား မှတ်တမ်း | ၂၂ | ၅ | ၂၀၀၁ |
| ၃ | စင်္ကာပူ ခရီးစဉ် (၁) | ခရီးသွား မှတ်တမ်း | ၁၉ | ၅ | ၂၀၀၄ |
| ၄ | အိန္ဒိယခရီးစဉ် | ခရီးသွား မှတ်တမ်း | ၂၆ | ၁ | ၂၀၀၅ |
| ၅ | ကိုရီးယားခရီးစဉ် | ခရီးသွား မှတ်တမ်း | ၃၉ | ၄ | ၂၀၀၅ |
| ၆ | ထိုင်းခရီးစဉ် | ခရီးသွား မှတ်တမ်း | ၂၉ | ၁၁ | ၂၀၀၅ |
| ၇ | ဥရောပခရီးစဉ် (၁) | ခရီးသွား မှတ်တမ်း | ၁၉ | ၅ | ၂၀၀၆ |
| ၈ | ဥရောပခရီးစဉ် (၂) | ခရီးသွား မှတ်တမ်း | ၄ | ၅ | ၂၀၀၉ |
| ၉ | မလေးရှား စင်္ကာပူခရီးစဉ် | ခရီးသွား မှတ်တမ်း | ၁ | ၁၀ | ၂၀၀၉ |
| ၁၀ | ထိုင်း သီရိလင်္ကာ ခရီးစဉ် | ခရီးသွား မှတ်တမ်း | ၁၆ | ၈ | ၂၀၁၀ |
| ၁၁ | အမေရိကန် ခရီးစဉ် (၂) | ခရီးသွား မှတ်တမ်း | ၁၈ | ၅ | ၂၀၁၁ |
| ၁၂ | စင်္ကာပူ ခရီးစဉ် (၂) | ခရီးသွား မှတ်တမ်း | ၁၀ | ၁ | ၂၀၁၂ |
| ၁၃ | ဂျပန်ခရီးစဉ် | ခရီးသွား မှတ်တမ်း | ၂၃ | ၄ | ၂၀၁၂ |
| ၁၄ | သြစတေးလီးယားခရီးစဉ် | ခရီးသွား မှတ်တမ်း | ၁၂ | ၆ | ၂၀၁၂ |
| ၁၅ | မြသိန်းတန် ဘုရားသမိုင်း (ပထမအကြိမ်) | အမှာစာ | ၂၉ | ၈ | ၁၉၇၂ |
| ၁၆ | ဘဒ္ဒန္တသူရိယာဘိဝံသ ထေရုပ္ပတ္တိ (ပထမအကြိမ်) | အမှာစာ | ၁၈ | ၁၈ | ၁၉၇၆ |
| ၁၇ | ဦးစန္ဒောဘာသာဘိဝံသ အတ္ထုပ္ပတ္တိ (ပထမအကြိမ်) | အမှာစာ | ၁၉ | ၄ | ၁၉၇၉ |
| ၁၈ | ဦးစန္ဒောဘာသာဘိဝံသအတ္ထုပ္ပတ္တိ (ဒုတိယအကြိမ်) | အမှာစာ | ၂၀ | ၁ | ၁၉၈၃ |
| ၁၉ | မစိုးရိမ်တိုက်သစ် ရွှေရတုစာအုပ် (ပထမအကြိမ်) | အမှာစာ | | | ၂၀၀၄ |
| ၂၀ | မစိုးရိမ်သမိုင်းနှင့် သာသနာဝင် (ပထမအကြိမ်) | အမှာစာ | ၁၂ | ၇ | ၂၀၀၇ |
| ၂၁ | စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များ | အမှာစာ | | | ၂၀၀၈ |
| ၂၂ | မြသိန်းတန် ဘုရားသမိုင်းစာအုပ် (ဒုတိယအကြိမ်) | အမှာစာ | ၄ | ၈ | ၂၀၁၀ |

http://www.dhammadownload.com

# ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
# ကိုယ်တိုင်ရေးသား စာပေများ

| စဉ် | မာတိကာ | စာပေ အမျိုးအစား | ရေးသည့်နေ့စွဲ | | |
|---|---|---|---|---|---|
| | | | နေ့ | လ | နှစ် |
| ၂၃ | အမြီးပေးပါရစေ ချစ်မိတ်ဆွေ | အမှာစာ | | ၁၂ | ၁၉၈၂ |
| ၂၄ | ဗုဒ္ဓဂုဏဂါထာဝလိ | အမှာစာ | | | ၁၉၉၉ |
| ၂၅ | မဟာဝေပုလ္လစာချတန်းစာအုပ် | အမှာစာ | | | ၂၀၀၃ |
| ၂၆ | လမင်းနှစ်ဆူ ပြိုင်တူလင်းခြင်း | အမှာစာ | ၁၁ | ၈ | ၂၀၀၉ |
| ၂၇ | အမှာစာမလိုသော စာအုပ် | အမှာစာ | ၂၉ | ၁ | ၂၀၁၁ |
| ၂၈ | သဒ္ဒါအခက်အခဲ | အမှာစာ | | | ၂၀၁၂ |
| ၂၉ | ဓမ္မသီတဂူကျောင်းအမသမီး ခင်ဦးလွင်သို့ | ပေးစာ | ၉ | ၈ | ၁၉၉၇ |
| ၃၀ | အမေရိကန် ဒါယကာကြီး ဦးချစ်ပြိုင်သို့ | ပေးစာ | ၆ | ၃ | ၂၀၀၅ |
| ၃၁ | အဓိပတိကျောင်းလွှတ်ပူဇော | ဩဝါဒ | ၁၂ | ၁၁ | ၁၉၉၅ |
| ၃၂ | ပဋ္ဌာန်းအကျိုး | ဩဝါဒ | | ၅ | ၂၀၀၁ |
| ၃၃ | မကွေး အောင်မြေရတနာ | ဩဝါဒ | | | ၂၀၀၅ |
| ၃၄ | သမ္မဒါလေးပါး | ဩဝါဒ | ၂၉ | ၁၀ | ၂၀၁၀ |
| ၃၅ | သာသနာတော်အတွက် လမ်းညွှန်ချက် | ဩဝါဒ | | | ၂၀၁၀ |
| ၃၆ | သာသနာတော်အတွက် လမ်းညွှန်ချက် | ဩဝါဒ | | | ၂၀၁၀ |
| ၃၇ | သာသနာတော်အတွက် လမ်းညွှန်ချက် | ဩဝါဒ | | | ၂၀၁၀ |
| ၃၈ | သူငယ်တော်တောရ | ဩဝါဒ | | | ၂၀၁၁ |
| ၃၉ | စာရေးဆရာဖြစ် သင်တန်းဆင်းပွဲ | ဩဝါဒ | ၆ | ၈ | ၂၀၁၁ |
| ၄၀ | တမြက်လှဲ့ငှားရင် ကိုယ့်ကို ငှားပါ | ဆောင်းပါး | | ၂ | ၁၉၇၆ |
| ၄၁ | သခင်စိတ် ကျွန်စိတ် | ဆောင်းပါး | | ၅ | ၁၉၇၇ |
| ၄၂ | အုပ်ချုပ်သူများ အမှားဝန်ခံ | ဆောင်းပါး | | ၂ | ၂၀၀၀ |
| ၄၃ | တုယူမမှား စောင့်ထားမျိုးနွယ် | ဆောင်းပါး | ၄ | ၈ | ၂၀၀၁ |
| ၄၄ | ကျောက်ကောင်းတစေ့ | ဆောင်းပါး | ၁၈ | ၈ | ၂၀၀၃ |

http://www.dhammadownload.com

# ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

## ကိုယ်တိုင်ရေးသား စာပေများ

| စဉ် | မာတိကာ | စာပေ အမျိုးအစား | ရေးသည့်နေ့စွဲ | | |
|---|---|---|---|---|---|
| | | | နေ့ | လ | နှစ် |
| ၄၅ | ဗွဲကောင်းသော ဆရာကြီး | ဆောင်းပါး | | | ၂၀၀၄ |
| ၄၆ | ကျနုပ်သိသော ကိုဋ္ဌေးလှိုင် | ဆောင်းပါး | ၁၉ | ၁ | ၂၀၀၅ |
| ၄၇ | လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် | ဆောင်းပါး | ၂၇ | ၂ | ၂၀၀၉ |
| ၄၈ | ဗန်းမော်ဆရာတော် (၂)ပါး | ဆောင်းပါး | ၃ | ၅ | ၂၀၀၉ |
| ၄၉ | ရွှေရတုအကြို ရွာမ | ဆောင်းပါး | ၃၀ | ၁၂ | ၂၀၀၉ |
| ၅၀ | ဆရာဟူသည် (ရန်ကုန်ဝိသုဒ္ဓါရုံ) | ဆောင်းပါး | | | ၂၀၀၉ |
| ၅၁ | ရေစကြိုဆရာတော် (၂)ပါး | ဆောင်းပါး | ၂၄ | ၃ | ၂၀၁၀ |
| ၅၂ | နှစ်ပေါင်း(၈၀)ကျော်က သပိတ်မှောက်ကံ | ဆောင်းပါး | ၂၂ | ၄ | ၂၀၁၀ |
| ၅၃ | ဆိုပိမ့်မညှာ ဓေ့ဓေ့နာလော့ (ဦးသုခ နှစ်တရာ) | ဆောင်းပါး | | | ၂၀၁၀ |
| ၅၄ | ရှင်တဆူ လူတယောက် (မင်းကွန်းတိပိဋကနှစ်တရာ) | ဆောင်းပါး | | | ၂၀၁၂ |
| ၅၅ | သဒ္ဓါဓိကဘုရားလောင်း (ရန်ကုန် ဆုထူးပန်ကျောင်း) | ဆောင်းပါး | | | |
| ၅၆ | အခြေတိုးမြှင့် ဆောင်ရွက်သင့် | တရား | ၂၇ | ၇ | ၂၀၀၃ |
| ၅၇ | ဓမ္မသမ္ပတ္တိကျောင်း ရေစက်ချ | တရား | ၂၅ | ၉ | ၂၀၀၃ |
| ၅၈ | စာကြည့်တိုက်ဖွင့်ပွဲ | တရား | | | ၂၀၀၉ |
| ၅၉ | U-S-Aမိသားစု ဆွမ်းကပ်အနုမောဒနာ | တရား | ၂၅ | ၁၂ | ၂၀၀၈ |
| ၆၀ | အေးအေးခိုင်ကုမ္ပဏီဆွမ်းကပ်အနုမောဒနာ | တရား | | | ၁၃၇၀ |
| ၆၁ | သဒ္ဓါဆွမ်းကျွေး အနုမောဒနာ | တရား | | | ၁၃၇၀ |
| ၆၂ | မူလတန်းကျောင်းဆောင် လှူဒါန်းပွဲ | တရား | | | ၁၃၇၀ |
| ၆၃ | တိုက်သစ် အာစရိယပူဇော်ပွဲ | ဩဝါဒ | | | ၁၃၇၁ |
| ၆၄ | ဂိလာနပရိတ်ရွတ်ပွဲ | တရား | | | ၁၃၇၁ |
| ၆၅ | မြပွဲရုံမိသားစု | တရား | | | ၁၃၇၁ |
| ၆၆ | အသုဘ ရေစက်ချ | တရား | | | ၁၃၇၁ |

http://www.dhammadownload.com

# ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
## ကိုယ်တိုင်ရေးသား စာပေများ

| စဉ် | မာတိကာ | စာပေ အမျိုးအစား | ရေးသည့်နေ့စွဲ | | |
|---|---|---|---|---|---|
| | | | နေ့ | လ | နှစ် |
| ၆၇ | မွေးနေ့ အလှူ | တရား | | | ၁၃၇၁ |
| ၆၈ | နှင်းဆီရုံဘုံဆွမ်းလောင်းအသင်း | တရား | | | ၁၃၇၃ |
| ၆၉ | ဦးဆေကိန္ဒ၏ တပည့်များ | ဩဝါဒ | | | ၁၃၇၃ |
| ၇၀ | ကသာနယ် ဆွမ်းကျွေးအဖွဲ့ | တရား | | | ၁၃၇၃ |
| ၇၁ | တိုက်သစ် ကထိန် | တရား | | | ၁၃၇၃ |
| ၇၂ | ရန်ကုန် ဆွမ်းကျွေးအဖွဲ့ | တရား | | | ၁၃၇၃ |

http://www.dhammadownload.com



# မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
# အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
# ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏
# ထေရုပ္ပတ္တိအကျဉ်း

## ဖွားမြင်တော်မူခြင်းနှင့် သာသနာ့ဝန်ထမ်းအဖြစ်သို့ ရောက်ခြင်း

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသလောင်းလျာ မောင်စိန်မောင်သည် ၁၂၉၅-ခုနှစ်၊ ဝါဆိုလဆုတ် (၁၃)ရက်၊ (၁၉၃၃၊ ဇူလိုင်၁၉) နေ့တွင် မုံရွာမြို့နယ် အင်တိုင်းရွာ၌ ဦးဘဝင်း+ ဒေါ်နှင်းဦးတို့မှ ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။ မွေးချင်းခုနှစ်ယောက်အနက် တတိယမြောက်ဖြစ်သည်။ ယခုအချိန်၌ကား သုံးယောက်သာ ကျန်တော့သည်။

၁၃၀၃-ခုနှစ် တန်ခူးလတွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၁၅-ခုနှစ် ဝါဆိုလတွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဒကာ ဒကာမများမှာ မုံရွာမြို့ သန်းစတိုးဆိုင်ပိုင်ရှင် ဦးစော+ဒေါ်မြင့်တို့ ဖြစ်ကြ၏။

## စာပေသင်ကြားခြင်း

(၅)နှစ်သားမှစ၍ အင်တိုင်းရွာ တောင်ကျောင်းဘုန်းကြီး ဦးရဝိန္ဒ၊ ဦးကောဝိဒတို့ထံ သင်ပုန်းကြီး၊ မင်္ဂလာသုတ် စသည့် လူမှုရေးအခြေခံ စာပေများနှင့် သဒ္ဒါ သင်္ဂြိုဟ် ဝိနည်း စသည့် ပိဋကအခြေခံစာပေများကို သင်ကြားခဲ့သည်။ ဘုန်းတော်ကြီးကျောင်း ဂဏန်းသင်္ချာများကိုလည်း အထက်ပါ ငယ်ဆရာများထံ၌ပင် သင်ကြားခဲ့၏။ အစိုးရအတန်း ကျောင်း လုံးဝမနေခဲ့ဘူးချေ။

ထို့နောက် ၁၆-နှစ်သားအရွယ်တွင် မုံရွာမြို့ လေသာတိုက် ဇောတိကတိုက်တို့၌ နေထိုင်၍ ပိဋကအခြေခံကျမ်းစာများကိုပင် ထပ်မံ၍ လေ့လာသင်ကြားခဲ့၏။

(၁၉)နှစ်မှ (၂၆)နှစ်အထိ မန္တလေး တောင်သမန်တိုက် မစိုးရိမ်တိုက်ကြီးတို့၌ နေထိုင်၍ ပိဋကကျမ်းစာများ လေ့လာသင်ကြားခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ငယ် လတ် ကြီး စာချတန်း သကျသီဟစာသင်တန်း စာချတန်းတို့ ဖြစ်၏။ သကျသီဟ အောင်မြင်ပြီးနောက် မန္တလေးမြို့ မစိုးရိမ်တိုက် ဓမ္မနယူပဒေသကျောင်း၌ ကျောင်းထိုင် နာယက စာချအဖြစ် တာဝန်ထမ်းဆောင်ရင်း ဆေးတစ်အိုးကျွမ်း ကွမ်းတယာညက် အားလပ်ချိန် လေးများ၌ ဘာသန္တရစာပေ (အင်္ဂလိပ်၊ ဟိန္ဒူ၊ နာဂရီစသည်) များကို လေ့လာခဲ့၏။

ထိုဘာသာများ၌ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေပြီဟု မထင်လေနှင့်။ ထမင်းစား ရေသောက် သေစာရှင်စာလောက်သာ ဖတ်တတ်လိမ့်မည်ဟု ထင်သည်။

ကျွန်ုပ်သည် အင်္ဂလိပ် ဟိန္ဒူဘာသာဖြင့် ရေးသားထားသည့် "ဤသူအား သတ်ပစ်လိုက်ပါ"

http://www.dhammadownload.com



ဟူသော မိမိ၏ သေစာကို ယောသကလို ခါးပိုက်ထဲထည့်ပြီး ယူသွားလောက်အောင် ထုံအလိမ့်မည် မဟုတ်ဟု ဆိုလိုသည်။

ယင်း ဘာသာများ ကျွမ်းကျွမ်းကျင်ကျင် မတတ်သော်လည်း အများကမူ ကျွန်ုပ်အား ဘာသန္တရ ကျွမ်းကျင်လှသူဟု ထင်ကြ၏။ ယင်းသို့ ထင်ကြခြင်းမှာ စာသင်တိုက်ကြီး တတိုက်မှ ပရိသတ်အများစုကို အုပ်ချုပ်နေသည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊ အချို့သော အင်္ဂလိပ်စာတတ် စာရေးဆရာကြီးများက ဉာဏ်သစ်လောင်းသင်တန်းများ၌ မိမိ (ဦးရာဇ) အင်္ဂလိပ်စာ တော်ကြောင်း တတ်ကြောင်း ထည့်သွင်းပြောဆိုတတ်ကြခြင်းကြောင့် ဖြစ်ဟန်တူသည်။

## သာသနာရေး ဆောင်ရွက်ချက်များ

၁၃၂၂-ခုနှစ်မှ စ၍ ယနေ့ ၁၃၄၀-ပြည့်နှစ်အထိ မစိုးရိမ်တိုက်ကြီးနှင့် မစိုးရိမ် တိုက်သစ်တို့၌ နေထိုင်ပြီး စာသင်သားများ အကျိုးများမည့် စာပေများကို ပို့ချခဲ့၏။ စာချသက် (၁၉)နှစ်အတွင်း ငယ်လတ်ကြီးစာချတန်းတို့၌ အဓိကဘာသာအဖြစ် ပြဋ္ဌာန်းထားသည့် ကျမ်းစာအားလုံးကို ထိုက်သင့်သလို ပို့ချခဲ့ဖူး၏။

ယခု ၁၃၆၅-ခုနှစ်၌မူ စာချသက်ပင် နှစ်ပေါင်း ၄၀ကျော်နေပေပြီ။ ပျံလွန်တော် မူပြီးသော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ၁၃၂၉-ခုနှစ်မှ စ၍ မစိုးရိမ် တိုက်သစ်တွင် အမြဲနေထိုင်ပြီးလျှင် စာပေပို့ချရင်း ဆရာတော်ကြီး စေခိုင်းသည့် သာသနာရေး ကိစ္စများကို ဆောင်ရွက်ပေးခဲ့၏။ အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီးထံ မေးလာသော ပုစ္ဆာများကို ဆရာတော်ကြီးကိုယ်စား ဖြေဆိုပေးခဲ့ရ၏။

တနိုင်ငံလုံး နိကာယ်သာသနာထွန်းကားရေးစသည့် သာသနာရေးကိစ္စများကို ဆရာတော်ကြီးနှင့် တွဲဖက်၍ ဆောင်ရွက်ခဲ့၏။ မိမိတဦးတည်း ဦးဆောင်မှုပြုပြီး ဆောင်ရွက်ခဲ့သည့် သာသနာရေးကိစ္စဟူ၍ လုံးဝမရှိ။

## အုပ်ချုပ်မှု

၁၃၂၄-ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး ဓမ္မနယူပဒေသကျောင်း၌ နေထိုင်၍ (၅)နှစ်တိတိ စာသင်သားများကို အုပ်ချုပ်ခဲ့၏။

၁၃၂၉-ခုနှစ်မှ စ၍ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း၌ နေထိုင်ပြီး စာသင်သားများကို အုပ်ချုပ်ခဲ့သည်။

မစိုးရိမ်နှစ်တိုက်၏ စည်းမျဉ်းဥပဒေသည် စာသင်သားများကို နာယကအဖွဲ့က စုပေါင်း အုပ်ချုပ်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာ တကျောင်းစီရှိ စာသင်သား များကိုကား ထိုကျောင်းရှိ နာယကဘုန်းကြီးကသာ လုံးဝတာဝန်ယူ၍ အုပ်ချုပ်ရလေသည်။ တပ်ခွဲတခွဲရှိ စစ်သားများကို ထိုတပ်ခွဲရှိ စစ်ဗိုလ်က တာဝန်ယူအုပ်ချုပ်ရသကဲ့သို့ပင် ဖြစ်သည်။

ဓမ္မကျောင်း၌ နေစဉ်က အုပ်ချုပ်ရသည့် စာသင်သားသံယာ မများလှပါ။ မိမိနှင့် ဆွမ်း

http://www.dhammadownload.com



တဝိုင်းတည်းစား လေးငါးပါးမျှသာ အုပ်ချုပ်ရ၏။ အုပ်ချုပ်သည်ဆိုသော်လည်း ပြောစရာဆိုစရာ လုံးဝမရှိ။ လေးငါးခြောက်နှစ် အတူနေ သူငယ်ချင်းတပည့်များ ဖြစ်ကြ သဖြင့် ဆရာတပည့် သဘောမျိုးလည်း မဆက်ဆံ။ သူငယ်ချင်း မင်းဖြစ် သဘောမျိုးသာ နေထိုင်ကြ၏။

မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်သည့်အခါကား အုပ်ချုပ်ရသည့် စာသင်သားသံဃာ တနှစ်ထက် တနှစ် ပိုမိုများပြားလာသည်။ ၁၃၅၂-ခုနှစ်မှ စ၍ သံဃာ တထောင်ကျော်အထိ တိုးတက်များပြားလာသည်။

## အခြား သာသနာရေးဆောင်ရွက်ချက်များ

မိမိတဦးတည်း ဦးစီးဦးဆောင်ပြု၍ မှတ်တမ်းတင်ရလောက်အောင် သာသနာရေး ဆောင်ရွက်ချက်ဟူ၍ မရှိသော်လည်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သည့် သာသနာရေး ကိစ္စများကား ရှိခဲ့ဘူးလေသည်။

မိမိသည် ၁၃၂၄-ခုနှစ်မှ စ၍ ပထမပြန်စာမေးပွဲများတွင် ကြီးကြပ်ရေးအဖွဲ့ဝင် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့၏။ စာဖြေသူတို့ အကောင်းဘက် ယိုင်လာအောင် တတ်နိုင်သမျှ ဆောင်ရွက်ခဲ့၏။ ထိုကိစ္စ၌ ရာနှုန်းပြည့် အောင်မြင်မှုမရသေးသော်လည်း ယခုအချိန်၌ စာဖြေသူတို့၏ အမူအရာသည် ရဟန္တာများနှယ် အကြည်ညို ခံနိုင်လောက် အောင် တည်ငြိမ်လာပြီဟု မဆိုနိုင်သေး စေကာမူ ပုထုဇဉ်ကောင်းများအဖြစ် ဗိုင်းကောင်းကျောက်ဖိ အခြေအနေသို့ ရောက်အောင်ကား တဖြည်းဖြည်း ပြောင်းလဲလာနေပြီဟု ဆိုနိုင်၏။

၁၃၃၄-ခုနှစ် မတိုင်မီ နှစ်များက မစိုးရိမ်တိုက်ကြီး၌ ကျောင်းထိုင်နာယက တင်မြှောက်သည့် အခါ တထပ်ကျောင်း နှစ်ထပ်ကျောင်းအတွက် ပြဿနာတက်တတ်၏။ ကျောင်းထိုင်နာယက လောင်းများသည် တထပ်ကျောင်း လစ်လပ်လျှင် ငယ်သေး၍ ကျောင်းမထိုင်ချင်သေး သယောင်ယောင် ခပ်ရှောင်ရှောင် ပြောဆို ငြင်းဆန်တတ်ကြ၏။ နှစ်ထပ်ကျောင်း လစ်လပ်လျှင်ကား ရှောရှောရှူရှူပင် ကျောင်းထိုင်ကြလေသည်။ အသက်ငယ်သေးသည်ဟု ငြင်းသူမရှိ။ ထို့အတွက် ပြဿနာမတက်ရလေအောင် ကျောင်းထိုင်နာယကတင်မြှောက်သည့် စည်းမျဉ်းဥပဒေကို ဖြည့်စွက် ပြင်ဆင်သင့်ကြောင်း အကြံပေးခဲ့၏။

ထိုအကြံပေးချက်အရ ဖြည့်စွက်ပြင်ဆင်ထားသဖြင့် ယခုအချိန်၌မူ တထပ်ကျောင်း နှစ်ထပ်ကျောင်းအတွက် ပြဿနာမတက်တော့ပေ။ တထပ်ကျောင်း လစ်လပ်လျှင် ရှောရှောရှူရှူပင် ကျောင်းထိုင်လာကြသည်။

**ဖြည့်စွက်သည့် ဥပဒေကား**

" နှစ်ထပ်ကျောင်းလစ်လပ်လျှင် တထပ်ကျောင်းလေး၌ ရှေးဦးစွာ နေထိုင်ခဲ့သည့် နာယကကို ပြောင်းရွှေ့နေထိုင်စေရမည် " ဟူ၍ ဖြစ်၏။

ယင်းဖြည့်စွက်ဥပဒေအရ တထပ်ကျောင်း မနေရသေးသည့် နာယကလောင်းသည်

http://www.dhammadownload.com



မည်သည့်နည်းနှင့်မျှ နှစ်ထပ်ကျောင်း ကျော်တက်ရလိမ့်မည်မဟုတ်။ နှစ်ထပ်ကျောင်း မရသေးသဖြင့် ကျောင်းမထိုင်ဘဲ စောင့်နေသည့် နာယကလောင်းဟူ၍လည်း မရှိနိုင်တော့။ တိုက်သစ် ကျောင်းထိုင် နာယက တင်မြှောက်သည့် စည်းမျဉ်းဥပဒေ၌လည်း ယင်းအချက်အလက် ပါရှိ၏။

## ပါဠိစကားပြောအသင်း

သံဃာယနာခေတ်က သီဟိုဠ်၊ ယိုးဒယား ကမ္ဘောဒီယားစသော ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများမှ ရဟန်းတော်များသည် မြန်မာနိုင်ငံသို့ ရောက်လာကြသည့်အခါ ပါဠိဘာသာဖြင့် ရည်ရည်မွန်မွန် စကားပြောနိုင်ကြ၏။

မြန်မာပြည်သား ရဟန်းတော်များကား ပါဠိဘာသာဖြင့် ရည်ရည်မွန်မွန် မပြောဆို တတ်သဖြင့် နိုင်ငံခြားသား ရဟန်းတော်များနှင့် စကားပြော ဆက်သွယ်ရသည့်အခါ အခက်အခဲ တွေ့ကြရသည်။

နိုင်ငံခြားသား ရဟန်းတော်များသည် အင်္ဂလိပ် ပြင်သစ်စသော ဘာသာစကားများ ကိုလည်း ပြောဆိုတတ်ကြ၏။ မြန်မာပြည်သား ရဟန်းများအဖို့ အင်္ဂလိပ် ပြင်သစ်စကား မပြောဆို တတ်သည်မှာ ရှက်စရာမဟုတ်။ နေ့စဉ်လေ့လာနေကြသည့် ပါဠိဘာသာ စကားကိုမျှ ရည်ရည်မွန်မွန် မပြောနိုင် မရေးနိုင်ကြသည်မှ ရှက်စရာဖြစ်နေပေသည်။

ထို့ကြောင့် ထိုခေတ်က မိမိကိုယ်တိုင် ဦးဆောင်သူတဦးအဖြစ် ပါဝင်၍ **မစိုးရိမ် ပါဠိဝေဒဂူ သမိတိ**ဟူသော အမည်ဖြင့် ပါဠိစကားပြောရေးအသင်း တည်ထောင်ကာ လေ့ကျင့်ခဲ့ကြ၏။ သတင်းစာမှ ကြေငြာ၍ ပါဠိစကားရည်လုပွဲ ပါဠိကျူပန်း စကားပြောပွဲများ ဦးစီးပြုလုပ်ခဲ့ဖူး၏။

ထိုစဉ်က ပါဠိအသင်းသားများသည် ပါဠိလို အတန်အသင့် ပြောဆိုရေးသား တတ်ကြ၏။ ပါဠိအသင်းသားအချင်းချင်း လမ်းတွေ့၍ မြန်မာလိုပြောဆိုလျှင် ပိုက်ဆံတမတ် ဒဏ်တပ်၏။ ယင်းအသင်း ကြာရှည်မခံပါ။ သုံးလေးနှစ်ကြာလျှင် ကျွန်ုပ်နှင့် ပါဠိဝေဒဂူသမိတိ ဟူသော တံဆိပ်တုံးသာ ကျန်ရစ်ခဲ့သည်။ မိမိအဖို့ကား အကျိုးမယုတ်ပါ။ နောက်ပိုင်း သီဟိုဠ်မှ ရဟန်းတော်များ လာသည့်အခါ ပါဠိလို အတန်အသင့် ပြောနိုင်၏။ ယခု အချိန်၌ကား ပြောကျင့်မရှိသဖြင့် နှုတ်ဆွံ့သွားပါပြီ။

## ထပ်မံရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ

နိုင်ငံတော်အစိုးရက ၁၃၆၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၆၅-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ပါသည်။

## ရှန်းရ ကန်ရ ကျွန်ုပ်ဘဝ

ကျွန်ုပ်သည် တနှစ်လျှင် အနည်းဆုံး (၁)သိန်းကျော်ဖိုးလောက်မှ စ၍ (၁၀)သိန်း ကျော်ဖိုးခန့်အထိ နှစ်စဉ် မဲချလှူဒါန်းခဲ့၏။ နှစ်ပေါင်း(၂၀)ကျော် ရှိလောက်ပါပြီ။ ထိုအခြေအနေကို

http://www.dhammadownload.com



ကြည့်၍ ကျွန်ုပ်ကို ဘယ်သို့ အကဲဖြတ်ကြမည် မသိ။

ငယ်စဉ် စာသင်သားဘဝကမူ ကျွန်ုပ် ဆင်းရဲလှပါသည်။ သက်နီးတထည်စို၍ တထည် လဲစရာ မရှိသော ဘဝမျိုးဖြစ်၏။ မန္တလေးမြို့တွင် ခြင်ထောင်မရှိလျှင် အိပ်မရကြောင်း မန်းရောက်ဖူး သူတိုင်း သိကြ၏။ မိမိအဖို့မူ ခြင်ထောင်မဝယ်နိုင်သဖြင့် ခြင်ထောင်ထောင်ပြီး မအိပ်ခဲ့ရပါ။ အိပ်ခါနီးလျှင် ရေချိုးပြီး ခေါင်းမြီးခြုံ အိပ်လိုက်၏။

မိမိစာသင်သားဘဝက ရန်ကုန်-မန္တလေးရထားခ အသွားအပြန် (၃၅)ကျပ်သာ ပေးရ၏။ မိမိကား ရထားခ (၃၅)ကျပ် မတတ်နိုင်သဖြင့် ရန်ကုန် စေတိယင်္ဂဏစာမေးပွဲ မဖြေခဲ့ရပါ။ အကြမ်းဗလာစာအုပ် တအုပ်တမတ်သာ ပေးရ၏။ တမတ်တန် စာအုပ်ကိုပင် ချိန်ချိန်ဆဆ ဝယ်၍ သုံးခဲ့ရပါသည်။

တရက် ပဲပြုတ် တပဲဖိုး မတတ်နိုင်သဖြင့် ပဲပြုတ်သည်ကို နှစ်ပြားဖိုး ရောင်းချ ပေးရန် တောင်းပန်ရ၏။ ပဲပြုတ်နှစ်ပြားဖိုးဝယ် ဆီအနည်းငယ်ဆမ်း ဆားဖြူးကာ ဆွမ်းစား ခဲ့ရသည်။ ရက်ပေါင်းလည်း ထောင်ချီ၍ ရှိပါလိမ့်မည်။

မစိုးရိမ်တိုက်ကြီး၌ ကျင်းပသည့် စာသင်တန်း စာချတန်းစာမေးပွဲကို ၁၃၁၇-ခုနှစ် တပေါင်းလမှ စ၍ ဖြေဆိုခဲ့ရာ အပတ်စဉ်အောင်မြင်သဖြင့် တလ(၁၀)ကျပ် အထောက်အပံ့ရ၏။ ထိုအခါကျမှ ပဲပြုတ် တရက်(၁)ပဲဖိုး ဝယ်စားနိုင်တော့သည်။

## Unfinish Biography

ကျွန်ုပ်သည် ယခု (၁၃၇၄-ခု) အသက်(၈၀)နှစ်ထဲ ရောက်နေပြီ။ နောက် မည်မျှ ကြာအောင် နေရဦးမည် မသိ။ (၈၀)ထဲ သေလျှင်လည်း သေသွားနိုင်သည်။ ကျွန်ုပ် အသက် မသေမချင်း ဘဝဖြစ်စဉ်ကား ပြီးဆုံးသွားပြီဟု မဆိုနိုင်။ လူ့ဘဝကား ရှုပ်ထွေးလှပါသည်။ မပြီးဆုံးသေးသော ဘဝဖြစ်စဉ်သာတည်း။

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ-၏

## အမေရိကန်နိုင်ငံ ခရီးသွားမှတ်တမ်း

၁၃၆၃-ခု၊ နယုန်လဆန်း (၁)ရက်၊ (၂၂. ၅. ၂၀၀၁)နေ့တွင် တပည့်များ (**သုစိတ္တ**၊ သီတဂူနာယက) **ဩသဓ** အဇူဇာ (AZUZA) (ဒါယာဒ) **ယောသိတ** (ဖရီးမောင့်၊ ဒီပ) **ဉာဏိက** (ဖရီးမောင့်၊ ဘာဏက) **ဩသဓ** အော်စတင် (AUSTIN) တက္ကဆက် (ဘာဏက) **ကဋ္ဌန** ဣန္ဒိယားနား (INDIA) (ဘာဏက) တို့၏ ပင့်လျှောက်ချက်အရ အမေရိကန်သို့ လေ့လာရေးခရီး သွားရောက်ခဲ့၏။ ခရီးသွား မှတ်တမ်းအကျဉ်းကို အောက်၌ ဖော်ပြလိုက်ပါသည်။

၁၃၆၃-ခု၊ နယုန်လဆန်း (၁) ရက်၊ (၂၂. ၅. ၂၀၀၁)။ ။နံနက်(၇း၃၀) နာရီ အချိန်တွင် ရန်ကုန်မှစ၍ ထွက်။ (၈း၃၀) နာရီခန့်တွင် ထိုင်းလေဆိပ်သို့ ရောက်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးမှ လာရောက်ကြိုဆို။ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ထိုင်းစစ်သံမှူးလည်း လာရောက်ကြိုဆို။ လေဆိပ်တွင် ဆွမ်းကပ်။ (၁၂း၁၅) နာရီတွင် ထိုင်းလေဆိပ်မှ ထိုင်ဝမ်သို့ ထွက်ခွါ။ ထိုင်ဝမ်မှ ထိုင်ဝမ်စံတော်ချိန် (၁၉း၁၀) (၇း၁၀)နာရီ မြန်မာစံတော်ချိန် (၅း၄၆) ထွက်။ ဖရီးမောင့်သို့ (၂)နာရီကျော်တွင် ရောက်။ (၂၃. ၅. ၂၀၀၁) မြန်မာစံတော်ချိန် နံနက် (၆)နာရီကျော်တွင် ရောက်။ လေဆိပ်ကားရပ်နားခ (၉)ဒေါ်လာကျ။ မေတ္တာနန္ဒကျောင်းသို့ ရောက်လျှင်ရောက်ချင်း ရန်ကုန်ရှိ **မညို**တို့ထံ ဖုန်းဆက်။ (၂၂. ၅. ၂၀၀၁)ရက် အမေရိကန် စံတော်ချိန် ညနေ (၆း၂၀)ခန့်၊ ရန်ကုန် (၂၃. ၅. ၂၀၀၁)ရက်၊ နံနက် (၈)နာရီခန့်ဟု သိရ။ အမေရိကန်သို့ လေယာဉ်ခ အသွားအပြန် (၇၆၉) ဒေါ်လာ၊ ဗီဇာကြေး (၉၁) ဒေါ်လာ ပေးဆောင်ရ။

၂၃. ၅. ၂၀၀၁ ။ ။မန္တလေးစံတော်ချိန် (၂၄)ရက် နံနက် (၅)နာရီ၊ ဖရီးမောင့်စံတော်ချိန် (၂၃)ရက်၊ ညနေ (၃း၂၅)နာရီတွင် ထွက်လမ်းလျှောက်ရှုသာ။ တနေ့လုံး ကျောင်းမှာ အချိန်ကုန်။ ညစောစောပိုင်း မောချေး ဆိုင်ကြီးတဆိုင် (SHOPPING MALL)သို့ သွားကြည့်။ **ဦးစောထွန်း** ကားမောင်းလိုက်ပို့။ ပစ္စည်းများကား စုံလင်လှ။ လူသုံးကုန်ပစ္စည်း အားလုံးလိုလို ရောင်းချနေ။ အဝတ်အထည်၊ ကက်ဆက်၊ နာရီ စသည်တို့ ဖြစ်။ ဆိုင်ကြီးတနေရာ၌ ဟင်းသီးဟင်းရွက်များပင် ရောင်းချနေ။ ရောင်းချသည် ဆိုသော်လည်း ရောင်းသူမရှိ၊ ဈေးနှုန်း ကပ်ထား၊ ကပ်ထားသည့် ဈေးနှုန်းအတိုင်း ကြိုက်လျှင် ဝယ်ရှုသာ။ ဈေးဆိုင်ကြီး၏ အပြင်ဘက်၌ ဈေးဝယ်သူများ ပစ္စည်းသယ်ရန် အခမဲ့ အသုံးပြုနိုင်သည့် လက်တွန်းလှည်းကလေးများ အဆင်သင့် လုပ်ပေးထား။ ဝယ်သမျှပစ္စည်းများ လက်တွန်းလှည်းပေါ်တင်၊ ကပ်ထားသည့် ဈေးနှုန်းအတိုင်း ကောင်တာမှာ ငွေချေပြီးလျှင် အပြင်ဘက် ကားစတင်း၌ ရပ်ထားသည့် မိမိကားပေါ် ဝယ်လာသည့် ပစ္စည်းများ တင်၍ ထွက်သွားသည်ကို တွေ့ရ။ ငွေမချေဘဲ ဆိုင်အပြင် ထွက်လျှင်ကား ကိရိယာများမှ

http://www.dhammadownload.com



အသံမျိုးစုံ အော်၍ သတိပေးကြောင်း သိရ။ ဝယ်သူတိုင်း ငွေချေထွက်ကြသဖြင့် အော်သံကား မကြားခဲ့ရပါ။ **ကိုအောင်ထွန်း၊ ဒေါက်တာ ဒေါ် ကြည်ကြည်မြင့်**တို့မှ ဦးဦးဖျားဖျား ၁၀-ဒေါ်လာ လာလှူ။ ဦးဦးဖျားဖျား လာလှူ၍ မှတ်တမ်းတင် ထားခြင်း ဖြစ်။ နောက်ပိုင်း၌ လှူသူများ၏ အလှူရှင်စာရင်း မှတ်တမ်းမတင်နိုင်ပါ။

၂၄. ၅. ၂၀၀၁ ။ ။မြန်မာပြည် (၂၅)ရက် နံနက် (၅း၀၀)နာရီ ဖရီးမောင့် (၂၄)ရက် ညနေ (၃း၂၅)တွင် ပစ္စည်းစုံရောင်းသော ဆိုင်ကြီးနှင့် ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင် (HOME DEPOT)သို့ သွားကြည့်ခဲ့။ **မဂျူလီ**မှ ဒေါ်လာ (၂၀) လှူ။

၂၅. ၅. ၂၀၀၁ ။ ။MONTEREY BAY ငါးပြတိုက် သွားကြည့်ခဲ့။ မမြင်ဘူးသော ငါးမျိုးစုံကို တွေ့ရ။ **မောင်သန်းဒွေး** လိုက်ပို့။ **ဩသဓ** (တက္ကဆက်)မှ ဗီဒီယို ကင်မရာဖြင့် မှတ်တမ်းတင် ရိုက်။ ဆင်မျက်နှာနှင့် တူသော ငါးများ၊ ကြယ်ပုံသဏ္ဍာန် ငါးများလည်း တွေ့ရ။ ဆင်မျက်နှာနှင့် တူသော ငါးများကို မြန်မာပြည်မှ ရေဆင်ဟု ခေါ်ကြဟန် တူ။ ပြတိုက်မှ အပြန် ပင်လယ်ကမ်းခြေတလျှောက် ကားမောင်းလာကြ။ သာယာလှ၏။ တဖက်မှ ပင်လယ်ကမ်းခြေ၊ တဖက်မှ တောတန်း၊ တောတန်းဟု ဆိုသော်လည်း သစ်ပင်စုံမဟုတ်၊ လေချူရွက်နှင့် တူသော သစ်ပင်မျိုးသာ များ။ လေချူပင်လည်း ဟုတ်ဟန်မတူ၊ အရွယ်အစား မှာလည်း မြန်မာပြည် လေချူပင်ခန့်မျှလောက်သာ ကြီး။

၂၆. ၅. ၂၀၀၁ ။ ။နံနက်တွင် ရဟန်းခံတရားဟော ဒါန၊ သီလ၊ ဘာဝနာ အကျဉ်းချုပ် ၁-နာရီခန့် ဟော။

၂၇. ၅. ၂၀၀၁ ။ ။ ဖရီးမောင့်မှ LA (လော့အိန်ဂျလိစ်) သို့ ကားဖြင့် သွား။ လမ်းတလျှောက်တွင် ခြောက်သွေ့နေသည့် တောင်ကတုံးသာ များ။ သို့သော် လေအားလျှပ်စစ်ဖြင့် ရေတင်စိုက်ပျိုး၍ လိမ္မော်နှင့်တူသော အပင်များ စိမ်းလန်းနေသည်ကို တွေ့ရ။ ဂျုံခင်းများလည်း တွေ့ရ။ မိုင်လေးရာကျော် ခန့်ရှိပြီး မောင်းချိန် (၅) နာရီကျော်ခန့်သာ ကြာ။ **မောင်ညွန့်သန်း**မှ ကားမောင်း ပို့။

၂၈. ၅. ၂၀၀၁ ။ ။Queen Mary သင်္ဘောကြီးနှင့် Rose Hill သုသာန်သို့ သွားခဲ့ရာ **ဩသဓ** (အဇူဇာ)မှ ကားမောင်းပို့။ **မပညာသီရိ**က သူနေသည့် တက္ကသိုလ်ကို ပြ။ သင်္ဘောပေါ် တက်ကြည့်လျှင် ဝင်ကြေး ၂၉-ဒေါ်လာ ပေးရသည်ဟု သိရသော်လည်း ထိုနေ့တွင် ဝင်ကြေး မပေးခဲ့ရ။ မင်မိုရီယယ်လ်ဒေး MEMORIAL DAY အောက်မေ့ဖွယ်နေ့နှင့် ကြုံနေ၍ အခမဲ့ ကြည့်ခွင့်ပြုသလား မပြောတတ်၊ သင်္ဘောကြီး၏ သမိုင်းကြောင်းကိုကား ဂဃနဏ မသိခဲ့ရချေ။ မေရီဘုရင်မကြီး ယင်းသင်္ဘောကြီးဖြင့် အမေရိကန် လာ၍ အမှတ်တရ ပြထားသလိုလို စမ်းတဝါးဝါးသာ သိရ။ ဂက်တီသူဌေးကြီးက သူ့မြေ ပြန်ပေးဆွဲ ခံရသည်ကို မရွေးဘဲ ငွေကြေးကို မြူစီယန် MUSEUM တည်ထောင်ရန် လှူခဲ့ကြောင်းလည်း သိရ။ သူ့ပြတိုက်မှာ အခမဲ့ကြည့်ခွင့်

http://www.dhammadownload.com



ပြုသည် ဟူ၏။

၂၉. ၅. ၂၀၀၁ ။ ။လော့စ်အိန်ဂျလိစ် အကြီးဆုံး အနုပညာ တိုက်သို့ သွားရောက်ကြည့်ခဲ့။ ဝင်ကြေး ၇-ဒေါ်လာ ပေးရ။ ပစ္စည်းမျိုးစုံ ၁၃-ရာစု ပုဂံခေတ် မတ်ရပ် အသား ဘုရားတဆူပင် တွေ့ခဲ့ရ။ ကျွန်ုပ်ကား အသက် ၆၀-ကျော်ပြီဖြစ်၍ ဝင်ကြေး ၅-ဒေါ်လာသာ ပေးခဲ့ရ။

၃၀. ၅. ၂၀၀၁ ။ ။သွားဆေးခန်းပြ၍ သွားချေး (ကျိး) ခြစ်ခဲ့။ မျက်စိပြခဲ့ရာ တိမ်ရှိ၍ ခွဲရမည်ဟု ဆို။ အပြန် COSTCO ဆိုင်ကြီး သွားကြည့်ခဲ့။ မော MALL၊ ဝေါမတ် WALL MART၊ COSTCO စသော ဈေးဆိုင်ကြီးများကား သိပ်မထူးလှပါ။ ပစ္စည်းစုံရောင်းသော ဆိုင်ကြီးများသာ ဖြစ်။

၃၁. ၅. ၂၀၀၁ ။ ။GETTY CENTERသို့ သွားကြည့်ခဲ့။ အံ့သြစရာ ကောင်းအောင် ပြုလုပ်ထားသည်ကို တွေ့ရ။ ဘုရင် အသုံးအဆောင် ဖြစ်ဟန် တူသော ခုတင် ထိုင်ခုံများ တွေ့ရ။ အခမဲ့ ကြည့်ခွင့်ပြုသော ပြတိုက်ဖြစ်။ အခကြေးငွေ ပေး၍ ကြည့်ရသော ပြတိုက်များကဲ့သို့ ပစ္စည်းစုံ တွေ့ရှိရ။ ကားရပ်နားရန်နေရာ၌ ကားရပ်နားခပင် မပေးရ၊ **မပညာသီရိ**က သူများကားကို မတော်တဆ ထိမိသဖြင့် အချက်ပေးကိရိယာက ဆူညံနေအောင် အော်။ ကားပိုင်ရှင်ကလည်း ဘယ်သူမှန်းမသိ၊ ၁-မိနစ်ခန့် အော်ပြီးမှ အလိုအလျောက် ရပ်သွား။ ပြတိုက်ဝန်းကျင် ရှုခင်းကလည်း ကောင်းလှ။ ပန်းချီပြခန်း၌ကား မောင်နှင့်နှမ၊ သားနှင့်အမိ အတူကြည့်၍ မလျော်သော ပန်ချီကားသာ များ။ GETTY ပြတိုက်၌ပင် တနေကုန်။ နံနက်ပိုင်း **ဒေါ်စန်းရင်**၏ နှစ် ၉၀-ပြည့် မွေးနေ့ တရားဟော။

၁. ၆. ၂၀၀၁ ။ ။ မန္တလေး ၂. ၆. ၂၀၀၁-ရက်၊ ၆-နာရီ၊ လော့စ်အိန်ဂျလိစ် ၁. ၆. ၂၀၀၁ ရက်၊ ညနေ ၄-နာရီ။ **မသွယ်သွယ်** အသုဘရှု တရားဟော။ အမေရိကန်၌ အသုဘရုပ်ကလာပ်ကို မိမိနေအိမ်၌ မထားရ၊ ဖြူနရယ်ဟုမ်း Funeral Home ခေါ် မသာအိမ်၌ ထားရ။ ဖြူနရယ်ဟုမ်းများကို အခကြေးငွေပေး၍ ငှါးကြရ။ များသောအားဖြင့် ပုဂ္ဂလိကပိုင်ဟူ၍ ရှိဟန်မတူ။ အသင်းအဖွဲ့များက အသင်းအဖွဲ့ ရန်ပုံငွေအတွက် ဖြူနရယ်ဟုမ်းများ ဆောက်လုပ် ငှါးရမ်းကြဟန် တူ၏။ အဇူဇာကျောင်းတွင် ၁-နာရီကြာ တရားဟော။

၂. ၆. ၂၀၀၁ ။ ။ **ဦးလှသိန်း**မြေး မွေးနေ့အကြို တရားဟော။ **မသွယ်သွယ်** အသုဘ နှင်းဆီကုန်း ROSE HILL သုသာန် လိုက်ပို့။ သက်ဆိုင်ရာမှ ပြောပြချက်အရ အသုဘစရိတ် US $ ၁၃၀၀၀ ကုန်သည်ဟု သိရ။ ဒါသည်ပင် အဆင့်မြင့် အသုဘမဟုတ်သေး၊ အလယ်အလတ် တန်းစား အသုဘဖြစ်။ လွမ်းသူ့ပန်းခွေ တကုံးလျှင် ဒေါ်လာ ၁၀၀-ခန့် ရှိ။

အသုဘအခမ်းအနား ကျင်းပရာ၌-

(၁) အသုဘရှုနေ့ ။ ။ယင်းနေ့၌ သံဃာတော်များက ရုပ်ကလာပ် နား ရပ်၍

http://www.dhammadownload.com



"အနိစ္စာ ဝတ သင်္ခါရာ" စသော သံဝေဂဂါထာများ ရွတ်ဖတ်ကြသည်။

(၂) သရဏဂုံတင်နေ့။ ။ထိုနေ့၌ကား မြန်မာပြည်ကဲ့သို့ပင် သရဏဂုံတင်ပြီး သုဿာန်ပို့ကြသည်။

(၃) ရက်လည်နေ့ ။ ။သေပြီး သုံးရက်၊ ငါးရက်၊ ခုနစ်ရက် သင့်သလို ပြုလုပ်ကြ၏။ အသုဘမှအပြန် တရုတ်ဘုံကျောင်းသို့ ဝင်ကြည့်ခဲ့သည်။ မြန်မာပြည်ဘုံကျောင်းများနှင့် ဘာမျှမထူးပါ။ အကြီးအသေး အကျယ်အကျဉ်းမျှသာ ကွာ၏။

၃. ၆. ၂၀၀၁ ။ ။မန္တလေး ၄. ၆. ၂၀၀၁-ရက်၊ နံနက် ၅-နာရီ၊ လော့စ်အိန်ဂျလိစ် ၃. ၆. ၂၀၀၁ ရက်၊ ညနေ (၃း၂၆)နာရီ သွားဆေးခန်း အသစ်ဖွင့်ပွဲတွင် သမ္ဗုဒ္ဓေပါး တရားဟော ။ **ဒေါက်တာစံအေး**တို့ ဇနီးမောင်နှံ လာ။ ယင်းတို့နှင့် နာရီဝက်ခန့် စကားပြော။

၄. ၆. ၂၀၀၁ ။ ။ယူနီဗာဆယ်ဟောလိဝုဒ် (UNIVERSAL HOLLY WOOD) စတူဒီယို သွားကြည့်။ စာဖတ်ထားသဖြင့် သိပ်တအံ့တသြ မဖြစ်လှ၊ ပြိတ္တာပြခန်း၌ မိန်းကလေးများ ကြောက်လန့်အော်ဟစ်ကြသော်လည်း ကျွန်ုပ်အဖို့ ဘာမှ လန့်ခြင်းမရှိ၊ ပြခန်းအားလုံး သဘာဝကျ။ ပင်လယ်စားပြ ပြခန်း၌ ကျွန်ုပ်တို့ ဘုန်းကြီးတသိုက် ဝင်လာကတည်းက ပရိသတ်အားလုံး တဝါးဝါးရယ်နေကြသည်။ ရယ်လွန်းသဖြင့် ကျွန်ုပ်အဖို့ လိပ်ပြာမသန့် ဖြစ်လာသည်။ တို့အဝတ်အစားများကို ရယ်ခြင်းလောဟုလည်း စိတ်ထဲ၌ ထင်လာ၏။ အမှန်မှာ ကျွန်ုပ်တို့ အဝတ်အစားများကို ရယ်ခြင်းမဟုတ်။ လူရွှင်တော်လုပ်သူက ဗုဒ္ဓဘာသာ ဘုန်းကြီးမှန်းသိသဖြင့် ကျွန်ုပ်တို့ မသိအောင် နောက်မှ ခေါင်းကလေး ငုံ့ကာ စောင်းကာဖြင့် လက်အုပ်ချီ လိုက်လာသည်။ နောက်လှည့်ကြည့်လိုက်သည့်အခါ ထိုအမူအရာ လူမိပြီဟူသော သဘောဖြင့် စတိတ်စင်ပေါ် တက်ပြေးသည်။ ထိုအခါ ပရိသတ်က ပို၍ပွဲကျအောင် ရယ်ကြတော့၏။ ဗုဒ္ဓဘာသာ ဘုန်းကြီးများကို လက်အုပ်ချီမိုး ရသည်ဟု သိသော လူရွှင်တော်၏ ဗဟုသုတကိုကား ချီးကျူးရပေမည်။ ဝင်ကြေး လူကြီး ၄၅-ဒေါ်လာ၊ လူငယ် ၃၆-ဒေါ်လာ ကျသည်။

၅. ၆. ၂၀၀၁ ။ ။ပင်လယ်ကမ္ဘာ (SEA-WORLD) သွားကြည့်။ ငါးပြပွဲ ဖျော်ဖြေပွဲများပါ ကြည့်ခဲ့။ ငါးအမျိုးကမူ ဆန်ဖရန်စစ္စကို (MONTEREY BAY) ငါးပြတိုက်လောက် စုံဟန်မတူ။ ဝင်ကြေး ၄၃-ဒေါ်လာ ပေးရ။ ကျွန်ုပ်တို့အဖို့ ရုံးမှတဆင့် ဝယ်သဖြင့် ၃၀-ဒေါ်လာသာ ကျ။ ဝေလငါးများက ကနေစဉ် ပွဲကြည့်ပရိသတ်ကို ပါးစပ်မှ ရေမှုတ်ထုတ်၍ ပက်တတ်၏။ အနီးကပ်ကြည့်သူများ တကိုယ်လုံး ရေစိုကုန်တော့သည်။

၆. ၆. ၂၀၀၁ ။ ။နံနက်တွင် စာအုပ်ဆိုင်သို့ သွားကြည့်။ **ဦးဉာဏဝရ**-က အမေရိကန်သမ္မတများ အကြောင်း စာအုပ်ဝယ်လှူ။ နေ့လယ် နားဆေးခန်းသို့ သွား။ ဆရာဝန်ပြ၍ နားဆေး။ လည်ချောင်းနှင့် နှာခေါင်းအားလုံး ကောင်းသည်ဟု ဆို။

http://www.dhammadownload.com



၇. ၆. ၂၀၀၁ ။ ။လော့စ်အိန်ဂျလိစ်မှ ညနေ ၅-နာရီကျော် လေယာဉ်ဖြင့် ထွက်ခဲ့။ အုတ်ကလန် (OAKLAND) သို့ ၆-နာရီကျော် ရောက်။ **ဉာဏိက**နှင့် **မောင်ကျော်လင်း**တို့မှ လာကြို။ **မောင်ကျော်လင်း**က တက္ကဆက်တွင် သူ့တူ **ဒေါက်တာ ဘငြိမ်း** ရှိသည်ဟု ပြော။ လေယာဉ်ခ $ 180 ကျ။ အသွားတခေါက်အတွက်သာ ဖြစ်သည်။

၈. ၆. ၂၀၀၁ ။ ။နံနက် SAN JOSECA မှ ၈း၁၅-နာရီ ထွက်။ ၁၀-နာရီကျော်တွင် ဒင်ဘာလေဆိပ် (DENVER AIR-PORT) သို့ ရောက်။ ဒင်ဘာစံတော်ချိန် (၁၂း၅၅) လေယာဉ်တက်။ ၄-နာရီအချိန် အော်စတင်းသို့ ရောက်။ **ယောသိတ**နှင့် **ဉာဏိက**တို့လည်း တက္ကဆက်သို့ လိုက်လာကြ။ **ဩသ**နှင့် **ဝင်းမိုလ်**တို့ လာကြိုကြ။ SAN JOSECA မှ AUSTIN ထိ လေယာဉ်ခ အသွားအပြန် $ 180 ကျ။ ကြိုတင်ဝယ်၍ ဈေးချို။ နီးကပ်မှဝယ်လျှင် ထိုဈေး မရပေ။ ဒင်ဘာလေယာဉ်ဆိပ်ကား ကြီးကျယ်လှ။ လေယာဉ်ဂိတ်တစ်ခုနှင့် တခုအကူး လေယာဉ် အဆောက်အဦးတွင်း၌ ပြေးဆွဲနေသည့် ရထားကလေးများဖြင့် ကူးရ။ လေယာဉ်ဂိတ် ရှာဖွေရသည်မှာလည်း မလွယ်လှပါ။ ကျွန်ုပ်တို့သာမဟုတ် လူဖြူများလည်း ယောင်ချာချာပင် ဖြစ်နေကြ၏။ ဒင်ဘာစံတော်ချိန်နှင့် အော်စတင်စံတော်ချိန်ကလည်း ကွာ။

၉. ၆. ၂၀၀၁ ။ ။ဟိန္ဒူဘုရားကျောင်းသို့ သွားကြည့်။ အော်စတင်ကျောင်း ဘဏ္ဍာရေးမှူး မိသားစုမှ နေ့ဆွမ်းကပ်။ ဘုန်းကြီးငါးပါးအတွက် ဆွမ်းကျွေးရာတွင် $ 30 ကုန်ကျသည် ဆို၏။ ဆွမ်းစားပြီး လျှောက်လည်ခဲ့။ **မောင့်ဘို**နဲ့ တောင်ပေါ်သို့ တက်ရောက်ခဲ့။ တောင်ခြေ၌ မြစ်ငယ်နှင့် အသွင်တူ မြစ်ကလေးတစင်း စီးနေ။ ဂျွန်ဆင်စာကြည့်တိုက် ပြတိုက်သို့လည်း ရောက်။ ယင်းကား အော်စတင် တက္ကသိုလ်နှင့် တဝင်းတည်းဖြစ်။ နေ့လယ်ပိုင်းတွင် ဂျွန်ဆင်စီးတီး (JOHNSON CITY) သွားကြည့်။ ဂျွန်ဆင် ငယ်စဉ်ကနေခဲ့သည့် မူလတန်းကျောင်း အိမ် စသည်တွေ့ခဲ့ရ။ အပြန်တွင် လမ်းမှား၍ CANYON ဆည်ပါ ဝင်ကြည့်။ ဂျာမန်အများစု နေထိုင်သည့် ဂျာမန်တောင်း (GERMAN TOWN) သို့လည်း ရောက်။ မန္တလေး ၁၀. ၆. ၂၀၀၁ ရက်၊ နံနက် ၅-နာရီ၊ အော်စတင်တက္ကဆက် ၉. ၆. ၂၀၀၁ ရက် ညနေ (၅း၃၀) နာရီဖြစ်၍ ယင်းနေရာနှင့် မန္တလေးမြို့စံတော်ချိန် (၁၂း၃၀) နာရီခန့်ကွာကြောင်း သိရ။ ယင်းတွင် ပြောင်းဖူး ၂-ဖူး ၁-ဒေါ်လာ၊ ပိချ် ၉-လုံး ၅-ဒေါ်လာ ပေးခဲ့ရ။

၁၀. ၆. ၂၀၀၁ ။ ။အော်စတင်မှ မိုင် ၂၀၀-ကျော်ခန့် ဝေးသည့် မြို့လေးတစ်မြို့သို့ ဆွမ်းစားသွား။ ကနေဒီ အသတ်ခံရသည့် ဒါးလက်စ် (DALLAS) မြို့နှင့်နီးသည့် ယိုးဒယား ကျောင်းသို့ ဝင်ကြည့်။ ယိုးဒယားရှင်ပြုပွဲနှင့် ကြုံ။ ဆွမ်းဒါယကာ၊ ဒါယိကာများမှာ **ကိုမော်စီ၊ မမော်လီ**တို့ ဖြစ်။ ကားငှါးသွားခြင်းဖြစ်။ တနာရီ ဆယ်ဒေါ်လာခန့် ပေးရသည် ဆို၏။ စုစုပေါင်း (၁၂၀) ဒေါ်လာကျ။

၁၁. ၆. ၂၀၀၁ ။ ။**ဒေါ်စန္ဒပညာ**နှင့် သမီး **သယ်လ် မာတန်**တို့က ဆွမ်းပဒေသာ စာအောင်ပဒေသာအတွက် ဒေါ်လာ ၂၀၀-လှူ။

http://www.dhammadownload.com



၁၂. ၆. ၂၀၀၁ ။ ။**ဒေါ်အယ်လီဇဘက်**အိမ်မှ ဆွမ်းကျွေး။ ၁၈၁၆-ခုနှစ်၊ နိဗ္ဗာန်ဘုံသို့သွားရာလမ်း အမည်ရှိ မြန်မာအက္ခရာနှင့် ခရစ်ယာန်ကျမ်းစာ ပုံနှိပ်ခဲ့။ အစောဆုံး မြန်မာပုံနှိပ်စာအုပ် ဖြစ်ဖွယ်ရှိ။ ၁၈၇၄-ခု ရတနာပုံနေပြည်တော်သတင်းစာ စတင်ထုတ်ခဲ့။ (၁. ၁. ၁၈၈၆) မြန်မာနိုင်ငံ ကျွန်ဖြစ်ကြောင်း ကြေညာခံရ။ ကွန်မြူနစ်ဝါဒ စတင်မျိုးစေ့ချသူ ဟသ်ာတသား အင်္ဂလန်ပြန် ဝတ်လုံ **ဦးကျော်ဦး**က ၁၉၂၇-ခုနှစ်တွင် ဝါဒမျိုးစေ့ ချခဲ့။

၁၃. ၆. ၂၀၀၁ ။ ။၅-နာရီကျော်တွင် အော်စတင်လေဆိပ်မှ ထွက်။ ၆-နာရီခန့်တွင် ဟူစတန် (HOSTON)သို့ ရောက်။ လမ်းတလျှောက် လေယာဉ်ပေါ်မှ စိမ်းလန်းနေသည်ကို မြင်ခဲ့။ ည ၁-နာရီကျော်မှ နယူးယောက်သို့ ရောက်။ **မောင်နေထွန်း** လာကြိုနေ။ အော်စတင်-နယူးယောက် အသွားအပြန် လေယာဉ်လက်မှတ်ခ (၁၄၈) ဒေါ်လာ ပေးရသည်ဆို၏။ နယူးယောက်-ဝါရှင်တန် ခရီးကို **ဦးမဟော** လိုက်ပို့ခြင်းဖြစ်။ နယူးယောက်သည် သိပ်မသန့်ရှင်းလှ၊ လမ်းဘေး ပလက်ဖောင်းပေါ်၌ ထမင်းကျန်၊ စက္ကူစုတ် စသည်တို့ကို တွေ့ခဲ့ရ။ လမ်းများလည်း ကြမ်းတမ်းလှ။ နယူးယောက်၌ **ဝိလာသ**ကျောင်းတွင် တည်းခို။

၁၄. ၆. ၂၀၀၁ ။ ။**ဦးထွန်းမင်း+ဒေါ်အိအိမေ**တို့အိမ်၌ ဆွမ်းစားပြီး UN (ကုလသမဂ္ဂ)နှင့် အင်ပါယာစတိတ် (EMPIRE STATE)သို့ **ဒေါ်အိအိမေ** လိုက်ပို့။ UN (ကုလသမဂ္ဂ) တံဆိပ်ခေါင်းရောင်းသည့် မြန်မာ အမှုထမ်းများက ပို့စကဒ်ပေးသဖြင့် မြန်မာပြည်သို့ စာပို့။ မြန်မာကို 'မ'နှင့် စတင် စာလုံးပေါင်းသဖြင့် မြန်မာ့အလံ နောက်ရောက်သွား။ ကိုဖီအာနန်-ထိ အတွင်းရေးမှူးချုပ် (၇)ယောက် ရှိပြီ။ ၁။ ထရစ်ဗီလီ၊ ၂။ ဒက်ဟမ်းမားရှိုး၊ ၃။ ဦးသန့်၊ ၄။ ကွတ်ဝါးဟိုင်း၊ ၅။ ပဲရေ့စ်ဒီကွဲလျား၊ ၆။ ဘူထရို့စ်ဂါလီ၊ ၇။ ကိုဖီအာနန်တို့ ဖြစ်။

UN (ကုလသမဂ္ဂ)၊ အင်ပါယာစတိတ် နှစ်ခုစလုံး ဝင်ကြေး တဦးလျှင် (၇) ဒေါ်လာစီ ပေးရ။ အပြန် မြေပေါ်မြေအောက်ရထားဖြင့် ပြန်။ ဘူတာရုံများ၌ သန့်ရှင်းမှု သိပ်မရှိလှ၊ မြေပေါ်ပေါ်လာလိုက် မြေအောက် ငုပ်သွားလိုက် ပြေးဆွဲနေသည့် ရထားဖြစ်သဖြင့် မြေပေါ်မြေအောက် ရထားဟု မှတ်ချက်ချမိ။ ဘူတာရုံ ရထားရပ်လျှင် လူဝင်ပေါက် အလိုအလျောက် ပွင့်လာ။ ရထားပြန်ထွက်လျှင် အလိုအလျောက် ပြန်ပိတ်သွား။ ရထားလက်မှတ် ဝယ်ထားလျှင် မြို့တွင်းပြေးကားများကိုလည်း စီး၍ရ။ ကုမ္ပဏီတူ၍ (သို့မဟုတ်) ကုမ္ပဏီချင်း ဆက်ထားဟန်တူ။ ငွေလက်ငင်းပေး၍ ရထားစီးသူမရှိ၊ အကြွေးကဒ်ဖြင့်သာ စီးကြ။

၁၅. ၆. ၂၀၀၁ ။ ။နယူးယောက်မှ နေ့ (၁း၀၀)နာရီ ထွက်။ ဝါရှင်တန် အနီးရှိ ဘောလတီမိုးသို့ (၆း၀၀) နာရီကျော် ရောက်။ တလမ်းလုံး စိမ်းလန်းနေသည်ကို တွေ့ရ။ (မန္တလေး ၁၆. ၆. ၂၀၀၁ နံနက် ၅-နာရီ ဝါရှင်တန်၌ ၁၅. ၆. ၂၀၀၁ ညနေ (၆း၃၀) ဖြစ်သည်)။ နယူးယောက်မှ နယူးဂျာစီမြို့သို့ **မောင်နိုင်** ကားမောင်းပို့။ နယူးဂျာစီမြို့ (NEW JERSEY) မဟာစည်ရိပ်သာမှ **ကိုခင်မောင်ဦး**က လာရောက်ကြိုနေ။ သူ့ကားဖြင့် ဝါရှင်တန်သို့ သွားခြင်းဖြစ်။ **ကိုခင်မောင်ဦး**ကား ကျွန်ုပ် ရဟန်းဒကာ **ဒေါက်တာ ဦးလွင်**၏သမီး **ဒေါ်အုန်းအုန်း**၏

http://www.dhammadownload.com



တပည့်ဖြစ်သည်ဟု သိရ။ **ကိုခင်မောင်ဦး** အိမ်၌ပင် ညအိပ် ဝါရှင်တန်ခရီးကို **ဦးမဟော**ပင် လိုက်ပို့။

၁၆. ၆. ၂၀၀၀ ။ ။**ကိုခင်မောင်ဦး**အိမ် နံနက် အာရုံ ဆွမ်းစားပြီး ဝါရှင်တန်မြို့သို့ လျှောက်လည်။ **ကိုခင်မောင်ဦး**ကိုယ်တိုင် လိုက်ပို့။ ဂျက်ဖာဆင်ရုပ်တု၊ လင်ကွန်းရုပ်တု၊ လွတ်လပ်ရေးကျောက်တိုင်၊ အိမ်ဖြူတော်၊ ဆီးနိတ်၊ ကွန်ဂရက်လွှတ်တော် အဆောက်အအုံ အားလုံးသို့ ရောက်။ အိမ်ဖြူတော်၌ ခဏပင် ဝင်ကြည့်ခဲ့သေး။ တန်းစီဝင်ကြည့်ရ။ ကျော်မတက်ရ၊ စစ်ဆေးသူ တစုံတယောက်မျှ မရှိ၊ ကိရိယာများသာ တပ်ဆင်ထားဟန်တူ။ ဘာလင်တန် စစ်သင်္ချိုင်းသို့လည်း ရောက်။ ယင်းသင်္ချိုင်း၌ သမ္မတ ကနေဒီအား မြှုပ်နှံထားသည့်နေရာလည်း တွေ့ရ။ သင်္ချိုင်းဆိုသော်လည်း မသန့်မရှင်းမဟုတ်၊ အနံ့အသက် မရှိ၊ အစောင့်စစ်သားများ တာဝန်လဲသည်ကိုလည်း ပရိသတ်များက စောင့်ကြည့်ကြ။ တနာရီ တာဝန်တခါ လဲဟန်တူ။ စစ်သားများဆိုသော်လည်း ဗိုလ်တယောက်နှင့် တာဝန်ကျ စစ်သား နှစ်ယောက်သာ ဖြစ်။ ယင်းနေရာ၌ကား စစ်သားနှစ်ယောက်ကို လက်နက်ဖြင့် တွေ့ရ။ အမေရိကန်၌ လူထုကြား လက်နက် ကိုင်ထားသည့် စစ်သားတွေ့ရခဲသည်။ တရုတ်ဆိုင်၌ ဆွမ်းစားရာ လေးယောက် ဒေါ်လာ (၄၀) ပေးရ။ ဝါရှင်တန်မြို့ထဲတွင် စီးဆင်းနေသည့် ပိုတိုမက်မြစ်ကလေးကို ခဏခဏ ဖြတ်ရ။ မြစ်ရေကား ညစ်ထေးလှ။

၁၇. ၆. ၂၀၀၀ ။ ။ **ဦးဘခင်** တပည့် **ဦးချစ်တင်+ဒေါ်မြသွင်** တည်ထောင်သည့် ဘုရားရိပ်သာသို့ သွား။ ယင်းမှာပင် ဆွမ်းစား။ ဘောလ်တီမိုးမြို့ ရေငုပ်သင်္ဘော ဆိပ်ကမ်းတွင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်သင်္ဘောအား ပြထားသည်ကို သွားကြည့်။ ငါးပြတိုက် မထူး၍ မကြည့်ခဲ့။ ရှေးဟောင်း ပြတိုက်တစ်ခုသို့ကား ဝင်ကြည့်။ အခမဲ့ ကြည့်ခဲ့ရ။ ၆-ရာစုနှစ်က တင်ပလ္လင်ခွေ ဘုရားဆင်းတု တွေ့ခဲ့ရ၊ လက်တော်များ မရှိတော့။ ၁၃-ရာစု ဘုန်းကြီးတပါး အာနာပါနတရား ရှုမှတ်ပုံကိုလည်း တွေ့ရ။ ယခုခေတ် တရားရှုမှတ်ပုံ အတိုင်းပင် ဖြစ်။ လမ်းလျှောက် နေပုံ ဆင်းတုတော်လည်း တွေ့။ ဝါကျွတ် ဒေသစာရီကြွချီဟန် သရုပ်ဖော်ခြင်း ဖြစ်ဟန်တူ။ ပုဂံ၌ ယင်းပုံမျိုးရှိသည်ဟု **ဦးမဟောသ**က ပြော။ ဘောစတွန် ဝေါထရိတ်စင်တာ ပေါ်သို့ တက်ကြည့်။ (၄၅)ထပ် ရှိ။ တက်ခ (၄) ဒေါ်လာ ပေးရ။ ည **ဦးခင်မောင်ဦး**တို့အိမ်တွင် တရားဟောပြီး နယူးဝပ်မြို့သို့ ထွက်လာ။ (၁၀:၀၀) နာရီခန့်တွင် ရောက်။ ဒကာကြီး **ဦးထင်လတ်+ဒေါ်မြဟန်** အိမ်၌ ညအိပ်။

၁၈. ၆. ၂၀၀၀ ။ ။ပင်ဆဲလ်ဗေးနီးယား (PENNSYL BANIA) ပြည်နယ်ရှိ လောင်ဝုဒ်ဥယျာဉ် (Long Wood Park) သို့ သွားကြည့်။ ကျွန်ုပ်တည်းသောအိမ်နှင့် မိုင် (၂၀)ကျော် ဝေးမည်ထင်။ ဝင်ကြေး (၁၂)ဒေါ်လာ ပေးရ။ ကားရပ်ခ မပေးရပေ။ မြန်မာပြည်မှာပေါက်သော တန်ဆောင်းပြဿဒ်၊ နာနတ်ရိုင်းပင်များ၊ ပဒိုင်းပင်များ၊ ငှက်ပျောပင် များကို အဆောက်အဦး တခုအတွင်း မြန်မာပြည် ရာသီဥတုနှင့် တူအောင် ဖန်တီးပြီး စိုက်ပြထားသည်ကို တွေ့ရ။

http://www.dhammadownload.com



ကျွန်ုပ်ရောက်ခဲ့သော ပြည်နယ်များမှာ-

ကာလီဖိုးနီးယား၊ တက္ကဆက်၊ နယူးယောက်၊ နယူးဂျာစီ၊ မေရီလင်း၊ ဗာဂျီးနီးယား၊ ဒဲလ်ဝဲယားနှင့် ပင်ဆဲလ်ဗေးနီးယားတို့ ဖြစ်ပြီး အချို့ပြည်နယ်များ ဖြတ်သွားရုံသာ ဖြတ်သွားခြင်းဖြစ်။ အချို့ ညအိပ်ရပ်နား လေ့လာခဲ့။ ဘာလင်တန်သင်္ချိုင်းကား ဗာဂျီးနီးယား ပြည်နယ်မှာ ရှိ။

နယူးယောက်အပြန် လမ်းမှာရှိသော ဖီလ်ဒယ်ဖီးယားမြို့ လွတ်လပ်ရေး အထိမ်းအမှတ် ခေါင်းလောင်း လက်မှတ်ရေးထိုးသည့် ရုံးခန်းစသည်တို့ကို လေ့လာ။ ပထမဆုံး အမေရိကန် သမ္မတ ရုံးစိုက်မြို့ ဖြစ်။ ယင်းမြို့၌ မြင်းလှည်းများကိုလည်း တွေ့ရ။ ပြင်ဦးလွင် မြင်းလှည်းများနှင့် ပုံသဏ္ဌာန်တူ။ ပြင်ဦးလွင် မြင်းလှည်းများထက် ကြီး။ ပက်လက်မြင်းလှည်းများလည်း ရှိ။ ၁၈၀၀-ပြည့်နှစ်မှ ဝါရှင်တန်သို့ ပြောင်းရွှေ့ ရုံးစိုက်။ **အိုင်းစတိုင်း** ကျောင်းတက်ခဲ့သည်ဆိုသည့် ပရင်စတန်တက္ကသိုလ် (PRISTON UNIVERSITY) သို့လည်း ဝင်ကြည့်။ အမှတ်တရ ဓာတ်ပုံရိုက်။ ယင်းတက္ကသိုလ်ကား နယူးဂျာစီမြို့မှာဟု ထင်သည်။ ကျွန်ုပ်လည်း ပရင်စတန်တက္ကသိုလ်ထွက်ဟု ကြွားနိုင်ရန် အရှေ့ပေါက်မှဝင်ပြီး အနောက်ပေါက်မှ ထွက်ခဲ့ခြင်းဖြစ်။

၁၉. ၆. ၂၀၀၁ ။ ။မောင်နိုင်တို့အိမ်မှ ဆွမ်းကျွေး။ **ဦးထွန်းမင်းနှင့် ဒေါ်အိအိမေ** တို့ လာပြီး စကားပြောကြ။ ညအချိန်တွင် မန္တလေးသို့ ဖုန်းဆက်။

၂၀. ၆. ၂၀၀၁ ။ ။စတက်ကျူးအော့ဖ်လစ်ဘာတီ (STATUE OF LIBERTY) သွားရောက်လေ့လာ။ အဲရစ်အိုင်းလင်းဒ် (ERIC ISLAND) သို့လည်း ရောက်။ ယင်းသို့အသွား ကျွန်ုပ်တို့ကို အဖွဲ့အစည်း ရန်ပုံငွေရှာ ဂီတသမားတစ်စုက "ကမ္ဘာမကျေ ဗမာပြည်" သီချင်းတီးပြ။ မြင်လျှင်မြင်ချင်း မြန်မာပြည်မှ ဘုန်းကြီးများဟု သိသောသူတို့ ဗဟုသုတကို ချီးကျူးရပေမည်။ ရှေးနှစ်ပေါင်း တရာကျော်က နိုင်ငံခြားသားများ ယူဆောင်လာသည့် အိမ်ထောင်ပရိဘောဂများ ပြထား။ ထန်းခေါက်ဖာ စသည့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ယခုထိ သုံးစွဲလျက်ရှိသည့် ထန်းခေါက်ဖာမျိုးပင် ဖြစ်။ ပြတိုက်၌ ပြထားသည့် ထန်းခေါက်ဖာများက မြန်မာပြည်မှ ဟုတ်ဟန်မတူပါ။ မြန်မာပြည်သားများသည် ထိုခေတ်က စွန့်စွန့်စားစား အမေရိကန်ထိ ခရီးသွားကြမည် မထင်။ အဲရစ်အိုင်းလင်းသည် ထိုခေတ်က အမေရိကန်သို့ ဝင်သည့် ဂိတ်ပေါက်ဖြစ်ဟန် တူ။ လက်နှိပ်စက်၊ ပီယာနိုဟောင်းများလည်း တွေ့ရ။ ဝင်ကြေးမှာ လူကြီး ၆-ဒေါ်လာ၊ လူလတ် ၈-ဒေါ်လာ၊ ကလေး ၄-ဒေါ်လာ၊ ပေးရ။ (၂)ဖာလုံကျော်ခန့် ဝေးသည့် လစ်ဘာတီရုပ်တုသို့ သင်္ဘောဖြင့် ခေါက်တုန့်ခေါက်ပြန် ပြေးဆွဲပေး။ ဝင်ကြေးပေးပြီးလျှင် သင်္ဘောခ ပေးစရာမလို။

၂၁. ၆. ၂၀၀၁ ။ ။ရွှေမန်း **ကိုညဏ်နွ** ကျောင်းမှာ ဆွမ်းစား။ ကျွဲရုပ်ကြီး ရှိသည့် ပန်းခြံသို့ ရောက်။ လူဝင်မှုကြီးကြပ်ရေးရုံးသို့ သွား၍ (M) ဗီဇာဖြစ်အောင် စုံစမ်းကြည့်။ ပုံစံဖြည့်တင်ရမည်ဟု ပြော။

http://www.dhammadownload.com



၂၂. ၆. ၂၀၀၁ ။ ။နိုင်ဂရာဖော ရေတံခွန်သို့ သွား။ (၈း၂၀) နာရီ နယူးယောက်မှ ထွက်။ (၅း၅၁) နာရီတွင် နိုင်ဂရာဖော ရေတံခွန်သို့ ရောက်။ လမ်းတွင် ဆွမ်းစား။ ငါးယောက်စာ ဒေါ်လာ (၅၀) ကုန်ကျ။ နိုင်ဂရာဖော ရေတံခွန်ကား တောင်ထိပ် အမြင့်မှကျသော ရေတံခွန်မဟုတ်၊ ကန်ကြီး (၅) ကန်မှ စီးဝင်သည့် မြစ်ချောင်းတခုရှိ။ ယင်းမြစ်ချောင်းမှ သူ့အောက် နိမ့်သည့် မြစ်ချောင်းသို့ စီးဆင်းခြင်းကို ရေတံခွန်ဟု ခေါ်နေကြခြင်း ဖြစ်။ မုံရွာမြို့နယ် ကျောက်ကာအနီး ထန်းဇလုပ်ချောင်း ရေတံခွန်နှင့် ပုံစံတူ။ အကြီးအသေးမျှသာ ကွာ။ ပိတ်ချင်းမြောင် ရေတံခွန်လောက် မလှပါ။ ရောက်သည့် ညနေ၌ အမေရိကန် ဘက်မှနေ၍ ရေတံခွန်ကို ကြည့်။

၂၃. ၆. ၂၀၀၁ ။ ။နိုင်ဂရာဖောမှ မထွက်ခင် ကနေဒါ ဘက်မှ နေ၍ စီးနေသည့် ရေတံခွန်ကို ကြည့်။ ကနေဒါဘက်မှနေ၍ ကြည့်လျှင် ပိုလှသည်ဟု အများက ပြောဆိုကြသော်လည်း မထူးခြားပါ။ ကနေဒါဗီဇာ မပါသူတို့အဖို့ သွားရည်ကျအောင် ကြွားခြင်းသာဖြစ်။ အချို့နေရာ၌ ပွေးကောက် ရေတံခွန်နှင့် ဆင်ဆင်တူ။ နိုင်ဂရာဖောမှ နံနက် (၉း၀၀) နာရီ ပြန်ထွက်။ နယူးယောက်သို့ ညနေ (၆း၀၀) နာရီကျော် ရောက်။ အသွားအပြန် ဟက်ဆန်မြစ်ကို ဖြတ်သန်းရ။ ယင်းမြစ်ကား အတော်ကျယ်။ အပြန် တလမ်းလုံး မိုးရွာ၊ ရောက်ခါနီး မိုင်(၄၀)ကျော်ခန့် အလိုမှ မိုးစဲသွား၊ ဥမင်လိုဏ်ခေါင်း ကားလမ်းများ သုံးလေးခုခန့် ရှိသည် တွေ့ရ။ မြစ် (သို့မဟုတ်) ပင်လယ်စပ်ကို ကူးဖြတ်ထားသော ဥမင်လိုဏ်ခေါင်း ကားလမ်းများ ဖြစ်။ ဥမင်လိုဏ်ခေါင်းအထက်မှ သင်္ဘောများ၊ မော်တော်များ ခုတ်မောင်း နေ။ ဥမင်လိုဏ်ခေါင်းထဲမှ ကားများ မောင်းနေ။ နေ့ရော ညပါ မီးများ လင်းနေအောင် ပေးထား။ မီးပျက်လျှင်လည်း အတော်ဒုက္ခရောက်မည်။ ဟိုတယ်တည်းခိုခ တညလျှင် တခန်း ဒေါ်လာ (၉၀) ပေးရ။ ၂-ခန်း ငှါး။ နယူးယောက်သံရုံးမှ အတွင်းဝန် **ဦးအောင်သိန်း**နှင့် **မောင်နိုင်**တို့ ကားမောင်းပို့။ **မောင်နေမျိုးထွန်း**လည်း ပါ။

၂၄. ၆. ၂၀၀၁ ။ ။မန္တလေး ၂၅. ၆. ၂၀၀၁ ရက်၊ နံနက် ၅-နာရီ၊ နယူးယောက် ၂၄. ၆. ၂၀၀၁ ရက်၊ ညနေ ၆း၃၀-နာရီ **ဦးထွန်းမင်း+ ဒေါ်အိအိမေ**တို့အိမ်၌ တရားဟော။ “သစ္စာသိ ဒိဋ္ဌိကွာ” တရား။ **ဒေါ်အိအိမေ**တို့သည် မိခင်ကြီး **ဒေါ်ကျင်**နှင့် အတူနေ။ **အိအိမေ**၏ ညီမများ တရားနာလာကြရာတွင် ဘောင်းဘီဝတ်ပြီး လာကြသဖြင့် မိခင်ကြီး **ဒေါ်အေးကျင်**က ဆုံးမပြီး ချက်ချင်း ထဘီလဲဝတ်စေပြီး တရားနာခိုင်း။

၂၅. ၆. ၂၀၀၁ ။ ။ဘယ်မှ မသွားဖြစ်ခဲ့။ ကျောင်းမှာပင် နား၍ စာဖတ်။

၂၆. ၆. ၂၀၀၁ ။ ။**ဦးထွန်းမင်း+ဒေါ်အိအိမေ**တို့ အိမ်၌ နေ့ဆွမ်းစားပြီး ဝေါထရိတ်စင်တာ (WORLD TRADE CENTER) သို့ သွားကြည့်။ **ဝိလာသ**ကား ကျောင်း၌ အစောင့်မရှိသဖြင့် ပြန်သွား။ ကျွန်ုပ်နှင့် **ဦးမဟောသဓ** နှစ်ပါးကို **ဒေါ်အိအိမေ** လိုက်ပို့။ ဗွီဒီယိုကင်မရာဖြင့် မှတ်တမ်းတင် ရိုက်။ သချိုင်းကိုလည်း မှတ်တမ်းတင် ရိုက်။ ဝင်ကြေး လူကြီး (၁၀. ၁၅) ဒေါ်လာ၊ လူငယ် (၁၃. ၅၀) ဒေါ်လာ၊ ပေးရ။ အထပ်ပေါင်း (၁၀၀) ကျော် ရှိ။ ရာသီဥတု ကောင်း၍ အထက်ဆုံးအထိ ရောက်။ ယင်းအဆောက်အဦးကြီးသည် သံတန်ပေါင်း (၉၀၀၀)

http://www.dhammadownload.com



ကျော်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦးကြီး ဖြစ်။ မီးလောင်စရာဆို၍ အသားတထွာ တညီမျှ မပါချေ။ သို့ရာတွင် ၁၁. ၉. ၂၀၀၁ နေ့က အကြမ်းဖက်သမားများက လေယာဉ်ဖြင့်တိုက်ပြီး ဖျက်ဆီးလိုက်သဖြင့် ယခုအချိန်၌ မရှိတော့ပေ။ ဤတိုက်ခိုက်မှုကြောင့် နိုင်ငံပေါင်း (၈၀) ကျော်မှ ဝန်ထမ်းများလည်း သေဆုံးကြ။

၂၇. ၆. ၂၀၀၁ ။ ။နယူးယောက် လက္ခာရီးယားလေဆိပ်မှ နံနက် (၇း၂၅) နာရီတွင် လေယာဉ်ဖြင့် ထွက်။ လေယာဉ်ပေါ်၌ ဘရိတ်ဖက်စ်တ် (BREAK FAST) ကျွေး။ အားလုံး ကောင်းပါသည်။ အော်စတင်သို့ (၁၁း၁၃) နာရီခန့် ရောက်။ **ဩသဓ**တို့ လာရောက်ကြို။ **ဦးမင်းဟန်**အိမ်၌ နေ့ဆွမ်း စား။ "ဥသြရာသီ ပျော်ဖွယ်တည် လူမည်ဦးမှုံတဲ့" ဘကြီးတော်လက်ထက် ညောင်ရမ်း မင်းသားလေး အကြံပြုချက်အရ ပျော်ဘွယ်တည်သည်။ (**ဦးသေဋ္ဌိလ** ထေရုပ္ပတ္တိ)။

မှတ်ချက်။ ။**ဦးသေဋ္ဌိလ** ထေရုပ္ပတ္တိဖတ်ရာမှ ထေရုပ္ပတ္တိအတိုင်း ရေးထားခြင်း ဖြစ်သည်။ (ဥသြရာသီ) ၁၁၄၆-သည် ဘကြီးတော်(စစ်ကိုင်းမင်း)လက်ထက် မဟုတ်၊ ဘိုးတော် လက်ထက်သာ ဖြစ်သည်။ (ရာ-ကို ၈-ဂဏန်းယူလျှင်ကား ၁၁၈၆-ဖြစ်၍ ဘကြီးတော်လက်ထက် ဖြစ်မည်)။ ညတွင် မန္တလေးသို့ ဖုန်းဆက်။

၂၈. ၆. ၂၀၀၁ ။ ။အလာမို စစ်သမိုင်းပြတိုက်သို့ သွားကြည့်။ ၁၈၃၆-ကျော် နှစ်များက စပိန်နှင့် စစ်ဖြစ်စဉ် အသုံးပြုခဲ့သော အမြောက်၊ သေနတ်၊ ဓား စသည် ပြထားသည်ကို တွေ့ရ။ **မောင်မျိုးအောင်** လိုက်ပို့။

၂၉. ၆. ၂၀၀၁ ။ ။ဟူစတန်မြို့ နာဆာဌာနသို့ သွားကြည့်။ **ဒေါ်စန်း**နှင့် သားဖြစ်သူ **မောင်ထွေး**တို့မှ လိုက်ပို့။ ညတွင် **ဦးဟန်ဒီ+ဒေါ်ခင်သိန်း**တို့အိမ်၌ အိပ်။ မအိပ်မီ **မောင်စတီဗင်**က မြို့တွင်းရှိ ဒေါင်းတောင်းနေရာသို့ လိုက်ပို့။ ဟောင်ကောင်မော တခုတွင် ဈေးဝယ်ကြရာ ပိန္နဲသီးတလုံး ဒေါ်လာ (၆၀) ပေးခဲ့ရ။ နာဆာဌာန၏ ဝင်ကြေးမှာ (၁၅) ဒေါ်လာ ဖြစ်။

၃၀. ၆. ၂၀၀၁ ။ ။ဒကာကြီး **ဦးဟန်ဒီ**က ဟူစတန်မြို့ထဲ လိုက်ပို့။ အပ်ပ်တောင်း၊ ဒေါင်းတောင်း နေရာများ၌ ဓာတ်ပုံရိုက်။ ကွန်ဗင်းရှင်းစင်တာ၊ အားကစားကွင်း၊ ဒေါင်းတောင်း သုံးခုလုံး ပါဝင်အောင် ဓာတ်ပုံရိုက်။ စိတ္တဇပန်းချီ နေရာ၌လည်း ဓာတ်ပုံရိုက်ခဲ့။ **အောင်စိုး**ရေးသည့် စိတ္တဇပန်းချီ ဆောင်းပါးကို အမှတ်ရမိ။ နေ့လယ်တွင် **ဦးအုန်းသွင်**အား ရည်စူးကျွေးသည့်ဆွမ်း စားပြီး စစ်သင်္ဘောနှင့် စစ်အောင်နိုင်သည့် အထိမ်းအမှတ် ကျောက်တိုင် စသည်တို့ကို လေ့လာ။ အပိုလိုဒုံးပျံတွင်လည်း ဓာတ်ပုံရိုက်၊ ရှုခင်းကောင်းသည့် နေရာများ၌လည်း ဓာတ်ပုံရိုက်။

၁. ၇. ၂၀၀၁ ။ ။ဟူစတန်မှ နံနက် ၈-နာရီ ထွက်။ တောရွာလေး တရွာရှိ ဆိုင်တွင် နေ့ဆွမ်းစား။ တယောက် ၆-ဒေါ်လာစီ ဆွမ်းစရိတ်ပေးရ။ တောရွာဆိုင်ဖြစ်သည့် အားလျော်စွာ သန့်ရှင်းမှု နည်းပါးလှ။ တောထဲမှ တရားစခန်းတခုသို့လည်း ဝင်ရောက်ကြည့်။

http://www.dhammadownload.com



ဝါးပင်များ အလှစိုက်ထားသည်ကို တွေ့ခဲ့ရ။ မွန်းလွဲ ၂-နာရီကျော် အော်စတင်သို့ ပြန်ရောက်။ ဟူစတန်သွားနေစဉ် ၃-ရက်ခန့် အော်စတင်းမှ သီတဂူဗုဒ္ဓဝိဟာရကို အစောင့်မရှိဘဲ ပစ်ထားခဲ့ရ။ ၃-ရက်ခန့် လူစောင့်မရှိသော်လည်း ဘာပစ္စည်းမှ မပျောက်ချေ။ သော့မခတ်ဘဲ ပစ်ထားခဲ့ခြင်း ဖြစ်။ ဟူစတန်သို့ စရောက်သည့်နေ့တွင် **ဒေါက်တာ သိန်းကျော်**တို့ အိမ်မှ ဆွမ်းကပ်။

၂. ၇. ၂၀၀၀ ။ ။**ဒေါ်စန္ဒာပဘာ**အိမ်၌ နံနက်ဆွမ်း စား။ အမေရိကန် သီတဂူ ဗုဒ္ဓဝိဟာရအတွက် ငွေလှူ။ တရားအနည်းငယ် ဟော။ လော့စ်အိန်ဂျလိစ်၌ သဘာဝကတ္တရာတွင်း (ရွှံ့တွင်းဖြစ်ပါလိမ့်မည်)၊ ဆန်ဖရန်စစ္စကို၌ တွင်ပိခ် (TWIN PEAK) မှနေ၍ ကြည့်ရန် ကျန်ရှိသေးသည်။ D သုံးလုံး။ (၁) ဒစ်စ်ဂတ်စ်တ် (DISGUST) (ရွံမုန်းခြင်း=နိဗ္ဗိဒါ)၊ (၂) ဒီတပ်ချ်မင့် (DETACHMENT) (တွယ်တာတပ်မက်မှု ကင်းခြင်း=ဝိရာဂ) (၃) ဒီလစ်ဗားရင့်စ် (DLIVERRANCE) (လွတ်မြောက်ခြင်း=ဝိမုတ္တိ) (ဆရာတော် **ဦးသေဋ္ဌိလ** ထေရုပ္ပတ္တိ၊ နှာ ၁၇၇)။

၃. ၇. ၂၀၀၀ ။ ။"ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျှင်၊ သုခကောင်းကျိုး ဆဆတိုးလိမ့်၊" စာဖတ်ရုံမှတပါး ဘယ်မှ မသွားဖြစ်။

၄. ၇. ၂၀၀၀ ။ ။အမေရိကန် လွတ်လပ်ရေးနေ့ နံနက်ပိုင်း ဖြစ်၍ ဘာမျှ မထူးခြားပါ။ ညပိုင်း၌ကား ဖြောက်ဖောက် မီးရှူးမီးပန်းများ လွှတ်ပြီး ကစားကြ။ မြန်မာပြည် ဝါကျွတ်ပွဲနှင့် တူ။ လွတ်လပ်ရေးရသည်မှာ (၂၂၅) နှစ် ရှိပြီထင်။

၅. ၇. ၂၀၀၀ ။ ။

"သည်းခံနိုးကြား ကြိုးစားဝေဖန်၊
သနားမျှော်ချင့် တော်သင့်အမှန်၊
မပျက်မပြုံး သက်လုံးဆောင်ရန်၊
ရှေ့ဆောင်မှူး ဂုဏ်ထူး ဤခြောက်တန်။"

၆. ၇. ၂၀၀၀ ။ ။အော်စတင်ဈေးဆိုင်ကြီးသို့ သွား။ ကွန်ပ်ျူ လိုချင်သော သက္ကလပ်စ မရခဲ့ပါ။

၇. ၇. ၂၀၀၀ ။ ။ရှင်ပြုရဟန်းခံ တရားဟော။

၈. ၇. ၂၀၀၀ ။ ။စုပေါင်းဆွမ်းကျွေးပွဲ၌ ဩဝါဒ အနည်းငယ် ပေး။

ရောက်ဆဲ မြန်မာသက္ကရာဇ်ကို (၆၃၈) ပေါင်းက ခရစ်နှစ်ဖြစ်။ (၁၃၆၃+ ၆၃၈=၂၀၀၁)။

၉. ၇. ၂၀၀၀ ။ ။ဦးပဥ္စင်း **ဦးရေဝတ (ဦးလှမြင့်) ဒေါ် တင်တင်ဝေ**တို့ အိမ်၌ အရုဏ်ဆွမ်း စား။ ပရိတ်ရွတ်။

"မနာတရား၊ မောဟအားဖြင့်၊ မများသုတ၊ မိုက်ဝါဒနှင့်၊ မရသတိ၊ လူ့ဒိဋ္ဌိတို့၊ ရမိရရာ၊ ဝင်နှံချမ်းသာကို၊ လွန်စွာခင်မင်၊ အမြဲထင်၍၊ ဆင်ခြင်မညာ၊ ပြုတတ်စွာ၏။"

http://www.dhammadownload.com



"ပါဏာတိပါတ်၊ သက်သတ်ဝင့်ကြွေး၊ ဆိတ်ငယ်သေးလျက်၊ အမွေးအမျှ၊ ခေါင်းပြတ်ရရှင့်။ " (မယဒေဝ၊ပိုဒ်၊၂၃၀)

"တိသရဏာ၊ ငါးသီလ၊ မဲချစာရေးတန်၊
ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်နှ်း၊ လှူဒါန်းသောက်ရေကန်၊
ကျောင်းလှူတာဝ၊ နိဗဒ္ဓ၊ ပုညရှိသူမှန်၊
သောတာလိုပဲ၊ ဂတိမြဲ၊ သူလည်း ပါယ်မပြန်။"

၁၀. ၇. ၂၀၀၁ ။ ။"မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့ မွေး၏၊ ပဲရွေးမရှိ၊ ဖမိတို့အား၊ သမီးသားတို့၊ ထံပါးနီးရပ်၊ မကပ်တုံလျှင်း၊ ရှောင်ကြကွင်း၏။"

အော်စတင်မှ (၂း၅၅) နာရီထွက်၊ ဒင်ဘာသို့ (၃း၅၀) နာရီရောက်။ ဒင်ဘာမှ ၅-နာရီ ထွက်။ ဆန်ဟိုးဆေး (SAN JO SE)သို့ (၆း၅၅)နာရီ ရောက်။ **ဉာဏိက**နှင့် **မောင်အောင်ချိန်**တို့ လာရောက်ကြို။

၁၁. ၇. ၂၀၀၁ ။ ။မနက်လေး ၁၂. ၇. ၂၀၀၁ ရက်၊ နံနက် (၅း၀၀) နာရီ ဖရီးမောင့် ၁၁. ၇. ၂၀၀၁ ရက်၊ ညနေ (၃း၃၃) နာရီ၊ ယင်းနေ့တွင် ဘယ်မှ မသွားဖြစ်။ ကျောင်းမှာ နေ၍ စာကြည့်ရုံသာ။

၁၂. ၇. ၂၀၀၁ ။ ။ဂိုးလ်ဒင်းဂိတ် တံတားကြီး (GOLDEN GATE BRIDGE) နှင့် ဆန်ဖရန်စစ္စကို (SANFRANCISCO) မြို့တို့သို့ လျှောက်ကြည့်။ ကိုတင်ထွန်း (LA) မှ လိုက်ပို့။ ပြင်ဦးလွင်မြို့ ခြောက်ထပ်ကွေ့ထက် အကွေ့အကောက် များသော ဆန်ဖရန်စစ္စကို၏ တစ်နေရာကိုလည်း ပြ။ အနည်းဆုံး ဆယ်ထပ်ကွေ့လောက် ရှိ။ အုတ်ကလန် (OAKLAND)ရှိ **ဦးကောဝိဒ** ထံသို့လည်း ရောက်။

၁၃. ၇. ၂၀၀၁ ။ ။ဘိုးတော်ဘုရားသည် ခရစ် ၁၇၉၀-ပြည့်၊ တပို့တွဲ လဆန်း (၅) ရက်၊ တနင်္ဂနွေနေ့ မင်းကွန်းပုထိုးတော်ကြီး ရွှေအုပ်ငွေအုပ်ချသည်။ နတ်ရွာစံတော်မူသည့် ၁၈၁၉-ခုနှစ်ထိ (၂၉) နှစ်တိုင်တိုင် တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ပေ။ ဂျာမနီပြည်တွင် ၁၉၇၀-ပြည့်နှစ်ကတည်းက ဂုဏ်တင့်အဖိုးမြင့် မာစီးဒီးကားများ တက္ကစီပြေးဆွဲနေ၏။ မြန်မာပြည် ၁၉၉၅-ခုနှစ်ထိ ဂျပန်ပြည်မှ ပြုပြင်ဖာထေးထားသည့် ကားဟောင်းများကို ဂုဏ်ယူဝင့်ကြွားစွာ စီးနေရဆဲဖြစ်၍ **ဒေါက်တာလှဖေ** (အင်္ဂလန်) က ဝမ်းနည်းမိကြောင်း ၁၉၈၈-ခုနှစ်၊ အတွေးအမြင် စာစဉ် (၁၃၈)၌ ရေးထားသည်။ လော့ရင့်စ်ဘာဂလေ ပြတိုက်သို့ သွားကြည့်။ **မောင်ညွန့်သန်း** လိုက်ပို့။ ပြတိုက်တွင် နက္ခက်တာရာများ တည်ရှိနေပုံ ပြသ ထားသည်ကို တွေ့ရ။

၁၄. ၇. ၂၀၀၁ ။ ။ဘာမှမလုပ်ဖြစ်၊ ဘယ်မှ မသွား ဖြစ်။ ညပိုင်း၌ **ဦးကြည်တိုး**မှ ခြုံထည်လာရောက်လှူ။ **ဦးကြည်တိုး**ကား ကျွန်ုပ်နှင့် အသက်တူ ဖြစ်။

၁၅. ၇. ၂၀၀၁ ။ ။ (၁၁း၅၅) နာရီ ဖရီးမောင့်မှ ထွက်။ (၇း၂၀) နာရီ လော့စ်

http://www.dhammadownload.com



အိန်ဂျလိစ် (LA) သို့ ရောက်။ လမ်းတလျှောက် **ကိုတင်ထွန်း**နှင့် စကားစုံ ပြောဖြစ်။ ပင်လယ်ကမ်းခြေ (၁၀၁) ဖရီးဝေးမှ မောင်း။ ရှုမျှော်ခင်းများ ကောင်း။ မြို့အတော်များများကိုလည်း ရောက်။

၁၆. ၇. ၂၀၀၁ ။ ။မျက်စိခွဲရန် သွေး၊ ဆီး၊ ခန္ဓာကိုယ် စစ်။ နှလုံးခုန်၊ သွေးတိုး စသည်တို့ အကုန်ကောင်း၏။ သွေး၊ ဆီး မသိရ။ အဖြေလည်း ကျွန်ုပ်ထံ ရောက်တော့မည် မဟုတ်၊ **ဒေါက်တာစံအေး**ထံ တိုက်ရိုက် သွားလိမ့်မည်။

၁၇. ၇. ၂၀၀၁ ။ ။နက်ဖြန် (၁၀း၃၀) နာရီကြာ မျက်စိခွဲမည်ဟု သိရ။ နံနက် အရုဏ်ဆွမ်း မစားရဟု တားမြစ်။

၁၈. ၇. ၂၀၀၁ ။ ။ညာမျက်စိခွဲ။ မနာမကျင်ဘဲ ပြီးဆုံး။ **ဒေါက်တာ စံအေး၊ ဒေါက်တာ မြင့်လွင်** (မေ့ဆေး ထုံဆေး) တို့နှစ်ဦးမှ ကြီးကြပ်၍ ကုသခဲ့။

၁၉. ၇. ၂၀၀၁ ။ ။**ဒေါက်တာစံအေး**ထံ ပတ်တီးသွားဖြေ။ အားလုံး ကောင်းသည်ဟု သိရ။

၂၀. ၇. ၂၀၀၁ ။ ။

ယုတ်ညံ့စိတ်ထား၊ ရှိသူများ၊ ထက်ဖျားမတက်ပါ။
န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ။ (သံ၊၁၊၂၆၇)
မြင့်မြတ်စိတ်ပင်၊ ရှိသူလျှင်၊ ထက်ခွင်တက်ရမှာ။
အဂ္ဂေန စ ခေါ ဘိက္ခဝေ အဂ္ဂဿ ပတ္တိ ဟောတိ။ (သံ၊၁၊၂၆၇)
မျက်စိ ပိုကြည်သည်ဟု ထင်။

၂၁. ၇. ၂၀၀၁ ။ ။မျက်စိ ပိုကောင်းလာဟန် တူ။ ခေါင်းရိတ် ရေချိုး မျက်စိခွဲပြီးစ ဖြစ်၍ ဆင်ခြင်ရ။ မန္တလေးသို့ ဖုန်းဆက်။

၂၂. ၇. ၂၀၀၁ ။ ။အဇ္ဇာဗျောင်း၌ ဝါဆိုသင်္ကန်း ကပ်။ အနည်းငယ် တရားဟော။

၂၃. ၇. ၂၀၀၁ ။ ။ဘာမှ မယ်မယ်ရရ မလုပ်ဖြစ်။ ဂုဏ်တော်ပွား၊ တရားထိုင်ရုံသာ။

၂၄. ၇. ၂၀၀၁ ။ ။ဂုဏ်တော်ပွားပြီး တရားပိုထိုင်။

၂၅. ၇. ၂၀၀၁ ။ ။မျက်စိထပ်ကြည့်။ အားလုံး ကောင်းသည်ဟု သိရ။ မျက်မှန်အတွက် တိုင်းလိုက်ဟန်ရှိ။

၂၆. ၇. ၂၀၀၁ ။ ။အဇ္ဇာတောင်တန်းပေါ် တက်ကြည့်။ အချို့နေရာသည် ဂုတ်ထိပ် ဂုတ်တွင်းနှင့် တူ။ တောင်ကြားပိတ်၍ ဆည်လုပ်ထားသည်ကို တွေ့ရ။ အတော်ရေစူး နက်ဟန်ရှိ။

http://www.dhammadownload.com



၂၇. ၇. ၂၀၀၁ ။ ။ညပိုင်း အဘယသုတ် (အံ၊၁။၄၉၃) ဟော။ ပဋ္ဌာန်းနည်း ဆက်သွယ်ပြခဲ့။ ကျောင်းတကျောင်းမှ သိမ်သမုတ်ချင်၍ လာလျှောက်သဖြင့် သွားကြည့်။

၂၈. ၇. ၂၀၀၁ ။ ။ဘေကာဖီးလ်ဒ်မြို့ရှိ **ဒေါက်တာ အေးကြူ**နှင့် ဇနီးသည်တို့ အိမ်၌ အိမ်တက်ဆွမ်းစား။ မန္တလေးသား **ဒေါက်တာ ကြည်အောင်** (အောင်ကြည်)နှင့်လည်း တွေ့။ ကျန်သည့် ဒေါက်တာများသည်လည်း မန္တလေးနန်းတွင်း၌ နေဖူးသူများ ဖြစ်ကြ။

၂၉. ၇. ၂၀၀၁ ။ ။ဓမ္မဇောတိကကျောင်း သိမ်သမုတ်။ ကျွန်ုပ်ကို တရုတ်မိသားစုမှ ကံထပ်မင်္ဂလာ ပြုလုပ်။ **ဒေါ်လီ**အိမ်တွင် ဆွမ်းစားပြီး တရားဟော။

၃၀. ၇. ၂၀၀၁ ။ ။ဘာမှ မလုပ်ဖြစ်၊ ဘယ်မှ မသွားဖြစ်။

၃၁. ၇. ၂၀၀၁ ။ ။စန်တာမွန်နီကာ ဆိပ်ကမ်းသို့ သွားကြည့်။ ပျော်စရာ၊ ကစားစရာ ပေါများ။ **မောင်ဝင်းဆန်းထွန်းနှင့် ဂုဏသီလ**တို့ လိုက်ပို့။ မန်းမြို့သူများနှင့် တွေ့။ သဲများမှာ ကျောက်ဖြူ ငပလီဆိပ်ကမ်း တို့လောက် သန့်ရှင်းမှုမရှိပါ။ လူများ၍ ညစ်ပတ်သည်။ ယင်းဆိပ်ကမ်း၌ တောင်တက်, တောင်ဆင်း ရထားလမ်းတု လုပ်ထား။ ယင်းရထားစီးလျှင် ၄-ဒေါ်လာ ပေးရ။ မျက်စိခွဲပြီးကာစ ယင်းရထားကို ရဲရဲဝံ့ဝံ့ စီး။ ယင်းရထားကား မြန်မာပြည် ဘုရားပွဲများ၌ ချားရဟာတ်များ လည်သလို အမြန်လှည့်ပတ် ခုတ်မောင်းခြင်း ဖြစ်။

၁. ၈. ၂၀၀၁ ။ ။ဘယ်မျက်လုံးခွဲ။ မကိုက်မခဲ၊ အားလုံး ကောင်းဟန် တူ။

၂. ၈. ၂၀၀၁ ။ ။ပိတ်ထားသော ဘယ်မျက်စိ ဖွင့်။ ကြည့်ကောင်း၏။ **ဒေါက်တာစံအေး**၏ ဖခင် ဝါဆိုသင်္ကန်းကပ် တရားဟော။

၃. ၈. ၂၀၀၁ ။ ။**ဒေါက်တာစံအေး** ဇနီးနှင့် **မစုစံ** မိခင်တို့၏ ဝါဆိုသင်္ကန်း ကပ်၌ တရားဟော။ ညပိုင်းတွင် ပဋ္ဌာန်းတရား အနည်းငယ် ဟော။

၄. ၈. ၂၀၀၁ ။ ။ပူဇော်ပွဲ တရားဟော။ ရဟန်း ဒကာများ မိသားစုနှင့် ဓာတ်ပုံရိုက်။

၅. ၈. ၂၀၀၁ ။ ။ဝါဆိုပွဲ တရားဟော။

၆. ၈. ၂၀၀၁ ။ ။သဘာဝ ကတ္တရာတွင်းနှင့် ယင်းတွင်း၌ ကျသေခဲ့သည့် ဆင်-စသော တိရစ္ဆာန် ရုပ်ကြွင်းပြတိုက်များသို့ ကြည့်ခဲ့။ ဝင်ကြေး ၆-ဒေါ်လာ ပေးရ။ နက္ခတ်ကြည့် ပြတိုက်သို့လည်း ရောက်။ ဝင်ကြေးမပေးရပါ။ ယင်းပြတိုက်၌ ပေါင်ချိန်ကြည့်ရာ ဤကမ္ဘာမြေပေါ်၌ ကျွန်ုပ်ကိုယ်အလေးချိန်သည် ၉၆-ပေါင်မျှသာ ရှိ။ ကြာသပတေး ဂြိုဟ်ပေါ်၌ကား ပေါင် (၂၄၀)ကျော် လေးသည်ဟု ဆို။ ဟုတ်, မဟုတ်တော့ မသိပါ။ အပြန် ဟောလီးဝုဒ်မှ လှည့်ပြန်။ ဟောလီးဝုဒ် လမ်းမကြီးတလျှောက် နာမည်ကြီး ရုပ်ရှင်မင်းသား, မင်းသမီးတို့၏ အထိမ်းအမှတ် ကြယ်ပွင့်များကို ဝဲယာတွင် တွေ့။ ကြယ်ပွင့် တခုစီ၌ သရုပ်ဆောင် တယောက်စီ၏ နာမည်ကို ရေးထား။

http://www.dhammadownload.com



၇. ၈. ၂၀၀၁ ။ ။မျက်မှန်တိုင်းပေး။ အကျိုးရှိသော စကားများ ပြောဖြစ်။ ဂျပန်မှ တရားဟော ပင့်လိုကြောင်း သတင်းရ။

၈. ၈. ၂၀၀၁ ။ ။ဆွမ်းစားသွားရာမှ ဟိုဒီ လျှောက်လည်သဖြင့် ည ၈-နာရီကျော်မှ အဇူဇာသို့ ပြန်ရောက်။

၉. ၈. ၂၀၀၁ ။ ။**ဒေါက်တာ စံအေး**တို့အိမ်၌ ဆွမ်းစား။ နံနက်ပိုင်းတွင် **မောင်မောင်+သန်းခင်**တို့အိမ်၌ တရားဟော။

၁၀. ၈. ၂၀၀၁ ။ ။ဥယျာဉ်ပြတိုက်သို့ သွားကြည့်။ ဝင်ကြေး (၁၀) ဒေါ်လာ ပေးရ။

၁၁. ၈. ၂၀၀၁ ။ ။ကလေးမွေးနေ့နှင့် မင်္ဂလာဆွမ်းစား။ မျက်မှန်ပြင်လုပ်။

၁၂. ၈. ၂၀၀၁ ။ ။လော့စ်အိန်ဂျလိစ် အဇူဇာမှ လက်စ်ဗီးဂတ်စ် (LAS VEGAS) မြို့သို့ သွား။ နေ့လယ် (၂) နာရီကျော် ထွက်။ ယင်းမြို့သို့ ညနေ ၆-နာရီခန့် ရောက်။ **ဂုဏ်သီလ**ကားမောင်းပို့။ **မဝင်းဒီ**က ရှိုးအချို့ လိုက်ပြ။ မီးအလှ ထွန်းပြသည်မှာ မြန်မာပြည် သင်္ကြန်ပွဲ၊ တန်ဆောင်တိုင်ပွဲထက် သာ။ ညတွင် မြန်မာကျောင်း၌ အိပ်။ လော့စ်အိန်ဂျလိစ်နှင့် လက်စ်ဗီးဂတ်စ်မြို့ကား မိုင် (၂၀၀)ကျော် (၃၀၀) နီးပါး ဝေးမည်ထင်။

၁၃. ၈. ၂၀၀၁ ။ ။ဂရင်းကင်ယုံသွား။ **မဝင်းဒီ** ကားမောင်း ပို့။ **မဝင်းဒီ**ကား တချိန်က နာမည်ကြီးခဲ့သည့် B.A အလှကုန်ပိုင်ရှင်၏ သမီးဖြစ်။ မြန်မာပြည်၌ မြူခိုးဝေနေသည်နှင့် တူသော မောခေါ် နှင်းများကျနေသဖြင့် ရှုခင်း မကောင်းလှပါ။ ဂရင်းကင်ယုံကား ကော်လိုရာဒို မြစ်ကလေး စီးနေ။ မြစ်ကမ်း တောင်ကမ်းပါးယံများမှာ အရောင်မျိုးစုံ သက်နုကျောက်များ ဖြစ်။ မြန်မာပြည် ဆားလင်းကြီးနယ်ရှိ ဖိုးဝင်းတောင်၊ ရွှေဘတောင်မှ ကျောက်အမျိုးအစားနှင့် ဆင်တူ။ မောခေါ် နှင်းများလွင့်သွားသော အချိန်ကျမှ ဓာတ်ပုံရိုက်။ ဒါသည်ပင် စိတ်ကြိုက်မရ၊ ညပိုင်းတွင် လက်စ်ဗီးဂတ်စ်မြို့မှ ကာစီနို (ကစားနည်း အမျိုးမျိုး) ထပ်ပြီး သွားကြည့်။ လက်စ်ဗီးဂတ်စ်မြို့၌ စိတ်အားငယ်နေသော မြန်မာဒကာမ တယောက်နှင့် တွေ့ရ။ အဘက်ဘက်က ပြည့်စုံပါလျက် စိတ်အားငယ်နေခြင်း ဖြစ်။ စိတ်အားငယ်မှုသည် အားသေးသော ဒေါသပင် ဖြစ်သည်။ "ငါ့သန္တာန်၌ အားသေးသောဒေါသ ဖြစ်နေပါလား" ဟု တရားရှု မှတ်ပွားများရန် အကြံပေးခဲ့ရ။

၁၄. ၈. ၂၀၀၁ ။ ။လက်စ်ဗီးဂတ်စ်မှ ရိုဆန်မတီသို့ သွား။ **မောင်ဂုဏ်သီလ**ကားမောင်းပို့။ သဲကန္တာရမှာ ကျယ်လည်းကျယ် ရှည်လည်းရှည်။ တနာရီ မိုင် (၇၀)နှင့် (၁၀၀)ကြား ကားမောင်းရာ (၇း၀၀) နာရီခန့် ကြာကြာမောင်းသော်လည်း သဲကန္တာရကား မဆုံးနိုင်။ ရိုဆန်မတီသို့ အသွား အမှတ်(၁၂၀) ဖရီးဝေးလမ်းမကြီးမှာ ပြင်ဆင်နေ၍ ပိတ်ထားသဖြင့် အဝေးမှ ကားလှည့်မောင်းရ။ အနည်းဆုံး မိုင် (၆၀) ခန့် ပိုဝေး။ သူတို့ဆီ၌ စနစ်ကောင်းသည်မှာ (၁၂၀) လမ်းမကြီးသို့ မဝင်မီ ဂိတ်ရှိ။ ယင်းဂိတ်မှာ လာသမျှကားကို တား၍ ဘယ်သွားမလဲဟု မေး။

http://www.dhammadownload.com



ရှိဆန်မတီသို့ သွားမည်ဟု ပြောလိုက်ရာ အမှတ် (၁၂၀) ဖရီးဝေးလမ်းမကြီးမှာ မောင်းမရ၍ လှည့်မောင်းရမည့်လမ်းကို ညွှန်ပြလိုက်။ ထိုလမ်းမှာ မိုင်(၆၀)ခန့် ပိုဝေး။ ရှိဆန်မတီသွား ကားများ အမှတ်(၁၂၀) ဖရီးဝေးလမ်းမကြီးမှ မောင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဓာတ်ဆီထည့်လာကြရကား မိုင် (၆၀) ပိုမောင်းရသဖြင့် လမ်း၌ ဓာတ်ဆီ ပြတ်ကုန်ကြသည်။ ပုံးနှင့် ဓာတ်ဆီထည့်ယူလာရိုး ထုံးစံမရှိသဖြင့် အချင်းချင်းလည်း ဓာတ်ဆီ အကူအညီ တောင်း၍မရ။ ကျွန်ုပ်တို့ကားကမူ ဓာတ်ဆီဆိုင်တွေ့တိုင်း လျှော့သမျှ ဖြည့်ခဲ့သဖြင့် ဓာတ်ဆီ မပြတ်ပါ။ ညနေ (၆း၀၀) နာရီကျော်မှ ရှိဆန်မတီရောက်။ ရှိဆန်မတီ၌ပင် ညအိပ်။ ဟိုတယ်ခတစ်ခန်း US $ (၃၅၀) ဟု ပြောသဖြင့် ကားပေါ်တွင်ပင် ဖြစ်သလို ညအိပ်။

ဟိုတယ်ကြို အမျိုးသမီးလေးက သူမသည် ကျောင်းသူဖြစ်ကြောင်း နွေရာသီကျောင်းပိတ်၍ ဟိုတယ်တွင် အလုပ်လာလုပ်ကြောင်း ပြော။ ကျွန်ုပ်တို့ကား ဟိုတယ်ခ ဈေးကြီးသဖြင့် ကားပေါ်မှာပင် ဖြစ်သလို အိပ်မည်ဖြစ်ကြောင်း ပြောလိုက်ရာ သူမက ဒီအစီအစဉ်ကို အားမပေးကြောင်း ပြန်ပြော။ သူမ အားမပေးသည်မှာလည်း သဘာဝကျပါသည်။ ရှိဆန်မတီ၌ ဆိုင်းဘုတ်များ ထောင်ထား၏။ ယင်းဆိုင်းဘုတ်များဝယ် "သင် ယခု ဝက်ဝံတိုင်းပြည် ရောက်နေသည်၊ ကားတံခါးများကို ဖွင့်မထားပါနဲ့၊ ဝက်ဝံများသည် အစာအနံ့ရလျှင် အနှောင့်အယှက် ပေးတတ်ပါသည်" ဟု စာတမ်းများ ရေးထား၏။ ကျွန်ုပ်တို့ကား မကြောက်ပါ။ ရှိဆန်မတီ တောင်ကြား၌ ကားအစီး လေးငါး ခြောက်ရာမက ရပ်နားထား၏။ ဒီလောက် ကားများ လူများလျှင် ဝက်ဝံလာရဲမည်လော။ ကျွန်ုပ်က ကားရှေ့ခန်းမှာ အိပ်သည်။ **မောင်ဂုဏသီလ**က နောက်ခန်းမှာ အိပ်သည်။ နံနက်လင်းလျှင် အိမ်သာ လက်ဆေးကန် သွား၍ မျက်နှာသစ်လိုက်သည်။ ရှိဆန်မတီ အိမ်သာများက သန့်ရှင်း၏။ ဘာအနံ့အသက်မှ မထွက်။

လမ်း၌ ပင်လယ်ပြင်မှ ပေ (၉၀၀၀) ကျော်မြင့်သည့် တောင်ပေါ် ရောက်။ ယင်းတောင်ထိပ် ပေါ်၌ အိမ် လေးငါးခြောက်လုံးရှိရာ ထိုအိမ်များ၌ပင် လျှပ်စစ်မီး၊ တီဗွီ၊ တယ်လီဖုန်း၊ ရေမီးအစုံ ပြည့်ပြည့်စုံစုံရှိသည်ကို တွေ့ရ။ တောင်၌ အဆင်းတလမ်း အတက်တလမ်း ဖြစ်သဖြင့် ကားတိုက်မှာ လည်း မစိုးရိမ်ရ။

၁၅. ၈. ၂၀၀၁ ။ ။ရှိဆန်မတီတွင် နံနက်နေထွက် ဓာတ်ပုံ ရိုက်။ ကားတစီးလုံး ဝင်ကြေး (၂၀)ဒေါ်လာ ပေးရ။ ကျောက်ဆောင် ခဲပန်းကြီးများက ကြီးကျယ်လှ။ တစ်လမ်းလုံး တောင်တက်, တောင်ဆင်းချည်းသာ ဖြစ်။ နံနက် (၉)နာရီကျော်ခန့်တွင် ရှိဆန်မတီမှ ထွက်။ စန်တာခရုဒ် တောအုပ်ကြီးသို့ ညနေ (၆း၀၀)နာရီခန့် ရောက်။ ဖားသားထရီး မားသားထရီးများ ကြည့်။ ကျွန်ုပ်တို့ ဇာတိရွာ လွှစာပင်၊ **မသဲနု**ဇရပ်ရှေ့က မန်ကျီးပင်ကြီးလောက် မကြီးပါ။ ည (၉း၀၀) နာရီခန့် မေတ္တာနန္ဒဝိဟာရ ရောက်။

၁၆. ၈. ၂၀၀၁ ။ ။ဘယ်မှ မသွား၊ ဘာမလုပ်ဖြစ်၊ စာကြည့်၊ ပုတီးစိပ်ရင်းနှင့် အချိန်ကုန်။

http://www.dhammadownload.com



၁၇. ၈. ၂၀၀၁ ။ ။သာသနာရေး တိုင်းပြည်ကြီးပွားရေး အမြင်တင်ပြ ပြောဆိုဖြစ်။ ကလေးသင်တန်း ကျောင်းသားများအား ဩဝါဒ ပေး။ ဩဝါဒပေးရာ၌ ကျွန်ုပ်က မြန်မာလိုပေး၍ **ဦးဓမ္မပိယ**က အင်္ဂလိပ်လို ပြန်။

၁၈. ၈. ၂၀၀၁ ။ ။ကလေးများအား မိဘကျေးဇူး ဆပ်ရန် ဩဝါဒ ပေး။ မောင့်ပြူးမြို့မှ ဒကာကြီးတယောက် မွေးနေ့ တရားဟော။

၁၉. ၈. ၂၀၀၁ ။ ။ရီနိုမြို့သို့ သွား။ ကစားပွဲမျိုးစုံ ကြည့်။ မျက်လှည့် ဆက်ကပ်ဟု ဆိုသော်လည်း ကပွဲက များ၏။ လက်စ်ဗီးဂတ်စ်နှင့် အတူတူပင်။ လက်စ်ဗီးဂတ်စ်က ကြီး၍ ရီနိုက ငယ်သည်။ **အောင်လွင်ဦး** ကားမောင်းပို့။ ဘူဖေးထမင်းဆိုင်တွင် ဆွမ်းစား။ တယောက် (၁၀) ဒေါ်လာ ပေးရ။ ကြိုက်တာ စား၊ ကြိုက်သလောက် စားနိုင်။

၂၀. ၈. ၂၀၀၁ ။ ။စာအုပ်ဆိုင် စာကြည့်တိုက်သွား၍ စာအုပ်ရှာ။ လိုချင်သည့် စာအုပ်စာရင်း တွေ့သော်လည်း စာအုပ်မတွေ့ခဲ့။

၂၁. ၈. ၂၀၀၁ ။ ။ကွန်ပျူတာပြတိုက်သို့ သွားကြည့်။ ကွန်ပျူတာဗဟုသုတ မရှိ၍ အံ့ဩရုံမှတပါး နားမလည်ပါ။ ရုပ်ရှင်လက်မှတ် တစောင် (၇)ဒေါ်လာကျသည် ဆို။

၂၂. ၈. ၂၀၀၁ ။ ။ဘာမှ မလုပ်ဖြစ်၊ ညနေ မောဈေး ဆိုင်ကြီး တခုသို့ သွားကြည့်။ ပတ်စ်ပို့ဓာတ်ပုံ ထပ်ရိုက်။ ကိုယ့်ဟာကိုယ် ထိုင်ရိုက်ရ။ ရိုက်ပေးမည့်သူ မရှိ၊ ထိုင်လိုက်လျှင် အလိုအလျောက် ဓာတ်ပုံရိုက်ပြီးသားပုံ ထွက်လာခြင်း ဖြစ်။

၂၃. ၈. ၂၀၀၁ ။ ။ဂျပန်မှ စပွန်ဆာ ရောက်။ သို့ဖြစ်၍ သံရုံးသို့သွားရာ မြန်မာပြည် ပြန်၍ ဗီဇာလုပ်ရမည်ဆို။ ဂျပန်သွားမည့် ခရီးစဉ် ပျက်။ ဆိုင်၌ ဆွမ်းစား။ တပါး (၁၀)ဒေါ်လာကျော် ကုန်ကျ။

၂၄. ၈. ၂၀၀၁ ။ ။ဆွမ်းစားအပြန် ပင်လယ်ဆိပ်ကမ်း လူအများ ငှက်အသွင် ပျံနေသောနေရာ သွားကြည့်။ တွင်ပီတောင်ထိပ်သို့လည်း သွားကြည့်။ ရာသီဥတု မကောင်း၍ တွင်ပီတောင်ထိပ်မှ ကြည့်ရာ သဲသဲကွဲကွဲ မမြင်ရပေ။

၂၅. ၈. ၂၀၀၁ ။ ။ဒေလီစီးတီး၌ ညတရားဟော။ တရားဟော ခန်းမ ငှါးရမ်းခပင် တနာရီ ဒေါ်လာ(၄၀၀) ပေးရ။ တရားနာပရိသတ်မှာ တရာကျော်ခန့် ရှိ။ တရားဟောအပြီး တွင်ပီသို့ သွားကြည့်။ နှင်းများ ဖုံးနေ၍ သဲသဲကွဲကွဲ မမြင်ရပေ။ တွင်ပီသို့ နေ့ (၂)ခေါက်၊ ည (၁)ခေါက် ရောက်။ (၃)ခေါက်စလုံး ရာသီဥတု မှုန်မှိုင်းနေသည့်နှင့်ပင် ကြုံခဲ့ရ။

၂၆. ၈. ၂၀၀၁ ။ ။ဂျပန်ဘူဖေး (BUFFET) ဆိုင်၌ ဆွမ်းကပ်ကြ။ တပါး (၁၅) ဒေါ်လာ ပေးရသည် ဆို။ မြန်မာ့လျှာနှင့် အရသာ တွေ့ပါသည်။ ယင်းဆိုင်၌ မြန်မာအလုပ်သမားများ ရှိ။ အုတ်ကလန်မြို့နေ **ဦးကောဝိဒ**ကျောင်းမှ ဆွမ်းကျွေးခြင်း ဖြစ်။

http://www.dhammadownload.com



၂၇. ၈. ၂၀၀၁ ။ ။ဘာမှ မလုပ်ဖြစ်။

၂၈. ၈. ၂၀၀၁ ။ ။ဖရီးမောင့် ကန်တော်ကြီးသို့ သွားကြည့်။ တပတ် လမ်းလျှောက်။ အနံ့ ရွှေဘိုကန်တော်ကြီးခန့်၊ ကန်ပတ်လမ်း သမံတလင်း ခင်းထား။

၂၉. ၈. ၂၀၀၁ ။ ။

ဖြစ်သော်ညစ်ထေး၊ အပြစ်ဘေးနှင့်၊ ကျိုးပေးဒုက္ခ၊ ဆယ့်နှစ်ဝ၊ အကုသလ ခေါ်၊

ဖြစ်သော်သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်းသုခ၊ အကျိုးရ၊ ကုသလဟု ဆို။

၃၀. ၈. ၂၀၀၁ ။ ။ဘာမှ မလုပ်ဖြစ်။

၃၁. ၈. ၂၀၀၁ ။ ။ည (၁း၃၀) နာရီ U.S.A မှ အီးဗားလိုင်းဖြင့် ပြန်ကြ။ ထိုင်ဝမ်သို့ ၂. ၉. ၂၀၀၁ ရက်၊ နံနက် (၅) နာရီ ရောက်။ ထိုင်ဝမ် နံနက် (၆း၂၀) နာရီ၊ မန္တလေး နံနက် (၅) နာရီ။

၁. ၉. ၂၀၀၁ ။ ။လေယာဉ်ပေါ်တွင် ကုန်ဆုံး။

၂. ၉. ၂၀၀၁ ။ ။ထိုင်းမှ ညနေ (၇) နာရီ ထွက်။ ရန်ကုန်သို့ ည (၈) နာရီ ရောက်။ လမ်းအားလုံး အဆင်ပြေ။

http://www.dhammadownload.com



## စင်္ကာပူ ခရီးစဉ်

ဆရာတော် **ဦးသီရိန်** ရောဂါစစ်ဆေးရန် စင်္ကာပူနိုင်ငံသို့ (၁၉. ၃. ၂၀၀၃) ရက်နေ့တွင် ထွက်လာကြသည်။ အဖွဲ့ဝင်များမှာ ကျွန်ုပ် **(ဦးရာဇ)၊ ဥတ္တမ၊ တေဇော** (ညောင်သုံးပင်-မိုးကုတ်)၊ ရန်ကုန်မှ **ဒေါက်တာ သောင်းဟန်**တို့ ဖြစ်ကြသည်။

၁၉. ၃. ၂၀၀၃ ။ ။ရန်ကုန်မှ ညနေ (၅) နာရီ ထွက်။ မြန်မာ စံတော်ချိန် (၈) နာရီ၊ စင်္ကာပူ စံတော်ချိန် (၁၁) နာရီအချိန် စင်္ကာပူသို့ ရောက်။ သံရုံးမှ ကားလာကြို။ **ဝိမလ**လည်း ပါ။ **ဒေါ်နွယ်နွယ်အေး**လည်း လာကြို။

၂၀. ၃. ၂၀၀၃ ။ ။ဘုန်းကြီးအား ဆေးရုံပြ။ (၁၁) နာရီခန့်တွင် ပြီးစီး။ ဆိုင်၌ ဆွမ်းကပ်။ ကုသိုလ်ရှင်မှာ **နွယ်နွယ်အေး** ဖြစ်သည်။

၂၁. ၃. ၂၀၀၃ ။ ။သန္တောသ သွားကြည့်။ ကေဘယ်လ် ကားစီးခ (၈)ဒေါ်လာ ကျ။ ငါးကြည့်ခ (၁၇)ဒေါ်လာ ပေးရ။ ဘုန်းကြီး၏ အဆုတ်၌ အစက်အပြောက် မရှိတော့ဟု သိရ။ ဗိုက်ထဲ၌ အကျိတ်တွေ့ရသည်ဟု ဆို။ ရေကပွဲကား အမေရိကန်ထက် ထူးဆန်းသည်။ ငါးမျိုးကား SEA WORLD လောက် မစုံပါ။ ဆင်မျက်နှာနှင့်တူသော ငါးများမှာ စင်္ကာပူ၌လည်း တွေ့ရ။ LEAF DRAGON လည်း တွေ့ရ။ U.S.A ၌ တွေ့ခဲ့သည်ဟု မထင်။

၂၂. ၃. ၂၀၀၃ ။ ။**ကိုအောင်လင်း+နန်းခင်ထားထား** လက်ထပ် မင်္ဂလာ (၁၀) နှစ်မြောက်ပွဲ၌ **ကမ္ဘာ့ယှက်ဖိ**အကြောင်း ဟော။ နေ့လယ် ဆွမ်းစားအိမ်၌ ဆေးပဒေသာပင် လှူကျိုး ဟော။ သိပ္ပံပြတိုက်သို့ သွားကြည့်။ အမေရိကန်ပြတိုက်များ ကြည့်ပြီးဖြစ်၍ ဘာမျှ မထူးဆန်းပေ။ ပြတိုက်အသင်းဝင် မလေးဒကာမကြီးက ဝယ်ပေးသဖြင့် ဝင်ခ စင်္ကာပူဒေါ်လာ (၃)ဒေါ်လာ၊ ရုပ်ရှင်ကြည့်ခ လက်မှတ် စင်္ကာပူ (၈)ဒေါ်လာ ပေးရ။

၂၃. ၃. ၂၀၀၃ ။ ။ဘုန်းကြီး မှိုစား၍ ဖျားသည်ဟု ပြော။ တိရစ္ဆာန်ရုံ သွားကြည့်။ **ဝိမလ ကိုယုခင်**တို့ လိုက်ပို့ကြ။ ရန်ကုန် တိရစ္ဆာန်ရုံ၌ မရှိသော ကျားဖြူ တွေ့ရ။ ရန်ကုန် တိရစ္ဆာန်ရုံလောက် တိရစ္ဆာန် မစုံပါ။

၂၄. ၃. ၂၀၀၃ ။ ။ငှက်မျိုးစုံပြတိုက် သွားကြည့်။ ငှက်က စာပို့ပုံ၊ စက်ဘီးစီးပြပုံ တို့ကို တွေ့ရ။ ကြက်တူရွေး စကားပြောသည်ကိုလည်း တွေ့ရ။ **မဖြူ** လိုက်ပို့၍ ဝင်ကြေး ဘယ်လောက် ပေးရသည် မသိ။ ညပိုင်းတွင် ချိုင်းနားတောင်းသို့ သွားကြည့်။ ချိုင်းနားတောင်ကား သန့်ရှင်းမှု မရှိ။ တရုတ်နတ်ကြီးရှေ့၌ ဓာတ်ပုံရိုက်။ မက်ခွက်ထဲ၌ မိမိပုံထည့်၍ ဓာတ်ပုံရိုက်။ မက်ခွက်တလုံး စင်္ကာပူ (၁၅)ဒေါ်လာ ပေးရ။ ချိုင်းနားတောင်း၌ နှစ်ဖန်ခွက် လောက်သာ ရသည့် ရေသန့်တပုလင်း စင်္ကာပူ (၄)ဒေါ်လာ ပေးရ။ အထပ် (၇၀)ကျော် ဟိုတယ်ကြီး၏ (၇၀)ထပ်မှ နေ၍ စင်္ကာပူမြို့ မြင်ကွင်းကို ဓာတ်ပုံ ရိုက်။ ဟိုတယ်ပေါ်၌ ရှူးဖိနပ်ဖြင့်သာ တက်ရမည်ဟု ဆိုသဖြင့် အခက်တွေ့။ အားနာ၍လား မသိ စီးလာရင်း ဖိနပ်နှင့်ပင် တက်ခွင့် ပြု။ နေ့လယ်ဆိုလျှင်

http://www.dhammadownload.com



မည်သည့်ဖိနပ်နှင့်မဆို တက်ခွင့်ပြုသည်ဟု သိရ။ ညနေ (၅)နာရီကျော်လျှင် ရှူးဖိနပ်နှင့်သာ တက်ခွင့်ပြုသည် ဟူ၏။

၂၅. ၃. ၂၀၀၃ ။ ။**မဖြူ** မိတ်ဆွေတယောက်က ဟိုတယ်ပင့်၍ သက်သက်လွတ်ဆွမ်းကပ်။ လက်ဖက်ရည်ပွဲ၌ ကီဝီသီး ထည့်ကပ်။ စင်စစ် ကျွန်ုပ်တို့ မြန်မာပြည်၌ အလေ့ကျပေါက်သော ခဆစ် (သခွါးဆစ်) သီးသာ ဖြစ်။ အရသာ၊ ပုံသဏ္ဍာန် ခဆစ်သီးအတိုင်း ဖြစ်။ စက်ာပူ ဆွမ်းကျွေးပွဲများ၌ လက်ဖက်ရည်ပွဲတွင် စောင်းလျားသီး များကိုလည်း အမြတ်တနိုး ထည့်ကပ်သည်ကို တွေ့ရ။ ဗီယက်နမ်မှ လာသည်ဟုလည်း ပြောကြ။ အထက်ပါ ဟိုတယ်ကြီးကလည်း ရှူးဖိနပ်နှင့်မှ တက်စားရသည့် ဟိုတယ်ကြီး ဖြစ်။ ကျွန်ုပ်တို့ကား ဘုန်းကြီးရှူးဖိနပ်နှင့်ပင် တက်စားခဲ့။ နက်ကတိုင်လည်း မပါ။ အပြန်တွင် သမိုင်းပြတိုက်သို့ ဝင်ကြည့်။ (၈)ဒေါ်လာ ပေးရ။ ယင်းပြတိုက်၌ မောင်းထောင်းနေပုံ၊ အကျီများ လက်နှင့် ချုပ်နေပုံ စသည်များကို ပြထား။ စက်ာပူတည်ထောင်စက လူနေမှုစနစ်ကို သရုပ်ဖော်ထားခြင်း ဖြစ်။ ထိုအခြေအနေမှ ယခု စက်ာပူ အခြေအနေထိ တိုးတက် လာပုံကို ပြသထားရာ အားကျစရာ ကောင်းလှ၏။

၂၆. ၃. ၂၀၀၃ ။ ။ညနေထိ ဘာမှ မလုပ်ဖြစ်။ ညနေ (၅) နာရီကျော်မှ ဘုန်းကြီးရောဂါ အရိပ်အမြွက် သိရ။ ဆေးစားရုံသာ၊ ရောင်ခြည် ကင်ရန် ဆေးသွင်းရန် မလိုဟု ဆို။ သို့သော်လည်း ဘုန်းကြီးကိုကား ကင်ဆာရောဂါ ဖြစ်ကြောင်း ကုရ၍ရသော ကင်ဆာ ဆေးစားရုံမျှဖြင့် ပျောက်မည့် ကင်ဆာဖြစ်ကြောင်း စားဆေး တလစာယူပြီး ပြန်ရမည်ဖြစ်ကြောင်း လျှောက်ထားလိုက်သည်။ ဘုန်းကြီးကမူ သူ့ရောဂါ အခြေအနေကို အမှန်သိဟန် တူ။

"ကင်ဆာဆိုရင် ငါ့ရောဂါ မရပါဘူးကွာ၊ သေမှာပါပဲ" ဟု ပြောရှာ၏။

"ငါသေလို့ တိုက်မှာ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ မင်းသေလျှင်တော့ ဖြစ်မည် ထင်သည်"ဟု ပြောရှာသေး၏။

လေယာဉ် လက်မှတ်များ စစ်ဆေးရာ ရန်ကုန်-စက်ာပူ အသွားလက်မှတ်သာ ဖြစ်နေ။ စက်ာပူ-ရန်ကုန် အပြန်လက်မှတ် မပါချေ။

၂၇. ၃. ၂၀၀၃ ။ ။စက်ာပူနိုင်ငံ ရထားစီးကြည့်။ ဘတ်စ်ကားလည်း စီးကြည့်။ ရထားလက်မှတ်က ဂိတ်စ, ဂိတ်ဆုံး တခေါက်သာ ဖြစ်ဟန် တူ။ ကျွန်ုပ်တို့ကား ဂိတ်စ, ဂိတ်ဆုံး အသွားအပြန် နှစ်ခေါက်စီးရာ အပြန်ထွက်ပေါက် ဂိတ်၌ လက်မှတ်ထိုးလိုက်သည့်အခါ ဂိတ်ပေါက်တံခါး မပွင့်တော့ချေ။ ရထားဝန်ထမ်းတဦးက လက်မှတ်ကို ယူကြည့်ရာ အသွား တခေါက်သာ စီးရမည့် လက်မှတ်ဖြစ်၏။ အသွားအပြန် စီးလိုက်သည့်အတွက် ဂိတ်ပေါက် မပွင့်ခြင်း ဖြစ်သည်ဟု ပြော။ စက်ာပူငွေကြေး ပြား(၆၀) ဒဏ်ဆောင်လိုက်မှ ဂိတ်ပေါက်တံခါး ပွင့်လာ။ လိုက်ပို့သည့် **ဝိမလ**နှင့် ဒကာမကြီးကလည်း ထိုစနစ်ကို သိဟန်မတူ။

၂၈. ၃. ၂၀၀၃ ။ ။စက်ာပူမှ နံနက် (၁၀း၀၀) နာရီ ထွက်။ ရန်ကုန်သို့ (၁၁း၄၅) နာရီ ရောက်။

http://www.dhammadownload.com



## စက်ာပူ၊ အင်ဒိုနီးရှား ခရီးသွားမှတ်တမ်း

၁၃၆၅-ခု၊ နတ်တော်လဆန်း (၇) ရက်၊ (၃၀. ၁၁. ၀၃) နေ့တွင် **ဦးဟန်ရှိန်+ဒေါ်မြမြလေး**၊ ဒီပါအေးမြ မိသားစုတို့၏ ပင့်လျှောက်ချက်အရ စက်ာပူ၊ အင်ဒိုနီးရှား နိုင်ငံများသို့ သွားရောက်ခဲ့။

ရဟန်းတော်များဘက်မှ အဖွဲ့ခေါင်းဆောင်မှာ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော် **ဦးကုမာရ**ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဗန်းမော်ဆရာတော် **ဦးကုမာရ**၊ မန္တလေး-မစိုးရိမ်တိုက်သစ် **ဦးရာဇဓမ္မ**၊ ရန်ကုန် ဓာတ်တော်ကျောင်းတိုက် **ဦးကိတ္တိဝ**ရ၊ တိပိဋကဆရာတော်သုံးပါး **(ဦးသီလက္ခန်၊ ဦးဝံသပါလ၊ ဦးဂန္ဓမာလာ)** ပါရှိကြ။

လူဒါယကာ၊ ဒါယိကာမများဘက်မှ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် **ဦးစန်းလွင်၊ ဒေါ်မြမြလေး၊ ထက်ထက်ရှိန်၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်နီနီ**တို့ ပါကြ။ ယင်းခရီးစဉ် မှတ်တမ်းအကျဉ်းကို အောက်၌ ဖော်ပြလိုက်ပါသည်။

နတ်တော်လဆန်း (၇) ရက်၊ (၃၀. ၁၁. ၀၃) ။ ။ရန်ကုန်မှ (၁၂း ၄၅) နာရီ ထွက်။ စက်ာပူသို့ မြန်မာစံတော်ချိန် (၃း၃၅) နာရီ ရောက်။ စက်ာပူစံတော်ချိန် (၅း၃၅) နာရီကျော် ခန့်၌ အနေကဇာတင် ပရိတ်ရွတ် ချီးမြှောက်။ တရားနာပရိသတ် အတော်များများ လာ။

နတ်တော်လဆန်း (၈) ရက်၊ (၁. ၁၂. ၀၃)။ ။နံနက်ပိုင်း၌ ဘုရားဝတ် ပြု။ စက်ာပူ စံတော်ချိန် (၉) နာရီကျော်တွင် ထွက်ခွါခဲ့ရာ ဂျကာတာသို့ (၁၀း၂၀) နာရီခန့်တွင် ရောက်။ အင်ဒိုနီးရှား နိုင်ငံဆိုင်ရာ မြန်မာသံ အမတ်ကြီးနှင့် အဖွဲ့ လာရောက်ကြို။ ဗုဒ္ဓဘာသာအဖွဲ့ ဉက္ကဋ္ဌ နေအိမ်၌ ဆွမ်းစား။ လေယာဉ်ပေါ်၌လည်း အသားကြော် ကျွေး။ လေယာဉ်ပေါ်၌ စားစဉ်ကပင် အာသာပြေပါသည်။

၁၉၆၃-ခုနှစ်က ရေးသားသည့် **လူထုဦးလှ**၏ အင်ဒိုနီးရှား စာအုပ်၌ ဂျကာတာမြို့တွင် လမ်းများမကောင်းဟု ဖတ်ရ။ ယခု ၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ၌ကား လမ်းမကြီးများ ကောင်းနေပြီ။ ကြားလမ်းများကား ညံ့သေး၏။ ရေဆိုးမြောင်းများလည်း မကောင်းလှ၊ ခြင်လည်း ရှိ။ တပြည်လုံး ဉပဇ္ဈာယ် **သုခေမော** (ဆုကေးမိုး) ကျောင်းရောက်။ ဦးပဥ္စင်းငယ်များနှင့်သာ တွေ့ခဲ့ရပြီး ဆုကေးမိုး ဆရာတော်မှာ ဘုရားတည်သည့်နေရာ မာလန်မြို့သို့ ရောက်ရှိနေသည်ဟု သိရ။

နတ်တော်လဆန်း (၉) ရက်၊ (၂. ၁၂. ၀၃)။ ။တောင်ထိပ် ပွန်ချပ်မြို့လေးသို့ သွားရောက်လေ့လာ။ **လူထုဦးလှ** ရောက်ခဲ့စဉ်က တောင်ထိပ်မြို့သည် လမ်းမကောင်းသေး သော်လည်း ယခုတွင်မူ ကောင်းနေပေပြီ။ ကျဉ်းတော့ ကျဉ်း၏။ တောင်ခြေတလျှောက် လက်ဖက်ခြံများ ရှိ။ ဂျကာတာနှင့် ကီလိုမီတာ တရာကျော် ဝေးမည်ထင်ရ။ ပွန်ချပ်မြို့သို့

http://www.dhammadownload.com



ရောက်ခါနီးတွင် ထမင်းဆိုင်တဆိုင်၌ စားကြရာ (၁၅)ယောက် အင်ဒိုနီးရှားငွေ ရူပြား(ရူပီး) (၇)သိန်း (၆)သောင်း ကုန်ကျ။ တောရိုင်းတိရစ္ဆာန်ရုံသို့ သွားရောက်ခဲ့ရာ သဘာဝတောရိုင်း တိရစ္ဆာန်များ ဖြစ်။ ကျားဖြူ ကျားဝါနှင့် မြင်းကျားများ အတော်များများ တွေ့ရ။ စက်ဘပူ ဇီဇာကြေး ယူအက်စ် (၁၁)ဒေါ်လာ၊ အင်ဒိုနီးရှား ဇီဇာကြေး ယူအက်စ် (၃၅) ဒေါ်လာဟု သိရ။ ထေရဝါဒ ဗုဒ္ဓဇယန္တီ သာသနာ့အောင်မြေရိပ်သာ တည်ဆောက်မည့် တောင်ထိပ်၌ မြေသန့် ပရိတ်ရွတ်။ တနေကုန် ကားခကို **မရင်ရင်နွယ်** (ယူနီဆက် ဝန်ထမ်း)မှ လှူဒါန်း။

နတ်တော်လဆန်း (၁၀) ရက်၊ (၃. ၁၂. ၀၃)။ ။သံအမတ်ကြီး အိမ်မှ ဆွမ်းကျွေး။ ဂျကာတာ လွတ်လပ်ရေးကျောက်တိုင် (MONAS)သို့ သွားရောက်ကြည့်။ ကျောက်တိုင်ထိပ်၌ ရွှေသား တန်ဝက်ခန့် တင်၍ အထွတ်တပ်ထားသည်ကို တွေ့ရ။ ၎င်းမှ ငါးပြတိုက်သို့ သွားရောက်ကြည့်ရှု။ အမေရိကန်၌ ကြည့်ပြီးဖြစ်၍ မထူးဆန်းတော့ပေ။ တိုင်းရင်းသား မျိုးစုံ၊ ပြည်နယ်မျိုးစုံ ပြခန်းများကိုလည်း ကြည့်ရှု။ သူ့ပြည်နယ်နှင့် သူ့အိမ်ပုံစံ အမျိုးမျိုး ဆောက်လုပ်နေထိုင်ကြပုံ ပြသထား။ လူနေ၍ရသော အိမ်များ ဖြစ်။ ပုံစံမျှ မဟုတ်၊ ပျဉ်ထောင်များ ရွှေချည်ထိုး ကာရံထားသည့် အိမ်များလည်း ရှိ။ အင်ဒိုနီးရှားကို ကူညီခဲ့သည့် မြန်မာပြည်မှ (၀၀၁)လေယာဉ်ကိုလည်း တိုင်းရင်းသား ပြတိုက်ဝင်းထဲ၌ ပြသထား။

နတ်တော်လဆန်း (၁၁) ရက်၊ (၄. ၁၂. ၀၃)။ ။နေရစ်တော့ ဂျကာတာ။ မင်းကို ပြန်လည် တွေ့ဆုံချင်ပါသေး၏။ ဂျကာတာမှ ဒေသစံတော်ချိန် နံနက် (၁၀) နာရီကျော် ထွက်ခွါခဲ့ရာ ဂျော့ဂျကာတာသို့ နံနက် (၁၁) နာရီကျော် ရောက်။ လေဆိပ်မှာပင် ဆွမ်းကပ်ကြ။ ထမင်းသုတ်၊ ထမင်းဆုပ် ကပ်ကြခြင်း ဖြစ်။ ဆွမ်းစားပြီး (၁၂) နာရီကျော် ဂျော့ဂျကာတာမှ ကားများနှင့် ထွက်ခွါလာကြရာ ဘောရောဗုဓားဘုရား (BOROBUDUR TEMPLE)သို့ (၁) နာရီကျော်ခန့်တွင် ရောက်။ လမ်းခရီး တလျှောက်လုံး မိုးရွာနေ။ ဘောရောဗုဓားဘုရားစေတီ တည်ရှိရာသို့ မိုးရွာနေ၍ ပရိဝုဏ်အတွင်း ပြေးဆွဲသည့် ရထားကလေး ငှါး၍ သွားကြရ။ ရထားခ ရူပြားငွေ (၉)သိန်း ပေးရ။ လက်မှတ်ခလည်း ထိုမျှလောက်ပင် ပေးရမည်ထင်။ ဘုရားကြီး၌ အနေကဇာတင်ကြ။ သူတို့ဆီက ဓာတ်ပုံဆရာများက လျင်ကြသည်။ ကျွန်ုပ်တို့ ဘုန်းကြီး (၇)ပါးကို ဓာတ်ပုံရိုက်ပြီး ဘုရားမှ အထွက်တွင် လာရောင်းကြ။ ဒကာများက အားနာ၍ (၁၀)ဒေါ်လာပေးပြီး ဝယ်လိုက်ကြ။ မဝယ်လျှင်လည်း သူတို့အဖို့ လွှင့်ပစ်ရမည်သာ။ ဒေသထီးငှါး လူငယ်တယောက်က ကျွန်ုပ်ကို တွဲ၍ ဘုရားအတက်အဆင်း အရောက်ပို့ပေး။ လှေကားထစ်များကလည်း အတော်မြင့်။ (၁၂)လက်မခန့် မြင့်မည်ဟု ထင်ရ။ စေတနာဖြင့် ပို့ပေးသည်ဟု ထင်မိ။ ပြန်ဆင်းလာသည့်အခါ တွဲပို့ပေးသည့် လူငယ်က ရူပြားငွေ (၅)သောင်း ဘောက်ဆူးတောင်း။ တောင်းတောင်းပန်ပန်ဖြင့် (၂) သောင်း ပေးလိုက်ရ။ **မနီနီ**က ကုသိုလ် ပြု။ ဘောရောဗုဓားရှိ ရွာကလေးကို (MANDUT)ဟု ခေါ်။ ညနေတွင် မန်ဒွတ် မန္တာတုဘုရားသို့ သွားရောက်ခဲ့ပြီး ညပိုင်းတွင် မန်ဒွတ်ကျောင်းမှာပင် ညအိပ်။ ကျောင်းမှ အာဂန္တုများအတွက် စောင်၊ ခေါင်းအုံး စသည် အလုံအလောက် ပေး။ စောင်၊ ခေါင်းအုံးများမှာ အဆင့်မြင့်၏။ ဟိုတယ်ထက်ပင် သာသေးသည်။

http://www.dhammadownload.com



နတ်တော်လဆန်း (၁၂) ရက်၊ (၅. ၁၂. ၀၃)။ ။ဂျော့ဂျကာတာမှ နံနက် (၈း၃၀) ကျော် လေယာဉ်ဖြင့် ထွက်ခွါခဲ့ရာ ဆူရာဘားယားသို့ (၉း၃၀) နာရီခန့်တွင် ရောက်။ ဆူရာဘားယားမြို့ ဘုရားကျောင်းများ၌ အနေကဇာတင် ပရိတ်ရွတ်။ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းမှာပင် ဆွမ်းကပ်ကြ။ ဆူရာဘားယားမှ (၃) နာရီကျော် ကားဖြင့် ဆက်လက်ထွက်ခွါခဲ့ရာ မာလန်သို့ (၅) နာရီခန့်တွင် ရောက်။ လမ်းတွင် မိုးရွာနေ။ ည ရွှေတိဂုံဘုရားတည်ရာ အရပ်တွင်လည်း မိုးရွာ။ ဆူရာဘားယားမြို့ကား ဒုတိယမြို့တော်ပင် ဖြစ်။ မြို့တွင်းလမ်း အချို့နေရာ၌ မကောင်းသော်လည်း ယေဘုယျအားဖြင့် ကောင်းသည်ဟု ဆိုနိုင်။ ရေဆိုးမြောင်းများ အမှိုက်သရိုက်များကား ဂျကာတာနှင့် အတူတူပင် ဖြစ်။ ခြင်လည်း ပေါမည်ထင်။ မြို့ပေါ် ညမအိပ်၍ မသိရပါ။

နတ်တော်လဆန်း (၁၃) ရက်၊ (၆. ၁၂. ၀၃)။ ။နံနက် (၇) နာရီတွင် အနေကဇာတင်။ နမော တဿနှင့် အနေကဇာတိ နှစ်ဂါထာ၊ ထုံးစံအတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ် အနု-ပဋိ ယဒါဟဝေ-ဂါထာ စသည်ဖြင့် (၃)ဂါထာဆုံးအောင် အနု-ပဋိနှင့်ချည်း ရွတ်ဖတ်။ ထို့နောက် **တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ (လ) အဇ္ဈုဂ္ဂဟ္တတိ**-ခေါင်းဆောင်က ရွတ်ဖတ်ပြီးမှ ဘုရားဂုဏ်တော် (၉)ပါးရွတ်၊ (၉)ပေ ဘုရားလည်း အနေကဇာတင်၊ ဗောဓိပင်စိုက်၊ ကြာသက်နှင်းကပ်၊ နေ့မာလန်အနီး ကန္ဒီစေတီ နှစ်ဆူသို့ သွားရောက် ဖူးမျှော်။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ပေါင်းစပ်ထားသော ဘုရားဖြစ်ဟန် တူ။ ဟိန္ဒူအငွေ့အသက်က ပို၍ များဟန်တူ။ ည (၆း၃၀)နာရီ နှစ်နိုင်ငံ သံဃာများ မိတ်ဆက်တွေ့ဆုံပွဲ ပြုလုပ်။ မြန်မာပြည်၌ သံဃာ (၄)သိန်းကျော် ရှိပြီး၊ အင်ဒိုနီးရှား၌ (၄၀)ကျော်သာ ရှိသည်ဟု သိရ။

နတ်တော်လဆန်း (၁၄) ရက်၊ (၇. ၁၂. ၀၃)။ ။ဆူရာဘားယားမှ ညနေ (၅) နာရီ ကျော်တွင် ထွက်ခွါခဲ့ရာ ဘာလီသို့ (၆) နာရီခန့်တွင် ရောက်။ ဘာလီက ဆူရာဘားယားထက် ပိုစော၍ (၆)နာရီကျော် မှောင်နေပြီ။ ဟိုတယ် (AREATON)၌ ညအိပ်။ ဟိုတယ်ခ မပေးရဟု သိရှိရ။ ဘာလီဆရာတော်၏ ဒကာဟိုတယ်ဖြစ်၍ မပေးရခြင်းဖြစ်။ တည်းခိုခပေးရလျှင် သက်သာမည် မဟုတ်၊ ဆူရာဘားယား-ဘာလီ လေယာဉ်ခ အသွားအပြန် ဒေါ်လာ (၁၂၀) ဟု သိရ။

နတ်တော်လဆန်း (၁၅) ရက်၊ (၈. ၁၂. ၀၃)။ ။ အရုဏ် ဘာလီဟိုတယ်၌ပင် စား။ ဘူးဖေးဖြစ်သည်။ ကျွန်ုပ်တို့ကိုကား ဒကာ **ဆန်းလွင်**နှင့် **နီနီ**တို့က ယူကပ်။ မြန်မာ အစားအစာနှင့် တူ။ နာနတ်သီးမှာ အလုံးသေး။ နံနက်စာစားပြီး လျှောက်လည်။ ဘာသာကြီး (၅)မျိုး မူစလင်၊ ရိုမင် ကာသိုလိပ်၊ ဗုဒ္ဓဘာသာ၊ ပရိုတက်စတင့်၊ ဟိန္ဒူ (၅)ကျောင်းတန်း ဆောက်လုပ်ထားသော ကျောင်းများသို့ ရောက်။ အခြား ပြည်နယ်များ၌ ဘာသာ မတူသူများ ရန်ဖြစ်ကြသော်လည်း ဘာလီ၌ကား ဘာသာရေး အကြောင်းပြုပြီး လုံးဝရန်မဖြစ်ဟု သိရ။ အတုယူစရာပင်။ **ဂျူလီ**တို့ လိုက်ပို့။ အင်ဒိုနီးရှား ဂျူလိုင်လ (JULI)တွင် မွေး၍ **ဂျူလီ**ဟု မှည့်ခေါ်ကြောင်း သိရ။ ဘာလီကျွန်းကား အတော်လှ၏။ ပူလည်းပူ၏။ ဗိဿနိုးနတ်ရုပ်ကြီး ရှိသောနေရာ၌ နေကို

http://www.dhammadownload.com



မော့မကြည့်ပါနှင့် (Never look at the sun directly)ဟု စာရေးထား။ ဖူးလ်မွန်းဒေး (Full Moon Day) လပြည့်နေ့ဖြစ်၍ ဘာလီသူများ နတ်တင်ကြ။ နတ်ကွန်းထဲသို့ ဝင်လိုလျှင် လူပုဂ္ဂိုလ်များ ဖြစ်ပါက အမှတ်အသား ခါးစည်းကြိုးလေးများ အခမဲ့ပေး။ ယင်းခါးစည်းလေးများ စီး၍ ဝင်ရ။ ဘုန်းကြီးများကိုကား လွတ်လွတ်လပ်လပ်ပင် ဝင်ခွင့်ပေး။ ဘာလီမှ ည (၇)နာရီကျော် လေယာဉ်ဖြင့် ထွက်ခွါခဲ့ရာ (၇း၄၅) နာရီခန့်တွင် ဆူရာဘားယားသို့ ရောက်။ **ကိုမြင့်သိန်း၊ ကိုဝင်းမြင့်** ဇနီးမောင်နှံနှင့် ဆူရာဘားယားမှ ဗုဒ္ဓဘာသာအဖွဲ့ လာကြို။ ဦတမီ (Utami) ဟိုတယ်၌ ညအိပ်။ ဦတမီကား ဥတ္တမဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်။ အဆင့်မြင့်ဟိုတယ်ဟု အဓိပ္ပာယ် ရ။

နတ်တော်လပြည့်ကျော် (၁) ရက်၊ (၉. ၁၂. ၂၀၀၃)။ ။ဦတမီ ဟိုတယ်၌ ညအိပ်၍ ကောင်း။ အခန်းထဲ ရှိသမျှ မီးခလုတ်အားလုံး ပိတ်သော်လည်း ခေါင်းရင်းမီးမှာ မီးငြိမ်းမသွားသဖြင့် အခက်တွေ့ရ။ **ဗန်းမော်ဆရာတော်**က ဟိုတယ် အလုပ်သမားကို ခေါ်ပြီး အငြိမ်းခိုင်းမည်ဟု ပြောသဖြင့် ကျွန်ုပ်က တားရသည်။

“ဦးပဥ္စင်း မခေါ်နဲ့၊ မီးမငြိမ်းတတ်၍ ဟိုတယ်အလုပ်သမားခေါ်ပြီး အငြိမ်းခိုင်းရ ဆိုသည်မှာ ရှက်စရာကြီး၊ မီးအရောင်မထွက်အောင် တပည့်တော် လုပ်မယ်”။

ပါလာသည့် နေရာထိုင်ဖြင့် မီးသီးကို ရစ်ပတ်ထားလိုက်သည်။ အရောင် မထွက်တော့။ ထိုအခါကျမှ အိပ်ကောင်းတော့၏။ နံနက်လင်းသည့်အခါ တံခါးပေါက်နား စိုက်ထားသည့် ဟိုတယ်အခန်းတံခါး သော့တံကို နှုတ်လိုက်၏။ ထိုအခါကျမှ ခေါင်းရင်း မီးသည် ငြိမ်းသွားသည်။ ဩော် မီးသီးခလုတ် သီးခြားမရှိ၊ တံခါးပေါက်သော့နှင့် ဆက်ထားသကိုးဟု သိရတော့၏။ ဟိုတယ်၌ ဆပ်ပြာခဲ ပေး၏။ မျက်နှာသုတ် တဘက် မပေး။ ဟိုတယ်ခ ကျသင့်ငွေကို **ကိုသန်းဝင်း၊ ကိုတင်မိုးလွင်၊ ကိုဝင်းမြင့် + မနှင်းနှင်း**တို့က လှူသည်ဟု သိရ။ (၆)ခန်းကို ယူအက်စ် ဒေါ်လာ (၂၀၀) ပေးရ။ လေယာဉ်ပစ္စည်း တန်ပိုခ ဒေါ်လာ (၈၀)ကိုလည်း သူတို့ကပင် လှူလိုက်သည်ဟု သိရ။ ဆူရာဘားယားမှ (၁)နာရီကျော် လေယာဉ်ဖြင့် ထွက်ခွါခဲ့ရာ စက်ာပူသို့ (၃)နာရီကျော် ရောက်။ စက်ာပူ စံတော်ချိန် (၄) နာရီကျော်။ ဒကာ, ဒကာမများအား ပရိတ် ချီးမြှင့်ပြီး စက်ာပူတွင် ညအိပ်။

နတ်တော် လပြည့်ကျော် (၂) ရက်၊ (၁၀. ၁၂. ၀၃) ။ ။နံနက် စောစော ထပြီး ဘုရားဝတ်ပြု ပဋ္ဌာန်းရွတ်ခြင်းများ ပြုလုပ်။ ထို့နောက် ရှင်ပြုပွဲတက်။ **မောင်အောင်ဆန်းဝင်း**က သူ့အိမ်သို့ ပင့်ချင်သော်လည်း အစီအစဉ် ကြပ်၍ မပင့်ဖြစ်တော့။

နတ်တော် လပြည့်ကျော် (၃) ရက်၊ (၁၁. ၁၂. ၀၃) ။ ။မြို့တွင်းသို့ ကားဖြင့် လည်ပတ်ပြီး ပရိတ်ရွတ်ကြ။ တမြို့လုံးနီးပါး ရောက်။ ဝိသာခါအဖွဲ့မှ နေ့ဆွမ်းကပ်။ နေ့ (၂)နာရီကျော် ရွှေကျောင်းသို့ သွားရောက်ဖူးမျှော်။ စေတီများ ရွှေအစစ် ဖြစ်မည်ထင်။ နောက်ဆောက်မည့် ဘုရားကျောင်းပေါ်၌ ဘုရားခန်းတွင် မြန်မာပြည်တွင် ကြွေပြားစီသကဲ့သို့ ရွှေပြားစီမည်ဟု ပြော။ ထောင်ပြည့် စေတီသဏ္ဌာန် ပြုလုပ်ထားပြီး မိသားစုနာမည်လေးတွေ ကပ်ထား။ မိသားစု

http://www.dhammadownload.com



တသောင်းအထိ ကပ်ထားသည်ဟု ပြောကြ။ ယင်းစေတီမျိုး နှစ်ဆူရှိသည်။ မိသားစု နာမည် ထိုးပေးရသည့်အတွက် ရန်ပုံငွေဟု ပြော။ ညပိုင်းတွင် နာရီဝက်ကျော်ကျော် တရားဟော။

နတ်တော် လပြည့်ကျော် (၄) ရက်၊ (၁၂. ၁၂. ၂၀၀၃) ။နံနက် (၁၀)နာရီကျော်ခန့် စက်ာပူမှ ထွက်ခွါခဲ့ရာ (၁၁း၄၅) နာရီခန့်တွင် ရန်ကုန်မြို့သို့ ရောက်။ နေ့လည် အလိုတော်ပြည့် ကျောင်းတိုက်၌ အိန္ဒိယသာသနာပြု **ဦးစန္ဒြမဏိ ဘာသာ**အကြောင်း ဖတ်ဖြစ်။

ဦးစန္ဒြမဏိဘာသာသည် ၁၂၃၇-ခုနှစ် ကဆုန် လပြည့်ကျော် (၆) ရက်၊ (၂၅. ၅. ၁၈၇၅) နှစ်တွင် မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းရွာ **ဦးကျော်အောင်+ဒေါ်မိဝင်းယေ**တို့မှ မွေးဖွားသည်။ ဒေဝရီယာ ခရိုင်ဝန် နိက္ခမဆာယေ၊ အင်္ဂလိပ်လူမျိုးက မြေရိုင်းဧက ငါးဆယ်ခန့်ကို ဂရမ်ပတ္တာမြေ အဖြစ် ရရှိအောင် ဆောင်ရွက်၍ ကူညီခဲ့သည်။ **ဦးစန္ဒြမဏိ**သည် (၁၂၃၇-၁၃၁၄) (၁၈၇၅-၁၉၅၂) (၉၇) နှစ် (၇၇) ဝါတွင် ပျံလွန်တော်မူခဲ့သည်။ အိန္ဒိယပါလီမန် နှစ်ရပ်မှ ဝမ်းနည်းခြင်း အထိမ်းအမှတ် ပြုခဲ့သည်ဟု သိရသည်။

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

http://www.dhammadownload.com



## စက်ာပူ-မလေးရှား ခရီးသွားမှတ်တမ်း

၁၃၆၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက်။ ၁၇. ၅. ၂၀၀၄။ ။ စက်ာပူ ရွှေကျောင်း ဘုန်းကြီး (မဟာယာန) ပင့်ဆောင်ချက်အရ မကွေးဆရာတော် ဦးဆောင်၍ စက်ာပူသွား၊ နံနက်(၈)နာရီ လေယာဉ်ထွက်၊ စက်ာပူ စံတော်ချိန်(၁၁း၃၀)ရောက်၊ မြန်မာစံတော်ချိန်ဆိုက (၁၀း၃၀)နာရီခန့်သာ၊ ပလာဇာပစ် ရှိုင်ရယ်ဟော်တယ်၌ တည်းခို၊ ယင်းဟော်တယ်၌ အထပ်များစွာရှိရာ ဒုတိယထပ် အခန်းနံပါတ် (၂၆၆)၌ တည်းခိုရ၊ နာဂလှိုင်ဂူ ဆရာတော် **ဦးဇာဂရ**လည်း ကျွန်ုပ်နှင့် တခန်းတည်း တည်းခိုရ၊ အခန်းသော့ကဒ်ပြား ပေးထား၊ ယင်းကဒ်ပြဖြင့် ဓာတ်လှေကား အတက်အဆင်းပြု လုပ်လို့ရ၏၊ မိမိတည်းခိုသည့်အခန်း အပိတ်အဖွင့် အခန်းတွင်းရှိ မီးသီးမီးချောင်းအားလုံး အပိတ်အဖွင့် ပြုလို့ရ၏၊ ဓာတ်လှေကား အသုံးပြုရာ၌ ကျွန်ုပ် တည်းခိုသည့် ဒုတိယထပ်သာ တက်လို့ရ၏၊ အထက်အထပ်များသို့ တက်လို့မရ၊ အခန်းတံခါးအပေါက်ထဲ ထိုးလိုက်လျှင် သော့ပွင့်၏၊ အပေါက်ထဲ ထိုးသော်လည်း မီးစိမ်းမပြလျှင် သော့မပွင့်၊ လုံခြုံရေးအတွက် ယင်းသို့ စီမံထားဟန်ရှိ၏၊ ဟော်တယ်တခုလုံး အဲယားကွန်း ဖွင့်ထား၏၊ ကိုယ့်အခန်းတခုတည်း သီးခြားအဲယားကွန်း အပိတ်အဖွင့်မရ၊ အအေးမကြိုက်လျှင် စောင်ခြုံအိပ်ရုံသာ၊ ဟော်တယ်၌ ပစ္စည်းအစုံ ပေးထား၏၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည် စသည်။

၁၃၆၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅)ရက်။ ၁၈. ၅. ၂၀၀၄။ ။မလေးရှားဗီဇာ ရနိုင်ရန် သံရုံးသွား၊ ပုံစံဖြည့်တင်၏၊ လေယာဉ်လက်မှတ် မပါသဖြင့် ပုံစံကိုပင် လက်မခံလိုက် သံဃာအဖွဲ့အားလုံး ဟော်တယ်မှ အပြင်ထွက်သွား ကြသည်။ မကွေး ဆရာတော် တပါးတည်း ဟော်တယ်၌ ကျန်ရစ်၊ **မကွေးဆရာတော်**ကို ကမကထပြုပြီး နေ့ဆွမ်းကပ်မည့်သူပင် မရှိ၊ ဆရာတော်က ကျွန်ုပ်နှင့်အတူပါသည့် **မောင်သီဟ**ထံ ယင်းအကြောင်း ဖုန်းဆက်လိုက်၏၊ **မောင်သီဟ**က ကျွန်ုပ်ကို အကြောင်းစုံ ပြောပြသဖြင့် "မကွေးဆရာတော်ကို တို့လာပင့်မည်" ဖြစ်ကြောင်း ဖုန်းဆက်ခိုင်းလိုက်ရ၏၊ မကွေးဆရာတော်ကို ပင့်ပြီး **ဦးရာဇိန်**ကျောင်း တွင် ဆွမ်းကပ်လိုက်ရ၏၊ တက္ကစီကား ပေါသဖြင့် အချိန်မီပင် ဆွမ်းကပ်နိုင်ပါသည်။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း (၁)ရက်။ ၁၉. ၅. ၂၀၀၄။ ။ဓါတ်တော်အံတော်ပြပွဲ နံနက်ပိုင်းတက်၊ ပြပွဲအပြန်မှ လေယာဉ်လက်မှတ် ကျွန်ုပ်လက်ထဲ ရောက်၊ **ဦးစံမောင်**မှ ထုတ်ပေး၊ အချိန်မရတော့၍ သံရုံး သွားမတင်ဖြစ်။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၂ )ရက်။ ၂၀. ၅. ၂၀၀၄။ ။ယနေ့ **မောင်သီဟ**နှင့် **မောင်ဇနိန်**တို့ သွား၍ မလေးရှားသံရုံး ဗီဇာတင်၏၊ ကိုယ်တိုင် မလိုက်သော်လည်း လေယာဉ် လက်မှတ် ပြနိုင်သဖြင့် အဆင်ပြေလာခဲ့သည်၊ အဆင်ပြေ-ဟူသည် တိုကင်နံပါတ် ပေးလိုက်ခြင်းကို

http://www.dhammadownload.com



ဆိုလို၏၊ တိုကင်နံပါတ် ပေးလိုက်လျှင် ရဘို့သေချာသည်ဟု ပြောကြ၏၊ တနင်္လာနေ့မှသာ သေချာသိရမည်။

၁၃၆၆-ခုနှစ်နယုန်လဆန်း(၃)ရက်။ ၂၀. ၅. ၂၀၀၄။ ။**မကွေးဆရာတော်**တို့အဖွဲ့က ပြန်ကြမည်။ ကျွန်ုပ်ကမူ မလေးရှား သွားမည် ဖြစ်သဖြင့် ယမန်နေ့ (၂၀)ရက်ကပင် ဟော်တယ်မှ ထွက်ခဲ့၊ ဘားလက်စတီးယားလမ်း **ဦးရာဇိန်**တို့ကျောင်း၌ တည်းခို၊ ဘယ်မှ သွားရန် မရှိသဖြင့် **ဦးရွှေအောင်**ရေးသည့် ထေရဝါဒအုပ်မြစ်စာအုပ်ကို ဖတ်နေမိ၏၊ ယင်းစာအုပ်မှ အောက်ပါ အချက်များ သိရသည်။

၁၉၆၂ခု လူသာရင်ကွန်ဖရင့်၌ တင်သွင်းသော ဘာသာရေးစာရင်းဇယား အရ

၁။ ခရစ်ယာန် (၈၅၀)သန်း

၂။ ကွန်မြူနစ် (၃၃၇)သန်း

၃။ အစ္စလာမ် (၃၅၀) သန်း

၄။ ဟိန္ဒူ (၃၂၅) သန်း

၅။ ဗုဒ္ဓဘာသာ (၁၅၀) သန်း

၆။ တာအို (၅၀) သန်း

၇။ ရှင်တို (၃၄) သန်း

၈။ နတ်ကိုးကွယ် (၁၃၀) သန်း

၉။ အခြား (၅၄၃) သန်း ဟု သိရ၊ (ဦးရွှေအောင်၊ ထေရဝါဒအုပ်မြစ်၊ စာမျက်နှာ-၂၉၁-၂၉၂)

ဘုရားရှင်၏သာသနာသည် အိန္ဒိယ၌ ဘီစီ(၆)ရာစုမှ စ၊ အေဒီ-(၁၂)ရာစု၌ ကွယ်၊ အကြမ်းဖြင်းအားဖြင့် နှစ်ပေါင်း ၁၈၀၀ခန့်သာလျှင် ယင်းဌာန၌ ရပ်တည်နိုင်၏၊

အချို့ သမိုင်းဆရာ များက ပြဟ္မဏဝါဒက ဝါးမျိုပြီး တန္တရယာနနှင့် ရောနှောသွားသော ကြောင့် ဗုဒ္ဓဘာသာ ကွယ်ပျောက်ဟု ဆို၊

အချို့က အေဒီ(၈)ရာစုတွင် ပြဟ္မဏပညာရှင် ရှန်ကရ၏ ထိုးနှက်ချက်ကြောင့် ကွယ်ပျောက် သွားရဟု ဆို၊

အချို့က အစ္စလာမ်များ၏ ဖိနှိပ်မှုကြောင့် ဆို၊ (ယင်းနှာ ၂၉၄-၂၉၅)

ဥုံမဏိ ပဒ္မေ ဟုံ၊ ဥုံ-သစ္စာတရား၊ မဏိ-အဖိုဓါတ်၊ ပဒ္မေ-အမဓါတ်၊ ဟုံ-ဖိုမဓါတ် ပေါင်းလျှင် ဗောဓိဉာဏ်အလင်းရောင် ဖြစ်ပေါ်လာ။ (ယင်း ၂၉၇)

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၄ )ရက်။ ၂၂. ၅. ၂၀၀၄။ ။သဗ္ဗေ ဟိ တေ (ပါသံ့ဍာ) သံယမံ စ-ဘာဝသုဒ္ဓိံ စ ဣစ္ဆန္တိ (ဣစ္ဆန္တိ)။

ဟိ-မှန်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ တေ (ပါသံ့ဍာ)-ထိုကိုးကွယ်ယုံကြည်မှု ဆိုင်ရာ အယူဝါဒ ဟူသမျှတို့သည်၊ သံယမံ စ- မကောင်းမှု မပြုမိရန် စောင့်စည်းခြင်းကိုရင်း၊ ဘာဝသုဒ္ဓိံ

http://www.dhammadownload.com



စ- ဘဝ၏ စင်ကြယ်ခြင်းကိုင၄်း၊ ဣဆံတိ-အလိုရှိကြကုန်၏၊ (ရှင်အာဒိစ္စဝံသ အာသောက ကျောက်စာ၊ နှာ-၅၂။ (ယင်း) ၃၀၉၊

အနုဋီကာ (၁။ ၁) ဥဋ္ဌာရဗ္ဘာသယာနံ နိသမ္မကာရီနံ ပယောဂသမ္ပတ္တိ နာမ မနာပါယေဝ ဟောတိ -

၁။ ဥဋ္ဌာရဗ္ဘာသယ- မြင့်မြတ်တဲ့ စိတ်နေစိတ်ထားလဲ ရှိမယ်

၂။ နိသမ္မကာရီ- စဉ်းစဉ်းစားစားလဲ လုပ်တတ်မယ်

၃။ ပယောဂသမ္ပတ္တိ- လုပ်ပုံကိုင်ပုံလည်း မှန်ကန်မယ်-ဆိုရင် အဲဒီလိုပုဂ္ဂိုလ်မျိုး စံပြ ခေါင်းဆောင်ကောင်းဘဲ ဖြစ်ပါတယ်။

[ ဥဋ္ဌာရဗ္ဘာသယာနံ နိသမ္မကာရီနံ ဓီရာနံ ဥတ္တမပုရိသာနံ သီလံ ဝိယ သမာဓိပညာပိ ပရေသံ ဟိတာသုခါဝဟာဝ သမ္ပဇ္ဇန္တိ။ (မ-ဋီ-၁။၂၉၃)
ဥဋ္ဌာရဗ္ဘာသယာနံ နိသမ္မကာရီနံ ပဋိပတ္တိ ပရေသံ ဝိဝိဓဟိတာသုခနိပ္ဖါဒနပ္ပယောဇနာ။ (အနုဋီ-၁။ ၁) ]

သော- ဤသို့ အသုံးမကျမှုသည်၊ ပုရိသဂရယှာ- အသုံးမချတတ်သူ၏ အပြစ်သာတည်း၊ န သတ္တဂရယှာ။ ကျမ်းစာဝါဒ၏ အပြစ်မဟုတ်။ (ယင်း-၃၂၀)

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၅ )ရက်။ ၂၃. ၅. ၂၀၀၄။ ။ဘာမှ မလုပ်ဖြစ်၊ ည မာတုပေါသထသုတ္တန်ဟော၊ ဗမာပြည် ၂-ညဟောရသည့် တရားကို ၁ နာရီနှင့် ပြီးအောင် အကျဉ်းခြုံး ဟောရ။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၆ )ရက်။ ၂၄. ၅. ၂၀၀၄။ ။ ယနေ့ ဗမာပြည် သက်ဆိုင်ရာ မိဘများထံ ငွေပို့သူ အတော်များကြောင်း ငွေကြေး ဖလှယ်သည့် လုပ်ငန်းရှင်တဦးက လာလျှောက်၊

(၂း၃၀)နာရီ မလေးရှားသံရုံးမှ ပတ်စ်ပို့ယူပြီး မလေးရှားကားနှင့် တန်းထွက်၊ လမ်း တလျှောက် ဆီအုန်းပင်များ ဝဲ-ယာ စိုက်ပျိုးထား၊ မြက်များကအစ ပြုပြင်တည်းဖြတ်ထားသည်ကို တွေ့ရ၊ **မစ္စတာလင်း**က သူ့ကားနှင့် လိုက်ပို့ခြင်း ဖြစ်သည်။

စင်္ကာပူမှ မလေးရှားမြို့တော် ကွာလာလမ်ပူအထိ ကီလိုမီတာ(၃၅၀)ခန့် ၃ နာရီကျော်သာ ကားမောင်းရသည်။ အသွား ၃ လမ်း၊ အပြန် ၃ လမ်း ၆ လမ်းသွား ဖြစ်၏၊ ည ပရိုက်ဗိတ်တက္ကစီနှင့် တွင်တာဝါ(အမွှာညီနောင်)မျှော်စဉ် သွားကြည့်၊ မီးရောင်နှင့် ကြည့်လှပါ၏။ ချမ်းမြေ့ရိပ်သာတည်းခို ကျောင်းသို့ ည ၁၁ နာရီကျော်မှ ပြန်ရောက်။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၇ )ရက်။ ၂၅. ၅. ၂၀၀၄။ ။ မလက္ကာမြို့ သွား၊ **မောင်အေးမြင့် (နီနီမိတ်ဆွေ)**ကားမောင်းပို့၊ စင်္ကာပူမှ မလေးသို့ လာစဉ် လမ်းဖွဲ့ ဝင်ကလည်း ဖြစ်နိုင်၏၊ ကွာလာလမ်ပူမှ စင်္ကာပူဘက် ပြန်မောင်းရခြင်း ဖြစ်သည်ဟု ဆိုလို၏၊

http://www.dhammadownload.com



ပေါ်တူဂီရှေးဟောင်းသင်္ဘောကြီးနား ဓာတ်ပုံရိုက်၊ ပင်လယ်တွင်း မော်တော်ဘုတ်ကလေးများဖြင့် လျှောက်စီးသည်ကိုလည်း တွေ့ရ ရှေးဟောင်းပြတိုက်တခုလည်း ဝင်ကြည့်ခဲ့သည်။ ၅-ရင်းဂစ် ပေးရသည်။ အခြား ရှေးဟောင်းပြတိုက်များနှင့် မထူးလှပါ။ ပစ္စည်းလဲ သိပ်မစုံပါ။ ကျောက်ခေတ်လက်နက်ဆိုလျှင် ကျွန်ုပ်တို့ဗမာပြည် ဘယ်ချောင်းထဲ သွားကောက်ကောက် ရနိုင်သည့် ကျောက်လက်နက်မျိုးကို ပြထား၏၊ သံခေတ်လက်နက် ဆိုလျှင်လည်း ဘယ်အမှိုက်ပုံ သွားကောက်ကောက် ရနိုင်သည့် ဓားမတိုဟောင်း ဓားမျှောင်ဟောင်းများ ပြထား၏၊ နိုင်ငံတိုင်းရှိ ရှေးဟောင်းပြတိုက်မှန်သမျှ ဒီအတိုင်းပင် ဖြစ်ပါသည်။ အိန္ဒိယ ကာလကတ္တား ပြတိုက်၌သာ မြွေကဲ့သို့ လိမ်ကောက်နေသည့် နှစ်ဖက်သွား ထူးဆန်းဓားများ တွေ့ရသည်။

အပြန် ကွာလာလမ်ပူ ဆင်ခြေဖုံးရပ်ကွက်မှ လှည့်ကားမောင်း၊ ဆင်ခြေဖုံးရပ်ကွက်အိမ်များကား ဗမာပြည်ဆင်ခြေဖုံး ရပ်ကွက်အိမ်များကဲ့သို့ နင်လားငါလား စုတ်ချာလှပါသည်။ သန့်ရှင်းသပ်ရပ်မှု မရှိ။ တောရွာ အိမ်များလောက်ပင် မသပ်ရပ်။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၈ )ရက်။ ၂၆. ၅. ၂၀၀၄။ ။ **ဦးရာဇိန်** ပိုင်သည့် တောကျောင်းလေး သွား၊ လမ်းတွေ့သည့် တောရွာကလေးများကား အဆင့်အတန်း မြင့်လှပါသည်။ အချို့နေရာ၌ လမ်းဘေးဝဲ-ယာ ကရင်ပြည်နယ် ဒေါနတောင်တန်းနှင့် တူလှ၏၊ လမ်းများကား တောင်ကြားဖြစ်စေကာမူ ကောင်းလှ၏၊ တောကျောင်းကလေးကား ဘယ်ရွာနှင့်မှ မနီးသော တကယ့်တောရသည့် ကျောင်းကလေး ဖြစ်သည်။

အပြန် တလမ်းလုံးလောက်နီးနီး မိုးအကြီးအကျယ် ရွာသည်။ ရောက်ခါနီး မိုင်အနည်းငယ်အလိုမှ မိုးလုံးဝ စဲသွား၏၊ ည **ဒေါက်တာရေဝတ** ပျံတော်မူကြောင်းသတင်း ကြားရ၊ ဘီဘီစီမှ ဘာရောဂါနှင့် ပျံတော်မူကြောင်း မကြေငြာ၊ ကဆုန်လပြည့် ဗုဒ္ဓနေ့က နောက်ဆုံးဩဝါဒ ပေးသေးကြောင်း ကြေငြာ၏။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၉ )ရက်။ ၂၇. ၅. ၂၀၀၄။ ။ ဝန်ကြီးချုပ်အိမ်စသည်, ဝန်ကြီးများရုံး အသစ် စသည်သို့ လှည့်လည်ကြည့်ရှု၊ သူတို့ဆီ၌ ဝန်ကြီးချုပ်အိမ်သို့ လွယ်လွယ်ကူကူ ဝင်ခွင့်ပြု၏၊ ပိုလာရိုက် ကင်မရာနှင့် အမှတ်တရဓာတ်ပုံလည်း ရိုက်ပေး၏၊ ဓာတ်ပုံကိုကား ရင်းဂစ်ငွေနှင့် ရွေးရသည်။ ရင်းဂစ် ၁၀ လောက် ပေးရသည် ထင်၏၊ ဝန်ကြီးချုပ်အိမ်အတွင်း၌ ထမင်းစားခန်း၊ ဧည့်သည် လက်ခံတွေ့ဆုံသည့်အခန်း စသည် စာရေးပြထား၏၊ ဘုရားဝတ်ပြုသည့် အခန်းပင် ပါလိုက်သေးသည်။

ညနေ ၄ နာရီ ပီနန်နှင့် ကွာလာလမ်ပူအကြားရှိ အီပို့(IPOH) မြို့ကလေးသို့ ထွက်၊ တလမ်းလုံး ဆီအုန်းနှင့် ရာဘာခြံများ တွေ့ရ၏၊ ဝဲယာ ကျောက်တောင်များလည်း တွေ့ရ၊ လမ်းကားကောင်းလည်း ကောင်း၏၊ လှလည်း လှ၏၊ ၆ နာရီကျော်ခန့် အီပို့ရောက်၊ ည အီပို့မြို့ထဲ လျှောက်လည်၊ **ဝါဝါ**တို့ ဇနီးမောင်နှံ လိုက်ပို့၊ Hill City ဟီးလ်စီးတီး ဟော်တယ်၌ တည်းခို။ တခန်း မလေးရင်းဂစ်ငွေ ၁၃၀-ခန့်သာ ပေးရ။

http://www.dhammadownload.com



၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၁၀ )ရက်။ ၂၈. ၅. ၂၀၀၄။ ။ နံနက်စာ ဟိုတယ်၌ စား၊ အီပို့မြို့တွင် တောင်ခြေလှိုင်ဂူများကား ဆဒ္ဒန်ဂူ, ပင်းတယဂူတို့နှင့် တူ၊ တောရွာကလေးများ လှေ့လာ၊ တောရွာသို့ သွားသော လမ်းများလည်း ကောင်းလှ၏၊ တောရွာ၌ တထပ်အိမ်ကလေးများသာ အများအားဖြင့် တွေ့ရ၊ တောရွာဖြစ်သော်လည်း မီး, တယ်လီဖုံး-စသည်ဖြင့် ပြည့်စုံ၊ **ဝါဝါ**တို့ အိမ်၌ ဆွမ်းစား၊ လပ်စဘေကာ (အမေရိကန်) တွေ့ခဲ့ရသည့် ဆရာဝန်ကတော်နှင့် ဆုံနေ၊ သူက မှတ်မိ၏၊

နေ့ (၁း၄၅)နာရီတွင် အီပို့မှ ထွက်၊ ညနေ (၃း၄၅)နာရီခန့် ပီနံရောက်၊ လမ်းဘေးဝဲယာ ဆီအုန်းခြံ အတွေ့ရ၊ မြန်မာပြည် ဂုတ်တွင်းလို နေရာမျိုးလည်း တွေ့ရ၊ တောင်ကြားဖြစ်သော်လည်း လမ်းကား ကောင်းလှ၏၊ ပီနံ **ဦးယုဇန**ကျောင်း၌ တည်းခို၊ နောက်ပြီး မကြာမီ **ဒေါ်ဖူး**တို့က ပီနံရေပေးသည့် တောင်ပေါ်ဆည်တခု လိုက်ပြ၊ စမ်းရေကို အမိက အားကိုး၍ တည်ထားသည့် ဆည် ဖြစ်ဟန်ရှိ။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၁၁ )ရက်။ ၂၉. ၅. ၂၀၀၄။ ။ နံနက် ဆွမ်းစားပြီး နှစ် ၂၀၀-ကျော်နေပြီဟု ဆိုသော မြန်မာကျောင်းကြီး သွားကြည့်၊ အဆောက်အဦးအဟောင်း မရှိတော့ပါ။ ပြင်ဆင်ထားသည့် အသစ်များသာ ဖြစ်သည်၊ ကျောင်းရှိ **ဦးခေမာ**-က လိုက်ပြ၊ ယိုးဒယားကျောင်းသို့လည်း လေ့လာ၊ အရိုးပြာများ သိမ်းထားသည်ကို တွေ့ရ၊ ကျောင်းနှစ်ကျောင်းမှာ လမ်းသာ ခြား၏၊ ယိုးဒယားကျောင်း မြေနေရာကိုပင် မြန်မာ ကျောင်းကြီးက ပိုင်သည်ဟု ဆို၏၊ ပင်လယ်ကမ်းခြေလည်း ရောက်၊ **မစ္စတာ ဖူးလ်** ဇနီးမောင်နှံ လိုက်ပို့၊ နေ့လည် (၄း၀၀)နာရီ ကွမ်ရင်မယ်တော် ရုပ်ထုရှိသည့် တောင်လည်း သွားလေ့လာ၊ ရုပ်တုကား ကြီးလှ၏၊ ယင်းအောက် နိမ့်သော နေရာ၌ တရုပ်ဘုံကျောင်း စေတီများကို လေ့လာ၊ ပုဂံ သဗ္ဗညု ဂေါတော့ပလ္လင် စေတီများကို အတုယူ၍ တည်ထားသော စေတီဖြစ်၊ အတွင်းမှ အထက်ဘုံဆင့်အထိ တက်လို့ရသည်၊

မြန်မာကျောင်းကြီး, ယိုးဒယားကျောင်း, တရုပ်ဘုံကျောင်းတို့၌ တောင်းစားသူများ တွေ့ရ၊ မလေးရှား ထေရဝါဒ ဘုန်းကြီးကျောင်းလည်း ရောက်၊ မဟာစည်ရိပ်သာ တရားအားထုတ်ခဲ့ဘူးသူ ဖြစ်၍ ထေရဝါဒ ရဟန်းစစ်စစ် ဖြစ်သည်၊ မဟာယာနကို သူ မနှစ်သက်ကြောင်းလည်း ပြော၊ သူ့ကိုယ်သူ ပြူးယားဗုဒ္ဓဇင်း-ဟု ပြော၊

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၁၂ )ရက်။ ၃၀. ၅. ၂၀၀၄။ ။ နံနက် အာရုံစားပြီး မလေးရှား တောကျောင်းနှစ်ကျောင်းသို့ လေ့လာ၊ ဘုန်းကြီး မတွေ့ခဲ့၊ ကိုရင်တပါးသာ ရှိ၊ ကျောင်းဝန်းကျင်၌ ဒူးရင်းခြံများ ရှိ၊ ပြွတ်ခဲနေအောင် သီး၊ ဒီအချိန်၌ ဒူးရင်းသီး ရှားပါးချိန် အရသာမကောင်း-ဟု ပြော၊ တလုံး ရင်းဂစ် (၃၀)ခန့် ရောင်းသည်ဟု သိ၊ မြန်မာငွေ (၇၅၀၀)ခန့်၊ နောက်တကျောင်းကား ဘုန်းကြီးမရှိ၊ ပျံလွန်တော်မူသည်မှာ (၁၀)ရက်ခန့်သာ ရှိသေးဟု သိရ၊

ဒူးရင်းသီး ပေါချိန်၌ တလုံး ရင်းဂစ် (၁)လောက်ဆိုလျှင် ရ၊ နေ့ ပီနံတကျွန်းလုံး တောရွာများပါမကျန် ကားနှင့် လျှောက်သွား၊ ပင်လယ် ဘီချ် အမျိုးမျိုးသို့ ရောက်၊ အသစ်ဆောက်

http://www.dhammadownload.com



ထားသည့် ဆည်ကြီးသို့လည်း ရောက်၊ တောရွာအိမ်များ ခြေတံရှည် လေးများသာတွေ့ရ၊ ပင်လယ်ကမ်းခြေမှ ကားမောင်းသဖြင့် လေကောင်း လေသန့်လည်း ရ၊ BUKIT GENYING HILLသို့လည်း ရောက်၊ လိပ်ပြာ ကင်းမြီးကောက် ကင်းပုဇွန် ကင်းခြေများ မြွေအမျိုးမျိုး ပြခန်းသို့လည်း ရောက်၊ ယင်းပြခန်း ဝင်ကြေး အသက် ၅၀-ကျော် လူကြီးနှင့် ကလေးများ (၅)ရင်းဂစ်၊ လူလတ်ပိုင်း (၁၀)ရင်းဂစ် ပေးရ၊ ရှေးဟောင်း ပစ္စည်းဆိုင်လည်း ပူးတွဲ ဖွင့်ထား၊ ဗမာပြည် ရေလမ်းမှ လာဟန်တူသော ရှေးဟောင်းပစ္စည်းများ တွေ့ရ၊ ဆိုင်းဝိုင်းကြီးများ ပဥ္စရူပရုပ်များလည်း ရှိ၊ ဘုရားဆင်းတု အမျိုးမျိုးလည်း ရှိ။ ကျွန်ုပ်တို့ မြန်မာပြည်၌ ပေါများသည့် အဟောင်းမျိုးချည်း ပြထားသဖြင့် ထိုပြတိုက်မျိုး ကြည့်ရန် မလိုပါ။

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၁၃ )ရက်။ ၃၁. ၅. ၂၀၀၄။ ။ နေ့ဆွမ်း ပီနံ တံတားကြီး ဟိုဘက်သို့ ပြန်စား၊ ဘုန်းကြီးကျောင်းတခုလည်း လေ့လာ၊ အပြန်သင်္ဘောဖြင့် ပီနံ ပြန်ဝင်၊ သင်္ဘောဆိပ် နေရာအနှံ့ လိုက်ပြကြ၊ ညနေ စစ်သမိုင်းပြတိုက် သွားကြည့်၊ ဂျပန်ခေတ် မြန်မာ-ယိုးဒယား မီးရထားလမ်းပုံနှင့် အတူ ယင်းလမ်း ဖေါက်လုပ်စဉ် လူ (၁၅၀၀၀) သေဆုံးကြောင်း ရေးထားသည်၊

အပြန် ၅၉-ထပ် ဟော်တယ် တတိယထပ်၌ မြို့ရှုခင်း ကြည့်၊ စစ်သမိုင်းပြတိုက် ဝင်ကြေး (၁၀)ရင်းဂစ်၊ ကြည့်ရှုလေ့လာသူ သိပ်မရှိ၊၂၀၀၃-ခုနှစ်ကမှ ဖွင့်သဖြင့် လူသိနည်းဟန် တူ၊

၁၃၆၆-ခုနှစ်၊ နယုန်လဆန်း( ၁၄ )ရက်။ ၁. ၆. ၂၀၀၄။ ။အကြီးဆုံး ရုက္ခဗေဒ ဥယျာဉ်သို့ သွားကြည့်၊ ပန်းအလှပြပွဲလည်း ယင်းဥယျာဉ်၌ ပြုလုပ်နေ၊ တနှစ်မှ တခါသာ ပန်းအလှပြပွဲ ကျင်းပသည်ဟု သိရ၊ ပတ်ဝန်းကျင်က တော၊ လမ်းက မြို့၊ တောင်ကျစမ်းချောင်းလေးများကလည်း တသွင်သွင် စီးဆင်းနေ။ နေရစ်တော့ မလေးရှား၊ နေရစ်တော့ ပီနံ၊

ပီနံကျွန်းကိုကား **မစ္စတာ ဖူးလ်**တို့ ဇနီးမောင်နှံ လိုက်ပို့သဖြင့် တကျွန်းလုံးလောက် နီးနီး ရောက်သည်၊ ပီနံမြို့ပေါ်၌ လမ်းဘေးဝဲယာ သိပ်မသန့်ရှင်းလှ၊ klမှ လမ်းဘေးဝဲယာ , စင်္ကာပူမှ klအထိ လမ်းဘေးဝဲယာကား လှပနေအောင် ပြုပြင်ထား၏၊ သူ့အပိုင်းနှင့် သူ တာဝန်ယူ ပြုပြင်နေကြဟန် တူသည်၊ မြက်များကိုပင် ညီနေအောင် မြက်ဖြတ်စက်ဖြင့် တိထား၏၊ ပီနံ ကျွန်ုပ်တို့ တည်းခိုသော ကျောင်း၌ ခြင်အနည်းငယ် ရှိ၊ အိမ်မြှောင် ပင့်ကူအိမ်များလည်း တွေ့ရ၊ ခြင်ထောင် ထောင်အိပ်ရလောက်အောင် မပေါလှပါ၊ ပီနံလေဆိပ်မှ ၆း၅ နာရီ ထွက်၊ စင်္ကာပူ ၇း၂၅ နာရီ ရောက်။

၁၃၆၆-ခုနှစ်၊ နယုန်လပြည့်။ ၂-၆-၂၀၀၄။
ကဆုန်လပြည့် ဗုဒ္ဓနေ့ ကျင်းပကြ၊
ကျွန်ုပ်တို့နိုင်ငံထက် တလနောက်ကျမှ ဗုဒ္ဓနေ့ ကျင်းပခြင်း ဖြစ်၊

http://www.dhammadownload.com



ည ရှဋ္ဌပါလသံဝေဂ သုတ္တန် ဟော၊

၁၃၆၆-ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်၊ ၃-၆-၂၀၀၄။

RELIGION IS LAME WITHOUT SCIENCE AND SCIENCE IS BLIND WITHOUT RELIGION.

၁၃၆၆-ခုနှစ်၊ နယုန်လပြည့်ကျော် (၂)ရက် ။ ၄. ၆. ၂၀၀၄

စက်ဘပူမှ နေ့ (၂း၃၀) ထွက်၊ ရန်ကုန် ၃း၀၀နာရီခန့် ရောက်၊ **ဗိုလ်မှူးစိုးလင်း** လာကြို။

http://www.dhammadownload.com



## အိန္ဒိယခရီးစဉ်

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၂)ရက်၊ ၂၆-၁-၂၀၀၅။

အိန္ဒိယနယူးဒေလီ သွားရန် မန်းမှ ရန်ကုန်အဲယာဝေးဖြင့် ညနေ(၅)နာရီ ထွက်၊ (၇)နာရီမထိုးမီ ရန်ကုန်ရောက်၊ **သုစိတ္တ, ပညိန္ဒ**တို့ လာကြို၊ ဆရာကြီး **ဦးဂိုအင်ကာ** အဖွဲ့မှလည်း **ကိုမြင့်သိန်း** လာကြို။

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၃)ရက်၊ ၂၇-၁-၂၀၀၅။

ဆရာကြီး **ဦးဂိုအင်ကာ**က သူ့အိမ် ဆွမ်းစားပင့်၍ မွန်ဘိုင်း(ဘုံဘေ)မြို့၌ တည်နေသည့် ရွှေတိဂုံပုံတူ ဘုရားကြီး ဩဝါဒါစရိယ ဆရာတော်အဖြစ် လက်ခံရန် လျှောက်ထား၊ **ရဲမင်းကြီးဟောင်း ဦးဥက္ကါ**နှင့် **ဒုဝန်ကြီးဟောင်း ဦးကြည်ညွန့်**တို့လည်း လာ၊ ဓာတု, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ စေတီလေးမျိုး စုံသော စေတီကြီးဖြစ်ရန် အကြံပြု၊ ပြီးလျှင် အိန္ဒိယအမျိုးသားပြတိုက်မှာ ထားသည့် ဘုရားဓာတ်တော်များ စေတီကြီး၌ အမြဲအပူဇော် ခံထားရန် ရည်ရွယ်သည်ဟု လျှောက်ထား၊

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၄)ရက်၊ ၂၈-၁-၂၀၀၅။

ကပိလဝတ္ထုသည် ယခု (padaria) ပါဒရီးယားရွာ၌ တည်၏၊ ဘုရားရှင် လက်ထက်က ကောသလတိုင်း၏ လက်အောက်ခံ၊ ၁၈၅၇-ခုနှစ်မှ စ၍ ဗြိတိသျှအစိုးရက လက်ဆောင်ပေးသဖြင့် နီပေါအစိုးရပိုင် ဖြစ်၊ ကပိလဝတ္ထု မြို့ဟောင်းရာအနီး ပါပရာဝါ စေတီတော်မှ ၁၈၉၈-ခုနှစ်က ဘုရားဓာတ်တော်များ တွေ့ရှိ၊ ယခု ကာလကတ္တားပြတိုက်မှာ ပြထား၊ ကပိလဝတ္ထုသို့ 0-t မီးရထားလမ်းပေါ်ရှိ ဆဟာရဂန်ဂျ် (saharatgan j ) ဘူတာမှ သွားနိုင်၊ နီပေါနယ်ခြားထိ ကျောက်လမ်းရှိ၊ နီပေါနယ်ဘက်၌ မြေလမ်းရှိ၊ (tawliwa) တောလီဝါမြို့ကလေးထိ ပေါက်၊ ထိုမြို့ကလေးကား ကပိလဝတ္ထုနှင့် တမိုင်မျှသာ ဝေး၏၊ AD ၃၉၉ မှ ၄၁၄-တိုင် ၁၅-နှစ်တိတိ အိန္ဒိယပြည် ဘုရားဖူး သွားခဲ့သော **ဖာဟီယန်**က သူရောက်စဉ်က ကပိလဝတ္ထု၌ ဆယ်အိမ်မျှသာ ရှိဟု ဆို၊ **ဖာဟီယန်**နောက် ၂၁၅ နှစ်အကြာ AD ၆၂၉ မှ ၆၄၅ ထိ ၁၆-နှစ်တိုင် ရဟန်းတော် **အရှင်ဟူယင်စံ** လှည့်လည် လေ့လာခဲ့၏၊ မှတ်တမ်း ရေးခဲ့၏။

**ဖာဟီယန်**မှတ်တမ်း၌ ဗောဓိပင်ကို အသောကမင်းကြီး၏ မိဖုရားက ခုတ်လှဲသည် ဟူ၏၊ မင်းကြီးက ဗောဓိပင် ပြန်မပေါက်မချင်း ဤနေရာမှ မထ-ဟု သစ္စာပြုသဖြင့် ပြန်ပေါက်လာဟု ဆို၊

အိန္ဒိယသမိုင်း၌ကား ဘင်္ဂါပြည့်ရှင် **ဟိန္ဒူဘုရင် သသက်**သည် ဗောဓိပင်ကို ခုတ်လှဲဟု ဆို၊ ဣသိပတနမိဂဒါယ (sar nath) ဆာနသ်၌ ပဥ္စဝဂ္ဂီငါးဦး **ယသ**-သတို့သားနှင့် သူ့မိတ်ဆွေ ၅၄-ဦး ပေါင်း (၆၀) ရဟန္တာဖြစ်ကြ၊ ဆာရင်နာထမှ ဆာနတ် ဖြစ်လာဟန် ရှိ၊ သားသမင်တို့ကို ဘေးမဲ့ပေးရာ ဌာန။

http://www.dhammadownload.com



ကုသိနာရုံ ယခု အခေါ် မောထကူနိဝါး ( m0tha kunwa ) မရတကုမာရ (mrta kumara) သေသော မင်းသားဟု အဓိပ္ပါယ်ရ၊

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၅)ရက်၊ ၂၉-၁-၂၀၀၅။

**ရွှေမန်းတင်မောင်** ၁၂၈၀-ပြည့် ဖွား၊ ၁၃၃၁-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက် (၃၀-၁၁-၆၉)နေ့ ကွယ်လွန်၊ (၅၁)နှစ်သာ။

နိဘယ်ဆု လျှုဒါန်းသူ **အဲလဖရက်နိုဗဲ** (၁၈၃၃-၁၈၉၆) ၁၂လပိုင်း (၁၀) အီတလီ၌ ကွယ်လွန်၊ (၆၃)နှစ်သာ။

**နိုက်တင်ဂေး ဖလောရင့်** (၁၈၂၀-၁၉၁၀) ကရိုင်းမီးယား စစ်ပွဲ၌ ထူးချွန်စွာ သူနာပြု၊ ဖလောရင့်ကား အီတလီမှ မြို့တစ်မြို့၏အမည်၊ နိုက်တင်ဂေးကား လူအမည်၊

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၆)ရက်၊ ၃၀-၁-၂၀၀၅။

စာပင် မကြည့်ဖြစ်၊ တပည့်များနှင့် ရှေးဟောင်းနှောင်းဖြစ် ပြောနေသည်နှင့် အချိန်ကုန်။

၁၃၆၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၇)ရက်၊ ၃၁-၁-၂၀၀၅။

ရန်ကုန်မှ (၃) နာရီခန့်၌ လေယာဉ်ထွက်၊ နယူးဒေလီ (၆)နာရီကျော်ခန့် ရောက်၊ ပျံသန်းချိန် (၃း၃၅)ခန့်၊ လာကြိုသူ ကားကြပ်နေ၍ နောက်ကျ၊ ကားလာလျှင် ပစ္စည်းများ တင်၍ အဂရာ ဆက်ထွက်၊ (၈)ရက်နေ့ နံနက် (၄)နာရီခန့်မှ အဂရာရောက်၊ မကြာမီ အာရုံကပ်၊

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၈)ရက်၊ ၁-၂-၂၀၀၅။

အဂရာ အတိထိ ဟိုတယ်၌ တည်းခို၊ ရေကား ညံ့လှ၏၊ တပ်ချုပ်မဟာ လေ့လာ၊ လူအင်အား ၂-သောင်းနှင့် ၂၂-နှစ် ဆောက်ရ ဆို၊ စကျင်ကျောက် အမျိုးအစားဖြင့် ပြုလုပ်ထား၊ စည်းကမ်းမဲ့ ပုံကား ဗမာပြည် လူများနှင့် သိပ်မထူးလှပါ၊ အိမ်သာများကား ညစ်ပတ်လှ၏၊ တပ်ချုပ်မဟာ ဝင်ကြေး ၂-သောင်းကျော်၊ ဝင်ကြေး ရူပီး (၄၀)၊ အဂရာ နန်းတော်လည်း လေ့လာ၊ နန်းတော်မြို့ရိုးကား ပေ(၂၀)ကျော်မည်ဟု ထင်ရ၊ ရေကျုံးလည်း ရှိဟန်တူ။

အဂရာနန်းတော်မှ (၄)နာရီကျော်ထွက်၊ သက်ဿနဂိုရ် (၉)နာရီခန့် ရောက်၊ လမ်းကား ကြမ်းလှ၏၊ သည်လို လမ်းမျိုး မာစီဒီးဘင့်ကားနှင့် သွားသော်လည်း ခုန်မည်သာ၊ ကားနောက်ပိုင်း စီးသူများ အတော်ဒုက္ခ ရောက်ကြဟန် တူ၊ နံနက် အာရုံစားပြီး တာဝတိံသာမှ ဆင်းသော နေရာသွား၊ အုတ်ပုံမျှသာ ရှိ၊ စေတီတစ်ဆူ တည်ရန် သက်ဿ ဘုန်းကြီးအား အကြံပြုခဲ့၊ ဘုရားဖူးအဖွဲ့မှ နှုတ်ဂတိအလှူ သိန်း(၁၀၀)ကျော် ရ၊ ရှင်သာရိပုတြာ သီတင်းသုံးသော ရွာလည်း မြင်ခဲ့ရ၊

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၉)ရက်၊ ၂-၂-၂၀၀၅။

နေ့ဆွမ်းစားပြီး (၁၂)နာရီကျော်ခန့် သက်ဿမှ ထွက်၊ သာဝတ္ထိ ည (၁၂)နာရီကျော်ခန့်

http://www.dhammadownload.com



ရောက်၊ ကီလိုမီတာ ၄၀၀-ကျော် ၅၀၀-ခန့် ဝေးမည်ဟု ခန့်မှန်း ရ၊

သာဝတ္ထိ နံနက် ဆွမ်းစားပြီး နတ်ပြည်တက်ရာ ကန္ဓမ္ဗရုက္ခမူလ ကုန်းနှင့် ဇေတဝန်တဝိုက် လေ့လာ၊ ဒေဝဒတ်, စိဉ္စမာန မြေမျိုရာ နေရာများ ကြည့်၊ ကောသမ္ဗီကျောင်း စသည် အားလုံး ရောက်၊ ဝင်ကြေး ၂-ဒေါ်လာ၊ ရှုပီးပေးက တရာ ဟူ၏၊ ယနေ့ မလည်၊ သာဝတ္ထိပင် အိပ်ကြမည်၊ နက်ဖြန် နီပေါ လုမ္ဗိနီသွားရန် ခရီးစဉ် ရှိ၊ နီပေါ၌ သူပုန်ထနေ၍ အဆင်ပြေမှ ပြေမည်လား မပြောတတ်၊ ထိုင်းသူ သူဌေးမတစ်ဦး ဆောက်ဆဲရိပ်သာလည်း ရောက်၊ ဘာသာပေါင်းစုံ တရားအားထုတ်နိုင်ရန် ရည်ရွယ်သည်ဟု သိရ၊ ယခု ဆောက်လုပ်ပြီး အဆောက်အဦများသည် တပ်ချုံမဟာထက် သာနေပေပြီ၊ ပြီးလျှင် တပ်ချုံမဟာထက် အများကြီး သာမည်ဟု ခန့်မှန်း ရ။

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၁၁)ရက်၊ ၄-၂-၂၀၀၅။

သာဝတ္ထိမှ နီပေါသို့ ကားလမ်းကား ထုံးစံအတိုင်း ကြမ်းလှ၏၊ နံနက် (၆)နာရီကျော် သာဝတ္ထိမှ ထွက်၊ နယ်ခြားဂိတ်နှင့် တဖာလုံကျော်ကျော်အကွာ ကုသိနာရုံဘုန်းကြီးပိုင် ကျောင်း၌ ဆွမ်းစား၊ လုမ္ဗိနီ ညနေ(၄)နာရီခန့် ရောက်၊ **လုမ္ဗိနီ**မိဖုရားကြီး စိုက်ပျိုးသောဥယျာဉ် ဖြစ်၍ လုမ္ဗိနီဟု တွင်၊ လုမ္ဗိနီမိဖုရားကြီးကား **မယ်တော်မာယာ**၏ အမေ ဖြစ်သည် ဟူ၏၊ မယ်တော်မာယာ မီးမဖွားမီ ရေချိုးသောကန်နှင့် ဘုရားလောင်း ဖွားပြီး ရေချိုးသောကန် အတူတူ ဖြစ်၊ ဗောဓိပင်လည်း ရှိ၊ ယင်းအခေါင်းထဲ ဝင်ပြီး ပြန်ထွက်နိုင်လျှင် စီးပွါးတိုးတက်မည်ဟု ပြောသဖြင့် အဖွဲ့ဝင်တိုင်းလို ဝင်ထွက်လုပ်ကြ၊ ဘုရားလောင်း မြောက်ဖက်လှည့်၍ "အဂ္ဂေါဟ မသ္မိ လောကဿ" ကြွေးဝါးသော နေရာ, ၇-လှမ်း လှမ်းသော နေရာများ၊ မယ်တော်မာယာ အင်ကြင်းကိုင်း ကိုင်၍ မီးဖွားဟန် ရုပ်ကြွများ ရှိ လုမ္ဗိနီအင်ကြင်းမျိုးဟု သီးခြား မရှိ သက်ဿနဂိုရ် သာဝတ္ထိ လုမ္ဗိနီတို့ကား ညအေးပုံခြင်း တူလှ၏၊ စောင်ပြည့်စုံ၍သာ တော်သေး၏။

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၁၂)ရက်၊ ၅-၂-၂၀၀၅။

လုမ္ဗိနီမှ နံနက်၈-နာရီခန့် ထွက်၊ ကုသိနာရုံ ၂-နာရီကျော်ခန့် ရောက်၊ တေဇောဓာတ် လောင်ကျွမ်းရာဌာန၊ ရေကြည်သုံးရာဌာန၊ ပရိနိဗ္ဗာန်ပြုရာ ဌာနတို့၌ အုပ်စုလိုက် လေ့လာပူဇော်၊ "အနိစ္စာ ဝတ သင်္ခါရာ" ရွတ်ဖတ်ပူဇော်၊ ရွှေကြာသက်န်း ကပ်၊ လုမ္ဗိနီမှ ကုသိနာရုံ လမ်းကောင်း၊ ဒေလီမှ အဂရာ၊ ယင်းမှ သက်ဿနဂိုရ်၊ ယင်းမှ သာဝတ္ထိ၊ ယင်းမှ လုမ္ဗိနီလမ်း မကောင်း၊ ကုသိနာရုံ ညအိပ်၊

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၁၃)ရက်၊ ၆-၂-၂၀၀၅။

ကုသိနာရုံမှ နံနက် ၇-နာရီကျော်ခန့် ထွက်၊ လမ်း ဘုရားရှင် သပိတ်တော်ဌာပနာ ထားသော စေတီ ဝင်ဖူး၊ ကဥ္စနပူရ-ဟု သိရ၊ စေတီကား အင်ဒိုနီးရှား ရှိသော ဗောရိုဗုဓားထက် ကြီးမည်ထင်၊ ဝေသာလီ ဒုတိယသံဂါယနာတင်ရာလမ်း ဝင်ခဲ့၊ ပတ္တနား တတိယသံဂါယနာတင်ရာလည်း လေ့လာ၊

http://www.dhammadownload.com



ညနေ ၆နာရီကျော်ခန့် ပတ္တနားရောက်၊ ရေချိုး, ရေပူ ရေအေး ရ၊ ပတ္တနား ညအိပ်၊ ကုသိန္နာရုံမှ ပတ္တနားအလာ **ယူပီနယ်**အတွင်း လမ်းအသင့်အတင့် ကောင်း၊ **ဗီဟာနယ်**၌ကား လမ်းမကောင်း။

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၁၄)ရက်၊ ၇-၂-၂၀၀၅။

ပတ္တနားမှ နာလန္ဒာကျောင်းသား ဦးဇင်းများထံ ဖြစ်သလိုဆွမ်းစား၊ ယင်းမှ ရာဇဂြိုဟ်၊ ယင်းမှ ဂယာ၊ ရာဇဂြိုဟ် ဂယာကြား ပုံမှန်လမ်း တံတားပြင်နေသဖြင့် တောလမ်းမှ မောင်းရ၊ ဆိုးလိုက်သည့်လမ်း၊ ယင်းလမ်း ကားစီးရသည်မှာ အဆင်းရဲဆုံး၊ တနေကုန်လိုလို မိုးစွေနေ၊

၁၃၆၆-ခုနှစ် ပြာသိုလပြည့်ကျော် (၁၅)ရက်၊ ၈-၂-၂၀၀၅။

ည အိပ်ကောင်း၊ နံနက် ၉-နာရီ ဗောဓိပင် သွား၊ သတ္တဋ္ဌာန ရှင်းပြ၊ အရှေ့ဖက် မျက်နှာမူလျှင် စင်္ကမသတ္တာဟ အနိမိသ သတ္တာဟ၊ ရတနာဃရသတ္တာဟသည် ဗောဓိပင် စေတီမြောက်ဖက်၌ ရှိ၊ အဇပါလသတ္တာဟကား မုခ်တည့်တည့်မှာ ရှိ၊ မုစလိန္ဒာနှင့် ရာဇာယတနသတ္တာဟတို့ကား ဗောဓိစေတီ တောင်ဖက်မှာ ရှိ၊ သုဇာတာရွာသို့ တပါးတည်း လမ်းလျှောက် သွား၊ ကုလားများကား တံတားလက်ရမ်းတိုင်များ စည်းကမ်းမဲ့စွာ ချိုးထားသည်ကို တွေ့ရ၊ ရိုက်ချိုးဖို့ ခက်ခဲသော တိုင်များကိုပင် မရ ရအောင် ရိုက်ချိုးကြ၏၊ တိုးတက်ဖို့ ခဲယဉ်းပါသည်။ ည မဟာဗောဓိ ထပ်သွား၊ အနေကဇာတင်၊ ဂုဏ်တော် ပွား။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁)ရက်၊ ၉-၂-၂၀၀၅။

ဥရုဝေလတောတန်း သွား ရှင်းပြ၊ ကွန်ပ် ၉၈-ခုနှစ် လာစဉ်ကထက် လမ်းကောင်း၊ ရွာကလေးကား စိတ်ပျက်စရာ ကောင်းလောက်အောင် ဆင်းရဲလှ၏၊ ရဟန်းခံ ၂-ခု သိမ်တက်၊

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၂)ရက်၊ ၁၀-၂-၂၀၀၅။

ဘုရားဖူးအုပ်စု အားလုံး သုဇာတာရွာ အိမ်နေရာစေတီ, ယနာန္တိဆွမ်းကပ်ရာစေတီ, ရွှေခွက်မျှောစေတီ, သုဗ္ဗိယငေင် မျက်ရှစ်ဆုပ် လျှုဒါန်းရာစေတီများ လေ့လာ၊ သုဇာတာ အိမ်နေရာစေတီ၌ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့၊ ၉၈-ခုနှစ် ရောက်စဉ်က ကုန်းသဖွယ်သာ ဖြစ်၏၊ စေတီရုပ်လုံး မပေါ်၊ ယခု တူးဖော်ထားသဖြင့် စေတီရုပ်လုံးပေါ်နေပြီ၊ သံကြိုးလည်း ဝိုင်းထား၏၊ ယနာန္တိဆွမ်းကပ်ရာ၊ ရွှေခွက်မျှောရာသို့ သွားရာ၌ကား ခြေတဖဝါးမျှသာ ချနိုင်သည့် ယာကန်သင်းရိုးပေါ်မှ သွားကြရ၏၊ နှင်းခြောက်၍ တော်သေးသည်၊ နှင်းစိုနေလျှင်ကား ချော်ပေမည်။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၃)ရက်၊ ၁၁-၂-၂၀၀၅။

ဂယာမှ ဗာရဏသီလာ လမ်းကျယ်ပါလျက် စည်းကမ်းမရှိသဖြင့် ကားကြပ်နှင့် အမြဲတန်းကြုံရ၏၊ လမ်းဘေး ကားနှစ်စီး ယှဉ်ရပ်၏၊ ကန့်လန့်ဖြတ် ရပ်၏၊ မောင်းချင်သလို မောင်းကြ၏၊ ကိုယ့်လမ်းနှင့်ကိုယ် မောင်းလျှင် ကြပ်စရာမရှိ၊ **ယူပီပြည်နယ်**ဖက်၌ကား ကွန်ကရစ်လမ်းများ ခင်းနေသည်ကို တွေ့ရ၏၊ နှစ်ချီ ကြာပါလိမ့်မည်၊ ယန္တယားလည်း နဲ၊ လူအင်အားလည်း နဲလှ၏၊

http://www.dhammadownload.com



လမ်ကောင်းလျှင် ကားကြပ်မှု မရှိလျှင် ၃-နာရီခန့်နှင့် ရောက်နိုင်သည်၊ လမ်းညံ့ ကားကြပ်၍ ၁၀-နာရီခန့် မောင်းရ၏၊ နံနက် ၇-နာရီခန့် ထွက်လာရာ ဗာရဏသီ မိဂဒါဝုန် ညနေ ၆-နာရီခန့်မှ ရောက်။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၄)ရက်၊ ၁၂-၂-၂၀၀၅။

ပြည်ထောင်စုနေ့၊ သံသုမာရဂိရိ, ကေသမုတ္တိနိဂုံး, နကုလမာတာ-နကုလပိတာတို့ ရွာစသည်လေ့လာ၊ မိဂဒါဝုန်ဆရာတော် **ဦးဝဏ္ဏဓဇ**က သူ့ကားဖြင့် လိုက်ပို့၊ မိဂဒါဝုန်နှင့် ၄၅-ကီလိုမီတာခန့်ဟု မှန်းရ၊ အပြန် ဗာရာဏသီနန်းတော်ဟောင်း ဝင်လေ့လာ၊ အဂရာနန်းတော်လောက် မြို့ရိုးမမြင့်၊ နှစ်ပေါင်း ခုနှစ်ရာခန့်က နန်းတော်ဟု သိရ၊ ဓမ္မေခ ဓမ္မရာဇိကစေတီများလည်း လေ့လာ၊ ယသ-သတို့သား တရားဟောရာ အခန်း, ဘုရား ပထမဝါဆိုရာ ကျောင်းခန်း စသည်လည်း လေ့လာ၊ **ဦးဝဏ္ဏဓဇ**-ကပင် ရှင်းပြ၊

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၅)ရက်၊ ၁၃-၂-၂၀၀၅။

ဗာရဏသီမှ ဒေလီသို့ ရထားဖြင့် လာ၊ ကီလိုမီတာ မည်မျှဝေးသည် မသိ၊ ညနေ ၃-နာရီကျော်မှ ထွက်လာရာ နံနက် ၉-နာရီခန့်မှ ရောက်၊ သီရိလင်္ကာဓမ္မဒူတဂေဟာ၌ တည်း၊ ဘူတာရုံကြီးနှင့် နီးလှ၏၊ ဆွမ်းစား ရေချိုးပြီး ဈေးလျှောက်သွား၊ ဈေးကား တောင်ပြုံးပွဲဈေးနှင့် တူလှ၏၊ လျှောက်ကြည့်သူသာ များပြီး ဝယ်သူကား နဲလှ၏၊ ဘူတာကြီးအနီး ဈေးလည်း ရောက်၊ နှစ်ဈေးလုံး လူစည်လှ၊ နယူးဒေလီ၌ သုံးရေ ညံ့လှ၏၊ အငန်ဓာတ် ပါသည်၊ အခန်းသော့ကို **မဖြူ**ထံ ပေးထားမိသဖြင့် ဈေးမှ အပြန် အခန်းထဲ မဝင်ရ၊ ဤသည်မှာ ကျွန်ုပ်၏ အမှားပင် ဖြစ်သည်၊ ကိုယ့်အခန်းသော့ ကိုယ်နှင့် တပါတည်း ယူဆောင်ရမည်။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၆)ရက်၊ ၁၄-၂-၂၀၀၅။

သီရိလင်္ကာ ဓမ္မဒူတဂေဟာ၌ အိပ်လို့ ကောင်းပါသည်၊ ကုဋီတက်ရာ၌ မြွေခေါင်း ရေပိုက် မရှိသဖြင့် သန့်ရှင်းရသည်မှာ ခက်၊ နံနက်အာရုံဆွမ်း စားပြီးသည်မှ စ၍ တမြို့လုံး လျှောက်လည်၊ ပါလီမန် အဆောက်အဦ၊ ဝန်ကြီးများ ရုံး၊ **ဆိုနီယာဂန္ဒီ**အိမ်စသည် အကုန်ရောက်၊ အထက်ပါ ဧရိယာများ၌ သန့်ရှင်းသည်၊ လမ်းများလည်း အဆင့်မြင့်၏၊ မြေအောက်ဈေး အပါအဝင် ဈေးစုံ ရောက်၊ မြေအောက် ဈေးအိမ်သာကား ညစ်ပတ်လှ၏၊ ဗွီအိုင်ပီ ရပ်ကွက်၌ကား အိမ်သာ မတက်ခဲ့ရသဖြင့် မသိရပါ၊ ဝန်ကြီးများရုံးကို တောင်ပိုင်း မြောက်ပိုင်း ၂-ခုခွဲ ထားသည် ဟူ၏၊

သက်သက်လွတ်ဆိုင်၌ ဆွမ်းစားရာ ကျွန်ုပ်အတွက် ရူပီး၄၀-မြန်မာ ကျပ်ငွေ ၂၀၀၀-ကျော်ခန့်သာ ကျ၊ တမြို့လုံး လျှောက်လည်ကာမှ တယောက် ကားခ ရူပီး ၁၀၀-သာ၊ မြန်မာကျပ်ငွေ ၂သောင်းကျော်၊ **ဂန္ဒီကြီး** ပြတိုက်လည်း ရောက်၊ ဝိုင်းထဲသာ လျှောက်ကြည့်၊ ပိတ်နေ့ ကြုံနေသဖြင့် အတွင်းပိုင်း ဝင်မကြည့်ရ၊ တနင်္လာ ပိတ်၊ နေပူ၏၊ သီရိလင်္ကာဓမ္မဒူတဂေဟာ၌ တည်းခိုခ တနေ့တခန်း

http://www.dhammadownload.com



ရှပီးငွေ ၆၀၀ ဟူ၏၊ ခြင်ထောင်လည်း မပေး၊ ခြင်လည်း မရှိ၊ မြန်မာဘုန်းကြီး ကျောင်းများ၌ကား ခြင်ထောင်လည်း ပေး၏၊ ခြင်လည်း ရှိ၏၊ သတ်မှတ်ထားသည့် တည်းခိုခလည်း ဈေးမကြီး။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၇)ရက်၊ ၁၅-၂-၂၀၀၅။

ညက စ၍ မိုးရွာနေသည်၊ စွေမည့် သဘောရှိသည်၊ ကားနှင့်လာသူ အဖွဲ့လည်း ပုံမှန်အချိန် ရောက်လာ၊ ဘုရားဖူးအဖွဲ့ အားလုံးပေါင်း မြို့တွင်းလျှောက်လည်၊ **အင်ဒီရာဂန္ဓီ**အိမ် ဝင်ကြည့်၊ အသတ်ခံရသည့် နေရာ၌ အထိမ်းအမှတ် ပန်းလေး ပြထား၊ အင်ဒီယာဂိတ် (လွတ်လပ်ရေး မော်ကွန်းဝင် စစ်သားများ နာမည်အားလုံး ရေးထား)လည်း ထပ်ရောက်၊ ပါလီမန်ဝန်ကြီးများရုံး အားလုံး ထပ်ရောက်၊

သတိပဋ္ဌာန် ဟောသည့်နေရာ ဝင်ကြည့်၊ တောင်ကုန်းလေး၊ ကျောက်တုံးချည်းသာ၊ သတိဖြင့် တက်မှ ရမည့် ကျောက်တောင်လေး ဖြစ်၊ ယမန်နေ့က ဓာတ်ပုံ မရိုက်ခဲ့ရသဖြင့် ယနေ့မှ ရိုက်ခဲ့၊ ည အာမခံ ပဲလေ့စ်ဟိုတယ်၌ ပြောင်းတည်း၊ တနေ့ တထောင်ဟု သိရ၊

အမျိုးသားပြတိုက်လည်း ဝင်ကြည့်၊ ဝင်ကြေး တယောက် ရူပီး ၁၅၀၊ အိန္ဒိယ တပြည်လုံးမှ တူးဖေါ်ရရှိသည့် ရှေးဟောင်း ပစ္စည်းများ ပြထား၊ လက်ဖြင့် ပုံဖေါ်ထားသည့် ဆင်စွယ်ပလ္လင်၊ ဆင်စွယ်တချောင်းထဲ၌ ဗုဒ္ဓဝင်အကျဉ်း ထုလုပ်ထားသည့် ပုံများလည်း ကြည့်ရ၊ တောထွက်ခန်း, ဆံတော် ပယ်ခန်း, လေးတင်ခန်းစသည် အားလုံး ဆင်စွယ် တချောင်းထဲ ထုလုပ်ထား၏၊ ဘုရားရှင်၏ သွားတော် တဆူရှိ၊ ထိုင်းဘုရင်၏ လက်ဆောင်ဟု သိရ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၇)ရက်၊ ၁၆-၂-၂၀၀၅။

ဟိုတယ်အနီး ဈေးလျှောက်လည်၊ ဘာမျှ မဝယ်ပါ၊ ဗဟုသုတအဖြစ်သာ၊

ယနေ့ မြန်မာပြည် ပြန်မည့်သူများကို လေယာဉ်ကွင်းအထိ လိုက်ပို့၊ တန်းပြန်ရန် **မောင်အောင်သိန်း**ကို လက်မှတ် ဝယ်ထားဖို့ ခိုင်း၊ သာသနာ့ဝင်မှတ်တမ်းပါ ပေးလိုက်၊

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၈)ရက်၊ ၁၇-၂-၂၀၀၅။

သီရိလင်္ကာ ဧည့်ရိပ်သာ(၇)အခန်း၌ တည်း၊ ဒု-ထပ် (၂၈)ထက် ကျယ်၊ သန့်၊ ဆွမ်းစားပြီး ဂန္ဓီသမာဓိ (ဂန္ဓီအထိမ်းအမှတ် ဥယျာဉ်) သွား၊ သန့်ရှင်းလှပါသည်၊ အလယ်၌ ဟေရာမ-ဟု ရေးထားသည့် လေးထောင့်စဉ်လေးရှိ၊ ယင်း စဉ်ပေါ်၌ ပန်းများ တင်ကြသည်၊ အဝင်ဝ၌ ပန်းသည် တယောက် အသင့်ရှိ၊ ဥယျာဉ်အဝင်၌ ဒေလီယာပန်းများ ရောင်စုံပွင့်နေကြ၏၊ ဥယျာဉ်တွင်း လမ်းလျှောက် ကော်ဇောများ ခင်းထားသည့် နေရာ၌ ကော်ဇောပေါ် ဖိနပ်ဖြင့် တက်ခွင့် မပြု၊ ဖိနပ်အပ်ရမည့် နေရာ၌ အပ်ခဲ့ရ၏၊ ဖိနပ်အပ်ရသည့် နေရာကလည်း ၂မျိုးရှိ၊ ငွေပေးရသည့် ဌာန, ငွေမပေးရသည့် ဌာန၊ ဌာနနှစ်ခု မျက်နှာချင်း ဆိုင်၊ ငွေမပေးရသည့် ဌာန၌ အခမဲ့ ရသည်၊ စွန့်စားအပ်လိုက အပ်နိုင်၏ဟု စာရေးထား၏၊

http://www.dhammadownload.com



ဂန္ဒီအထိမ်းအမှတ် ပြတိုက်နေရာလည်း ရောက်၊ **ဂန္ဒီ**အသက်ထင်ရှားရှိစဉ် လှုပ်ရှားမှုများ ပြထား၊ တောင်အာဖရိကဌ် **သစ္စာဂြဟ**တိုက်ပွဲ ဝင်ခဲ့သည်ကိုပင် ပြထား၊ **ဂန္ဒီ**ကိုယ်တိုင် အထည် ရက်ကန်း အသုံးပြုခဲ့သည်၊ ရစ်, ချား, ရဟတ်, ရက္ကန်းစဉ် စသည် ပြထား၊ သူနောက်ဆုံး ဝတ်ခဲ့သည့် အဝတ်အစားကိုပင် ပြထား၏၊ **ဂန္ဒီ**ကား ကိုယ်တိုင်ဝတ်ဖို့ အဝတ်များကို ကိုယ်တိုင် ဗိုင်းငင် ဝါဖန့် ရက္ကန်းရက်၍ ဝတ်ခဲ့သည်ဟု သိရ၊ ရိုးရိုးလေး နေသူဖြစ်၍ "အကြမ်းဖက်ခြင်းသည် ကိုယ့်ကိုယ်ကို သတ်ခြင်းမည်၏"ဟု စာတန်းများ ရေးထား၊ အတုယူဖို့ ကောင်းသော ခေါင်းဆောင်ကြီးပင် ဖြစ်သည်၊

မိမိကား ဧည့်သည်တော် မှတ်တမ်း၌ **"ဂန္ဒီကား ကံမြှင့် တင်မြှောက်၍ လူ့ဘောင် ရောက်ခဲ့သည်၊ လူ့လောက၌ စံပြခေါင်းဆောင်ပင်တည်း"**ဟု ရေးခဲ့၊ ကား တစင်း ၂၅၀နှင့် ငှားထားပါလျက် ဧည့်ရိပ်သာ ရောက်သောအခါ တစင်း ၅၀၀-ပေးရမည်ဟု ဆိုသဖြင့် စကားများ ရ၊ ပုလိပ်များ လာရှင်းမှ ကားသမားများ လက်ရှော့သွားကြ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၉)ရက်၊ ၁၈-၂-၂၀၀၅။

ဆန်ချီ သွားရန် ဒေလီမှ ဘိုပါလ်သို့ ရထားစီး၊ ည ၉-နာရီခန့် ထွက်၊ နံနက် ၈-နာရီကျော်ခန့်မှ ဘိုပါလ်ရောက်၊ ကီလိုမီတာ ( ) ခန့်၊ ဘိုပါလ်မှ ဆန်ချီ ကွာလီကား ငှါးလာ၊ ကွာလီကားများကား အိန္ဒိယမာစီဒီးပင် ဖြစ်၊ ဆန်ချီ ရောက်ခါနီး (၆)ကီလိုမီတာ အလိုမှ လမ်းကောင်းတော့၏၊ ဘိုပါလ်နှင့် ဆန်ချီ ကီလိုမီတာ (၄၅)ခန့် ဟု မှန်းရ၊

အစိုးရဘန်ဂလို၌ တည်း၊ တစ်ခန်း ရူပီး ၈၀၀၊ စားစရိတ်မပါ၊ ဘိုပါလ်ဘူတာ၌ ကိုယ်အလေး ချိန်ကြည့်ရာ (၄၁)ကီလိုဟု သိရ၊ ပေါင် (၉၀)ကျော်ခန့် သာ၊

ဆန်ချီကုန်းတော် တက်ရာ၌ စေတီအနီး စစ်ဆေးဂိတ်ပေါက် ရောက်မှ လက်မှတ်နှင့် ဝင်ရမည်ဟု သိရ၊ လက်မှတ်က တောင်ခြေမှာ ရောင်းသည်၊ တောင်ခြေ ဆင်းဝယ်ရတော့၏၊ ဝင်ကြေး မသက်သာ၊ တယောက် ၅ (us)ဒေါ်လာ ပေးရ၏၊ ဆန်ချီကုန်းတော် ၁-နာရီခန့် တရားထိုင်၊ ၂-နာရီကျော်ခန့် လျှောက်ကြည့်၊ သာရိပုတ္တြာ မောဂ္ဂလာန် ဓာတ်တော်များ ဌာပနာထားရာ စေတီ၌ ဓာတ်ပုံရိုက်၊ နံပါတ် (၁) စေတီကြီးမုခ်ပေါက်၌ စုပေါင်းဓာတ်ပုံ ရိုက်၊ ဆန်ချီကုန်းတော်တဝိုက် တောင်ကလေးများ ဝိုင်းရန်ထားသဖြင့် သာယာလှ၊

ယနေ့လည်း ကားသမားနှင့် စကားများကြရ၏၊ ဆန်ချီကား အသောကမင်းကြီး မင်းသား ဘဝ၌ အပိုင်စားရသည့် ရွာ၊ သားတော်မဟိန္ဒ သမီးတော် သင်္ဃမိတ္တာတို့ ဇာတိချက်ကြွေ မွေးရပ်မြေ ဟူ၏၊ ဟုတ် မဟုတ် မသိ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၀)ရက်၊ ၁၉-၂-၂၀၀၅။

ပရာဒေ့၍ အစိုးရ ဘန်ဂလို၌ အိပ်လို့ ကောင်း၊ ခြင် မရှိ၊ ခြင်ထောင် မပေး၊ ကိုယ်သုတ် တဘက်ပေး၊ ရေပူ ရေအေးရ၊ ရေအင်ဓာတ် ပါ၊ အာရုံစားပြီး ဆန်ချီကုန်းပေါ်တက်၊ တောင်ခြေ ပြတိုက် ကြည့်၊ ပြတိုက်တူးဖော် ရရှိသည့် ပစ္စည်းများ ပြထား၊ သံခေတ် အသုံးအဆောင်ပစ္စည်းများ တွေ့ရ။

http://www.dhammadownload.com



၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၁)ရက်၊ ၂၀-၂-၂၀၀၅။

ဘိုပါလ်မြို့တဝိုက်၌ တောင်ကတုံးများ ပေါလှ၏၊ လမ်းဘေးဝဲယာ တော်တော်လှမ်းလှမ်း၌ တောင်တန်းများ၊ သစ်ပင်မပေါက် တောင်ကတုံးများသာ၊ ဘိုပါလ်ဘူတာရုံ၌ ရေကောင်းသည်၊ အထက်တန်းခရီးသည်များအဖို့ အနားယူခန်း ရှိသည်၊ အခကြေးငွေပေး၍ ငှါးရသောအခန်း၊ အခကြေးငွေ မပေးရသောအခန်း၂-မျိုးရှိသည်၊ ငွေကြေးမပေးရသော အခန်း၌ ထိုင်ခုံသာရှိ၊ တခန်း ရူပီး ၂၀၀-ပေး၍ ငှါးလျှင် ကုဋင်ခြင်ထောင် အပြည့်အစုံ ၂-လုံးရ၏၊ လူပို နေခွင့် မပြု၊ ခြင်လည်း ပေါ၏၊ အခမဲ့ အခန်း၌ အိမ်သာရေချိုးခန်း ရှိ၏၊ မသန့်၊ ငွေပေးရသော အခန်း၌ သန့်၏၊ လူမျိုးပေါင်းစုံ အောင်းထားသော ခြင်ထောင်ဖြစ်သဖြင့် နံစော်လှသည်။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၂)ရက်၊ ၂၁-၂-၂၀၀၅။

ရပ်ကွက်တခု ဆွမ်း သွားစား၊ ပန်ဂျပ် အများစု နေသော အရပ်ဟု သိရ၊ လမ်းများ ကောင်း၊ သန့်ရှင်းမှုလည်း အနည်းငယ်ရှိ၊ တောင်းအေ့စ် အမျိုးအစား ကားများနှင့် တနေကုန် လည်မှ ရူပီး၅၀၀-ဟု ပြော၊ ယင်းကားများ လူ ၆-ယောက်လောက် ဆန့်မည်၊

ညနေ၌ မူဆလင်များ အကုသိုလ်လုပ်မိသည် နောင်တရပါပြီ အထိမ်းအမှတ်ပွဲ လှည့်လာသည်ကို တွေ့ရ၊ မြန်မာပြည် ဘုန်းကြီးတဲ့ဘုန်းကြီး ပျံတော်မူရာ ပြသာဒ်ဆောင် အမျိုးမျိုး လုပ်ပြီး လှည့်သည်နှင့် တူလှ၏၊ ဘုရားကျောင်းဆောင် အမျိုးမျိုးလုပ်၍ လှည့်ကြ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၃)ရက်၊ ၂၁-၂-၂၀၀၅။

မြန်မာပြည် ပြန်ရတော့မည်၊ ည ၇-နာရီ လေယာဉ် ထွက်၊ မြန်မာစံတော်ချိန် (၁၁း၃၀)နာရီ ရောက်၊ လေယာဉ်ပေါ်၌ လေယာဉ်မောင်မယ်များက တယ်လီဖုန်း အသုံးမပြုရန် ကြေငြာ၊ တယ်လီဖုန်း ပါလာသူများက တယ်လီဖုန်းဆက်နေ၊ အတော်ခက်သော ကမ္ဘာသူများပါလား-ဟု အောက်မေ့မိ၊ ဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက် ဖြစ်စေနိုင်သဖြင့် တယ်လီဖုန်းမသုံးရန် ကြေငြာခြင်း ဖြစ်၊ အမေရိကန်၌ကား လေယာဉ်ပေါ် ထိုင်ခုံတိုင်း တယ်လီဖုန်းပါ၊ သူတို့ဆီမှာ ဆက်သွယ်ရေး စနစ်ကို အနှောင့်အယှက် မဖြစ်အောင် စီစဉ်ထားဟန်တူ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၄)ရက်၊ ၂၃-၂-၂၀၀၅။

နေ့ (၁၂)နာရီ လေယာဉ်ဖြင့် မန်းပြန်၊ (၁)နာရီကျော်လောက် ရောက်၊ လေယာဉ် မှီရုံသာ ရှိ။

၁၃၆၆-ခုနှစ် တပို့တွဲလဆန်း (၁၅)ရက်၊ ၂၄-၂-၂၀၀၅။

ညနေ (၅)နာရီ လေယာဉ်ဖြင့် ရန်ကုန်ပြန်၊ (၆)နာရီကျော် ရောက်၊

၁၃၆၆-ခုနှစ် တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၂၄-၂-၂၀၀၅။

http://www.dhammadownload.com



နေ့ဆွမ်းစားပြီး မော်လမြိုင် သွား၊ ညနေ (၄)နာရီခန့် ရောက်။ ည **ဦးဟန်နွယ် ဒေါ်မြတ်ပိုး**တို့အိမ် အိပ်၊

၁၃၆၆-ခုနှစ် တပို့တွဲလပြည့်ကျော် (၂)ရက်၊၂၅-၂-၂၀၀၅။

နံနက် (၄)နာရီကျော် ထားဝယ် မောင်းမကန် ပင်လယ်ကမ်းခြေ သွား၊ မော်လမြိုင် ရေးမြို့ လမ်းအသင့်အတင့် ကောင်း၊ ရေးမြို့မှ ထားဝယ်မြို့ ကားလမ်း လုံးဝမကောင်း၊ မော်လမြိုင်မှ ထားဝယ်ထိ ကီလိုမီတာ (၃၀၀)ကျော်ခန့် ဝေး၊ မိုင် ၂၀၀-ကျော်၊ ကား (၇)နာရီကျော် မောင်းရ၊ စက်ဘုမှ မလေးရှား ကွာလာလမ်ပူမြို့ အထိ ကီလိုမီတာ (၃၀၀)ကျော်ခန့် ဝေး၊ ကားမောင်းချိန် (၃)နာရီခန့်သာ ကြာ၊ ဘာလီကျွန်း (အင်ဒိုနီးရှား) ပင်လယ်ကမ်းခြေ အလှသည် မောင်းမကန် ပင်လယ်ကမ်းခြေ အလှထက် မပိုပါ၊

မောင်းမကန်သည် ရေစိမ်းနေ၏၊ ပင်လယ်ရေ၏ မြူးဆွယ်မှုကို ကျွန်ုပ် မငြင်းဆန်နိုင်ခဲ့၊ ရေပူကန်လည်း ရှိသည်၊ ယင်း၏ မြူးဆွယ်မှုကိုလည်း ကျွန်ုပ် မငြင်းဆန်နိုင်ပါ။ ကမ်းခြေတခုနှင့် တခု အကူးလည်း ဘာလီကျွန်းနှင့် တူလှ၏၊ စိမ်းလန်းနေသည့် တောတန်းကလေးထဲမှ ဖြတ်သန်း သွားရသည့် သဘာဝကျောက်ဆောင် ကျောက်တုံးကျောက်ခဲများကလည်း ကမ်းခြေအလှကို အားဖြည့်ပေးနေကြ၏၊

ထားဝယ်၌ ရှင်ကိုးရှင်ဘုရားများလည်း ရှိ၏၊ ရှင်ဇလွန်း, ရှင်တောက်ထိန် စသည်။ ကျွန်ုပ်တို့ အဖွဲ့ ရှင်(၇)ဆူ ရောက်ခဲ့၏၊ သာဂရမြို့ဟောင်းမှ ယခုထားဝယ်မြို့နေရာသို့ ပြောင်းရွှေ့ထားသည်မှာ နှစ်ပေါင်း ၂၅၀ ရှိပြီဟု သိရ၊ နှစ် ၂၅၀-ပြည့် အထိမ်းအမှတ်ကိုပင် တပေါင်းလပြည့်နေ့၌ လုပ်ကြရန် စိုင်းပြင်းနေကြ၏၊ ပုဂံထက်ပင် ရှေးကြသလိုလို ပြောကြ၏၊ သာဂရမြို့ဟောင်း နန်းတော်ရာဟု ထင်ရသော အုတ်ရိုးကို တွေ့စပြုနေပြီ၊ ကလိန်အောင်ကျောင်း၌ အိပ်။

၁၃၆၆-ခုနှစ် တပို့တွဲလပြည့်ကျော် (၃)ရက်။ ၂၆-၂-၂၀၀၅။

ထားဝယ်အပြန် ကလိန်အောင်ဆံတော်ရှင် ဝင်ဖူး၊ ပေ ၃၀၀၀-ကျော် မြင့်မည်ဟု မှန်းဆရ၏၊ ည မော်လမြိုင် တရားဟော၊ တရားနာ ပရိသတ် ပေါလှ၏၊

၁၃၆၆-ခုနှစ် တပို့တွဲလပြည့်ကျော် (၄) ရက်၊ ၂၇-၂-၂၀၀၅။

မော်လမြိုင်မှ (၆း၃၀) ကားထွက်၊ ရန်ကုန် ဆွမ်းစား မှီ၊

http://www.dhammadownload.com



## ကိုရီးယား ခရီးစဉ်မှတ်တမ်း

**ကိုရီးယားကျောင်းအမကြီး**၏ ပင့်လျှောက်ချက်အရ ၁၃၆၇-ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် (၆)ရက် (၂၉-၄-၂၀၀၅)နေ့တွင် ကိုရီးယားပြည်သို့ ထွက်ခဲ့ပါသည်၊

ကိုရီးယားသွားရန် ညနေ ၆-နာရီ စန်းမြသီတာမှ ထွက်၊ ဗီဇာကြေး US ဒေါ်လာ (၃၀)၊ လေယာဉ်အသွားအပြန် US ဒေါ်လာ (၅၅၈)၊ ည ၈-နာရီခန့် ရန်ကုန်မှ ထွက်၊ ၉-နာရီခန့် ထိုင်းရောက်၊ ထိုင်းမှ ၁၁-နာရီခန့် ထွက်၊ ကိုရီးယားသို့ လပြည့်ကျော် ၇-ရက်၊ (၃၀-၄-၀၅)နေ့ နံနက် ၇-နာရီခန့် လေယာဉ်ကွင်း ရောက်၊ ကျောင်းအမကြီးအိမ် ၉-နာရီကျော် ရောက်၊ နေ့ဆွမ်း ဒကာမကြီးအိမ် စား၊ မြန်မာကလေးများ ချက်ပေး၊ မြန်မာဟင်း စားရ၊ သံအမတ်လည်း လာ၊ ဆေးပစ္စည်း စသည်လှူ။

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၇)-ရက်၊ ၃၀-၄-၂၀၀၅။

ကျောင်းအမကြီးအိမ် ဆွမ်းစား၊ သူ့မိတ်ဆွေ တော်တော်များများ လာကြ၏၊

ဒကာမတစ်ယောက်က "သူမငယ်စဉ်က စာအံစာကျက်သည့် ဘုန်းကြီးကိုရင်များကို အားကျပြီး ဘုန်းကြီးဖြစ်ချင်စိတ် ပေါက်ကြောင်း၊ ဘုန်းကြီးဖြစ်ရန် ဆုတောင်းခဲ့ဘူးကြောင်း၊ ယခု အိမ်ထောင်ကျသည့်အခါ သားသမီးတွေ ရပြီး သူတို့ သံယောဇဉ်ကြောင့် ဘုန်းကြီးဖြစ်ချင်စိတ် ကုန်ခန်းသွားကြောင်း" လျှောက်ထား၏၊

"ဒီဘဝ သေလျှင် ဘုန်းကြီးများ ဖြစ်မည်လား"ဟုလည်း လျှောက်ထား၏၊

"ပါရမီရှိက ဖြစ်မည် ဖြစ်ကြောင်း ယခု ဘုန်းကြီးဖြစ်ရမှာ ကြောက်နေသည်ဆိုလျှင် ပါရမီ မရှိသေးသည်မှာ သေချာ ကြောင်း" ပြောလိုက်ရ၏၊

ဆွမ်းစားပြီး မဟာယာနဘုန်းကြီးကျောင်း တကျောင်း သွားလေ့လာ၊ သူတို့ မဟာယာန ထုံးစံအတိုင်း သေသူ၏ အရိုးပြာများ နာမည်များ သိမ်းဆည်းထားသည်ကို တွေ့ရ၊

တောင်မြောက် နယ်စပ်ပြတိုက် သွားကြည့်ရာတွင် ပြတိုက်ကြည့်ခ တဦး ဝမ်-၂၀၀၀-ပေးရ၊ တောင်မြောက် ပေါင်းစည်းရေး အစဉ်တစိုက် ကြိုးစားခဲ့သူ **ဂျိုပန်ရှိခ်** (၁၈၈၃-၁၉၇၀)၏ ရုပ်တုလည်း ရှိ၊ ပေါင်းစည်းရေး ကြိုးစားမှုကို ဂုဏ်ပြုသည့် သဘောဖြစ်ဟန်ရှိ၊ ပေါင်းစည်းရေး မအောင်မြင်သေးစေကာမူ ဂုဏ်ပြုထိုက်၍ ဂုဏ်ပြုခြင်း ဖြစ်၊ မြောက်ဘက် သည်လို ရုပ်ထုမျိုး ရှိ/မရှိ သူမသိကြောင်း ကားဆရာက ပြောပြ၊ သူ (ဂျိုပန်ရှိခ်)ကား မြောက်ပိုင်း၌ နေသူ ဖြစ်၊ တောင်မြောက် ရထားလမ်း ဖြတ်ဖေါက်ထားသည့် နေရာလည်း ရောက်၊ ဝမ်းနည်းစရာ စာများ ချိတ်ဆွဲထားသည်ကို တွေ့ရ၊ ခြေအိတ်နှင့် လိုက်ဖက်သည့် လူစီးဖိနပ် ဝယ်လှူ၊ တရံ ဝမ်(၂၀၀၀၀)ဟု သိရ။

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၈)-ရက်၊ ၁-၅-၂၀၀၅။

ညနေ ၄-နာရီခန့် ကျောင်းဆရာ ဟို(င်)ဂယောင်(င်)ဟီးကားနှင့် ဘုန်းကြီးကျောင်း ၃-

http://www.dhammadownload.com



ခုသွား။

၁။ ဂီ-လ်-ဆန်-ဝ်-ဆာ၊

၂။ ဟွာဂဲဆာ (ပြည်ပသာသနာပြု အအောင်မြင်ဆုံး)၊

၃။ ဂယော-ဝ်-ဂု-က်-ဆာ၊

ကျောင်း ၃-ကျောင်းစလုံး ကဆုန်လပြည့်အတွက် ပြင်ဆင်နေသည်ကို တွေ့ရ၊ သမ္မတ အိမ်ရှေ့လည်း ရောက်၊ မဝင်ခဲ့ရပါ။ လိုက်ပို့သည့် ကျောင်းဆရာ (အထက်တန်း) **ဟို-ဝ်-ဂယော-ဝ်-ဟီး-**က သူ့လစာ တနှစ်လျှင် ဒေါ်လာ (၅)သိန်းရကြောင်း ပြောပြ၊ လူနေမှု စရိတ်ကြီး၍ သုံးလောက်ရုံသာ ဟူ၏၊

အဆင်းအတက် အကွေ့အကောက် များလှ၏၊ လမ်းဘေးဝဲယာ ကြည့်မှန် အပိုင်းများ စိုက်ထူပေးထား၏၊ ကျွန်ုပ်တို့ဆီဆိုလျှင် ဖုံတင်သည်နှင့် ဘာမှ မြင်ရမည် မဟုတ်၊ ဂီယာကြီးဖြင့် ဆင်းပါဟူသော မေမြို့လမ်း ဆိုင်းဘုတ်များ အမှတ်ရပြီး ပြုံးမိသေး၏၊ အချို့နေရာများ အဆင်းမှာ မတ်စောက်လွန်းသည်၊ အတက်လည်း မော့လွန်းလှ၏၊ ဆိုးလ်မြို့ကား တမြို့လုံး တောင်ဆင်း တောင်တက် ချည်းသာ။

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၉)-ရက်၊ ၂-၅-၂၀၀၅။

ဆိုးလ်မြို့မှ နံနက် ၇-နာရီခန့် ထွက်၊ ဒဲဂူး (DAEGU)မြို့ ၁၀း၃၀-ခန့်ရောက်၊ လမ်းများကား အဆင့်မီ ကောင်းလှ၏၊ ဒဲဂူးမြို့ မဟာယာနဘုန်းကြီးကျောင်းများ လေ့လာ၊ ဒဲဂူးတာဝါလည်း တက်ခဲ့၊ ဝေါထရိတ်စင်တာ (နယူးယောက်) ပြန်ရောက်နေသကဲ့သို့ ထင်ရ၊ ကေဘယ်လ် ရထားများကလည်း စက်ာပူသန္တောသနှင့် တူ၊ ဝင်ခ ဝမ်-၁၀၀၀၀၊ ကေဘယ်လ်ခ ၃၅၀၀-၊ ကျွန်ုပ် လူကြီးဖြစ်၍ ၂၅၀၀-သာ ပေးရ၊ ကျောင်းအမကြီးကမူ နေကုန်နေခန်း လည်၍ စိတ်ပူကြောင်း ဖုံးဆက်ပြော၊ ဟွန်ဒိုင်းကုမ္ပဏီ သင်္ဘောကျင်း မြန်မာအလုပ်သမားလေးများကို **ဆရာဇော်ဂျီ**ကဗျာ ရွတ်၍ တရားဟော၊ ည vl SAN HYUN DAI ဟိုတယ်၌ အိပ်၊ တခန်း ဝမ်-၁၀၈၀၀၀၊ ဒဲဂူး ထမင်းဆိုင် ဆွမ်းစား၊ တပါး ဝမ် ၅၀၀၀-ခန့် ကုန်ကျ။

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၁၀)-ရက်၊ ၃-၅-၂၀၀၅။

ဒဲဂူးမြို့ HYUN DAI ဟိုတယ်မှ ၇-နာရီခန့် ထွက်၊ လမ်း ဘုန်းကြီးကျောင်းများ ဘိက္ခုနီကျောင်းများ လေ့လာ၊ ကျောင်းတိုင်း စမ်းချောင်း ထင်းရှူးတောများ ရှိ၊ ဆိတ်ငြိမ်မှုလည်း ရှိ၊ နောက်ဆုံးဝင်သည့် ဘိက္ခုနီကျောင်း၌ ဩဝါဒပေးရန် လျှောက်ထား၍ သူတော်ကောင်း သူယုတ်မာ ခွဲခြားနည်း "သုကရံ သာဓုနာ သာဓု" ဩဝါဒပေးရ။

ည(    )မြို့ Y0N GAN SPA ဟိုတယ်၌ အိပ်၊ တခန်း ဝမ် ၇၀၀၀၀-ခန့် ပေးရ၊ ကိုရီးယား စားသောက်ဆိုင်၌ ဆွမ်းစားရာ တပါး ဝမ် ၇၀၀၀-ခန့် ကုန်ကျ၊ ရှေးဟောင်းမြို့ () ပြတိုက် ဝင်ကြည့်ရာ ဘုန်းကြီးဖြစ်နေ၍ ဝင်ကြေးမပေးရ၊ လူများဆိုလျှင် တယောက် ဝမ် ၄၀၀၀-ခန့် ပေးရ၊ ဘုရင်များဂူ

http://www.dhammadownload.com



ဝင်ကြည့်ရာ၌ ဝင်ကြေး တပါး ဝမ် ၃၅၀၀-ပေးရ၊ ဂူဆိုသော်လည်း အုတ်ဖြင့် လုပ်ထားသည့် ဂူမဟုတ်၊ မြေပုံများသာ ရှိ၊ ရွှေဖြင့် လုပ်ထားသည့် မိဖုရား အဆင်တန်ဆာများလည်း ရှိ။

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၁၁)-ရက်၊ ၄-၅-၂၀၀၅။

**တရားကိုယ်စားပြု** ဘုန်းကြီးကျောင်း သွား၊ ဓမ္မကွန္တာ ရှစ်သောင်းလေးထောင် ပူဇော် ရေးသားထားသည့် ပျဉ်ပြားစာများ ရှိ၊ ကျောက်စာတိုက် ပေစာတိုက် ခေါ်သလို ပျဉ်ပြားစာတိုက်ဟု ခေါ်ရမည်ထင်၊

ကိုရီးယား ထမင်းဆိုင်၌ ဆွမ်းစား၊ ဝက်သားကင်ဟင်း မှာရ၊ ဝက်သားများ ယူလာ၊ မီးဖိုချပေး၍ စားသူကိုယ်တိုင် ကင်စားရ၊ ၄-ပါး ၅၀-သားခန့် ကုန်မည်ထင်၊ တပါး ဝမ် ၇၀၀၀-သာ ကျ၊

ဂွမ်ဂျူးမြို့၌ ဒီမိုကရေစီအတွက် အသက်ပေးသွားကြသည့် ကျောင်းသား/ ကျောင်းသူ အရပ်သားများ သင်္ချိုင်းဂူ (အာဇာနည်ဗိမာန်)သို့လည်း ဝင်ကြည့်၊ ခမ်းခမ်းနားနားပင် ဖြစ်၊ ကျောင်းသူအရွယ်သာသာ အမျိုးသမီးလေးက ကိုယ်တိုင်ရှင်းပြ၏၊

**သံဃာကိုယ်စားပြု** ကျောင်းနား ရောက်၊ ခါးနာပျောက်အောင် နှိပ်ပေးသည့် ဘုန်းကြီး ထံလည်း ရောက်၊ သူနှိပ်၍ ချက်ချင်းကား ပျောက်ကင်းသက်သာ၏၊ ညကျောင်းအနီး ဟိုတယ်၌ အိပ်၊ တခန်း ၂သောင်းခွဲမျှသာ ပေးရ၊ ဘုန်းကြီးဖြစ်၍ တခန်း ဝမ် ၅၀၀၀-လျှော့ယူထားသည် ဟူ၏၊

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၁၂)-ရက်၊ ၅-၅-၂၀၀၅။

**သံဃာကိုယ်စားပြုကျောင်း** လှေ့လာ၊ အကြီးဆုံးဆရာတော်ကြီးနှင့် တွေ့၊ ကိုရီးယား ဝမ်ငွေ ၁၀-သိန်း လှူလိုက်၊ ဈေးခေတ် ကိုရီးယားပြခန်း လေ့လာ၊ ရက္ကန်းများ ကျွန်ုပ်တို့ နိုင်ငံ တောရွာများ ရှိသည့် ရက္ကန်းများနှင့် ခပ်ဆင်ဆင်ပင် ဖြစ်၊ ၇၀-ကျော် အဖွားကြီးများက လက်တွေ့ ရက်ပြ၊ ကောက်ရိုးမှ အသုံးအဆောင်အမျိုးမျိုး လုပ်ပုံလည်း ပြ၊ ကောက်ရိုးအိတ် ကောက်ရိုးဖိနပ် စသည်။

ည nobles ဟိုတယ်၌ အိပ်၊ တခန်း ၃၅၀၀၀-ပေးရ၊ တယ်လီဖုံး တီဗွီ အားလုံးပါ၊ ပင်လယ်ဖက် မျက်နှာပြုထားသော ဟိုတယ်၊ ညာဘက်က တောင်ကုန်းလေးနှင့် ယင်းပေါ်တွင် ထင်းရှူးတော ရှိ၊ အတော်သာယာသည့် ဟိုတယ်ပင်၊ မိုးကလည်း တစိမ့်စိမ့် ကျနေ၏၊ ဘယ်ကို လွမ်းရမည် မသိ၊

အမှတ် ၁၀-ဟိုက်ဝေး လမ်းမကြီးကို ၁၉၇၀-ခု မေလတွင် စတင်ဖေါက်လုပ်ရာ ၁၉၇၄-ခု နိုဝင်ဘာလတွင် အားလုံးပြီး-ဟု လမ်းဖွင့်ပွဲ ကျောက်စာတွင် ရေးထား၏၊ **သမ္မတ ပတ်ချုံဟီး-** လက်ထက် ဖေါက်လုပ်ခြင်း ဖြစ်၊

http://www.dhammadownload.com



၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၁၃)-ရက်၊ ၆-၅-၂၀၀၅။

ညအိပ် ဟိုတယ်မှ နံနက် ၇း၀၅-မိနစ်ခန့် ထွက်၊ ဖူးဆန် bu san မြို့ ၁၀-နာရီခန့် ရောက်၊ စားသောက်ဆိုင်၌ ဟော့ပေါ့နှင့် တူသည့် အစားအသောက် စား၊ လေးပါး ဝမ် ၃-သောင်းခန့် ကျ၊ တစ်ပါး ဝမ် ၇၅၀၀-ခန့် ကျ၊ ပင်လယ်ထွက် ပစ္စည်း ခရု ယောက်သွား ပုဇွန် စသည်အားလုံး ထည့်၍ စားရ၊ မီးဖိုနှင့် ကိုယ်တိုင် ချက်ရမည့် သဘောပင်၊ ဘုန်းကြီးများ ဖြစ်၍ ဆိုင်ရှင်က လာချက်ပေး၊

ထေရဝါဒ ဘုန်းကြီးကျောင်း သွား၊ ဆရာတော်ကြီးများ အသက် ၈၀-ရှိနေပြီး၊ အာနာပါန အားထုတ်၍ အသက်ရှည်ဟု ပြော၊ မှန်ပြောင်းနှင့် ကြည့်က ဂျပန် လှမ်းမြင်ရသည့် ဆိပ်ကမ်းသာလည်း ရောက်၊ ကျွန်ုပ်တို့ ရောက်ချိန်၌ နှင်းများ ဝေနေ၍ ဂျပန် လှမ်းမကြည့်ခဲ့ရ၊ ည ပင်လယ်ကမ်းခြေ ဆောက်ထားသည့် တည်းခိုခန်း၌ အိပ်၊ ကိုရီးယားဘုန်းကြီးတစ်ပါးက အပြတ်ငှါးပြီးဖြစ်၍ အခန်းခ ပေးရဟန် မတူ၊ ယမန်နေ့ ညက တည်းခိုသည့် ဟိုတယ်ထက်ပင် ပင်လယ်ကမ်းခြေလှ၏၊

၁၃၆၇-ခု၊ တန်ခူးလပြည့်ကျော် (၁၄)-ရက်၊ ၇-၅-၂၀၀၅။

ဖူဆန်မြို့ အမည်မသိ တည်းခိုခန်းတစ်ခု၌ တရက် (၂၄-နာရီ) ဝမ် ၁-သိန်းပေးရဟု သိရ၊ မိသားစု ၇-ယောက်ခန့် ချောင်ချောင်လည်လည် အိပ်လို့ ရ၊ ချက်စရာ ပြုတ်စရာ အိုးခွက်ပုဂံ အစုံရှိ၊ မိသားစု ၅-ယောက်ထက်ကျော်လျှင် တည်းခိုလို့ သင့်၏၊

နေ့ ၁-နာရီ ယင်းနေရာ ကိုရီးယား ဘုန်းကြီးတပါးပိုင်သည့် စံကျောင်းပြောင်း၊ မိမိအား ပန်းခြင်းကပ်လှူ၍ ကြိုဆိုကြ။ နေ့ဆွမ်း တည်းခိုခန်းအနီး ဆိုင်၌ စား၊ ၆-ယောက် ၃-သောင်းကုန်၊

ပင်လယ်ထဲ မော်တော်ဘုတ် လျှောက်စီး၊ တယောက် ၁-သောင်း ပေးရ၊ လေကြမ်း၍ သွားနေကြ နေရာအထိ မသွား အေးလည်း အေးလှ၏၊ ကျောင်းပိုင် ဘုန်းကြီးက သူကိုယ်တိုင် E မားကတ် လိုက်ပို့၊ ကျွန်ုပ်အတွက် ဝယ်လှူသည်မှာလည်း တသိန်းကျော် ကုန်ကျမည်ဟု မှန်း၊ မလိုချင်သော်လည်း အားနာ၍ အလှူခံရ။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁)-ရက်၊ ၈-၅-၂၀၀၅။

ယောရောဘွန်း(န်)

အန်ချော(င်)ဟာရှိ(မ်)နီကာ

အားလုံး မင်္ဂလာပါ-ဟု မီလျံမြို့ ယောယောဂွန်းတောကျောင်း။

နံနက် ဘုန်းကြီးကျောင်းတကျောင်း သွား၊ ကိုရီးယားဘုန်းကြီးကျောင်း ထုံးစံအတိုင်းပင်၊ **ဂျပန်အုပ်ချုပ်စဉ်က ဘုန်းကြီးများ အိမ်ထောင်ပြုခွင့် ပေးလိုက်သဖြင့် အိမ်ထောင်ပြု ဂိုဏ်း/မပြု ဂိုဏ်း ၂-မျိုးကွဲကာ ထိုစဉ်မှ စ၍ ခရစ္စယာန်များ အားကောင်းလာ ဟူ၏၊**

နေ့ ကိုရီးယားပရိသတ်အား "မိဖကျေးဇူး"နှင့် "လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်တွေ ပါတကား" တရားဟော၊ သူတို့ အမေးကို ဖြေ၊

http://www.dhammadownload.com



ည မီလျံမြို့ ယောယောဂွန်းဆာ တောကျောင်း၌ ညအိပ်၊ ယောက်ဖခွေးခေါ် ငှက်အော်သံ ကြား၊

၁၃၆၇-ခု၊ ကဆုန်လဆန်း (၂)-ရက်၊ ၉-၅-၂၀၀၅။

ယောယောဂွန်းဆာကျောင်းမှ ၉-နာရီကျော်ခန့် ပြန်၊ ၁၀-နာရီကျော်ခန့် ရောက်၊ ရောက်ရောက်ချင်း ဆွမ်းကပ်၊ **သူတို့ ဘုန်းကြီးများက ၁၂-နာရီကျော်မှ ဆွမ်းစားလေ့ ရှိဟန်တူ၊** ကျွန်ုပ်ကို ငဲ့၍ စောစော ကပ်၊ ဖူဆန်နှင့် မီလျံမြို့လေး ကီလိုမီတာ ၈၀-ခန့် ဝေးဟန်တူ၊ ယောယောဂွန်ဆာကျောင်းကား တကယ့်တောကြီးထဲ ပင်၊

ယင်းကျောင်း ဘုန်းကြီး "ကိုယ် စိတ်ချမ်းသာမှ သူတပါးကို စိတ်ချမ်းသာအောင် လုပ်နိုင်မည်" ဟု ပြော၊ သူ့အသက် ၆၀၊ မယ်တော်ကြီး ရှိသေးသည် (၈၆)နှစ်ရှိပြီဟုလည်း ပြော၊

ဂျေးဂျူဒိုကျွန်း သွားရန် သင်္ဘောဆိပ်သို့ ဘုန်းကြီးကိုယ်တိုင် ကားမောင်း လိုက်ပို့၊ သင်္ဘော ၇-နာရီတိတိ ထွက်၊ ရိုးရိုးတန်းလက်မှတ်ကို ကပ္ပိယက အထူးခန်း တင်ပေး၊ ရိုးရိုး တသောင်း ရှစ်ထောင်၊ အထူးခန်း လေးသောင်းသုံးထောင် ဟူ၏၊ တညလုံး စီးရမည်၊ သင်္ဘောပေါ် ညစာလည်း ကျွေး၊ ဘုန်းကြီးများ ညစာ စားမည်လားဟု မေး၊ မစားဟု ပြောလိုက်၏၊ နံနက်မှ အစာအာဟာရ ကပ်မည်ဟု ပြော၊ (၁၀-၅-၀၅)နေ့ နံနက် ၆-နာရီခန့် ဂျေးဂျူဒိုကျွန်းရောက်၊

၁၃၆၇-ခု၊ ကဆုန်လဆန်း (၃)-ရက်၊ ၉-၅-၂၀၀၅။

ညက သင်္ဘောပေါ်၌ ၁၀-ကျော်သက် ကျောင်းသူ/ကျောင်းသားများ ဆူညံလှ၊ သူတို့ အုတ်ထိန်းသူ ဆရာက အသံချဲ့စက်ဖြင့် သတိပေးသော်လည်း မရ၊ ဆူမြဲ ဆူ၊ ည ကလပ် ၉-ခွဲ စမည်ဟု ကြေငြာ၊ ဘုန်းကြီးများ ဖြစ်၍ မဆိုင်သဖြင့် မသွားဖြစ်ပါ၊

ကျောင်းအမကြီးနှင့် ချောကလက်စက်ရုံပိုင်ရှင် ဒကာမကြီးတို့ လေယာဉ်မဆိုက်မီ နဂါးခေါင်းကျောက်ဆောင် ကြိုးတံတားများ သွားရောက် လေ့လာ၊ ၇-နာရီကျော်မှ ဒကာမကြီးများ လေယာဉ်ဆိုက်၊ ကားနဲ့ ကျွန်းထက်ဝက်နီးပါး လျှောက်ကြည့်၊ ရေငုပ်သင်္ဘောလေးဖြင့် ပင်လယ်တွင်း ရေငုပ်လေ့လာ၊ နာရီဝက်ခန့် ကြာ၊ ၂၇-နှင့် ၃၃-မီတာမှ လေ့လာရ၊ ပင်လယ်ကြမ်းပြင်ပေါ်၌ သဘာဝ ငါးမျိုးစုံ ကျောက်ပန်းမျိုးစုံ တွေ့ရ၊ ကျောက်ပန်းများ အဖြူရောင် အနီရောင် အပြာရောင်စသည် စုံလည်း စုံ, လှလည်း လှ၏၊ ရေငုပ်သင်္ဘောခ တယောက် ဝမ် ၅၀၀၀၀-ခန့်၊ ဝမ်ငွေတန်ဘိုးနှင့် ကျပ်ငွေတန်ဘိုးမှာ အတူလောက်ပင်ဖြစ်၊ ဆိုင်၌ ဆွမ်းစားရာ ၇-ယောက် ၇-သောင်းခန့် ကုန်၊ ဝက် ငါးထပ်သားဖြင့် ဆွမ်းစား၊ ကျွန်ုပ်တို့ဆီ၌ ၃-ထပ်သားသာ ကြားဖူး၊

ည ဒိုင်းမွန်းဟိုတယ်၌ အိပ်၊ တခန်း ဝမ် ၆၀၀၀၀-ပေးရ၊ ဂျေးဂျူးကျွန်းကား အတော်လှ၏၊ အင်ဒိုနီးရှား ဘာလီကျွန်းအလှနှင့် တူသော်လည်း ဂျေးဂျူးကျွန်းကား လမ်းပိုကောင်း၊ နိုင်ငံ စီးပွားရေး ကလည်း အင်ဒိုနီးရှားနှင့် ကိုရီးယား မိုးနှင့်မြေကြီးလောက် ကွာပါလိမ့်မည်၊ ဦးပုည စကားနှင့် ဆိုပါလျှင် ဆီးစေ့နှင့် မြင့်မိုရ်တောင်လောက် ကွာခြားမည် ဖြစ်၏၊ "ကိုရီးယားကား မြင်းမိုရ်တောင်၊ အင်ဒိုနီးရှားကား ဆီးစေ့" ဦးထုပ်တလုံး ဝမ် ၁၀၀၀၊ ပိုက်ဆံအိတ် ဝမ် ၂၅၀၀၀၊

http://www.dhammadownload.com



၁၃၆၇-ခု၊ ကဆုန်လဆန်း (၅)-ရက်၊ ၁၁-၅-၂၀၀၅။

ဂျေးဂျူးကျွန်း မရောက်သေးသောအပိုင်း ကားနှင့် လျှောက်လည်၊ သင်္ချိုင်းတခု ရောက်၊ အသုဘ ချနေသည်ကိုလည်း တွေ့ရ၊ ယင်းသင်္ချိုင်းအတွင်း၌ လမ်းများ ပေါက်နေ၊ အာရုံဆွမ်း နေ့ဆွမ်း စျေးမေး မရ၊ တယောက် ၁-သောင်းကျော်တော့ ကုန်မည်၊

တဦးတည်း စုဆောင်းထားသည် သစ်ပင်ပန်းမာလ် ပြကွင်းသို့ ရောက်၊ ဝင်ကြေး ဝမ် ၅၀၀၀ ပေးရ၊ မြန်မာပြည်ရှိသည့် အပင်များပါသည်၊ စမ်းချောင်း ရေတံခွန်စသည်တို့ကား အတုမျှသာ၊ ဆပ်ကပ်လည်း ကြည့်ခဲ့သေး၏၊ အချို့ပြကွက်မှာ **ဝိဇ္ဇာမောင်**ဆပ်ကပ်အဖွဲ့နှင့် သိပ် မထူးလှပါ၊ ပခုံးပေါ် ဝါးလုံးထောင်၍ လူတက်ရာ၌ ဝိဇ္ဇာမောင်အဖွဲ့ကပင် သာသေး၏၊ ဗမာပြည်၌ ဝါးလုံးပေါ် တက်သည့်လူက ကြိုးအထိန်း မပါ၊ ကိုရီးယားက ကြိုးအထိန်း ပါသည်။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၆)-ရက်၊ ၁၂-၅-၂၀၀၅။

ဂျေးဂျူးဒို၌ နံနက်စာစား၊ ၇-ယောက် ဝမ် ၁-သိန်း ၂-သောင်းခန့် ကုန်၊ ဟင်းစားပုဂံများ အသေးတစ်ချပ်စာမျှ ခရုတစ်ပွဲ ဝမ် ၆-သောင်း ပေးရသည်ဟု သိရ၊ နေ့ဆွမ်းကိုကား ဆိုင်ပိုင်ရှင် ဒကာမကြီး တယောက်က ကျွေး၏၊

ရုက္ခဗေဒဉယျာဉ် ဝင်ကြည့်ခ တစ်ယောက် ဝမ် ၅-သောင်း ပေးရ၊ မြန်မာပြည်၌ ပေါက်သည့် တမာ၊ ထနောင်း၊ မန်ကျီး စသည် မတွေ့ရ၊ ညနေ ၅-နာရီ လေယာဉ်ဖြင့် ဂျေးဂျူးဒိုးမှ ဆိုးလ်သို့ ပြန်၊ အချိန် ၅၅-မိနစ်သာ ကြာ၊

ဂျေးဂျူးဒို အမျိုးသားပြတိုက်သို့လည်း ဝင်ကြည့်ခဲ့သေး၏၊ ဝင်ကြေး တယောက် ဝမ် ၂၀၀၀ပေးရ၊ မြေအောက်မှ တူးဖော်ရရှိသည့် ပစ္စည်းများကား ပြတိုက်တစ်တိုက်နှင့် တတိုက် မထူးလှပါ၊ ကျောက်ကြေးအိုး အပဲ့များသာ ဖြစ်။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၇)-ရက်၊ ၁၃-၅-၂၀၀၅။

ည ကျောင်းအမကြီး အိမ်၌ပင် အိပ်ခဲ့သည်၊ သမီး ၂-ယောက်စလုံး ဝေယျာဝစ္စ လုပ်ပေးကြ၊ ယမန်နေ့က ဂျေးဂျူးလေဆိပ်၌ ကြုံရသည့်အဖြစ်အပျက်ကို မှတ်တမ်း တင်ရဦးမည်၊

အင်ဒိုနီးရှား မလေးရှားနိုင်ငံတို့၌ မူစလင်ဝန်ထမ်းများ ဖြစ်စေကာမူ ကျွန်ုပ်တို့ကို အသက်ကြီးဘုန်းကြီးမှန်း သိသဖြင့် စမ်းသပ်ကြိယာနှင့်ပင် မစမ်းသပ်၊ လုံးဝ သွားခွင့် ပြုလိုက်၏၊ ဂျေးဂျူးဝန်ထမ်းများကား အမျိုးမျိုး စမ်းသပ်ကြ၏၊ ဘုန်းကြီးမှန်းလည်း သိဟန်မတူ၊ ယနေ့အချိန်အထိ ကမ္ဘာပေါ်၌ အကြမ်းဖက်မှုမှန်သမျှ ဘုန်းကြီး မပါသေးပါ၊ သာမန် ကိုရီးယားသူ/သားများကား မသိ၍ မေးလျှင် စိတ်ရှည်လက်ရှည် ရှင်းပြကြ၏၊ ယနေ့ တကာမတယောက်ကမူ ဆင်းရမည့် မှတ်တိုင်ကျ ဘုန်းကြီးများကို ပြောပြရန်ပင် မှာလိုက်သေး၏၊ ကားဆရာကလည်း ပြောပြ၏၊

ကျောင်းအမကြီးက "တောင်မြောက် ဆွေမျိုးတွေဖြစ်ပြီး ရန်ဖြစ်နေကြသည်မှာ စိတ် မကောင်းစရာ" ဟု ပြော၊ "**သူ သမ္မတဖြစ်လျှင်ပင် လက်ရှိသမ္မတလောက် ညံ့မည်မဟုတ်**"ဟု ပြော။

http://www.dhammadownload.com



၁၃၆၇-ခု၊ ကဆုန်လဆန်း (၈)-ရက်၊ ၁၄-၅-၂၀၀၅။

ဒကာမကြီး ပါတ်(က)ရွာဟာ အိမ်က ဆွမ်းကပ်၊ သူ့အိမ်သား ကွယ်လွန် (၁၀)နှစ်ကျော် အထိမ်းအမှတ်ဟု ပြော၊ ဂျေဆာ-ဟု ခေါ်၊ သူ့စက်ရုံသစ်၌လည်း ပရိတ်ရွတ်၊

**စန္ဒိမာ**နှင့် စစ်သမိုင်းပြတိုက် နန်းဆန်တောင် စသည်သွား၊ နန်းဆန်းတောင်ထိပ်၌ မျှော်စင် ရှိသော်လည်း ပိတ်ထား၍ မတက်ခဲ့၊ စစ်သမိုင်းပြတိုက် ဝင်ကြေး ဝမ် ၃၅၀၀၊ နန်ဆန်ကေဘယ်လ် စီးခ ဝမ် ၆၅၀၀၊

စစ်သမိုင်းပြတိုက်၌ ၁၉၁၀-ခု၊ ဂျွန်လတွင် မြောက်ကိုရီးယားက ရုတ်တရက် စတင် တိုက်ခိုက်ကြောင်း ရေး၊ **တောင်ကိုရီးယား ပထမသမ္မတ ဆစ်ဂမန်ရီး**က -

"မတရားမှုကို တွေ့မြင်နေရပါလျက် ကာလည်း မကာကွယ်ရဲ မတရားကြောင်း ပြောလည်း မပြောရဲ၊ အရေးမဆိုရဲလျှင် ထိုနိုင်ငံအဖို့ သေသည်သာ"ဟု ပြောခဲ့။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၉)-ရက်၊ ၁၅-၅-၂၀၀၅။

ကျောင်းအမကြီးက ကွယ်လွန်လေပြီးသော မိဘ ယောက္ခမ ဆွေမျိုး မောင် သား စသည်ကို ရည်စူး၍ ဆွမ်းကျွေး အမျှအတန်း ဝေ၊ ယင်းကို ကိုရီးယား၌ "ဂျေဆာ" လုပ်သည်ဟု ခေါ်၊

နေ့ ဟန်ဆန်မြစ်ထဲ သင်္ဘောစီး၊ တယောက် ၉-ထောင်ပေးရ၊ ၆၃-ထပ်ရှိသည့် အဆောက်အဦလည်း တက်ခဲ့၊ ၅-ယောက် ၉၂၀၀၀-ပေးရ၊ တယောက် ၁သောင်း ၈-ထောင် ကျ၊ ကိုရီးယား မြို့တိုင်းလိုလို လမ်းဘေး ပလက်ဖေါင်းဆိုင်များ ပေါလှ၊ မြန်မာပြည် လမ်းဘေး ဆိုင်များလောက် မညစ်ပတ်၊ အစွမ်းကုန် သန့်ရှင်းသည်ဟုလည်း မဆိုနိုင်၊

ည ကျောင်းအမကြီး အိမ်၌ပင် အိပ်၊ ၆၃-ထပ် အဆောက်အဦတက်ရာ၌ ထွက်ပေါက် အတော်ရှာရ၊ မြွေ ငါးပြခန်း၌ တကောင်လုံး ဆွတ်ဆွတ်ဖြူနေသော မြွေ "ဗမာပြည်မှ"ဟု ရေးထား၊ ကျွန်ုပ် သည်အရွယ်အထိ (၇၂-နှစ်) ယင်းမြွေမျိုး မြန်မာပြည်၌ မတွေ့ဘူး၊ ကျောင်းအမကြီး သမက်က လိုက်ပို့၊ ဟန်ဆန်မြစ်ကား ရေအတော်သန့်၏၊ အိန္ဒိယမြစ်များနှင့် ကွာလှ၏၊

၁၃၆၇-ခု၊ ကဆုန်လဆန်း (၉)-ရက်၊ ၁၆-၅-၂၀၀၅။

နံနက် ၈-နာရီခန့် ဆိုးလ်အထက်ပိုင်း လျှောက် လေ့လာရန် အိမ်မှ ထွက်၊ ၁၁-နာရီခန့် ဆွမ်းဆိုင်၌ ဆွမ်းစား၊ ဝက်သားကင်နှင့် စားခြင်းဖြစ်၊ တပွဲပြင် မပေးဆိုသဖြင့် ၂-ပွဲ ယူကြရသည်၊ မီးဖို၌ ကိုယ်တိုင်ကင်စားရခြင်း ဖြစ်၏၊ ထိုဆိုင်၌ အငွေ့ထုတ်၊ အဆီစုပ်ကိရိယာ တပ်ဆင်ပေးထား၏၊ ထို့ကြောင့် အညှော် မနံ၊ တပါး ဝမ် ၁-သောင်း ၉-ထောင်ကျ၊

**ချန်ဒူးဗုမ်** ကိုးကွယ်သည်ဆိုသည့် ကျောင်း၌လည်း ရောက်၊ ယင်းကျောင်းအနီး ဆိုရက်တောင်ထိပ်ပေါ်သို့ ကေဘယ်လ်ကားဖြင့် တက်ခဲ့၊ ကျိုက်ထီးရိုးတောင် ထက်ဝက် သာသာခန့် မြင့်ပါလိမ့်မည်၊ တကယ့်ကျောက်တောင်ကြီး ဖြစ်၏၊ ရာသီဥတုကြောင့် ကေဘယ်ဆင်းမရလျှင် စွန့်စား၍ ခြေလျှင် ဆင်းရမည်ဖြစ်ကြောင်း သတိပေးထား၊ ခြေလျှင်ဆင်းလမ်း မတွေ့ခဲ့ရပါ၊ ကေဘယ်လ်ကားခ တပါး ဝမ် ၇၀၀၀၊

http://www.dhammadownload.com



ည ပင်လယ်နှင့် မျက်နှာချင်းဆိုင် ဟိုတယ်၌ အိပ်၊ တခန်း ဝမ် ၃-သောင်း ပေးရ၊ လမ်းကော်ဖီသောက်ရာ တခွက် ဝမ် ၄၀၀ ပေးရ၊ လမ်း၌ မီတာ ၆၀-အမြင့်မှ ကြိုးဆိုင်းခုန်ချသည့် ပျော်နည်းတခုကိုလည်း တွေ့ခဲ့သေး၏၊ အတက်၌ ကေဘယ်ကားဖြင့် တင်ပေးသည်၊ အဆင်းမှ ခုန်ချရခြင်း ဖြစ်၏၊ အရူးပျော်နည်းပင် ဖြစ်ပါသည်၊ နှလုံးရောဂါရှိသူဆိုလျှင် ချက်ချင်းသေသွားနိုင်၏၊ အန္တရာယ်မကင်းသော ပျော်နည်းကို ကျွန်ုပ် ဝါသနာ မပါပါ၊ **စန္ဒိမာ**တယောက်သာ ရူးရူးမိုက်မိုက် ခုန်ချခဲ့၏၊ တက်ပြီး အရှူးထခ ဝမ် ၃-သောင်း ပေးရ၊ အိပ်သော ဟိုတယ်နာမည်က ဆုတ်ချွန်းမြို့ FROWCHE ဖြစ်၏၊ လမ်းကြေးမပေးရသော လမ်းက မောင်းခဲ့သဖြင့် လမ်းကြေးလုံးဝ မပေးရ၊ လမ်း၌ တောင် ၆-လုံး ဆက်တိုက် လိုဏ်ခေါင်းဖေါက်ထားသည်ကို တွေ့ရ၊ တလုံးနှင့်တလုံး ကိုက်တရာလောက်သာ ကွာ၊

ကိုရီးယားများကား တောင်တွေလျှင် လိုဏ်ခေါင်းဖေါက်၏၊ ချောင်းတွေလျှင် တံတား ဆောက်၏။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၀)-ရက်၊ ၁၇-၅-၂၀၀၅။

မြောက်ကိုရီးယားနှင့် အနီးဆုံးနေရာ သွားကြည့်၊ မြောက်ကိုရီးယားစစ်သားများ မုခ်ပေါက်ကင်းစောင့်နေသည်ကို မှန်ပြောင်းနှင့် ကြည့်က မြင်ရ၊ သွားရသည်မှာ မလွယ်ကူ၊ တောင်ကိုရီးယား စစ်ဂိတ်များကလည်း စစ်ဆေး၏၊ နာမည်အားလုံး ရေးပေးရ၏၊ ပတ်စပို့ နံပါတ်ကိုကား မရေးရ၊ သူတို့ စစ်ဂိတ်မှ သွားခွင့်ပြု လက်မှတ်ရမှ ကားထွက်ရ၊ စစ်ဆေးရေးဂိတ်မှ နံနက် ၉-နာရီကျမှ ထွက်ခွင့်ပြု၊

အပြန် (၅-၄-၀၅)နေ့က မီးလောင်ခံရသည့် ဘုန်းကြီးကျောင်း ဝင်ကြည့်၊ ယင်းမီးမှာ မြောက်ကိုရီးယားဘက်ကိုပင် ခုန်ကျော်လောင်ကျွမ်းသည်ဟု သိရ၊ တောင်ကိုရီးယားက သွားရောက် ငြိမ်းသတ်ပေးခဲ့ရ ဟူ၏၊ ယင်းသို့ ကူညီငြိမ်းသတ်ပေးပြီး မကြာမီ တောင်ကိုရီးယားငါးဖမ်းသင်္ဘော မြောက်ကိုရီးယား ရေပိုင်နက် ဝင်လာသည်ကို ဖမ်းပြီး ချက်ချင်းလွှတ်ပေးဟု သိရ၊ "တဦးကောင်းလျှင် တဦးက ကောင်းသည်မှာ ဓမ္မတာပင်"။

တောင်ကိုရီးယား ဘုန်းကြီး တပါးက **"သင်-ဆိုသည်မှာ သင်တဦးတည်းကို ဆိုလိုခြင်း မဟုတ်၊ လူသားအားလုံးဟာ သင်ပင်ဖြစ်သည်"** ဟု နီတိရေးခဲ့၊ "ကိုယ်ချင်းစာပါ"ဟု ဆိုလိုဟန်တူ။

ဆွမ်းဆိုင်၌ ဆွမ်းစားရာ တယောက် ဝမ်၈၀၀၀-ကုန်ကျ၏၊ ဆိုင်သန့်ရှင်းသည်၊ မီးဖိုလည်း မရှိ၊ စားသူကိုယ်တိုင် ဖုတ်ကင်ကျော်လှော် စားရသော ဆိုင်မဟုတ်၊ ဆိုင်တိုင်းပေးသည့် မုန့်ညင်းချဉ်သည် အချိုအရသာ ပါနေသဖြင့် မြန်မာလျှာနှင့် မတွေ့လှပါ၊ အမဲသားချက်စသည်ကား ခံတွင်းတွေ့ပါသည်၊ မီးလောင်ကျောင်း၌ ကျွန်ုပ်လှူသည်ကား အမိုးအတွက် ဝမ်ငွေ ၂-သောင်း၊ သူတို့ ပြန်လှူသည်က ဝမ် ၂-သိန်း၊ ရှက်စရာပင် ကောင်းသေး၏၊ ချင်ချွန်းမြို့ ပရာဒါမိုတယ်၌ ညအိပ်၊ တခန်း ဝမ် ၂၅၀၀၀-သာ ပေးရ၊

http://www.dhammadownload.com



၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၂) ရက်၊ ၁၈-၅-၂၀၀၅။

ည မိုးတစိမ့်စိမ့် ရွာနေ၏၊ မိုတယ်မှ နံနက် ၇-နာရီကျော် ထွက်၊ နေ့ဆွမ်း တယောက် ဝမ် ၄၀၀၀-မျှသာ ပေးရ၊ တောင်ကိုရီးယားကို ကျူးကျော်ဖို့ လျှို့ဝှက်တူးထားသည့် မြောက်ကိုရီးယား လိုဏ်ခေါင်း နေ့(၁)နာရီမှ ဖွင့်မည်ဆိုသဖြင့် မသွားဖြစ်ခဲ့၊ ဆိုးလ် အသုဘ မီးရှို့သည့်နေရာ သွားကြည့်၊ မဖွံ့ဖြိုးသေးသော နိုင်ငံ၏ လေဆိပ်တမျှ ခန်းနား။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၃) ရက်၊ ၁၉-၅-၂၀၀၅။

သံဃာ့တက္ကသိုလ် သွားလေ့လာ၊ ဂျိုးဂျူဂိုဏ်းမှ ဦးဆောင်တည်ထောင်ထားသည့် တက္ကသိုလ်ဟု သိရ၊ အဆောက်အဦးများ ခန်းနားလှ၏၊ ပညာရပ် ခန်းနား/မခန်းနား မသိရ။ ကမ္ဘာမီးအလှ ပြပွဲသို့လည်း ရောက်၊ ဝင်ကြေး ဝမ် ၁-သောင်း ၂-ထောင် ပေးရ၊ တရုပ်နဂါး၊ ပဲရစ်အီဖဲလ် မျှော်စင်, လန်ဒန် ဘစ်ဘင်နာရီပုံစံများ မီးဆင်ပြထား၊ ပုဂံပြားများကို ပြင်သစ်အီဖယ် မျှော်စင်ပုံ ပြုလုပ်ထားသည်ကိုလည်း တွေ့ရ၊ တထိုင်ပုံတူ ဆွဲခဲ့သေး၏၊ ၁၀-မိနစ်သာ ကြမည်ဟု ဆိုသော်လည်း နာရီဝက်ခန့် ကြာ၊ ပုံတူ ဝမ် ၂-သောင်း၊ ဘောင် ဝမ် ၂-သောင်း ပေးရ။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၄) ရက်၊ ၂၀-၅-၂၀၀၅။

ဂျိုကေဆာကျောင်း သွား၍ ဥက္ကဋ္ဌဘုန်းကြီးနှင့် တွေ့၊ ပျဉ်ပြားပေါ် အက္ခရာတင်ထားသည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တွင် "ထေရဝါဒတွင် ရှိသည့် သုတ္တန်များနှင့် မဟာယာနတွင် ရှိသည့်သုတ္တန် တူသည်က ဘယ်လောက်၊ ကွဲပြားသည်က ဘယ်လောက် စသည် သုတေသန ပြုထားလျှင် ကောင်းမည်ထင်ကြောင်း" ပြောပြ။

သူကလည်း "ပင်လယ်လှိုင်းကို မကြည့်ဘဲ ရေကိုသာ ကြည့်လျှင် အတူတူပင် ဖြစ်ကြောင်း" "အသွင်သဏ္ဍာန် ကွဲပြားသော်လည်း အနှစ်သာရ တူမည်သာ" ဟု ဆိုလိုဟန် တူ၊ မစိုးရိမ်ရာပြည့် အခြေအနေပေးက ကြွရန် ပင့်ခဲ့၊

ဆွမ်းဆိုင်၌ မှိုမျှစ် စသည်နှင့် ရောချက်ထားသည့် ဒန်ပေါက်ဆွမ်းစားရာ တပါး ဝမ် ၁၂၀၀၀-ကျ၊ မြန်မာပြည်၌ ယင်းဆွမ်းမျိုး တပွဲ (၁၀၀၀) အာဏာကုန် ကျမည်ဖြစ်၊

(၆၀)ကျော် အဖိုးကြီး အဖွားကြီးများ **"ဒို့ဆိုးလ်မြို့၊ သန့်ရှင်းစို့"**ဆိုင်းဘုတ် ကိုင်ဆောင်၍ သန့်ရှင်းရေး လုပ်အားပေးနေ ကြသည်ကို တွေ့ရ။

ဆွမ်းစားပြီး ရှေးဟောင်းနန်းတော် လေ့လာ၊ အဆောက်အဦးများကား ကိုရီးယားရှိ ဘုန်းကြီး ကျောင်းများနှင့် ပုံသဏ္ဍာန် တူ၊ မျက်နှာကျက်၌ နဂါးရုပ်ကြွများဖြင့် ပြုလုပ်ထား၊ ဆေးရောင်များလည်း ထပ်ခါထပ်ခါ သုပ်နေ၍ သစ်လွင်နေသည်၊ တခါသုတ် နှစ်တရာ ခံသည်ဟု တက္ကသိုလ် ကျောင်းဆရာမတဦး ပြော၊ နေ နာရီ, ရာသီဥတုပြ နာရီလည်း တွေ့ခဲ့ရ၊ အဆောက်အဦးတိုင်း၌ မီးဖိုနှင့် အပူပေးရန် အပေါက်များ ဖေါက်ထား၏၊ မီးခိုးထွက် ခေါင်းတိုင်ကိုလည်း အဆောက်အဦး နောက်ကျော၌ ထုတ်ထား၏၊ ညီလာခံ၌ ဘုရင်ထိုင်သည့် ပလ္လင်, မှူးမတ်များ ထိုင်သည့် နေရာများ ပြသထား၊ ပလ္လင်ကား မြန်မာပြည် အမျိုးသားပြတိုက်ရှိ သီဟာသနပလ္လင်လောက် မခန်းနားပါ၊

http://www.dhammadownload.com



ရှေးခေတ်က လှံ့, ဓား, လေးများ လက်နက်အစုံ ကိုင်ဆောင်၍ နန်းတော် စောင့်နေပုံကို သက်ရှိ လူသားများဖြင့် သရုပ်ဖော်ပြသထား၊ အစောင့်စစ်သားများ တာဝန်လဲလှယ်ပုံ စစ်အခန်းအနား ကိုလည်း တနာရီ တကြိမ်ခန့် ပြဟန်တူ၊ ကျွန်ုပ်ကား နေ့နာရီပြန် ၂-ချက် တာဝန်လဲ အခန်းအနား ကြည့်ခဲ့ရ၊ ဗွီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ရလျှင် ပိုကောင်းပေမည်၊ ဝင်ကြေး ၁၉-မှ ၆၄-နှစ်အထိ ၃၀၀၀-ဝမ်၊ ၇-နှစ်မှ ၁၈-နှစ် ၁၅၀၀၊ ၆-နှစ်မှ အောက်, ၆၄-မှ အထက် ဖရီး၊

နေ့ ၄-နာရီကျော် ဗောဓိရိပ်သာရောက်၊ ရိပ်သာရဟန်း ၂-ပါးအနက် တပါးက **ဗုဒ္ဓရက္ခိတ**၊ တပါးက **ခေမိန္ဒ**-ဟူ၏၊ ထေရဝါဒ ရဟန်းများသာ။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၄) ရက်၊ ၂၁-၅-၂၀၀၅။

ည မဟာဗောဓိရိပ်သာ၌ အိပ်၊ နံနက် ဟန်မြစ်ဘေး လမ်းလျှောက်၊ ဟန်မြစ်ဘေး၌ ဖြုတ်ကောင်ကလေးများ ပေါလှ၏၊ ညနေ ၅-နာရီ မဟာဗောဓိရိပ်သာ၌ တရားဟော၊ အင်တာနက် ကြေငြာထား၍ ခရစ္စယာန်များပင် လာတရားနာ။

၁၃၆၇-ခု၊ ကဆုန်လဆန်း (၁၅) ရက်၊ ၂၂-၅-၂၀၀၅။

ယမန်နေ့ညက မဟာဗောဓိရိပ်သာ၌ပင် အိပ်၊ နံနက် ၈-နာရီခန့် ကျောင်းအမကြီးနှင့် သမက်တို့ ကားနှင့်လာကြို၊ **စန္ဒိမာ**ကျောင်း ၉-နာရီကျော်ခန့် ရောက်၊ ဆွမ်းစားပြီး နေ့ ၁၂-နာရီကျော်ခန့် မြန်မာကိုရီးယားရော ပရိသတ် တရားဟော၊ ပြီး ခဏနား၍ စာအုပ်ဆိုင် သွား၊ ကြီးလှ စုံလှ၏၊ စာအုပ်ဆိုင်၌ လျှောက်ကြည့်နေစဉ် ကျောင်းအမကြီးသားမက် ကားဖြင့် လာကြို၊ လမ်း ကျောင်းတကျောင်း ဝင်ကြည့်၊ ကိုရီးယား မဟာယာနကျောင်းများ တောထဲ၌ချည်း ဖြစ်၊ စမ်းချောင်း ထင်းရှူးပင်တော ကျောင်းတိုင်းရှိ၊ ယနေ့ ဝါကပ်ကြမည်ဟု ပြော၊

**စန္ဒိမာ**ကျောင်း၌ ဆွဲဇ်ဘုန်းကြီး ရှုရှမှ ဘုန်းကြီးတို့ လာတွေ့၊ ဆွဲဇ်ဇာလန် ဘုန်းကြီးက "ရုပ်ဝတ္ထု ပြည့်စုံသော်လည်း စိတ်ချမ်းသာမှု မရကြောင်း" ပြော၊ "စိတ်နဲ့ ထိန်းမှ စိတ်ချမ်းသာမှု အပြည့်အဝ ရနိုင်ကြောင်း" တရားဟောရ၊ သူ ဆွစ်ဇာလန်နိုင်ငံ မပြန်သည်မှာ (၁၃)နှစ်ခန့် ရှိပြီဟု ပြော၊ "နိုင်ငံ သံယောဇဉ်ပြတ်သလို မိမိ ခန္ဓာကိုယ်ပေါ်၌လည်း သံယောဇဉ်ပြတ်ရန် လိုကြောင်း" ပြောရ၊

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၁) ရက်၊ ၂၃-၅-၂၀၀၅။

ယမန်ညက ကျောင်းအမကြီး အိမ်၌ပင် အိပ်ခဲ့၊ နေ့ **စန္ဒိမာ**ကျောင်း သွား စာကြည့်၊ ညနေ လမ်းလျှောက် ဒကာမကြီး ခြံကြည့်၊ ပရိတ်ရွတ်ခဲ့၊ ဒကာမကြီးက သူ လွန်ခဲ့သည် အနှစ် ၂၀-က စပါးစိုက်ကြောင်း၊ ဗမာပြည်မှာ သစ်ပင်မျိုးစုံ စိုက်နည်းမမှန်၍ အသီးနည်းကြောင်း၊ သူတို့ ကိုရီးယားတွင် ငရုပ်တပင် အသီး ၁-တောင်းခန့် ရကြောင်း ပြော၊ နှင်းဆီခြံတခြံ လေ့လာ၊ နှင်းဆီပင်သည် ဗမာပြည် ရာသီဥတုမျိုးသာ ပေါက်သော အပင်ဖြစ်၏၊ ကိုရီးယား၌ ဗမာပြည်

http://www.dhammadownload.com



ရာသီဥတုနှင့် တူအောင် ဖရိန်ပါ အမိုးလုပ်ပြီး စိုက်ကြရ၏၊ စရိတ်အတော် ကုန်ကျသည့် လုပ်ငန်း ဖြစ်သည်၊ တပွင့် တထောင်ခန့် ရ၏။

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၂) ရက်၊ ၂၄-၅-၂၀၀၅။

ဒကာမကြီးများက ကိုရီးယား ရိုးရာဆိုင်တွင် ဆွမ်းကပ်၊ တမျိုးပြီး တမျိုး စားစရာ လာချ၊ ၁၅-မျိုးထက် မနည်း၊ စားလို့ ရသည်မှာ (ဗမာ လျှာနှင့်တွေ့ခြင်းကို ဆိုလို၏) ဟင်းချိုနှင့် အာလူး ကတ်တလိပ် ဆန်ဆန်သာ၊ အာလူးကတ်တလိတ်မှာ သကြား(အချို) အရသာ ပါနေ၍ သိပ်စား မကောင်းလှ၊

ဆွမ်းစားပြီး ယိုးဒယားသံရုံးသွား ဗီဇာ လုပ်၊ ဖေါင်ဖြည့်ပြီးမှ စပွန်ဆာ မပါ၍ မတင်ခဲ့ရ၊ အမေရိကန် သွားစဉ်က (၂၀၀၁-ခု) ဂျပန်မှ ပင့်ရာတွင် စပွန်ဆာ လေယာဉ်လက်မှတ် အားလုံး တင်ပြနိုင်ပါလျက် ကြားဖြတ်ဗီဇာ မရ-ဟု ပယ်ချခဲ့သည်၊

ယခု ယိုးဒယားသံရုံးက စပွန်ဆာမပါ၍ အတင်ပင် မခံ၊ ဗီဇာထုတ်မပေးနိုင်ခြင်း၏ အဓိက အကြောင်းရင်းမှာ **ကျွန်ုပ်တို့ နိုင်ငံက ဆင်းရဲမွဲတေ၍ပင် ဖြစ်မည်**ထင်ပါသည်၊

ဆိုးလ်မြို့ အမေရိကန်သံရုံးမိသားစု နေသောနေရာ၌ အိမ်ခြံဝင်းအမြင့်ကြီး ကျောက်တံတိုင်း ကာထား၏၊ နောက်ဖေးလော မျက်နှာစာလော မပြောတတ်၊ ရေဆိုးများ ရှိနေသည်။။

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၃) ရက်၊ ၂၅-၅-၂၀၀၅။

တရုပ်စားသောက်ဆိုင်တွင် ဆွမ်းစား၊ ၃-ပါး ဝမ် ၁-သိန်း ၅-သောင်း ကျ၏၊ နေရာနှင့် ဝန်ဆောင်မှုကြောင့် ဈေးကြီးခြင်း ဖြစ်၏၊ အစားအစာမှာ ယမန်နေ့က ဆိုင်နှင့် မထူးလှပါ၊ ဟင်းချိုတခွက်သာ ဗမာလျှာနှင့် တွေ့၏၊ မြန်မာပြည်၌ တသိန်းခွဲ အကုန်ခံလျှင် သံဃာ (၅၀)ခန့် ကောင်းကောင်းကျွေးလို့ရကြောင်း ကျောင်းအမကြီးကို ပြောပြ၊

ဆွမ်းစားပြီး မြောက်ကိုရီးယားများ လျှို့ဝှက်စွာ ဖေါက်လုပ်ခဲ့သည့် လိုဏ်ခေါင်းကြီး သွားကြည့်၊ အရှည် မီတာ (၇၀၀)ခန့် ရှိမည် ထင်၊ လိုဏ်ခေါင်းကြီးထဲ ရထားကလေးနှင့် ပို့ပေး၏၊ ပြေးချိန် မိနစ် (၂၀)ကျော်ခန့် ကြာ၊ မြောက်ကိုရီယားနှင့် ကီလို အနည်းငယ်သာ ဝေး၏၊

မှန်ပြောင်းနှင့် ကြည့်ရာ မြောက်ကိုရီးယား ကလေးငယ်များ ရေချိုးနေကြသည်ကိုရင်း၊ လူကြီးများ လယ်ယာလုပ်နေကြသည်ကိုရင်း မြင်ရ၊ မြို့ကြီးတစ်မြို့လည်း မြင်ရ၊ ငြိမ်းချမ်းရေး ယူပြီးမှ လိုဏ်ခေါင်းကို လျှို့ဝှက်ဖေါက်လုပ်ခြင်း ဖြစ်၊ တောင်ကိုရီးယားက ၁၉၇၄-ခုနှစ် နိုဝင်ဘာလ (၁၅)ရက်နေ့ကျမှ ပထမ လိုဏ်ခေါင်းကို ပထမဆုံး တွေ့ရခြင်းဖြစ်၊

သတင်းထောက် ထင်ရသူများက ပြုံးသဖြင့် " ညီညွတ်ခြင်းသည်သာ ကောင်းကြောင်း၊ ဘုရားရှင်က **သမဂ္ဂါနံ တပေါ သုခေါ**-ဟု ဟောခဲ့ကြောင်း" ပြောခဲ့ရ၊ ဗွီဒီယို ကင်မရာနှင့် ဓာတ်ပုံများလည်း ရိုက်ယူ၊ အသံလည်း သွင်းထား၊ လိုဏ်ခေါင်းဝင် ရထားခ၊ ပတ်ဝန်းကျင် လည်ပတ်ခ၊ ကားခ အပါအဝင် တပါး ဝမ် ၁-သောင်း၂-ထောင် ပေးရ၊ ဒိုနာဆန်ဘူတာနှင့် ဆိုးလ်မြို့ ကီလိုမီတာ ၅၀-ကျော်ခန့်သာ ဝေး၊ ဆိုးလ်နှင့် ပြုံယမ်း ကီလိုမီတာ (၂၀၀)ကျော်သာ ဝေး။

http://www.dhammadownload.com



၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၄) ရက်၊ ၂၆-၅-၂၀၀၅။

ချောကလက် ဒကာမကြီးက သူ့ကားအသစ်နှင့် ပို့ပေးသဖြင့် ဆွမ်းဘုန်ဆာ ထပ်သွား၊ ဘုန်းကြီးထံ အနှိပ်ခံ၍ အပြန် yeosu (ရဲအောဆူ)မြို့၌ ပင်လယ်ထဲ သင်္ဘောအပျော်စီး၊ တစင်းလုံး လူ ၉၀-ဆန့်သော်လည်း ၁၅-ယောက်ပင် မပြည့်၊ အချိန်စေ့က ထွက်ပေးသည်သာ၊ ယင်းဆိပ်ကမ်း၌ မီးပြတိုက်တခု နှစ်တရာကျော် ရှိပြီဟု သိရ၊

အပြန်လမ်း၌ ဝဲယာ တောင်ပတ်လည် ဝိုင်းနေသဖြင့် ရှုမျှော်ခင်း ကောင်းလှ၊ သည်လောက် ဝေးသည့် ခရီးမျိုး မြန်မာပြည်ဆိုလျှင် နေ့ချင်းပြန် မဖြစ်နိုင်၊ လမ်းလည်းကောင်း ကားလည်း ကောင်း၍ နေ့ချင်းပြန်နိုင်ခြင်း ဖြစ်၊ ည ကျောင်းအမကြီးအိမ် အိပ်၊

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၅) ရက်၊ ၂၇-၅-၂၀၀၅။

ဘာလီဆန် (ဂျုံ) ဆန်ပြုတ်လုပ်၍ သောက်၊ ကျောင်းအမကြီးက "ကိုရီးယား စစ်ပွဲကာလတွင်း ဘာလီဆန် အနဲငယ်ထည့်၍ သစ်ရွက်နှင့် ပြုတ်စားကြရကြောင်း" ပြောပြ၊ "စစ်ပွဲကာလအတွင်း သူ့မိဖဆွေမျိုးများ တရက်ပေါ်လာနိုး စောင့်သော်လည်း ပေါ်မလာ ကြကြောင်း၊ သူ့ထက်အကြီး အမကြီးမှာ အသက်အရွယ်အရ သေလောက်ပြီး ဖြစ်ကြောင်း၊ အငယ်များကမူ ရှိနိုင်သေးကြောင်း၊ စုံစမ်း၍ မရသေးကြောင်း" ပြောပြ။

ကိုရီးယားမင်္ဂလာဆောင် သရုပ်ပြပွဲ ကြည့်ရ၊ ဘိသိက်ဆရာစသည်လည်း ပါ၊ ကိုရီးယား ယိမ်းလည်း ကြည့်ရ၊ အမျိုးသမီး အမျိုးသားယိမ်း အစုံ၊ နိုင်ငံခြားသားများ အများစု လာရောက်သည့် နေရာ၌ သရုပ်ပြခြင်း ဖြစ်၊

မြန်မာ ၁၀၃၀-ခုနှစ်၌ အင်းဝ"**နရာဝရမင်း**"တက်၊ ယင်းလက်ထက် တိလောက ဂုရု ၆-ပါး၊ (လေးမြိုင်၊ လောကကြေးမုံ စာ-၁၈၉)

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၆) ရက်၊ ၂၈-၅-၂၀၀၅။

ချာရီဆော-နေကောင်းရဲ့လား?

ချားလ်ဒိုချပ်(က်)စက်တာ-နောက်ပြီး

ဂေါင်ဂန့်ချို့ရှင်း-ကျန်းမာရေး ဂရုစိုက်၊

ဗိုက်ဆာနင်-ဒကာမကြီး(အာလုပ်)

မြို့ထဲ လျှောက်လည်ရုံမျှသာ၊ ဒကာမကြီး သမက်ငယ်က နိုင်ငံတကာကွန်ဗင်းရှင်း စင်တာ လိုက်ပို့သော်လည်း ကားပါကင်မရှိ၍ မတက်ခဲ့ရ၊ ကျွန်ုပ် တရားဟောပုံ သတင်းစာထဲ ပါလာ။

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၇) ရက်၊ ၂၉-၅-၂၀၀၅။

နံနက် ၁၀-နာရီခန့် အင်ချွန်းလေဆိပ်မှ ထွက်၊ ထိုင်းစံတော်ချိန် ၂း၃၀-ခန့် ဘန်ကောက် လေဆိပ် ရောက်၊ လေယာဉ်ပျံသန်းချိန် ၅-နာရီခန့်သာ ကြာ၊ ကိုရီးယားနှင့် ထိုင်း ၂-နာရီကျော်ခန့် ကိုရီးယားက စော၊ ကျွန်ုပ်တို့ ထိုင်းရောက်ချိန်၌ ကိုရီးယားတွင် ညနေ ၄-နာရီကျော်နေပြီ၊

http://www.dhammadownload.com



ဘန်ကောက် လေဆိပ်မှ ညနေ ဘန်ကောက်စံတော်ချိန် ၆-နာရီခန့် ထွက်၊ ရန်ကုန် ၆း၃၀-သာသာ ရောက်၊ ဘန်ကောက်နှင့် ရန်ကုန်မှာ ဘန်ကောက်က နာရီဝက် စောသည်၊ **အဋ္ဌည**နှင့် **လှလှဝင်း**တို့ ဖနီးမောင်နှံ လာကြို၏။

၁၃၆၇-ခု၊ ကဆုန်လပြည့်ကျော် (၈) ရက်၊ ၃၀-၅-၂၀၀၅။
မစိုးရိမ် ဂန္ထဘုန်းကြီး(**ဦးသုမန**) ပျံတော်မူ ဟူ၏၊

http://www.dhammadownload.com



ဒေါ်မမလေး၏ ပင့်ဖိတ်ချက်အရ
ယိုးဒယားသို့ ခရီးသွားသည်။
ခရီးသွားမှတ်တမ်းကို အောက်၌ ဖော်ပြထားပါသည်။

၁၃၆၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက်၊ ၂၉-၁၁-၂၀၀၅။
ယိုးဒယား သွားရန် မန်းမှ အဲယား ပုဂံ လေကြောင်းလိုင်းဖြင့် ၈း၃၀-ခန့် ထွက်၊ ရန်ကုန် ၁၀-နာရီခန့် ရောက်၊ **မောင်အေးကို** လာကြို၊ သူတို့အိမ်၌ပင် ဆွမ်းစား၊ ဟိုတယ်တည်းရန် စီစဉ်ထားသော်လည်း ဟိုတယ်မနေချင်သဖြင့် ဓမ္မာစရိယ တက္ကသိုလ်၌ပင် တည်း၊ **မောင်အေးကို** ကား (ယမန်နှစ်ကဟု ထင်သည်) မေမြို့ ဇေတဝန်မစိုးရိမ် လာရောက် အလှူပေးဖူးသူတည်း၊ ထိုစဉ်က ကျွန်ုပ် တရားဟောခဲ့၊ ယိုးဒယား ခရီးစဉ်ကား ကျကျနန မသိရသေး၊ **မောင်အေးကို** အပြောအရ (၈-၁၂-၀၅) ပြန်ရောက်မည်ဟု သိရ။

၁၃၆၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅)ရက်၊ ၃၀-၁၁-၂၀၀၅။
ဓမ္မမောဋ္ဌသီလရှင်ကျောင်း အနေကဇာတင်ပွဲ သွား။

၁၃၆၇-ခု၊ နတ်တော်လဆန်း (၁)ရက်၊ ၁-၁၂-၂၀၀၅။
ရန်ကုန်မှ နံနက် ၉း၅၀-နာရီခန့် ထွက်၊ ဘန်ကောက် ၁၁-နာရီခန့်ရောက်၊ ဘန်ကောက်မှ ကဉ္စနပူရီ ဓာတ်တော်ပူဇော် ကားတန်းဖြင့် လာ၊ လမ်း ၄-နေရာခန့် ရပ်နား၊ အပူဇော်ခံ၊ မန္တလေး ဝင်းခင်း၍ အလှူလှည့်သလို လာရသဖြင့် ခရီး မတွင်ပါ၊ မိုင် ၅၀-ကျော်ခန့် ဝေးသော ခရီး ၇-နာရီကျော်ခန့် လာရ၏၊ ည မြန်မာယိုးဒယား နယ်ခြားတိုက်ပွဲ သရုပ်ပြသည်ကို ကြည့်ရ၊ နှလုံးရောဂါသမား ဆိုလျှင် ပစ်သံခတ်သံကြားရသည်နှင့် ဒုက္ခများနိုင်၏၊

FELIX RIVER KWAI RESORT ဟိုတယ်၌ ညအိပ်၊ အခန်းခ ဘယ်လောက်ပေးရသည် မသိ၊ ဗီဇာကြေးမှာမူ us ၂၅-ဒေါ်လာဟု သိရ၊

၁၃၆၇-ခု၊ နတ်တော်လဆန်း (၂)ရက်၊ ၂-၁၂-၂၀၀၅။
ည ဟိုတယ်၌ အိပ်ကောင်းပါသည်၊ အဲယားကွန်း အေးလွန်း၍ ပိတ်ထားရ၊
ယနေ့ နံနက် ကျင်းပသည့် ဓာတ်တော်များ ဘုန်းကြီးကျောင်းပင့်ပွဲကား ယမန်နေ့ကထက် စည်ကားသေး၏၊ မြို့လုံးကျွတ် လူထု ခြေလျင်လိုက်ပါ ပူဇော်ကြ၏၊ ကျောင်းသူကျောင်းသား ဘင်ခရာ အဖွဲ့ စစ်ဘင်ခရာအဖွဲ့များလည်း ပါ၊ အလံကိုင်အဖွဲ့ပင် များစွာပါဝင်၊ အလံကိုင် အဖွဲ့နောက် ဘင်ခရာအဖွဲ့စသည်ဖြင့် အစီအစဉ် ကျေငြာနေစရာမလို၊ ဘယ်အဖွဲ့နောက် ဘယ်အဖွဲ့ လိုက်ရမည်ဟု သိပြီးဖြစ်နေဟန် တူ၏၊ ကျွန်ုပ်တို့ မြန်မာပြည် အခန်းအနားများနှင့် ကွာလှ၏၊ မြန်မာပြည်၌ကား အစီအစဉ်တည့်အောင် အာပေါက်မတတ် အော်ရ၏၊ အော်သည့်အထဲကပင် ကမောက်ကမ ဖြစ်သေး၏၊ အခန်းအနား၌ ယိုးဒယား သံယာများက ယိုးဒယားသံဖြင့် ရွတ်ဖတ်၏၊

http://www.dhammadownload.com



ကျွန်ုပ်တို့ မြန်မာသံဃာများကလည်း မြန်မာအသံထွက်အတိုင်း ပရိတ်ရွတ် ချီးမြှောက်ကြ၊ အမိုးဖွင့် စစ်ဂျစ်ကားများဖြင့် လိုက်ပါရ၏၊

ညနေ မြို့ထဲသွားရာ တက္ကစီခ အသွားအပြန် ဘတ်(၃၆၀) = ကျပ်ငွေ (တသောင်းကျော်) ပေးရ၊ **လွင်မောင်မောင်** ပြောင်းဖူးဖုတ် တဖူး ဝယ်စားရာ ကျပ် ၁၅၀-ခန့် ပေးရ၊ ဘတ် (၅)ဘတ်၊ ထားဝယ်သူ **မနန်းယု**နှင့် တွေ့၊ မုတ်ဆိတ်ရိပ် ဓား ဝယ်လှူ၊ မြန်မာမှ ရဟန်းများ ထင်၍ ဆိုင်မှ ထွက် နှုတ်ဆက်၊

၁၃၆၇-ခု၊ နတ်တော်လဆန်း (၃)ရက်၊ ၃-၁၂-၂၀၀၅။

ကဥ္စနာပူရီမှ ဘန်ကောက် အလာလမ်း နဂုမ်ပထုံး၌ ဆွမ်းစား၊ ဘုရားဖူး၊ စေတီမုခ်ထဲတွင် ရှိသည့်မတ်ရပ် ရုပ်ပွားတော်ကား ပုဂံ အာနန္ဒာဘုရားရှိ ရုပ်ပွားတော်နှင့် တူ၊ ဆွမ်းပွဲ၌ ပုဇွန်ထုပ် ချဉ်ရည်လည်း စား၊ ဆွမ်းစား အပြီးအုန်းစိမ်းရည်လည်း သောက်၊ ဘာမှ မဖြစ်ရင် ကံကောင်း၊

ဇေတဝန်ထောင် ကျယ်ဝန်းသည့် ကွင်းပြင်ကြီးထဲ ပူဇော်ထားသည့် ရပ်တော်မူ ရုပ်ပွားတော် လည်း ဝင်ဖူး၊ ဘေးပတ်လည်၌ ဇရပ်ပေါင်းများစွာ ဆောက်ထား၊ ဘန်ကောက် dma ဟိုတယ်၌ တည်း၊ တရက် ဘတ်ငွေ ၂-သောင်း၊ တစ်ခန်း ၆-သိန်းခွဲခန့် ပေးရမည်ဟု မှန်း၊

ည **လွင်မောင်မောင် မောင်ငယ်**တို့နှင့် ဘန်ကောက် စည်ကားသည့် ရပ်ကွက်သို့ လျှောက်လည်၊ စူပါမားကက်ကြီး တခုလည်း ရောက်၊ ယင်းပေါ်၌ မုံလာဥနီ ဖျော်ရည်သောက်ရာ ဘတ် ၄၀-ကျ၊ တဘတ် ၃၀-ကျပ်နှင့် ညီမျှ၊ စူပါမားကက်ပေါ်၌ ရွှေတိဂုံ တပေါင်းပွဲလို မန္တလေး တောင်ပြီးပွဲလို လူစည်ကား၊ USA နယူးယောက်မြို့ မေစီဆိုင်ကြီးကား အထပ်လည်းများ၊ ကျယ်လည်း ကျယ်လှ၏၊ လူစည်ကားမှုကား ဘန်ကောက် စူပါမားကက်လောက် ရှိမည် မထင်၊

၁၃၆၇-ခု၊ နတ်တော်လဆန်း (၄)ရက်။ ၄-၁၂-၂၀၀၅။

DMA ဟိုတယ်၌ ည အိပ်ကောင်း၊ နံနက် ၆း၃၀-ခန့် ဘရိတ်ဖတ်စ်တ်(နံနက်စာ) ရ၊ ဘူဖေးတဝက် ဆားဗစ်တဝက်၊ အချို့အစားအသောက်များ ကိုယ်တိုင် ယူစားရ၊ ကော်ဖီ ကြက်ဥကျော် စသည်ကိုကား စဖို့မှူးဝန်ထမ်းများက ပြုလုပ်ပေး၏၊

နံနက်စာ စားပြီး ၉-နာရီကျော်ခန့်၌ အယုဒ္ဓယရှေးဟောင်းမြို့တော်သွား ရိုက်ဖတ် တက္ကစီ ဘတ်(၂၅၀၀) ပေးရ၊ **ဒေါ်မြမြလေး**တို့က စားရိတ်ခံ ကုသိုလ်ပြု၊ မြစ်ကမ်းဘေး ဘန်းဘူဟောက်စ်၌ ဆွမ်းစား၊ ဘုန်းကြီး ၅-ပါး၊ လူ ၆-ယောက် စားစရိတ် (  ) ရှင်းရ၊ ဝပ်မဟာထပ် ဘုရားတွင်း ဝင်ခ အမျိုးသားပြတိုက်ဝင်ခ တယောက် ဘတ်(၃၀)၊ ဘုန်းကြီးများ အခလွတ်ပင်၊ ဘုရားတိုင်း ကျွန်ုပ်တို့ မြန်မာပြည် မန္တလေးမြို့ မဟာမုနိ ဘုရားကြီး ဝါဆိုလပြည့် တပို့တွဲလပြည့်နေ့လို လူစည်ကားသည်ကို တွေ့ရ၊ စနေနေ့ တနင်္ဂနွေနေ့ ဘုရင်မွေးနေ့ အားလပ်ရက် ၃-ရက် ဆက်တိုက်ဖြစ်နေ၍ လူစည်ကား ဟု သိရ၊ နက်ဖြန် (၅-၁၂-၀၅)နေ့ကား ဘုရင်မွေးနေ့။

http://www.dhammadownload.com



ကောင်းကင်ရထား ၆-ဘူတာခန့် အသွားအပြန်စီး၊ စစီးသော ဘူတာကား ချစ်ယုံ၊ ယင်းဘူတာ ရထားဝန်ထမ်းတယောက်က ဘုန်းကြီးများ အခမဲ့စီးခွင့်ပြု၊ ဘူတာတိုင်း ယင်းဝန်ထမ်း ရှိမည် မထင်သဖြင့် လိုက်ပို့သော **မောင်ညွန့်ရှိန်နှင့် ဇော်နိုင်**တို့က လက်မှတ်ဝယ်လာကြ၊ ဘုရား၌ ဆင်လည်း စီးခဲ့သေး၏၊ တယောက် ဘတ် ၁၀၀-ပေးရ၊ ဆင်စီးသော ဓာတ်ပုံကိုကား ဘတ် ၁၆၀-နှင့် ရွေးရ၊ ဘန်ကောက်ကား ဘတ်စ်ကားနှင့် သွားလျှင် ကားကြပ်၍ လိုရာခရီး ရောက်ခဲ၏၊ ခြေလျင် သွားလျှင် လူကြပ်၍ လိုရာခရီး ရောက်ခဲ၏။

၁၃၆၇-ခု၊ နတ်တော်လဆန်း (၅)ရက်၊ ၅-၁၂-၂၀၀၅။

နံနက်ပိုင်း မြဘုရားသွားဖူးရန် ဖြစ်သော်လည်း ဘုရင်မွေးနေ့ အခန်းအနားနှင့် ကြုံနေ၍ ဝင်ခွင့် မပြု၊ ဆေးရုံ မှတ်ပုံတင်ခဲ့ရ၏၊ ဆေးရုံမှတ်ပုံတင်ပြီး **ကိုအေးအိမ်**မှ ဆွမ်းကျွေး၊ **ဝါဝါဝင်းရွှေ**နှင့် တွေ့၊

နေ့ မြဘုရားသွားရာ လူများလွန်း၍ မဖူးခဲ့ရ၊ အာရုံခံက လူ ၅-ရာလောက် ဆုံသည်၊ စောင့်နေသည့်လူက သောင်းချီ ရှိနေ၏၊ ဝင်ရန် အဆင်မပြေသဖြင့် ဘိုင်ရုပ်ဟိုတယ် သွားတက်၊ ၈၄-ထပ်ရှိ အထက်ဆုံးထပ်မှ တမြို့လုံး မြင်ရ၊ လှည့်ပတ်ပြသော အသားအခင်းပျက်နေ၍ ခြေလျင် လှည့်ပတ်ကြည့်ရ၊ ည **မောင်ငယ် လွင်မောင်မောင်**တို့နှင့် စူပါမားကက်တခု သွား၊

၁၃၆၇-ခု၊ နတ်တော်လဆန်း (၆)ရက်၊ ၆-၁၂-၀၅။

ဘန်ရှူးဂရက်ဆေးရုံ၌ ဆေးစစ်၊ တပါး ဘတ် ၆-ထောင်၊ မြန်မာ ၁-သိန်း ၈-သောင်းခန့်၊ ဆေးစစ်ပြီး မြဘုရားသွားသော်လည်း အခန်းအနားနှင့် ဆုံနေ၍ မဝင်ခဲ့ရ၊ သံအမတ်အိမ် ဆွမ်းစား၊ ပြီး ပတ္တရားသွား၊ ပတ္တရားမြို့ကား ပင်လယ်ကမ်းခြေမြို့ ဖြစ်သဖြင့် အတော်လှ၏၊ ကျွန်ုပ်တို့ ရောက်ချိန်၌ နိုင်ငံခြားခရီးသည် သိပ်မတွေ့ရပါ။

တောင်ကမ်းပါးယံ၌ တစ်ကြောင်းဆွဲ ပန်းချီဆွဲထားသည့် ဘုရားပုံတော် တွေ့ရ၊ နှစ်ကြာသေး ဟန် မတူပါ၊ စာရေးထားသော်လည်း ယိုးဒယားစာချည်းသာ ဖြစ်နေသဖြင့် မဖတ်တတ်။

၁၃၆၇-ခု၊ နတ်တော်လဆန်း (၇)ရက်၊ ၇-၁၂-၀၅။

၇း၃၀ ဟိုတယ်မှ ထွက်၊ ဆေးစစ် အဖြေသွားယူ၊ ရောဂါကြီးကြီး မရှိ၊ သံဓာတ် နည်းသည်ဟု ပြော၊ ၈-နာရီကျော် မြဘုရား သွား၊ ယနေ့တော့ ဖူးခဲ့ရပါသည်၊ ဉာဏ်တော် တပေခွဲသာသာ လောက်သာ ရှိမည်ထင်၊ ဘုရားဖူးခ ဘတ် ၂၅၀-ပေးရ၊ နိုင်ငံသားများကိုကား အခကြေးငွေ မယူ၊ နိုင်ငံခြားသားလည်း အတော်အလာများသည်၊ ဘုရား ဝင်ငွေကောင်းပါလျက် ပရိဝုဏ်အတွင်း ခင်းထားသည့် ကျောက်ပြားများကား မကောင်းလှ၊ ရုပ်ပွားတော် ကိန်းဝပ်သည့် အာရုံခံတန်ဆောင်း ဘေး ၅-ပေခန့်မျှသာ ကျောက်ပြားကောင်း၏၊ နေ့စဉ် နံနက် ၈-နာရီ ဘုရား စဖွင့်၊ ညနေ ၃း၃၀-နာရီ ပိတ်၊

http://www.dhammadownload.com



ဘန်ကောက်မြို့ထဲ၌ ၃-ရက် ဆက်တိုက်လည်ရာ ဆွမ်းခံသံဃာ နှစ်ပါးသာ တွေ့၊ ဒါသည်ပင် တရက်ထဲ တွေ့သည်မဟုတ်၊ ခြုံပြောရလျှင် ဘန်ကောက်မြို့ကြီးကား နောက်ဖေးလမ်းကြားများ၌ ညစ်ပတ်သည်က များ၏၊ လမ်းဘေး ပလက်ဖေါင်း ဈေးသည်လည်း ပေါလှ၏၊ အစားအသောက် အဝတ်အထည် ကုန်မျိုးစုံ လမ်းဘေး ရောင်းကြ၏၊ အင်ပိုရီကန်ဟိုတယ်၌ နေ့ဆွမ်းစားရာ ၂-ပါး ၉၁၈-ဘတ် ကုန်ကျ၏၊

ညနေ ၄-နာရီ ဟိုတယ်မှ ထွက်၊ လေဆိပ် ၄-နာရီခန့် ရောက်၊ ဒုံမောင်းလေဆိပ်မှ ၅း၁၀-နာရီထွက်၊ ရန်ကုန် ၆း၄၅-နာရီ ရောက်၊ ကျွန်ုပ် ရောက်ခဲ့သမျှ ယိုးဒယား လမ်းများကား မလေးရှား လမ်းများကိုပင် မမှီ၊ ယိုးဒယားလမ်းများထက် မလေးရှား လမ်းများက ကောင်း၏၊ မလေးရှားလမ်းများထက် တောင်ကိုရီးယား လမ်းများက ပိုကောင်းသည်၊ သန့်ရှင်းမှု တောင်ကိုရီးယား ဆိုးလ်မြို့က အသာဆုံးဖြစ်၏၊ ဘန်ကောက် ရန်ကုန် လေယာဉ်ခ အသွားအပြန် အထက်တန်း ဒေါ်လာ ၃၃၀-ပေးရသည်ဟု သိရ။

မည်သူကိုမှ၊ မညှာကြနှင့်၊ မိဘဆရာ၊ ဖြစ်စေကာလည်း၊ သူဟာ ဗာလ၊ ပဏ္ဍိတဟု၊ ကျန ခွဲလှစ်၊ တွေ့တိုင်းစစ်၊ စနစ်ကျစေကွယ်။ (ကိုယ်ကျင့်အဘိဓမ္မာ)

မောဟ ပိတ်ဆို့၊ ပညာချို့သည့်၊ လူတို့ဥစ္စာ၊ များတုံပါလည်း၊ မဟာသမုဒ်၊ ရေအစုပ်သို့၊ သောက်ထုတ်သုံးချိုး၊ ဘယ်သူမျိုးမှ၊ အကျိုးမရ။ (မဃဒေဝ)

ပဏ္ဍိတတို့၊ ဓန မူကား၊ နည်းပြားပစေ၊ တွင်းထွက်ရေသို့၊ ဗိုလ်ခြေအားလုံး၊ သောက်သုံး ချမ်းသာ၊ ပြီးတတ်စွာရှင့်။ (မဃဒေဝ)

ဥဋ္ဌာရဇ္ဇာသယာနံ နိသမ္မကာရီနံ ပယောဂသမ္ပတ္တိ နာမ မနာပမေဝ ဟောတိ၊ (အနုဋီ-၁-၁)

မြင့်မြတ်စိတ်ထား၊ စဉ်းစားဆင်ခြင်၊ အလုပ်မှန်လျှင်၊ အစဉ်ကြီးပွားကြောင်း။

http://www.dhammadownload.com



တပည့် ကုမာရ၏ ပင့်လျှောက်ချက်အရ
## အင်္ဂလန် ပြင်သစ် အီတလီသို့ သွားခဲ့သည်၊
ပစ္ဆာသမဏအဖြစ် သြသဓ ပါဝင်၏။

၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၈)-ရက်၊ ၁၉-၅-၀၆။

အင်္ဂလန်ပြင်သစ် သွားရန် မန်းမှ ပုဂံအဲယားဝေးဖြင့် ညနေ ၄-နာရီကျော် ထွက်၊ ရန်ကုန် ၆-နာရီကျော် ရောက်၊ **သြသဓ, သုစိတ္တ(ရေဦး), ဇဝန- မဖြူ**-တို့ လာကြို။

၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၉)-ရက်၊ ၂၀-၅-၀၆။

ညက တညလုံးလိုလို မိုးတဝေါဝေါ ရွာနေ၏၊ စဲသည် မရှိ၊ နေ့လည်း တနေ့လုံး လိုလို သဲလိုက်စဲလိုက်၊ ရန်ကုန်မှ မြန်မာစံချိန် ၈-နာရီ ထွက်၊ ၁း၃၀-နာရီ ကာတာ ဒိုဟာ လေဆိပ်ရောက်၊ ကာတာ စံတော်ချိန် ၁၀း၃၀-နာရီခန့်၊ ကာတာလေဆိပ်ကား မင်္ဂလာဒုံ လေဆိပ် ၃-ပုံ ၂-ပုံခန့်သာ ရှိမည်ထင်၊ ခရီးသည်က များ၊ လေဆိပ်၌ ထိုင်ခုံပင် ပြည့်စုံအောင် မရှိ၊ လှေခါးပေါ် သမံတလင်းပေါ် ဖြစ်သလို ထိုင်ကြအိပ်ကြ၊ အင်္ဂလန် ဗီဇာ မြန်မာငွေ ၁-သိန်း။ ပြင်သစ်ဗီဇာ ၂၄-ဒေါ်လာ၊ လေယာဉ်ခ အသွားအပြန် (၆၉၁)ဒေါ်လာ၊

၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၉)-ရက်၊ ၂၁-၅-၀၆။

ကာတာနိုင်ငံ ဒိုဟာလေဆိပ်မှ ဒေသစံချိန် ည ၂း၃၀-နာရီထွက်၊ လန်ဒန် (၂၁-၅-၀၆) နံနက် ၈း၂၀-ခန့် ရောက်၊ တိသရဏကျောင်းမှ ဘုန်းကြီးများနှင့် **သြသဓ**ရဟန်းအမ သမီးတို့ လာကြို။

ကာတာလေဆိပ်၌ မြန်မာလေဆိပ်များလို ကားဖြင့် ခရီးသည်များကို ကြိုပို့ လုပ်နေရတုန်း၊ နောက်နှစ်ဆိုလျှင် လိုင်ခေါင်းများမှ လေယာဉ်အတက်အဆင်း လုပ်နိုင်မည် ထင်၊ ရန်ကုန်လေဆိပ်၌ ပစ္စည်းချိန်ရာတွင် ကီလိုပိုနေ၍ ဝန်ထမ်းခေါင်းဆောင်က အပိုကြေး မယူပဲ လျှော့လိုက်၊ ဘုန်းကြီးများ ဖြစ်၍ သာမန်ခရီးသည်များထက် ကီလိုပိုယူခွင့် ပြုသည့်အထဲကပင် ကီလိုပိုသေး၏၊ သာမန် ခရီးသည် ကီလို ၂၀-သာ ယူခွင့်ရှိ၊ ကျွန်ုပ်တို့ တစ်ပါး ကီလို ၃၅ ယူခွင့်ပြု၊ သို့ရာတွင် ၂-ပါးပေါင်း ၈၆-ကီလို ဖြစ်နေသေး၏၊ ၁၆-ကီလို ပိုနေ၊ တန်ဆာဆောင်ရလျှင် တန်ဆာခ ၁-ကီလို ၅၅ဒေါ်လာ ဟူ၏၊ ဒေါ်လာ ၈၀၀-ကျော် ဆောင်ရပေမည်၊ အထုပ်ထဲရှိ ပစ္စည်းကား ဒေါ်လာ ၈၀၀-တန်မည် မဟုတ်၊ **"အင်းယားရေကို ယူ၊ တန်ဆာခက သုံးရာကျမတဲ့"** ဟူသော **နန်းတော်ရှေ့ ဆရာတင်** သီချင်းကို အမှတ်ရ၍ ပြုံးမိသေး၏၊

တိသရဏကျောင်းရောက်ပြီး နာရီဝက်အကြာ **ဦးကိုကိုဦး**(၇)နှစ်ပြည့် ရည်စူး၍ ပြုလုပ်သော ဆွမ်းကျွေးပွဲ တက်၊ တရားအနည်းငယ် ဟော။

http://www.dhammadownload.com



၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၁၀)-ရက်၊ ၂၂-၅-၀၆

ည အိပ်ပျော်သည်၊ နံနက်၌ မိုးတဖွဲဖွဲ ရွာနေ၊မြန်မာပြည် ပြာသိုလ်လ ရာသီဥတုထက် အနည်းငယ် ပိုအေး၊ ကျန်းမာရေး ထိခိုက်လောက်အောင် မအေးပါ၊ ဟီတာလည်း မဖွင့်ရပါ၊ အင်္ဂလန်စံချိန် ၈-နာရီ၊ မြန်မာစံချိန် နေ့ ၁း၃၀-နာရီခန့် ဖုံးဆက်၊ မြန်မာစံချိန် ဖြစ်ရန် ၁း၃၆နာရီ ပေါင်းထည့်ရ၊

ပြင်သစ် **မောင်ကုမာရ**နှင့် ဖုံးဆက်၊ ခရီးစဉ် တိုင်ပင်ရ၊ သူက ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ လေးနိုင်ငံသွားရန် စီစဉ်ထားဟု ပြော၊ ကျွန်ုပ်က အီတလီပါ ခရီးစဉ်ထဲ့ရန် ပြောထား၊

လန်ဒန် အရှေ့မြောက်ပိုင်း ဆင်ခြေဖုံးဒေသ လျှောက်လည်၊ ဘုန်းကြီးကျောင်း ၂-ကျောင်းရောက်၊ တကျောင်းက တာဏာကျောင်း၊ တကျောင်းက မဟာစည်ရိပ်သာကျောင်း၊ ၂-ကျောင်းလုံး တိုက်သစ် တိုက်ဟောင်းထွက် ရှိ။

၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၁၁)-ရက်၊၂၃-၅-၀၆

မြန်မာပြည်ထက် ၅း၃၀-နာရီခန့် နောက်ကျသော်လည်း ယနေ့ထိ နေ့ည မမှားသေး၊ လန်ဒန်ည ပုံမှန်ပင် အိပ်ရနေသေး၏၊

နံနက်ဆွမ်းစားပြီး ရစ်(ချ်)မွန် ပန်းခြံ၊ ရစ်-ချ်-မွန် မြို့လျှောက်လည်၊ နေ့ **ဦးမဟော** သွားကြိုရင်း လေယာဉ်ကွင်းရောက်၊ ကျွန်ုပ်တို့လာစဉ်က ဆင်းခဲ့သည့် ဟိသရိုးလေဆိပ်ပင် ဖြစ်၊ လေဆိပ်ကားပါကင် အထပ်, အတန်း မှတ်မထားလျှင် ပြန်ရှာရသည်မှာ အတော်ခက်၏၊ ရစ်ချ်မွန် ပန်းခြံ သွားရာလမ်းဘေး ဝဲယာ၌ မိုးရွာပြီး ရေတင်နေသည်ကို တွေ့ရ၊ ပေါက်ပြဲနေသော လမ်းမရှိ၊

၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၁၂)-ရက်၊ ၂၄-၅-၀၆

**ဘီဘီစီ ဦးနေဝင်း**အိမ် နေ့ဆွမ်းစား၊ ကျောင်းပြန် ခဏနားပြီး အောက်စဖို့ သွား၊ **ဦးဓမ္မသာမိ**-က ရာဇဝင် ရှင်းပြ၊ အောက်စဖို့ တက္ကသိုလ်သက်တမ်း ၈၀၀-ကျော်ပြီဟု သိရ၊ ယင်းအတွင်း အောက်စဖို့တက္ကသိုလ်ထွက် ဝန်ကြီးချုပ် ၂၆-ဦးရှိသွားပြီဟု ဆို၊ **တိုနီဘလဲ** နေခဲ့သည့် ကျောင်းဆောင်လည်း ပြ၊ ကိန်းဘရစ်ချ်မှ ဝန်ကြီးချုပ် ၂-ယောက်သာ ထွက်သေးသည်ဟု သိရ၊

ဆရာပေါင်း တထောင်ကျော်သည်ဟု သိရ၊ ဆရာတယောက် ကျောင်းသားလေးယောက် ခန့်သာ တာဝန်ယူရဟု သိရ၊ ပါမောက္ခများ၏ အိမ်စသည်မှာ ကျွန်ုပ် (မစိုးရိမ်)ဆရာတော်ကြီး ထေရုပ္ပတ္တိတွင် ရေးခဲ့သည့်အတိုင်းပင် ဖြစ်၊ ဆရာတယောက် ခန့်မည်ဆိုလျှင် လစာပေးရန် ဘဏ်၌ စတာလင်ပေါင် တသန်းကျော် ရန်ပုံငွေ ထားပေးဟု သိရ၊ ဘဏ်တိုးငွေဖြင့် လစာပေး၊ ဘွဲ့နှင်းသဘင် ခန်းမ အထက်ဆုံးအထိ တက်ခဲ့။ ပေ-၇၀နှင့် ၁၀၀-ကြား ဖြစ်မည်ဟု မှန်းရ၊ ရှိမင်ကက်သလိတ် ပရိုတက်စတင့် အကွဲတွင် အသတ်ခံရသည့် ဘုန်းကြီးသုံးပါး နေရာလည်း ပြ၊ ဘုန်းကြီးများ ကြီးစိုးစဉ်က ဘုရားဝတ်ပြုဆောင်(ချာ့ချ်)လည်း ပြ၊ ငှက်ရုပ်နှင့် ဘိုင်ဘယ်လ် ဖတ်ခုံလည်း တွေ့ခဲ့ရ၊

အဆောင်တိုင်းလိုလို စာကြည့်တိုက်ရှိ၊ ကျောင်းသားက ဆရာကို သိပ်အားမကိုးရ၊ စာကြည့်တိုက်ကို အားကိုးရသည်၊ ဆရာက ညွှန်ပြရုံသာ။

http://www.dhammadownload.com



၁၃၆၈-ခု၊ ကဆုန်လပြည့်ကျော် (၁၄)-ရက်၊ ၂၆-၅-၀၆

ခေါင်းရိတ်၊ ရေချိုး၊ **သိပ္ပံမောင်ဝ (ဦးစိန်တင်)** အောက်စဖို့တက္ကသိုလ် ရောက်သောနှစ်မှာ ၁၉၂၃-ခုနှစ်၊ ကျွန်ုပ် မမွေးခင် (၁၀)နှစ်ခန့်၊ ဝင်ဆာရဲတိုက်ကြီး သွား၊ တိသရဏကျောင်းနှင့် မိုင် ၆၀-ခန့် ဝေးမည်ထင်၊ ရဲတိုက်ကြီးအတွင်းသို့ ဝင်လျှင် ၁၈-ပေါင်ခန့် ပေးရမည်ဟု သိရ၊ ဝင်ပေါက်တိုင်များကို ရမု ကွန်ထရိုးဖြင့် ထိန်းထား၏၊ ကားဝင်လျှင် မြေကြီးထဲ ဝင်သွား၏၊ ကားအပြင် ရောက်မှ တိုင်များက မြေကြီးထဲမှ ထွက်လာသည်၊ ရှေးဟောင်း အဝတ်အစားနှင့် အမျိုးသမီး နှစ်ယောက် ငွေတောင်း နေသည်ကို တွေ့ရ၊ လာကြည့်သူများက သူတို့နှင့် တွဲ၍ ဓာတ်ပုံရိုက်ကြ၊ ကျွန်ုပ်ကိုယ်တိုင် သူတို့နှစ်ယောက် အလယ်မှ နေ၍ ဓာတ်ပုံ ရိုက်ခဲ့သေး၏၊ ရဲတိုက်အနီး စားသောက် ဆိုင် များကား သန့်ရှင်းသည်၊ ထွိုင်းလက်လည်း သန့်ရှင်းသည်၊ နေ့ပိုင်း တနေ့လုံး ရာသီဥတု ကြည်လင်၏၊ မိခင် ဇရာဝတီ စာအုပ်တိုက်မှ ဒုတိယအကြိမ်ရိုက် အနတ္တဒီပနီ ၃-ကျမ်းတွဲ စာအုပ်နိဒါန်း၌ ၁၂၆၈-ခုနှစ်မှ စ၍ မစိုးရိမ်တိုက် တည်းပြီး လယ်တီဆရာတော် တရားဟောဟု ပါ၊

နေ့ဆွမ်းစားပြီး ဝက်စမင်စတာ နန်းတော်(ပါလီမန်)အဆောက်အဦ၊ တာဝါ အော့ဖ်လန်ဒန် ကင်းဘရစ်ချ် စသည်သို့ သွား၊ ယင်းနေရာတို့ ဝန်းကျင်၌ ညှော်နံ့ ဆိုးဆိုးဝါးဝါးနံ၊ ကားလိုင်းပေါင်းစုံ ရောက်သလော မပြောတတ်၊ ဆူညံလှသည်၊ လမ်းဘေး သန့်ရှင်းမှု နဲသည်၊ ရထား ကား လိုင်းပေါင်းစုံ စီးနိုင်သည့် လက်မှတ်တစောင် ၅-ပေါင်ကျော်ခန့် ပေးရ၊ တနေကုန် ည ၁၂-နာရီထိ စီးနိုင်သည်၊ တပေါင် ဗမာငွေ ၂၅၀၀-ခန့် ပေါက်ဈေးရှိ၊ အချို့ ရထားကား တောင်ပြေးရထားထက်ပင် လူကြပ်သေး၏၊ လိုင်းကားများ စီးရသည်မှာလည်း အကွေ့အကောက်များ၍ ဇိမ်မရှိလှပါ၊ ရထားထိုင်ခုံများကား သန့်ရှင်းကောင်းမွန်လှ၏၊ နယူးယောက် မြေအောက်ရထားများထက် သန့်ရှင်းပေသည်၊ ကိုရီးယား ဆိုးလ်မြို့တွင်း မြေအောက်ရထားထက်လည်း သာ၏၊ အီဂျစ် သုတေသပိုင် ကုန်တိုက်ကြီးလည်း ရောက်၊ **ဗိုင်ယာနာ**ပုံ ရှေ့၌ ဒေါ်လာ ၄-သန်းတန် စိန်လက်စွတ်ပြထား၊

**မချို(ရွှေသဇင်)**နှင့် PHD ကျောင်းသား **နာဂသေန**-တို့ လိုက်ပို့၊ ယမန်နေ့ကလည်း သူတို့နှစ်ယောက်ပင် လိုက်ပို့ကြ၊ လမ်းခဏခဏ မှား၏၊

၁၃၆၈-ခု၊ နယုန်လဆန်း (၁) ရက်၊ ၂၇-၅-၀၆။

**ဒေါက်တာ ခင်မောင်ထွန်း ဒေါ်သန်းချို**မိသားစုမှ ဒကာမကြီး **ဒေါ်သန်းချို** မွေးနေ့ စတာလင်ပေါင် ၅၀- ဆွမ်းပဒေသာအတွက် လှူ၊ ဒကာမကြီးဆိုသော်လည်း မကြီးသေး၊ (၅၀)ကျော်သာ ရှိသေး၏၊ ည ၇း၀၀-နာရီ သံဝေဂ တရားဟော။

၁၃၆၈-ခု၊ နယုန်လဆန်း (၂) ရက်၊၂၈-၅-၀၆။

နံနက်ပိုင်း ရာသီဥတု သာသာယာယာရှိ၊ **မောင်သိန်းလင်း+မသက်လယ်**-တို့ မင်္ဂလာဆောင် တရားဟော၊ နေ့ ၁း၃၀-နာရီ ခန့် ဂရင်းနစ်စံတော်ချိန်ပြ နေရာသို့ သွား၊ **ဦးဇနက** လိုက်ပို့၊ တနေကုန် ကားရထားစီးနိုင်သည့် လက်မှတ်ဝယ်၊ တစောင် ၅-ပေါင် ဆင့် ၄၀ ပေးရ၊

http://www.dhammadownload.com



ဂရင်းနစ်စံတော်ချိန် ပြရာနေရာအနီး၌ ရေကြောင်းပြတိုက်လည်း ရှိ၊ ဒုံးကျည်တပ် လေယာဉ်တစ်စီးလည်း ပြထား၊ ရွက်လွှင့်သွားရသည့် ရှေးသင်္ဘောလှေကြီး တစင်းလည်း ပြထား၊ သိန်းမြစ် ရေအောက်မှ ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးသည့် လိုဏ်ခေါင်းကြီးထဲလည်း ဝင်ခဲ့၊ ရေပေါ်မှ တံတားဖြင့် ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးမည့်အစား ရေအောက်မှ လိုဏ်ခေါင်းဖြင့် ဖြတ်ကူးခြင်း ဖြစ်၊ ကျွန်ုပ်တို့ ဖြတ်ကူးသည့် လိုဏ်ခေါင်းအပေါ်က သင်္ဘောများ ပြေးနေသည်၊ သိန်းမြစ်ကမ်းနဘေး၌ ဂျူးစ်သောက်ရာ တခွက် ဆင့် ၇၀ = မြန်မာငွေ တထောင်ကျော် ပေးရ၊ တနေကုန်စီးနိုင်သည့် လက်မှတ်လည်း မြန်မာငွေနှင့် ဆိုသော် တသောင်းသုံးထောင်ခန့် ကျမည်ထင်၊ တပေါင် ယနေ့ပေါက်ဈေး ၂၅၀၀-ဟူ၏၊ လက်မှတ်က မနက် ၆-နာရီမှ ည ၁၂-နာရီထိ စီးခွင့် ရှိ၊ လက်မှတ် ပြန်ရောင်းဖို့ မဟုတ်ဟုလည်း ရေးထား၏၊ မြို့တွင်း ပြေးရထားများ ထိုင်ခုံလည်း ကောင်း၊ သန့်လည်း သန့်ရှင်း၏၊ စည်းကမ်းမဲ့သူ အနည်းငယ်ခန့်က ဂျူးစ်သောက်ဘူးခွံ ပစ်ထားသည်ကို နဲနဲပါးပါး တွေ့ရ၊ ညနေ ၅-နာရီကျော်လျှင် ရထားများ လူကြပ်သည်၊ လူကြပ်လျှင်လည်း တောင်ပြိုးပွဲတော်တွင်း ရထားများထက်ပင် ကြပ်သေး၏၊ လူကြပ်ချိန်၌ တန်းစီ၍ မတက်ပါ၊ အလုအယက် တိုးဝှေ့တက်ကြသည်။

၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၃)ရက်။ ၂၉-၅-၀၆

နံနက်ပိုင်း မြန်မာပြည်မှ ပင့်ဆောင်လာသော ရုပ်ပွားဆင်းတုတော်များ အနေကဇာတင်၊ နေ့ **ဒေါက်တာသိန်းမြင့်**အိမ်၌ ဆွမ်းစား၊ ဆွမ်းစားပြီး ဘာမင်ဂန် လာ၊ **ရွှေဟသာ မောင်သန့်ဇင်** ကားမောင်းပို့၊ လန်ဒန် ဘာမင်ဂန် မိုင် ၂၀၀-လောက်ဟု ပြောသော်လည်း ဝေးမည်မထင်ပါ၊ တနာရီသာသာခန့်သာ ကားမောင်းရ၏၊ တလမ်းလုံး မိုးသဲလိုက် စဲလိုက်၊ လမ်းဘေးတောရွာများ သိပ်မတွေ့ရ၊ လယ်တဲလေးများသာ တွေ့ရ၊ မြန်မာဒေါက်တာများ လာတွေ့။

၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၄)ရက်။ ၃၀-၅-၀၆

ဘာမင်ဂန် ညက ပိုအေး၊ ဟီတာဖွင့်ထား၍ မနေနိုင်အောင် မအေးလှပါ၊ အပြန် လမ်းတလျှောက် တောရွာအတွေ့ နဲ၏၊ **ရှိတ်စပီးယား** မွေးသည့်မြို့လေး ဝင်ကြည့်၊ **စထရက်ဖို့မြို့** ဟု ခေါ်၊ ရှိတ်စပီးယား မွေးသည့် နေရာကိုလည်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့၊ **ဘာမင်ဂန်ကျောင်း ဦးဥတ္တရ**-က သူရေးထားသည့် **ဒေါက်တာဦးရေဝတ** ထေရုပ္ပတ္တိ ပြ၊ စာမူသာ ရှိသေး၏၊ ပုံမနှိပ်ရသေး၊ ယမန်နေ့က **တော်လှန်ရေးကောင်စီတက်စက အတွင်းရေးမှူးကိုကို** (ဗိုလ်မှူးကြီး ကိုကို) လာ စကားပြော၊ **ဒေါက်တာချစ်ကိုကို၊ ဒေါက်တာခင်မာအေး၊ ဒေါက်တာ ကျော်မြင့်ဦး**-တို့လည်း လာ စကားပြောကြ၊ မြန်မာပြည်မှ လာသော ဘုန်းကြီးများ ဖြစ်၍ အကူအညီလိုက ပေးရန် လာကြခြင်း ဖြစ်ဟန် တူပါသည်၊ လမ်းဘေး ကားရပ်နားစခန်းရှိ ဆိုင်များကား သန့်ရှင်းလှ၏၊ အခင်းကြီး အခင်းလေး စွန့်ပြီးလျှင် ခလုပ်နှိပ် ရေဆေးစရာ မလို၊ သူ့အလိုအလျောက် ရေဆေးပေး၏၊ အပြန် ကားဓာတ်ဆီခ **ဦးဥတ္တရဉာဏ**-က လှူဟု သိရ၊ ပေါင်စတာလင် ၆၀-ဖိုး ဟူ၏၊

http://www.dhammadownload.com



၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၅)ရက်။ ၃၁-၅-၀၆

နံနက်ပိုင်း ရာသီဥတု သာသာယာယာရှိ နံနက်သာယာသော်လည်း နေ့ပိုင်းကျ သာယာချင်မှ သာယာ၊ ရာသီဥတု အပြောင်းအလဲ မြန်သော နိုင်ငံဖြစ်သည်၊ လန်ဒန်ရောက်သည်မှာ ၁၀-ရက်ရှိပြီ၊ ယနေ့ရောမှ ၂-ခါသာ ရေချိုးဖြစ်သေး၏၊

နေ့ဆွမ်းစားပြီး ဗြိတိသျှမြူစီယမ် သွား၊ **ကြည်ကြည်မေ** (BBC) ဝန်ထမ်းဟောင်း လိုက်ပို့၊ ပြတိုက်ဝင်ခ ၃-ပေါင် အနည်းဆုံးလှူပါဟု ရေးထားသဖြင့် ၃-ပေါင်စီ လှူကြရ၏၊ မလှူဘဲလည်း ကြည့်ရဟန် တူပါသည်၊ ကမ္ဘာအရပ်ရပ် ရှေးဟောင်းပစ္စည်းများ ပြထား၊ ဘုရားဆင်းတုဆိုလျှင် ၂-ရာစုနှစ်က ဘုရားဆင်းတုပင် တွေ့၊ **တမ္ပဝတီ ဝင်းမောင်**တို့ လှူထားသည့် ဆင်းတု(မံဘုရား) မှန်စီ ရွှေချ ဆွမ်းအုပ်များလည်း တွေ့ခဲ့၊ အီဂျစ် ဆေးစိမ် မမ်မီရုပ်လောင်းများလည်း တွေ့ရ၊ လိုက်ပြသူ **ကြည်ကြည်**မေက အစစ်တွေဟု ပြော၏၊ ကျွန်ုပ်ကမူ အစစ်ဟု မထင်၊ ရှေးခေတ်သုံး ငွေကြေး အမျိုးမျိုးလည်း ပြထား၊ ဘီစီ ၁၀၀၀-ကျော်လောက်က အီဂျစ်ဘုရင်တပါး၏ ပုံလည်း တွေ့ခဲ့၊ ဂရိနိုင်ငံမှ ကျောက်ထွင်း ပန်းပုများလည်း တွေ့ခဲ့၊

အပြန် ဟိုက်ပတ်ဥယာဉ်လှည့်ပတ်ပြေးသည့် ဘတ်စကားစီးပြီး ဥယျာဉ်ကြည့်၊ ကျယ်လှ၏၊ ဥယျာဉ်ပတ်လမ်းလျှောက်လျှင် ၅-နာရီခန့် ကြာမည်ဟု ဆို၊ **ဗိုင်ယာနာမင်းသမီး** နေခဲ့သည့် နန်းတော်လည်း ရောက်၊ ဝင်မကြည့်ခဲ့ပါ၊ ဝင်ကြေး များသည်ဟု သိရ၊ နန်းတော်အနီး၌ နယ်သာလန် မင်းသမီး ပြုလုပ်ခဲ့သည့် ကန်-ပန်းခြံလည်း ကြည့်ခဲ့၊ မြေအောက်ကန်တူး ပန်းခြံလုပ်ထားခြင်း ဖြစ်၊ တနေကုန် ကားရထားစီးခ ပေါင်စတာလင် ၅-ပေါင် ဆင့် ၄၀-ပင် ဖြစ်၊ ဒေး ထရားဘဲလ်-ဟု ခေါ်သည်၊ ည ၁၂-နာရီထိ ကြိုက်ရာ ကား ရထားစီးနိုင်သည်၊ ရာသီဥတု တနေကုန်ပင် သာသာယာယာ ရှိ၏၊

ရထားများ၌ please keep feet off seats (ထိုင်ခုံပေါ် ခြေမတင်ပါနှင့်) စာတန်း၊ pleasd offer your seat to those lessable to stand (ရပ်မနေနိုင်သူများကို သင့် ထိုင်ခုံ လှူဒါန်းပါ) စာတန်းများ ပါ၏၊

၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၆)ရက်။ ၁-၆-၀၆

နေ့ ၁-နာရီ လန်ဒန် ဘိုဒ်ဆီးတိုး-ကားဖြင့် မြို့လှည့်ကြည့်၊ တမြို့လုံး မဟုတ်ပါ၊ လူစည်ကားသည့် ပါလီမန်တဝိုက် လှည့်ပတ်ပြခြင်း ဖြစ်၊ **ရှားလော့ဟုမ်း** ရုပ်ထုရှိသည့် ဘူတာမှ ကားလက်မှတ် သင်္ဘောလက်မှတ် ဝယ်၊ စတာလင်ပေါင် ၁၈-ပေးရ၊

မိဖုယားသတ်သည့် ရဲတိုက်၊ (တာဝါ အော့ဖ် လန်ဒန်)စသည်၊ လန်ဒန် ဘရစ်ဂျ်စသည် ထပ်ခါထပ်ခါ ရောက်၊ ကာကွယ်ရေးရုံး နောက်ဖေး၌ **ဂျင်နရယ် ဝင်းဂိတ်**ပုံနှင့် ခြသေ့်တင်ထား သည့် ကျောက်တိုင်တွေ့ရ၊ သိန်းမြစ်နဘေး စိုက်ထားသည့် နှစ်ပေါင်း ၂၀၀၀-ကျော်က ကျောက်တိုင် လည်း တွေ့ရ၊ စိန်ပေါလ်ဘုရားရှိခိုးကျောင်း နားလည်း ရောက်၊ ဘက်ကင်ဟန်နန်းတော် ဒေါင်နင်းလမ်း အိမ်နံပါတ် ၁၀- ဝန်ကြီးချုပ်အိမ်လည်း ရောက်၊ သိန်းမြစ်တွင်း သင်္ဘောစီးခဲ့၊ လန်ဒန်အိုင်း ခြားရဟတ် အနီးကပ်မြင်ရ၊ အချို့ ဘူတာရုံ ရထားပေါ်၌ သီချင်းဆို တောင်းစားသူ

http://www.dhammadownload.com



အနဲငယ် တွေ့ရ၊ အရင်က **ဘက်ဂါးဥပဒေနှင့်** အရေးယူသည်ဟု သိရ၊ ယခု အရေးယူဟန် မတူပါ။

၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၇)ရက် ၂-၆-၀၆

နံနက် ၅-နာရီအထိ ရာသီဥတု သာသာယာယာရှိ၊ ယမန်နေ့က ဝယ်သည့် ၁၈-ပေါင်တန်လက်မှတ်က ၂၄-နာရီအသုံးပြုနိုင်ဟု သိရ၊

နေ့ ၃း၁၁-နာရီ ဝါတာလူး ဘူတာမှ ယူရိုစတားရထားဖြင့် ပြင်သစ် ထွက်၊ ရထားခ သွားပြန် ပေါင်စတာလင် ၁၂၄-ပေါင်၊ ကျွန်ုပ် အသက် ၂၀-ကျော်က ဖတ်ထားသည့် ဒိုဗာရေလက်ကြားမှ ဖြတ်မောင်း၊ ရေလက်ကြားကျော်လျှင် မကြာမီ ပြင်သစ်ဖက် ဘူတာတခု ရပ်၊ ရထားလမ်း ဘေးဝဲယာ စိုက်ခင်းများ စိမ်းလမ်းနေ၊ ငါးအိမ်စု ဆယ်အိမ်စု တောရွာကလေးများ တွေ့ရ၊ တထပ်အိမ်သာ များ၊ အိမ်ခြေရာချီရှိသော တောရွာ များလည်း တွေ့ရ၊ အိမ်ဆောက်ပုံ အင်္ဂလန်လောက် စံနစ်မကျလှ၊ ဝါတာလူးဘူတာအဝင်မှ ပတ်စပို့ တခါသာ စစ်၏၊ ပြင်သစ်ဘက်၌ လုံး၀ ပတ်စပို့ မကြည့်၊

ဘူတာ၌ **ကုမာရ** လာကြို၊ ဘင်္ဂလာဒေ့ရှ်-မှ **ဘရွှးဝါး ရာဂျစ်**တယောက် ကားမောင်းပို့၊ မြန်မာအမျိုးသမီးလေး ၃-ယောက်က ကျောင်းမှ ကြိုနေ၊ ပါရီမြို့ ဟိုက်ဝေး (ဖရီးဝေး) လမ်းမကြီးများကား ကျယ်လှ၏၊ တနာရီ မိုင် ၈၀-နှုန်း မောင်းနိုင်သည်ဟု ပြထားသော်လည်း ကားကြပ်၍ (၁၀)မိုင်နှုန်းပင် မောင်းမရ၊ လမ်းကျဉ်း ကားပေါ စည်းကမ်းမရှိ၍ မြို့တွင်း၌ ပိုအသွားအလာခက်၊ ကားဟွန်းသံကလည်း အိန္ဒိယလောက်နီးနီး အသံစူးသည်၊ ပြင်သစ် ကုမာရကျောင်း ည ၉-နာရီခန့် ရောက်သည်၊ လန်ဒန် ပြင်သစ် ရထားကား မြန်လည်း မြန်၊ စီးလို့လည်း ဇိမ်ရှိ၏၊ အစုံ တော်တော် သက်သာ။

၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၈)ရက်။ ၃-၆-၀၆

ပါရီမြို့ထဲ လျှောက်လည်၊ **ကုမာရ ခင်မောင်ချို မိုးစန္ဒာ**တို့ လိုက်ပို့၊ အာဇာနည် ဗိမာန် အီဖဲလ်မျှော်စင် ရောက်၊ အာဇာနည်ဗိမာန်တွင်း၌ နံရံပန်းချီများ ရှိ၊ ယင်း ပန်းချီကားများ၌ ဘုရင်ဘိသိက်ခံပုံများလည်း ပါ၊ နော်တာဒိန်း ဘုရားရှိခိုးကျောင်းလည်း ရောက်၊ ဘုရားကျောင်းထဲ၌ မန္တလေး မဟာမြတ်မုနိဘုရားကြီး ဝါဆိုလပြည့်နေ့လောက် စည်ကား၊ ဘုရင်ရုပ်တု အမျိုးမျိုးလည်း တွေ့ရ၊ အာဇာနည် ဗိမာန်၌ ဘုန်းကြီး ၃-ယူရိုခွဲ၊ လူ ၇-ယူရို ပေးရ၊ မျှော်စင်၌ တက်ကြည့်ခ ယူရို ၇. ၇၀-ပေးရ၊ မျှော်စဉ်အနီး ငြိမ်းချမ်းရေးဗိမာန်လည်း ရှိ၊ လူမစည်လှပါ၊ မြေအောက် မြေပေါ် ရထားများ ထိုင်ခုံ လန်ဒန် ရထားများလောက် မကောင်း၊ ဘူတာရုံ၌ သီချင်းဆို တောင်းစားသူ အနဲငယ်တွေ့ရ။

ရထားပေါ် လူမဲဆယ်ကျော်သက် ကျောင်းသားကျောင်းသူ အုပ်စုနှင့် တွေ့သဖြင့် နားမခံသာအောင် ဆူညံလှ၊ စက်ဘီးများကို သံကြိုးဖြင့် ရစ်ပတ်ပြီး ကျပ်လုံးခန့် သံပိုက်လုံးများ ချည်ထားသည်ကို တွေ့ရ၊ စက်ဘီးသူခိုး ပေါဟန်တူ၊

http://www.dhammadownload.com



၁၃၆၈-ခုနှစ်၊ နယုန်လဆန်း (၉)ရက်။ ၃-၆-၀၆

**လင်းလင်း မသူဇာ**-တို့က ဆွမ်းကျွေး၊ ပါရီနှင့် ကီလိုမီတာ ၁၀၀-ကျော် ဝေးသည်၊ လင်းလင်းတို့ ရွာမှာ ဆွမ်းကျွေးခြင်း ဖြစ်၊ လင်းလင်းရော သူဇာပါ ပြင်သစ်အမျိုးသားများနှင့် အိမ်ထောင်ကျနေ၏၊ တောရွာဆိုသော်လည်း အိမ်မှာ သပ်သပ်ရပ်ရပ်၊ ရေမီး တယ်လီဖုန်း အစုံရှိ၊

အပြန် lover ပြတိုက် ဝင်ကြည့်၊ လ တလ၏ ပထမဆုံး တနင်္ဂနွေ ဖြစ်၍ ဝင်ကြေးမပေးရ၊ ပေးရလျှင် ယူရို ၁၀-ဟု သိရ၊ လှပသည်ဆိုသော ရှောင်ဇေလီ လမ်းမကြီးလည်း ရောက်၊ လူသွား ပလက်ဖောင်း ၁၅-ပေကျော်ခန့် ကျယ်၊ ယင်း၌ အရိပ်ရသည့် သစ်ပင်နှစ်တန်း ညီနေအောင် စိုက်ထား၊ ယင်းကိုပင် လှသည်ဟု ပြောကြဟန်တူ၊ **နပိုလီယံ**ဂုဏ်ပြုမုခ်ဦးလည်း ရောက်၊ နပိုလီယံဗိမာန်ကို အဝေးမှ လှမ်းကြည့်ခဲ့၊ ရှောင်ဇေလီလမ်းမကြီးပြေး ဘတ်စကားပေါ် အဖြူကျောင်းသူကျောင်းသား အုပ်စု ဆူညံစွာ အော်ဟစ်သွားကြသည်ကို တွေ့ရ၊ အသိဉာဏ် အဆင့်နိမ့်သော အဖြူအမဲအုပ်စု တော်တော်များများ ရှိဟန်တူ၊ အီဖယ်မျှော်စင်၊ ပြတိုက်တို့ သိပ်မဝေးလှ၊ ပြတိုက်၌ **ဗီးနပ်စ်**ရုပ်တု၊ **မိုနာလီဇာ**ပုံ၊ ပန်းချီဆရာအကျော်အမော်တို့ ပန်းချီပုံများစွာ ရှိ၊ ပန်းချီကားများကား တကယ်ပင် အသက်ဝင်ပါသည်။ မိုနာလီဇာအပြုံးကား ရုပ်ရှင်မင်းသမီး **မေမြင့်** အပြုံးလောက် မလှပပါ။

၁၃၆၈-ခု၊ နယုန်လဆန်း (၁၁)-ရက်၊ ၅-၆-၀၆။

ရေချိုးခေါင်းရိပ်၊ ရောက်ပြီးနေရာများကို ကားနဲ့ထပ်သွား၊ အောင်မြင်ရေး အထိမ်းအမှတ် မုခ်ဦးဓာတ်ပုံ ရိုက်၊ ပါလီမန် အဆောက်အဦလည်း ဓာတ်ပုံရိုက်၊ ကားနဲ့ ဆိုက်ဆီးယင်း လုပ်ခဲ့၊ **ရာဇဂျစ်**တို့၏ ကားနဲ့ လည်ခြင်းဖြစ်၊ သီရိလင်္ကာသား တဦးက ကားမောင်းပို့၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းချုပ်သည့်နေရာလည်း ရောက်၊ ကားလိုင်း နံပါတ်ရှိသော တံခါးပေါက်များမှသာ ကားစီးသူများက ထွက်ရ၊ ကားလာမှ တံခါးပေါက်များက အလိုအလျောက်ပွင့်၊ ထိန်းချုပ်သည့် ရုံကြီးအတွင်း၌ သန့်ရှင်းမှု သိပ်မရှိလှ။

၁၃၆၈-ခု၊ နယုန်လဆန်း (၁၂)-ရက်၊ ၆-၆-၀၆။

**ကုမာရ**အား ဆပ်ပို့လုပ်နေသည့် ဒကာမကြီးထံ သွား၊ ယူနက်စကို ရုံးချုပ်နှင့် သီရိလင်္ကာကျောင်း သွား၊ သီဟိုဠ်သံရုံး အကူအညီဖြင့် ယူနက်စကို ရုံးသွားရ၊ ယူနက်စကိုရုံး လေ့လာနေစဉ် မြန်မာသံရုံးအတွင်းဝန် လှမ်းဖုံးဆက်၊ အကူအညီလိုက အမိန့်ရှိရန် ပြောကြား၊

၁၃၆၈-ခု၊ နယုန်လဆန်း (၁၃)-ရက်၊ ၇-၆-၀၆။

**နော်မန်ဒီ**ကမ်းခြေတိုက်ပွဲ ဒေသသို့ သွား၊ **ကုမာရ ဩသဓ**တို့ အပြင် **မသူဇာ မအောင်အောင် မဝင်းမာထွန်း** (ယန်းအုံ) **မခင်နှင်းယု**တို့လည်း ပါ၊ **မသူဇာ**က ကားမောင်းပို့၊ တနေကုန် ကီလိုမီတာ (၈၀၀)ခန့် မောင်းရ၊ ပဲရစ်နှင့် နော်မန်ဒီကမ်းခြေထိ ကီလိုမီတာ (၃၀၀)နီးပါး ရှိမည်ထင်၊ လမ်းကောင်း ကားကောင်း၍ တနေရာ ကီလိုမီတာ (၁၄၀)တင် မောင်း၊

http://www.dhammadownload.com



ကမ်းခြေကုန်းပေါ် တည်ဆောက်ထားသည့် ဘုရားရှိခိုးကျောင်း တက်ကြည့်၊ တောင်ကုန်း အထက် ဝဲယာ၌ ဈေးဆိုင်များ ရှိ ဝဲယာ ဈေးဆိုင်များကြား သွားရသည်မှာ ဗမာပြည်တောင်ပြိုးပွဲတော် ဈေးဆိုင်များကြား သွားရသည်နှင့် တူလှ၊ လမ်းကျဉ်း၍ လူကြပ်၊ တောင်ကုန်းတဝက်ရောက်မှ တောင်ကုန်းပေါ်တက်ခ ပေးရ၊ ၂၅-နှစ်အောက် (၃)ယူရို၊ အထက် (၈)ယူရို ပေးရ၊ တောင်ကုန်း ဘုရားရှိခိုးကျောင်းဆိုသော်လည်း ခံတပ်တပိုင်း ဖြစ်ဟန်တူ၊ သူရဲခိုများ နေရန် အကာအကွယ်များ တွေ့ရ၊ ပင်လယ်စားပြများ ဖမ်းမိလျှင် ထောင်ချသည့် အဆောင်လည်း ဘုရားကျောင်းပေါ်၌ တွေ့ရ၊ တက်ခပေး ကြည့်ရသော်လည်း ကြည့်စရာ အထူးအဆန်း ဘာမှမရှိ အဆောက်အဦတည်ဆောက်ပုံ လေ့လာရုံသာ၊ ၁၀-ရာစုနှစ်က တည်ဆောက်ခဲ့သည်ဟု ဆို၊ ပုဂံထက် အနည်းငယ်သာ စောမည်ဟု ထင်၊

မာယာမူတာ ဘိခ်ျများလည်း ရောက်၊ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် အမြောက် လက်နက် စသည်ပြထား၊ ဗုံးဆံ အမြောက်ဆံ ထိမှန်၍ ကျင်းကြီးများ ဖြစ်နေသည်ကိုလည်း မဖို့ဘဲ သည်အတိုင်းထား၊ စစ်၏ အနိဋ္ဌာရုံများကို နှောင်းလူများ သိအောင် ထားဟန်တူ၊ ကွန်ကရစ်ခံတပ် များလည်း သည်အတိုင်း ပြထား၊ ပင်လယ်ကမ်းခြေ ဖြစ်၍ အေးလှ၊ ကလေးများက လူငယ်ပီပီ ကမ်းခြေ ရေကစားကြ၏၊ ရေလဲမပါပဲ အဝတ်စိုနှင့်ပင် အပြန်လမ်းတလျှောက် ပြန်လာကြ၏၊ အပြန် ဟိုက်ဝေးလမ်းမပေါ်၌ လောင်စာဆီ ကုန်ခမန်း ဖြစ်နေ၊ အထိတ်တလန့် ဖြစ်ရ၊ ကံအား လျော်စွာ လမ်းဘေးထွက်ပြီး မကြာမီ ဆီဆိုင်တွေ့၍ တော်သေး၊ (၁၅)မိနစ်ခန့်မောင်းလျှင် ဆီပြတ်တော့မည်၊ ကားကလည်း ဆီကုန်ခါနီးပြီ ဖြစ်ကြောင်း အချက်ပြနေပေပြီ။

၁၃၆၈-ခု၊ နယုန်လဆန်း (၁၃)-ရက်၊ ၈-၆-၀၆။

အီတလီလေယာဉ်ခ သွားပြန် (၃)ပါး ယူရို (၇၁၀)၊ BEAUVAIS လေဆိပ်မှ နေ့ (၃)နာရီ ထွက်၊ (၅) နာရီ ROMA လေဆိပ် ရောက်၊ ဒုတိယနိုင်ငံတကာ လေယာဉ်ကွင်းဟု သိရ၊ ခရီးသည် သိပ်မများပါ၊ လေယာဉ်လည်း သိပ်မများ၊ ပြင်သစ်ဖက် လေဆိပ်ရော အီတလီလေဆိပ်ပါ လေယာဉ် ဆင်းတက် လမ်းလျှောက်တက်ရ၊

သီရိလင်္ကာ ဘုန်းကြီးလေး **ဦးဇိနာနန္ဒ** လာကြို၊ သူ့ကျောင်း၌ပင် တည်းခို၊ ကျွန်ုပ်ရောက်ပြီး အပိုင်း ရောမမြို့ကား တိုက်မြင့်ကြီး မရှိလှ၊ ၂-ထပ် ၃-ထပ်မျှသာ တွေ့ရ၊

၁၃၆၈-ခု၊ နယုန်လဆန်း (၁၄)-ရက်၊ ၉-၆-၀၆။

နံနက်အာရုံဆွမ်း စားပြီး နာပိုလီမြို့ရှိ ဘီစီ ၈-ရာစုခန့်က ရောမကိုလိုနီ ဖြစ်ခဲ့ပြီး၊ အေဒီ ၇၉-ဩဂုတ်လ ၂၄-ရက်နေ့တွင် မီးတောင်ပေါက်ကွဲပြီး ချော်ရည်ဖုံးလွှမ်း ပျက်စီးသွားသည့် မြို့ဟောင်းကြီး လေ့လာ၊ နှစ်ပေါင်း ၂၀၀၀-ကျော်က မြို့တည်ဆောက်ပုံ စံနစ်ကျလှ၏၊ အိမ်ဆောက်ပုံ ၊ လမ်းဖေါက်ပုံကအစ စံနစ်ကျသည်၊ သီရိလင်္ကာဘုန်းကြီးလေးက သူ့ကားဖြင့် လိုက်ပို့၊ ရောမနှင့် ကီလိုမီတာ (၃၀၀)ခန့် ဝေး၊

http://www.dhammadownload.com



နေ့ဆွမ်းအဖြစ် နာမည်ကြီး အီတလီပီဇာ စားကြ၏၊ တပွဲ (၆)ယူရိုကျော် ပေးရ၊ ကော်ဖီတခွက် (၂. ၅၀)ယူရို၊ တယူရို မြန်မာငွေ (၂၅၀၀)ကျော်၊ အပြန်လမ်း အင်မာဂျင်ဆီငွေ့ ခဏအရပ်တွင် ကား ဆက်မောင်းမရအောင် ဖြစ်သွား၏၊ စည်ပင်သာယာမှ အကူအညီကား ချက်ချင်းရောက်လာ၊ ယင်းကားပေါ် ကျွန်ုပ်တို့ကား တင်ပြီး ပြန်လာရ၊ ရောမမြို့နှင့် ကီလိုမီတာ (၃၀)ကျော်ခန့်သာ ဝေးတော့၏၊ ကားတင်ခ ယူရို (၂၀၀)ပေးရ၊

ချော်ရည်လွှမ်းပြီး ပျက်စီးသွားသော မြို့မှာ POMPEII (ပွန်ပီ) မြို့ခေါ်၏၊ မြို့ဆင်ခြေဖုံး ၃-ပုံ ၂-ပုံသည် ပုဂ္ဂလိကအဆောက်အဦးများဖြင့် ပြည့်နှက်နေ၏၊ အိမ်များ ဈေးဆိုင်များ ရုံးများ ထမင်းဆိုင်များ စသည်ဖြင့် ပြည့်နှက်နေ၏၊ မြို့တွင်းလမ်းဖောက်ပုံလည်း စံနစ်ကျ၊ လူကူးရမည့် နေရာ၌ ကျောက်တုံးများ ချထား၊ အခုခေတ် မျဉ်းကြားမှာ ယင်းကို အတုယူသည်ဟု ဆိုနိုင်၏၊ ဇာတ်ရုံ ဆောက်ပုံ ပွဲကြည့်ပရိသတ်နေရန် ဆောက်ပုံများလည်း စံနစ်ကျလှ၏၊ အနိမ့်အမြင့် စင်အဆင့်ဆင့် ပစောက်ပုံ ဆောက်ထား၊ ယခုခေတ် ဘောပွဲကြည့်စင်များနှင့် တပုံစံထဲ ဖြစ်သည်၊ လမ်းဘေးတွင် တွေ့ရသည့် မြို့ရွာအိမ်များကား ခေါင်မပါသည်က များ၊ အထပ်လည်း ၃-ထပ် အမြင့်ဆုံး တွေ့ရ၊ ပွမ်ပီမြို့ ဝင်ကြည့်ခ ယူရို-၁၀၊ ပီဇာမုန့် အရသာမှာ တရက်လွှန် ပေါင်မုန့်ကို မီးကင်စား ရသည်နှင့် တူ၏၊ ကျွန်ုပ်အဖို့ တခုပင် ကုန်အောင် မစားနိုင်ပါ၊

၁၃၆၈-ခု၊ နယုန်လဆန်း (၁၅)ရက်၊ ၁၀-၆-၀၆။

ယမန်နေ့ ညနေပိုင်းနှင့် ညက မိုးရွာ၍ ယနေ့နံနက် ပိုအေးလာ၊ နံနက် (၉)နာရီထိ နေပူစာ နေရ၊ ယမန်နေ့ ညနေက မိုးကြီးလိုက်သည်မှာ ကားထဲကပင် ဖြူန်းကနဲ ဆင်း၍ မရ၊ ၁၀-မိနစ် ၁၅-မိနစ်ခန့် မဆင်းပဲ စောင့်နေရ၊

ရောမမြို့တွင်း ကားဖြင့် လျှောက်လည်၊ သီရိလင်္ကာသား ဒကာတဦး လိုက်ပို့၊ ပဌမ ကမ္ဘာကျော် နှင်းဆီပန်းဥယျာဉ်ကြည့်၊ ကမ္ဘာအရပ်ရပ်က နှင်းဆီမျိုးစုံ ပြထား၊ နှင်းဆီအမျိုးပေါင်း (၅၀၀)ကျော်ခန့် ရှိမည်ထင်၊ ဗမာပြည်မှာ ရှိသည့် နှင်းဆီပန်းပင်များလည်း ရှိပါသည်၊ မြန်မာပြည် နှင်းဆီဟု စာရေးမထား၊ နှင်းဆီပင်မှန်သမျှ ဆူးပါသည်ကို သတိထားမိ၏၊ တခြား ပန်းပင်မရှိ၊ နှင်းဆီပင်ချည်း ပြထား၊

၇-ရာစုနှစ်က အသတ်ခိုင်းသည့် အဆောက်အဦးကြီးလည်း ရောက်၊ အကျဉ်းသားလူနှင့် ခြင်္သေ့၊ ကျား စသော သတ္တဝါ အပြိုင်အဆိုင် အသတ်ခိုင်းပြီး လူကနိုင်လျှင် အကျဉ်းသား အဖြစ်မှ လွတ်သည်ဟု ဆို၊ လူကရှုံးလျှင် ခြင်္သေ့စာ၊ ကျားစာဖြစ်၊ လူနှင့်တိရိစ္ဆာန် သူနိုင်ကိုယ်နိုင် သတ်ပုတ်ကြသည်ကို ပရိသတ်က ကြည့်သည်ဟု အဆိုရှိ၊ အဆောက်အဦး အမြင့်ပေ (၇၀)ခန့် ရှိမည်ဟု မှန်းရ၊ အကျယ်အဝန်းကား ရန်ကုန် မြို့တော်ခန်းမလောက် ရှိပါလိမ့်မည်၊ နှစ်ပေါင်း (၁၀၀၀)ကျော်လောက်ထိ ခိုင်အောင် ဆောက်ထားသည်မှာ အံ့စရာ၊ ထိုခေတ်က ဘိလပ်မြေ မရှိသေး၊

ဗာတီကင်လည်း ရောက်၊ ဘုရားရှိခိုးကျောင်း ပိတ်သွား၍ ဘေးတဝိုင်းလုံး လျှောက်ကြည့်ခဲ့၊ ရှေးခေတ် ပါလီမန်အဆောက်အဦးလည်း ရောက်၊ ယင်း၌ **မူဆိုလိုနီ**ခေတ် နာမည်ကြီး စစ်ဗိုလ်ပုံရှိ၊

http://www.dhammadownload.com



တိုက်တာ အဆောက်အဦးများ (၁၀)ထပ်ထက် မကျော်ပါ၊ ဆောက်လုပ်ပုံကလည်း လန်ဒန်မြို့လောက် စံနစ်မကျ၊ သန့်ရှင်းမှုလည်း နဲ၊ ပြင်သစ် ပါရီမြို့လည်း သန့်ရှင်းမှု နဲသည်၊ ရောမမြို့တွင်း လမ်းမှာ လန်ဒန်မြို့တွင်း လမ်းများလောက် မကောင်း၊ ရှေးဟောင်း အဆောက်အဦများကို လိုက်ပြသည်၊ မြင်းလှည်းအနဲငယ် တွေ့ခဲ့၊ ရှေးခေတ် ရောမအဝတ်အစားနှင့် သရုပ်ပြသူလည်း တွေ့ခဲ့၊ သူနှင့် ဓာတ်ပုံတွဲရိုက်လျှင် ငွေပေးရဟန် တူ၊ ရောမမြို့ပေါ်တွင် ဝင်ကြေးပေးကြည့်ရသည့် နေရာမတွေ့ခဲ့။

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၁)ရက်၊ ၁၁-၆-၀၆။
ဘယ်မှ မသွားဖြစ်၊ သီရိလင်္ကာကျောင်း ဘုရားပူဇော်ပွဲ လေ့လာရုံသာ၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၂)ရက်၊ ၁၂-၆-၀၆။
နံနက် (၉)နာရီကျော်ခန့် ကျောင်းအနီးဈေးဆိုင် တဆိုင်သွားကြည့်၊ ဘာမှ မဝယ်ပါ၊ ရောမ စည်ပင်သာယာသည် အမှိုက်နိုင်အောင် သိမ်းနိုင်ဟန် မတူ၊ လမ်းအမှိုက် ပုံးကြီးများ တနေရာ ပုံး ၃-၄ ပုံး၊ ပုံးမှ အံထွက်နေသည့် အမှိုက်များလည်း ရှိ၊

ရောမ ဒုတိယအင်တာနေရှင်နယ် လေယာဉ်ကွင်း၌ကား ခရီးသည်များကို ဂိတ်မှ လေယာဉ် အထိ ကားဖြင့် လိုက်ပို့၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်လောက် မကျယ်ပါ၊ လေဆိပ် အဆောက်အဦအတွင်း ထိုင်ခုံနှင့်ခရီးသည် မမျှ၊ ထိုင်ခုံ နဲလှ၏၊ ခရီးသည်များ ကျောက်ပြား ခင်းထားသည့် သမံတလင်းပေါ်၌ ထိုင်သူထိုင်၊ အိပ်သူအိပ်၊ ရပ်သူ ရပ်၊ ဆူသူ ဆူ၊ စာကြည့်သူ စာကြည့်၊ အိမ်သာကား သန့်ရှင်းမှုရှိ၏၊ ပြင်သစ်ဘက်လေဆိပ်၌ ခရီးသည်များ ဂိတ်မှ လေယာဉ်အထိ ခြေလျင် လျှောက်ကြရ၏၊ ယာနာအဲယားလိုင်း လေယာဉ်များ၌ ထိုင်ခုံနံပါတ် မပေးသဖြင့် လုယက်ထိုင်ကြ၏၊

သီရိလင်္ကာကျောင်းမှ နေ့ ၂း၄၅-နာရီခန့် လေယာဉ်ကွင်းလာ၊ လေယာဉ်ကွင်းအနီး နေထိုင်သည့် သီရိလင်္ကာသား ကားကြုံသဖြင့် ဘတ်စကား မစီးခဲ့ရ၊ BEAUVAIS လေဆိပ် **လေယာဉ်ရပ်လျှင်ရပ်ချင်း ခရီးသည်အားလုံး လက်ခုပ်တဖြောင်းဖြောင်း တီးကျ၊ "ချောမောအောင်မြင်စွာ ရောက်ပေပြီ"ဟူသော အထိမ်းအမှတ် ဖြစ်ဟန်တူ၊** လေဆိပ်မှ ပါရီအထိ ကားခ (၁၃)ယူရို၊ ရန်ကုန် မန်း လေယာဉ်ခခန့် ရှိ၊ လမ်းဘေးဝဲယာ၌ စိုက်ခင်းများ စိမ်းလန်းနေ၏၊ ပြင်သစ်ကား စိုက်ပျိုးရေး အတော်အောင်မြင်သော နိုင်ငံဖြစ်ဟန်ရှိ၊ ကားလမ်းဘေးအနီး သစ်ပင်ကြီးများ မရှိ၊ ခြုံပုပ်မျှသာ ရှိ၏၊ အားလုံးစိမ်းလမ်းနေ၊ ကားဆိပ်မှ ကျောင်းအထိ တက္ကစီမာစီဒီး (၂၀. ၅၀)ယူရို ကျ။

၁၃၆၈-ခု၊ နယုန်လပြည့်ကျော်(၃)ရက်၊ ၁၃-၆-၀၆။
အီတလီ ခရီးစဉ်ကား ၄-ရက် ၅-ည အိပ်ဖြင့် ပြီးခဲ့၊ ဘယ်မှ မသွားဖြစ်၊ ဗာဆိုင်းနန်းတော် သွားရန် စီစဉ်ထားသော်လည်း ကား မအား၊ ရထားလုပ်သားများ သပိတ်မှောက်နေ၍ ပျက်၊ ညနေ

http://www.dhammadownload.com



မြန်မာပြည်မှ သူနာပြုဆရာမလေးများ လာကြ၊ လခငွေ အနှိမ်ခံရကြောင်း ယခင် ယူရိုငွေ (၁၀၀၀) ပေးခဲ့ပြီး၊ ယခု (၃၅၀)သာ ပေးကြောင်း ပြောကြ။

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၄)ရက်၊ ၁၄-၆-၀၆။

**မြန်မာပြည်တွင် ပဋမအမျိုးသမီးဗိုလ်မှူး ဖြစ်ဟန်တူသော ဒေါ်ရင်မေ** လာသည်၊ နှစ်ခြင်းခံတော့မည့် အချိန် မိနစ်အနည်းငယ် အလိုမှ စိတ်ပြောင်းပြီး ဗုဒ္ဓဘာသာ ဖြစ်လာကြောင်း ပြော၊

ဗာဆိုင်(ဗာဆေး)နန်းတော် သွား။ အပြင်၌ ရုပ်တုများစွာ ရှိ၊ အတွင်း၌ ပန်းချီကား (ပုံတူ)များစွာ ရှိ၊ အိပ်ခန်း ဧည့်ခန်းစသည် အခန်းအားလုံး၌ အနွေးအပူပေးရန် မီးဖိုများ ရှိ၊ ထိုခေတ်က အသုံးပြုသည့် ခန်းလုံးပေါက် ကော်ဇောများလည်း ပြထား၊ အိပ်ခန်း၌ ခြင်ထောင်လို ပုံသဏ္ဍာန်လည်း တွေ့ရ။ ဝင်ကြေ (၁)ယူရို၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၅)ရက်၊ ၁၅-၆-၀၆။

၃း၁၉ နာရီ ပါရီမှ ထွက်၊ ဒိုဗာရေလက်ကြားထဲ၌ မိနစ် (၂၀)သာ ကြာ၊ (၅)နာရီကျော် လန်ဒန်ရောက်၊ **ဥတ္တရ, သီလိဋ္ဌ, နာဂသေန**-တို့ လာကြိုကြ၊ ရထားလမ်းဘေး အင်္ဂလန်တောရွာကလေးများ ပြင်သစ်တောရွာကလေးများ မြင်ရသည်မှာ သပ်သပ်ရပ်ရပ် ဖြစ်ဟန်ရှိ၊ ရထားလမ်းကလည်း ဇလီဖားတုံး (sleeper) မမြင်ရ၊ ဓာတ်ရထား ခေါ်ရမည့်လား မသိ၊ ပြင်သစ်ဘူတာ အသွားလမ်းမှား၍ ကြန့်ကြာ၊ အချိန်မှီကလေးသာ ရောက်၊ မှတ်ပုံတင် သိပ်မစစ်ပါ၊ သမန်ကာ ရှန်ကာ ကြည့်ရုံမျှသာ၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၆)ရက်၊ ၁၆-၆-၀၆။

ဘီဘီစီ အသံလွှင့်ပုံ သွားကြည့်၊ ဌာနမှူးရှင်း ပြ၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၇)ရက်၊ ၁၇-၆-၀၆။

"လူတချို့ဟာ လူကြီးဖြစ်ဖို့ အရည်အချင်း မွေးကထဲက ပါလာတယ်၊ တချို့ လူကတော့ လူကြီးဖြစ်ဖို့ ကြိုးစားယူရတယ်၊ တချို့ကျ ထိုင်နေရင်း လူကြီးအလိုလို ဖြစ်ကြတယ်" **(ရှိတ်စပီးယား)**

အမရဝတီရိပ်သာ သွားကြည့်၊ တောထဲဖြစ်၍ ဆိတ်ငြိမ်လှ၊ တရားအားထုတ်သူ ယောဂီလည်း တော်တော်များများ တွေ့ရ၊ ကမ္ဘဋ္ဌာန်းဆရာမှ အမေရိကန်နိုင်ငံသား ဘုန်းကြီးဟု သိရ၊ ယိုးဒယား၌ ထေရဝါဒဘုန်းကြီးအဖြစ် ရဟန်းဖြစ်ခဲ့သူ၊ မြန်မာပြည်ရိပ်သာ ယောဂီများ အားထုတ်သည့်အတိုင်း အားထုတ်ကြခြင်းဖြစ်။ **DR** ဝင်းထွဋ်မှ လိုက်ပို့၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၈)ရက်၊ ၁၈-၆-၀၆။

ဦးနုနှင့် နေရှူး ဆံချီ သာရိပုတ္တရာ မောဂ္ဂလာန်ဓာတ်တော်ပိတ်ပွဲ အခန်းအနားအပြီး

http://www.dhammadownload.com



"ပဏ္ဍစ်ကြီး ဘယ်ဘာသာမှ မယူဘူး-ဆိုတာ ဟုတ်သလား"လို့ မေးတဲ့အခါ ပဏ္ဍစ်နေရူးက " I am inclined towards buddhism }'ဟု ဖြေ၊

မန်ချက်စတာ သွား၊ **ဉာဏ်မိုး** လိုက်ပို့၊ **ဥတ္တရ, သီလဋ္ဌ**တို့လည်း ပါ၊ ဘောလုံးကွင်းကြီး ဓာတ်ပုံရိုက်၊ မြန်မာဘုန်းကြီးကျောင်း ခဏဝင်၊

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၉)ရက်၊ ၁၉-၆-၀၆။

ဘယ်မှ မသွား၊ ဘာမှ မလုပ်ဖြစ်၊ စာကြည့်ရုံသာ၊ **ဦးနုနှင့် ချာချီ တွေ့ရာ**တွင် ချာချီက "အမုန်းတွေကို မြေမြှုပ်ပစ်ကြစို့"ဟု ပြော၊ "Yes we must" ဟု ဖြေ၊

ည တရားအနည်းငယ်ဟော၊ ဟောနေကျ သံဝေဂပင်။

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၁၀)ရက်၊ ၂၀-၆-၀၆။

**ဥတ္တရ**တို့ကျောင်းမှ တိသရဏပြောင်း၊ လမ်းမှား၍ ကြာ၊ **ဒေါက်တာမင်းတင်မွန်** မြတ်သံဃာစာအုပ်-မစိုးရိမ် အကြောင်းပါ။

၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၁၁)ရက်၊ ၂၁-၆-၀၆။

ယနေ့ အင်္ဂလန်တွင် နေ့တာအရှည်ဆုံးနေ့ ဟု သိရ၊

အင်္ဂလိပ်နယ်ချဲ့ အစိုးရလက်အောက်တွင် မြန်မာသီချင်းတပုဒ် အရေးယူ စစ်ဆေး အဖြတ် အတောက် ခံခဲ့ရသည်မှာလည်း ဤ"ပြည်ကုန်းဘောင်-သီချင်း"ပင် ဖြစ်သည်၊ (ရှာပုံတော် ၂၉)

သစ္စာအကျင့်မှန်၊ ကုသလသစ္စ်၊
တမန် အစောင့်ထား၊ မုဆိုး တကျိပ်ငါး။
လောကမှာ ချီးမွမ်းကဲ့ရဲ့ခံရတာဟာ အကြောင်းမဟုတ်၊
အောင်မြင်တာ ဆုံးရှုံးတာသာ အဓိက၊ (ရှာ-၃၁)

၁၃၆၈-ခု၊ နယုန်လပြည့်ကျော်(၁၂)ရက်၊ ၂၂-၆-၀၆။

ဘိုးတော်လက်ထက်၌ ပြင်သစ်တွင် ပြည်သူ့အရေးတော်ပုံ ပေါ်၊ လူထုက **လူဝီဘုရင်နှင့်** မိဖုရားကို သတ်၊ ထိုအထိမ်းအမှတ် ကျောက်တိုင်သို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့၊ (ရှာ ၁၄၂)

၁၈၈၅-ခု၊ ဒီဇင်ဘာ (၅)ရက်နေ့ထုတ် လန်ဒန်တိုင်းသတင်းစာတွင် **သီပေါ**ပါတော်မူ သတင်း အပြည့်အစုံ ရေးဟု သိရ၊ (ရှာ ၁၈၅)

**ဘိုးတော် ပဒုံမင်း** ၁၁၀၆-ခု၊ တော်သလင်း လဆုတ်(၆)ရက်၊တနင်္လာနေ့၊ အင်းဝကို မွန်များ ဝိုင်းနေချိန် မွေး၍ **မောင်ဝိုင်း**-ဟု မှည့်၊ (ရှာ ၁၂၀)

http://www.dhammadownload.com



၁၃၆၈-ခု၊ နယုန်လပြည့်ကျော် (၁၃)ရက်၊ ၂၃-၆၀၆။

ည ၁၀း၃၀နာရီ လန်ဒန် ဟီးသရိုးလေဆိပ်မှ ထွက်၊ ကာတာနိုင်ငံ ဒိုဟာမြို့ လေဆိပ်သို့ (၂၃)ရက်နံနက် ၇း၃၀နာရီ ရောက်၊ ယင်းမှ ၈း၃၀နာရီ ထွက်၊ ရန်ကုန် ညနေ ၆း၂၀နာရီ ရောက်၊ ကမ္ဘာ့အရှေ့ချမ်းသို့ ပြန်သည်ဖြစ်၍ လန်ဒန်မှ ထွက်ပြီး ၂-နာရီကျော်ခန့် လေယာဉ် စီးမိလျှင်ပင် နေလုံး မြင်ရပေပြီ။

http://www.dhammadownload.com



## အင်္ဂလန်နှင့် EUနိုင်ငံများသွား မှတ်တမ်း

၁၃၇၁-ခု ကဆုန်လဆန်း (၁)ရက်၊ (၄. ၅. ၀၉)

အင်္ဂလန်ဗိဇာဝင်ရန် မန္တလေးမှ ရန်ကုန်အဲယားဝေးဖြင့် နံနက်(၇)နာရီ (၅၅)မိနစ်ထွက်၊ ရန်ကုန်(၁၀)နာရီကျော်ရောက်၊ **သုစိတ္တ** (ဓမ္မာစရိယတက္ကသိုလ်) လာကြို။

၁၃၇၁-ခု ကဆုန်လဆန်း (၂)ရက်၊ (၅. ၅. ၀၉)

ဗြိတိသျှသံရုံးသွား၊ ဗိဇာတင်၊ **မောင်ဆန်းဝင်း** တင်ပေးခြင်းဖြစ်၊ နံနက် (၈)နာရီ သံရုံးဝင်၊ (၉)နာရီကျော်ခန့်ပြီး၊ လက်ဆယ်ချောင်းလုံး လက်ဗွေယူ၊ ယခင်က လက်ဗွေယူလျှင် ဘယ်ဘက်လက်မ လက်ဗွေသာ ယူဟု ကြားဘူး၊ လက်ဗွေနှိပ်ယူမည် ဖြစ်သဖြင့် မိမိကိုယ်တိုင် သံရုံးဝင်ရ၊ ၂၀၀၆-ခုနှစ် (၂၀၊ ၅၊ ၀၆) သွားစဉ်က ကျွန်ုပ်ပင် သံရုံးမဝင်ရဘဲ ဗိဇာထုတ်ပေးလိုက်၊ **ဦးဗိုလ်ကြီး+ဒေါ်သန်းသန်း** အိမ်ဆွမ်းစား၊ စားနေစဉ် သံရုံးမှ ဖုန်းဆက်၊ ဗုဒ္ဓဟူးနေ့ မလာပဲ ကြာသပတေးနေ့ ညနေ(၃)နာရီ သံရုံးလာရန် ဖုန်းဆက်၊ ကြာသပတေးနေ့ သံရုံးဗိဇာလာယူရာတွင် ဆရာတော်ကြီး(မိမိ)ကို ခေါ်လာဖို့မလို၊ ဗိဇာထုတ်ပေးမည် ဖြစ်ကြောင်းသိရ၊ ကြာသပတေးနေ့ ကျွန်ုပ်လိုက်ဖို့ မလိုဘဲ ဗိဇာထုတ်ပေးပါသည်၊ ဗိဇာ ကျွန်ုပ်မြင်ရပြီ ဖြစ်သဖြင့် ရန်ကုန်မှ မန္တလေးခဏပြန်ရန် လေယာဉ်လက်မှတ် ဖြတ်ခိုင်း၊ ရန်ကုန်အဲယားဝေးပင် ရ၏။

၁၃၇၁-ခု ကဆုန်လပြည့်၊(၈. ၅. ၀၉)

ရန်ကုန်မှ နေ့လေယာဉ်ဖြင့် မန်းပြန်။

၁၃၇၁-ခု နယုန်လဆန်း (၁၁)ရက်၊(၃. ၆. ၀၉)

အင်္ဂလန်, ဖင်လန်စသည့် နိုင်ငံများသွားရန် မန်းမှ ပုဂံအဲယားဝေးဖြင့် နံနက် (၈)နာရီ (၃၅)မိနစ်ကျော်ထွက်၊ ဟဲဟိုးခဏဝင်၊ ရန်ကုန် (၁၀)နာရီ (၅၀)မိနစ် ခန့်မှရောက်၊ **သုစိတ္တ, အောင်နိုင်ဦး, မောင်ဆန်းဝင်း**တို့ လာကြို၊ အင်္ဂလန်လေယာဉ်ခ သွားပြန် ဒေါ်လာ(၁၂၈၀) **အောင်နိုင်ဦး**က လှူသွား၊ လေယာဉ်ခတက်သွား၍ **မောင်ဆန်းဝင်း**ကို ထပ်ပေးရမည်၊ ဂျာမနီဗိဇာ (ရှန်ကန်) ၇၈-ဒေါ်လာ ဆေးအာမခံ ၂၀၀-ဒေါ်လာနီးပါး။

၁၃၇၁-ခု နယုန်လဆန်း (၁၂)ရက်၊ (၄. ၆. ၀၉)

မြန်မာ့စွယ်စုံကျမ်း၌ **အရှယ်ငယ်သော်လည်း ဖွံ့သတ္တိ မငယ်သောနိုင်ငံ**ဟု ခေါင်းစည်းတပ်၍ **ဖန်လန်နိုင်ငံ**အကြောင်းရေး (နှာ၊ ၃၀၄) မြန်မာနိုင်ငံ အကျယ်အဝန်း၏ ထက်ဝက်ခန့်သာရှိ ၁၃၀၁၁၉-စတုရန်းမိုင်ကျယ်၊ သစ်တော ၇၀-ရာခိုင်နှုန်း၊ ရေမိုင် ၉-ရာခိုင်နှုန်း၊ ကျွန်းပေါင်း ၈-သောင်းကျော်ရှိ၊ စတုရန်း ၅၈၁-မိုင်ကျယ်ဝန်းသည့် ဟောပိုလန်ကျွန်း အကြီးဆုံး၊ ရေအိုင်ပေါင်း ၆-သောင်းကျော်ရှိ၊ တောင်ပိုင်းရှိ စတုရန်းမိုင် ၆၈၀-ကျယ်ဝန်းသော ဆိုင်းမားပိုးနှင့် မြောက်ဘက်ရှိ

http://www.dhammadownload.com



မိုင် ၅၅၀-ကျယ်ဝန်းသော မိုနဒီအိုင် အကြီးဆုံး၊ ၁၉၅၉-ခု သန်းခေါင်စာရင်းအရ လူဦးရေ ၄၀၀၀၀၀၀-ကျော်ရှိ၏ဟု သိရ၊ ဖင်းနစ်ဘာသာနှင့် ဆွိစ်ဘာသာ နှစ်မျိုး ရုံးသုံးပြဋ္ဌာန်းထား၊ ဟဲလ်စိကီတက္ကသိုလ် အထင်ရှားဆုံး၊ ၁၉၁၉-ခုနှစ် သမတနိုင်ငံဖြစ်၊ **ကာလချေစတောဗားရား** ပထမဆုံး သမ္မတဖြစ်၊ နယ်ကြီး ၁၀-နယ် ပြည်နယ် ၁၀-ခု၊ အူးရှီးမား တူလုပေါ်လီ အာဗီးနမ်အား (အိုလန်)

၁၃၇၁-ခု နယုန်လဆန်း (၁၃)ရက်၊(၅. ၆. ၀၉)

ယူရှိခရီးသွားရန် (၂း၃၀)နာရီကျော်ခန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆင်း၊ ည (၇း၃၀)နာရီကျော်ခန့် TG လေကြောင်းလိုင်းဖြင့် ထိုင်းသို့သွား၊ ၈-နာရီကျော်ခန့် ထိုင်းရောက်၊ ထိုင်းသုဝဏ္ဏလေဆိပ်၌ (၃း၃၀)နာရီခန့်နေရ၊ ထိုင်းစံတော်ချိန် ည ၁-နာရီကျော် ထိုင်းမှထွက်၊ လန်ဒန် ဟီးသရိုးလေဆိပ်သို့ (၆. ၆. ၀၉) ၇-နာရီ ၁၅-မိနစ်ခန့်ရောက်၊ **ဥတ္တရ, ဩသဓ**တို့ လာကြိုနေ၊ လေယာဉ်သက်ဆင်း ဗိုးချဲစီစဉ်ပေးသဖြင့် အားလုံးအဆင်ပြေ၊ ဗိုက်ကဒ် ဖြည့်ပေးတာက အစ လုပ်ပေးသွား၊ ရောက်ပြီးမကြာမီ **မကေသာ**မွေးနေ့ ဆွမ်းစားသွား၊ တနေကုန် ဘယ်မှ မသွားဖြစ်။

၁၃၇၁-ခု နယုန်လဆန်း (၁၄)ရက်၊(၇. ၆. ၀၉)

ညက အိပ်ကောင်းသည်၊ နံနက်အာရုံ မန္တလေးနန်းကြီး ဝယ်ကပ်ကြ၊ နေ့ဆွမ်းလည်း အရပ်ထဲမှ ပင့်ကပ်။

၁၃၇၁-ခု နယုန်လပြည့်၊(၈. ၆. ၀၉)

ည တရားအနယ်ငယ် ဟော၊ ညီညွတ်ရေး အဓိကထား ဟောခြင်းဖြစ်။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၁)ရက်၊(၉. ၆. ၀၉)

ကင်းဘရစ်တက္ကသိုလ်သွား၊ **ဒေါက်တာဝင်းထွန်း** ကားမောင်းပို့၊ ကားပေါ် **ဩသဓ, ပညာစာရ, ဥတ္တရ**တို့လည်း ပါ၊ ကင်းဘရစ်တက္ကသိုလ်ဘေး ချောင်းထဲမှ လှည့်ပတ်ကြည့်၊ ရေချိုး၍, သောက်၍ ကောင်းမည့်ချောင်းမဟုတ်၊ ရေမသန့်သော်လည်း အနံ့ဆိုးကား မထွက်၊ ၂၈-၂၉ပေလောက် ကျယ်မည်ဟု မှန်းရ၊ အပြန် ကျောင်းအရောက်မောင်း၊ **နာဂသေန** ရောက်နေသည်ကို တွေ့ရ၊ ကောလိပ်များတွင် ကင်းကောလိပ် နာမည်အကြီးဆုံး၊ ကင်းဘရစ်တက္ကသိုလ်မှ နိုဗယ်ဆုရသူ ၁၅-ယောက်, ၁၆-ယောက်ခန့် ရှိသွားပြီဟု သိရ၊ ဝန်ကြီးချုပ် ဘယ်နှစ်ယောက်ခန့် ရှိပြီဟု မသိရ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၂)ရက်၊(၁၀. ၆. ၀၉)

http://www.dhammadownload.com



ကျောင်းအနီးတွင်ရှိသည့် လေယာဉ်ပြခန်း သွားကြည့်၊ ပြခန်းဝင်ခ မပေးရ၊

၁၉၀၃-ခုနှစ်မှ စ၍ ကောင်းကင်တွင် လေယာဉ် စ,ပျံခဲ့၊ ယခုရောက်ဆဲ ၂၀၀၉-ခုနှစ်ထိ အဆင့်ဆင့် တိုးတက်လာပုံ ပြထား။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၃)ရက်၊(၁၁. ၆. ၀၉)

ဘယ်မှ မသွား စာကြည့်ရှုံသာ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၄)ရက်၊(၁၂. ၆. ၀၉)

စကော့တလန်သွား၊ နံနက် ၇-နာရီ သာသနရံသီ **ဥတ္တရ**တို့ကျောင်းမှ ထွက်၊ ၈-ယောက် စီးနိုင်လောက်သော ကားတစင်း ငှါးသွား၊ **နာဂသေန** မောင်းပို့၊ **ဥတ္တရ, ဩသဓ, ပညာစာရ** တို့လည်း ပါ၊ ဘာမင်ဂမ်အရောက်တွင် **နာဂသေန**မိတ်ဆွေ ဒကာတယောက် တိုးလာ၊ စကော့တလန်ထိ ထိုဒကာပင် ကားမောင်းပို့၊ ဘာမင်ဂမ်နှင့် စကော့တလန် မိုင် ၅၀၀-ကျော် ၆၀၀-နီးပါး ဝေးမည်ထင်၊ ည အတန်မိုးချုပ်မှ မြန်မာပြည်သူ **ဒေါ်နှင်းမြနိုင်**တည်းခိုခန်း၌ တည်းခိုကြ၊ မြန်မာပြည်မှ စာဖြေလာသည့် ဒေါက်တာနှစ်ယောက် ဒေါက်တာမ တယောက်လည်း ထိုဂက်စ်ဟောက်၌ပင် တည်းကြ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၅)ရက်၊(၁၃. ၆. ၀၉)

တည်းခိုအိမ်ကပင် နံနက်စာကပ်၊ ဧည့်ဒေါက်တာ သုံးဦးကလည်း ဝိုင်းကူ လုပ်ပေးကြသည်၊ နံနက်စာစားပြီး ကြည့်ထိုက်သည့် ရဲတိုက်စသည် လျှောက်ကြည့်၊ ရဲတိုက်ရှေ့ အမြောက်များပြထား၊ ၁၂၄၆-ခုနှစ် ခေညဝတီတိုက်စဉ်က အမြောက် တလက်ကိုပင် ခုနှစ်နှင့်တကွ တွေ့ရ၊ မြန်မာစာနှင့် ခုနှစ်သက္ကရာဇ် ရေးထိုးထားခြင်း ဖြစ်သည်၊ ယခုအထိ နေ့ ၁-နာရီ ၂-နာရီ စမ်းသပ် ပစ်ဖောက်ပြသည့် အမြောက်များလည်း ရှိသည်၊ စကော့တလန်ညက ဒေသခံများအဖို့ မအေးသော်လည်း ကျွန်ုပ်တို့အဖို့ အေးလှသည်၊ "ညဥ့်လွှာရုံ ခြုံခြုံကွေး စက်ပါသော် ပျော်ပေါင် တုန်လို့အေး"ပင် ဖြစ်သည်၊ အပြန်လမ်းတလျှောက် လမ်းဘေး တဖာလုံခွဲ နှစ်ဖာလုံ ဝေးသည့်နေရာများတွင် တောရွာကလေး များ တွေ့ရ၊ လမ်းနှင့် ကပ်နေသည့်တောရွာဟူ၍ မရှိ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၆)ရက်၊(၁၄. ၆. ၀၉)

ယခုအချိန်ထိ ဘယ်မှမသွားဖြစ်သေး၊ ညနေ(၃)နာရီကျော်မှ စတုံးဟင်းဂ် (STONE HENGE)သို့သွားကြ၊ **နာဂသေန** ကားမောင်းပို့၊ **ဩသဓ**နှင့် သူ့ရဟန်းအမ သမီး အကြီးလည်းပါ၊ လန်ဒန်မှ မိုင် ၈၀-ခန့် ဝေးမည်ဟု မှန်းရ၊ ကျွန်ုပ်တို့ ဗမာပြည်၌ စတုံးဟင်းဂ် ကျောက်တုံးမျိုး ပေါလှပါသည်၊ အထူးအားဖြင့် ပုပ္ပားတောင်၌ ပိုပေါ၏၊ သက်တမ်းလည်း နည်းလှမည် မထင်ပါ။

http://www.dhammadownload.com



၁၃၇၁-ခု နယုန်လပြည့်ကျော် (၇)ရက်၊(၁၅. ၆. ၀၉)

ညနေမှ ဝင်းစာရဲတိုက်သွား၊ ယခင် (၂၀၀၆) ခုနှစ်ကလည်း တခါရောက်ပြီး ဖြစ်သဖြင့် ထပ် လည်ပတ်မကြည့်တော့ပါ၊ ရဲတိုက်ဘေး တူးမြောင်းကမူ ကုန်ပစ္စည်း သယ်ယူဖို့အတွက် တူးထားခြင်း ဖြစ်သည်ဟု ပြောကြ၊ ယခု တူးမြောင်းမှ ကုန်ပစ္စည်း မသယ်ကြတော့၊ အပန်းဖြေလာသူတို့၏ အပျော်စီး လှေသင်္ဘောများသာ လှုပ်ရှားသွားလာ နေကြသည်။

၁၃၇၁-ခု နယုန်လပြည့်ကျော်(၈)ရက်၊(၁၆. ၆. ၀၉)

လန်ဒန်လူတန်လေဆိပ်မှ ညနေ ၅-နာရီ ၄၀-လေယာဉ်ဖြင့် နယ်သာလန်သို့လာ၊ ၃း၄၀-နာရီ ထွက်ရမည့်လေယာဉ် ၅း၄၀-မှထွက်၊ ၂-နာရီနီးပါးနောက်ကျ၊ လေယာဉ်တက်ရန် ဂိတ်ကိုလည်း ကွန်ပျူတာဖြင့် ကြေညာရာ၌ ၁၆-ဟု ကြေညာပြီး တကယ်တက်ရသည့်အခါ ၁၇-မှ တက်ရ၏၊ ၁၆-ဂိတ်ပေါက်ရောက်မှ ၁၇-ပြောင်းလိုက်ခြင်း ဖြစ်သည်၊ စီမံမှုညံ့ဖျင်းခြင်းသာ ဖြစ်သည်၊ နယ်သာလန် လေဆိပ်၌ မြန်မာဒကာလေးများ အသင့်ကြိုဆိုနေကြ၏၊ လေဆိပ်မှ **မမူ**က ကားဖြင့် ကြိုနေ၊ **မမူ**ပင် ကားမောင်း၏၊ လမ်းများကား ကောင်းလှသည်၊ **မမူကား မူစလင်ဘာသာဝင် ဖြစ်သည်**ဟူ၏၊ ဘာသာစွဲ မပြင်းထန်လှပါ၊

နယ်သာလန် ဆောက်လုပ်ထားသည့် အိမ်ကား လှေကားထစ်များ ဗျက်ကျဉ်းလှသည်၊ လက်ရုန်းမပါလျှင် အတက်အဆင်းပင် ခက်ပေလိမ့်မည်၊ လန်ဒန်အိမ် လှေကားများထက်ပင် ဗျက်ကျဉ်းသေး၏။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၉)ရက်၊(၁၇. ၆. ၀၉)

ပင်လယ်ကို ဖြတ်ပြီး ရေကာတာဖို့ထားသည့် ဆယ်ကြီးတစ်ခု သွားကြည့်၊ **မမူ**ပင် ကားမောင်းပို့၊ **ပညာစာရ မောင်ဇော်လင်း မောင်ပြည့်အေး**တို့လည်းပါ၊ ၁၈၈၅-ခုနှစ်မှစ၍ ရေကာတာဖောက်လုပ်ခဲ့ဟု သိရ၊ ၂၈-ကီလိုမီတာခန့် ရှည်လျား၊ ရေကာတာ တဘက်၌ ပင်လယ်ရေငံ၊ တဘက်၌ ပင်လယ်ရေချိုဟု ဆို၊ သောက်မကြည့်ခဲ့ရ၍ သေချာမပြောနိုင်ပါ။

ကလေးငယ်တယောက် ရေကာတာ ရေစိမ့်နေ၍ လက်ညှိုးဖြင့် ပိတ်ဆို့ခဲ့ဘူး-ဆိုသည်မှာ ထိုဆယ်ကြီးပင် ဖြစ်မည်လော မပြောတတ်ပါ၊ အခြားပတ်ဝန်းကျင်လည်း လျှောက်လည် ကြ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၁၀)ရက်၊(၁၈. ၆. ၀၉)

ကျွန်ုပ်တို့ ယခုတည်းခိုနေသော မြို့လေးမှာ လန်စံမီးယားခေါ် ကြောင်းသိရ၊ နံနက် ဆွမ်းစားပြီး လမ်းလျှောက်သေး၏၊ တူးမြောင်းအတွင်း၌ စက်တပ်လှေ လျှောက်စီး၊ မန်း ဖုံးဆက်၊ နေ့ဆွမ်းစားပြီး သည်ဟိတ် (THE HAGE=0EN HAGE) မြို့သွား၊ ကမ္ဘာ့တရားရုံး၊ လူ့အခွင့်အရေး ရုံး၊ ငြိမ်းချမ်းရေးမီးရှူးတိုင် စသည်လျှောက်ကြည့်၊ အပြန် အမ်စတာဒမ်မြို့ လျှောက်လည်ကြည့်၊ ည(၁၀)နာရီကျော်မှ ကျောင်းပြန်ရောက်၊ သည်ဟိတ်, အမ်စတာဒမ် နှစ်မြို့စလုံးသည် သန့်ရှင်းမှုရှိ၊ အမ်စတာဒမ်မြို့၌ တူးမြောင်းမှ စက်တပ်လှေကလေးများဖြင့် မြို့လှည့်ကြည့်သူများလှ၊ ကျွန်ုပ်တို့ကား

http://www.dhammadownload.com



အချိန်မရ၍ မကြည့်ခဲ့ပါ။ ဘုရင်မနန်းတော် စသည်လည်း ဓာတ်ပုံရိုက်၊ ကားနှစ်စင်းသွားရာ တစင်းနှင့်တစင်း လမ်းလွဲသွား၏၊ ကိုယ့်အစီအစဉ်နှင့်ကိုပင် ပြန်လာကြ။

၁၃၇၁-ခု နယုန်လပြည့်ကျော် (၁၁)ရက်၊ (၁၉. ၆. ၀၉)

စက်တပ်လှေဖြင့် အမ်စတာဒမ် တမြို့လုံးလိုက်ကြည့်၊ တစ်ယောက် (၈)ယူရို ပေးရသည်ဟု သိရ။

စစ်နည်းဗျူဟာ၊ ဘယ်လိုသာလည်း
စွဲကိုင်လက်နက်၊ ဘယ်လိုထက်လည်း
ပြည်သူ့နှလုံး၊ မသိမ်းကြုံးလျှင်
ပြည်သူ့ခွန်အား၊ မကိုးစားလျှင်
စားသွားလည်းကြွေ၊ လှန်လည်းခွေအံ့။ (နန္ဒိသေနပျို့၊ ၁၂၄)

ည ၉း၃၀-နာရီခန့် နယ်သာလန်မှ လေယာဉ်ထွက် ၁၀း၄၀-ခန့် နော်ဝေးရောက်၊ မြန်မာ ဒကာလေး နှစ်ယောက်လာကြို၊ **မသီတာ**တိုက်၌ တည်းခို။

၁၃၇၁-ခု နယုန်လပြည့်ကျော်(၁၂)ရက်၊ (၂၀. ၆. ၀၉)

ယမန်ညက အတော်အေး၏၊ ယမန်နေ့ မတိုင်မီက နေပူသည်၊ ယမန်နေ့က မိုးရွာသဖြင့် အေးလှဟု ကြိုသူများက ပြော၊ ရေကိုင်လျှင် ပိုဆိုး၏၊

နေ့လည် ဆွမ်းစားပြီး နေသာချိန်တွင် ဘုရင်နန်းတော်၊ ပါလီမန်အဆောက်အဦး၊ အမျိုးသား ဇာတ်ရုံ၊ အမျိုးသားပန်းခြံ စသည် လိုက်ကြည့်၊ အော်စလိုတမြို့လုံး ချော်မလဲနိုင်အောင် လမ်းခင်းထား၊ နိုဗယ်ငြိမ်းချမ်းရေး ဗိမာန်လည်းရောက်၊ နိုဗယ်ဆုရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်း ရေးပြထား၊ အမျိုးသားပန်းခြံ၌ပင် ထိုလူရုပ် ပန်းပုပုံများရှိ၊ အင်္ဂါစုံပင် ဖြစ်သည်၊ ကမ္ဘာကျော် ကလေးတယောက်၏ ပုံတူမှာ သဘာဝကျလှ၏၊ သူအလိုမကျ၍ ငိုယိုအော်ဟစ်နေပုံ ရုပ်တုဖြစ်သည်၊

အော်စလိုမြို့ကား မြန်မာပြည် တောင်ကြီးမြို့နှင့် ခပ်ဆင်ဆင်တူ၏၊ အတက်အဆင်း အနိမ့်အမြင့် ပေါသဖြင့် မိုးရွာလျှင် ရေစီးသွားမည်သာ ဖြစ်သည်၊ တမြို့လုံး ချိကြည့်လျှင် စီးကရက်တို အမှိုက်များမှတပါး သန့်ရှင်း၏၊ နယ်သာလန်၌ ပုလွေမှုတ် တောင်းနေသူကိုရင်း၊ အော်စလို၌ လေမှုတ်ကြိယာ သီဆိုတီးမှုတ် တောင်းနေကြသည်ကိုရင်း တွေ့ရ၊ သူတို့စားဖို့မဟုတ်၊ အဖွဲ့အစည်း တခုအတွက် ရန်ပုံငွေသာ ဖြစ်သည်ဟူ၏၊

ပင်လယ်တွင်း ကျွန်းငယ်များသွားသည့် သင်္ဘောကိုလည်း စီးကြည့်ခဲ့သေး၏၊ ဘယ်ကျွန်းကိုမှ မဆင်း၊ သင်္ဘော, ဘတ်စကား, ဓာတ်ရထား တနေကုန်စီးနိုင်သည့် ခရီးသွားလက်မှတ်တစောင် နော်ဝေးငွေ (၆၀)ဟူ၏၊ နော်ဝေးငွေမှာ ကရိုနာဟုခေါ်၊ နိုဗယ်ပြတိုက်ဝင်ကြေး ကရိုနာ (၈၀)။

http://www.dhammadownload.com



၁၇၇၁-ခု နယုန်လပြည့်ကျော် (၁၃)ရက်၊ (၂၁. ၆. ၀၉)

**ကျော်ညီညီနှင့် နီလာဦး**တို့ မင်္ဂလာဆွမ်းကျွေးပွဲ တရားအနည်းငယ်ဟော၊ မြို့တော်ခန်းမ သွား၊ သဘော်ဟောင်းပြထားသည့်နေရာ သွားကြည့်၊ ၉-ရာစုနှစ်က သဘော်ဟောင်းကို ပြထားခြင်း ဖြစ်၊ စက်တပ်မဟုတ်၊ ရွက်တပ်တက်လှော်သဘော်ကြီးသာ ဖြစ်သည်၊ ယင်းခေတ်က အသုံးပြုခဲ့သည့် လေးဘီးတပ် လှည်းလည်း ပြထား၊ နွား(သို့)မြင်း တကောင်ဆွဲ လှည်းသာ ဖြစ်သည်၊ လှည်းဆံအဆုံး၌ တပ်ဆင်သည့် အရုပ်ပုံများလည်း တွေ့ရ၊ မြို့တော်ခန်းမကား နိုဗယ်ဆုပေးရာတွင် ယင်းခန်းမ၌ ပေးသည်ဟုသိရ၊ ညနေ အဝေးနေမြန်မာများအား တရားဟော။

၁၇၇၁-ခု နယုန်လပြည့်ကျော် (၁၄)ရက်၊ (၂၂. ၆. ၀၉)

နံနက်စာစားပြီး ဒိန်းမတ်သို့ သွားရန် လေဆိပ်သို့လာ၊ နော်ဝေးမှ (၈)နာရီခန့် လေယာဉ် တက်၊ ဒိန်းမတ် (၉)နာရီခန့် ရောက်၊ လေဆိပ်ဆိုင်၌ပင် နေ့စာ စား၊ ပီဇာနှင့် ကော်ဖီသာ ဖြစ်သည်၊ ပီဇာကား ကျွန်ုပ်တို့ မြန်မာပြည်မှ မုန့်ပြားသလက် အဖြူလောက်ပင် အရသာမရှိ၊ အီတလီရောက်စဉ် ကလည်း နာမည်ကြီးပီဇာ စားခဲ့ဘူး၏၊ မကောင်းပါ၊ တရက်လွန်ပေါင်မုန့် မီးဖုတ်ပြီး စားရသည်နှင့် အရသာမထူးလှ၊ ခေါက်ဆွဲကလည်း လုံးဝ ဗမာလျှာနှင့် မတွေ့၊ မြန်မာပြည်သား **မောင်လှမင်း**က လေဆိပ်မှ လာကြို၊

နေ့စာစားပြီး ဒိန်းမတ်ဘူတာကြီး၌ ပစ္စည်းအပ်၊ မြို့တော်ခန်းမစသည် လျှောက်လည်၊ နယ်သာလန်၌ မြို့ကို လှည့်ပတ်ကြည့်သည့် စက်တပ်လှေရှိသော်လည်း မစီးခဲ့ပါ၊ မြို့ကို ပတ်၍ ရှေးခေတ် ကျုံးသဘောမျိုး တူးမြောင်းရှိ၏၊ ယင်းတူးမြောင်းထဲမှ စက်တပ်လှေစီးပြီး မြို့ကို လှည့်ပတ် လျှောက်ကြည့်ခြင်း ဖြစ်သည်၊

ဒိန်းမတ်ဘူတာကြီး၌ ပစ္စည်းအပ်ရန် အခန်းပေါင်းများစွာ ပါဝင်သည့် နံကပ်ဘီရိုကြီး လုပ်ထား၏၊ ပစ္စည်းအပ်ခ ငွေကြေးအနည်းငယ် ပေးရသည်၊ ငွေလက်ခံသူ, ပစ္စည်းကို ကြည့်ရှု ထိန်းပေးသူ ရှိနေသည်မဟုတ်၊

မိမိက နံပါတ်(၂၁)ဘီရို အခန်းလေးထဲ၌ ပစ္စည်းထားလိုလျှင် ယင်းနံပါတ်၌ အကြွေထည့်ရန် အပေါက်လေး ပါရှိ၏၊ ယင်းအပေါက်ကလေးထဲ၌ သတ်မှတ်ထားသည့် ငွေအကြွေစေ့ ထည့်လိုက် လျှင် (၂၁)နံပါတ်သော့ ထွက်လာ၏၊ ယင်းသော့ဖြင့် ဘီရိုအခန်းနံပါတ် (၂၁)ကို ဖွင့်၊ ပစ္စည်းထား၊ သော့ကို ကိုယ်တိုင် သိမ်းထားပြီး သွားချင်ရာ စိတ်ချလက်ချ သွားနိုင်၏၊

ယင်းစနစ်မှာ ကောင်းသည်၊ ခရီးသည်များ မြို့တွင်းလှည့်ပတ်ကြည့်ရာ၌ ဝန်စည်စလည် ပစ္စည်းများ ယူနေစရာ မလို၊ ဒိန်းမတ်ဘူတာကြီးမှ ဆွီဒင်,ဂျာမနီ စသည့် ယူရိုနိုင်ငံများသို့ ရထားဖြင့် သွားလာနိုင်သည်၊ ကျွန်ုပ်တို့လည်း ဘူတာကြီးမှ ကျွန်ုပ်တို့ သွားရမည့် ဗာမင်မြို့သို့ ရထားဖြင့်ပင် သွားကြသည်၊ လမ်း၌ ပင်လယ်ရေလက်ကြားတခုကို ရေအောက်ဥမင်လှိုင်ခေါင်းဖြင့် ဖြတ်ရ၏၊ လှိုင်ခေါင်း ဆုံးသွားသောအခါ ဝဲ,ယာ၌ ပင်လယ်ပြင်ကြီးကို တွေ့ရ၏၊

ဒိန်းမတ်ဘူတာကြီး ရထားစောင့်ရာ၌ ကားရထား အချိန်တနာရီခန့် နောက်ကျသဖြင့် ကသိကအောင့် ဖြစ်ရသည်၊ တွဲနံပါတ်(၂၁) တက်ပြီးမှ ပြန်ဆင်းကြရသေး၏၊ ကွန်ပျူတာဆိုင်းဘုတ်၌

http://www.dhammadownload.com



နေ့ ၂း၃၀-နာရီ ထွက်သည်ဟု ကြေညာထားသော်လည်း အချိန်နီးကပ်မှ ၁၅-မိနစ်ခန့် နောက်ကျမည်ဟု ပြန်းကနဲ အချိန်ပြောင်းလိုက်၏၊ ယင်းအခက်အခဲမှ တပါး အခြားအခက်အခဲ မတွေ့ရ။

၁၃၇၁-ခု ဝါဆိုလဆန်း (၁)ရက်၊(၂၃. ၆. ၀၉)

ဒိန်းမတ်၌ ပါလီမန်အမတ် ၁၉၇-ဦးရှိ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဂရင်းလန်းမှ ကိုယ်စားလှယ်နှစ်ဦးနှင့် ဖာရိုကျွန်းစုမှ ကိုယ်စားလှယ်နှစ်ဦး အပါအဝင် ဖြစ်သည်၊ ပါလီမန် သက်တမ်းမှာ လေးနှစ်ဖြစ်၏၊

ညနေ ပင်လယ်ဆိပ်ကမ်း လိုက်ပို့ကြသည်၊ ဆိပ်ကမ်းပေါ်၌ လူရုပ်ကြီးလေးရုပ် ရှိ၊ ဘာသမိုင်းမှ ရှိသည်မဟုတ်၊ အရုပ်များကလည်း အဝတ်မပါ ဗလာကိုယ်တည်း၊ ည ဒကာ, ဒကာမ လေးငါးဆယ်ယောက် ရောက်လာသည်၊ စကားပြောကြ၊ ဒိန်းမတ်ကျောင်းကား တကယ်ပင် တောရသည်၊ လေးဧကခန့်ကျယ်၏၊ ကားသံ, လူသံ မကြားရ၊ အနီး၌ ဂျုံခင်း, ပြောင်းခင်းများသာ ရှိသည်၊ ဥရောပ၌ ကျောင်းရှိပြီး ဘုန်းကြီးမရှိသည်က များ၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၂)ရက်၊(၂၄. ၆. ၀၉)

နံနက်အာရုံ မြို့ထဲမှ ကလေးများ လာကပ်ကြ၊ ဆံပြုတ်, ပလာတာ, ကော်ဖီစသည်၊

ည မာတုပေါသကသုတ္တန်ကို ဟောသည်၊ ၁-နာရီကျော်ကျော် ဟောရ၏၊ နိုင်ငံခြားဖြစ်၍ ပါဠိများ သိပ်မရွတ်ဖတ်၊ မြန်မာဘာသာ များများပြော၍ တရားဟောရ၊

ညနေပိုင်း **မောင်မျိုးဝင်း** လိုက်ပို့၍ ရှေးဟောင်း ရီတိမြို့ရောက်၊ နှစ်ပေါင်း ၈-ရာကျော်က ဘုရားရှိခိုးကျောင်း(ချာ့ဂျ်) လှေလာရ၊ ယင်း ရီတိမြို့၌ အိမ်များကလည်း ရှေးဟောင်းအိမ် များသည်၊ ယမန်နေ့ ညနေကလည်း **မောင်မျိုးဝင်း**ပင် ပင်လယ်ဆိပ်ကမ်း လိုက်ပို့၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၃)ရက်၊(၂၅. ၆. ၀၉)

ဂျာမနီကူးရန် ဘာမင်မှ ရထားစီး၊ ပဲဘောဘူတာရောက်တွင် ယင်းရထားမှ အာဘတ်သွားမည့် ရထားသို့ ပြောင်း၊ အာဘတ်မရောက်မီ ၂-မိနစ်ခန့်အလိုတွင် ဆင်းမိ၍ ရထားလွဲသွား၊ တော်သေး၏၊ ၁၅-မိနစ်ခန့်အကြာ ဖရန့်ဖွတ်ဒါရိုက်သွားမည့် ရထားဆိုက်လာ၊ ရထားပေါ် ဒကာမ တယောက်က စိတ်ရှည်လက်ရှည် ရှင်းပြသည်၊ သူလည်း ဖရန့်ဖွတ်ဘူတာ ဆင်းမည်ဖြစ်ကြောင်း ပြောပြ၊ ကျွန်ုပ်တို့ လက်မှတ်မှာ အထက်တန်းလက်မှတ်မဟုတ်၊ ရိုးရိုးတန်းလက်မှတ်သာ ဖြစ်သည်ဟု ရှင်းပြ၊ ရိုးရိုးတန်း ဖြစ်သော်လည်း သန့်ရှင်းသည်၊ ကျယ်ဝန်းသည်၊ နေ့ဆွမ်းရထားပေါ်တွင် စားရ၏၊

ဒိန်းမတ်မှ ဂျာမနီလာရာတွင် ဂျာမနီထဲ ရောက်လာသည်ကိုပင် ရောက်မှန်းမသိရ၊ ရထားလမ်းဖြစ်၍ နယ်ခြားဂိတ်လည်း ရှိဟန်မတူ၊ ပတ်စပို့လည်း တကြိမ်မှ မစစ်၊ နယ်သာလန်နှင့် နော်ဝေးအကူး နယ်သာလန်ဘက်၌သာ ပတ်စပို့ စစ်၏၊ နော်ဝေးဘက်၌ မစစ်၊

ဖရန့်ဖွတ်မြို့ထဲ ဖြတ်စီးဆင်းနေသောမြစ်ကား **နိုင်းမြစ်**ဖြစ်သည်၊ ကိုလုံးမြို့ထဲ ဖြတ်စီးဆင်းနေသောမြစ်ကား **ရိုင်းမြစ်**ဖြစ်သည်၊ ရိုင်းမြစ်ကား ရေကောင်းဟန် တူသည်၊ နယ်သာလန်

http://www.dhammadownload.com



ဖြတ်စီးဆင်းပြီး ပင်လယ်ထဲ ဝင်သည်ဟု သိရ၏၊ ဖရန့်ဖွတ်၌ရင်း၊ ကိုလုံး၌ရင်း မြစ်ထဲမှ သင်္ဘောကလေးဖြင့် လျှောက်ကြည့်ကြဟန်တူသည်၊ မိမိကား မကြည့်ခဲ့ပါ။

၁၃၇၁-ခု ဝါဆိုလဆန်း (၄)ရက်၊(၂၆. ၆. ၀၉)

**ကိုအောင်သူ+မခင်မာဝေတို့**၏ သား အသုဘသရဏဂုံတင်ရန် ဖရန့်ဖွတ်မှ ကိုလုံးသို့ ရထားဖြင့် သွား၊ **ဥတ္တရ, ပညာစာရနှင့် ကုမာရ**လည်းပါ၊ ရထား ၁-နာရီကျော်ခန့်သာ ကြာ၏၊ ကိုလုံးရောက်၌ **ကိုအောင်ဦး** လာကြိုနေ၊ အသုဘ ထုံးစံအတိုင်း သရဏဂုံ တင်ပေးရ၏၊ သေသူမှာ **အလင်းရောင်ခေါ် မောင်သန့်စင်** ဖြစ်၏၊ လွန်ခဲ့သည့် ၁၀-ရက်ကျော်ခန့်က ရေနစ်သေဆုံးခြင်း ဖြစ်၊ ရုတ်တရက် ကွယ်လွန်သဖြင့် မိဘများကား သောကဖြစ်ရှာကြ၏၊

အသုဘသရဏဂုံ တင်အပြီး မန္တလေးစားသောက်ဆိုင်၌ ဆွမ်းကပ်၏၊ စားသောက်ဆိုင်ကား **ကိုမြင့်ဆွေ(ကိုအောင်သူ၏အကို)** ပိုင်ခြင်းဖြစ်၏၊ ကိုလုံးမြို့၌ မန္တလေးစားသောက်ဆိုင်ဆိုလျှင် မသိသူမရှိ၊ အားလုံးနီးနီး သိကြဟူ၏၊

ဆွမ်းစားပြီး အော်ဒီကလုံးရေမွှေး ထုတ်လုပ်ရောင်းချသည့် ဆိုင်သွား၊ ယင်းရေမွှေးကား နပိုလီယံလက်ထက် (၁၇၄၁) စတင်ထုတ်လုပ်သည်ဟုဆို၊ နပိုလီယံကိုယ်တိုင် ပေးခဲ့သည့် အိမ်နံပါတ်ကို ယူ၍ သုံးစွဲထားခြင်းဖြစ်၊

ကိုလုံးဘူတာကြီးနှင့် ဖရန့်ဖွတ်ဘူတာကြီးတို့ကား ကြီးလည်းကြီးလှ၏၊ ရထားလည်း ပြည်တွင်းပြည်ပ ၁-မိနစ် ၁-စင်းလောက် မှန်မှန်ထွက်နေသည်၊ ကိုလုံးဘူတာကြီးနှင့် မျက်နှာချင်းဆိုင် ရှေးဟောင်း ဘုရားရှိခိုးကျောင်း(ချာ့ချ်)ကြီး တခုရှိ၏၊ ယင်းချ်၏ အနီး၌ တောင်းစားသူ နှစ်ယောက်ခန့် တွေ့ရသည်၊ နယ်သာလန်တုန်းကလည်း (Homeless) အိမ်ရာမဲ့တဦး ပလက်ဖောင်းပေါ် အိပ်နေသည်ကို တွေ့ခဲ့ရ၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၅)ရက်၊(၂၇. ၆. ၀၉)

ဘယ်လ်ဂျီယံ သွားရန် ဖရန့်ဖွတ်မြို့ မြန်မာကျောင်းမှ နံနက် ၆း၃၀-နာရီထွက်၊ ဖရန့်ဖွတ် ဘူတာကြီး ၇-နာရီခန့်ရောက်၊ ဘူတာကြီးမှ ၇း၃၀-နာရီခန့် ဘယ်ဂျီယံ ရထားစီး၊ ၁၀း၄၀-နာရီခန့် ဘရပ်ဆဲလ်မြို့ရောက်၊ ကျောင်းဖွင့်ပွဲ လုပ်မည့်အိမ် ဆွမ်းစားပြီး ကိုလ်ဘတ်ဟိုတယ် ပို့ထား၊

ပုဂံမင်းဆက် (၁၀၄၄=၁၂၈၇) မှာ နောက်ဆုံးစိုးစံသည့်မင်းမှာ **မင်းခွေးချေး**ဖြစ်၏၊ အမည်ပြောင်နှင့် ခေါ်ကြခြင်းဖြစ်သည်၊ (ဒေါက်တာလှဖေ၏ မြန်မာ့ဘဝ)။

ညနေ **ကျောင်းဒကာမောင်စိန်မင်း** ကိုယ်တိုင် သင်္ဘောဆိပ် ဘုရားရှိခိုးကျောင်း၊ ဒေါင်းတောင်းဇရိယာ စသည်လိုက်ပို့၊ ဘုရားရှိခိုးကျောင်း(ချာ့ချ်)မှာ ၁၈၃၀-ဟု သက္ကရာဇ် ထိုးထားသည်ကို တွေ့ရ၊ မြို့တော်ခန်းမလည်း ရောက်၊ အိမ်တိုင်း အထိမ်းအမှတ်အရုပ်တမျိုး တင်ထားကြ၊ ခွေးချစ်သူက ခွေးရုပ်၊ သိမ်းငှက်ချစ်သူက သိမ်းငှက်ရုပ် အိမ်ခေါင်မိုး တင်ထားခြင်းဖြစ်သည်၊ ကမ္ဘာ့ကုန်သင်္ဘောကြီးများ ကုန်တင်ကုန်ချ ပြုလုပ်ရာ ဆိပ်ကမ်းလည်းရောက်၊

ဘရပ်ဆဲမြို့အနီး ကမ္ဘာ့သင်္ဘောဆိပ်ကမ်း၌ တနေ့ သင်္ဘောစီးရေ ၇၀၀၀-ခန့် ကုန်တင်ကုန်ချ

http://www.dhammadownload.com



လုပ်သည်ဟု ပြော၊ ကျွန်ုပ်ကား မယုံပါ၊ ကြွားလွန်းသည်ဟု ထင်၊ ယင်းမြို့လေးကား စတုတ္ထအကြီးဆုံး ကမ္ဘာ့သဘော်ာဆိပ်ကမ်းမြို့ဟု ဆို၊ ပထမအကြီးဆုံးကား ရှိကာဂို၊ ဒုတိယအကြီးဆုံးကား ဟောင်ကောင်၊ တတိယအကြီးဆုံးကား ဒူဘိုင်း၊ စတုတ္ထအကြီးဆုံးကား ဘရပ်ဆဲမြို့အနီးမှ မြို့ကလေးဟု သိရ၊ ယင်းမြို့ကလေးကား အန့်သဝပင် ဖြစ်သည်။

ကမ္ဘာတွင် အစဆုံးဖောက်သည့် ဥမင်လှိုင်ခေါင်းကားလမ်းထဲလည်းဝင် ကားမောင်းခဲ့၊ ဘာသာရပ်စကား (Wila Yui) ဗီလာရွှတ်မှ ဗီးလပ်ဖြစ်လာ (လှဖေ၊၂၅၉)

**ဒေါက်တာအေးနိုင်+မသန်းသန်းချို**မိသားစု၊ **ကိုဇင်မင်းထွန်း+မရီရီလင်း** မိသားစု တို့၏ မေတ္တာရုံသီကျောင်းဖွင့်ပွဲ တရားဟော၊

ည ၈-နာရီကျော် နပိုလီယံ ပထမစစ်ရှုံးသည့်နေရာ ဘရပ်ဆဲမြို့တော်ခန်းမ၊ ဥရောပပါလီမန် ဘုရားရှိခိုးကျောင်း စသည် သွားကြည့်၊ **ဇင်မင်းထွန်း**ကိုယ်တိုင် ကားမောင်းပို့၊

ဘုရားရှိခိုးကျောင်း တခု မုဒ်ဦးပြသာဒ်ဆောင် အလယ်မတည့်ဘဲ ဆောက်လုပ်မိသဖြင့် ဗိသုကာက ယင်းဘုရားရှိခိုး ကျောင်း ဖွင့်သည့်နေတွင် အထက်ဆုံးထပ်မှ ခုန်ချသေဆုံးသည်ဟူ၏၊ သူ့ဂုဏ်သိက္ခာကို အသေခံ၍ ကာကွယ်ခြင်း ဖြစ်သည်။

၁၃၇၁-ခု ဝါဆိုလဆန်း(၆)ရက်၊(၂၈. ၆. ၀၉)

**မသူဇာ**တို့ကားဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ ပြင်သစ်သို့ လာ၊ လမ်း၌ နယ်ခြားမုဒ်ပင် မတွေ့ရ၊ တနာရီခန့် ကားမောင်းမိလျှင် ပြင်သစ်ဘက် ရောက်၊ **မစန္ဒာ**တို့ ဇနီးမောင်နှံ၊ **ကုမာရ**နှင့် ဒကာတစ်ဦး၊ ကျွန်ုပ်နှင့် **ပညာစာရ**တို့ အားလုံးခြောက်ယောက် **မသူဇာ**ခင်ပွန်းက ကားမောင်း၊ ပြင်သစ် **ကုမာရ**ကျောင်းသစ်၌ တည်း၊ ရောက်လျှင် ရောက်ခြင်း ယင်းကျောင်း၌ပင် ဆွမ်းစား၊ ယခင်တခေါက် လာစဉ်က ကားမောင်းပို့သည့် **ဘရှူးဝါး**တို့ သားအဖ လာ၊ သားလေးပင် အတော်ကြီးနေပြီ၊

ခရစ် ၁၃၆၅-ခုနှစ်မှာ အင်းဝခေတ်တည်ထောင်၊

"ထုတ်ခွန်သွန်း အင်းဝတည်"ဟု ရာဇဝင် သံပေါက်ရှိ၊ မြန်မာ (၇၂၆) အင်းဝတည်၊

၁၅၃၁=၁၅၇၀-မှာ တောင်ငူခေတ် တည်ထောင်၊

တပင်ရွှေထီး ၁၅၃၁=၁၅၅၀၊

ဘုရင့်နောင် ၁၅၅၀=၁၅၈၁၊

ဘုရင့်နောင်ခေတ်၌ နိုင်ငံစည်းရုံးမှု အောင်မြင်၊

ကုန်းဘောင်မင်းဆက် ၁၇၅၂ မှ ၁၈၈၅ အထိ အုပ်ချုပ်၊ ယင်းမင်းဆက် (၁၁)ဆက် ရွှေဘိုမှ အင်းဝ၊ နောက် အမရပူရပြန်၊ နောက် မန္တလေးနေပြည်တော် အမျိုးမျိုးပြောင်း၊

ယင်းရာစုစောစောပိုင်းလောက်မှာ ဗမာက မွန်အက္ခရာကို ရရှိပြီး မြန်မာစာ အရေးအသား စတင်ပါတယ်ဟု **ဒေါက်တာလှဖေ**က ဆို၏၊ မွန်အက္ခရာမှ ပြောင်းလာသည်ဟု ဆိုလိုရင်း။

http://www.dhammadownload.com



၁၃၇၁-ခု ဝါဆိုလဆန်း (၇)ရက်၊(၂၉. ၆. ၀၉)
ဘယ်မှ မသွားဖြစ်၊ စာကြည့်ရုံမျှ အချိန်ကုန်။

၁၃၇၁-ခု ဝါဆိုလဆန်း (၈)ရက်၊(၃၀. ၆. ၀၉)

**မသူဇာ**တို့အိမ် ဆွမ်းစား၊ ညီမသုံးယောက်လုံးတွေ့၊ **လင်းလင်း**ညီမလေးလည်း လာ၊ ဆွမ်းစားပြီး တရေးတမော အိပ်၊ **လင်းလင်း**တို့အိမ်သွား၊ **လင်းလင်း**တို့အိမ်နှင့် **သူဇာ**တို့အိမ် ကီလိုမီတာ ၄၀-ခန့်ဝေး၊ ပါရီနှင့် **သူဇာ**တို့အိမ် ကီလိုမီတာ ၁၀၀-ခန့်ဝေး၊ **သူဇာ**တို့အိမ် **လင်းလင်း**တို့အိမ် နှစ်အိမ်လုံး ခြံနှင့်ဝန်း ကျယ်သည်၊ အသီးစား ချယ်ရီပင်၊ ပန်းသီးပင်များလည်းရှိ၊ ချယ်ရီသီးများ မှည့်နေပေပြီ၊ အချဉ်အချို နှစ်မျိုးရှိ၏၊ အချဉ်က အလုံးသေးသည်၊ အချိုသီးကား ဇမာပြည် ချယ်ရီနှင့် အတူတူပင် ဖြစ်ပါသည်၊ **လင်းလင်း**ယောက္ခမအိမ်၌ မုံလာ, ဆလပ်စသည် ဟင်းချက်စား၊ အပင်များလည်း စိုက်ပျိုးထား၏၊ စီးပွားဖြစ် စိုက်သည်မဟုတ်၊ ဥယျာဉ်ခြံနှင့် အပျင်းဖြေခြင်း ဖြစ်ဟန်တူသည်။

လမ်း၌ အဏ္ဍမြူဓာတ်ပေါင်းဖို၊ ရှေးဟောင်းဘုရားရှိခိုးကျောင်းလည်း တွေ့ရ၊ ဝင်မကြည့်ခဲ့ပါ၊ အဝေးမှပင် လှမ်းမျှော်ကြည့်ခဲ့၏၊ အပြန် **မသူဇာ** ကားမောင်းပို့၊ ပါရီမြို့ထဲ ရှောင်ဇေလီလမ်းမကြီး၊ နပိုလီယံ အောင်မြင်မှုမုခ်ဦး စသည်ရောက်၊ ရွှေရေမွှေး အရောင်းဆိုင် ဝင်ကြည့်၊ မဝယ်ပါ၊ ဈေးကြီးလှ၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၁၀)ရက်၊(၁. ၇. ၀၉)

ပါရီမှ အင်္ဂလန်ပြန်၊ ယူရိုစတားရထားပင်ဖြစ်၊ ယခင် ၂၀၀၆-ခုနှစ် လာစဉ်က အင်္ဂလန်မှ ပြင်သစ်အသွား ဒိုဗာရေလက်ကြားအကျော် ဘူတာတွင် ရထားရပ်သေး၏၊ ယခု ပြင်သစ်မှ အင်္ဂလန်အလာ ယင်းဘူတာ၌ မရပ်၊ ယခင် ဝါတာကူးဘူတာ၌ ခရီးဆုံး၏၊ ယခု စိန့်ပန်ကာစ် ဘူတာ၌ ခရီးဆုံး၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၁၂)ရက်၊(၂. ၇. ၀၉)

ကနောင်အိမ်ရှေ့စံ မင်းသားကြီးကို ဖြေးသီးဆိုသူက (၂. ၈. ၁၈၆၆)နေ့တွင် သတ်ပြီး၊ မြင်းကွန်းမြင်းခုန်တိုင်တို့နှင့် အတူ ထွက်ပြေး၊ မြန်မာသစ်မဂ္ဂဇင်း အမှတ် (၄) ဇန်နဝါရီ ၂၀၀၉-ထုတ်၌ပါ။

၁၃၇၁-ခု ဝါဆိုလဆန်း (၁၃)ရက်၊(၃. ၇. ၀၉)

ဟန်ပတန်ကုတ် နန်းတော်သွား၊ **ဒေါက်တာဝင်းထွန်းနှင့် မေလှမောင်**တို့ လိုက်ပို့၊ ဝင်ကြေး တယောက် ၁၅-ပေါင်ပေးရ၊ **ဟင်နရီ**အိပ် နန်းတော်ဖြစ်သည်၊ မယားများစွာ ယူပြီး ချားချောပ် အင်္ဂလန် ခရစ္စယံဝါဒ တည်ထောင်သူတည်း၊ မိဖုရား (၆)ယောက် ယူသွားခဲ့သည်ဟု ဆို၊ ရုက္ခဗေဒ ဥယျာဉ်ကြီးအနီးမှ ဖြတ်သွားရ၊ ဥယျာဉ်ကြီးထဲ ဝင်မကြည့်ခဲ့ပါ၊ ဟင်နရီအိပ်နန်းတော်၌

http://www.dhammadownload.com



နံရံကပ် ပန်းချီအမျိုးမျိုး တွေ့ရ၏၊ ကြမ်းခင်းများ အသားဖြစ်သော်လည်း ကျွန်းသစ်မာ မဟုတ်၊ ထင်းရှူးသား ပေါင်း၍ ခင်းထားခြင်း ဖြစ်ဟန်တူသည်၊ နန်းတော်နောက်ဖေး ပန်းဥယျာဉ်ကား ကျယ်လည်းကျယ်၏၊ သန့်လည်းသန့်ရှင်း၏။

၁၃၇၁-ခု ဝါဆိုလဆန်း (၁၄)ရက်၊(၄. ၇. ၀၉) ဝါဆိုလဆန်း (၁၅)ရက်၊ (၅. ၇. ၀၉)

ဒိုဗာမြို့သွား **မောင်ရဲလိုက်ပို့** **ဩဿဓ, ပညာစာရ**ပါ၊ ဒိုဗာဆိပ်ကမ်း လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀-ကျော်မှ စ၍ ဆိပ်ကမ်းဖြစ်လာ၊ တဘက်ကမ်း ကူးလိုက်လျှင် ပြင်သစ်ရောက်၏၊ နေပူသော်လည်း လေတဟူးဟူး တိုက်သဖြင့် အေးလှသည်၊ ဆိပ်ကမ်းအနီး ကျောက်တောင်များကား အတော်သက်တမ်း ရင့်ဟန်တူသည်၊ ကျွန်ုပ် တည်းခိုကျောင်းနှင့် ဒိုဗာဆိပ်ကမ်း ၂၈-မိုင်ခန့် ဝေးသည်။

၁၃၇၁-ခု ဝါဆိုလပြည့်ကျော် (၁)ရက်၊(၆. ၇. ၀၉)

မန္တလေး ဖုန်းဆက်သည်၊ စာချတန်း ဂေဇက်ထွက်ပြီးဖြစ်ကြောင်း သိရ၊ ဖုန်းလက်ခံ ပြောသူက (မစိုးရိမ်)တိုက်သစ်ကျမ်းပြီး အရေအတွက် မသိဟု ပြော၊ **ဒေါက်တာထွန်းလွင်**နှင့် ဆေးစစ် သာမန်တော့ အကုန်ကောင်းဟန် တူသည်။

၁၃၇၁-ခု ဝါဆိုလပြည့်ကျော် (၂)ရက်၊(၇. ၇. ၀၉)

ကျောက်စစ်ပုံသား မုံရွာ ပထမပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌ **ဦးစိန်မောင်** ၇၆-နှစ် မွေးနေ့ တရားအနည်းငယ်ဟော၊ လူငယ်များကို "**အင်္ဂလန် အမေရိကန် နေချင်လိုက်တာဟု စိတ်မဖြစ်ပါနှင့်၊ ငါတို့မြန်မာနိုင်ငံကို အင်္ဂလန် အမေရိကန်နိုင်ငံလို ဖြစ်အောင် ဘယ်လို ပြုပြင် ပြောင်းလဲကျမလဲဟုသာ စိတ်ထားပါ**"ဟု ပြောရ, ဟောရ။

**သတင်းစာဟူသည်** အသိဉာဏ် ပွင့်လင်းမှုများ စီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာ ဖြစ်သည်ဟု ကမ္ဘာကျော် သမိုင်းဆရာကြီး(သမိုင်းပါရဂူကြီး) **တွိုင်စီး**က ရေးသားခဲ့ဘူး၏၊

ထိုမြစ်သည် အိုင်ကြီးကို ညစ်ညမ်းစေသူများကိုလည်း ရှုတ်ချခဲ့၏၊ ကျွန်ုပ်တို့ နိုင်ငံ၌ကား ရှုတ်ချစရာသာ များလေသည်။

၁၃၇၁-ခု ဝါဆိုလပြည့်ကျော် (၃)ရက်၊(၈. ၇. ၀၉)

ဘတ်(Bath)မြို့ သွား၊ ရောမခေတ်က တည်ထောင်ခဲ့သည့် ရှေးဟောင်းမြို့ကြီး ဖြစ်သည်၊ ယင်းမြို့၌ ရေပူစမ်းရှိ၊ ယင်းရေပူစမ်း ဝင်ခ တယောက် ၁၀-ပေါင် ပေးရ၊ မြန်မာငွေနှင့်ဆိုသော် နှစ်သောင်းနီးပါး၊ ယင်းမြို့သို့ **မောင်ဝင်းထွဋ်နှင့် မေလှမောင်**တို့ လိုက်ပို့၊ ရန်ကုန်မှ သူတို့ဆွေမျိုး သုံးယောက်လည်းပါ၊ နေ့ဆွမ်း ပင်လယ်ဘေးဆိုင်၌ စားရ၊ **မေလှမောင်**က ခေါက်ဆွဲကြော် ယူလာခြင်း ဖြစ်သည်၊ လမ်း ကားရပ်နားစခမ်း ဆိုင်ကား အဆင့်မြင့်လှ၏၊ နှစ်ထပ်ဆိုင်၊ အထက်ထပ်

http://www.dhammadownload.com



တက်ဖို့ အက်စ်ကလေတာ (ရွေ့လျားစက်လှေခါး) ရှိ၏၊

ဘသ်မြို့ ကြည့်ရှုအပြီးတွင် ဝေးလ်(WALE) ပြည်နယ်သို့ ဆက်သွား၏၊ ပြည်နယ်၏ မြို့တော်ကား ကားဒစ်(CARK DIT)ဖြစ်သည်၊ မြို့တော်အသွား တံတားအရှည်ကြီး တခုကိုလည်း ဖြတ်၍သွားရ၏၊ ဖြတ်ခ လေးပေါင်ပေးရသည် ထင်၊

အပြန်၌ ချဲဒါး(CHADOAR) ရွာအနီးကျောက်တောင် ကားနှင့်တက်ကြည့်၊ သိပ်မမြင့်လှ၊ မန္တလေးတောင် သာသာခန့် မြင့်ပေလိမ့်မည်၊ သက်ရင့်ကျောက်တောင် ဖြစ်၏၊ တောင်ကမ်းပါး နံရံများကား စောက်နက်လှပေသည်၊ မီးချစ်ဘူး ထောင်ထားသည်နှင့် တူ၏၊ နံနက် ၉-နာရီခန့် ထွက်၊ ည ၁၀-နာရီကျော်မှ ရောက်။

၁၃၇၁-ခု ဝါဆိုလပြည့်ကျော် (၄)ရက်၊(၉. ၇. ၀၉)

**မသိင်္ဂီ**တို့၏ အန္တရာယ်ကင်း ဆွမ်းကျွေးတွင် အင်္ဂလန်သူတို့အိမ်မှ အမေရိကန်ပြည် ဘတ်ဖဲလိုးမြို့၌ နေသည့် သူမတို့အမေက အင်တာနက်မှ တရားနာ၊ ကျွန်ုပ်က အင်တာနက်ဖုန်းဖြင့် တရားဟော၊ ကျွန်ုပ်အသံကို ဘတ်ဖဲလိုးဒကာမကြီးက ကောင်းကောင်း ကြားရ၏၊ ကျွန်ုပ်ကလည်း ဒကာမကြီး ပြန်လျှောက်ထားသံကို ကောင်းကောင်းကြားရ၏၊ မပီမသမဟုတ်၊ ပီပီသသပင် ကြားရသည်၊

သတင်းစာများတွင် သတင်းရေးရာ၌

**"တာဝန်ရှိရှိ၊ သမာဓိနှင့်၊ ဂတိမလိုက်၊ အမှောင်မတိုက်သား၊ အကြိုက် အကျိုး၊ ဤနှစ်မျိုးတွင်၊ အကျိုးဖြစ်မှု၊ ရည်သန်ပြုကို၊ ပြည်သူ့ကိစ္စ၊ အဓိကထား၊ သတင်းသားကို၊ သီးခြားပေါ်စေ၊ ထင်မြင်ချက် ခွဲခြားလေ"** ဟူသော **ဦးစောဦး**၏ မှတ်ချက်အတိုင်း ဖြစ်ဖို့လို၏၊

**စိတ်ကောင်းမွေးမြူ၊ ကျင့်သုံးမှုကား၊ နတ်လူအများ၊ လွန်လိုလား၍၊ မှန်းထား ပန်းတိုင်၊ ရောက်နိုင်ပေ၏။ (ရောက်စေနိုင်၏)။**

၁၃၇၁-ခု ဝါဆိုလပြည့်ကျော် (၅)ရက်၊(၁၀. ၇. ၀၉)

ခရာဇ် ၁၃၁၂-ခုနှစ် ပင်းယမြို့တည်ဟု **ဒေါက်တာသန်းထွန်း**က ဆို၏၊ "သော်တာလှ ပင်းယတည်"ဟု ကျွန်ုပ်ရဘူးသည်၊ မြန်မာ ၆၇၄-ခု ပင်းယတည်သည်ဟု မှတ်၊ ခရာဇ် ၁၃၆၅-ခု အင်းဝမြို့တည်ဟု ဒေါက်တာသန်းထွန်း ဆို၏၊ "ထုတ်ခွန်သွင်း အင်းဝတည်" ကျွန်ုပ်ရဘူးသည်၊ မြန်မာ ၇၂၆-ခု အင်းဝတည်ဟု ဆိုလို၏၊

ခရာဇ် ၁၇၇၆-ခု မြန်မာသင်ပုန်းကြီး အီတလီမှာ ပုံနှိပ်၊ ၁၇၈၀-မဟာဗန္ဓုလမွေး၊

ရွှေတိဂုံစေတီတော် ဉာဏ်တော်မြင့်တင်သူများ၊

ခရာဇ် ၁၃၆၂-ခုနှစ်(၆၆-ပေထိမြှင့်) ဗညာဦး၊

ခရာဇ် ၁၄၅၀၊ ၃၂၀-ပေထိမြှင့်၊ ဗညာကျန်၊

ခရာဇ် ၁၇၇၄၊ ၃၂၇-ပေထိမြှင့် ဆင်ဖြူရှင် တောင်ငူ။

http://www.dhammadownload.com



"မေတ္တာဆိုတာ ကြိုင်ကြိုင်မွှေးတဲ့ အခိုင်လေးနဲ့ ပန်းတွေလို ၊
လေအောက်လေညာ ဘယ်မရွေးဘူး တကယ်မွှေးတဲ့ ဖြဟ္မစိုရ် ၊
သူသူငါငါ မှန်သမျှတို့ ပန်ကြဆင်ကြ နေ့တိုင်းကို ၊
မေတ္တာအကျိုး ဂုဏ်တန်ခိုး ပြည့်ဖြိုးရစေလို"

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် သုံးတိုက်တို့၏
မဟာနာယကချုပ် ဆရာတော် အရှင်ရာဇဓမ္မာဘိဝံသ၏
အင်္ဂလန်၊ ပြင်သစ်နှင့်အီတလီ လှေ့လာရေးခရီးစဉ် ကုန်ကျမှုစာရင်း
(၂၀၀၆-ခုနှစ် မေလ ၂၀-ရက်မှ ဇွန်လ ၂၄-ထိ)

၁။ ရန်ကုန်အင်္ဂလန် အသွားအပြန် လေယာဉ်ခ ဒေါ်လာ ၉၆၄။
၂။ အင်္ဂလန် ဗီဇာ ကျပ် ၁၀၀၀၀၀။
၃။ ကျန်းမာရေး အာမခံ အင်္ဂလန်နှင့် ဥရောပနိုင်ငံများအတွက် ဒေါ်လာ ၁၄၂။
၄။ ပြင်သစ် ရှန်ဂန်ဗီဇာ ဒေါ်လာ ၄၂။
၅။ အင်္ဂလန်မှ ပြင်သစ် ရထားခ(ပဏ္ဍာသမဏ **အရှင်ဩသ**အတွက်ပါ) ပေါင်စတာလင် ၂၅၀။
၆။ အင်္ဂလန် (Sightseeing) (ပဏ္ဍာသမဏ **အရှင်ဩသ**အတွက်ပါ) ပေါင်စတာလင် ၁၄၈။
(ကုန်ကျစရိတ် အားလုံးကို နှင်းသီတာနှင့် **ဒေါ်ကြည်ကြည်**မေတို့က လှူဒါန်းပါသည်)
၇။ ပြင်သစ်နှင့် အီတလီ(Sightseeing) (ပဏ္ဍာသမဏ အရှင်ဩသအတွက်ပါ) ယူရို ၄၂၀။
(ကျန်ကုန်ကျစရိတ်အားလုံးနှင့် ပြင်သစ် အီတလီ လေယာဉ်ခ ယူရို ၇၀၉-ကို ၃-ပါးစာ **အရှင်ကုမာရ**က လှူဒါန်းပါသည်။)

ပဏ္ဍာသမဏ **အရှင်ဩသ** ထိန်းသိမ်းခဲ့သော အနာမာသဝတ္ထုများ
၁။ ဆရာတော်အထံသို့ **အရှင်သေဋ္ဌိလ** သွားယူ ဒေါ်လာ ၃၀၀၀(၂၅. ၄. ၂၀၀၆)
၂။ ယူရိုလဲလှယ်ရန် ပေါင်စတာလင် ၄၃၀(၃၁. ၅. ၂၀၀၆)
(ထိုသို့ လဲလှယ်ရာမှ ယူရို ၅၆၀-ရရှိ)
၃။ ပြင်သစ်မှ ယူရို ၁၇၅(၆. ၆. ၂၀၀၆)။

http://www.dhammadownload.com



မြန်မာနိုင်ငံ မန္တလေးမြို့
မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်တို့၏
ပဓာနမဟာနာယကချုပ် ဆရာတော်
အရှင်ရာဇဓမ္မာဘိဝံသ ဆရာတော်ဘုရားကြီး၏
အင်္ဂလန်နှင့် ဥရောပခရီးစဉ် ကုန်ကျမှုမှတ်တမ်း၊
၂၀၀၉-ခုနှစ် ဇွန်လ ၅-ရက်နေ့မှ ဇူလိုင် ၁၁-ရက်ထိ၊

၁။ မြန်မာပြည်မှ အင်္ဂလန်သို့ လေယာဉ်ခနှင့် ဗီဇာခ အမေရိကန်ဒေါ်လာ ၁၂၉၀ (ဆရာတော်)

၂။ လန်ဒန်မှ စကော့တလန် ပေါင်စတာလင် ၃၈၅ (ကားငှါးခ) ဆရာတော်။
ပေါင်စတာလင် ၂၄၀(ဓာတ်ဆီ) သာသနရုံသီဆရာတော်။
ပေါင်စတာလင် ၅၀(ဆွမ်းဖိုး) သာသနရုံသီဆရာတော်။
ဟိုတယ်နှင့် နံနက်စာ **ဒေါ်မဥ္ဇူ** မင်္ဂလာတည်းခိုခန်း။

၃။ လန်ဒန်မှ နယ်သာလန် ပေါင်စတာလင်၁၂၀ (နှစ်ပါးစာ လေယာဉ်ခ) **အရှင်ဩဘာသ** **သာရ၊ အရှင်ပညာစာရ**။

၄။ နယ်သာလန်မှ နော်ဝေး ယူရို ၂၂၀(နှစ်ပါးစာ လေယာဉ်ခ) **အရှင်ဩဘာသသာရ၊** **အရှင်ပညာစာရ**။

၅။ နော်ဝေးမှ ဒိန်းမတ်၊ ကိုပင်ဟေဂင်မှ ဘာမင်းသို့ ဒိန်းမတ်ခရိုနာ ၁၂၅၀၊ ဒိန်းမတ်ခရိုနာ ၆၅၆ (ရထားခ)၊ နော်ဝေး ဒကာ, ဒကာမများ။

၆။ ဒိန်းမတ်မှ ဂျာမနီ၊ ဒိန်းမတ် ခရိုနာ ၁၆၃၆(နှစ်ပါး ရထားခ)၊ ဒိန်းမတ် ဒကာ, ဒကာမများ။

၇။ ဂျာမနီမှ ဘယ်လ်ဂျီယံ ယူရို ၁၅၀(သုံးပါးစာ ရထားခ)၊ ဗုဒ္ဓသာသနရုံသီ ဒကာ, ဒကာမများ။

၈။ ဘယ်လ်ဂျီယံမှ ပြင်သစ် ကားဖြင့် **အရှင်ကုမာရ** လာကြို၊ (**အရှင်ကုမာရ** ပြင်သစ်)။

၉။ ပြင်သစ်မှ လန်ဒန် ယူရို ၂၆၀(နှစ်ပါးစာ ရထားခ) **ဦးကုမာရနှင့် ခင်နှင်းယု**။

မှတ်ချက်။ ဥရောပခရီးစဉ် တလျှောက်လုံး **အရှင်ပညာစာရ**က ဆရာတော် ဘုရားကြီး၏ ပစ္ဆာသမဏအဖြစ် ကုသိုလ်ပြု ဆောင်ရွက်ပါသည်။

http://www.dhammadownload.com



## မလေးရှား စင်္ကာပူ ခရီးသွားမှတ်တမ်း

၁၃၇၁-ခု သီးတင်းကျွတ် လဆန်း(၁၃)ရက်၊ (၁. ၁၀. ၀၉)နေ့

**သဠနု, ရာဇိန္ဒ**တို့၏ ပင့်လျှောက်ချက်အရ မလေးရှား, စင်္ကာပူ သွားရန် မန်းမှ နံနက် ၆း၃၀-နာရီ ကျောင်းမှထွက်၊ ဟိုတယ်မဏ္ဍလေးတွင် ဘရိတ်ဖတ်စ်စား၊ **အေးအေးမြင့်**က ကပ်ခြင်းဖြစ်၊ လေယာဉ်ပျံကား မန်းကွင်းတွင် ပျက်နေ၍ အချိန် ၂-နာရီခန့် နောက်ကျမှ ထွက်၍ မန်းမှ ၁၀-နာရီကျော်ထွက်၊ ရန်ကုန် ၁၁-ကျော်မှရောက်၊ ပုလဲနယ် လျှော်ကားကြီးရွာ ဘုန်းကြီးနှင့် **ဣန္ဒက**တို့လည်း ပါ၊ **မောင်ပြည့်ဟိန်း**တို့ လေဆိပ်လာကြို၊ **မောင်ဆန်းလင်း**လည်းလာ၊ **အောင်နိုင်ဦး**မှာ အစည်းအဝေးရှိ၍ လာကြိုသော်လည်း ပြန်သွား။

၁၃၇၁-ခု သီတင်းကျွတ် လဆန်း(၁၄)ရက်၊(၂. ၁၀. ၀၉)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ၁၂-နာရီကျော်ထွက်၊ ကွာလာလန်ပူ လေဆိပ် ၅-နာရီခန့်မှရောက်၊ အင်မီဂရေးရှင်းဌာနမှ ရစ်နေ၍ လေဆိပ်ထဲ အတော်ကြာသည်၊ လာကြိုသူ **သဠနု**က စိတ်ပူ၍ မလေးတရုပ်အဖွဲ့ဝင် အတွင်းရေးမှူးကို လေဆိပ်အတွင်း စုံစမ်းခိုင်း၊ ကျွန်ုပ်တို့ ပြဿနာကို အတွင်းရေးမှူးပင် ဖြေရှင်း မပေးရတော့ပါ၊ အစစ်အမှန်ဖြစ်၍ ပြေလည်သွား၊ ည ၉-နာရီနီး တည်းခိုကျောင်းရောက်။

၁၃၇၁-ခု သီတင်းကျွတ် လဆန်း (၁၅)ရက်၊(၃. ၁၀. ၀၉)

**အောင်နိုင်ဦး + မစုစု**တို့ဆိုင် ဆွမ်းသွားစား၊ သူတို့ကား မလေးရှားရောက်နေသည်မှာ အတော်ကြာပြီ၊ စားသောက်ဆိုင်လုပ်ငန်းဖြင့် အဆင်ပြေနေသည်၊ ညနေ ၅-နာရီကျော် သံဃာ ၇-ပါးဖြင့် ပဝါရဏာပြု၊ ကျွန်ုပ်ကား ဒုတိယဝါဆိုသူဖြစ်၍ ပါရိသုဒ္ဓိဥပုသ်သာ ပြုရသည်။

၁၃၇၁-ခု သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊(၄. ၁၀. ၀၉)

ယနေ့ ဤတောကျောင်း၌ ကထိန်ခင်းကြသည်၊ သူတို့မလေး၌ တနှစ်လုံး ပွဲအကြီးဆုံးဟု ဆို၏၊ သင်္ကန်း, သပိတ်အစုံ တရာကျော် ပါလိမ့်မည်၊ (K.K.B) တောကျောင်းဟု အတိုကောက် ခေါ်ကြ၏၊ K.K.B-၏ အရှည်အဓိပ္ပာယ် ကျွန်ုပ်မသိ၊ ညနေ ၃-နာရီ K.K.B-မှ ကွာလာလန်ပူ မြို့ထဲ ရွှေ့၊ မြို့ထဲ၌ B.W.C-ခန်းမတွင် တည်ခို၊ K.K.B-အသင်းပိုင် ဖြစ်ဟန်တူ၊ တည်းခိုခ မပေးရ။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၂)ရက်၊(၅. ၁၀. ၀၉)

နံနက် ၈-နာရီခန့် ဆေးရုံသွား၊ ကျန်းမာရေး စစ်၊ ၂-နာရီကျော်ခန့်ကြာ၊ ပြီးလျှင် ဒကာတယောက်အိမ် ဆွမ်းစား၊ ကာလဒါနအကြောင်းဟော၊ **သဠနု**က အင်္ဂလိပ်လို ပြန်၊ K.K.B-ဥက္ကဋ္ဌနဲ့ သီဟိုဠ်ကျောင်း စသည်သွား၊ သီဟိုဠ်ကျောင်းကား အတော်အောင်မြင်ဟန် တူ၏၊

http://www.dhammadownload.com



ဆန်းဒေးစကူးလ် ကျောင်းသူ, ကျောင်းသားသည်ပင် တထောင် ကျော်သည်ဟု သိရ၊ ယင်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဆင်းတုတော်များလည်း ပြတိုက်တခုတွင် စုပေါင်း အပူဇော်ခံ ပြထား၊ တရုတ်ဘုံကျောင်း တခုလည်း ရောက်၊ ယင်းကျောင်းတွင်း၌ တရုတ်အခေါ် နှစ်အမည် တိရစ္ဆာန်ပုံများ အားလုံးပြထား။ ဥပမာ ကျားနှစ်, ယုန်နှစ်စသည် အထိန်းအမှတ် ကျားရုပ်, ယုန်ရုပ်စသည်ဖြစ်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၃)ရက်၊(၆. ၁၀. ၀၉)

နံနက်အာရုံ တည်းခိုသည့် B.W.C လာကပ်ကြ၊ နေ့ဆွမ်း အိမ်တအိမ်၌ သွားစား၊ အိမ်ရှင်ဒကာကြီးက သူ့ဘဝ အတွေ့အကြုံ စိတ်ရှည်လက်ရှည် ပြောပြ၊ ဆွမ်းစားပြီး **ကိုသိန်းတန်ကျော်နှင့် မခင်ဝင်း**တို့က မြို့ထဲ ဆိုဒ်ဆီးလိုက်ပို့၊ K.L တာဝါတွင် တာဝါအားလုံး ရောက်၊ ယခင်က တက်ကြည့်ပြီးဖြစ်၍ မတက်ခဲ့ပါ။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၄)ရက်၊(၇. ၁၀. ၀၉)

ယနေ့လည်း မြို့ထဲ ဆွမ်းစားသွား၊ နေ့ ဆေးရုံသွား၊ ကျန်းမာရေး စစ်မှု အဖြေသွားယူ၊ အားလုံးကောင်းသည်ဟု သိရ၊ ဆေးစစ်အပြန် ပူချုံးမြို့ **ဘောသလ္လ**တို့ ကျောင်း သွား၊ ည မစိုးရိမ်ထွက် ဘုန်းကြီးတပါးနှင့် အထွေထွေဆွေးနွေး၊ သူနှင့်ကွဲသွား ကြသည်မှာ အနှစ် သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိပြီ။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၅)ရက်၊(၈. ၁၀. ၀၉)

အင်ဒိုနီးရှားသွားရန် တည်းခိုရာ B.W.C မှ နေ့ ၁၂-နာရီကျော်ထွက်၊ လေယာဉ်ကား သုံးနာရီကျော်မှ ဖြစ်သည်၊ လေယာဉ်ကွင်းနှင့် တည်းခိုရာစင်တာ မိုင် ၂၀-ခန့်ဝေးသည်၊ ကွာလာလန်ပူနှင့် ဂျော့ဂျာကာတာလေယာဉ် ၂း၃၀-နာရီခန့် ပျံရ၏၊ ဂျော့ဂျာကာတာ လေယာဉ်ကွင်းသို့ တိုးကုမ္ပဏီ တခုမှ လာကြို၊ ကျွန်ုပ်တို့အဖွဲ့ ၁၆-ယောက်ဖြစ်၏၊ ဘောရိုးဘူဓား ဘုရားအနီး မနောဟရဟော်တယ်၌ တည်း၊ ဘုရားနှင့် ၂-ဖာလုံသာသာ ဝေးပါလိမ့်မည်၊ (၈. ၁၀. ၀၉) နံနက် အိပ်ရာထ၊ မူးချင်သလိုလို ဖြစ်၊ မျက်စိဆရာဝန်ထံ သွားပြ၊ မျက်ရည်ခေတ် နည်းသည်ဟု ပြော၊ အနည်းဆုံး ၂၀-ရှိရမည့်အစား ၁-မျှသာ ရှိ၏ဟု ပြော၊ စမ်းသပ်ခ မယူပါ၊ မျက်ရည်တုများ ခတ်ရန် လှူလိုက်သေး၏။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၆)ရက်၊(၉. ၁၀. ၀၉)

နံနက်စောစောထ ဘုရားဖူးအဖွဲ့ လိုက်သွားကြ၊ ကျွန်ုပ်ကား ယခင် (၄. ၁၂. ၀၃) တခေါက်လာစဉ်က ဘုရားအထက်ဆုံးအထိ တက်နိုင်၏၊ ယခု တခေါက်၌ မတက်နိုင်တော့၊ သုံးပုံနှစ်ပုံမျှသာ တက်နိုင်၏၊ ဘုရားမှ ပြန်အဆင်း တဖွဲ့လုံး အနေကဇာ တင်ကြသည်၊ **သဒ္ဓန**က ချပေးခြင်းဖြစ်၏၊

http://www.dhammadownload.com



ဘုရားမှ အပြန် နံနက်စာ စားကြသည်၊ နံနက်စာဆိုသော်လည်း ကွန့်ပ်အဖို့ နေ့စာပါ ဖြစ်ပါလိမ့်မည်၊ ကွန့်ပ်ကား အစားနည်းသူတည်း၊

နေ့ ၁၂-နာရီ မနောဟရဟော်တယ်မှ ထွက်ခွါ၊ အမန်ဂျီရို ဟိုတယ်သွား လေ့လာ၊ တညတည်းခ ဒေါ်လာ ၉၀၀-ပေးရသည့် အခန်းပင်ရှိ၊ ထိုအခန်းထဲ၌ ကွန့်ပ်ဓာတ်ပုံရိုက်ခဲ့၊

ထိုနောက် ပါရှန်နှင့် မန္တာတုဘုရားများ သွားဖူး၊ မန္တာတုဘုရားအနီး၌ ကွန့်ပ် ယခင်တခေါက် ရောက်စဉ်က ညအိပ်ခဲ့သည့် ကျောင်းသွား၊ ဘုန်းကြီးများ မတွေ့ခဲ့ပါ၊ အင်္ဂလန်သား ဘုန်းကြီးတပါးနှင့် ယင်းကျောင်း၌ တွေ့၏၊ သူလည်း ခဏလာခြင်းသာ၊

ညနေ ၆-နာရီကျော်မှ ဂျော့ဂျာကာတာ ပြန်ရောက်၊ ပေါက်ကွဲနေဆဲ မောင်ပရဟိ မီးတောင် အဝေးမှ ကြည့်ရန် သွားသေး၏၊ ပေါက်ကွဲဆဲဟု သူတို့စာ၌ ရေးထားသော်လည်း ချော်ရည်များ စီးဆင်းနေဆဲ မဟုတ်ပါ၊ ၄-နှစ် တကြိမ်ခန့်သာ ပေါက်ကွဲသည်ဟု ဆို၏၊ ဂျော့ဂျာကာတာ၌ PHOE-NIX-ဟိုတယ်၌ တည်း၊ အဆင့်မြင့်ပုံ ထောက်လျှင် တည်းခိုခ တော်တော်ပေးရမည် ထင်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၇)ရက်၊(၁၀. ၁၀. ၀၉)

နံနက် ၆-နာရီခန့် PHOENIX-ဟိုတယ်မှ ထွက်၊ လေဆိပ် ၇-နာရီကျော်ခန့် ရောက်၊ လေဆိပ်တွင် နံနက်စာ ဘုန်းပေးကြ၊ ၈-နာရီကျော် လေယာဉ်ထွက်၊ ၁၀-နာရီခန့် ဇကာတာပူလေဆိပ် ရောက်၊ ဇကာတာပူဗီဇာ အွန်လိုင်းမှ ယူလာခြင်းဖြစ်သည်ဟု ဆို၊ မြန်မာပြည် ဖုန်းဆက်၊ ဆွမ်းဝေယျာဝစ္စသမား လခပေးရန် ပြောရ၊ ည **ဦးရာဇိန်**ကျောင်း၌ အိပ်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၈)ရက်၊(၁၁. ၁၀. ၀၉)

**ဦးရာဇိန်**ကျောင်း ကထိန်ခင်းကြ၊ တရားအနည်းငယ် ဟော၊ ကထိန်တရားအပြင် ညလည်း တရားအနည်းငယ် ဟော၊

ပြည်တွင်းပြည်ပနေ မြန်မာအားလုံး အသိဉာဏ် ဗဟုသုတ နည်းပါးကြောင်း ဟောခြင်း ဖြစ်သည်၊ ပရိသတ်ကို အသိဉာဏ်နည်းသည်ဟု ဟောခြင်းသည် ကြိုက်မည်မဟုတ်ကြောင်း ကွန့်ပ် သိ၏၊

နိုင်ငံခြားနေသော်လည်း အထင်ကြီးစရာ မဟုတ်ပါ၊ ဘာစာပေမှ ကြည့်ကြဟန် မတူ၊ ကျောင်းသင်ပညာမျှ, ဘွဲ့ဒီဂရီမျှဖြင့် ကိုယ့်ကိုယ်ကို အထင်ကြီး နေကြ၏၊ ယင်းကို ပေါ်လွင်အောင် ဟောခြင်းဖြစ်သည်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၉)ရက်၊(၁၂. ၁၀. ၀၉)

**သဋ္ဌန**ဒကာအိမ် နံနက်ကြာဇံ သွားစား၊ အနေကဇာတင် နေ့ဆွမ်း အိမ်တအိမ် သွားစား၊ ဆင်မြင်းခံ ဘုရားဆင်းတုကိုလည်း အနေကဇာ တင်ခဲ့ရသေး၏၊

ဆင်ခံခြင်းမှာ ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်သည်ကို ရည်ညွှန်းဟန်တူ၊ မြင်းခံခြင်းကား တောထွက်

http://www.dhammadownload.com



ရာ၌ ခဏ္ဍိကမြင်းကို စီး၍ တောထွက်ခြင်းကို ရည်ညွှန်းဟန်တူ၊ ကျွန်ုပ်အထင်မျှသာ ဖြစ်သည်၊ ဆင်မြင်းခံ ဘုရားများအကြောင်း သမိုင်းတစုံတရာ မဖတ်ဖူး၊

ယမန်ည ကျွန်ုပ် ဟောခဲ့သည့်တရားကို အသံပါသွင်း၍ ရုပ်ရှင်ရိုက်ထား၊ မလိုအပ်သည့် အသံများ ထုတ်ပစ်နိုင်လျှင် ပိုကောင်းမည် ထင်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၁၀-၁၁)ရက်၊(၁၃-၁၄. ၁၀. ၀၉)

ဘယ်မှ မသွား၊ ဘာမှ မလုပ်ဖြစ်၊ ဘာစာအုပ်မှ မရှိ၍ စာအုပ်လည်း မဖတ်ဖြစ်ပါ၊

(၈. ၁၀. ၀၉)နေ့ညက ကျွန်ုပ်တရား ဟောရာတွင် ခပ်ဝေးဝေးမှ တရားနာသူ ဒကာမ တဦးက "ရှစ်ဆယ်ကျော် ဆရာတော်ကြီးက အသံမာလှပါကလား၊ အရွယ်တင်လှ ပါကလားဟု ထင်မိကြောင်း" ယနေ့ နေ့ဆွမ်းကပ်ရာတွင် လျှောက်၊ မိမိမှာ ၈၀-မကျော်သေးကြောင်း, ၈၀-တွင်းဟု ခေါ်နိုင်ကြောင်း ပြောရ။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၁၂)ရက်၊(၁၅. ၁၀. ၀၉)

နံနက် မုံ့ဟင်းခါးဆွမ်း ကုသိုလ်ရှင်များမှာ မြိုင်နယ်မှ ဖြစ်ကြောင်းသိရ၊ သူတို့နာမည် မမေးလိုက်မိပါ၊ ညနေတွင် စက်ာပူ ဖလိုင်းယား သွားကြည့်၏၊ ကျွန်ုပ် ယခင်တခေါက် (၅-နှစ်ကျော်) ရောက်စဉ်က မရှိသေး၊ ယခု အသစ်ပေါ်လာခြင်း ဖြစ်သည်၊ လန်ဒန်နှင့် ပုံစံတူပင် ဖြစ်၏၊ မြန်မာပြည် ဘုရားပွဲများ၌ တွေ့ရတတ်သည့် ရဟတ်ပုံစံမျိုးပင် ဖြစ်သည်။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၁၃)ရက်၊(၁၆. ၁၀. ၀၉)

ဓမ္မဂါးဒင်းကျောင်းသွား ဆွမ်းစား၊ ဦးဇင်းများကား မစိုးရိမ်တိုက်သစ် နေဘူးကြ၏၊ ဓမ္မဂါးဒင်းကျောင်းကား မလေးရှား နယ်စပ်နှင့် နီးသည်၊ ရေကလည်း လက်ပစ်ကူးရုံမျှ ရောက်နိုင်၏၊ ညနေ ၃-နာရီကျော်တွင် ယခင်အခေါက် လာစဉ်က သူတို့အဖေ သေ၍ လာပင့်သည့် ဒကာမနှင့် တွေ့၊ သူ့နာမည် မမေးလိုက်မိ၊ သူမလျှုဒါန်းသည့် နဝကမ္မအလှူငွေ စာအိပ်၌ကား ကွယ်လွန်သူ ဖခင်ကြီး **ဦးခင်သိန်း**ကို ရည်စူး၍ မိခင် **ဒေါ်တင်မြင့် (သမီး) တင်တင်စိန်၊ မစိုးခိုင်**နှင့် မိသားစုဟု ပါ။

၁၃၇၁-ခု သီတင်းကျွတ် လပြည့်ကျော် (၁၄)ရက်၊(၁၇. ၁၀. ၀၉)

စက်ာပူ **ရာဇိန်** S.M.C-မှ နံနက် ၄း၃၀-နာရီ ချန်ကီလေဆိပ်ထွက်၊ ၆-နာရီကျော် ချန်ကီမှ မလေးရှား ကွာလာလန်ပူ လေယာဉ်ထွက်၊ ၇-နာရီကျော်ရောက်၊ ၁၀-နာရီကျော် မလေးရှားမှ လေယာဉ်ထွက်၊ ၁၂-နာရီကျော်ခန့် ရန်ကုန်လေဆိပ်ရောက်၊ **သုစိတ္တ**တို့ကိုပင် အကြိုမခိုင်း၊ **တင်ထွန်းအောင်**၏ မိတ်ဆွေ **ဇေယျာဖြိုး**တို့ လာကြို။

http://www.dhammadownload.com



## ထိုင်း, သီရိလင်္ကာ(သီဟိုဠ်) ခရီးစဉ်

၁၃၇၂-ခု ဝါခေါင်လဆန်း (၆)ရက်၊(၁၆. ၈. ၂၀၁၀)

ထိုင်း, သီရိလင်္ကာ(သီဟိုဠ်)သို့ သွားရန် မန်းမှ နံနက် ၆း၃၀-နာရီခန့်ထွက်၊ လေဆိပ် ၇း၂၀-ခန့်ရောက်၊ မန်းလေဆိပ်မှ ၈း၄၀-ကျော် ထွက်၊ ရန်ကုန် ၉-နာရီကျော်ရောက်၊ ကျွန်ုပ်ကို ကြိုဆိုမည့်ကားများပင် လေဆိပ်မရောက်ကြသေး၊ လေယာဉ်က ပုံမှန်ထက် စောဆိုက်ဟန်တူသည်၊ မိနစ် ၂၀-ခန့်ကြာမှ ကြိုဆိုမည့်ကားများ ရောက်လာ၏၊ မရောက်လာလျှင်လည်း **ဒေါက်တာအာဒိစ္စ**က သူ့ကားနှင့် တည်းခိုရာကျောင်းတိုက်သို့ လိုက်ပို့မည်ဖြစ်ကြောင်း လျှောက်ထား၏၊ သူ့ကြိုမည့်ကားကလည်း လေယာဉ်ဆိုက်ချိန်၌ မရောက်လာသေး၊ လုံခြုံရေး လုပ်သားများကမူ တာဝန်ကျကြ၏၊ ကျွန်ုပ်ကို လုံခြုံရေးဘက်၌ လာကြိုမည်ကို သူတို့ သိနေကြဟန် တူ၏။

| | |
|---|---|
| စာချစာသင် အကျိုး | |
| စာချစာသင် | အလုပ်ခွင်ဝယ် |
| နေ့စဉ်မွေ့လျော် | များသူတော်တို့ |
| ရွှင်ပျော်လုံ့လ | သဒ္ဓါကြွ၍ |
| ဉာဏစင်ဖြူ | သင်ချမှုကား |
| ထိုသူစီးပွား | သုတများသဖြင့် |
| စဉ်းစားဉာဏ်ကြွယ် | အမြင်ကျယ်၏ |
| မကွယ်စေကော | ကိလေသာလည်း |
| သူငါရှုန့်ကြမ်း | ဖြစ်စတမ်းသို့ |
| ဗရမ်းပတာ | မဖြစ်လာဘဲ |
| က္လာသာမစွဲရ | မထကြွဘူး |
| ရာဂဒေါသော | မာနမောတို့ |
| အပြောမကျယ် | သေးသေးငယ်မှ |
| စ၍ပဟာန် | တဒင်္ဂနှင့် |
| ဝိက္ခမ္ဘန | ပယ်နိုင်ကြသည် |
| သင်ချအကျိုး | စာတန်ခိုး။ အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံဆရာတော်) |
| | |
| သတ္တဝါတစ်ယောက် | ယူမှားမှောက်ကို |
| သိန်းလောက်ဘုရား | လှန်သောအားဖြင့် |
| ဟောကြားချွေချွတ် | ဖြေမလွတ်ဘူး။ (မဃဒေဝ) |

http://www.dhammadownload.com



မြန်မာမင်းဆက်
တကောင်းမှာ မင်းဆက် (၅၀)
သရေခေတ္တရာမှာ မင်းဆက်(၂၇)
ပုဂံပြည်တွင် မင်းပေါင်း (၅၅)
ပင်းယတွင် ၆-ဆက်၊
အင်းဝတွင် (၂၉)
တောင်ငူတွင် (၃၅)
ပြည်မြို့တွင် (၁၇)
ကုန်းဘောင်တွင် (၁၁) (တက္ကသိုလ် မြန်မာစကားပြေ ကောက်နှုတ်ချက် ။ ၂၀၇)

အေဗရာဟင်လင်ကွန်း(Abraham Lincoln)ကို ၁၈၄၆-တွင် ကွန်ကရက်မှ ရွေးကောက်ခဲ့သည်၊

ဂျွန်အက်ဖ် ကနေဒီ(John.F. Kennedy)ကို ၁၉၄၆-တွင် ကွန်ကရက်မှ ရွေးကောက်ခဲ့သည်၊

အေဗရာဟင် လင်ကွန်းသည် အမေရိကန် သမ္မတအဖြစ် ၁၈၆၀-တွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်၊

ဂျွန်အက်ဖ် ကနေဒီသည် အမေရိကန် သမ္မတအဖြစ် ၁၉၆၀-တွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

သူတို့ နှစ်ဦးလုံးသည် ပြည်သူ့အခွင့်အရေးကို ဦးစားပေးသည်၊

သူတို့ နှစ်ဦးလုံးသည် အိမ်ဖြူတော်မှာ နေစဉ် ခလေးဆုံးရှုံးခဲ့ရသည်၊

သူတို့ နှစ်ဦးလုံးသည် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခံရပြီး လုပ်ကြံခံခဲ့ရသည်၊

သူတို့ နှစ်ဦးလုံးသည် သောကြာနေ့တွင် လုပ်ကြံခံခဲ့ရသည်၊

ပို၍ ထူးခြားတာက လင်ကွန်းအတွင်းရေးမှူး၏ နာမည်သည် ကနေဒီ ဖြစ်ပြီး၊ ကနေဒီအတွင်းရေးမှူး၏ နာမည်သည် လင်ကွန်းဖြစ်သည်၊

သူတို့ နှစ်ဦးလုံးကို တောင်ပိုင်းသားတွေက လုပ်ကြံသတ်ဖြတ်ခဲ့သည်၊

သူတို့ နှစ်ဦးလုံး၏ နေရာကို ဆက်ခံသူများမှာလည်း တောင်ပိုင်းသားများ ဖြစ်ကြသည်။

လင်ကွန်းနေရာ ဆက်ခံသူ အင်ဒရူးဂျွန်ဆင်(Andrew Johnson)သည် ၁၈၀၈-ခုနှစ်တွင် မွေးဖွားခဲ့သည်၊

ကနေဒီနေရာ ဆက်ခံသူ Lyndon Johnson သည် ၁၉၀၈-တွင် မွေးဖွားခဲ့သည်၊

လင်ကွန်းကို လုပ်ကြံခဲ့သူ John Wikes Booth သည် ၁၈၃၉-တွင် မွေးဖွားခဲ့သည်၊

ကနေဒီ လုပ်ကြံခဲ့သူ Hawey Oswald သည် ၁၉၃၉-တွင် မွေးဖွားခဲ့သည်၊

သူတို့နှစ်ဦးလုံး၏ နာမည်သုံးလုံးတွင် အက္ခရာ ၁၅-လုံးရှိသည်။

http://www.dhammadownload.com



ဆက်လက် လေ့လာကြပါစို့-

လင်ကွန်းက DK Fasd အမည်ရှိ ပြဇာတ်ရုံတွင် လုပ်ကြံခံရပြီး၊

ကနေဒီက DK Fasd ကားကုမ္ပဏီမှ ထုတ်သော Lincolmအမည်ရှိ ကားပေါ်တွင် လုပ်ကြံခံရသည်၊

သမ္မတ လင်ကွန်းသည် ပြဇာတ်ရုံတွင် အပစ်ခံရပြီး၊ ၎င်းကို လုပ်ကြံသူသည် ဂိုဒေါင်တစ်ခုထဲသို့ ပြေးပုန်းခဲ့သည်၊

သမ္မတ ကနေဒီကို ဂိုဒေါင်တစ်ခုထဲမှ လှမ်းပစ်ပြီး လုပ်ကြံသူသည် ပြဇာတ်ရုံသို့ ပြေးပုန်းခဲ့သည်၊

သမ္မတ နှစ်ဦးလုံးကို လုပ်ကြံခဲ့သူ Boothနှင့် Oswaldသည် တရားရုံး ရင်မဆိုင်ရမီ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

မပြီးသေးပါဘူး-

လင်ကွန်းလုပ်ကြံမခံရမီ တစ်ပတ်အလိုတွင် Monsoo Masy Land ဟု အမည်ရသော နေရာတွင် ရှိနေခဲ့သည်၊

ကနေဒီ လုပ်ကြံမခံရမီ တစ်ပတ်အလိုတွင် ရုပ်ရှင်မင်းသမီး အဆိုတော် Masilyn Monsooနှင့် အတူရှိခဲ့သည်။

ကုသိုလ်မှန်သမျှ၊ မကျန်ရ၊ စံပြုပြုခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
မိဘနှစ်ပါး၊ ဝတ္တရား၊ ကြိုးစားပြုခဲ့သည်။
မင်းကျင့်ဆယ်ဖြာ၊ ညီအညာ၊ ပြည်ရွာအုပ်ချုပ်သည်။

၁၃၇၂-ခု ဝါခေါင်လဆန်း (၇)ရက်၊(၁၇. ၈. ၂၀၁၀)

တောင်ဥက္ကလာ **ဇဝန**ကျောင်း နေ့ဆွမ်းစား၊ **ကိုစိန်လှိုင်** မိသားစုမှ ဆွမ်းကျွေးခြင်းဖြစ်၊ **ကိုစိန်လှိုင်** ကွယ်လွန် (၃၉)လမြောက်ဟု ဆို၊ **ကိုစိန်လှိုင်**ကား နိုင်ငံခြား သင်္ဘောသားဖြစ်၏၊ သူ့သင်္ဘောအကြောင်းလည်း ယခုအထိ ကြားရဟန် မတူ၊

နေ့ ၂-နာရီကျော် **ဇောတိကနှင့် ဣန္ဒာစက္က**တို့လာ၊ ရွှေဂုံတိုင်ရှိ **ဦးဉာဏ** အဂ္ဂဘွဲ့စာအုပ်များ အကြောင်းပြော၊

နေ့ဆွမ်းစားပွဲ၌ **သုစိတ္တ(ရေဦး)**တို့လည်းပါ၊ သူ အမေရိကန်ဗီဇာ သွားတင်ရာ မအောင်မြင်ခဲ့ဟု ဆို၊ ဗီဇာမရခြင်းသည် မိမိနိုင်ငံ၏ စီးပွားရေးအပေါ် အခြေခံ၊ ဗီဇာတွေ့ဆုံခ ဒေါ်လာ ၁၄၀-ကုန်သည်ဟု ဆို၊ ကျွန်ုပ်ကိုယ်တိုင်လည်း ဗီဇာအပါယ် ခံရဘူးပါသည်၊ ထိုစဉ်က ဒေါ်လာ ၁၀၀-သာ ပေးရ။

http://www.dhammadownload.com



၁၃၇၂-ခု ဝါခေါင်လဆန်း (၈)ရက်၊(၁၈. ၈. ၂၀၁၀)

ရန်ကုန်မှ ထိုင်းသို့ TG(၃၀၄)ဖြင့် ၉-နာရီကျော် ထွက်၊ ထိုင်းဒေသစံချိန် ၁၁-ခန့်ရောက်၊ သုဝဏ္ဏဘူမိလေဆိပ် SD AVFW ဟိုတယ် နေ့စာစား၊ နေ့ဆွမ်းစားပြီး ထိုင်းဘန်ကောက်မြို့တွင်း လျှောက်လည်ကြရန် ၅-နေရာ မှန်းထားသော်လည်း ၃-နေရာမျှသာ လည်နိုင်၊ ဘိုင်ရုပ်ဟိုတယ်ကပင် ဘုန်းကြီးများကို အထက်ဆုံးထပ်အထိ လက်မခံတော့၊ ယခင် ၂၀၀၅-ခုနှစ် လာစဉ်က အထက်ဆုံးထပ်ထိ တက်ခဲ့သော်လည်း တပတ်လှည့်ပြသည့် ဆုံလည်ပျက်နေ၍ မကြည့်ခဲ့ရ၊

နေစာစားပြီး မြဘုရား, ကျောင်းတော်မူဘုရား, ကျောက်ဘုရား၊ မြစ်တဘက်ရှိ အာရုံဦးဘုရား စသည်လည်၊ ၅-နေရာ မှန်းထားသော်လည်း ကားကြပ်တည်း ၂-နာရီခန့် ကြံ့နေ၍ ၂-နေရာ မရောက်ခဲ့၊ ၂၀၀၅-ခု မြဘုရား ဖူးစဉ်က ကျွန်ုပ်တို့ နိုင်ငံခြား ဘုန်းကြီးများ ဝင်ကြေးပေးရ၏၊ ယခုတကြိမ်၌ကား ဝင်ကြေးပေးရန် မလိုဟု ဆိုပြန်သည်၊ ဘုန်းကြီးများ ဘုရားဖူးရန်နေရာ သီးသန့်လုပ်ပေးထား၏၊ ၃-နာရီခွဲလျှင် မြဘုရား ပိတ်သည်။

၁၃၇၂-ခု ဝါခေါင်လဆန်း (၉)ရက်၊(၁၉. ၈. ၂၀၁၀)

ဘန်ကောက်လေဆိပ်မှ ည ၁၁း၂၅-နာရီထွက်၊ TG(၃၀၇) သီရိလင်္ကာနိုင်ငံ ကိုလန်ဘိုမြို့သို့ ည ၃-နာရီကျော်မှရောက်၊ နံနက် Ecomရှိ ဂိုးလ်ဒင်းစတား ဟိုတယ်တွင် ညအိပ်၊ ဘရိတ်ဖတ်စ် စားပြီး အနုရာဓပူရသို့ ထွက်ခွါ၊ ပန်းဝါဒင်းဟိုတယ်တွင် နေ့လည်စာစားပြီး မဟာစေတီ, ထူပါရာမ, ဇေတဝနာရာမစေတီများဖူး၊ သံဃမိတ္တာစေတီ၌ ရွှေကြာသက်န်း အဖွဲ့လိုက်ကပ်ကြ၊ ပဋ္ဌာန်းရွတ်၊ မေတ္တာပို့။

၁၃၇၂-ခု ဝါခေါင်လဆန်း (၁၀)ရက်၊(၂၀. ၈. ၂၀၁၀)

POLONARUWO မှ SICIRIYA သို့ ထွက်၊ လမ်း၌ ၅-ရာစုက တည်ဆောက်ခဲ့သည့် ကျောက်တုံးခံတပ်များ ကြည့်ရှု၊ ပေ ၆-ရာကျော်မြင့်သည့် မတ်ဆောက်ကျောက်တောင်ကိုလည်း တက်ခဲ့၊ လူငယ် ဒကာ,ဒကာမများက ကျွန်ုပ် တောင်ထိပ်ရောက်အောင် တက်နိုင်မည်မဟုတ် ထင်ကြသည်၊ ၇၈-နှစ်ကြီးတောင်ရှိမှ အသက်အရွယ်အရ တက်နိုင်မည်မဟုတ်ဟု ထင်ခြင်းဖြစ်။

"အပေါင်းရှုပ၊ ဤကာယကား၊ သုဘတစ်၊ ကောင်းမရှိဘူး(၁၅၇-၁၅၈-၁၆၇)

ထက်မြက်ဝှန်ဆူ၊ အဆိပ်ဟူသည်၊ သင့်သူသာမျှ သေတတ်စွရှင့်၊ သမဏပြဟ္မဏာ၊ အရိယာဟု၊ သံဃာရဟန်း၊ ကျင့်ခန်းမြတ်သူ၊ အဆိပ်မူကား၊ ရှင်လူနီးရင်း၊ ရွှေသင်းပင်းနှင့်၊ မကြွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီးဆက်ဆက်၊ ငရဲကျက်၏။

၁၃၇၂-ခု ဝါခေါင်လဆန်း (၁၁)ရက်၊(၂၁. ၈. ၂၀၁၀)

နံနက်စာစားပြီး ဒမ္ဗူလနှင့် အာတုဝိဟာရမှ ကန္ဒီသို့ ခရီးဆက်၊ (Dumilrocktenpie) ဒမ္ဗူကျောက်တောင်ဂူဘုရားသို့ ဝင်ဖူး၊ ဘီစီ ၁-ရာစုနှစ်က ဘုရင် Walagambahv-က ဗုဒ္ဓဘာသာ ရဟန်းတော်ကြီးများအား လှူဒါန်းခဲ့သည့် ကျောင်းကြီးရှိ၊ ကျောက်ဂူထဲတွင် ရုပ်ပွားတော်

http://www.dhammadownload.com



ငါးရာကျော်ခန့် ရှိမည်ဟူ၍ မှန်းရ၊ အကြီးဆုံးရုပ်ပွားမှာ ၁၄-မီတာခန့် ကျယ်မည်ထင်၊

ဒမ္ဗူလမှ အာတုရဝိဟာရသို့ ခရီးဆက်၊ ရဟန္တာ ၅၀၀-စုပေါင်းပြီး စတုတ္ထ သင်္ဂါယနာတင်ရာ ကျောက်ဂူဖူး၊ ပေထက်အက္ခရာတင်သော သင်္ဂါယနာဖြစ်၊ SENANI-ရက်စတောရင့်တွင် နေ့စာစားပြီး ကန္ဒီမြို့သို့ ဆက်ထွက်၊ SWISSKESIDGE-ဟိုတယ်တွင်တည်း၊ ချက်ကင်လုပ်ပြီး ခရီးသည်များ ညစာစား၊ ညပိုင်းတွင် သီဟိုဠ်စွယ်တော် လှည့်လည်ပွဲကြည့်၊ ဆင်အကောင် တရာထက် နည်းမည်မထင်၊ အကအဖွဲ့များလည်း ထိုမျှပင် ရှိပါလိမ့်မည်၊ အမျိုးသားအကအဖွဲ့ တရာနီးပါး ရှိမည်ဟုမှန်း၊ အမျိုးသမီး အကအဖွဲ့ကား သုံးလေးဖွဲ့မျှသာ တွေ့ရ။

၁၃၇၂-ခု ဝါခေါင်လဆန်း (၁၂)ရက်၊(၂၂. ၈. ၂၀၁၀)

နံနက်စောစော စွယ်တော်တိုက်သွား၊ စွယ်တော်ဖူး၊ ပရိတ်သတ် များလွန်းသဖြင့် မိနစ်ပိုင်း မျှသာ ဖူး၊ ကျွန်ုပ်ကိုမူ ဘုန်းကြီးဖြစ်၍ ဒကာ,ဒကာမများ လေးဆယ်ခန့် ဖူးပြီးသည်အထိ စောင့်နေရ၏၊ ဒကာ, ဒကာမများ အားလုံးဖူးပြီးမှ ကျွန်ုပ် စွယ်တော်ထားရာ အခန်းမှ ထွက်ရသည်၊ မိနစ် ၃၀-ကျော်ခန့် ကြာမည်ဟု ထင်၊ စွယ်တော်ပွားလည်း ကျွန်ုပ်လက်ဖြင့် ကိုင်၍ပွားခဲ့၏၊

နံနက်စာစားပြီး NUWAKILIYသို့သွား၊ လမ်းတွင် ရုက္ခဗေဒဉယျာဉ် ဝင်ကြည့်၊ အပင်အမျိုးပေါင်း ၅-ထောင်ကျော်မည်ဟု မှန်း၊ ခေါက်ဆွဲပင်ဟု အလွယ်ခေါ်သည့် အပင်နှစ်ပင်မှာ ကိုင်းချင်း ပူးဝင်နေ၏၊ လိမ်နေခြင်းမျိုး မဟုတ်၊ တပင်မှ ကိုင်းက တပင်၏ ပင်စည်အထဲသို့ ဝင်သွားခြင်းမျိုး ဖြစ်သည်၊ အပင်၏ အမည်မှန် ကျွန်ုပ်မသိ၊ မြန်မာပြည်ပေါက်သော အပင်မျိုးလည်း ဟုတ်ဟန်မတူ၊

နေ့ဆွမ်း OAKKAYစားသောက်ဆိုင်တွင် စားရ၊ စားသောက်ဆိုင်များ ဟိုတယ်များမှ ကြက်သားချက်ပုံ ဗမာနှင့် ဆင်သည်၊ ဗမာ့လျှာနှင့် စားဖြစ်၏၊ နူဝါရာဘီလီးယားတွင် WINSOR ဟိုတယ် ညအိပ်၊ ခရီးသည်များ ဟိုတယ်၌ပင် ညစာစားကြ၏။

၁၃၇၂-ခု ဝါခေါင်လဆန်း (၁၃)ရက်၊(၂၃. ၈. ၂၀၁၀)

ဟိုတယ်၌ နံနက်စာစားပြီး HORTONPLOIW SLOUD FORESTRESERVE သို့သွား၊ တောင်တန်းအလှများ ရေတံခွန်များ ကြည့်၊ MINIWORLDENDခေါ်နေကြသော ကမ္ဘာ့အစွန်ဆုံး ချောက်ကမ်းပါးကြီးသို့ ရောက်၊ ထိပ်ပေါ် တက်လိုက်လျှင် တဘက်၌ ကြောက်စရာကောင်းသည့် ချောက်ကြီးသာ ရှိ၊ ညစာကို ဟိုတယ်၌ပင် စားကြ၏၊

ကျွန်ုပ် နေ့စာကို ဖြစ်သလို ကိတ်မုန့်တလုံး ဘရာကျော်တခုဖြင့် ပြီးလိုက်ရ၏၊ **ဒေါက်တာ မခင်နီ**က ကပ်ခြင်းဖြစ်သည်၊ ရောက်သည့်နေရာတိုင်း တိုးဂိုက်ခေါင်းဆောင် **မောင်မောင်မြင့်**က ရှင်းပြ၏၊ တောင်တန်းကြီးပေါ်၌ကား ရှင်းမပြတော့ပါ၊ **မောင်ဆန်နီ**က ၁၂-နာရီကျော်မှ ဆွမ်းဗူး လာကပ်သေး၏၊ ကိတ်မုန့်စားပြီး ဖြစ်နေ၍ အချိန်လည်း လွန်နေ၍ မစားတော့ပါ။

http://www.dhammadownload.com



၁၃၇၂-ခု ဝါခေါင်လဆန်း (၁၄)ရက်၊(၂၄. ၈. ၂၀၁၀)

ကျွန်ုပ်တို့ နှစ်ညတည်းခို အိပ်စက်ခဲ့သော ဝင်ဆာဟော်တယ်ကား အလင်းရောင်နည်းလှသည်၊ လျှပ်စစ်သည် အဖိုးတန်ဖြစ်၍ ချွေတာကြရန် ရေချိုးခန်း အပေါက်အတွင်း ဘက်၌ စာကပ်ထား၏၊

ယင်းဟော်တယ်မှ နံနက် ၇-နာရီကျော်ထွက်၊ လမ်း ကလျာဏီမြစ်ကမ်း ဆိုင်လေး၌ ဆွမ်းစား၊ သူတို့ သီဟိုဠ်၌ ယနေ့ လပြည့်ဥပုသ် ဖြစ်သဖြင့် ကလျာဏီ သိမ်တခုလုံး ပြည့်ကျပ်နေ၏၊ ကျွန်ုပ်တို့ မြန်မာပြည်၌ နက်ဖြန်မှ လပြည့်နေ့ ဖြစ်၏၊ မြန်မာပြည်၌ နယုန်ရက် ၃၀-ဖြစ်သဖြင့် ဝါခေါင်၌ တရက်ကွာနေဟန် တူသည်၊ ဆွမ်းစားသည့် စားသောက်ဆိုင် အမည်ကား KIRULGALAဖြစ်၏၊

ကိုလံဘိုတွင် ဂင်္ဂါရာမကျောင်းတိုက်သို့လည်း သွားခဲ့၊ ဝါခေါင်လပြည့် သြဝါဒပါတိမောက်နေ့ ဖြစ်သဖြင့် ပိုစည်ကားဟန် တူသည်၊

ကိုလံဘိုမှ ထိုင်းလေကြောင်း (၃၀၈)ဖြင့် ည ၁၀း၄၀-နာရီ ထွက်၊ ထိုင်း ၇-နာရီကျော်ခန့် ရောက်၊ **အောင်နိုင်ဦး**တို့က လာကြိုကြ၊ **ဒေါ်မြမြလေး**ကလည်း **အောင်နိုင်ဦး**တို့ကို မတွေ့လျှင် သူနဲ့ လိုက်ခဲ့ပါဟု ခေါ်၏၊ ဟိုတယ်ZENITH မှာ တည်းခို၊ ရောက်ပြီး မကြာခင် **အောင်နိုင်ဦး** နှစ်မ လာပို့သော ဆန်ပြုတ်တပွဲ သောက်၊ သီဟိုဠ်မှ ည ၁၀-နာရီခွဲ ထွက်လျှင် လေယာဉ် ပျံသန်းချိန် ၃-နာရီဆို ထိုင်းလေဆိပ်သို့ ၁း၃၀-နာရီ ဆိုက်ရမည်၊ လေယာဉ်ပေါ်တွင် ၄-နာရီကျော်ခန့် ပျောက်သွား၏။

၁၃၇၂-ခု ဝါခေါင်လဆန်း (၁၅)ရက်၊(၂၅. ၈. ၂၀၁၀)

ဟော်တယ်၌ နေ့ဆွမ်းမှာစားပြီး နေ့ ၁-နာရီကျော်ခန့် အယုဒ္ဓယမြို့သို့ **အောင်နိုင်ဦး**တို့ မိသားစုနှင့် အတူသွားကြ၊ ဘုရင့်နန်းတော် စသည်ကြည့်၊ အယုဒ္ဓယမြို့ဟုသာ ပြောရသည်၊ ကျွန်ုပ်ရောက်ခဲ့ဘူးသော အယုဒ္ဓယမှ ဟုတ်ပါလေစ မပြောတတ်၊ ကျောင်းသား, ကျောင်းသူ အဖွဲ့တဖွဲ့ လာရောက် လေ့လာနေသည်ကိုတွေ့၊ အပြန် မန္တလေး ကျောက်တော်ကြီးတမျှ ဉာဏ်တော်ရှိသော ကြေးသွန်းဘုရားတဆူ ဝင်ဖူး၊ ယင်းဘုရားကြီး၌ သက်နီးကပ်လှူသူများ ပေါလှ၊

ညဦးပိုင်း ဟော်တယ်၌ **မောင်အောင်နိုင်ဦး**တို့နှင့် စကားများများ ပြောဖြစ်သည်။

၁၃၇၂-ခု ဝါခေါင်လပြည့်ကျော် (၁)ရက်၊(၂၆. ၈. ၂၀၁၀)

ဘန်ရှုကရက်ဆေးရုံ၌ ပြကြည့်ရာ ယေဘုယျအားဖြင့် အားလုံးအခြေအနေ ကောင်း၊ အစာအိမ်ပြွန်အတွက် စီတီစကင် ရိုက်ကြည့်ရန် အကြံပြုသဖြင့် ရိုက်ကြည့်၏၊ ထူးထူးဆန်းဆန်း မတွေ့ရ၊ ပြွန်အဖျားကလေး ပုံမှန်ထက် ပိုကြီးဟု ပြော၊ ပြွန်အဖျား ပိုကြီးသဖြင့် ကျွန်ုပ်အဖို့ ဘာဒုက္ခဝေဒနာမှ မခံစားရ၊ နာကြင်ကိုက်ခဲခြင်း မရှိ ယိုးဒယား ဆရာဝန်များလည်း မြန်မာဆရာဝန်များကဲ့သို့ ပုံကြီးချဲ့လွန်းသည် ထင်။

http://www.dhammadownload.com



သူ၏ဆရာ၊ ငါ့ဆရာဟု၊ တဏှာရေယှက်၊ မာနတက်၍၊ သူ့ဘက်ငါ့ဘက်၊ တီးလက်ဆော်ရိုက်၊ နွားကိုတိုက်သို့၊ အမိုက်ပွဲခံ၊ ပါပကံဖြင့်၊ အုန်းညံဝိုင်းညာ၊ ပြုကြရာဝယ်၊ ဆရာကြက်ဖျင်း၊ ပညာကင်းတို့၊ အတင်းတိုးဝှေ့ နွားနှယ်ဝှေ့၏။ (မဃဒေဝ)

ကြက်ဖနှင့် နေမင်း
တနေ့နံနက် တစ်မနက်တွင်
ကြက်နှင့်နေမင်း ပြိုင်ဆိုင်ငြင်း၍
အချင်းများခဲ့ဖူးပါသည်။

အိမ်ခေါင်တန်းထက် တောင်ပံနက်နှင့်
ရွှေကြက်ဖကြီး အော်အီအီးဟု
တွန်ပြီးသရော် ရွှေ့ဘက်မျှော်၍
ရဲဘော်နေဝန်း အိပ်ရာခန်းက
ထွက်မြန်းဖို့သင့် အချိန်လင့်ဟု
ဟန်နှင့်ပန်နှင့် ဆိုလိုက်သည်။

ငါ့သူငယ်တော် ရောင်နီပေါ်၍
ရဲဘော်ကြက်ဖ အိပ်ရာထကာ
တွန်ရပါသည်၊
ငါသာမနိုး သင်မနိုးဟု
မိုးဝရှေ့ဆီ မျက်နှာနီနှင့်
အဆီဝင်းဝင်း ရှင်နေမင်းက
ငြင်းဆန်ချေပလိုက်ပါသည်။

ငါတွန်လို့သင်နိုး ငါနိုးလို့သင်တွန်
ငြင်းဆန်ချေပ ချီချပြောကာ
နေခိုက်ခါတွင်
လယ်မှာယောကျ်ား လယ်သမားသည်
လယ်နွားကိုဖြုတ် လယ်တင်းကုပ်သို့
လယ်လုပ်နားရန် ခဏပြန်သည်
တာဝန်တခန်း ပြီးခဲ့ပြီ။ (မင်းသုဝဏ်)

http://www.dhammadownload.com



## ဒုတိယအကြိမ် အမေရိကန် ခရီးစဉ်မှတ်တမ်း

၂၀၀၁-ခုနှစ် မေလက တကြိမ် အမေရိကန် သွားခဲ့သည်။

၁၃၇၃-ခု၊ ကဆုန်လပြည့်ကျော်(၁)ရက် (၁၈. ၅. ၀၁)

အမေရိကန်ဗီဇာရလျှင် သွားရန် မန္တလေးမှ နံက်(၉)နာရီ အဲယားပုဂံ လေကြောင်းလိုင်းဖြင့် ထွက်ခဲ့။ ရန်ကုန်လေဆိပ်သို့ **သုစိတ္တ**တို့ လာကြို။ ရန်ကုန်လေဆိပ်၌ စစ်တွေမှ ပြန်လာသည့် အလိုတော်ပြည့် ဆရာတော်နှင့် လည်းတွေ့။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၂)ရက် (၁၉. ၅. ၀၁)

အမေရိကန်သံရုံး ဗီဇာဝင်လဲ။ **သုစိတ္တ အောင်နိုင်ဦး မောင်ဆန်းဝင်း**တို့ သံရုံး လိုက်လာကြ။ **မောင်ကျော်နိုင်**လည်း သူ့အိမ်မှ လာတွေ့။ ဗီဇာရှောရှောရှူရှူ ထုတ်ပေး လိုက်ပါသည်။ အင်တာဗျူးကြေး ဒေါ်လာ(၁၄၀)။ ဗျူးပြီးနောက် ထပ်သွင်း ဒေါ်လာ(၃၂)။ သံရုံးတွင် (၁၇၂)ဒေါ်လာကုန်။

(၂၀)ရက်နေ့ ညနေ(၃)နာရီမှ ဗီဇာထုတ်ပြီး ပက်စ်ပို့လာယူရန် ပြော၏။ ပက်စ်ပို့ ထုတ်ယူသောအခါ၌ မိမိ လိုက်လာဖို့ လိုပါသလားဟု မေးကြည့်ရာ မလိုပါ။ ဒကာ တယောက်ထံ စာရေးပေးပြီး အယူခိုင်းလျှင် ရပါသည်ဟု ဆို၏။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၃)ရက် (၂၀. ၅. ၀၁)

**မောင်ဆန်းဝင်း**ကို စာရေးပေးပြီး သံရုံးလွှတ်လိုက်သည်။ ရှောရှောရှူရှူ ဗီဇာ ထုတ်ပြီး ပက်စ်ပို့ ပေးလိုက်သည်။ သံရုံးဝင်စဉ်က ကောင်ဆယ်လာလား မသိ။ ဗျူးသော ပုဂ္ဂိုလ်က အရှင်ဘုရား သွားမည့်ပြည်နယ်က ရာသီဥတုကောင်း သည်၊ အေးလည်းမအေး ပူလည်းမပူဟု ပြောလိုက်သေး၏။ ကျွန်ုပ်တို့မြန်မာပြည်ကား (မန္တလေးရော ရန်ကုန်) ယခု ပူပြင်းလှ၏။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၄+၅)ရက် (၂၁/၂၂. ၅. ၀၁)

ဘယ်မှ မသွားဖြစ်။ စာပင် မဖတ်ဖြစ်။ စာပေဟောပြောပွဲ ခွေများကိုသာ နားထောင်၍ အချိန်ဖြုန်းမိသည်။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၆)ရက် (၂၃. ၅. ၀၁)

ဇလွန် ဓနုဖြူမြို့များသွား၍ ဘုရားဖူးကြ၏။ **ဇာဇာ**နှင့် **ကျော်နိုင်**ပါသည်။ **မောင်ကျော်နိုင်** ကားမောင်း၏။ လမ်းကား မြန်မာပြည်ထုံးစံအတိုင်း မကောင်းလှပါ။ ဇလွန် ပြည်တော်ပြန်ဘုရား မရောက်ဖူး၍ သွားခြင်းဖြစ်သည်။ **ဗန္ဓုလ**ကျဆုံးသည့်နေရာ သိလို၍ ဓနုဖြူဝင်ခြင်းဖြစ်သည်။ "အင်းအိုင်ဝိုက်လည်၊ ဘိုးတော်တည်၊ မြို့မည်အမရ" ရာဇဝင်လင်္ကာအရ ၁၁၄၄-ခုနှစ်၌ အမရပူရမြို့

http://www.dhammadownload.com



တည်သည်။ ယင်းနှစ်၌ပင် ဗန္ဓုလမွေးသည်။ **ပေရင်း**သည် ဗန္ဓုလ၏ ဇာတိရွာဖြစ်၏။ ၁၁၈၆-ခုနှစ်တွင် ဗန္ဓုလကျဆုံးသည်။ အသက် (၄၂)နှစ်သာ။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၇-၈)ရက် (၂၄/၂၅. ၅. ၁၁)
ဘယ်မှ မသွားဖြစ်။ ဘာမှ မလုပ်ဖြစ်။ တရားခွေများ စာပေဟောပြောပွဲ ခွေများနားထောင်ဖြစ်။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၉)ရက် (၂၆. ၅. ၁၁)
ညနေ(၅)နာရီကျော် ဓမ္မာစရိယတက္ကသိုလ်မှ ထွက်။ **သုစိတ္တ အောင်နိုင်ဦး မောင်ဆန်းဝင်း**တို့ လိုက်ပို့ကြ။ အားလုံး ဝိုင်းကူလုပ်ပေးကြ၍ မြန်မြန်ပြီးသည်။ (၈)နာရီကျော် ရန်ကုန်လေဆိပ်မှ ထွက်။ (၉)နာရီခန့် ထိုင်း သုဝဏ္ဏလေဆိပ်ရောက်။ **အောင်နိုင်ဦး** ထည့်ပေးလိုက်သည် ထိုင်းအမျိုးသားသည် တိုကျို နာရီကာလေဆိပ် အပေါက်အထိ လိုက်ပို့မရ။ ဗိုးချဲနှင့် စီစဉ်ပေး၍ အဆင်ပြေသည်။ ထိုင်းမှ နာရီကာအထိ (၆)နာရီ (၇)နာရီခန့် ပျံသန်းရသည်။

၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁၀)ရက် (၂၇. ၅. ၁၁)
နာရီတာလေဆိပ်မှ နံက်(၁၁း၅၀)နာရီထွက်။ လေဆိပ်၌ လေယာဉ်တက်ရန် ဘိုးဒင်းပါစ် ပျောက်နေ၍ နည်းနည်း ကသိကအောက်ဖြစ်။ ဂိတ်ပေါက်မှပင် ပေးမည်လုပ်နေစဉ် ပြန်ရသဖြင့် အဆင်ပြေ။ နာရီတာနှင့် ဝါရှင်တန်ဒီစီသို့ လေယာဉ် ၄. ၅. ၆ နာရီမျှသာ ပျံသန်းရမည်ဟု ထင်ခဲ့။ တကယ်ပျံသန်းသည့် အချိန်၌ (၁၆)နာရီကျော် (၁၇)နာရီခန့် ကြာ။ လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေး အရာရှိမက ရစ်နေ၍ အချိန်ကြာသွားသည်။ ဝေဇယန္တာ ဘုန်းကြီးနှင့် **သြသဓ**တို့ လာကြို။ **ဓမ္မသာမိ**တို့လည်း လာကြိုသည့် အထဲပါ။ လေဆိပ်ဝန်ထမ်းအမျိုးသမီးတဦးက လေဆိပ်မှာပင် ဆွမ်းကပ်။ ဆွမ်းကို ဝယ်ကပ်ခြင်းမျိုးမဟုတ်။ သူမကိုယ်တိုင် ဒန်ပေါက် ချက်ကပ်ခြင်းဖြစ်သည်။ ညနေ လေဆိပ်ဝန်ထမ်း**မောင်တွတ်**လာ၍ ဝတ်ဖြည့်နှိပ်ပေး၏။ မောင်တွတ်ကား ဂျပန်၌ (၁၀)နှစ်ကျော် ခန့် နေဖူးသည်ဟု သိရ။

၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁၁)ရက် (၂၈. ၅. ၁၁)
ဘာမှ မလုပ်ဖြစ်။ ဘယ်မှ မသွားဖြစ်။ စာပင် မဖတ်ဖြစ်။

၁၃၇၃-ခု ကဆုန်လပြည့်ကျော်(၁၂)ရက် (၂၉. ၅. ၁၁)
ဘောလ်တီပို ဝေါထရိတ်စင်တာ သွားကြည့်။ ရောက်မှ အရင်တခေါက်လာစဉ်က ကြည့်ဖူးပြီးဖြစ်ကြောင်း မှတ်မိ။

http://www.dhammadownload.com



၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁၃)ရက် (၃၀. ၅. ၁၁)
မင်္ဂလာရာမကျောင်း ဒုလ္လဘရဟန်းခံပွဲ သွား။ အနည်းငယ် တရားလဲ ဟော။

၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁၄)ရက် (၃၁. ၅. ၁၁)
နံက် (၉း၃၀)နာရီအထိ ဘာမှ မလုပ်ဖြစ်သေး။ နေ့ (၂)နာရီ ဖလော်ရီဒါသွားရန် ကျောင်းမှ ထွက်။ လေဆိပ် (၂း၃၀)ခန့်ရောက်။ **ဩသ**စနှင့် ကျွန်ုပ်အပြင် ပြင်သစ်နေသည့် **မိုးစန္ဒာ**လည်း လိုက်လာ။ လေယာဉ်ထွက်ရန် ကြေငြာသည့်အချိန်ကား ညနေ (၃)နာရီ ကျော်။ တကယ် ထွက်သည့်အခါ (၅)နာရီကျော်နေ။ ဖလော်ရီဒါသို့ (၈)နာရီမှ ရောက်။ သီတဂူကျောင်းသစ်၌ တည်း။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်လည်း ရောက်နေ။ ဝဲစတန်ဘီချ်မြို့။

၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁၅)ရက် (၁. ၆. ၁၁)
နံက် အာရုံစားပြီး ပင်လယ်ဆိပ်ကမ်း လျှောက်လည်။ နေ့ဆွမ်းစားပြီး မီယာမီ ကမ်းခြေသွား။ မီယာမီ ပင်လယ်ကမ်းခြေကား ကမ္ဘာကျော်ဖြစ်၏။ ကျော်သလောက်လည်း လှပါသည်။ ကားနှင့် လျှောက်ကြည့်သဖြင့် ခရီးတွင်လှ၏။ နံက်ရော နေ့လည်ပါ ကားမောင်းပို့သူကား **ကိုထွန်းထွန်း** ဖြစ်သည်။

ညနေ (၇)နာရီကျော် ကျောင်းဖွင့်ပွဲ အခမ်းအနား စ။

**"မင်းနှင့်ပြည်သူ၊ ရှင်လူတကာ၊ ပွင့်လင်းသာလျှက်၊ မေတ္တာမပျက်၊ စောင့်ရှောက်ဖတ်မှ၊ တိုးတက်ကြီးပွား၊ ချမ်းသာများလိမ့်"** မယဒေဝလင်္ကာကိုမူ အဓိကထား ဩဝါဒပေး။

၁၃၇၃-ခု နယုန်လဆန်း(၁)ရက် (၂. ၆. ၁၁)
နံက် အာရုံစားပြီး **ကနေဒီ**စင်တာ သွားကြ။ ဝင်ကြေး တယောက် (၄၃)ဒေါ်လာ ပေးရ။ ကျွန်ုပ်ကမူ သက်ကြီးသူ (၅၀)ဖြစ်၍ (၃၉)ဒေါ်လာသာ ပေးရ။ ကနေဒီစင်တာ မသွားခင် အနီးအနားရှိ **ဦးတေဇောကြီး**ဆီ သွားကြ။ သူ့ကျောင်း၌ပင် နေ့ဆွမ်းစား။ ဦးတေဇောကြီးကား ဖျာပုံဇာတိ ဖြစ်သည်။ မိုးကောင်းဖျာပုံကျောင်းမှ သကျသီဟအောင်၏။ အမေရိကန် ရောက်နေသည်မှာ အနှစ်(၂၀)နီးပါး ရှိနေပြီ။ အသက်ကလည်း မြန်မာသက္ကရာဇ် (၁၂၈၉)သား ဖြစ်သဖြင့် (၈၀)ကျော်နေပေပြီ။ အသက်ကြီးနေပြီဖြစ်၍ ဘာမှ စားမကောင်းတော့ကြောင်း သံဝေဂပြော၏။

ဦးပဥ္စင်းကို သမိုင်းပါမောက္ခ **ဦးသန်းထွန်း**က "မည်သူနှင့်မျှ မတည့်"ဟု ချီးမွမ်းကြောင်း ပြောဆိုရာ တခစ်ခစ် ရယ်နေ၏။ သူ တောင်သမန် **ဦးကေသဝ**-ဆီ စာလိုက်စဉ်က နေ့စဉ် စာဝါ၌ အိပ်ကြောင်း ရယ်ကြဲကြဲနှင့် ပြော၏။ အသက်ကြီးလာမှ ဘာမှ တပ်မက်မှု မရှိကြောင်းလည်း ပြောရှာ။

၁၃၇၃-ခု နယုန်လဆန်း(၂)ရက် (၃. ၆. ၁၁)
သဘာဝတိရစ္ဆာန်ဉယျာဉ်သွားကြည့်။ တိရစ္ဆာန်ကား စုံလှသည်မဟုတ်ပါ။ လိပ် မြင်းကျား

http://www.dhammadownload.com



ငှက်ကုလားအုပ် စသည့် တိရစ္ဆာန်များဖြစ်။ ညနေ(၅)နာရီ ဝက်စတန် ဖန်ကီချီလေဆိပ်မှ ထွက်။ ည(၈)နာရီခန့် ဘောလ်တီပို လေဆိပ်ရောက်။

၁၃၇၃-ခု နယုန်လဆန်း(၃)ရက် (၄. ၆. ၁၁)

ဘောလ်တီပိုဝေဇယန္တာကျောင်း၌ သိမ်သမုတ်။ သံဃာ (၇)ပါးနှင့် သမုတ်ခြင်းဖြစ်။ ဝင်ဒီတစ်လမ်းတည်း နယ်သိမ်းခြင်း ဖြစ်။ ယင်းလမ်း၌ (၇)အိမ်သာ ရှိ။ သိမ်သမုတ်ပြီး ဝင်လိုက် အဆက်အနွယ်များအိမ် ဆွမ်းစားသွား။ ဆွမ်းစားပြီး အနှိပ်စက်ပေါ် ကုလားထိုင်၌ ထိုင်ပြီး အနှိပ်ခံ စမ်းကြည့်။ ယင်းဒဏ်ကြောင့်လော မပြောတတ်။ ညနေ(၄)နာရီ ကျော်လောက်တွင် ခေါင်းတခြမ်း ကိုက်လာ။ စားပြီးအစာ လှန်ပြစ်၊ လှန်ပြီးနောက် နေသာထိုင်သာ ရှိသွား။

၁၃၇၃-ခု နယုန်လဆန်း(၄)ရက် (၅. ၆. ၁၁)

ယမန်နေ့ ညက ဖြစ်သောကိစ္စ လုံးဝပျောက်ကင်းသွားပြီး နံက် ဆန်ပြုတ်ပင် ပုံမှန် သောက်နိုင်၏။ နေ့လည် ဆွမ်း ပုံမှန်စားနိုင်၏။ ညနေကျမှ ခေါင်းတဖက် ပြန်ကိုက် လာသည်။

၁၃၇၃-ခု နယုန်လဆန်း(၅)ရက် (၆. ၆. ၁၁)

ယနေ့ နံက်လည်း ခေါင်းတဖက်(ဘယ်) မြွင်းမြွင်းကိုက်လာ၏။ ဆန်ပြုတ်ကို နေမြင့်မှ ထသောက်နိုင်၏။ နေ့ဆွမ်းကား အချိန်မှန် စားနိုင်၏။ အရသာလည်း ရှိ၏။

၁၃၇၃-ခု နယုန်လဆန်း(၆)ရက် (၇. ၆. ၁၁)

ယနေ့ ခေါင်းကိုက် လုံးဝပျောက်သွားဟန် တူ။ နင့်ကန်ပင် မနေတော့။ ညနေ (၃)နာရီကျော် ဘောလ်တီပို ဝေဇယန္တာကျောင်းမှ နယူးယောက် မစိုးရိမ်ကျောင်းသို့သွား။ မိုင် (၃၀၀)ကျော် ဝေးမည်ဟု မှန်း။ (၄)နာရီကျော်ခန့် ကားမောင်းရ။ ည မစိုးရိမ်ကျောင်း၌ အိပ်။ **ကိုထွန်းမင်းနှင့် အိအိမေ**တို့လာ။

၁၃၇၃-ခု နယုန်လဆန်း(၇)ရက် (၈. ၆. ၁၁)

နံက်အာရုံ **အိအိမေ**တို့လာကပ်။ နေ့၌ အိမ်တအိမ်ဆွမ်းစား။ တရေးတမော အိပ်ပြီး နေ့(၁း၃၀) နာရီခန့် ဘောစတွန်သို့လာ။ နယူးယောက်နှင့် ဘောစတွန် မိုင်(၂၀၀) ကျော်မည်ဟု မှန်း။ (၃း၅၀)နာရီ ကားမောင်းရ။ လမ်းခဏသာ နားခဲ့သည်။ ည၌ မဟာသတိပဋ္ဌာန မဲဒိတေးရှင်းစင်တာ၌ အိပ်။ ကျောင်းဘုန်းကြီးကား **ဦးအာဘာယာ** ဖြစ်သည်။

၁၃၇၃-ခု နယုန်လဆန်း(၈)ရက် (၉. ၆. ၁၁)

အိမ်တအိမ် နေ့ဆွမ်းစားပြီး ဟားဗတ်တက္ကသိုလ် လျှောက်ကြည့်။ ဟားဘတ်တက္ကသိုလ် တည်ထောင်သူ ရုပ်တု၌ ၁၃၆၈-ခုရေး၊ တက္ကသိုလ်တည်ထောင်သည့် ခုနှစ်လော၊ ရုပ်တုပြုလုပ်သည့်

http://www.dhammadownload.com



ခုနှစ်လော မပြောတတ်ပါ။ ယင်းတက္ကသိုလ်သို့ ဆွမ်းကျွေး အိမ်မှ **ဒကာပီတာချုး**က လိုက်ပို့။ ညဉ့် သတိပဋ္ဌာနမဲဒီတေးရှင်းစင်တာ တရားဟော။ တရားနာ (၂၀)ကျော်ခန့်သာ ရှိသည်။ ဒါသည်ပင် အနည်းဆုံး မိုင်(၆၀)မှ လာခြင်းဖြစ်။

၁၃၇၃-ခု နယုန်လဆန်း(၉)ရက် (၁၀. ၆. ၁၁)

နံက်အာရုံစားပြီး နန္ဒာစကပ်ဆိပ်ကမ်းသွား။ **မောင်ပီတာချုး** လိုက်ပို့။ **ကနေဒီ** ပြတိုက် စာကြည့်တိုက် ဝင်ကြည့်ခဲ့။

၁၃၇၃-ခု နယုန်လဆန်း(၁၀)ရက် (၁၁. ၆. ၁၁)

ဘောစတွန် **ဦးအဘယာ**ကျောင်း၌ပင် ညအိပ်။

၁၃၇၃-ခု နယုန်လဆန်း(၁၁)ရက် (၁၂. ၆. ၁၁)

ဘောစတွန်မှ နံက်အာရုံစားပြီး နယူးယောက်ပြန်။ (၉)နာရီခန့် **နယူးယောက် မစိုးရိမ်** ရောက်။ မဟာသမယ အခါတော်နေ့ အထိမ်းအမှတ်ပွဲ အနည်းငယ်တရားဟော။ လန်ဒန်မှ **ဥတ္တရ သီလိဋ္ဌ**တို့လည်း လာကြ။ **ဘုန်းကြီးကော** တည်ထောင်ခဲ့သည့် သာသနာပြုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင် တပည့်များ ညီညီညာညာ ဆောင်ရွက်ကြဖို့ ဦးစားပေးပြီး ဩဝါဒပေး။ မစိုးရိမ် ကျောင်းအိပ်။ လောကချမ်းသာကြောင်း တရားဟော။

၁၃၇၃-ခု နယုန်လဆန်း(၁၂)ရက် (၁၃. ၆. ၁၁)

အာရုံစားပြီး ယေးတက္ကသိုလ် လေ့လာရန် **ရှင်မိလိန္ဒ**ကျောင်း သွား။ သူ့ကျောင်းမှ လောဒကာအိမ် ဆွမ်းစားပြီး ယေးလ်တက္ကသိုလ် သွားကြည့်။

၁၃၇၃-ခု နယုန်လဆန်း(၁၃)ရက် (၁၄. ၆. ၁၁)

နံက်အာရုံစားပြီး ရင်းဝဲလ်ဆီးယားနှင့် ဘောလ်ဘေးနီးယားသွား။ **ဣဿရိယ**တို့ ကျောင်း ညအိပ်။ (၂)ည တရား တိုတို ဟော။ ဝေါထရိတ်စင်တာ အပျက်အစီး ပြတိုက် သွားကြည့်။ နယူးယောက်ပြည်နယ်၏ မြို့တော် ဖြစ်သောကြောင့် ဘောလ်ဘေးနီးယား၌ ပြတိုက်ထားဟု သိရ။

၁၃၇၃-ခု နယုန်လဆန်း(၁၄)ရက် (၁၅. ၆. ၁၁)

နယူးယောက်မစိုးရိမ်မှ ဘောလ်တီပိုပြန်။ ညနေ(၄)နာရီကျော်မှ ရောက်။

၁၃၇၃-ခု နယုန်လဆန်း(၁၅)ရက် (၁၆. ၆. ၁၁)

ညနေ **ဖိုးစိန်ကြီး(ဇာတ်မင်းသား)သမီး**အိမ်မှ ပင့်၍ သွား။ ဒကာမကြီးမှာ အသက် (၈၆)နှစ် ရှိနေပေပြီ။ ကျမ်းမာရေးလည်း မကောင်းတော့။ သားသမီးများက ငွေကြေး ဆေးတို့ဖြင့်

http://www.dhammadownload.com



အသက်ကို ဆွဲဆန့်ထားခြင်း ဖြစ်သည်။ သားသမီးများက ဆရာဝန်ကြီး ဖြစ်ဟန်တူ၏။ မန်းသို့ ဖုန်းဆက်ကြည့်ရာ သကျသီဟစာသင်စာချ အောင်ဂေဇက် အနည်းငယ် သိရ။ နေ့ဆွမ်း ဘူးဖေးဆိုင် ဒကာတယောက်က ကပ်။ ဆွမ်းပင် မစားဖြစ်။ အသားကျော်ချက် ပြောင်းဖူး အသီးအနှံတို့ဖြင့်ပင် ဆွမ်းတနပ်ပြီး။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၁)ရက် (၁၇. ၆. ၁၁)

နေ့ဆွမ်းစားပြီး (၁၂)နာရီခန့် L-Aသွားရန် လေဆိပ်ထွက်။ လေယာဉ်လည်း ပုံမှန်အချိန် ထွက်၏။ ဘောလ်တီပိုနှင့် L-A(၆)နာရီခန့် လေယာဉ်ပျံသန်းရ။ လူငယ်များအဖို့ မပင်ပန်းသော်လည်း လူကြီးများအဖို့ကား (၆)နာရီ လေယာဉ်ခရီးသည်ပင် ပင်ပန်းလှ၏။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၂)ရက် (၁၈. ၆. ၁၁)

ည ရဋ္ဌပါလသံဝေဂသုတ် ဟော။ မြန်မာအကျင့်စရိုက်များကို မအားမနာ ထည့်ဟော။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၃)ရက် (၁၉. ၆. ၁၁)

မဟာသမယနေ့ အထိမ်းအမှတ် အခမ်းအနား ညီညွတ်ရေးဟော။ တနေ့လုံး ဧည့်သည်များ၍ ပင်ပန်းသည်။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၄)ရက် (၂၀. ၆. ၁၁)

နံက်လဘက်ရည်ပွဲ ထွေရာလေးပါးပြောရာတွင် အရေးအခင်းကာလအတွင်း တွေ့ကြုံရသည်များ ပြောဖြစ်ကြ။ နေ့ **ဒေါက်တာမျိုးဝင်း ဒေါက်တာထွေး** သွားဆေးပြ သန့်ရှင်းရေးလုပ်။ အောက်သွား ဘယ်အံဆုံးတချောင်း နှုတ်ရ။ သွားကိုက်ခြင်း သွားကျင်ခြင်း မဖြစ်။ သွားခြေပေါ်နေ အသုံးမဝင်သဖြင့် နှုတ်ခြင်းဖြစ်သည်။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၅)ရက် (၂၀. ၆. ၁၁)

နေ့ စာကြည့်တိုက် လှေလာ။ စာအုပ် စုံလှ၏။ ညနေ ဒကာမကြီးတယောက်အိမ် ပရိတ်ရွက်။ ည(၇)နာရီ ရဟန်းအမများအိမ် ပရိတ်ချီးမြှင့်။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၆)ရက် (၂၂. ၆. ၁၁)

အိမ်တအိမ် ဆွမ်းစားပြီး **ရေဂင်**ပြတိုက် သွားကြည့်။ ရေဂင်သမ္မတ ဖြစ်စဉ် အသုံးအဆောင်များ ပြထား။ ရေဂင်အထိ သမ္မတ(၇)ဆက် စီးနင်းခဲ့သည့် လေယာဉ်ပျံကိုပင် ပြထားသည်ကို တွေ့ရ။ ယင်းလေယာဉ်ပျံပေါ်၌ ပြတိုက်လာကြည့်သူများ တက်ကြည့်ခွင့် ပေး၏။ ပြတိုက်ဝင်ကြေး (၁၂)ဒေါ်လာ။ လူကြီး (၉)ဒေါ်လာ ပေးရ။

http://www.dhammadownload.com



၁၃၇၃-ခု နယုန်လပြည့်ကျော်(၇)ရက် (၂၃. ၆. ၁၁)

နေ့ဆွမ်း **ပညာသီရိ**ကျောင်း စားပြီး ဆန်ဖရန်စစ္စကိုလာ။ **ရေဝတ**(L-A) ကားမောင်းပို့။ (၁၀၁)လမ်းမကြီးမှ လာခြင်းဖြစ်။ မိုင်(၄၀၀)ကျော် (၅၀၀)နီးပါး (၅)နာရီကျော်မျှသာ ကားမောင်းရ။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၈)ရက် (၂၄. ၆. ၁၁)

ဖရီးမောင့်ကျောင်း၌ **ကိုလှသောင်းတို့ ဇနီးမောင်**နှံလာ။ သူတို့လည်း မြန်မာပြည် ပြန်ချင်လှပြီဟု ပြော။ ည ဒေလီစစီးတီး **ဦးဇောတဝန်**ကျောင်း၌ တရားဟော။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၉)ရက် (၂၅. ၆. ၁၁)

နံက်ပိုင်း ကန်တော်ကြီးသွား လမ်းလျှောက်။ အိမ်တအိမ် သေနတ်ပစ်ခံရ၍ အန္တရာယ်ကင်း ပရိတ်ရွတ်။ နေ့ အိမ်တအိမ် အိမ်တက်ဆွမ်းစား။ တရားအနည်းငယ်ဟော။ ည မေတ္တာနန္ဒတရား ဟော။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၁၀)ရက် (၂၆. ၆. ၁၁)

ဝါဆိုသင်္ကန်းကပ် တရားအနည်းငယ်ဟော။ ည ဒေလီစစီးတီး တရားဟော။ ဟောနေကျ ရှေ့ပါလပင်။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၁၁)ရက် (၂၇. ၆. ၁၁)

နေ့ (၄)နာရီ ဟန်မွန်ဘေးကျောင်း သွား။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၁၂)ရက် (၂၈. ၆. ၁၁)

တက္ကဆက်သွားရန် ဖရီးမောင့် **မေတ္တာနန္ဒ**ကျောင်းမှ နေ့(၁)နာရီထွက်။ လေဆိပ် (၂)ကျော်ခန့် ရောက်။ တက္ကဆက်လေယာဉ်ချိန် နောက်ကျသဖြင့် (၄း၂၈)နာရီမှ ထွက်။ ည (၉)နာရီကျော်မှ တက္ကဆက်လေဆိပ် ရောက်။ **ဦးအရိယ**နှင့် အမေရိကန်ဦးဇင်းတို့ လာကြိုကြ။ (၁၁)ကျော်ခန့်မှ သီတဂူကျောင်း ရောက်။ နယူးယောက်မှ ဒကာတယောက် **ဒေါက်တာ အောင်လှိုင်**လည်း ရောက်လာ။ သူလည်း လေယာဉ်ထွက်ချိန် နောက်ကျ၍ ည (၁၁)နာရီကျော်မှ တက္ကဆက်လေဆိပ် ရောက်။ လေယာဉ်ပြေးလမ်းကြောင်း ကြပ်နေ၍ လေယာဉ်ထွက်ချိန် နောက်ကျသည်ဟု သိရ။

၁၃၇၃-ခု နယုန်လပြည့်ကျော်(၁၃)ရက် (၂၉. ၆. ၁၁)

မိုင်(၂၀၀)ကျော်ဝေးသည့် မြို့တမြို့သို့ ဆွမ်းစားသွား။ လွန်ခဲ့သည့် (၇)ရက်က ကွယ်လွန်သည့် ဒကာကြီး **ဦးထွန်းစိန်** ရက်လည်ဆွမ်း ဖြစ်သည်။ ဆွမ်းစားပြီး ဒကာကြီး ပြာကြဲဖြန့်သည့် ပင်လယ်ဆိပ်ကမ်းသွား ပရိတ်ရွတ်။

http://www.dhammadownload.com



၁၃၇၃-ခု နယုန်လပြည့်ကျော်(၁၄)ရက် (၃၀. ၆. ၁၁)
ဘာမှ မလုပ်ဖြစ်။ စာပင် မကြည့်ဖြစ်။

၁၃၇၃-ခု ဝါဆိုလဆန်း(၁)ရက် (၁. ၇. ၁၁)
တက္ကဆက် ဘော်စတင် သီတဂူကျောင်းမှ နေ့ (၁း၃၀)နာရီ ထွက်။ ဒါးလက်စ်မြို့ (၆)နာရီကျော် ရောက်။ ည ဗီယက်နာမ်စစ်အကြောင်း အဘိဓမ္မာနှင့်စပ်၍ ဟော။ တရားဟော အကြိုမေးခွန်း မေးကြ။ ခက်ခဲသော မေးခွန်းများ မဟုတ်ပါ။ တရားဟောရာ၌ ကျွန်ုပ်က မြန်မာလို ဟော။ တက္ကဆက် **သီတဂူအရိယ**က အင်္ဂလိပ်လို ပြန်။ ဗီယက်နာမ် အမျိုးသမီးတဦးက ဗီယက်နာမ်လို ဘာသာပြန်ပြခြင်း ဖြစ်၏။

၁၃၇၃-ခု ဝါဆိုလဆန်း(၂)ရက် (၂. ၇. ၁၁)
နေ့ဆွမ်းစားပြီး ခဏနား။ နေ့(၁၁)ကျော် ဒါးလက်စ်မြို့ **ကနေဒီအသတ်ခံရသည့်** နေရာ ပြတိုက် သွားကြည့်။ ထူးထူးဆန်းဆန်း ရှိသည်မဟုတ်။ ကနေဒီအသတ်ခံရခါနီး ဓာတ်ပုံများ ဗီဒီယိုတိတ်ခွေများ ပြထား။ ပြတိုက်ပစ္စည်း မထူးဆန်းသော်လည်း ဝင်ကြေးမှာ မသက်သာ။ တဦး (၁၃)ဒေါ်လာ ပေးရ၏။ ကျွန်ုပ်အဖို့ အသက်ကြီး၍ ပြား(၅၀)မျှ လျှော့၏။ ပြတိုက်ကြည့်ပြီး ဟူစတင်သို့ လာ။ ည (၇)နာရီခန့် ရောက်။ **ဒေါက်တာသိန်းကျော် ဒေါ်စန်းစန်း**အိမ်၌ တရားဟော။ ဟော်တယ်၌ ညအိပ်။ ဒကာဒကာမများက ဟော်တယ်ခ လှူ။

၁၃၇၃-ခု ဝါဆိုလဆန်း(၃)ရက် (၃. ၇. ၁၁)
**ဒေါက်တာသိန်းကျော် ဒေါ်စန်းစန်း**အိမ်၌ အာရုံစား။ နေ့ တရုတ်စားသောက်ဆိုင် တဆိုင် ဆွမ်းကပ်ကြ။ နေ့ဆွမ်းစားပြီး သီတဂူဟူစတန်ကျောင်း ပြန်။ ဟူစတန်မှ အော်စတင် (၃)နာရီခန့် မောင်းရ။ ည အော်စတင် သီတဂူဝိဟာရ၌ တရားဟော။

၁၃၇၃-ခု ဝါဆိုလဆန်း(၄)ရက် (၄. ၇. ၁၁)
တက္ကဆက်ပြည်နယ် သီတဂူဗုဒ္ဓဝိဟာရမှ နေ့ (၂)နာရီခန့် တက္ကဆက်လေဆိပ်သို့ သွား။ လေယာဉ်ချိန်က ပုံမှန် ထွက်ချိန်(၅း၃၀)။ တကယ်ထွက်သည့်အခါ (၇း၃၀)မှ ထွက်သဖြင့် (၂)နာရီခန့် ထွက်ချိန်နောက်ကျ။ (၁၀)နာရီမှ ကင်းတက်စီပြည်နယ် ဘိုးလင်းဂရင်းမြို့ ဗုဒ္ဓဝိဟာရ ရောက်။ လေဆိပ်၌ **မောင်စန္ဒော** လာကြို။

၁၃၇၃-ခု ဝါဆိုလဆန်း(၅)ရက် (၅. ၇. ၁၁)
နံက်အာရုံစားပြီး ဘိုးလင်းဂရင်းမြို့ ရေကူးကန် ပျောက်ဆုံးသွားသောမြစ် စသည် သွားကြည့်။ မြစ်ရေစီးကြောင်းမှာ တောင်ခေါင်းဂူထဲ စီးဝင်သွားခြင်း ဖြစ်။ နေ့ဆွမ်းစားပြီး လင်ကွန်းမွေးဖွားသည့်နေရာ သွားကြည့်။ သစ်လုံးဖြင့် ဆောက်ထားသည့် မွေးဖွားသည့်အိမ်

http://www.dhammadownload.com



ဖြစ်သည်။ ည ဘိုးလင်းဂရင်းမြို့ **စန္ဒော**ကျောင်း၌ တရားဟော။

၁၃၇၃-ခု ဝါဆိုလဆန်း(၆)ရက် (၆. ၇. ၁၁)

ကင်းတက်ကီပြည်နယ် ဘိုလင်းဂရင်းမှ နံက် အာရုံစားပြီး (၇)နာရီခန့် ထွက်။ ဘောလ်တီပို ဝေဇယန္တာကျောင်းတိုက် ညနေ (၇း၃ဝ)နာရီခန့် ရောက်။ ဆူးရှီဆိုင်ပိုင်ရှင် **ကိုကျော်လင်း** ကားမောင်းပို့။ လမ်းတလျှောက် တောင်ကြို တောင်ကြားကြီး ဖြစ်။

၁၃၇၃-ခု ဝါဆိုလဆန်း(၇)ရက် (၇. ၇. ၁၁)

ဘာမှ မလုပ်ဖြစ်။ ဘယ်မှ မသွားဖြစ်။

၁၃၇၃-ခု ဝါဆိုလဆန်း(၈)ရက် (၈. ၇. ၁၁)

သွေးဖောက်၍ ကျမ်းမာရေးစစ်။ **"ကုသိုလ်ကံဟောင်း၊ ခွင့်ပေးနှောင်းက၊ မကောင်းတရံ၊ လောကဓံအလျှောက်၊ ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊ တရားမြဲလော့"**။

၁၃၇၃-ခု ဝါဆိုလဆန်း(၈/၉)ရက် (၈/၉. ၇. ၁၁)

(၈)ရက်နေ့ ဘာမှ မလုပ်ဖြစ်။ (၉)ရက်နေ့ ကာလီဖိုးနီးယား ပေယဉ်မြို့ မုဒိတာရွှေကျောင်း ဖွင့်ပွဲတက်ရန် လေယာဉ်ဖြင့် သွား။ ဘောလ်တီပိုမှ ဆန်ဖရန်စစ္စကို အထိ (၆)နာရီခန့် မောင်းရသည်။ မုဒိတာရွှေကျောင်း၌ပင် ညအိပ်။

၁၃၇၃-ခု ဝါဆိုလဆန်း(၁ဝ)ရက် (၁ဝ. ၇. ၁၁)

ကျောင်းဖွင့်ပွဲ၌ ဩဝါဒအနည်းငယ်ပေး။ **ဗန်းမော်**ဆရာတော်လည်း လာ။

၁၃၇၃-ခု ဝါဆိုလဆန်း(၁၁)ရက် (၁၁. ၇. ၁၁)

ဆန်ဖရန်မှ (၉း၂ဝ)ထွက်။ လတ်စဗေကာ ခဏနား။ (၇)နာရီခန့်မှ ဘောလ်တီပို ရောက်။ ဆရာဝန်လေး **သော်မွန်** လာကြို။

၁၃၇၃-ခု ဝါဆိုလဆန်း(၁၂)ရက် (၁၂. ၇. ၁၁)

သမ္ဗတကျော့ချ်ဝါရှင်တန်၏အိမ် သင်္ချိုင်းစသည် သွားကြည့်။ အိမ်ကား ရိုးရိုးကလေးသာ ဖြစ်သည်။ အိပ်ခန်း ဧည့်ခန်း ထမင်းစားခန်းတို့ဖြင့် ဖွဲ့စည်းထား၏။ ပိုတိုမက်မြစ်ကလေးကလည်း အိမ်မျက်နှာသာမှ စီးဆင်းနေ၏။ ရေကတော့ ချိုးလို့ သောက်လို့ ကောင်းဟန်မတူ။ အနံ့ဆိုးလည်း မထွက်။ သူ့သင်္ချိုင်းအနီး၌ သူ့အမျိုး (၂ဝ)ခန့် မြှုပ်နှံထားသည်ဟု ဆို။ သူနှင့် သူ့ဇနီးကိုကား သီခြား ဂူတလုံးစီဖြင့် ဂူသွင်းမြှုပ်နှံထား။

http://www.dhammadownload.com



**ကိုရန်နောင်**ကို "**မင်းကြီးရန်နောင်**-လို ဖြစ်အောင် ကြိုးစား"ဟု ပြောရသည်။ ပြတိုက်ဝင်းထဲရှိ စားသောက်ဆိုင်၌ ဆွမ်းစားကြ၏။ ဈေး အတော်ကြီးသည်။ ဒေါ်လာ (၁၈၀)ခန့် ကုန်ကျ၏။ လိုက်ပို့သူ **ကိုရန်နောင်**ကပင် ဆွမ်းကပ်၏။ ဆွမ်းဘိုး (၅)ယောက် (၁၈၀)ဒေါ်လာ ပေးရဟန်တူ။ ပြတိုက်ဝင်ကြေး တဦး(၁၅)ဒေါ်လာ။

၁၃၇၃-ခု ဝါဆိုလဆန်း(၁၃)ရက် (၁၃. ၇. ၁၁)
ယနေ့ ဘယ်မှ မသွားဖြစ်။ ဘာမှ မလုပ်ဖြစ်။

၁၃၇၃-ခု တန်ဆောင်မုန်းလဆန်း(၅)ရက် (၃၁. ၁၀. ၁၂)
ည (ဇာတိ)အင်တိုင်းရွာ အစိုးရလျှပ်စစ်မီး အစမ်းလင်းကြည့်ဟု သိရ။ မီးရအောင် (၃)နှစ်ခန့်ကြာ။

စာအောင်ဆု(၁၉. ၁. ၁၂)
ဓမ္မဒေါင်းတောင်-မိသားစု ဒေါ်လာ ၄၆၀
**မစန္ဒာညွန့် မအေးသန္တာထွန်း**-မိသားစု ဒေါ်လာ ၃၀
**ဦးကျော်ကျော်လွင်+ဒေါ်ခင်ခင်** ဒေါ်လာ ၁၀၀

(၂၂. ၁. ၁၂) ဖခင်ကြီး **ဦးစံတင်**အား ရည်စူး၍ မိခင်**ဒေါ်တင်မြ**နှင့်သမီးများ ဒေါ်လာ ၁၀၀
**ဦးမောင်မောင်သန့်+ဒေါ်တင်တင်ဝင်း** သမီး **စုမြတ်အောင်**-မိသားစု ဒေါ်လာ ၃၀

(၂၅. ၁. ၁၂) ဆွမ်းပဒေသာ **ဦးတင်ထွန်း+ဒေါ်ရီရီသန့်**-မိသားစု ဒေါ်လာ ၂၅၀။
**ဒေါ်ငွေးရီ** ဒေါ်လာ ၁၀၀။

http://www.dhammadownload.com



## စက်ာပူ ခရီးစဉ်

၁၃၇၃-ခု ပြာသိုလပြည့်ကျော်(၂) (၁၀. ၁. ၁၂)

စက်ာပူသွားရန် မန်းမှ (၈)နာရီထွက်။ ရန်ကုန်သို့ (၉)နာရီကျော် ရောက်။ ဓမ္မာစရိယ တက္ကသိုလ်မှ **ဥတ္တမ**တို့ လာကြို။

၁၃၇၃-ခု ပြာသိုလပြည့်ကျော်(၃) (၁၁. ၁. ၁၂)

**ခင်ဦးလွင်**တို့နှင့် သံလျင်ကျောက်တန်း သွား။

၁၃၇၃-ခု ပြာသိုလပြည့်ကျော်(၄) (၁၂. ၁. ၁၂)

ဓမ္မာစရိယတက္ကသိုလ် စာအောင်ပူဇော်ပွဲ တက်။

၁၃၇၃-ခု ပြာသိုလပြည့်ကျော်(၅) (၁၃. ၁. ၁၂)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၁၀)နာရီထွက်။ စက်ာပူစံချိန် (၂)နာရီကျော်ခန့် ရောက်။ ဘာကိစ္စမှ မရှိ။ ဒကာဒကာမများက တရားဟောပင့်၍ သွားခြင်း ဖြစ်သည်။ လေးငါးကြိမ် ရောက်ပြီးဖြစ်၍ မလည်ချင်တော့ပါ။ သို့ရာတွင် သူတို့ ခေါ်လွန်းသဖြင့် သင်္ဘောကြီးဆိုသည်ကို သွားကြည့်၏။ စက်ာပူဖလိုင်းယား၏ အနီး၌ပင် ဖြစ်သည်။

http://www.dhammadownload.com



## ဂျပန်ခရီးစဉ်

၁၃၇၄-ခု ကဆုန်လဆန်း(၃)ရက် (၂၃. ၄. ၁၂)

ပြည်ကြီးတံခွန် မြို့သစ်ကျောင်း အလှူတရားဟော။ ပရိတ်ဝင်တရား ဖြစ်သည်။ ညနေ (၃)နာရီကျော် လေဆိပ် လာ။ **ကဝိန်၊ ခင်ဦးလွင်**တို့သားအမိ **အေးအေးမြင့်**တို့ လိုက်ပို့ကြ။ (၄)နာရီကျော် မန်းလေဆိပ်မှ ထွက်ရာ (၅)နာရီကျော်မှ ရန်ကုန်လေဆိပ် ရောက်။ ဒကာတယောက် အိမ်၌ ညအိပ်။

၁၃၇၄-ခု ကဆုန်လဆန်း(၄)ရက် (၂၄. ၄. ၁၂)

အင်းယားလိပ်ဟော်တယ် SOS၌ ဩစတေးလျား ဗီဇာဝင်ရန် ဆေးစစ်ခံ။ အားလုံး ကောင်းပါသည်ဟု နိုင်ငံခြားဆရာဝန်က ပြော။ **ဦးသန့်စင် ဦးမျိုးမြင့်**တို့ SOS လိုက်လာကြ။ ဆေးစစ်ပြီး ဓမ္မာစရိယတက္ကသိုလ်ပြောင်း တည်းခို။

၁၃၇၄-ခု ကဆုန်လဆန်း(၅)ရက်မှ (၉)ရက်ထိ (၂၅/၂၉. ၄. ၁၂) ဓမ္မာစရိယ တက္ကသိုလ်၌ နေရ။

၁၃၇၄-ခု ကဆုန်လဆန်း(၁၀)ရက် (၃၀. ၄. ၁၂)

ဂျပန်သွားရန် ဓမ္မာစရိယတက္ကသိုလ်မှ နံက်(၈)နာရီထွက်။ **မောင်အောင်နိုင်ဦး** လည်း လေဆိပ်မှာ လာတွေ့။ ဂျပန်လိုက်မည့် **ကောသလ္လ**နှင့် လိုက်ပို့သည့် **ဓမ္မသီလ**တို့လည်း မရှေး မနှောင်း ရောက်လာကြ။ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံက် (၁၀)နာရီကျော် ထွက်။ ထိုင်း သုဝဏ္ဏလေဆိပ် (၂)နာရီခန့် စောင့်နေရ။ ထိုင်းလေဆိပ်မှ (၁၂)နာရီကျော် ထွက်။ ဂျပန် ဟာဒိကာလေဆိပ် ည (၁၀)ကျော် ရောက်။ စပွန်ဆာ ပေးသည့် **သန်းကျော်ဌေး** အပါအဝင် ကျောင်းဘုန်းကြီး **ဦးဩဘာ**တို့အဖွဲ့မှ လာကြို။

၁၃၇၄-ခု ကဆုန်လဆန်း(၁၁)ရက် (၁. ၅. ၁၂)

တကမ္ဘာလုံးလောက်နီးနီး မေဒေးနေ့ကျင်းပကြသော်လည်း ဂျပန်၌ မေဒေးနေ့ မကျင်းပ။ ရုံးခန်းများလည်း မပိတ်။ ညနေ **သန်းကျော်ဌေးနှင့် မအိ**တို့ လာပင့်၍ သူတို့ အိမ်အနီး ဘုရားတဆူဖူး။ ယင်းဘုရားနား၌ ဂျပန်တို့အခေါ် ကမ္ဘာဦးအပင်ရှိ။ ယင်းအပင်မှ အရွက်များ အခြောက်လှမ်း ကျိတ်ပြီး အလုံးလုံး၍ ဂျပန်တိုင်းရင်းဆေးအဖြစ် စားကြဟု ဆို။

၁၃၇၄-ခု ကဆုန်လဆန်း(၁၂)ရက် (၂. ၅. ၁၂)

ဦးရှိကု (U Shi Ku Dai Butsu) ဒိုက်ဘူဆုဘုရား သွား။ ရုပ်တော်မှုဖြစ်သည်။ ယခင်က

http://www.dhammadownload.com



ကမ္ဘာ့အကြီးဆုံး ရုပ်တော်မှုဟု ဆိုသည်။ မီတာ(၁၀၀)ကျော် မြင့်သည်။ ယခုကား ကမ္ဘာ့အကြီးဆုံး မဟုတ်တော့ပါ။ မြန်မာမှ ဇောမိတထောင်ရုပ်တော်မူက ကမ္ဘာ့အကြီးဆုံး ရုပ်တော်မူ ဖြစ်နေသည်။

ဇောမိတထောင်ရုပ်တော်မူသည် ပေ(၄၀၀) ကျော်မြင့်သည်။ ဂျပန်၏ ရုပ်တော်မူကား ပေ (၃၀၀)ကျော်မျှသာ။ **သန်းကျော်ငွေး မအိ**တို့မိသားစု ကားမောင်းပို့။ ထုဆစ်ထားသည့် တင်ပလ္လင်ခွေရုပ်ပွား ပရိနိဗ္ဗာန်ပြုပုံဘုရားများလည်း ရောက်။ ဂျပန်၌ ဘုရားနှင့် ဘုန်းကြီးကျောင်း အနီးတွင် သင်္ချိုင်းကြီး ဖြစ်၏။ ဝင်ကြေး လူကြီး ယမ်း(၅၀၀)၊ ကလေး (၃၀၀)ဟူ၏။ တောင်ကမ္ဘားရဲ ဦးရှိကုဉ် ဓာတ်လှေကားကား ကျွန်ုပ် မြင်ဘူးသမျှထဲတွင် အကြီးဆုံးဖြစ်၏။ လူ(၅၀)ခန့် တကြိမ်တည်း တင်နိုင်သည်။

၁၃၇၄-ခု ကဆုန်လဆန်း(၁၃)ရက် (၃. ၅. ၁၂)

ကမာကူရာဘုရားကြီး သွား။ ဗုဒ္ဓဂယာ(အိန္ဒိယ)ရှိသည့် ဂျပန်ဘုရားပုံစံနှင့် လုံးဝ တူသည်။ ဝင်ကြေး မည်မျှပေးရသည် မသိ။ လှေလာရေး လာသူများကား ပေါလှ၏။ ဘုရားဝတ်ပြုသူကား မတွေ့ရ။ ဘုရားကြီးပါးပေါ် ညာဘက်ခြမ်း၌ အက်ကြောင်းပင် တော်တော် ကြီးနေပေပြီ။ ကျောက်တောင်ကမ္ဘားရဲ ထုလုပ်ထားသည့် တင်ပလ္လင်ခွေ ရုပ်ပွားတော်နှင့် ပရိနိဗ္ဗာနစေတီ လျောင်းတော်မူများလည်း ရောက်။ **မနိုင်** ကားမောင်းပို့။

ဂျပန်များကား ပင်လယ်ကို နိုင်လှ၏။ ရေပေါ်မှ တံတားဖောက်သည်။ ရေအောက်မှာ လှိုင်ခေါင်းဖောက်သည်၊ လှိုင်ခေါင်းဖောက်သည့် သံဒလက်ကို ပြထားသည်။

၁၃၇၄-ခု ကဆုန်လဆန်း(၁၄)ရက် (၄. ၅. ၁၂)

ဟီရိုရှီးမား သွား။ နာဂိုရာ **ဦးတိလောက**(ရန်ကုန်) **ကောသလ္လ**တို့လည်း ပါ။ **ဦးတိလောက**ကား ကျွန်ုပ်တို့ကို လိုက်ပို့ခြင်း ဖြစ်သည်။ ကျည်ဆန်ရထားဖြင့် သွားခြင်း ဖြစ်သည်။ (၁)နာရီ မိုင်(၁၀၀)ကျော်ခန့် ခုတ်မောင်း၏။ အဏုမြူဗုံး ကျသည့်ဝန်းကျင်၌ မြန်မာပြည် မြစ်ငယ်ခန့် မြစ်ကလေး ရှိ၏။ ဗုံးကျစဉ်က ထိုမြစ်ထဲရှိ ရေတပြင်လုံး ပူနေသည်ဟု သိရ။ လဘက်ရည်ပုဂံများ ထမင်းစားပုဂံများ အထပ်လိုက် စေးကပ် ပျက်စီးကုန်သည်။

ကျောင်းသူ ကျောင်းသားများ အဖွဲ့လိုက် လာရောက်လှေလာနေသည်ကို တွေ့ရ။ ဟီရိုရှီမား ဘူတာကြီး၌ ပစ္စည်းသိမ်းရန် ဘီဒိုများရှိ။ သိမ်းဆည်းလိုသည့် ဘီဒိုပေါက်၌ သတ်မှတ်ထားသော အကြွေစေ့ ထည့်လိုက်လျှင် သော့ထွက်လာ၏။ ယင်းသော့ဖြင့် ဗီဒိုကိုလှပ် ပစ္စည်းထည့်၍ သွားလိုရာ သွားနိုင်သည်။ သော့ သိမ်းထားရုံသာ။ ပညာတော်သင် ကျောင်းသူများအိမ် ဆွမ်းစား။ ရေလုပ်ငန်း ကျောင်းသူတယောက် သူ့အဖေနှင့် မွေးနေ့တူဟု ပြော။

၁၃၇၄-ခု ကဆုန်လဆန်း(၁၅)ရက် (၅. ၅. ၁၂)

ကဆုန်လပြည့်နေ့ ဖြစ်သဖြင့် ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓနေ့ကျင်းပကြလိမ့်မည်။ မြန်မာပြည်၌လည်း ဗုဒ္ဓနေ့ ဖြစ်သဖြင့် ဗုဒ္ဓနေ့ကျင်းပမည်ဟု ထင်၏။ မြန်မာပြည်အဖို့ ကဆုန်လပြည့်သည်

http://www.dhammadownload.com



တရားဝင် ရှုံးပိတ်ရက်ဖြစ်သည်။ ကျွန်ုပ်ရောက်နေသည့် ဂျပန်၌ကား ဗုဒ္ဓနေ့လည်း မကျင်းပ။ ရှုံးလည်းမပိတ်။ ဟီရိုရှီးမား နာရီယာရဲတိုက်များ ကြည့်။ ပန်းဥယျာဉ်များလည်း ရောက်။ ပန်းခြံများကား ပန်းမျိုးစုံလှ၏။ တချို့ဥယျာဉ်ခြံ၌ ဘေးမဲ့သမင် ကလေးများကိုပင် တွေ့ရ။ လေ့လာသည့် လူထုပရိသတ် ကျွေးမွေးသည့် အစာကိုသာ စားကြဟန် တူသည်။ နှံပြောင်းဆန် လှော်၍ အမှုန့်ထောင်းထားသော အစာကိုသာ စားကြဟန်တူ။

၁၃၇၄-ခု ကဆုန်လဆုတ်(၁)ရက် (၆. ၅. ၁၂)

အိုဆာကာ တယ်လီဗေးရှင်းစင်တာသွားကြည့်။ **ဒေါ်စန်းရီ**တို့အဖွဲ့ လိုက်ပို့။ ခွေးရုပ်ဘူတာလည်း ရောက်။ သစ္စာရှိသော ခွေးရုပ်ကလေး ပြုလုပ်ထားသည့် ခုနှစ်ပင် ရေးမထား။

၁၃၇၄-ခု နယုန်လဆန်း(၂)ရက် (၂၂. ၅. ၁၂)

စစ်ကိုင်းထရီးမျှော်စင် အသစ်ဖွင့်ပွဲနေ့ မျှော်စင်အနီး တရုတ်ကျောင်း သွားကြည့်။ မျှော်စင်အသစ်အနီး ရောက်ခဲ့သော်လည်း မတက်ခဲ့ရ။ တနေ့ လူ (၅၀၀)(၆၀၀)ခန့်သာ တက်ခွင့်ပြု။ မျှော်စင်ပေါ် တက်ခွင့် ကြိုတင်လက်မှတ် (၉)လပိုင်းအထိ ကုန်နေသည်ဟု ဆို။

၁၃၇၄-ခု နယုန်လဆန်း(၃)ရက် (၂၃. ၅. ၁၂)

တိုကျိုအမျိုးသားပြတိုက် သွားကြည့်။ (၈)ရာစုက ဘုရားပုံတော်များ တွေ့ရ။ ရထားဖြင့် သွားခြင်းဖြစ်သည်။ တည်းကျောင်းနှင့်လည်း သိပ်မဝေးလှ။ **ကိုသန်းထွန်းနှင့် ဦးဩဘာ** လိုက်ပို့။ တိရစ္ဆာန်ဥယျာဉ်၌ ပန်ဒါဝက်ဝံ တွေ့ရ။ တရုတ်မှ ငှားထားသည်ဟု ဆို။

၁၃၇၄-ခု နယုန်လဆန်း(၄)ရက် (၂၄. ၅. ၁၂)

စကွဲယား သွားကြည့်။ **မသူဇာစိုး**တို့အိမ်မှ ကားလိုက်ပို့။ **ဦးဩဘာ မသူဇာစိုး မခင်စန်းရီ**တို့လည်း ပါ။ ကမ္ဘာ့ နာမည်ကြီးအဆောက်အဦးများ ပုံစံတူ လုပ်ပြထား၏။ ဥပမာ ပုဂံ အာနန္ဒာဘုရား၊ ပြင်သစ် ပဲရစ်မျှော်စင် အင်္ဂလန် ဘီဘင်းနာရီစင်ကြီး အီတလီ မီလန်မြို့ပျက် ဗာတီကန်နန်းတော် တရုတ်ကမ္ဘာကျော် တံတိုင်းကြီးစသည်တို့ ဖြစ်သည်။

၁၃၇၄-ခု နယုန်လဆန်း(၅)ရက် (၂၅. ၅. ၁၂)

တိုကျိုမျှော်စင်ဟောင်း တက်ကြည့်။ **ဩဘာ** မုံရွာသား **မောင်ကျော်ထွန်ဝင်းနှင့် မသီတာမြင့်**တို့ ကားမောင်းပို့။ မျှော်စင်ဟောင်းလည်း မြင့်ပါသည်။ Look dowm windowကိုပင် မှန်ထူတပ်ထား။ နှလုံးရောဂါ ရှိသူများဆိုလျှင် အောက်ငုံ့ကြည့်ရဲမည် မထင်။ ငုံ့ကြည့်လျှင် ရင်ထဲတလှပ်လှပ်ဖြစ်မှာ သေချာ။

http://www.dhammadownload.com



၁၃၇၄-ခု နယုန်လဆန်း(၆)ရက် (၂၆. ၅. ၁၂)

ဖူဂျီတောင် ထပ်မံသွားကြည့်။ ယခင် (၂)ကြိမ်ရောက်ခဲ့သော်လည်း တောင်ကို မမြင်ရ။ မြူများနှင်းများ ဖုံးလွှမ်းနေ၏။ ယခု တကြိမ်၌မူ လက်ဝဲလမ်းက သွားသဖြင့် တောင်ခြေမှ စ၍ တောင်ထိပ်အထိ မြင်ရ။ တောင်အနီး စမ်းချောင်းကလေး စီးနေသည်။ တောင်ထိပ်ကား မိန်းမကိုင် ခေါက်ယပ်တောင်ကလေးကို ဖြန့်ထားသည်နှင့် တူလှ၏။ တောရွာကလေးသို့လည်း ရောက်။ သံလျင်သူ/သားများ ကားမောင်းပို့။ ဂျပန်၌ ကားဖြင့် ခရီးထွက်ရသည်မှာ ကြန့်ကြာလှသည်။ ကားကြပ်သည့်နေ့က များသည်။ ကားကြပ်လျှင် ကားမရွေ့ပဲ တနာရီကျော် (၂)နာရီခန့် ကြာတတ်သည်။

၁၃၇၄-ခု နယုန်လဆန်း(၇)ရက် (၂၇. ၅. ၁၂)

ဘယ်မှ မသွားဖြစ်။ နံက် အာရုံစားပြီး **မောင်ကျော်ဆိုင်**နှင့် ကျောင်းအနီး လမ်းလျှောက်ကြသည်။ သူနာပြုသင်တန်းကျောင်းစသည် ရောက်၏။ ဝင်မကြည့်ပါ။ ဂျပန်၌ ရေပူထွက်သည့် တောင် အလုံးပေါင်း (၂၀)ခန့်ရှိသည်ဟု ဆို။ ကျူရှူးကျွန်း၌ ရှိသော (အဆမယမ)ခေါ် မီးတောင် ထိပ်ဝသည် ကမ္ဘာပေါ်၌ အကြီးဆုံးဟု သိရ။

(၁၇၀၇)ခုနှစ်က ဖူဂျီမီးတောင် ပေါက်ဖူးသည် ဟူ၏။ (၁၈၇၄)ခု ရရှိုကျွန်းရှိ ကာဂူမေ မီးတောင် ပေါက်ကွဲဖူး။ မီးတောင်ပေါက်ကွဲ၍ မြေလျှင်လှုပ်လျှင် ၂၄-နာရီလျှင် အကြိမ်(၁၂၀) ကျော်ခန့် လှုပ်တတ်သည်ဟု သိရ။

ဖူဂျီတောင် တတိယအကြိမ် **မောင်မောင်ဦး မိသက်စံ**တို့ ကားမောင်းပို့။ ရခိုင် **ဦးဥတ္တမ** ရေးခဲ့သည့် ဂျပန်ပြည်အကြောင်း စာအုပ်၌ တောင်းစားသူ သူတောင်းစားမရှိ။ အစိုးရက ဥပဒေဖြင့် ပညတ်ထား၍ တောင်းစားသူ မရှိခြင်းဖြစ်သည်။ ယခုကား စီးပွားပျက်သူ အိမ်ရာမဲ့များက တောင်းစားနေကြပြီ။ ရှေးက အများစုသည် ဂျုံကိုသာ စားကြ၏။ လူကုန်ထံများသာ ဆန်စားကြသည်။ ယခုမူ ဆန်စားသုံးနေသူ များနေပေပြီ။ ထမင်းလိပ်(ဆူရှီ) အစားဆုံး ဖြစ်၏။

အများစုက **အဖြူရောင် အဝတ်အစားများကို ဝမ်းနည်းပူဆွေးမှု အထိမ်းအမှတ် အဖြစ်** ဝတ်ဆင်ကြ၏။ **မိန်းကလေးများ မင်္ဂလာဆောင်ရာ အဖြူရောင် ဝတ်ခြင်းမှာ မိဘများနှင့် ခွဲရမည်ဟူသော အထိမ်းအမှတ်**-ဟု ဆို၏။

၁၃၇၄-ခု နယုန်လဆန်း(၈)ရက် (၂၈. ၅. ၁၂)

ယနေ့ည (၁၂)နာရီကျော် အပြန်လေယာဉ် စီးရမည်ဖြစ်။ ဗေဒင်အလို(၂၈)ရက် ည(၁၂)နာရီကျော်ပြီးဖြစ်၊ (၂၉)ရက်ဟု သတ်မှတ်ပေမည်။ (၂၉)ရက်ရောက်စ ဂျပန်မှ ထွက်ပြီး (၂၉)ရက် နံနက်(၉)နာရီကျော်ခန့် မင်္ဂလာဒုံ လေဆိပ်ရောက်။ **သုစိတ္တ**တို့ လာကြို။

http://www.dhammadownload.com



## ဩစတေးလီယား ခရီးစဉ်

၁၃၇၄-ခု နယုန်လပြည့်ကျော်(၈)ရက် (၁၂. ၆. ၁၂)

ဩစတေးလီးယားသွားရန် မွေ့စရိယတက္ကသိုလ်မှ နံက်(၇)နာရီထွက်။ စိန်မျှား **ကိုမျိုးမြင့်** လာပင့်။ ကျွန်ုပ်နှင့် **သုစိတ္တ**တပါး လေယာဉ်ကွင်းထိ လိုက်လာ။ **ခင်ဦးလွင်**တို့ သားအမိတတွေက လေဆိပ်မှ စောင့်။ **အောင်နိုင်ဦး**တို့လည်း လေဆိပ်မှ စောင့်ကြ။ (၉း၅၅)လေယာဉ်ထွက်။ သုဝဏ္ဏလေဆိပ် (၁၀)နာရီကျော် (၁၁)နာရီနီးပါး ရောက်။ လေဆိပ်၌ ခေတ္တတည်းခိုရန် အခန်းရှာ နေရ၍ အတော်ကြာ။ သံရုံး လှမ်းဖုန်းဆက်မှ တည်းခိုးရန် အခန်းရ။ လေယာဉ်ပေါ်တွင် ဆွမ်းပေး၏။ စားမကောင်းပါ။ ကြောင်စာမျှသာ စားနိုင်၏။ ဆစ်ဒနီလေဆိပ်၌ **ကိုဆောကိန္ဒ** ဂေါပကများ ဖြစ်ကြသည့် **ကိုကြည်ဝင်း**တို့ လာကြို။ ပါရမီကျောင်း၌ တည်းခို။ ကျောင်းဟု ဆိုသော်လည်း ကျောင်းထိုင်ဘုန်းကြီး မရှိ။ အာဂန္တုများ လာလျှင် တည်းခိုရန် ရည်ရွယ်ချက်ဖြင့် ကျောင်းလုပ်ထားဟု သိရ။ ဒကာမတဦးက လှူထားကြောင်း သိရ။

၁၃၇၄-ခု နယုန်လပြည့်ကျော်(၉)ရက် (၁၃. ၆. ၁၂)

နံက် (၁၀း၃၀)နာရီတွင် ဆရာတော်ကြီး **ဦးဇာဂရ**ကျောင်းမှ ဆွမ်းစားလာပင့်။ ဆရာတော်ကြီးက (၈၇)နှစ် ကျော်နေပြီ။ ဗမာပြည်မှ ထွက်သွားသည်မှာလည်း နှစ်ပေါင်း (၄၀)ကျော်နေဟန် တူ၏။ အသက်နှင့် စာသော် ကျမ်းမာရေး ကောင်းသည်ဟု ဆိုရပေမည်။

၁၃၇၄-ခု နယုန်လပြည့်ကျော်(၁၀)ရက် (၁၃. ၆. ၁၂)

နံနက် အာရုံစားပြီး **ကိုစိန်ဝေလျှံ**နှင့် လမ်းလျှောက်ရန် စိတ်ကူးဖြင့် ထွက်သော်လည်း လမ်းမလျှောက်ဖြစ်။ ဘုန်းကြီးကျောင်းတကျောင်းသို့ သွား။ ပါရမီရိပ်သာ ဒကာ/ ဒကာမများက ဖုန်းဆက်၍ ထိုကျောင်း၌ပင် ဆွမ်းစားလိုက်၏။ ဆွမ်းဒကာ/ဒကာမများက သူတို့အိမ် ခေတ္တဝင်ပါ-ဆိုသဖြင့် ဝင်ပြီး အနေကဇာ တင်ပေးလိုက်သေး၏။

ရာသီဥတု သာယာသဖြင့် ဘလူးမောင်တိန် ဆက်သွား။ ယင်း၌ **ကိုမြင့်ဆွေ မခင်မမ**တို့၏အိမ် ခဏနား၍ သူတို့အိမ် ဘုရားအနေကဇာ တင်ကြ။ ဘလူးမောင်တိန် ဧရိယာတခုလုံး လိုက်ကြည့်။ ကေဘယ်ကြိုးရထားဖြင့် အဝီစိအထိ ဆင်းခဲ့။ ဣန္ဒြေရရထိုင်၍ တောင်ကို ဖောက်ထိုး ဆင်းရခြင်း ဖြစ်သည်။

နှစ်မသုံးဖော်တောင်ကိုလည်း မနီးမဝေးမှ လှမ်းကြည့်။ ဓာတ်ပုံရိုက်ခဲ့။ နှမသုံးဖော်ကား နှမ(၇)ဖော်၏ အစိတ်အပိုင်းသာဟု စာရေးထား၏။ တောင်ဧရိယာ လိုက်ပို့ရာ၌ **ကိုမြင့်ဆွေ** ကိုယ်တိုင် လိုက်ပို့။ **ဦးဓမ္မ**လည်း ပါ။ ဆွမ်းစားသည့် ကျောင်းမှ ဦးဇင်းလေးတပါးလည်း လိုက်လာသေး၏။ ည(၈)နာရီကျော်မှ ပါရမီရိပ်သာ ပြန်ရောက်။

http://www.dhammadownload.com



၁၃၇၄-ခု နယုန်လပြည့်ကျော်(၁၁)ရက် (၁၅. ၆. ၁၂)

ပါရမီရိပ်သာတွင် အာရုံစားပြီး **စိန်ဝေလျှံ ဒေါက်တာသန်းကြွယ်**တို့နှင့် လမ်းလျှောက်ပန်းခြံသွား။ ယင်းပန်းခြံ၌ နာရီဝက်ခန့် လမ်းလျှောက်ပြီး မေရီလင်းရပ်ကွက် လမ်းလျှောက်ပန်းခြံဆက်သွား။ ယင်းပန်းခြံ၌ သားပိုက်ကောင် ကျီးကန်းဖြူ ကျား စသည် ရှိ။ နေ့ဆွမ်း ဆရာတော် **ဦးဇာဂရ**ကျောင်း၌ **ကိုသန်းလွင်** (ယခင် ဘောလုံးနာမည်ကြီး) တို့က ဆက်ကပ်။ ဆွမ်းစားပြီး ပါရမီရိပ်သာအပြန် (၂၀၀၀)ခုနှစ် အိုလံပစ် အားကစားပွဲ ကျင်းပသည့်ကွင်း သွားကြည့်။ ကွင်းကြီးဘေးမှ ကားဖြင့် လျှောက်ကြည့်ခြင်း ဖြစ်သည်။ ဝင်မကြည့်ပါ။ ဝင်ကြည့်လျှင် ဝင်ကြေးပေးရမည် ထင်၏။

၁၃၇၄-ခု နယုန်လပြည့်ကျော်(၁၂)ရက် (၁၆. ၆. ၁၂)

ဝေါလိုဝေါင်းမြို့ကလေး တရုတ်ဘုရားကျောင်း အဓိကသွား။ တလမ်းလုံး မိုးရွာ။ **ကိုကြည်ဝင်း** ကားမောင်းပို့။ **ဦးဓမ္မ**နှင့် ဦးဇင်းတပါး ပါ။ နေ့ဆွမ်းကိုပင် လမ်းတဲထဲ ဝင်စား။ လမ်းတဲဟု ဆိုသော်လည်း ထမင်းစားရန် စားပွဲခုံ ပုဂံဆေးရန် ရေတိုင်နှင့် အပြည့်အစုံ စီစဉ်ပေးထား။ ည ရဋ္ဌပါလသံဝေဂသုတ် ဆက်ဟော။

၁၃၇၄-ခု နယုန်လပြည့်ကျော်(၁၃)ရက် (၁၇. ၆. ၁၂)

ကာစီနိုကစားရုံနှင့် ကမ္ဘာကျော် အော်ပရာဇာတ်ရုံတဝိုက် လျှောက်ကြည့်။ **ကိုကြည်ဝင်း သီတာဆွေ** လိုက်ပို့။ **ဦးဓမ္မ**လည်း ပါ။ အော်ပရာကဇာတ်ရုံမှာ ကမ္ဘာကျော်ဟု ဆို၏။ ကမ္ဘာကျော် ပြဇာတ်များ ကပြနေ၍ ကမ္ဘာကျော်သလော၊ ရုံကောင်း၍ ကမ္ဘာကျော်သလော မပြောတတ်ပါ။

၁၃၇၄-ခု နယုန်လပြည့်ကျော်(၁၄)ရက် (၁၈. ၆. ၁၂)

ကင်ဘာရာမြို့ သွား။ အစိုးရရုံးစိုက်ရာ မြို့ဖြစ်သည်။ မွန်ဒကာမတဦးပိုင်သည့် ထမင်းဆိုင်၌ ဆွမ်းစား။ ကျွန်ုပ်လိုက်ပါသည့် ကား၌ **ဦးဓမ္မ မတင်တင်ခိုင်**တို့ ပါ။ ကားမောင်းသူကား **မနီ** ဖြစ်သည်။ **ကိုကျော်ကျော်** မောင်းသည့် ကား၌ **မခင်စန်းဝင်း** ဦးဇင်းတပါး ပါ။

ဒေါက်တာတဦး၏ လျှောက်ထားချက်အရ မြန်မာသံရုံး ခဏဝင်။ သံအမတ်က သူ့ဆောင်ရွက်ချက် အနည်းငယ် လျှောက်။ "ပရတ္ထသမ္ဘာဒနကော၊ ဘဝေယျံ ဇာတိဇာတိယံ" ဆန်းကျမ်းဆုတောင်း ဂါထာအရ လိုက်နာရန် ဩဝါဒပေးရ၏။

၁၃၇၄-ခု ပထမ ဝါဆိုလဆန်း(၁)ရက် (၁၉. ၆. ၁၂)

ဆရာတော်ကြီး **ဦးဇာဂရ**ကားပေါ်က မဆင်းဖြစ်နေ၍ တော်တော် ချော့မော့ကြရ။ အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သဖြင့် အလိုလိုက်ကြရသည်။ **မောင်နန္ဒိယ**ကို ခေါ်၍ မဟာယာန ဗီယက်နမ်ကျောင်းသွားကြည့်။ မဟာယာန တရုတ်ဘုရားကျောင်း များနှင့် အဆင်အပြင် အတူတူပင် ဖြစ်သည်။ ဓမ္မာရုံ ဘုရား ကျောင်းများကား အမိုးကော့ချည်းသာ ဖြစ်၏။ ဆစ်ဒနီမြို့သည်

http://www.dhammadownload.com



ကျွန်ုပ်ဖတ်ခဲ့ဖူးသည့်အတိုင်းပင် တထပ်တိုက်က များ၏။ နှစ်ထပ်တိုက်အိမ်ကား ကြိုးကြား ကြိုးကြားသာ တွေ့ရ၏။ စိန်ပန်းနီပင်များ ပေါသည်ဟု ဆိုသော်လည်း မတွေ့ခဲ့ရပါ။ စိန်ပန်းပြာ အနည်းငယ်သာ တွေ့ရ၏။

၁၃၇၄-ခု ပထမ ဝါဆိုလဆန်း(၂)ရက် (၂၀. ၆. ၁၂)

ယနေ့ အာရုံပွဲ၌ ဝေယျာဝစ္စဒကာမများကို "ဘာစားစား အထွက် အတူတူပဲသာ ဖြစ်သည်"ဟု ပြောရ၏။ **မစိုးရိမ်ဆရာတော် ဦးသောမ** ပြောသလို ချီးတုန်း တန်ဆာမဆင်ရန် လို၏။ နေ့ဆွမ်း မြိတ်သား မိသားစုအိမ် သွားစား။ မန္တလေး ရှမ်းပွဲသားတဦးနှင့် တွေ့။ ဆွမ်းစားအိမ်က **ကင်ဘာရာ** ကားမောင်းပို့သည့် **မနီ**တို့အိမ်နှင့် နီးဟန်တူ။ ဆွမ်းကျွေးအိမ် ဒကာဒကာမများက **မနီ**ကို ချီးကျူးကြ၏။ နေ့ (၂)နာရီကျော်၌ ကန်ထရိုက် အိမ်ပြပွဲ သွားကြည့်။ **မနီ**ပင် ကားမောင်းပို့။ ကန်ထရိုက်များက အိမ်ပုံစံ အမျိုးမျိုး ဆောက်ပြထား၏။ အိမ်ပုံစံများကို ကြည့်၍ အိမ်ဆောက်မည့်သူက ကန်ထရိုက်ထံ အပ်ရသည်။ နမူနာပြ ပုံစံအိမ်များ ကြိုက်သည့်ပုံစံ ဆောက်ကြရသည်။ အိမ်တွင်း အပြင်အဆင်လည်း ထို့အတူပင်။

၁၃၇၄-ခု ပထမ ဝါဆိုလဆန်း(၃)ရက် (၂၁. ၆. ၁၂)

ကော့ဘဇားဘားမြို့သွားရန် ဆစ်ဒနီမှ နံက် (၈)နာရီခန့် ထွက်။ ညနေ (၇း၃၀) နာရီခန့်မှ ကောဘဇားဘားမြို့ ရောက်။ လမ်းခရီးရှိသည့် ပင်လယ် Beachများလည်း ခဏရပ်နားကြည့်ခဲ့။ အချို့ဘိချ်သဲများ ဝါကျန့်ကျန့် အချို့ဘိချ်သဲများ ဖြူစွပ်စွပ်။ **ကိုကြည်ဝင်းနှင့် ကိုမျိုးလွင်**တို့ ကားမောင်းပို့။ ဓမ္မဒူတမဲဒီတေးရှင်းစင်တာ၌ ညအိပ်၊ နေ့စဉ် **ဦးစတ္တိန်**တပါးသာ ရှိ။ သူကား **သမိဒ္ဓိကျောင်း** ခဏနေဖူးသူတည်း။ ကျွန်ုပ်တို့နှင့် အတူ **ဦးဓမ္မ**လည်း ပါ။ နေ့ဆွမ်းကိုကား ပင်လယ်မြစ်တဖက် ကမ်းခြေတနေရာ ကားရပ်၍ ကားပေါ်တွင် စားကြသည်။ ဆွမ်းမြိန်၏။ နေ့တိုင်းထက်ပင် စား၍ ကောင်းသေး၏။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၄)ရက် (၂၂. ၆. ၁၂)

အာရုံစားပြီး တည်းကျောင်းပတ်ဝန်းကျင် လမ်းလျှောက်ကြည့်။ **ကိုမြင့်ဆွေ**တို့က အာရုံလာပို့။ ဆန်ပြုတ် ကော်ဖီ ပေါင်မုန့်စသည်။ နေ့ (၂)နာရီကျော် ကောဘဇားဘားမြို့ ဘိချ်အမျိုးမျိုး လျှောက်ကြည့်။ ဘိချ်တခုအနီး၌ ကင်ဂရူခေါ် သားပိုက်ကောင်များ အတော်များများ တွေ့ရ။ ဘေးမဲ့ပေးထားသဖြင့် လူကိုလည်း မကြောက်ကြပါ။ လျှောက်ကြည့်ရာ၌ **ကိုကြည်ဝင်း ကိုမျိုးလွင် ဦးဓမ္မ ဦးစတ္တိန်**တို့လည်းပါ။ **မောင်စိုးဝင်း**ကလည်း သူ့ကားနှင့် လိုက်ပို့။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၅)ရက် (၂၃. ၆. ၁၂)

ကောဘဇားဘား ဓမ္မဒူတမဲဒီတေးရှင်းစင်တာမှ နံက် အာရုံစားပြီး Gold Coastမြို့ စားသောက်ဆိုင်ပိုင်ရှင် **ကိုမြင့်ဆွေနှင့် ကိုစိုးလွင်**တို့ ကားမောင်းပို့။

http://www.dhammadownload.com



နေ့ဆွမ်း ထိုင်းဒကာမ ပိုင်ဆိုင်သည့် စားသောက်ဆိုင်၌ စားကြ။ ဆွမ်းဖိုးပင် မယူလိုက်ပါ။ ဆွမ်းဆိုင်ပိုင်ရှင် ဒကာမက လှူလိုက်ဟု သိရ။ သူမဆိုင် လာဘုန်းပေးသည့် ဘုန်းကြီးတိုင်းကို လှူဒါန်းဟု သိရ။ သူမ နေထိုင်သည့်မြို့၌ ဘုန်းကြီးများ အရောက် နည်းပါးလိမ့်မည်။ ရောက်လာသမျှ ဘုန်းကြီး ဆွမ်းကပ်သည်ဆိုလျှင် ဝမ်းမြောက်စရာပင်။

နိုင်ငံခြားသား (အင်္ဂလန် ဩစတီးလျား အမေရိကန်တဦးဦး ဖြစ်ပါလိမ့်မည်)။ ဘုန်းကြီး နေထိုင်သည့် တောကျောင်း၌ ဝင်ခဲ့သေး၏။ သူ ပိုင်ဆိုင်သော ကေမှာ (၅၀၀)ကျော်ဟု သိရ။

လိုကိုခံတ်ဟော်တယ် အထပ် (၇၀)ကျော် ရှိသည်တွင် (၅၂)ထပ်၌ တည်း။ အခန်းခလည်း တော်တော်ပေးရပါလိမ့်မည်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၆)ရက် (၂၄. ၆. ၁၂)

ဟော်တယ်၌ ညက အိပ်ကောင်းပါသည်။ ရာသီကလည်း မပူမအေး။ နံက်အာရုံ ဆရာဝန်အိမ်တအိမ် စား။ ဆန်ပြုတ် မုန့်ဟင်းခါး ဖြစ်သည်။ စားသောက်ပြီး သီလယူရာ၌ကား ကန်တော့ချိုး မညီကြ။ တချို့က မဟာစည်ကန်တော့ချိုး။ တချို့ မိုးကုတ်ကန်တော့ချိုး ဖြစ်သည်။ နောင် ညီညီညွတ်ညွတ် ကန်တော့ချိုးဆိုရန် အကြံပြုခဲ့ရ။ နေ့ဆွမ်းစားရန် ခံဘိန်မြို့ မြန်မာကျောင်း သွားစား။ တရားအနည်းငယ် ဟောခဲ့ရ။ ထိုကျောင်း၌ မန္တလေးရေဝန်အဖြစ် အမှုထမ်းခဲ့သည့် **ဦးစိန်မောင်** ပြန်တွေ့။ မန်းနေစဉ်က **ဒေါက်တာသိန်းအောင်**အိမ်၌ အတွေ့များ။ အပြန် တောင်လေးတလုံးပေါ် တက်ခဲ့။ မန္တလေး၌ ဖုန်းဆက်။ အေးချမ်းဟု သိရ။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၇)ရက် (၂၅. ၆. ၁၂)

ဒေါက်တာများအိမ် အာရုံဆွမ်းစားပြီး နေ့ရှင်နယ် ဒဲမ်(ဆည်)စသည် လျှောက်လည်။ ရေတံခွန်နှစ်ခုသုံးခု တွေ့ရ၏။ အလွန် မကြီးလှ။ ကျွန်ုပ်တို့ ငယ်စဉ်က ဩစတီးယားမှ ကျီးကန်းဖြူလေး ရှဉ့်ဖြူလေးများ ရန်ကုန်တိရစ္ဆာန်ရုံ၌ ပြထားသည်ကို တွေ့ဖူး၏။ ယခု ဩစတီးယား၌ တတိုက်လုံးလောက်နီးနီး လှည့်ပတ်ကြည့်ရှုခဲ့သော်လည်း ရှဉ့်ဖြူ ကျီးကန်းဖြူ တကောင်မှ မတွေ့ခဲ့။ အဖြူအနက်ကြား ကျီးကန်းလိုလို ငှက်များကိုကား တွေ့ရ၏။ ကျီးကန်းမဟုတ်ဟု ဆိုကြသည်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၈)ရက် (၂၆. ၆. ၁၂)'

နံက် (၆)နာရီကျော်အချိန် ဒါလင်ဟော်တယ်မှ ချက်ကောက်လုပ်၍ ထွက်ခွါကြ။ ကော့စ်ဘားဇား ပြန်ခြင်းဖြစ်သည်။ ဆွမ်းချိန်မှီ ကော့စ်ဘားဇား ရောက်။ **မောင်မြင့်ဆွေ**တို့ ဆိုင်၌ ဆွမ်းစား။ ယာဂုကျိုလာ။ ဆိုင်၌ ရေပုံးနှင့် ယူလာခဲ့သည်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၉)ရက် (၂၇. ၆. ၁၂)

ညက တညလုံး မိုးတဖျောက်ဖျောက် ရွာနေ။ မိုးရွာနေ၍ ဘယ်မှ မသွားဖြစ်။ သွားရန် စီစဉ်ထားသော နေရာကိုပင် မသွားဖြစ်။

http://www.dhammadownload.com



၁၃၇၄-ခု ပထမဝါဆိုလဆန်း(၁၀)ရက် (၂၈. ၆. ၁၂)

ယနေ့ မိုးဆက်ရွာနေ၍ ဘယ်မှ မသွားဖြစ်။ အမျိုးအနွယ် လေးမျိုးရှိသည်ဟူ၏။ တမျိုးကိုကား ကျွန်ုပ်မမှတ်မိ။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၁၁)ရက် (၂၉. ၆. ၁၂)

မြို့ပင်လယ်စပ် အသားတံတားရှည် သွားကြည့်။ တောင်မြို့ ဦးပန်တံတားထက် ရှည်ပါလိမ့်မည်။ တံတား မဆောက်သော်လည်း ပင်လယ်ကမ်းစပ်မှ သွားနိုင်သည်သာ။ လမ်းလျှောက် ကောင်းအောင် တံတားဆောက်ပေးခြင်း ဖြစ်ပါလိမ့်မည်။ ယင်းမှ ဆောက်သ် ဝက်စိတ်ရောခ် ဆိပ်ကမ်းမြို့လေးသို့ သွားကြ။ ကင်းဂရူးများ ပေါသည်။ ပင်လယ်ကမ်းခြေ ဖြစ်။ ထောင်ဟောင်ကြီး လည်း ရောက်။ အကျဉ်းသားထားသော ထောင်မဟုတ်။ အလုပ်သမားများ ထားသော ထောင်သာ ဖြစ်သည်ဟု ဆိုသည်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၁၂)ရက် (၃၀. ၆. ၁၂)

MEL Bourne (မဲလဘုန်း)သွားရန် (0ffs Hrbour) အောဗစ်ဟာဘားမှ နေ့ (၂း၅၅)ထွက်။ လေယာဉ်ဖြင့် ထွက်။ (၃)နာရီကျော် မဲလဘုန်း ရောက်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၁၃)ရက် (၁. ၇. ၁၂)

ရွှေတွင်းမြို့ကို သွားလေ့လာ။ တချိန်က တော်တော်များများ ထွက်ဟန်တူပါသည်။ ယခုကား မတူးတော့။ ဧည့်သည်များကို ပြစားနေကြသည်။ ရွှေမှာ မြန်မာပြည်၌ ကောလင်းရွှေတွင်းမှ ထွက်သည့်ရွှေလောက် အရည်အသွေး ကောင်းဟန်မတူ။ ကျွန်ုပ် ရွှေကျွမ်းကျင်ပညာရှင် မဟုတ်ပါ။ မျက်စိအမြင် ကြည့်၍ အကဲဖြတ်ခြင်းသာ ဖြစ်သည်။ **ဦးဓမ္မ ဦးသုနိတ ဦးစက္ကိန်** ကျန် ဦးဇင်းတပါးနှင့် **နေလင်းအောင် စောထိုက်အောင်**တို့လည်း ပါ။ ဆစ်ဒနီမှ **ဦးကြည်ဝင်း ဦးမျိုးလွင်**တို့လည်း ကားတစီးနှင့် လိုက်လာကြ။ **မောင်နေလင်း**တို့အိမ် နေ့ဆွမ်းစားပြီး ရွှေတွင်း၌ပင် အချိန်ကုန်။

၁၃၇၄-ခု ပထမဝါဆိုလဆန်း(၁၄)ရက် (၂. ၇. ၁၂)

ဒါဝင်သွားရန် မဲလ်ဘုန်းလေဆိပ်မှ နေ့ (၁)နာရီခန့် ထွက်။ ညနေ (၆)နာရီခန့်မှ ဒါဝင်ရောက်။ လမ်းတလျှောက် (၂)နာရီကျော်ခန့် သဲကန္တာရကြီးကို ဖြတ်ကျော်ပျံသန်းရ။ သဲဖြူမဟုတ် နီကျင်ကျင်သဲကျောက်များ ဖြစ်ဟန်တူ။ ဒါဝင်လေဆိပ်၌ **ပညာဝရ**နှင့် သူ့ဒကာများ လာကြိုနေ။ **ပညာဝရ** နေသည့်ကျောင်း၌ပင် တည်း။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၁)ရက် (၄. ၇. ၁၂)

ဒါဝင်မြို့အနီး ရေတံခွန် သွားကြည့်။ ဒါဝင်နှင့် ကီလိုမီတာ (၁၅၀)နီးပါးခန့် ဝေးမည်ဟု

http://www.dhammadownload.com



မှန်း။ မေမြို့ ခတ်တော်ချိုင့် ရေတံခွန်ကဲသို့ပင် ဖြစ်သည်။ ရေတံခွန်ကျသည့် ရေကန်၌ ပရိသတ်များ ရေချိုးကြ၏။ လမ်းတလျှောက် ခြတောင်ပို့ ပေါလှ၏။ လိုက်ပို့သူများ ပြော၍သာ ခြတောင်ပို့ဟု သိရသည်။ ခြတကောင်မှ မတွေ့။ ခြတောင်ပို့များအနီး အိမ်သာ ခေါင်မိုးပေါ်၌ မြွေတစ်ကောင် တွေ့ရ၏။ ကားအသွားအလာ နည်းသော်လည်း ကားလမ်းကား တော်တော်ကောင်း၏။

ဒါဝင်မြို့ **ပညာဝ**ရကျောင်းအနီး သစ်တောရှိ၌ပင် ကြက်တူရွေး (၄)မျိုး တွေ့ရ၏။
ဂျိုးမွေးသန္တာန်အမွေးရှိ ကြက်တူရွေး
ခရမ်းရောင်အမွေးရှိ ကြက်တူရွေး
အဖြူမွေးရှိ ကြက်တူရွေး
အစိမ်းမွေးရှိ ကြက်တူရွေးတို့ဖြစ်သည်။
ခေါင်းပုံသန္တာန်မှာ အတူတူပင် ဖြစ်ကြ၏။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၂)ရက် (၅. ၇. ၁၂)

စာကြည့်တိုက် ပြတိုက် ချားလ်စ်တက္ကသိုလ် သွားကြည့်။ ကျောင်းပိတ်ချိန် ဖြစ်နေ၍ ကျောင်းသူ ကျောင်းသားများ မတွေ့ရ။ ပြတိုက်၌ တိုင်းရင်းသားတို့ လက်ရာစုံပန်းချီကားများ ပြထား။ ပြည်နယ်ပါလီမန် အဆောက်အဦးသို့လည်း ရောက်။ ညဉ့် တရား အနည်းငယ် ဟော။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၃)ရက် (၆. ၇. ၁၂)

Aliceမြို့ထွက်ခွာရန် ဒါဝင်ကျောင်းမှ (၁၁)နာရီကျော် ထွက်။ လေယာဉ် (၂)နာရီကျော် ထွက်သည် ထင်။ လမ်းတလျှောက် လေယာဉ်ပေါ်မှ ကြည့်ရာ လူနေ မြို့ရွာလမ်းဟူ၍ မတွေ့ရ။ နီကျင်ကျင် ကန္တာရကြီးကို ဖြတ်သန်းခဲ့ရသည်။ အဲလစ်ခ်မြို့မှ ဒေါက်တာများ လေဆိပ်လာကြို။ တည်းအိမ်ရောက်ပြီး မကြာမီ မြို့ကို အပေါ်စီး ကြည့်ရှုနိုင်သည့် သူရဲကောင်းအထိမ်းအမှတ် သွားကြည့်။ ကား(၃)စင်းဖြင့် သွားကြည့်ကြခြင်း ဖြစ်သည်။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၄)ရက် (၇. ၇. ၁၂)

အဲလစ်ခ်မြို့ပေါ် ကောင်းကင်ပြာကား အခြားဒေသ ကောင်းကင်ပြာထက် ပို၍ပြာ၏။ နေကလည်း အခြားဒေသမှ နေထက် ပို၍ အရောက်လက်၏။ နေရောင်နှင့် ဒါရိုက်ထိလျှင် အရေပြားကင်ဆာ ဖြစ်မှာစိုးရသည်။ ငွေ့နီကျောက် တောင်ကွဲများ (၂)နေရာခန့် ကြည့်။ သဘာဝ ကွဲနေသော ငွေ့နီကျောက်တောင်များ ဖြစ်သည်။ ဝေါလ်ဘီလေးများ အစာကျွေးရာလည်း ရောက်။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၅)ရက် (၈. ၇. ၁၂)

နံက်စောစောအာရုံစားပြီး ကျောက်နီတောင်ရှိ မြို့ရွာဒေသသွားရန် (၁၀)နာရီကျော်ခန့် တည်းအိမ်မှ ထွက်။ တိုးကား ဌာနချုပ်သို့ လာ။ နာရီဝက်ခန့် စောင့်သော်လည်း တိုးကားမှာ အရိပ်အရောင်မျှ မတွေ့ရ။ အတင်းမေးခိုင်းမှ တိုးကား ထွက်သွားပြီဖြစ်ကြောင်း သိရ။ အဲလ်ခ်မြို့သို့

http://www.dhammadownload.com



ရောက်လျှင်ရောက်ခြင်း တိုးကုမ္ပဏီသို့ အကြောင်းမကြားမိသည်မှာ ကျွန်ုပ်တို့ အပြစ်ဖြစ်သည်။ အကြောင်းမကြားမိသော်လည်း တိုးကား ဌာနချုပ်သို့ အချိန်မှီ ရောက်၏။ တိုးကား လာခေါ်မည့် နေရာ လာမခေါ်ပဲ ထွက်သွားခြင်းမှာ တိုးကား၏အပြစ်။

ဖုန်းဖြင့် လိုက်ပါမည့် တိုးခရီးသည်များ ကိုယ်ပိုင်ကားဖြင့် မှီအောင်လိုက်ခဲ့မည်။ ကားရပ်နားစခန်းမှ စောင့်ဆိုင်းနေရန် ထွက်သွားသည့် တိုးကားသို့ ဖုန်းဖြင့် အကြောင်းကြားလိုက်ကြ၏။ တိုးကားကလည်း စောင့်နေပါမည်ဟု ဖုန်းဖြင့် ပြန်ပြောသည်။ တကယ်လိုက် သွားသည့်အခါ **ပထမ** ကားရပ်နားစခန်း၌ မမှီ။ ယင်း ကားရပ်နားစခန်း၌ ငှက်ကုလား အုပ်များ အမှတ်အသား ရှိ၏။ **ဒုတိယ** ကားရပ်နားစခန်းရောက်မှ တိုးကား မှီ၏။ ဒုတိယကားရပ်နားစခန်း၌ သစ်ကုလားအုပ်များ ရှိသည်။

ဟော်တယ်နှင့် အပြန်လေယာဉ်လက်မှတ် သိမ်းသည့် **မောင်ဇေနီတ**က လက်မှတ်များ **မောင်ဝင်းကို**ထံ ပေးထားမိပြန်၏။ တော်ပါသေးသည်။ ဒဇာတဂါးဒင်း ဟော်တယ်၌ ကျွန်ုပ်တို့ ဘွဲ့နာမည်များ စာရင်းဝင်နေပြီဖြစ်သဖြင့် အလွယ်တကူ အခန်းသော့ ထုတ်ပေးလိုက်။ ဟော်တယ်ခ လည်း ပေးပြီး။ ဆစ်ဒနီအပြန် လေယာဉ်ခလည်း ၄-ပါးတွက် ပေးပြီး။

ကျွန်ုပ် ယခုရောက်နေသော ကန္တာရကြီးမှာ ဩစတြေးလျားအလယ်ပိုင်း ကန္တာရကြီး ဖြစ်သည်။ ကန္တာရဆိုသော်လည်း သဲချည်းဖုံးလွှမ်းနေသော ကန္တာရမဟုတ်။ သဲများကလည်း ကျွန်ုပ်တို့ တွေ့နေကျ သဲဖြူများမဟုတ်။ ငွေ့နီကျောက်မှ အမှုန့်ဖြစ်လာသော သဲနီများ ဖြစ်သည်။ ငွေ့နီကျောက်တုန်းကလေးများကား ပေါလှ၏။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၆)ရက် (၉. ၇. ၁၂)

ညက သွေးအံသည်ဟု အိပ်မက်မက်။ လင်းခါနီးတွင် စက်ဘီးတိုက်မိမလိုလို ဖြစ်သည်ဟု ထပ်မက်။ နံက် (၆)နာရီ ဟော်တယ်ဂိုးဒင်းမှ တောင်နီသွား။ ဘာမှရှိသည် မဟုတ်။ တောင်နီကလည်း နံက်စောစော နီသေးသည် မဟုတ်။ နေထွက်လာမှ နီခြင်း ဖြစ်သည်။ တောင်ကြီးမှာ U Lu Ru Ka TaTluTaဟု ခေါ်။ အနီးအနား အိမ်ခြေယာခြေလည်း မမြင်ရ။ ဌာနေတိုင်းရင်းသားများကမူ တောင်နီကြီးကို သူတို့ကိုးကွယ်ရာဟု သတ်မှတ်ကြဟန် တူ။ ရဟန္တာ(၂)ပါး မြုပ်သွင်း သင်္ဂြိုဟ် ထားသည်ဟု ဆို။ တောင်နီကြီးသို့ သွားရာ၌ အေးလွန်းလှသဖြင့် အဖွဲ့ဝင်၃-ပါး ထားခဲ့ပြီး ကျွန်ုပ်တပါးတည်း ဟော်တယ်ပြန်။ ဟော်တယ်ဝန်ထမ်းများကလည်း အလွယ်တကူ ကျွန်ုပ်အခန်း ဖွင့်ပေးကြသည်။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၇)ရက် (၁၀. ၇. ၁၂)

နံက် ထုံးစံအတိုင်း စောစောထ ဘုရားဝတ်ပြု ပဋ္ဌာန်းရွတ်။ နေ့ (၁၂)နာရီကျော် လေယာဉ်ကွင်း သွား။ ရောက်မှ ဗားဂျင်းလေကြောင်းလိုင်းမှ လေယာဉ်ကင်ဆယ် လုပ်ထားဟု ဆို။ ည တည်းခိုဟော်တယ်ခ လေကြောင်းလိုင်းမှ ခံ။

http://www.dhammadownload.com



၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၈)ရက် (၁၀. ၇. ၁၂)

ယနေ့ လေယာဉ်ခရီးစဉ် ချောချောမောမောပင် ဖြစ်သည်။ ကျောက်နီကန္တာရမှ နေ့ (၂)နာရီ လေယာဉ် ထွက်။ ညနေ (၅)နာရီကျော် ဆစ်ဒနီ ရောက်။ အကြိုလာသူ **ကိုကြည်ဝင်း**တို့လည်း အချိန်မှီ ရောက်။ **တင်တင်လှိုင်**တို့ကမူ လေဆိပ်နောက်ကျမှ ရောက်လာ။ ယမန်နေ့ လေယာဉ် ခရီးစဉ် ဖျက်ခြင်းမှာ ဆစ်ဒနီ၌ ရာသီဥတု မကောင်းဟု ဆို။ ကျောက်နီတုန်းဒေသ၌ ရာသီဥတု ကောင်းပါသည်။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၉)ရက် (၁၂. ၇. ၁၂)

ယခင်က ယနေ့ အပြန်ဟု သတ်မှတ်ထားသည်။ (၁၀)ရက် လေယာဉ်ခရီးစဉ် ပျက်သဖြင့် ရက်နောက်ဆုတ် ခိုင်းရသည်။ (၁၄)ရက်နေ့ ပြန်၍ နောက်ဆုတ်ထား။ နိုင်ငံခြားရောက် မြန်မာတိုင်းကို မေးကြည့်လျှင် ပြန်ချင်သူသာ များ၏။ ကိုယ့်နိုင်ငံ အဆင်မပြေ၍သာ ကြိတ်မှိတ်ပိန်လိန် နေကြခြင်း ဖြစ်သည်။

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၁၀)ရက် (၁၃. ၇. ၁၂)

ဆစ်ဒနီမြို့ လူ၄-သန်းကျော်ကို ရေပေးဝေနေသည့် ဆည်ကြီး သွားကြည့်။ ကျယ်လှသည် မဟုတ်ပါ။ တောင် ၂-လုံးကြားကို ဆည်ပိတ်ထားခြင်း ဖြစ်။ ဆည် မကျိုးအောင် ဒေါ်လာသန်းပေါင်း (၅၀၀)ကျော် အကုန်အကျခံ၍ ပြုလုပ်ထားသည်ဟု သိရ။

ဗဒုံမင်း ၁၇၈၂-ခု ၁၈၁၉ (နန်းစံနှစ် ၃၇)နှစ်

၁၃၇၄-ခု ပထမဝါဆိုလပြည့်ကျော်(၁၁)ရက် (၁၄. ၇. ၁၂)

**ကိုစိန်ဝင်း**တို့အိမ် ယာဂုစားပြီး လေဆိပ်ဆင်း။ အာဇာနည်နေ့ ပြုလုပ်ရန် ပြင်ဆင် နေကြောင်း မြန်မာပြည်မှ သတင်းကို လျှောက်ထားကြ၏။ **"အစိုးရ တော်တော် လိမ္မာလာပြီ"**ဟု ရယ်စရာ ပြောဖြစ်သေး၏။ အာဇာနည်နေ့ မထင်မရှား မြှုပ်နှံထားခဲ့သည်မှာ ကြာပြီ။ ယခုနှစ်မှ ပြုလုပ်မည်ဆိုသဖြင့် အံ့သြမိ၏။

http://www.dhammadownload.com



# မုံရွာခရိုင် ဘုတလင်မြို့နယ် ရေဘုတလင်ရွာ မြသိန်းတန်ဘုရားသမိုင်း စာအုပ်ပါ စာရေးသူ (ဆရာတော် ဦးရာဇဓမ္မာဘိဝံသ)၏ နိဒါန်း

"ပုဂံရာဇဝင်ကို ဒုတ်ထမ်းပြောရသည်"ဟု ဆိုရိုးစကားရှိ၏။ ဒုတ်ထမ်းပြောဆိုရလောက်အောင် ဘာတွေ ရှုပ်ထွေးနေသနည်း။ ဤအမေး၏ အဖြေရရေးအတွက် ပုဂံရာဇဝင်ကို အချိန်အားရှိသမျှ လေ့လာဖတ်ရှုခဲ့သည်။ ပုဂံရာဇဝင်နှင့် ဆက်နွယ်သမျှ စာအုပ်များကို ရသလောက် ရှာဖွေခဲ့သည်။ စာအုပ်စုံလေ ပို၍ရှုပ်ထွေးလေ ဖြစ်နေသည်ကို တွေ့ရ၏။ စာအုပ်စုံ လေ့လာပြီးသောအခါ "ပုဂံရာဇဝင်ကို ဒုတ်ထမ်းပြောဆိုရသည်" ဟူသော ဆိုရိုးစကားကို သဘောပေါက်လာတော့သည်။

အနည်းငယ် ရှင်းပြပါမည်။ ပုဂံရာဇဝင်၌ အရှုပ်တကာ အရှုပ်ဆုံးမှာ နန်းတက်သက္ကရာဇ်များပင် ဖြစ်သည်။ ရာဇဝင်၌ အထင်ရှားဆုံး အနော်ရထာ၏ နန်းတက် သက္ကရာဇ်သည်ပင် အောက်ပါအတိုင်း သုံးမျိုးကွဲပြားနေသည်ကို တွေ့ရ၏။

အနော်ရထာ နန်းတက်သက္ကရာဇ်

| မှန်နန်း | မုံရွေး | စွယ်စုံ |
|---|---|---|
| ၃၇၉ | ၃၆၄ | ၄၀၆ |

မုံရွေးဇေတဝန် ဆရာတော်သည် မှန်နန်းရာဇဝင် ပြုစုရာ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်ဟု မှတ်တမ်းများအရ သိရပါသည်။ ယင်းသို့ဖြစ်လျက် သူရေးသားသည့် သမန္တစက္ခုဒီပနီကျမ်း၌ မှန်နန်းရာဇဝင်လာ နန်းတက်သက္ကရာဇ်များကို လက်မခံဘဲ အဘယ့်ကြောင့် နန်းတက်သက္ကရာဇ် တမျိုးတဖုံ ပြထားသည်ကို မစဉ်းစားတတ်အောင် ဖြစ်ရသည်။ နန်းတက်သက္ကရာဇ်နှင့် ပတ်သက်၍ မှန်နန်းရာဇဝင် ရေးသားစဉ်ကလည်း ငြင်းခုံခဲ့ကြဟန်တူသည်။ အငြင်းသန်၍ အုပ်စုများသောအဖွဲ့က အနိုင်ယူရေးသား ထားသဖြင့် မကျေမနပ်ဖြစ်ကာ ဆရာတော်ရေးသားသည့် သမန္တစက္ခုဒီပနီ၌ သူ့အလိုကျ နန်းတက်သက္ကရာဇ်ကို မှတ်တမ်းတင်ခဲ့ဟန် တူသည်။

## ရှိထိုက်သော သမိုင်း

ဤမြသိန်းတန်ဘုရားသည် ပုဂံခေတ်က စတင်တည်ထားခဲ့သော ဘုရားဖြစ်သည်။ ဤဘုရားသမိုင်း ရှိသင့်သည်မှာ ကြာပြီ။ နယ်သူ, နယ်သားများ ပါးစပ်ဖျား၌ ဤဘုရားသမိုင်းနှင့် ပတ်သက်၍ အမျိုးမျိုး ပြောဆိုနေကြ၏။ ပါးစပ်ရာဇဝင်သည် ပါးစပ်ရာဇဝင်သာ ဖြစ်သည်။ မှားသည်လည်း ရှိ၏။ မှန်သည်လည်း ရှိ၏။ သမိုင်းကျမ်း တစောင်အဖြစ် ထုတ်ဝေရာ၌ကား အမှားပါ၍မဖြစ်။ အမှန်ချည်းသာ ဖြစ်ဖို့လိုသည်။ သမိုင်းမှန် ဖြစ်မြောက်ရေးအတွက် လေ့လာရသည်မှာလည်း

http://www.dhammadownload.com



လွယ်ကူလှသည် မဟုတ်။ အကိုးအထောက် ပြည့်စုံရေးအတွက် စာအုပ်စာတမ်း အမျိုးမျိုး ရှာဖွေလေ့လာရသည်။ စာအုပ်စာတမ်းချည်း အားကိုးနေ၍လည်း မဖြစ်။ လေ့လာသင့်သည့် နေရာဌာနများသို့ ကိုယ်တိုင်သွား၍ လေ့လာရသည်။

ယင်းသို့ ခက်ခက်ခဲခဲ လေ့လာပြီးမှ ဤသမိုင်းကျမ်းငယ်ကို ရေးသားရသည်။ ထို့ကြောင့် ကျမ်းပင်ငယ်သော်လည်း တနှစ်ခန့် အချိန်ယူ၍ ရေးသားရကြောင်း ဖော်ပြလိုသည်။

လွန်ခဲ့သည့်တနှစ်ခန့်က မြသိန်းတန်ဘုရားသမိုင်း ရေးပေးဖို့ ဂေါပကအဖွဲ့ဝင် နာယက ဆရာတော် **ဦးတေဇဝန္တ**က စာရေးသူအား အကူအညီတောင်းခဲ့သည်။ စာရေးသူကလည်း ပြုစုပေးမည်ဖြစ်ကြောင်း အလွယ်တကူပင် ကတိပေးမိပါသည်။

တန်ခိုးကြီးဘုရားမှန်လျှင် နယ်အတွင်း၌ ခေတ်စားနေသည့် ပါးစပ်ရာဇဝင်များ ရှိတတ်သဖြင့် ယင်းပါးစပ်ရာဇဝင်များကို စုဆောင်းပေးပို့ရန် ဆရာတော် ဦးတေဇဝန္တအား မှာကြားလိုက်သည်။ ဆရာတော်က စုဆောင်းရသမျှ ပါးစပ်ရာဇဝင်များကို မှတ်တမ်းတင်၍ စာရေးသူထံ ပေးပို့ခဲ့သည်။

ပါးစပ်ရာဇဝင်များကို လေ့လာလိုက်သည့်အခါ သမိုင်းမှန်နှင့် တူညီသည်လည်း ရှိ၏။ လုံးဝကွဲပြားနေသည့် ပါးစပ်ရာဇဝင်များကိုလည်း တွေ့ရ၏။ ဥပမာ "အနော်ရထာ" ဟူသော အမည်ကိုပင် "နှော့ရထာ" ဖြစ်လေသယောင် ပြောဆိုနေကြသည့် ပါးစပ်ရာဇဝင်များကို တွေ့ရ၏။

ဤကျမ်းငယ်သည် ပါးစပ်ရာဇဝင်ဆရာများ ပြောဆိုကြသည့် "နှော့ရထာ" စသော အမှားများကို ပယ်လှန်ထားသည်။ အနော်ရထာဟူသော စကားဖြစ်ပေါ်လာပုံကိုလည်း အကိုးအထောက် စုံစုံလင်လင်ဖြင့် ရှင်းပြထားသည်။

ထို့အတူ အခြားပါးစပ်ရာဇဝင် အမှားများကို အတော်များများ ပယ်လှန်၍ သမိုင်းမှန်အတိုင်း တင်ပြထားသည်။ ဘုရားအား တန်ခိုးကြီးစေလိုသဖြင့် အဖြစ်မှန်ထက် ချဲ့ကား၍ ရေးသားထားသည့် သမိုင်းအဖြစ်အပျက် လုံးဝမပါကြောင်း ဖော်ပြလိုပါသည်။

သမိုင်းမှန် တင်ပြနိုင်ခြင်းမှာလည်း မိမိတဦးတည်း၏ အစွမ်းကြောင့် မဟုတ်ပါ။ မိတ်ဆွေကောင်းတို့၏ အကူအညီရ၍သာ သမိုင်းမှန်အတိုင်း တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သမိုင်းမှန် တင်ပြနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီကြသော မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ ပိဋကနယူပဒေသကျောင်း နာယက၊ သကျသီဟ, စေတိယင်္ဂဏ, အစိုးရ ဓမ္မာစရိယ, တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြု ဆရာတော် **ဦးကောဝိဒါဘိဝံသ**အားလည်းကောင်း၊ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ယဉ်ပုံကျောင်းတိုက်၊ သာသနဓဇသီရိပဝရဓမ္မာစရိယ ဆရာတော် **ဦးနာရဒါဘိဝံသ**အားလည်းကောင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ရေဘုတလင်ရွာ၊ မြသိန်းတန်ဘုရား ဂေါပကအဖွဲ့ဝင် နာယက ဆရာတော် **ဦးတေဇဝန္တ**အားလည်းကောင်း၊ အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဦးရာဇဓမ္မာဘိဝံသ
၁၃၃၄-ခု၊ ဝါခေါင်လဆုတ် (၅) ရက်
၂၉. ၈. ၇၂

http://www.dhammadownload.com



မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး နှစ်တိုက်တို့၏
အဓိပတိမဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဆဋ္ဌသင်္ဂီတိ သံဃမဟာနာယက
ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ စာအုပ်-ပါ
စာရေးသူ (ဆရာတော် ဦးရာဇဓမ္မာဘိဝံသ) ၏ အမှာစာ

## အကြောင်းအရာ စုဆောင်းရှာ

လွန်ခဲ့သည့် ၁၅-နှစ်ကျော်ခန့်က ဆရာတော်၏တပည့် အဂ္ဂမဟာပဏ္ဍိတ စံဝတီဆရာတော် ဦးသုဇာတာလင်္ကာရ(ရှုပသိဒ္ဓိအဖြေနှင့် ဋီကာကျော်အဖြေကျမ်းပြု)က အဘိဓဇဆရာတော်ကြီး၏ အကြောင်းအရာများကို ရသမျှစုထားရန် မစိုးရိမ်တိုက် ပိဋကကျောင်းနာယကဘုန်းကြီး ဦးကောဝိဒကို ခိုင်းစေခဲ့၏။ ပိဋကဘုန်းကြီးက စာရေးသူကို တဆင့်ခိုင်းစေခဲ့ပါသည်။ ထိုစဉ်မှစ၍ ဆရာတော်၏အကြောင်းအရာများ ဆရာတော်ဆုံးမခဲ့ဘူးသည့် စကားတော်များကို ကြိုးစားပြီး မှတ်သားစုဆောင်းခဲ့ပါသည်။

၁၃၃၄-ခုနှစ် နယုန်လဆုတ်(၁)ရက်(၂၈-၅-၇၂)နေ့တွင် မန္တလေး ပြည်သူ့ ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာဦးတင်အောင်ဆွေ မိသားစုတို့က ဆရာတော်ကို သူတို့အိမ်ပင့်၍ ဆွမ်းဆက်ကပ်ကြ၏။ ထိုစဉ်က စာရေးသူလည်း ပစ္ဆာသမဏအဖြစ် လိုက်ပါခဲ့ရပါသည်။ လူထုဦးလှ-ဒေါ်အမာတို့လည်း ဆွမ်းကျွေးပွဲသို့ လာရောက်ကြ၏။ ထိုဆွမ်းကျွေးပွဲတွင် လူထုဦးလှက စာရေးသူကိုကြည့်၍ “ဦးပဥ္စင်းလေးက ဆရာတော်ကြီး အတ္ထုပ္ပတ္တိ ရေးဘို့ ကောင်းတယ်”ဟု လျှောက်ထားခဲ့၏။ (လူထု ဦးလှသည် စာရေးသူကို ဆရာတော်နဲ့အတူ အမြဲတမ်း ကပ်ပါလာ တတ်သည့် ဦးပဥ္စင်းကလေးဟု သိနေ၏)

သည်တွင် စာရေးသူက “ဦးပဥ္စင်း အကြောင်းအရာ စုပေးမယ်လေ၊ ဒကာမကြီး ဒေါ်အမာ က ရေးပေါ့”ဟု ပြန်လည် ပြောကြားလိုက်၏။ ဒေါ်အမာက “တပည့်တော်မ ကူညီမှာပေါ့”ဟု ပြန်လည်လျှောက်ထားခဲ့ပါသည်။

လူထု မောင်နှံတို့၏ လျှောက်ထားချက်သည် စာရေးသူအဖို့ ရေးဖြစ်သည် မရေးဖြစ်သည် အပထား၍ ဆရာတော်၏အကြောင်းအရာများကို ရသမျှစုထားရန် ထပ်ဆင့်သတိပေးသကဲ့သို့ ရှိနေခဲ့ပါသည်။ အကြောင်းအရာ စုရာ၌ ဒေါ်အမာ၏ ရွှေမန်းတင်မောင်အကြောင်းအရာ စုနည်းကို အတုယူကာ “မစိုးရိမ်ဆရာတော်”ဟု မှတ်စုတခု ဖွင့်ပြီး စုဆောင်းခဲ့၏။

တချိန်၌ မိမိရေးသားမည်ဟူသော ရည်ရွယ်ချက်ဖြင့် စုဆောင်းလာခြင်းကား မဟုတ်ပါ။ ရေးသူရှိက စုဆောင်းထားသမျှ ပေးလိုက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စုဆောင်းလာခြင်းသာ ဖြစ်ပါသည်။

ဆရာတော်သည် ရန်ကုန်မြို့ တာဝါလိမ်းခြံ၌ သီတင်းသုံးစဉ်အခါ၌လည်း သူ၏ ဘဝဖြစ်စဉ် များကို စပ်မိတိုင်း ပြောပြလေ့ရှိ၏။ စာရေးသူ မရှိသည့်အခါ ဆရာတော်၏ ဥပဋ္ဌာက (ဦးကောသလ္လ၊

http://www.dhammadownload.com



ဦးသောဘိတ၊ ဦးသောဘဏ၊ ဦးသဇ္ဇန)တို့အား မည်သူ့ကို ပြောသည်ဖြစ်စေ ဆရာတော်က သူ၏ဘဝဖြစ်စဉ်များ ပြောပြသည့်အခါ ကက်ဆက်ဖြင့် ဖမ်းယူထားရန် မှာကြားထားခဲ့၏။ ယင်းမှာကြားချက်အရ ကက်ဆက်ဖြင့် ဖမ်းယူထားသည့် ကြိုးခွေများလည်း ရှိ၏။ ဆရာတော် မစိုးရိမ်ရောက်စ အခြေအနေကိုမူ အားလုံးလောက်နီးနီး ကက်ဆက်ဖြင့် ဖမ်းယူရရှိခဲ့ပါသည်။

## ဘဝဖြစ်စဉ် အမှန်ဖြစ်စေချင်

ဆရာတော်သည် သူ၏ဘဝဖြစ်စဉ်ကို မည်သူရေးသည်ဖြစ်စေ အဖြစ်မှန်တိုင်း ရေးသားစေချင်သည့် ဆန္ဒ ရှိတော်မူ၏။ အဖြစ်မှန်ထက် ချဲ့ကား၍ သဘာဝလွန် အဖြစ်အပျက်များ ကြံဖန်ထည့်သွင်းရေးသားခြင်းမျိုး အလွန်အမင်း ချီးကျူးဖွဲ့ဆိုခြင်းမျိုး ပုထုဇဉ်သဘာဝအရ ဖြစ်ပျက်တတ်သည့် မကောင်းသော အချက်အလက်များကို သိဝှက်ထိမ်ချန် ပစ်ခဲ့ခြင်းမျိုးကို လုံးဝ မပြုလုပ်စေချင်။ မည်မျှ သူတော်ကောင်းကြီးဖြစ်စေကာမူ ပုထုဇဉ်၌ မကောင်းသည့် အကုသိုလ်စရိုက် ကိန်းအောင်းတတ်စမြဲဟု မိန့်တော်မူတတ်၏။

ဆရာတော်သည် အဖြစ်မှန်အတိုင်း ရေးသားထားသည့် သူ၏ဘဝဖြစ်စဉ်ကို ကြည့်၍ မကောင်းသည့် အချက်အလက်များကို ရှောင်ကြဉ်စေချင်၏။ ကောင်းသည့် အချက်အလက်များကို အတုယူလိုက်နာစေချင်၏။ သက်တော် ၇၀-ကျော်လာသည့် အချိန်တွင် အနီးနေတပည့်များက ကိုယ်တိုင်ရေး ထေရုပ္ပတ္တိ ရေးသားတော်မူရန် လျှောက်ထားကြရာ ဆရာတော်က "လူတယောက်ရဲ့ အတ္ထုပ္ပတ္တိကို ရေးမယ်ဆိုယင် သူ့ရဲ့ ကောင်းတဲ့ အကြောင်းတွေရော မကောင်းတဲ့ အကြောင်းတွေရော ရေးမှ ပြည့်ဝစုံလင်တာကွ၊ ပုထုဇဉ်ဆိုတာ ဘယ်လောက်ဘဲ သူတော်ကောင်းတယ်ဆိုပေမယ့် မကောင်းတဲ့ စိတ်အစဉ်ကလေးကတော့ ဖြစ်တတ်သေးတာဘဲ၊ အဲဒီတော့ ကောင်းတဲ့အပိုင်းကိုသာ ကွက်ပြီးရေးမယ်ဆိုရင် အတ္ထုပ္ပတ္တိဟာ ဘယ်ပြည့်စုံမလဲ၊ ငါကိုယ်တိုင်တော့ မရေးချင်ဘူး၊ ရေးမဲ့သူရှိယင် အမှန်အတိုင်း ပြောမယ်၊ ငါပြောတဲ့အတိုင်းသာ ရေးကြ"ဟု မိန့်တော်မူခဲ့ ဘူး၏။

ဘဝဖြစ်စဉ်ကို ပြောပြရာ၌ကား စုံလင်လှ၏။ ပေါက်ဝဲရွာနေစဉ်က ရေမထမ်းခဲ့ရ ပါဘဲနှင့် မန္တလေးရောက်မှ အလှည့်ကျ ရေထမ်းခဲ့ရသဖြင့် ပခုက္ကူသို့ ထွက်ပြေးခဲ့မိပုံ, နောက်မှ မိမိအမှားကို မြင်ပြီး မိုးကောင်းတိုက်၌ ပြန်လည် နေထိုင်ခဲ့ပုံ, ပထမငယ် အောင်ပြီးစက ငယ်ငယ်ရွယ်ရွယ် ရှူးရှူးမိုက်မိုက်ဖြစ်သဖြင့် ကျောက်တော်ကြီးဘုရားပွဲသွား လှည်းပေါ်တွင် နောက်ပိုင်းမှ တွဲလောင်းချ၍ လိုက်ပါခဲ့မိပုံကအစ မှတ်မိသမျှ ပြောပြတော်မူသည်။ ရေအိုးဟူသည် "ရေမပြည့်ခင် ဘောင်ဘင် ခတ်စမြဲ"မဟုတ်ပါလော။

## ရေးသားရခြင်း အကြောင်းရင်း

ရေးတတ်သူသာ ရေးလျှင် ဖတ်၍ကောင်း မှတ်၍ကောင်းသော ထေရုပ္ပတ္တိတစောင် ဖြစ်လာဖို့ရှိ၏။ ယခု၌မူ မိမိ၏အရေးအသား ညံ့ဖျင်းမှုကြောင့် ဖတ်၍လည်း မကောင်း၊ ဖတ်၍ မကောင်းသဖြင့် မှတ်သားစရာကောင်းသည့် အချက်အလက်များလည်း ပေါ့ပျက်ပျက် ဖြစ်ကုန်မှာ စိုးရသည်။

http://www.dhammadownload.com



မစိုးရိမ်နာယကအဖွဲ့သည် ဆရာတော်၏ ထေရုပ္ပတ္တိကို မရေးတတ်သူများ ရေးလျှင် မှတ်သားစရာကောင်းသည့် အချက်အလက်များ ပေါ့ပျက်ပျက်ဖြစ်ကုန်မည် စိုးဟန်တူ၏။ ထို့ကြောင့် စာရေးသူအား ဆရာတော်၏ ထေရုပ္ပတ္တိရေးရန် လုံးဝတာဝန် မပေးခဲ့ကြချေ။ တာဝန် မပေးသော်လည်း တကယ်ရေးသားနေပြီဟု သိသည့်အချိန်၌မူ တားလည်း မတားမြစ်ကြ။ အချို့ နာယကများက ရေးပြီးစာမူများကို ကြည့်ချင်သည်ဟု ပြောသဖြင့် ပြသခဲ့ရာ လိုနေသည့် အချက်အလက်များကိုပင် ဖြည့်စွက်ပေးကြ၏။

မိမိအဖို့မှာလည်း ရေးတတ်၍ ရေးသားခြင်းမဟုတ်။ ရေးသားမည့်သူ မရှိသဖြင့် စုဆောင်းထားသည့် အချက်အလက်များ ပျောက်ပျက်ကုန်မည်စိုး၍ ရေးသားရခြင်း ဖြစ်ပါသည်။ မိမိကား စာရေးအလွန်ပျင်းသူပါတည်း။ "ဦးပဥ္စင်း နေကောင်းရဲ့လား"ဟု မိဘဆွေမျိုး ရဟန်းဒကာ ဒကာများက စာပေးလျှင် "အင်း"ဟု စကားတလုံးသာ ဖြည့်စွက်၍ ပြန်စာရေးသူတည်း။

လယ်တီဆရာတော်ဘုရားကြီးသည် ရေချိုးနေတုန်း ကောင်းမွန်လှပသည့် ရေးစရာ စကားလုံးကလေးများ ပေါ်လာလျှင် ရေစိုနေသည့် ရေသနုပ်သင်းပိုင်ကိုပင် မလဲသေးပဲ ပေါ်လာသည့် စကားလုံးကလေးများကို သွား၍ ရေးသားလိုက်သည်။ တပည့်များက "ဆရာတော် အအေးပတ်ပါမည်ဘုရား"ဟု လျှောက်ထားလျှင် "အအေးပတ်မှာ ကြောက်လို့ ရေသနုပ်လဲနေလျှင် လှပသည့် စကားလုံးကလေးများ ပျောက်ကုန်မည် စိုးရသည်"ဟု ပြန်လည် အမိန့်ရှိတတ်ကြောင်း ဖတ်ခဲ့ရဘူး၏။

မိမိသည် တခါတရံ ကောင်းမွန်ချောညက်သည့် စကားလုံးကလေးများ ဦးနှောက်တွင် ပေါ်လာတတ်သည်ဟု ထင်မိ၏။ ထင်မိ၏ဟု ရေးလိုက်ခြင်းမှာ တကယ်ပေါ်လာသည်ဟု ကိုယ့်ကိုယ်တိုင်ပင် မမှတ်မိသောကြောင့် ဖြစ်ပါသည်။ ပေါ်လာလျှင် ပေါ်လာခြင်း ရေးမိသည်ဟူ၍ တခါမျှမရှိခဲ့။ နောက်မှ ရေးတော့မည်ဟု အချိန်ဆိုင်းလိုက်သည်သာ များပါသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် စာရေးတော့မည်ဟု စာရေးစားပွဲ၌ ထိုင်လိုက် သည် ဆိုလျှင် အလွန့်အလွန် ကောင်းမွန်ချောညက် လှပသည့် စကားလုံးကလေးများမှာ "သူ့ အရင်ရေးပါ ငါ့ အရင်ရေးပါ"ဟု လုနေဘိသကဲ့သို့ အလျှိုလျှိုပေါ်လာတတ်ကြသည် ဟူ၏။ မိမိနှင့်ကား ကွာခြားလှသည်။ မိမိအဖို့မူ တခါတရံ စိတ်ကူးကောင်းလှသည် ထင်၍ စာရေးတော့မည်ဟု ကလောင်တံကို ကိုင်လိုက်သည်နှင့် တပြိုက်နက် ရေးစရာစကားလုံး အစရှာမရတော့။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

## တိုက်တွန်းကြပါ နှစ်ယောက်သာ

ရေးဘူးသည့် လက်စလည်းမရှိ၊ ရေးလည်းမရေးတတ်၊ စာရေးလည်း အလွန်ပျင်း သူက အဘိဓဇဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားနေသည်ဟု ကြားသိရလျှင် အချို့က "ကိုယ့်ကိုယ်ကို အထင်ကြီးနေသူ စာရေးဆရာကြီး"ဟု တီးတိုးသြဘာ ပေးကြလေမည်လား မသိ။ ပေးတော့မှ ပေးစေ။ အထင်မကြီးရိုးကား အမှန်ပါ။ ဆရာတော်၏ ထေရုပ္ပတ္တိကို ဆရာတော်၏

http://www.dhammadownload.com



တပည့် စာရေးဆရာများထဲကသာ ရေးသားသင့်သည်ဟု ယူဆထားသူတည်း။

ဆရာတော်၏တပည့် စာရေးဆရာများလည်း အတော်များများပင် ရှိ၏။ ရွှေစကြာ ဦးစိုးမြင့် ဦးကျော်ထွန်း (မြန်မာပြန် အယ်ဒီတာ) ဓမ္မာစရိယဦးဌေးလှိုင်စသည်။ ထိုသူတို့အနက် မိမိသည် ဓမ္မာစရိယဦးဌေးလှိုင် (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများရေးသူ)နှင့် အထူးရင်းနှီးခဲ့၏။ ဦးဌေးလှိုင်သည် မိမိနှင့် စာသင်ဘက် မိတ်ဆွေလည်း ဟုတ်၏။ ဦးဌေးလှိုင် (ရဟန်းဘဝ ယတိကောလိနိယ)ထံတွင် ဆန်းကျမ်းကို တက်ခဲ့ဘူးသဖြင့် ဦးဌေးလှိုင်သည် မိမိ၏ ဆရာသမားလည်း ဟုတ်၏။ ထို့ကြောင့် ဦးဌေးလှိုင်နှင့် တွေ့တိုင်း ဆရာတော်၏ ထေရုပ္ပတ္တိကို ရေးသားရန် လေးငါးကြိမ်ထက် မနည်း တိုက်တွန်းခဲ့ ဘူးပါသည်။ တိုက်တွန်းသည့်အကြိမ်တိုင်း ဦးဌေးလှိုင်က "တပည့်တော် ကျမ်းမှာရေးလည်း မကောင်း၊ အားလည်း မအားလှ၍ အချိန်မှီ မရေးနိုင်ပါ။ ဦးပဥ္ဇင်းသာ ရေးပါ"ဟု ပြန်လည် ပြောဆိုခဲ့၏။

မိမိက စာအုပ်ကြီးတအုပ် ဖြစ်သည်အထိ ဖတ်ကောင်းအောင် မရေးနိုင်ကြောင်း အမှန် အတိုင်း ဝန်ခံသည်တွင် "ဖတ်ကောင်းကောင်း မကောင်းကောင်း ရေးသာရေး။ အကြောင်းအရာ မှန်ကန်ခြင်းသည်သာ အဓိက"ဟု အားပေးခဲ့၏။

ဆရာတော် ထေရုပ္ပတ္တိရေးသားရန် အားပေးသူဆိုလျှင် မှတ်မှတ်ရရ မိမိနှင့် ရင်းနှီးသူထဲက ဦးဌေးလှိုင်တယောက်သာ ရှိခဲ့ဘူးပါသည်။ ဆရာတော် ပျံလွန်တော်မူပြီး နောက်၌ကား ရန်ကုန်မြို့ ပုဇွန်တောင် မဟာသုခလမ်း ဓမ္မယောသက ဦးမောင်မောင်က ဆရာတော် ထေရုပ္ပတ္တိကို အကျယ် ရေးသားရန် လျှောက်ထားခဲ့ဘူး၏။

## စာရေးဆရာ မဟုတ်ပါ

လွန်ခဲ့သည့် ငါးနှစ်ကျော်ခန့်က အဘိဓဇ စံကင်းဆရာတော်နှင့် အဘိဓဇ ပခုက္ကူ ဆရာတော် ကြီး များ၏ ထေရုပ္ပတ္တိကြီးများ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထွက်ပေါ်ခဲ့၏။ ယင်း ထေရုပ္ပတ္တိကြီး များကို သတင်းစာ၌ ဆောင်းပါးရေးနေကျ ဆောင်းပါးရှင်များ၊ တက္ကသိုလ်မှ ဘွဲ့ရပညာရှင်များက ရေးသားခဲ့ကြ၏။

မိမိသည် မည်သည့်စာနယ်ဇင်း၌မျှ ဘာစာတို စာစမျှ ရေးသားဘူးသည်မဟုတ်။ တစုံတခုသော တက္ကသိုလ်မှ ဘွဲ့လည်း ရရှိခဲ့သည်မဟုတ်။

တခုတော့ ရှိသည်။ စာရေးသူသည် ၈-နှစ်သားအရွယ်က သက်န်းဝတ်ခဲ့၏။ စာရေးသူ၏ ငယ်ဆရာများ (မုံရွာမြို့နယ် အင်တိုင်းရွာ တောင်ကျောင်းဘုန်းကြီး ဦးရဝိန္ဒ၊ ဦးကောဝိဒ)က စာရေးသူကို "ရှင်ရေဝတ"ဟု ဘွဲ့ပေးခဲ့ကြသည်။ မိမိ ၁၀-နှစ်သား အရွယ်ခန့်တွင် ရှင်ရေဝတဟူသည် မည်သည့်အဓိပ္ပါယ် ထွက်ပါသနည်းဟု ဆရာသမား များအား လျှောက်ထားကြည့်ရာ ငယ်ဆရာများက "ယေ=အကြင်သူတို့သည်၊ ဝ=ဝါးဒုတ်မာမာနှင့်၊ တ=တအားကုန် ရိုက်ကြကုန်လော"ဟု ပြောင်ချော် ချော် အနက် ပေးပြကြ၏။ စာရေးသူသည် ယင်းအနက်ကို အဟုတ်ထင်ကာ မနှစ်သက်တော့။ ထို့ကြောင့် ဘွဲ့ ပြောင်းပေးရန် ငယ်ဆရာများအား ပူဆာမိတော့သည်။ စာရေးသူက အကြိမ်ကြိမ်

http://www.dhammadownload.com



ပူဆာသဖြင့် ငယ်ဆရာများက ရှင်ရာဇဓမ္မ-ဟု ဘွဲ့ပြောင်းပေးလိုက်ကြ၏။

ထိုဘွဲ့များကိုကား ငယ်စဉ်ကပင် ရရှိခဲ့သည်ဟု ဆိုရပါမည်။ ယင်းဘွဲ့များမှတပါး တက္ကသိုလ်မှ ဘွဲ့တစုံတရာ မရခဲ့ဘူးပါ။ တက္ကသိုလ်မှ ဘွဲ့အသစ်ရဖို့ ဝေးစွ၊ ရပြီးဘွဲ့များကိုပင် မပျောက်ပျက်ရအောင် အတော်ထိန်းသိမ်းနေရ ပါသည်။

စံကင်းဆရာတော်နှင့် ပခုက္ကူဆရာတော်တို့၏ ထေရုပ္ပတ္တိများကို ရေးသားသူများနှင့် စာလျှင် မိမိ၏ မြန်မာစာ အရေးအသားသည် သူငယ်တန်းမျှသာ ဖြစ်ပါလိမ့်မည်။ သူငယ်တန်း ကျောင်းသား ကလေး၏ မြန်မာစာ အရေးအသားကို ဆောင်းပါးရှင်ကြီးများ ဘွဲ့ရပညာရှင်ကြီးများ၏ အရေးအသား လောက် မပြေပြစ်မညက်ညော မချောမောရ ကောင်းလားဟု အပြစ်တင်သင့်မည် မထင်ပါ။ ထို့ကြောင့် ထိုပညာရှင်ကြီးများ ရေးသားသည့် ထေရုပ္ပတ္တိများနှင့် မနှိုင်းယှဉ်ကြပါရန် တောင်းပန် လိုပါသည်။

## အင်္ဂါမပြည့် ထေရုပ္ပတ္တိ

တကယ့်ဘီလူးကို မမြင်ဘူး၍ အရုပ်ဆိုး/မဆိုး မသိရ။ ပန်းချီဆရာ ရေးဆွဲပြသည့် ဘီလူးကား ကလေးများ မြင်လျှင် လန့်၍ အော်ချင်လောက်အောင် အရုပ်ဆိုးလှ၏။ သို့ရာတွင် တစုံတယောက်သော လူသားမိန်းမက ဘီလူးကလေး မွေးဖွားသည်ဟုဆိုလျှင် သူထက်ငါ အလျင် ဦးအောင် ပြေး၍ကြည့်ချင်တတ်ကြ၏။

ယခု မိမိ ရေးသားလိုက်သည့် ဆရာတော်၏ထေရုပ္ပတ္တိကား ဝါကျမကောင်း စာသွားမဖြောင့် ထောင့်တောင့်တောင့်စာလုံးများချည်း ဖြစ်နေသောကြောင့် ဘီလူးကလေး မွေးဖွားခြင်းမျိုးသာတည်း။

ထို့အတူ အင်္ဂါမစုံသောကလေး မွေးဖွားသည်ဟု ဆိုလျှင်လည်း ပြေး၍ ကြည့်ချင် တတ်ကြ၏။ ယခု ထေရုပ္ပတ္တိ၌ မိမိ၏ညံ့ဖျင်းမှုကြောင့် ဆရာတော်၏ အကြောင်းအရာကို စုံလင်အောင် မထည့်နိုင် ခဲ့ပါသဖြင့် အင်္ဂါမစုံသော ထေရုပ္ပတ္တိသာတည်း။

## ထေရုပ္ပတ္တိအကျဉ်းနှင့် အကျယ်

ဆရာတော်၏ ဈာပနပွဲအမှီ ထေရုပ္ပတ္တိအကျဉ်းကလေး ထုတ်ဝေခဲ့ကြ၏။ မိမိအနေဖြင့်မူ ယင်းထေရုပ္ပတ္တိအကျဉ်းကို မထုတ်ဝေစေချင်ပါ။ ထုတ်ဝေလျှင် ကလေး ကစားသလို ဖြစ်နေပါ လိမ့်မည်ဟု ပြောဆိုခဲ့၏။ ရန်ကုန်မှ ဒကာဒကာမများက ထုတ်ဝေရန် နားပူနားဆာ လုပ်လွန်း၍ သူတို့အလိုလိုက်ကာ ထုတ်ဝေခဲ့ရခြင်းဖြစ်ပါသည်။ ထိုထေရုပ္ပတ္တိအကျဉ်း၌ စာမျက်နှာ ၂၄-အထိ မာဃဝကျောင်းနာယကဘုန်းကြီး ဦးနာရဒါဘိဝံသ (လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်ခန့်က) ရေးသားခဲ့ခြင်းဖြစ်၏။ ကျန်အပိုင်းကဏ္ဍများကိုမူ မိမိပင် ရေးသားခဲ့ပါသည်။ ထေရုပ္ပတ္တိအကျယ် တကယ်ရိုက်နှိပ်တော့မည်ဟု သိရှိသည့်အခါ ဖြည့်စွက်ရေးသားခဲ့သည့် နောက်ပိုင်းစာ နှစ်မျက်နှာခန့်မှ တပါး ကျန် စာသားများအားလုံးကို ကွယ်လွန်သူ လူပုံတော်ပတ္တမြား ဦးမောင်မောင်၏ အသုဘ ရက်များ (၁၃၃၉-ခု သီတင်းကျွတ် လဆန်း(၆)ရက်မှ ၁၁-ရက်)အတွင်းက ဆရာတော်ကို ဖတ်ပြခဲ့၏။ ထိုစဉ်က ဆရာတော်သည် မှားယွင်းနေသည့် နာမည်ကလေးများကိုပင် ပြင်ဆင်ပေးတော်

http://www.dhammadownload.com



မူခဲ့ပါသည်။ တန်ဆောင်မုန်းလပြည့်ကျော်လောက် ရန်ကုန်သို့ ကြွလာသည့်အခါ ဘဝဖြစ်စဉ်များကို ထပ်မံရေးသားခဲ့ရန်လည်း မှာကြားတော်မူခဲ့၏။ မိမိကလည်း ရေးသားပါမည်ဟု ဝန်ခံခဲ့၏။ ဆရာတော်ကား တန်ဆောင်မုန်းလပြည့်ကျော်သည်အထိ နေ၍ မသွားရရှာပါ။

ယခု ထေရုပ္ပတ္တိ၌ အဘိဓာန်ကျမ်းပြုကဏ္ဍမှာလည်း လွန်ခဲ့သည့် ၈-နှစ်ခန့် (တိပိဋကပါဠိ-မြန်မာအဘိဓာန် က-ဝဂ် ပထမပိုင်း နိဒါန်းရေးသားစဉ်)က ဆရာတော်ကို တလုံးမကျန် ဖတ်ပြခဲ့ပြီး ဖြစ်ပါသည်။

## အခွင့်လွှတ်ပါ ပန်ကြားလွှာ

သမိုင်းဟူသည် တယောက်တည်းရေးသား၍ စုံလင်နိုင်မည်မဟုတ်။ သိသူများ အားလုံး စုပေါင်းပြီး ရေးသားမှသာ စုံလင်နိုင်ပေမည်။

ဆရာတော်၏ ဘဝဖြစ်စဉ် (ထေရုပ္ပတ္တိ) ကို မိမိသိသလောက် စုံစမ်း၍ ရသလောက် ရိုးရိုးတင်ပြထားခြင်းသာ ဖြစ်၏။ (ဆန်းဆန်းလည်း တင်မပြတတ်ပါ) တင်ပြပုံ အစီအစဉ်ကလည်း တည့်လှမည်မဟုတ်။ နောက်ဆုံး တောင်းပန်လိုသည်မှာ တင်ပြပုံ အစီအစဉ်မတည့်၍ အရေးအသား မကောင်းစေကာမူ "ဆရာတော် အကြောင်းအရာကို အတော်အတန် စုံစုံလင်လင်သိရပေပြီ"ဟု သဘောပိုက်ကာ (ကိုယ်နှင့် မတန်ဘဲ ရေးချင်လှသည့် ဖိုးရေးချင်)အမိုက်အမဲ စာရေးသူအား အပြစ်တော် မတင်ဘဲ အချစ်တော်ဝင်ကြပါရန်။

## ကျေးဇူးတင်ပါကြောင်း

ဆရာတော့်အတ္ထုပ္ပတ္တိကို လက်ရေးမူမှ လက်နှိပ်စက် ရိုက်ဖြစ်အောင် စိတ်ရှည် လက်ရှည် ကူးယူပေးကြသော ဓမ္မဒါယာဒကျောင်း ဓမ္မာစရိယတပည့်များ၊ စာမူတိုက်ဆိုင် ပေးကြသော တပည့်များအားရင်း၊ စာမူကို ကြည့်ရှုပြင်ဆင် ပေးကြသော နာယကအဖွဲ့ဝင် မိမိ၏ ဆရာသမားများ ဖြစ်ကြသည့် ဦးကုသလ ဦးသိရိန္ဒ ဦးသုမန ဦးနာယကတို့အားရင်း၊ ပထမပြန်ကိစ္စနှင့် ပတ်သက်၍ သိလိုသည်များကို အကြိမ်ကြိမ် ဖုန်းဆက်မေးပေးသော ရွှေနန်းသိဂီ ဆေးကုဌာန ဒကာကြီး ဆရာခင်အားရင်း၊ သိလိုသမျှ ပြန်လည်ဖြေကြားသော သာသနာရေးဦးစီးဌာန ဒု-ညွှန်ကြားရေးမှူး ဦးဆိုင်ကျော်အားရင်း၊ စာအုပ်ဖြစ်အောင် ဝါယမစိုက်ထုတ်ပေးသော ဒကာကြီး ဦးသာဌေးအားရင်း၊ ကျေးဇူးအထူး တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဦးရာဇဓမ္မာဘိဝံသ<br>
ဓမ္မဒါယာဒကျောင်း၊<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့<br>
၁၃၃၈-ခု၊ ဝါခေါင်လပြည့်ကျော်(၉)ရက်၊ (၁၈-၈-၇၆)<br>
(ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ စာအုပ်<br>
ပထမအကြိမ် ၁၃၃၈-ခု၊ ၁၉၇၆-ခု၊ နိုဝင်ဘာလထုတ် မှ)

http://www.dhammadownload.com



မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်
မစိုးရိမ်ဆရာတော် ဦးစန္ဒောဘာသာဘိဝံသ၏
ထေရုပ္ပတ္တိကထာ
(ပထမအကြိမ် ၁၉-၄-၁၉၇၉-ခု ထုတ်) စာအုပ်ပါ
စာရေးသူ၏အမှာစာ

## လမ်းကြိတ်စက်ကလေး လာချေပြီ

လွန်ခဲ့သည့် (၂)နှစ်ကျော်ခန့်က မိမိသည် အဘိဇမစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် (ထေရုပ္ပတ္တိ)ကို မိမိ သိသမျှ ရေးသားတင်ပြခဲ့၏။ စာဖတ်သူများအဖို့မူ မည်သို့ ကောက်ချက်ချသည် မသိရ။

သာသနာ့နယ်ပယ်မှ အချို့ ပုဂ္ဂိုလ်များကမူ မစိုးရိမ်ထေရုပ္ပတ်ကို **လမ်းကြိတ်စက်ကြီး**ဟု ကင်ပွန်းတပ်ကြကြောင်း ကြားသိခဲ့ရပါသည်။

မစိုးရိမ်ထေရုပ္ပတ်ကို လမ်းကြိတ်စက်ကြီးဟု ကင်ပွန်းတပ်ကြလျှင် ယခု ထေရုပ္ပတ်ကိုလည်း လမ်းကြိတ်စက်ကလေးဟု ကင်ပွန်းတပ်ကြဦးမည်လား မပြောတတ်ပါ။

ကင်ပွန်းတပ်ကြသူများသည် မည်သို့ ရည်ရွယ်ချက်ရှိသည် မသိ။ စာရေးသူကမူ လမ်းကြိတ်စက်ကြီးဟု ကင်ပွန်းတပ်ခြင်းကို နှစ်ခြိုက်စွာ လက်ခံပါသည်။

ရှင်းပါဦးမည်--

လမ်းပေါ်၌ ခလုတ် ကန်သင်း ကျင်း ချိုင့်များရှိနေလျှင် ကားလည်း မောင်း၍ မကောင်း။ လူလည်း သွား၍ မကောင်းပါ။ ခလုတ် ကန်သင်း ကျင်း ချိုင့်များကို လမ်းကြိတ်စက်ဖြင့် ကြိတ်ပေးမှသာလျှင် ထိုလမ်း ချောညက်ပြေပြစ်၍ ကားလည်း မောင်းကောင်း ပါသည်။ လူလည်း သွား၍ကောင်းပါသည်။

သာသနာ့လမ်းမကြီးပေါ်၌ ခလုတ် ကန်သင်း ကျင်း ချိုင့်များရှိနေပါသည်။ ရှိနေသည့် ခလုတ် ကန်သင်း ကျင်း ချိုင့်များသည် အသေးအဖွဲ့များ မဟုတ်ကြပါ။ ကြီးကြီး မားမားကြီးများ ဖြစ်ကြပါသည်။ ကြီးမားသည့် ခလုတ် ကန်သင်း ကျင်း ချိုင့်များကို ကြိတ်ပေးဖို့အတွက် လမ်းကြိတ်စက်ကြီးကြီး လိုအပ်လျှက်ရှိပါသည်။ ထိုလိုကွက်ကို မစိုးရိမ်ထေရုပ္ပတ်ဖြင့် ဖြည့်စွက် လိုက်ရသဖြင့် မိမိအဖို့ ကျေနပ်ပါသည်။

ယခုလည်း ကျန်ရှိနေသေးသည့် ခလုတ် ကန်သင်း ကျင်း ချိုင့်ကလေးများအတွက် လမ်းကြိတ်စက်ကလေးတခု ထုတ်လုပ်လိုက်ရပြန်ပါပြီ။

## အိပ်ဆေး (ဣစ္ဆေ) အလိုရှိရာ၏

မစိုးရိမ်ထေရုပ္ပတ်ထွက်စက သကျသီဟမွှောစရိယတဦး ပြောခဲ့ဖူးသည့် စကားတရပ် ကိုလည်း အမှတ်ရပါသေးသည်။ "ပျင်းပျင်းရှိသည်နှင့် မကိုးရိမ်ထေရုပ္ပတ် ကောက်ဖတ်လိုက်ရာ

http://www.dhammadownload.com



ဖတ်ယင်း ဖတ်ယင်း အိပ်ချင်လာသည်နှင့် အသာချထား လိုက်ရသည်" ဟူ၏။ ထိုပုဂ္ဂိုလ်ပြောသည့်အတိုင်း မှန်ကန်လျှင် ညဥ့်၌ အိပ်မပျော်သော ရောဂါရှိသူများ မစိုးရိမ်ထေရုပ္ပတ်ကို ဆောင်ထားသင့်ပါသည်။

(စာအုပ်ကြော်ငြာနေခြင်း မဟုတ်ပါ။ စာအုပ်မှာ ထွက်ပြီး ၆-လအကြာတွင် လက်ကျန်မရှိအောင် ပြတ်သွားခဲ့ပါသည်။)

အိပ်မပျော်တိုင်း အိပ်ဆေးစားနေရလျှင် ဆေးအတွက် ရောဂါတမျိုး ရတတ်ကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများထံမှ သိရပါသည်။ ထို့ကြောင့် အိပ်မပျော်သည့်အခါ အိပ်ဆေးမစားပဲ မစိုးရိမ်ထေရုပ္ပတ်ကို ဖတ်ရှုခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ပျော်ပါလိမ့်မည်။

တခုတော့ရှိသည် အိပ်ဆေးရောင်းချခြင်းဖြင့် ကြီးပွားနေကြသည့် ဆေးကုမ္ပဏီများကမူ စာရေးသူအား မျက်စောင်းခဲကြလိမ့်မည် ထင်ပါသည်။ ယခု ထေရုပ္ပတ်လည်း အိပ်ဆေးတခွက် ဖြစ်နိုင်ပါသည်။

## ဖားပြုပ် ထေရုပ္ပတ်

ဖားပြုပ်သည် အလွန်အရုပ်ဆိုးသော သတ္တဝါဖြစ်လင့်ကစား ၎င်း၌ အလွန်အဖိုးတန်၍ ဆေးဖက်ဝင်သော ကျောက်ကောင်းတလုံး ရှိသည်ဟု ကမ္ဘာကျော်စာရေးဆရာကြီး **ရှိတ်စပီးယား**က ပြောဆိုခဲ့ဖူးပါသည်။

စာရေးသူ ရေးခဲ့သည် ထေရုပ္ပတ်၂-အုပ်သည် ဖားပြုပ်ကဲ့သို့ အရုပ်ဆိုးသည်ကား အမှန်ပင် ဖြစ်၏။ သို့သော် အလွန်အဖိုးတန်၍ ဆေးဖက်ဝင်သော ကျောက်ကောင်းတလုံး ပါ/မပါသာ မပြောတတ်ပါ။ စာရှုသူများ ဖတ်ကြည့်၍ "အရုပ်ဆိုးသော်လည်း ဆေးဖက် ဝင်သော ကျောက်ကောင်း တလုံး ပါသည်"ဟု ဩဘာပေးကြလျှင်ကား ရေးရကျိုး နပ်ပါသည်။ ကျောက်ကောင်းမပါ၍ နှာခေါင်းရှုံ့ကြပါမူကား ရွှေဖြင့် စက်ဝယ်ရသည့် စက္ကူများကို ဖြုန်းတီးရာ ရောက်နေပါသဖြင့် စာရေးသူအား ခွင့်လွှတ်ကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

## ကျေးဇူးတင်လွှာ

မိမိ၏လက်ရေးသည် တဘက်သား ဖတ်မရလောက်အောင် ညံ့ဖျင်းလှပါသည်။ မိမိရေးထုတ်လိုက်သည့် (က၊မ၊ယ၊တ၊ဘ၊အ)အက္ခရာများသည် စက်ရုံတခုတည်းမှ အံကိုက်ထုတ်လုပ်လိုက်သည့်နှယ် တပုံစံတည်း ထွက်လာကြ၏။ စာဖတ်သူက ရှေ့နောက် ထောက်ဆ၍ ဤနေရာ"ကကြီး"ဖြစ်သင့်သည်၊ ဤနေရာ "တဝမ်းပူ"ဖြစ်သင့်သည် စသည်ဖြင့် မှန်းဆဖတ်ရ၏။ ဤမျှ ညံ့ဖျင်းလှသည့် လက်ရေးကို လက်နှိပ်စက် ရိုက်ဖြစ်အောင် စိတ်ရှည်လက်ရှည် ကူးယူပေးသော တပည့် **အရှင်ယောသိတ**အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

အရှင်ရာဇဓမ္မာဘိဝံသ
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်။

http://www.dhammadownload.com



မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်
မစိုးရိမ်ဆရာတော် ဦးစန္ဒောဘာသာဘိဝံသ၏
ထေရုပ္ပတ္တိကထာ
ဒုတိယအကြိမ် (၁၉၈၃-ခု) ရိုက်
စာရေးသူ၏ နိဒါန်း

## ဒုက္ခိတဟင်းကလေး

ဆရာတော် ပျံလွန်တော်မမူသေးလျှင် ဤစာအုပ် ဒုတိယအကြိမ် ရိုက်နှိပ်ရန် အကြောင်းပေါ်လာမည် မဟုတ်ပါ။ ယခုဖြစ်မူ ဆရာတော်ပျံလွန်တော်မူသဖြင့် ဒုတိယအကြိမ် ရိုက်နှိပ်ရန် အကြောင်းပေါ်လာပြန်၏။

ဒုတိယအကြိမ် ရိုက်နှိပ်ရာ၌ ဆရာတော် စာချဘုန်းကြီး ဖြစ်စက ရုတ်တရက် ပြောဆိုခဲ့ဖူးသည့် စကားကလေး တလုံးကို ပရိယတ္တိအသင်း အတွင်းရေးမှူး ဦးထွန်းကြည်က စာရေးသူအား ပြောပြ၏။

ဆရာတော် ဦးစန္ဒောဘာသသည် စာချဘုန်းကြီးဖြစ်စက ဆွမ်းခံ၍ ဘုန်းပေး၏။ ဆရာတော် ဆွမ်းခံရာမှ ပြန်ကြွလာလျှင် ကိုရင်နန္ဒမေဓာ(ဦးထွန်းကြည်)က ဆွမ်းပွဲပြင်၍ ကပ်ရမြဲ ဖြစ်သည်။ ဆွမ်းခံရာမှ ရလာသည့် ဟင်းခွက်ကလေးများကို စားပွဲပေါ်တင် ပြင်ဆင်လိုက်သည့်အခါ စားဖြစ်သည့် ဟင်းဟူ၍ မည်မည်ရရ မပါ။ ပဲပြုတ် ချဉ်ရည် စသည့် လေးငါးခွက်သာတည်း။ ဆရာတော်က သူ့ဆွမ်းပွဲကို ကြည့်၍ **"ဒုက္ခိတ ဟင်းကလေး ပါကွာ"**ဟု ကိုရင်နန္ဒမေဓာအား မိန့်လိုက်၏။

"ဘုန်းကြီး! ဒုက္ခိတဟင်းဆိုတာ ဘာလဲဘုရား။ တပည့်တော် မရှင်းဘူး"ဟု ကိုရင်နန္ဒမေဓာက ပြန်လျှောက်လျှင်

"အို မင်းနှယ် မြို့ထဲက ဆင်းရဲသားလေးတွေ စားတဲ့ ပဲပြုတ်တို့ ချဉ်ရည်တို့လို ဟင်းကလေးတွေဟာ ဒုက္ခိတဟင်း ကလေးတွေပေါ့ကွ"ဟု မိန့်ဆိုခဲ့သည် ဟူ၏။

ဆရာတော်သည် သူနှင့် ပတ်သက်၍ မည်သူတဦးတယောက်ကိုမျှ ဒုက္ခ ရောက်စေချင်ဟန် မတူ။ သူ ဆေးရုံတက်နေစဉ် ဆေးရုံအနီးအပါးတွင် ရှိနေသည့် မစိုးရိမ်ကျောင်းအမ ဒေါ်ကျင်ကျင်ကိုပင် အသိမပေးခဲ့။ ဒေါ်ကျင်ကျင် ခမျာ ပျံလွန်တော်မူကြောင်း ရေဒီယိုသတင်းလွှင့်တော့မှ သိရရှာ၏။

ဆေးရုံတက်နေစဉ် မပြုစုလိုက်ရ၍ ကျောင်းအမ ဒေါ်ကျင်ကျင် တဗျစ်တောက်တောက်။ ဆရာတော်သည် သူ၏ ဈာပနနှင့်လည်း မည်သူတဦးတယောက်ကိုမျှ ဒုက္ခရောက်စေချင်ဟန် မတူ။

(၁၄-၈-၇၇)နေ့က ပြုလုပ်သည့် သူ၏ သဇီဝသရဏဂုံတင် အခမ်းအနား၌ သူ၏ ဈာပနကို ဒုက္ခိတဈာပန ဖြစ်အောင် သူကိုယ်တိုင် စီမံသွား၏။ တကယ် ပျံလွန်တော်မူသည့်အခါ ကျန်ရစ်သူ တပည့်ဒါယကာ ဒါယိကာမများက ဒုက္ခိတဈာပန အဖြစ်မခံနိုင်၍ မဇ္ဈိမပဋိပဒါ (မကျဉ်းလွန်း မကျယ်လွန်း) ဈာပနဖြစ်အောင် စီမံကြသည်။

http://www.dhammadownload.com



စီမံသည့်အထဲမှ ဆရာတော်၏ဆန္ဒအတိုင်း ဈာပနကိစ္စ ဖြစ်သွားခဲ့သော် "ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ"ဟူသော ပါဠိတော်ကို နှလုံးထား၍ ဆရာတော်ဆန္ဒက တို့ဆန္ဒထက် ကြီးမားပါပေသည်ဟု စိတ်ဖြေရမည် ဖြစ်ပါသတည်း။

အရှင်ရာဇဓမ္မာဘိဝံသ(၂၀-၁-၈၃)

http://www.dhammadownload.com



## မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်
## (၁၃၁၆-၁၃၆၆-ခု)
## ရွှေရတုအထိမ်းအမှတ် စာအုပ်-ပါ
## အမှာစာနိဒါန်း

ဆရာတော်ဦးသီရိန္ဒ ပျံလွန်တော်မမူမီ တလကျော်ခန့်အလိုတွင် "နောက်နှစ် (၁၃၆၆)၌ မစိုးရိမ်တိုက်သစ် နှစ်(၅၀)ပြည့်မည်ဖြစ်ကြောင်း၊ ရွှေရတုအထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး (ပထမရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိ ပြန်လည် ရိုက်နှိပ်ပြီး ဖြန့်ချိမည်ဖြစ်ကြောင်း၊ ယင်းထေရုပ္ပတ္တိနှင့်အတူ တိုက်သစ်စာချနာယကတို့၏ ထေရုပ္ပတ္တိအတိုကလေးများပါ ပူးတွဲ ရိုက်နှိပ်မည်ဖြစ်ကြောင်း" လျှောက်ထားခဲ့၏။

ဆရာတော်က သူ့ရေးထားသည့် မစိုးရိမ်တိုက်သစ် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကိုပါ ထည့်သွင်းရိုက်နှိပ်ရန် အမိန့်ရှိခဲ့၏။

မူလရည်ရွယ်ချက်အတိုင်းဆိုလျှင် ထေရုပ္ပတ္တိအားလုံး ပထမ ရဋ္ဌဂုရုဆရာတော် ကြီး၏ ထေရုပ္ပတ္တိနှင့်အတူ ပူးတွဲရိုက်နှိပ်ရန် ဖြစ်ပါသည်။

သို့သော် ထေရုပ္ပတ္တိအားလုံး ပူးတွဲမရိုက်နှိပ်ဘဲ ယခင်ထုတ်ဝေခဲ့ဖူးသည့် ရဋ္ဌဂုရု ဆရာတော်ကြီး ထေရုပ္ပတ္တိကို သီးသန့်တအုပ်၊

ပျံလွန်တော်မူပြီး တိုက်သစ်မဟာနာယကကြီး(၂)ပါး၊ လက်ရှိမဟာနာယက ဆရာတော်နှင့် တိုက်သစ်မှ သက္ကျသီဟအောင်ပြီး နာယကဆရာတော်များ၊ စာမေးပွဲ အထူးအောင် ရဟန်း သာမဏေများ၏ ထေရုပ္ပတ္တိကို သီးသန့်တအုပ်၊

လက်ရှိ မဟာနာယက ဆရာတော်၏ ထေရုပ္ပတ္တိနှင့် ပြည်ပခရီးသွားမှတ်တမ်းကို သီးသန့်တအုပ်၊

ဤသို့ သုံးအုပ်ခွဲ၍ ထုတ်ဝေလျှင် ကောင်းမည်ထင်ကြောင်း အကြံပြုလျှောက်ထားသူများ ရှိလာသဖြင့် (၃)အုပ်ခွဲ၍ ထုတ်ဝေလိုက်ပါသည်။

နာယကများ၏ ထေရုပ္ပတ္တိကို ရှေ့နောက်စဉ်ရာ၌ ဝါစဉ်(သိက္ခာစဉ်)အတိုင်း မစဉ်ဘဲ သမိုင်းမှတ်တမ်းတခု ဖြစ်စေရန် သက္ကျသီဟအောင်သော ခုနှစ်အစဉ်အတိုင်း စဉ်လိုက်ပါသည်။ နှစ်ပေါင်း(၅၀)အတွင်း၌ သက္ကျသီဟကျမ်းပြီးအောင် နာယကမှာ (၁၉)ပါးခန့်သာ ပေါ်ပေါက်ခဲ့၏။ ကျောင်းသစ်တဆောင် ရဘို့ထက် သက္ကျသီဟမွှာစရိယတပါး ရဖို့က ပို၍ခဲယဉ်းကြောင်း အကောင်းဆုံး သာဓကပင် ဖြစ်ပါသည်။

တိုက်သစ်မှ အဦးဆုံး သက္ကျသီဟကျမ်းပြီးအောင်သည့် အရှင်နေပုညာဓိကမှာ ဘယ်ရောက် နေသည်မသိ အဆက်အသွယ်ပြတ်နေသဖြင့် ထိုအရှင်၏ ထေရုပ္ပတ္တိ မထည့်နိုင်ခဲ့ပါ။

http://www.dhammadownload.com



စာမေးပွဲအထူးအောင်ပုဂ္ဂိုလ်တို့၏ ထေရုပ္ပတ္တိကို ရှေ့နောက်စဉ်ရာ၌ကား (၂)ကြိမ်ရဘူးသူများ၏ ထေရုပ္ပတ္တိကို ရှေ့မှထား၍ စဉ်လိုက်ပါသည်။

မိမိသည် ရတုပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပပြီး ပွဲကျင်းပခြင်းနှင့် လိုက်ဖက်အောင် အလုပ်မပြုနိုင်ခြင်းကို မနှစ်သက်ပါ။ ထို့ကြောင့် ဆရာတော်ဦးသိရိန္ဒအား လျှောက်ထား စဉ်ကပင် ရွှေရတုပွဲ ကျဉ်းကျဉ်းသာ ကျင်းပမည်ဖြစ်ကြောင်း လျှောက်ထားခဲ့၏။ ရတုပွဲ ကြီးကြီးကျယ်ကျယ် ကျင်းပဖို့ထက် အလုပ်လုပ်ဖို့က ပို၍ အရေးကြီးပါသည်။ မစိုးရိမ်တိုက် သစ်သည် အလုပ်လုပ်ခြင်းကြောင့် တိုးတက်လာခြင်းဖြစ်၏။ အလုပ်မလုပ်လျှင် အဓိပ္ပါယ် ရှိသည် မထင်ပါ။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ<br>
မဟာနာယကဆရာတော်<br>
မစိုးရိမ်တိုက်သစ်<br>
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့<br>
(၁၆. ၂. ၂၀၀၄)

(မစိုးရိမ်တိုက်သစ် ရွှေရတု အထိမ်းအမှတ်အဖြစ် (၁) ဆရာတော်ကြီး ဦးသူရိယ၏ အတ္ထုပ္ပတ္တိစာအုပ်၊ (၂) ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ခရီးသွားဆောင်းပါး စာအုပ်၊ (၃) မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးသုံးပါး၏ အတ္ထုပ္ပတ္တိ အကျဉ်းနှင့် သကျသီဟနှင့် အစိုးရအထူးအောင်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိစာအုပ်တို့ကို ၁၃၆၆-ခုနှစ်က ထုတ်ဝေခဲ့သည်၊ ယင်းစာအုပ်များပါ အမှာစာဖြစ်သည်)

http://www.dhammadownload.com



# မန္တလေးမြို့ ၊ မစိုးရိမ်ကျောင်းတိုက်
# (၁၂၆၉- ၁၃၆၉-ခု၊ မစိုးရိမ်ရာပြည့်)
# မစိုးရိမ်သမိုင်းနှင့် သာသနာဝင်စာအုပ်-ပါ
# စာရေးသူ (ဆရာတော် ဦးရာဇဓမ္မာဘိဝံသ)၏ အမှာစာ

(၁)

လွန်ခဲ့သည့် ၁၃၁၉-ခုနှစ်က မစိုးရိမ်တိုက်ကြီး နှစ်(၅၀)ပြည့်ခဲ့၏။ ထိုစဉ်က မဟာနာယက ဆရာတော် ဦးကောသလ္လက "ဒို့ မစိုးရိမ်တိုက်ကြီး နှစ်(၅၀)ပြည့်ပြီ၊ ရွှေရတု မလုပ်နိုင်ဘူး"ဟု ငြီးတွားခဲ့၏။ ထိုစဉ်ကသာ ရွှေရတု လုပ်နိုင်ခဲ့လျှင် "မစိုးရိမ်သမိုင်းနှင့် သာသနာဝင်" ရေးထုတ်နိုင်ခဲ့လျှင် မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်၏ဇနီး အမည်ကို သိကောင်း သိနိုင်လိမ့်မည်ဟု ထင်သည်။ နှစ်(၅၀)ပြည့်သည့် နှစ်တုန်းက တိုက်တည်ဆရာတော်ကြီး လေးပါးအနက် ဆရာတော် ဦးသူရိယ အသက်ထင်ရှား ရှိသေး၏။ ခေတ်ဟောင်း နာယက ဆရာတော်ကြီးများလည်း ထင်ရှားရှိကြသေး၏။ ထိုဆရာတော်ကြီးများကို မေးလျှင် တပါးပါးတော့ သိလိမ့်မည်ထင်၏။ ဆရာတော် ဦးသောမ ရေးသည့် ထိုထိုစာအုပ်များ နိဒါန်း၌လည်း "လဘက်ပွဲစားကြီး ဦးသက်ရှည်"ဟုသာ ပါပြီး ပွဲကတော် နာမည် မပါ။ ဦးသက်ရှည် အမျိုးအဆက် အနွယ်များမှာလည်း မြစ်လောက်သာ ကျန်ရှိတော့သဖြင့် သူတို့ဘေးမအမည်ကို သိကြဟန် မတူ။

(၂)

"ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် သမိုင်းရာဇဝင် မရေးရ"ဟု သမိုင်းဆရာ ရာဇဝင်ဆရာများက ဆိုကြ၏။ "ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် သမိုင်းရာဇဝင် ရေးလျှင် မိမိနိုင်ငံဘက် ဦးစားပေးလွန်းသဖြင့် သမိုင်းအမှန် ရာဇဝင်အမှန် မဖြစ်တတ်"ဟု ဆိုလိုဟန် တူပါသည်။ မိမိသည် မစိုးရိမ်သမိုင်းနှင့် သာသနာဝင်ကို ရေးသားရာ၌ ပြင်းထန်သော ဆရာ အစွဲအလန်း ကင်းသည်ဟု ထင်ပါသည်။ ဟုတ်မဟုတ် စာဖတ်သူများ အကဲခတ်နိုင် ပါလိမ့်မည်။

(၃)

မစိုးရိမ်တိုက်တည် သက္ကရာဇ်ကို နာရီစဉ်၌ ရေးထိုးထားသည့်အတိုင်း ၁၂၆၉-ခု(၁၉၀၇)ဟု ဖော်ပြထားပါသည်။ လယ်တီဒီပနီပေါင်းချုပ် ပထမတွဲ၌ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း ရေးရာတွင် ၁၂၆၈-ခုနှစ်၌ ပြည်မြို့ ဝိပဿနာကုန်း တောရ၌ ဝါဆိုတော်မူသည့် ယင်းနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက် မှစ၍ တရားပွဲများကျင်းပ ဟောပြောတော်မူသည်ဟု ရေးထား၏။

မိခင်ဧရာဝတီစာအုပ်တိုက်မှ ဒုတိယအကြိမ်ရိုက် အနတ္တဒီပနီသုံးကျမ်းတွဲစာအုပ် နိဒါန်း၌လည်း ၁၂၆၈-ခုနှစ်မှ စ၍ လယ်တီဆရာတော် မစိုးရိမ်တိုက် တည်းပြီး တရား ဟောဟု ပါရှိပြန်၏။

http://www.dhammadownload.com



ထိုရေးသားချက်များ မှန်ကန်မည်ဆိုလျှင် ၁၂၆၈-ခုနှစ်မတိုင်မီက စ၍ မစိုးရိမ်တိုက် ဝင်းအတွင်း၌ ကျောင်းများရှိနေပြီဟု ယူဆရမည်ဖြစ်ပါသည်။

သမိုင်းဟူသည် ခိုင်လုံသော ကျောက်စာရှိလျှင် ကျောက်စာကို သာကေပြု၍ အတည်ယူရ၏။ မိမိသည် ကျောက်စာနှင့်တူသော နာရီစင်စာ (နောက်တိုးမဟုတ်) ရှိနေသဖြင့် ထိုနာရီစင်စာအတိုင်း တိုက်တည်သက္ကရာဇ်ကို အတည်ပြုရေးသားပါသည်။

(၄)

၁၂၇၁-ခုနှစ်၌ မစိုးရိမ်တိုက်ကြီးကို ဗင်္ဂလားဆရာတော်ကြီး အမှူးပြုသော စတုဒ္ဒိသာသံဃာအား ရေစက်ချ လှူဒါန်းသည်ဟု ကျောက်စာမဟုတ်သော်လည်း ဗင်္ဂလားညီနောင်ထေရုပ္ပတ္တိစာအုပ်၌ အခိုင်အမာ ပါရှိ၏။

၁၂၇၀-ခုနှစ်၌ မစိုးရိမ်တိုက်မှ ဦးနရိန္ဒ သကျသီဟစာသင်တန်း အောင်မြင်ကြောင်း ပရိယတ္တိရာပြည့် စာစောင်တွင် ပါရှိ၏။ ထို၁၂၇၀-ပြည့်နှစ်၌ပင် ဆရာတော်ဦးသူရိယသည် မိုးကောင်းတိုက် မဟာဝေယာန်ကျောင်းကြီးမှ သကျသီဟစာချတန်း ကျမ်းပြီးအောင်သည်ကို တွေ့ရ၏။ ယင်းအောင်ဂေဇက်ကို ကြည့်လျှင် ၁၂၇၀-ပြည့်နှစ်၌ မစိုးရိမ်တိုက်တွင် စာသင်သားများ သီတင်းသုံးပြီဖြစ်ကြောင်း ထင်ရှား၏။ ယင်းနှစ်၌ မည်သည့်ဆရာတော်များ မစိုးရိမ်တိုက်၌ စာချနေသနည်း စဉ်းစားစရာပင်။

၁၂၇၃-ခုနှစ်၌ ဦးနရိန္ဒ မစိုးရိမ်တိုက်မှ သကျသီဟကျမ်းပြီး အောင်လာ၏။ ယင်းနှစ်၌ကား မစိုးရိမ်တိုက်ကြီး ရေစက်ချပြီး ဖြစ်သဖြင့် စာချဘုန်းကြီး ပြဿနာမရှိပါ။ ဦးနရိန္ဒသည် သကျသီဟအောင်ခဲ့သော်လည်း မည်သည့် ကျောင်း၌မျှ နာယကဘုန်းကြီး ဖြစ်သည်ကို မတွေ့ရ။ အောင်ပြီးလျှင်ပြီးချင်း အခြားတိုက်သို့ ပြောင်းသွားဟန် တူသည်။

(၅)

သမိုင်းဟူသည် အများစုပေါင်းရေးမှ ပြည့်စုံနိုင်၏။ သမိုင်းပြုစုသူသည် စာဖတ်များဖို့အပြင် ဖတ်သမျှစာ မှတ်မိနေဖို့လည်း လို၏။ မိမိသည် စာဖတ်များသည်ဟု ကိုယ့်ကိုယ်ကို ဘဝင်မြင့်မိ၏။ ဖတ်သမျှစာ အမှတ်မိကား နည်းပါးလှဟန် တူပါသည်။

ကိုဌေးလှိုင် (ဓမ္မာစရိယဦးဌေးလှိုင်) သည် သူရေးသမျှစာအုပ် မိမိထံ အကုန်ပို့၏။ မိမိကလည်း ပို့သမျှစာအုပ် ဖတ်ရှု၏။ မစိုးရိမ်နှင့် ဆိုင်သော အောက်ပါအဖြစ်အပျက် ကိုဌေးလှိုင်ရေးသည့် စာအုပ်တွင် ပါသော်လည်း ဦးဉာဏသာသနဝင်(အတ္ထုပ္ပတ္တိ)၌ မထည့်နိုင်ခဲ့ပါ။

There is no God and no Soul. ၁၉၃၃-ခု ဒီဇင်ဘာလ ၁-ရက် နေ့စွဲဖြင့် ရေးသားသော စာအုပ် ဖြစ်သည်။ တောင်ငူမြို့နယ်မှ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ မစ္စတာသော်မဆင် ဦးဆောင်သော လူခုနစ်ထောင်ထံ ပေးပို့ဟောကြားသော စာအုပ်ဖြစ်သည်။ မန္တလေးမြို့ မစိုးရိမ်တိုက်(ပဌမကျော်၊ အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးဉာဏက မြန်မာပြန်ဆို၍ သူဌေး ဆာဦးသွင်+ဒေါ်ဒေါ်သိန်းတို့က မြန်မာ့အလင်းသတင်းစာ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ကာ

http://www.dhammadownload.com



အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဓမ္မဒါနဖြန့်ဝေသည်"

(ဓမ္မာစရိယ ဦးဌေးလှိုင်-ရေး
အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ-၏
ကမ္ဘာလှည့် တရား၊ နှာ-၆)

ယင်းအဖြစ်အပျက်နေရာနှင့် အံဝင်ဂွင်ကျ မထည့်နိုင်ခဲ့ခြင်းမှာ မိမိ၏ ဖတ်သမျှစာ မမှတ်မိခြင်း အပြစ်ပင်တည်း။

(၆)

၁၉၅၂-ခုနှစ်တွင် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေကို ပါလီမန်မှ အတည်ပြု ပြဋ္ဌာန်းခဲ့၏။ ယင်း ဥပဒေအရ (၉)ကျမ်းစလုံး တနှစ်တည်းအောင်မြင်လျှင် "သိရောမဏိ"ဘွဲ့ ရမည်ဖြစ်သည်။ ၁၉၅၅-ခု ရန်ကုန်တွင် ကျင်းပသည့် စာချတန်းစာမေးပွဲမှ စ၍ "ဂုဏ်ထူးကျမ်းများကို ပါဠိလိုသာ ဖြေရမည်"ဟု ရုတ်တရက် ဥပဒေပြင်ဆင်လိုက်၏။ ယင်းပြင်ဆင်ချက် ဥပဒေအရ "သိရောမဏိ"ဘွဲ့ အလိုလိုပျောက်သွားလေတော့သည်။ ပါဠိတက္ကသိုလ် ကျောင်းသားများက ယင်းပြင်ဆင်ချက်ဥပဒေကို မနှစ်သက်ကြ။

ထို့ကြောင့် မြန်မာပြည်ရှိ ပါဠိတက္ကသိုလ်ကျောင်းသားများအားလုံး စာချတန်း ဖြေဆိုရန် ရန်ကုန်သို့ စုဝေးရောက်ရှိနေစဉ် ဂုဏ်ထူးကျမ်းကို ပါဠိလိုသာ ဖြေဆိုရမည်ဟူသည့် ပြင်ဆင်ချက် ဥပဒေကို တညီတညွတ်တည်း သပိတ်မှောက်ကြ၏။ ညီညွတ်၍ ပါဠိတက္ကသိုလ်ကျောင်းသားများ ဘက်မှ အနိုင်ရသွားသည်။

ယင်းသပိတ်၌ မစိုးရိမ်တိုက် ဂန္ထကျောင်းမှ ဦးဩဘာသက အတွင်းရေးမှူးလုပ်၏။ ရန်ကုန် ဘုရားဖြူကျောင်းတိုက် ဦးနရိန္ဒ-က ဥက္ကဋ္ဌဖြစ်လေသည်။ အတွင်းရေးမှူး ဦးဩဘာသကို မဟာနာယက ဂန္ထဆရာတော် ဦးကောသလ္လက တိုက်မှ နှင်ထုတ်လိုက်သည်။ တကိုယ်တော် အတွင်းရေးမှူး ဖြစ်သဖြင့် တတိုက်လုံးနှင့် သက်ဆိုင်သည့် အဖြစ်အပျက် မဟုတ်ပါ။

၁၉၅၆-ခုတွင် ပါလီမန် ရွေးကောက်ပွဲနှင့် တိုက်ဆိုင်နေသဖြင့် ဘုန်းကြီးစာမေးပွဲ အားလုံး ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်း ရေဒီယို သတင်းစာတို့မှ ကြေငြာလိုက်ရာ သာသနာ့ လောက အားလုံး ပွက်လောရိုက်သွား၏။

ထိုစဉ်က မန္တလေး ရန်ကုန် တလှည့်စီ ပါဠိတက္ကသိုလ်စာချတန်းစာမေးပွဲ ကျင်းပ၏။ ၅၆-ခုနှစ်က မန္တလေး၌ စာမေးပွဲ အလှည့်ကျရာ တနိုင်ငံလုံး ပါဠိတက္ကသိုလ် ကျောင်းသားအားလုံး စာဖြေရန် ရောက်ရှိနေစဉ် သပိတ်မှောက်ကော်မတီ ဖွဲ့စည်းပြီး သပိတ်မှောက်ကြ၏။ ဥက္ကဋ္ဌမှာ မာဃဝကျောင်းမှ ဦးရာဇိန္ဒဖြစ်သည်။ ယခင် အတွင်းရေးမှူး လုပ်ခဲ့သည့် ဦးဩဘာသက ဒုတိယဥက္ကဋ္ဌ ဖြစ်လေသည်။ မစိုးရိမ်တိုက်မှ ပါဠိတက္ကသိုလ် ကျောင်းသားများကို ဥက္ကဋ္ဌရွေးချယ်ခြင်းမှာ လယ်လွန်း၍မဟုတ်။ နောက်လိုက်အင်အား ကောင်း၍သာ ဖြစ်သည်။ ထိုစဉ်က တတိုက်လုံး သပိတ်တွင် ပါဝင်သဖြင့် တိုက်မှ အရေးမယူပါ။ မကြာမီ တောင်းဆိုချက်ရသဖြင့် အောင်မြင်စွာ သပိတ်လှန်လိုက်ပါသည်။ ထိုအဖြစ်အပျက်မှာ မစိုးရိမ်တိုက်တွင်းမှ စတင်ခြင်းမဟုတ်သဖြင့်

http://www.dhammadownload.com



"သမိုင်းနှင့် သာသနာဝင်"တွင် မထည့်သွင်းပါ။

(၇)

အစိုးရေးဝန်ကြီးချုပ် ဘင်ဂူရီယန်၊ ဗီယက်နာမ် ဝန်ကြီးချုပ် ဟိုချီမင်း-စသည့် နိုင်ငံခေါင်းဆောင်များ မစိုးရိမ်တိုက်ကြီးသို့ လာရောက်ဘူးကြ၏။ ကျောင်းတိုက်တခုလုံး ကျောင်းဒကာတဦးတည်းဖြစ်၍ လာရောက်လေ့လာကြဟန် တူပါသည်။

၁၃၁၇-ခုနှစ် နတ်တော်လဆန်း(၈)ရက် (၂၂. ၁၀. ၁၉၅၅)နေ့ နံက်တွင် ယိုးဒယား (ထိုင်း) သာသနာပိုင် ကြွလာဘူး၏။ ထိုစဉ်က စာသင်သားအားလုံး တန်းစီ လက်အုပ်ချီပြီး "သွာဂတံ တေ မဟာထေရ"ဟု နှုတ်ဆက်ကြရသည်။

"မစိုးရိမ်သမိုင်းနှင့် သာသနာဝင်"ကို မိမိစွမ်းသမျှ စုဆောင်းတင်ပြပြီးပါပြီ။ ပြည့်စုံပြီဟု မဆိုနိုင်သေးပါ။ နောက်ဆက် မစိုးရိမ်အနွယ်များ ဆက်လက်လေ့လာ ရေးသားကြပါရန် တိုက်တွန်းလိုပါသည်။

## ကျေးဇူးတင်လွှာ

ကွန်ပျူတာစာမူဖြစ်အောင် ရိုက်နှိပ်ပေးသော ဦးစန္ဒာဝရ (ဓမ္မာစရိယ၊ ကာယ ကျောင်း)၊ စာမူချောဖြစ်အောင် စီစဉ်ပေးကြသော အရှင်ကုန္တကာလင်္ကာရ (အဓိပတိ နာယက)၊ အရှင်ကဝိန္ဒ (ဌာနနာယက)၊ ရှားပါးစာအုပ် ငှါးရန်းကူ ညီကြသော မြင်းဝန်တိုက် ရွှေကျောင်းဘုန်းကြီး ဦးသုတ၊ စစ်ကိုင်း သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်နှင့် စာကြည့်တိုက်ဆိုင်ရာ ဝန်ထမ်းများ၊ မဂ္ဂဇင်းဟောင်းများ ရှာဖွေပေးသော (ကသစ်ပန်း သကြားစက်) ဦးကျော်ရွှေ+ မစုစုရင်၊ နှုတ်ပြောဖြင့် ကူညီကြသော သက်တော်(၈၀)ကျော် နာယကကြီးများ၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဦးသာသန၊ တောင်ထီးလင်းတိုက် တိုက်အုပ်ဆရာတော် ဦးဇောတိက၊ ဝိသုဒ္ဓါရုံတိုက် ဦးပညာသိရီ ဘိဝံသ၊ စာမူကူညီဖတ်ရှုပေးခြင်းဖြင့် ကူညီကြသော ဦးအာဒိစ္စ၊ ဦးအစ္ဆရိယ (ဓမ္မာစရိယ၊ ဝိမုတ္တိကျောင်း) ဦးဥက္ကံသ (ဓမ္မာစရိယ၊ ဒါယာဒကျောင်း)တို့အား အထူး ကျေးဇူးတင်ရှိ ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ်
၁၃၆၉-ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော်(၁၃)ရက်
၁၂-၇-၂၀၀၇၊ ကြာသပတေးနေ့
(မစိုးရိမ်ရာပြည့် အထိမ်းအမှတ်
မစိုးရိမ်သမိုင်းနှင့် သာသနာဝင်စာအုပ်မှ)

http://www.dhammadownload.com



ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သကျသီဟနှင့် အစိုးရဓမ္မာစရိယ
မဟာနာယကဆရာတော်
ဓမ္မဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး

## ဩဝါဒကထာစာအုပ် ဖြစ်ပေါ်လာပုံ

အဂ္ဂါဘိဓဇ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တသိရိန္ဒ ပြန်လွန်တော်မူပြီးသည်က စ၍ မစိုးရိမ်တိုက်သစ် တတိုက်လုံး လပြည့်လကွယ်နေ့တိုင်း စုပေါင်းဘုရားဝတ်တက်ကြရန် ဆုံးဖြတ်ခဲ့ကြ၏၊ စာအံကျောင်းများကိုလည်း ပေါင်းပစ်ရန် ဆုံးဖြတ်ခဲ့ကြ၏။

ဝတ်တက်ရာ၌ သိက္ခာဝါ အကြီးဆုံး နာယကက ဩဝါဒပေးရန်၊ အကြီးဆုံးနာယက ခရီးထွက်သည့်အခါ ကျန်ရစ်သည့် ဒုတိယအကြီးဆုံးနာယကက ဩဝါဒပေးရန် ဆုံးဖြတ်ခဲ့ကြ၏။

ယင်းဆုံးဖြတ်ချက်အရ ဘုန်းကြီးသည် အကြီးဆုံးနာယက ဖြစ်သဖြင့် လပြည့်လကွယ် နေ့တိုင်းလိုလို ဝတ်တက်ပြီး ဩဝါဒပေးရလေသည်၊ ယင်းဩဝါဒများကို ဌာနကျောင်း နာယက မောင်ကဝိန္ဒက ခေတ်မှီကြိယာများဖြင့် ဖမ်းယူထားလေသည်၊ ဖမ်းယူထားသည့် အသံသွင်းခွေများကို စာအုပ်အဖြစ် ပြန်လည် ထုတ်ဝေခြင်း ဖြစ်၏။

စာအုပ်ဖြစ်လာသည်ကိုကား ဝမ်းမြောက်ပါသည်၊ ဘုန်းကြီးဩဝါဒများကို ဖတ်ရှုသဖြင့် လောကီ လောကုတ္တရာအကျိုး (၂)မျိုးရှိမည်ဟူ၍ကား အာမမခံနိုင်ပါ၊ ဘုရားရှင် ဟောကြားသည့် တရားတော်များကို ကြားနာဖတ်ရှုပြီး အကျိုးနဲ့သွားသူများ တပုံကြီးရှိ၏၊

ဩဝါဒကို ဖတ်ရှုပြီး အကျိုးမကြီးချင် နေပါစေ၊ အကျိုးမနဲ့ပါစေနဲ့ဟု ပတ္ထနာ ပြုလိုက် ပါသည်။

ဦးရာဇ

(၁၃၇၀-ဝါဆိုလ (၂၀၀၈) ထုတ်
မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏
အဓိပတိမဟာနာယကဆရာတော်
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏
စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များ စာအုပ်မှ)

http://www.dhammadownload.com



မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ရေဘုတလင်ရွာ
မြသိန်းတန်ဘုရားသမိုင်းစာအုပ်
(ဒုတိယအကြိမ်ရိုက်)
စာရေးသူ (ဆရာတော် ဦးရာဇဓမ္မာဘိဝံသ)၏
"သံဝေဂယူစရာ အမှာစာ"

ဤသမိုင်းအကျဉ်းစာအုပ်လေးကို ၁၃၃၄-ခု၊ ဝါဆိုလပြည့်ကျော် ၄-ရက်၊ ၂၉. ၈. ၇၂-နေ့ ဝန်းကျင်က ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ စာအုပ်ရေ မည်မျှ ထုတ်ဝေခဲ့သည်ဟု မသိရ။ ထိုစဉ်က ရေဘုတလင်ရွာ ဆရာတော် ဦးတေဇဝန္တ၏ တိုက်တွန်းချက်ဖြင့် ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ယခု ၄. ၈. ၂၀၁၀-နေ့တွင် ဦးတေဇဝန္တ မရှိတော့၊ လွန်ခဲ့သည့် ၃၁-နှစ်က ပျံလွန်တော်မူရှာသည်။ ဤသမိုင်း အကျဉ်းစာအုပ် ပရဖ်ဖတ်ပေးခဲ့သည့် မစိုးရိမ်တိုက် ပိဋကနယူပဒေသကျောင်း ဆရာတော် ဦးကောဝိဒါဘိဝံသလည်း ယခု မရှိတော့။ လွန်ခဲ့သည့် ၂-နှစ်ကျော်ခန့်က အမေရိကန်ပြည် နယူးယောက်မြို့တွင် ပျံလွန်တော်မူရှာသည်။

ပရဖ်ဖတ်ပေးသည့် ဆရာတော်တပါးဖြစ်သည့် ယဉ်ပုံ ဦးနာရဒကား အသက် ထင်ရှားရှိသေး၏။ သို့သော် လက်များ နတ်ကျသလို တုန်နေရှာသည်။ အသက်ကလည်း ရှစ်ဆယ်အတွင်း ရောက်နေပြီဖြစ်၏။ယခု ရန်ကင်းတောင် ဥယျာဉ်ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေရှာသည်။

မိမိ (စာရေးသူ) တစ်ပါးတည်းသာ ကျန်းမာလျက် ရှိနေသည်ဟု ထင်ရသည်။ အမြင်ကျန်းမာနေသည်ဟု ထင်ရသော်လည်း ဗိုက်တွင်း၌ မည်သည့်ရောဂါ ဖြစ်နေသည်ဟု မည်သူမျှ မသိနိုင်၊ အာထရာဆောင်း ဓာတ်မှန် စသည်တို့ဖြင့် ဗိုက်တွင်းရောဂါ ရှာဖွေသော်လည်း ထိုစက်ကိရိယာများ၌ မပေါ်သည့်ရောဂါ ရှိနေသေးသည်ကို သိဖို့လို၏။

ယခု သမိုင်းစာအုပ်လေး နှစ်ပေါင်းလေးဆယ်နီးပါး အကြာတွင် ဘုရား၌ စာအုပ်လက်ကျန် မရှိအောင် ကုန်ဆုံးနေ၏။ ခိုချောင်းကျေးရွာ ဆရာတော် ဦးဣန္ဒဗလ၊ မြသိန်းတန်ဆရာတော် ဦးပညာဒီပ၊ မန္တလေး ပဋ္ဌာတာရုံဆရာတော် ဦးဣန္ဒကာဘိဝံသတို့က "မြသိန်းတန်သမိုင်းစာအုပ်ကို ပြန်ရိုက်နှိပ်လိုကြောင်း" မိမိထံ လျှောက်ထား လာကြသည်။ ပြင်ဆင်သင့်သည်ကိုလည်း ပြင်ဆင်ရန် လျှောက်ထား၏။

ပထမအကြိမ် ရိုက်စဉ်က ပုံနှိပ်တိုက် အမှားများကိုသာ ပြင်ဆင်ပြီး ကျန် စာသားများကို မူရင်းအတိုင်း ပြန်လည်ရိုက်နှိပ်လိုက်ပါသည်။ ဤသမိုင်းစာအုပ် အကျဉ်းလေးကို ဖတ်ရှု၍ သံဝေဂယူကြရန် တိုက်တွန်းလိုက်ပါသည်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ်
စိန်ပန်း၊ မန္တလေး
၄. ၈. ၂၀၁၀

http://www.dhammadownload.com



# စစ်ကိုင်းတောင်
# အနောက်ပရက္ကမဆရာတော်၏
# ဖြစ်စဉ်နှင့် ကျင့်စဉ်များ
# ပထမအကြိမ် ၁၃၄၄-ခု၊ နတော်လ၊ ၁၉၈၂-ခု၊ ဒီဇင်ဘာလထုတ်
# စာအုပ်၌ ပါရှိသော
# ဆရာတော်၏ အမှာစာ

## "အမြီးပေးပါရစေ ချစ်မိတ်ဆွေ"

တချိန်က ဤထေရုပ္ပတ္တိကျမ်းပြု အရှင်စာရိန္ဒသည် မိမိကျောင်း၌ နေထိုင်ခဲ့ဖူး၏၊ အပ်နှံသူမှာ မိမိနှင့် စာသင်ဘက် အရှင်သိရီဓမ္မ ဖြစ်သည်။ အပ်နှံစာထဲ၌ အရှင်စာရိန္ဒ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်တွင် နေထိုင်ခဲ့ဖူးကြောင်း ပါလာလေသည်။

ထိုစဉ်က အရှင်စာရိန္ဒသည် ဓမ္မာစရိယစာချတန်း ဝင်ရောက်ဖြေဆိုနေဆဲ ဖြစ်၏။ ကျမ်းရင်းနှစ်ကျမ်းပင် အောင်မြင်ပြီး ဖြစ်နေပေသည်။ ပါရာဇိကဏ် တကျမ်းသာ ဖြေဆိုရန် ကျန်တော့၏။

အရှင်စာရိန္ဒသည် မိမိကျောင်း၌ နေထိုင်စဉ် စစ်ကိုင်းတောင်သို့ မကြာမကြာ သွားတတ်၏။ သွားဖန်များလာသည့်အခါ မိမိက မေးကြည့်မိသည်။

"ဦးပဥ္စင်း! စစ်ကိုင်းတောင် သွားလှချည့်လား၊ ဘာကိစ္စရှိလို့ ဒီလောက် ခဏခဏ သွားရတာလဲ?"

မိမိ၏မေးခွန်းထဲ၌ မကျေနပ်သံ ပါနေသဖြင့် အရှင်စာရိန္ဒ တုန်လှုပ်သွားသည်။ စာရိန္ဒ စာပေပရိယတ္တိ ကြိုးစားမှုရှိသည်ကိုကား မိမိ သံသယမရှိ။ တိုက်တွန်းနေစရာ ကြပ်မတ်နေစရာ မလိုအောင် ကြိုးစားသူဖြစ်သည်။ မိမိ၏ တပည့်များအထဲ၌ အပြောလွတ် အဆိုလွတ် စာကြိုးစားသူဟူ၍ ထိုစဉ်က သုံးပါးခန့်သာ ရှိခဲ့ဖူး၏။ ယင်းတို့ကား အရှင်စာရိန္ဒ (ဤထေရုပ္ပတ္တိကျမ်းပြု)၊ အရှင်နေပုညာဓိက (ဝေါ မစိုးရိမ်တိုက်သစ်)၊ အရှင်ဓမ္မဝံသ (မောင်ထွန်းတင်)တို့ ဖြစ်ကြသည်။ စာကြိုးစားသော်လည်း မကြာခဏ စစ်ကိုင်းသွားခြင်းကို မကြိုက်၊ ထို့ကြောင့် မကျေနပ်သံဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"တပည့်တော် အနောက်ပရက္ကမချောင် သွားတာပါဘုရား၊ ကိစ္စကတော့ အထူးမရှိပါဖူး"

"သြော် သြော် ဦးပဥ္စင်း အနောက်ပရက္ကမဆရာတော်နဲ့ သိသလား?"

အရှင်စာရိန္ဒက ပြုံး၍လျှောက်ထားသည် "အနောက်ပရက္ကမဆရာတော်က တပည့်တော်များနဲ့ တရွာတည်းပါဘုရား၊ တပည့်တော်ရဲ့ ဦးရီးလဲ တော်ပါတယ်"

"သြော် ဒါကြောင့် ဦးပဥ္စင်း မကြာခဏ သွားတာကိုး"

အရှင်စာရိန္ဒသည် ကျွန်ုပ်ထံမှ စာချတန်း ကျမ်းပြီးအောင်သွားသည်။ နောက် မကြာမီ အနောက်ပရက္ကမဆရာတော် ပျံလွန်တော်မူကြောင်း ကြားရ၏။ အရှင်စာရိန္ဒက အနောက်ပရက္ကမ

http://www.dhammadownload.com



ချောင်၌ နေရမည်ဖြစ်ကြောင်း မိမိအား လျှောက်ထားသည်။

"အင်း ကောင်းတယ်၊ ဆရာတော်ကို တတ်နိုင်သမျှ အတုယူပြီး နေပေါ့"

## "ထေရုပ္ပတ္တိ စာမူကြီး"

ယခုနှစ် (၁၃၄၃-ခု) ပြာသိုလက အရှင်စာရိန္ဒသည် စာမူတထပ်ကြီးနှင့် မိမိထံ ပေါက်လာ၏။

"ဦးပဥ္စင်း စာရွက်တွေက များလှချည့်လား၊ ဘာလုပ်ဖို့လဲ"

"တပည့်တော် အနောက်ပရက္ကမဆရာတော်ရဲ့ ထေရုပ္ပတ္တိ ရေးလာတယ်ဘုရား၊ အဲဒါ ကြည့်ရှုပြင်ဆင် ပေးစေချင်လို့"

သည်တော့မှ အရှင်စာရိန္ဒ ကျွန်ုပ်ထံ နေစဉ်က အနောက်ပရက္ကမသို့ မကြာခဏ သွားခြင်း၏ ရည်ရွယ်ချက်ကို သိရတော့သည်။ အနောက်ပရက္ကမသို့ မကြာခဏသွားခြင်းသည် အလည် သက်သက် သွားခြင်းမဟုတ်၊ အနောက်ပရက္ကမဆရာတော်၏ အကြောင်း အနီးကပ်လေ့လာလို၍ သွားခြင်းဖြစ်ဟန်တူသည်။

"ထေရုပ္ပတ္တိဆိုတာ အမှန်အတိုင်း တင်ပြမှ ကောင်းတာ၊ ဦးပဥ္စင်း ထေရုပ္ပတ္တိက အမှန် အတိုင်း တင်ပြထားတာ ဟုတ်ရဲ့လား?"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ကိုယ်တိုင် ဆရာတော်ကို လျှောက်ထားပြီး ရေးသားထား တာတွေ၊ ဆရာတော်ရဲ့ မှတ်စုမှတ်တမ်းများကို မှီငြမ်းပြုပြီး ရေးသားထား တာတွေချည်းပါ"

"ကောင်းပြီလေ၊ ကိုယ်ဖတ်ကြည့်ဦးမယ်၊ ယုတ္တိမရှိတာတွေ သဘာဝလွန် အဖြစ်အပျက်တွေ ပါလာယင်တော့ ဖျက်ပစ်ရမှာပဲ"

"ဘုန်းကြီးသဘောအတိုင်းပါ"

အရှင်စာရိန္ဒရဲ့ စာမူကြီးကို တရက် စာမျက်နှာ ၂၀-ခန့် ဝတ်ထား ဖတ်ရသည်။ စာမူ၌ ယုတ္တိမရှိသော အချက်အလက် သဘာဝလွန်အဖြစ်အပျက်များ လုံးဝမပါရှိ။ တခုတော့ ရှိသည်၊ အချို့နေရာ၌ ရွာသမိုင်းကြောင်း၊ ဆရာအစဉ်အဆက် သမိုင်းကြောင်း ရှည်လျားနေခြင်းမျိုး။

ဥပမာ - အနောက်ပရက္ကမဆရာတော်၏ ဇာတိ၊ ကင်းစမ်းရွာ သမိုင်းကြောင်း ဆိုလျှင် ထေရုပ္ပတ္တိ၌ တော်တော်ရှည်ရှည်လျားလျား တွေ့ရမည်။ သမိုင်းကြောင်း ဝါသနာ မပါသူများသည် ထိုအကြောင်းအရာများကို ကျော်လွှား ဖတ်နိုင်ကြ၏။ ကျော်လွှား ဖတ်စေကာမူ ပရက္ကမရုပ်လုံးကား ပီပြင်မြဲ ပီပြင်နေမည်သာ။

## "အတုယူ အားကျစရာ အပိုင်းများ"

စာမူကို ဖတ်ယင်းဖတ်ယင်း အတုယူအားကျစရာ အပိုင်းသို့ ရောက်လာသည်။ စာမူကိုလည်း အစပိုင်းထက် စိတ်ဝင်စားစွာ ဖတ်မိသည်။ အနောက်ပရက္ကမ ဆရာတော် သည် နေ့စဉ် နံနက် ၃-နာရီထ၍ ဗုဒ္ဓဝေယျာဝစ္စ ပြုလုပ်သည်ဟု ဆိုသည်။ နေထိုင် မကောင်းသောနေ့၊ ကိုယ်လက်မအီမသာ ဖြစ်သောနေ့များ၌ပင် ဗုဒ္ဓဝေယျာဝစ္စ လုပ်ငန်းများကို အပျက်မခံပဲ ပြုလုပ်သည်ဟု ဆို၏။

http://www.dhammadownload.com



ကျွန်ုပ်သည် ထိုအပိုင်းကို အားကျလှ၏၊ အတုလည်း ယူချင်၏။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက် ချလိုက်သည်။

"ငါ မနက်ဖြန် မနက်က စပြီး ၃-နာရီ ထမယ်၊ ဗုဒ္ဓဝေယျာဝစ္စ လုပ်မယ်"

ကိုယ့်ဆုံးဖြတ်ချက်ကိုလည်း တော်တော် သဘောကျမိ၏။ နောက်နေ့မနက် ၃-နာရီအချိန် တကယ်လည်း နိုးလာ၏။ ကိုယ့်ကိုယ်ကို ဝမ်းသာလို့မဆုံး။

"အမယ် တယ်ဟုတ်တဲ့ ငါပါလား၊ ထချင်တဲ့အချိန် နိုးတယ်"

သို့သော် အတွန့်တက်လိုက်သည်။ "မနေ့ညက ဦးပဥ္ဇင်းတွေ ညဝါရွတ်တာ နားထောင်နေရတာနဲ့ ညဉ့်တော်တော်နက်သွားတယ်၊ အိပ်ရာဝင်တာက နောက်ကျတယ်၊ အိပ်ရေး သိပ်မဝသေးဖူး၊ ကနေ့တော့ မထသေးပါဖူးလေ၊ နောက်နေ့မှ သေချာပေါက် ထပြီး ဗုဒ္ဓဝေယျာဝစ္စ လုပ်တော့မယ်"

ထိုနေ့ ဆုံးဖြတ်ချက်အတိုင်း မလုပ်ဖြစ်တော့၊

နောက်နေ့-----နောက်နေ့ -----နောက်နေ့----

သည်လိုနှင့် နေ့များသာ တနေ့ပြီးတနေ့ ကုန်သွား၏၊ နေ့မှလသို့ ကူးလာသော်လည်း တရက်မှ မထဖြစ်။ ဗုဒ္ဓဝေယျာဝစ္စလည်း တနေ့မှ မလုပ်ဖြစ်။ ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်မိသည် "အတော်ရှော်တဲ့ ငါပဲ"

လူဆိုသည်မှာ ကိုယ့်ချွတ်ယွင်းချက် အားနည်းချက်ကို ဖော်တွက်စမြဲ။ ကျွန်ုပ်လည်း လူသား တယောက်သာ ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ချွတ်ယွင်းချက် အားနည်းချက်ကို ဖော်တွက်လိုက်သည်။

"သိပ်တော့ မရှော်ပါဖူးလေ၊ အနောက်ပရက္ကမဆရာတော်တို့က ဆုကြီးပန် ဘုရားလောင်းကြီး ပေပဲ၊ ငါက ဘာအလောင်းမှ မဟုတ်ပဲ၊ သူ (ပရက္ကမ) ဝီရိယကို ဘယ်မှီအောင် လုပ်နိုင်ပါ့မလဲ"

စာရှုသူကျွန်ုပ်အဖို့မူ ပရက္ကမဝီရိယကို မှီအောင် မလိုက်နိုင်ပါ။ အသင် စာရှုသူသည် ဤထေရုပ္ပတ္တိကို ဖတ်၍ ပရက္ကမဝီရိယကို မှီအောင် လိုက်နိုင်သည်ဆိုအံ့။ အသင်သည်လည်း ဆုကြီးပန် အလောင်းတော်ကြီးစာရင်း ဝင်ပါအံ့။

မိမိသည် ပရက္ကမဆရာတော်ကို တကြိမ်သာ ဖူးဘူး၏။ ဖူးရသည့်နာရီကလည်း ကြာလှသည် မဟုတ်၊ မိနစ်ပိုင်းမျှသာ။ မိမိဖူးရသည့်အချိန်၌ ပရက္ကမဆရာတော်သည် ပျံလွန်တော်မူခါ နီးနေလေပြီ။ ဖူးရသည့်နေရာကလည်း ဆေးရုံ၊ ဖူးရသည့်အချိန်ကလည်း မကြာ။ အနီးအနားမှာလည်း မနေဖူးသဖြင့် ပရက္ကမဆရာတော်ကြီး အသက်ထင်ရှား ရှိစဉ်က ကြည်ညိုရကောင်းမှန်း၊ ဆရာတော်၏ လုံ့လဝီရိယကို အားကျရကောင်းမှန်း မသိ။ ထေရုပ္ပတ္တိစာမူ ဖတ်ရမှသာ အားကျရကောင်းမှန်း သိလာရ၏။

ဤထေရုပ္ပတ္တိကျမ်းပြု အရှင်စာရိန္ဒတို့ကမူ ပရက္ကမဆရာတော် အနီးအပါး၌ အချိန်ကြာကြာ နေထိုင်ခဲ့ဖူး၏။ ပရက္ကမဆရာတော်၏ အဆုံးအမကိုလည်း အတော်များများ ခံခဲ့ရဖူး၏။ ဆရာသမားတို့၏ ကောင်းသောအမူအကျင့်၊ မကောင်းသော အမူအကျင့် များသည် အနီးအနားနေ တပည့်များထံ တဖြည်းဖြည်း သွေးကူးတတ်ပါသည်။

http://www.dhammadownload.com



မိမိအဖို့ အနီးနေ တပည့်မဟုတ်ခြင်း၊ အချိန်ကြာကြာ မဖူးမြင်ခဲ့ဖူးခြင်း၊ ဆုံးမဩဝါဒကို မခံခဲ့ရဖူးခြင်းကြောင့် ပရက္ကမဆရာတော်၏ လုံ့လဝီရိယကို မှီအောင် မလိုက်နိုင်စေကာမူ

အရှင်စာရိန္ဒတို့အဖို့မူ ပရက္ကမဆရာတော်အနီးအပါး၌ အချိန်ကြာကြာ နေထိုင်ခဲ့ဖူးခြင်း၊ ဆုံးမဩဝါဒကို အကြိမ်ကြိမ် နာခံခဲ့ရဖူးခြင်းကြောင့် ပရက္ကမဆရာတော်၏ လုံ့လဝီရိယကို မှီအောင် လိုက်နိုင်လိမ့်မည်ဟု ထင်မိ၏။ မှီအောင် လိုက်နိုင်သည်ဆိုလျှင် "အရှင်စာရိန္ဒဟာ မိမိထက် သာပေတာပဲ"ဟုလည်း ဝမ်းမြောက်မိ၏။

ထို့ကြောင့် အရှင်စာရိန္ဒကို မေးကြည့်မိသည်။

"ဦးပဥ္စင်း! ဦးပဥ္စင်းရေးတဲ့ ထေရုပ္ပတ္တိထဲမှာ ပရက္ကမဆရာတော်ဟာ ဆွမ်းခံဝတ် မြဲတယ်လို့ ဆိုတယ်၊ ဦးပဥ္စင်းကော ဆွမ်းခံဝတ် မြဲရဲ့လား၊ ပရက္ကမဆရာတော်လို ဓူတင်များ မဆောင်နိုင်စေကာမူ ဆွမ်းခံဝတ်လောက်တော့ မြဲမယ်ထင်ပါတယ်"

မိမိကမူ ဆွမ်းခံဝတ် မြဲလိမ့်မည်ဟု ထင်သဖြင့် မေးလိုက်ခြင်း ဖြစ်၏။ သို့သော် ကျွန်ုပ်၏ မေးခွန်းသည် အရှင်စာရိန္ဒ အဖြေခက်သော မေးခွန်း ဖြစ်ဟန်တူသည်။ အရှင်စာရိန္ဒက ရှက်ရှက်နှင့် ဖြေရှာသည်။

"ဘုန်းကြီး! တပည့်တော် ရောက်စ ၃-နှစ်လောက်တော့ ဆွမ်းခံပါတယ်ဘုရား၊ အခုတော့ ဆွမ်းမခံတာ ၂-နှစ် ၃-နှစ်လောက် ရှိသွားပါပြီ"

"ဟာ ဒါဖြင့် ဦးပဥ္စင်းထေရုပ္ပတ္တိက "ငါပြောသလို လုပ်၊ ငါလုပ်သလို မလုပ်နဲ့"ဆိုတဲ့ ထေရုပ္ပတ္တိမျိုး ဖြစ်နေမှာပေါ့"

## "သူခိုးသေဖော် ညှိပါရစေ"

ရှေးရှေး ဆရာတော်ကြီးများ၏ လုံ့လဝီရိယကို နောက်ခေတ် ဆရာတော်များ မှီအောင် မလိုက်နိုင်၊ ရှေးလူကြီးများ၏ လုံ့လဝီရိယကို နောက်လူငယ်များ မှီအောင် မလိုက်နိုင်၊ ဤသည်မှာ လောကထုံးစံလို ဖြစ်နေ၏။

လယ်တီဆရာတော်ဘုရားကြီးသည် မန္တလေးမြို့၌ တရားဟောစဉ်က မစိုးရိမ်တိုက်တွင် တည်းခို၍ တရားဟောခဲ့၏။ တရားပွဲတိုင်း မစိုးရိမ်ဆရာတော်လေး ဦးသူရိယကို ခေါ်သွားစမြဲ ဖြစ်သည်။ ရည်ရွယ်ချက်မှာ ဆရာတော်လေး ဦးသူရိယကို သူကဲ့သို့ လုံ့လဝီရိယ ကောင်းစေချင်ဟန် တူ၏။ သူ့ကို အတုယူစေချင်ဟန် တူ၏။

လယ်တီဆရာတော်ကြီးသည် မည်မျှ ညဉ့်နက်စေကာမူ တရားပွဲမှ ပြန်ရောက်လျှင် ဘုရားဝတ်ပြုသည်။ ထို့နောက် စာရေးသေးသည်။ နာရီပြန် တချက်လောက်မှ အိပ်ရာဝင်၍ ကျိန်းစက်လေ့ရှိ၏။

မစိုးရိမ်ဆရာတော်လေး ဦးသူရိယကမူ တရားပွဲမှ ပြန်ရောက်လျှင်ရောက်ချင်း ကျိန်းစက် လိုက်သည်။ တခါတရံ ဘုရားကိုပင် ဝတ်မချမိ၊ အချိန်ကြာကြာ ဝတ်ပြုနေဖို့ကား ဝေးသေး၏။ နံနက် မစိုးရိမ်ဆရာတော်လေး ဦးသူရိယ အိပ်ရာမှ ထသည့်အချိန်၌ လယ်တီဆရာတော်ကြီးက ဘုရားဝတ်ပြုပြီး၍ စာပင် ရေးနေလေပြီ။

http://www.dhammadownload.com



မစိုးရိမ်ဆရာတော်လေး ဦးသူရိယသည် လယ်တီဆရာတော်ကြီးနှင့် လပေါင်းများစွာ တရားပွဲ လိုက်ဖူး၏။ လယ်တီဆရာတော် အိပ်ရာဝင်သောအချိန်၊ အိပ်ရာမှ ထသောအချိန်ကို တရက်မှ မသိခဲ့၊ နေ့စဉ်နှင့်အမျှ မစိုးရိမ်ဆရာတော်လေး အိပ်ရာမှ ထသောအချိန်၌ လယ်တီဆရာတော်ကြီး စာရေးနေသည်ကို တွေ့ရသဖြင့် လယ်တီဆရာတော်ကြီး ကျိန်းမှ ကျိန်းပါလေစဟု သံသယဖြစ်မိကြောင်း အဘိဓဇ မစိုးရိမ်ဆရာတော်ကြီး ကိုယ်တိုင် မရှက်မကြောက် ဝန်ခံခဲ့ဖူးပါသည်။

"ကိုစာရိန္ဒရေ! အားတော့မလျှော့နဲ့၊ ဦးပဉ္စင်းနဲ့ တပည့်တော်တို့သာ ပရက္ကမလုံ့လ ဝီရိယကို မှီအောင် မလိုက်နိုင်တာ မဟုတ်ဘူး၊ ဦးပဉ္စင်းတို့ တပည့်တော်တို့ရဲ့ ကျေးဇူးရှင် အဘိဓဇ မစိုးရိမ်ဆရာတော်ဘုရားကြီးလဲ လယ်တီဆရာတော်ကြီးရဲ့ လုံ့လဝီရိယကို မှီအောင် မလိုက်နိုင်ခဲ့ဖူး၊ ဦးပဉ္စင်းတို့ တပည့်တော်တို့တော့ **သံသရာထဲ ပျော်ပျော်ကြီး ဒုက္ခခံကြသေးတာပေါ့"**

## "သပိတ်ကြီး အားနာစရာ"

ပရက္ကမဆရာတော်သည် တပည့်များကို ဆုံးမရာ၌ အတော်ထိအောင် ဆုံးမလေ့ ရှိ၏။ အဆုံးအမခံရသူ တပည့် အပြစ်ကျူးလွန်နေလျှင် ထိုအပြစ်မှ တကယ့်ကို ရှောင်ကြဉ်လာအောင် လိုက်နာကျင့်ကြံစရာ ကျင့်ဝတ်မျိုးဖြစ်လျှင် တကယ့်ကို လိုက်နာကျင့်ကြံလာအောင် ဆုံးမဩဝါဒ ပေးတတ်လေသည်။

တချိန်က အရှင်သိရီဓမ္မသည် သပိတ်ကြီးလွယ်၍ ဟိုမြို့ သည်မြို့ ခရီးသွားနေ၏။ သွားယင်းလာယင်း ပရက္ကမဆရာတော်ထံ ရောက်လာလေသည်။ အရှင်သိရီဓမ္မသည် ပရက္ကမဆရာတော်နှင့် တရွာတည်းဖြစ်သည့်အပြင် ဆွေးမျိုးဉာတိလည်း တော်စပ်လေသည်။

အနောက်ပရက္ကမဆရာတော်က သပိတ်လွယ်ကြီးကို မြင်သဖြင့် အရှင်သိရီဓမ္မကို အတော်ကြည်ညိုနေဟန် ရှိ၏။ ဘုန်းကြီးလောက၌ သပိတ်လွယ်ဖြင့် ခရီးသွားလျှင် ရောက်ရာအရပ်၌ ဆွမ်းခံစားသည်ဟူသော အဓိပ္ပါယ်ကို ဆောင်လေသည်။ သပိတ်လွယ်ဖြင့် ခရီးသွားသူ ဘုန်းကြီးသည် ရထား သင်္ဘောဖြင့် သွားစေကာမူ ရထား သင်္ဘော ပေါ်၌ ဆွမ်းခံလေ့ရှိ၏။ ဘုန်းကြီးအချင်းချင်း ကလည်း ပိဏ္ဍပါတ်ဓုတင်ဆောင် (နေ့စဉ် ဆွမ်းခံဝတ်မပြတ်သူ) ဘုန်းကြီးပေပဲဟု နားလည်ကြ၏။

ထို့ကြောင့် အနောက်ပရက္ကမဆရာတော်က အရှင်သိရီဓမ္မ၏ သပိတ်လွယ်ကြီးကို အထင်ကြီးပြီး မေးလိုက်သည်။

"သိရီဓမ္မ! မင်း သပိတ်လွယ်ကြီးနဲ့ ခရီးသွားတယ်ဆိုတော့ ရောက်ရာအရပ်မှာ ဆွမ်းခံသလားကွဲ့"

"ဆွမ်းကပ်မယ့်သူ ရှိယင် မခံပါဖူးဘုရား၊ ကပ်မယ့်သူ မရှိမှ ခံတာပါ"

"အို မင်းဟာ သပိတ်ကြီး အားနာစရာကွယ်၊ ကပ်မယ့်သူရှိယင် သပိတ်ကို အားမကိုးဖူး၊ ကပ်မယ့်သူ မရှိမှ သပိတ်ကို အားကိုးတယ်၊ ဒီလိုလား၊ သပိတ်လွယ်ကြီးနဲ့ ခရီးသွားမှတော့ ကပ်မယ့်သူ ရှိရှိ/မရှိရှိ ဆွမ်းခံမှပေါ့ကွဲ့၊ ဒါ-မင်း အချင်းချင်းကိုလဲ လိမ်ရာကျတယ်၊ မကောင်းဖူးကွဲ့"

အရှင်သိရီဓမ္မသည် ထိုဩဝါဒနာခံပြီးမှ သပိတ်လွယ်ဖြင့် ခရီးသွားလျှင် ဆွမ်းခံ ဖြစ်တော့၏။ ဆွမ်းခံမည့်ရည်ရွယ်ချက် မရှိယင်း သပိတ်လွယ်မသွားတော့။

http://www.dhammadownload.com



## "ကောက်ဆွမ်းစားလဲ သေ"

အနောက်ပရက္ကမဆရာတော်သည် ဗုဒ္ဓဝေယျာဝစ္စပြုလုပ်မှု၊ သထမကျင့်ကြံမှု စသော ကျင့်ဝတ်များ၌သာ ဖွဲ့ကောင်းသည်မဟုတ်၊ အာဟာရခြိုးခြံမှုနှင့် ပတ်သက်၍ လည်း သာမန် အလောင်းတော်များ လိုက်မမှီအောင် ဖွဲ့လုံ့လကောင်းလှသည်။ တသက်ပတ်လုံး အသက် သတ်လွတ်ဆွမ်း ဘုဉ်းပေးသွား၏။

အာဟာရခြိုးခြံမှုနှင့် ပတ်သက်၍ ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်စဉ်လာ နည်းလမ်းများ များကို အားကျလေသလော မပြောတတ်၊ တခါတရံ အသက်သတ်လွတ် ဆွမ်း၌ အပြစ်မြင်၍ ပဲဆွမ်း (ပဲပြုတ်)ချည်း ဘုဉ်းပေးနေတတ်သည်။ အသက်အရွယ်ကလည်း ကြီးလာသဖြင့် ပဲပြုတ်ချည်း ဘုဉ်းပေးလာသည့်အခါ အားက သိသိသာသာ နည်းလာ၏။ အားနည်းလာသဖြင့် ဆရာတော်၏ ကျန်းမာရေးကို အမြဲတမ်း ကြပ်မတ်ကြည့်ရှုပေးနေရသည့် ဆရာဝန်ဆရာမများက ကောက်ဆွမ်း (ဆန်ကို ချက်ထားသည့်ဆွမ်း) ပြန် ဘုဉ်းပေးရန် လျှောက်ထားလျှင် "ကောက်ဆွမ်းစားလဲ သေ၊ ပဲဆွမ်းစာလဲ သေတာပါပဲကွယ်၊ ဘာစားစား သေမယ့်အတူတူ ကောက်ဆွမ်း ပြန် မစားပါရစေနဲ့"ဟု အမိန့်ရှိတတ်၏။ ဆရာဝန် ဆရာမများ လက်လျှော့ကြရသည်။

သည့်ပြင်သည့်ပြင် အတုယူစရာ အားကြစရာ ရှောင်ကြဉ်စရာများလည်း ဤထေရုပ္ပတ္တိ၌ များစွာပါရှိသေး၏။

လူ့စရိုက်၌ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ အကောင်းကို အကောင်းအတိုင်း၊ အဆိုးကို အဆိုးအတိုင်း ရုပ်လုံးပေါ်လာအောင် တင်ပြခြင်းသည် ထေရုပ္ပတ္တိ ရေးသူ၏ တာဝန်ဖြစ်၏။ အဆိုးဟူသမျှ ချန်လှပ်၍ အကောင်းကိုချည်း ရွေးချယ်တင်ပြခြင်းသည် ထေရုပ္ပတ္တိကောင်းတို့၏ လက္ခဏာမဟုတ်၊ အကောင်းကို ပုံကြီးချဲ့လွန်းလျှင်ကား စာဖတ်သူက အဖြစ်မှန်နှင့်ဒဏ္ဍာရီ ရောပြွမ်းနေသည်ဟု ထင်တတ်လေသည်။

ဤထေရုပ္ပတ္တိ၌ အကောင်းကို အကောင်းအတိုင်း၊ အဆိုးကို အဆိုးအတိုင်း တင်ပြထားခြင်း ဟုတ်/မဟုတ် စာဖတ်သူကိုယ်တိုင် စိတ်တိုင်းကျ ဝေဖန်ပါလေဟူ၍-

အရှင်ရာဇဓမ္မာဘိဝံသ<br>
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်<br>
မန္တလေး<br>
၁၃၄၃-ခု၊ တပေါင်းလဆန်း (၁၂)ရက်၊ (၆-၃-၈၂)

http://www.dhammadownload.com



ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သကျသီဟနှင့် အစိုးရဓမ္မာစရိယ
မဟာနာယကဆရာတော်
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး။

## ဦးဂိုအင်ကာ ရေးသော "ဗုဒ္ဓဂုဏဂါထာဝလိ" စာအုပ်ပါ
## " အမှာစာ "

ကမ္ဘာ့သာသနာပြု ဝိပဿနာတရားပြ ဆရာကြီး (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဂိုအင်ကာသည် ဗုဒ္ဓဂုဏ်တော်ပြ ဂါထာပေါင်း တထောင်ကျော်ကို ရေးသားသီကုံး ပူဇော်ခဲ့ပါသည်။

ဘုရားရှင်၏ ဂုဏ်တော်ပြ နာမည်တို့သည် ဆရာကြီး ဦးဂိုအင်ကာ ရေးသားသီကုံး ပူဇော်သည့် ဂါထာ တထောင်ကျော်ဖြင့် ကုန်ဆုံးပြီဟု မမှတ်သင့်ပါ။

မှန်၏၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ မြတ်စွာဘုရား၏ ဂုဏ်တော်ကြောင့် ရသော အမည်တို့သည် သင်္ချာသင်္ချေ မရေတွက်နိုင်လောက်အောင် များပြားလှ၏ဟု ဆိုထားပါသည်။

ထိုဂုဏ်တော်နာမည်များကို မိခင်ဖခင်စသော ပုဂ္ဂိုလ်များ မှည့်ခေါ်အပ်သည် မဟုတ်ပါ။ ဗောဓိပင်ရင်း သဗ္ဗညုတဉာဏ်ကို ရသည်နှင့် တပြိုင်နက်ထဲ ပေါ်ပေါက် လာသော ဂုဏ်တော်များ ဖြစ်ကြပါသည်။

မှန်၏။ မဟာနိဒ္ဒေသပါဠိတော်၌ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာက "ဘဂဝါဟူသော အမည်သည် မိခင်ဖခင် စသည်တို့ မှည့်ခေါ်အပ်သော အမည်မဟုတ်" စသည်ဖြင့် ဟောကြားခဲ့ပါသည်။

ဘဂဝါဟူသော အမည်ကို မိခင်ဖခင်စသူတို့ မှည့်ခေါ်အပ်သောအမည် မဟုတ်သကဲ့သို့ ဤစာအုပ် တနေရာ၌ ပါရှိသော (၆၅၀-ဂါထာ) "ဘဝကောဝိဒ၊ ဝိဘဝကောဝိဒ" စသော ဂုဏ်တော် အမည်များကိုလည်း မိခင်ဖခင်စသူတို့ မှည့်ခေါ်အပ်သော အမည်များ မဟုတ်ကြပါ။ ဂုဏ်တော်ကြောင့် ရအပ်သော အမည်များ ဖြစ်ကြပါသည်။

ဤစာအုပ်ပါ ဂါထာတို့၏ အနက်အဓိပ္ပါယ်ကို ပါဠိမသင်ဘူးသူများ အပြည့်အဝ အကုန်အစင် နားလည်ကြမည် မဟုတ်ပါ၊ ဂါထာတထောင်ကျော် ရှိသောကြောင့် နှုတ်တက်အာဂုံ ဆောင်ဖို့လည်း စွမ်းဆောင်နိုင်ကြမည် မဟုတ်ပါ။

အနက်အဓိပ္ပါယ်ကို နားမလည်သော်လည်း အားမငယ်ပါနှင့်၊ ဇာတ်တော်တခု ရှိပါသည်။ အိပ်ပျော်နေသော သူငယ်တယောက်ကို ဘီလူးတကောင်က စားဖို့ ခြေထောက်ကို ဆွဲကိုင်လိုက်၏။ သူငယ်က ယောင်ယမ်းလန့်ဖြန့်ပြီး "နမော ဗုဒ္ဓဿ"ဟု ရွတ်ဆိုလိုက်၏။ "နမော ဗုဒ္ဓဿ"၏ အနက်အဓိပ္ပါယ်ကို မသိပါ။ သို့သော် ဘီလူးသည် "နမော ဗုဒ္ဓဿ" ရွတ်သံကြားသဖြင့် မစားဝံ့တော့ပါ။

http://www.dhammadownload.com



သူငယ်အား ပွဲတော်စာကိုပင် ရှာဖွေ၍ ကျွေးမွေးပေးကမ်းလိုက်ရပါသည်။

ထိုသူငယ်ထုံးကို နှလုံးမူ၍ ဂါထာတို့၏ အနက်အဓိပ္ပါယ်ကို မသိသော်လည်း ဂါထာတထောင်ကျော်ဖြစ်၍ နှုတ်တက်အာဂုံ မဆောင်နိုင်သော်လည်း စာအုပ်ကို ကြည့်၍ ရွတ်ဖတ်ပွားများကြပါဟု တိုက်တွန်းရင်း ဘုန်းကြီး၏ အမှာစာကို အဆုံးသတ်လိုက်ပါသည်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သကျသီဟနှင့် အစိုးရဓမ္မာစရိယ

(ဗုဒ္ဓဂုဏဂါထာဝလီ
MYANMAR
ဆရာကြီး ဦးဂိုအင်ကာ
First edition: December, 1999-စာအုပ်မှ)

http://www.dhammadownload.com



# ၁၃၆၅-ခု၊ ၂၀၀၃-ခုနှစ်ထုတ်
# စစ်ကိုင်း ဝေပုလ္လချောင် ဆရာတော်၏
# မဟာဝေပုလ္လစာချတန်း အခြေခံစာအုပ်-ပါ
# အမှာစာ

(၁)

ဤကျမ်းစာပြုစုသူ စစ်ကိုင်း မဟာဝေပုလ္လချောင်ဆရာတော်ကလေးနှင့် မိမိသည် စာသင်ဘက် ဖြစ်၏။ ငယ်စဉ် စာသင်သားဘဝက မစိုးရိမ်တိုက်ကြီးတွင်း အတူတကွ နေထိုင်ပြီး အနောက်ပြင် တောင်ပြင် စာချဆရာတော်များထံ အတူတကွ စာဝါလိုက် သွားခဲ့ကြသည်။ စာဝါလိုက်သွားရင်း တခါတရံ စာပေငြင်းခုံကြသည်လည်း ရှိ၏။ မိမိကား စာပေကို သမန်ကာလျှံကာသာ ကြည့်ရှုသည်။ နက်နက်နဲနဲ မစဉ်းစား၊ မဟာဝေပုလ္လ ဆရာတော်ကလေးကမူ နက်နက်နဲနဲ စဉ်းစားသည်၊ သမန်ကာလျှံကာ မကြည့်၊ ထို့ကြောင့် စာပေငြင်းခုံတိုင်း မိမိကချည်း ရှုံးခဲ့သည်။

(၂)

သက်ဆိုင်ရာ စာမေးပွဲများ အောင်မြင်ပြီးနောက် မိမိသည် မစိုးရိမ်တိုက်ကြီး၌ နာယက အဖွဲ့ဝင် ဖြစ်လာသည်။ အရှင်အာဒိစ္စကား စစ်ကိုင်းတောင်၊ မဟာဝေပုလ္လချောင်သို့ ပြောင်းရွှေ့ သီတင်းသုံး နေထိုင်လေသည်။ ဆရာတော်ကလေးသည် စစ်ကိုင်းတောင်သို့ ပြောင်းရွှေ့စဉ်၌ စာချသည်ဟု မကြားရပါ။ "အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ဝိဇ္ဇာဖြစ်နိုးနိုး၊ အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ရွှေပြာ ကျနိုးနိုး" လုပ်ငန်းဖြင့်သာ အချိန်ကုန်ခဲ့ဟန် တူပါသည်။

မိမိသည် သူ့ညီ ဇနိန္ဒနှင့် တွေ့တိုင်း ဝေပုလ္လချောင်ကျောင်းဒကာ ဒကာမများနှင့် တွေ့တိုင်း "မင်းတို့ ဘုန်းကြီးကို လျှောက်လိုက် အဂ္ဂိရတ်ထိုးလို့တော့ မီးသွေးပြာဖြစ်တာပဲ ရှိမယ်၊ ရွှေလည်း ဖြစ်မည်မဟုတ် ရွှေပြာလည်း ကျမည်မဟုတ်၊ ဝိဇ္ဇာလည်း ဖြစ်မည် မဟုတ်"ဟု လျှောက်ခိုင်း လိုက်သည်။ သူအဂ္ဂိရတ်ထိုးနေသည့် နှစ်ပိုင်းများအတွင်း တခါမျှ သူ့ကို သွားမတွေ့ပါ။ စာပေ အရည်အချင်း ရှိပါလျက် စာမချပဲ အကျိုးမရှိသည့် လုပ်ငန်းဖြင့် အချိန်ကုန်နေခြင်းကို မိမိက သဘောမကျ။ ထို့ကြောင့် သွားမတွေ့ခြင်း ဖြစ်သည်။

(၃)

တနှစ်တွင် မဟာမုနိဘုရားကြီး (၄၅)တာ သဒ္ဓါမိကမွှာရုံ လှူပွဲတော်ပတ္တမြား ဆွမ်းလောင်း ပွဲ၌ သူ့ညီ ဇနိန္ဒ လှူထွက်နှင့် တွေ့သည်။ မိမိက ဟော့ မင်းဘုန်းကြီး "အဂ္ဂိရတ် ထိုးသေးလား"ဟု မေးလိုက်၏။ ဆရာတော် "အခု မထိုးတော့ဘူး၊ စာချနေတယ်"ဟု ပြန်ဖြေလာသောအခါ "အေး-ကောင်းတယ်၊ စာချနေတယ်ဆိုလျှင် ငါ တနေ့လာဦးမည်"ဟု စကား ပါးလိုက်သေး၏။ လာဦးမည်ဟုသာ ပြောလိုက်၏၊ တခေါက်မျှ မဟာဝေပုလ္လချောင်သို့ မရောက်ခဲ့။

တနေ့တွင်း စစ်ကိုင်းတောင် ကိစ္စရှိ၍သွားရင်း မဟာဝေပုလ္လချောင်းသို့ ဝင်မိရာ ဆရာတော်

http://www.dhammadownload.com



ကလေး စာဝါချနေသည်နှင့် ပက်ပင်းတွေ့ရလေ၏။ အချိန် (အရှိန်) ပျက်မည်စိုးသဖြင့် ဝင်မတွေ့ပါ၊ အပြင်ကသာ နားထောင်နေမိ၏။ ထိုအချိန်၌ ဆရာတော်ကလေးသည် "ဇော်မလွဲ၊ ဝိဘတ်စွဲမူ၊ ထင်အောင်ဝိဘတ် မှတ်၍ပေးမြဲ" စသည့် နိယံကို ရှင်းလင်း ပြောကြားနေသည်။ စာသင်သားများ နားလည်အောင် ရှင်းလင်းပြောကြား နိုင်ပေသားပဲဟု မိမိက ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့မိ၏။ ထိုအပါတ်က ဆရာတော်ကလေးကို ဝင်မတွေ့ခဲ့ရပါ။ ဆောင်ရွက်ရန်ကိစ္စ နီးကပ်နေသဖြင့် လှည့်ပြန်ခဲ့သည်။

(၄)

၁၃၆၄-ခုနှစ် တနေ့တွင်း မဟာဝေပုလ္လချောင်ဆရာတော်ကလေးသည် မိမိထံ ရောက်လာ၏။ လာရင်းကိစ္စ ပြောပြီးနောက် မိမိက ဆရာတော်ကလေးအား လျှောက်ထားလိုက်သည်။ "လွန်ခဲ့တဲ့လက ဦးဇင်း စာချနေတုန်း တပည့်တော် ရောက်လာတယ်၊ စာချပျက်မှာ စိုးတာနဲ့ ဝင်တော့ မတွေ့ဘူး၊ အပြင်ကပဲ နားထောင်နေတယ်၊ ဦးဇင်း တော်တော်ရှင်းအောင် ပြောနိုင်သားပဲ၊ ဦးဇင်းပြောတဲ့ နိယံအဖြေလေးတွေ စာအုပ် ဖြစ်အောင် ရိုက်ထားလျှင် ကောင်းမယ်-ဟု တိုက်တွန်းမိသည်။

ယင်းတိုက်တွန်းချက်အရ ဤကျမ်းစာအုပ်ကလေး ဖြစ်ပေါ်လာဟန် တူပါသည်။ ခေတ်စာသင်သားများသည် စာလိုက်ပျင်းကြ၏။ ဤကျမ်းစာကလေးကား ဆရာလွတ် လေ့လာနိုင်အောင် ရေးသားထားသည့် ကျမ်းစာကလေး ဖြစ်၏။ စာသင်သားများသည် ဤကျမ်းစာကလေးကို ကြည့်ရှု၍ ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကို အလွယ်တကူ ကူးမြောက်နိုင်ကျပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မဟာနာယကဆရာတော်
မစိုးရိမ်တိုက်သစ်
မန္တလေးမြို့

http://www.dhammadownload.com



## “လမင်းနှစ်ဆူ ပြိုင်တူလင်းခြင်း”

ထေရုပ္ပတ္တိအရှင် ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးကလည်း ဘွဲ့တော် ဦးသောမ လမင်းပင် ဖြစ်သည်၊ ထေရုပ္ပတ္တိ ရေးသားသော သစ်ဝင် မစိုးရိမ်ချောင် ဆရာတော်ကလည်း ဘွဲ့တော် ဦးသောမ လမင်းပင် ဖြစ်သည်၊ ဤအတ္ထုပ္ပတ္တိကို ဖတ်ရာ၌ “လမင်းနှစ်ဆူ ပြိုင်တူ လင်းနေပါကလား”ဟု ခံစားမိ၏၊

ထေရုပ္ပတ္တိရှင် ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးသည် အနေအထိုင်နှင့် ပတ်သက်၍ မှတ်သားနည်းယူလောက်အောင် ကောင်းလှ၏၊ ယင်းသို့ အကျင့်ကောင်းပါလျက် သွားပုတ်လေလွင့် ပြော၍ နာမည်ဖျက်သူများက ဖျက်ကြသေး၏၊

မင်းကျောင်း ဆရာတော်ကြီးကို ဝတ်ချက်ရွာတည်းမှ ဒါယိကာမတဦးနှင့် ကမ္မဋ္ဌာန်းဖော ကြွခဲ့သည်-ဟု စွပ်စွဲကြ၏၊ စွပ်စွဲသံ ပြင်းလာသောအခါ ဆရာတော်ကြီးက အသံတိတ်သွားအောင် ခပ်ကြမ်းကြမ်းပင် ဆုံးမလိုက်သည်၊

ဆရာတော်ကြီးသည် သူနှင့် စွပ်စွဲခံရသည့် ဒါယိကာမ အိမ်သွား၍ ရေခပ်ပေးသည် ထင်းခွဲပေးသည် ထင်းဖြတ်ပေးသည်၊ နွားကျွေးပေးသည်၊

ဒါယိကာမကြီးက “ဆရာတော်! တပည့်တော်မ ငရဲကြီးပါမည်ဘုရား”ဟု လျှောက်ထားလျှင် “ဘာ ငရဲကြီးစရာ လိုလို့လဲ ကိုယ့်အိမ်မို့ ကိုယ်လုပ်ပေးတာ”ဟု ပြောပြီး ကျောင်းပြန်ကြွသွားသည် ဟူ၏။

ဤသို့ ဆုံးမခြင်းမှာ နုစဉ်အခါတုန်းက ဖြစ်ပါလိမ့်မည်၊ စိတ်ဓာတ်ရင့်ကျက် လာသောအခါ ထိုသို့ ကြမ်းကြမ်းဆုံးမတော့မည် မထင်ပါ၊ စွပ်စွဲခံရသည့် ဒါယိကာမကို စိတ်ဆိုးခြင်းမဟုတ်၊ အနေအထိုင် ကောင်းပါလျက် ကြံကြံဖန်ဖန် သွားပုတ်လေလွင့် စွပ်စွဲသူများကို စိတ်ဆိုးခြင်း ဖြစ်ပါလိမ့်မည်။

စာသင်သားသံဃာများကို ဆုံးမခဲ့ဘူးသည့် အဖြစ်အပျက်လည်း မှတ်သားရဘူးသေး၏၊ စာသင်သား ဦးဇင်းကိုရင်များသည် ဆရာတော်ကြီး ကျောင်း၌ မရှိစဉ် ခြင်းခတ်ကြသည် ဟူ၏၊ ဆရာတော်ကြီး ကျောင်းပြန်ကြွလာ၍ ခြင်းပွဲနှင့် ပက်ပင်းတွေ့သောအခါ ဦးဇင်းကိုရင်များကို ဒါယကာ ဒါယိကာမများ အကြည်ညိုပျက်စေမည့် ဆော့ကစားနည်းများကို မကစားကြဖို့ ဆုံးမလိုက်သည်၊ သဲဒဏ် ရေဒဏ် မပေးပါ၊ နှုတ်ဖြင့် ဆုံးမရုံမျှဖြင့် နောင် ကြဉ်သွားလိမ့်မည်ဟု ဆရာတော်ကြီးက ထင်၏၊

ဦးဇင်းကိုရင်းများက မရှောင်ကြဉ်၊ ဆရာတော်ကြီး ကျောင်းက လမ်းလျှောက်စသည် ထွက်သွားလျှင် ခြင်းခတ်မြဲ ခတ်ကြ၏၊

ဆရာတော်ကြီးက ထိုအကြောင်းအရာကို သိသဖြင့် တနေ့တွင် လမ်းတဝက်မှ ပြန်လာလျက် ဦးဇင်းများ ခြင်းဝိုင်းသို့ ဝင်ကာ ခါးတောင်းမြှောင်အောင် ကြိုက်ပြီး ခြင်းခတ်ပြတော့သည်ဟူ၏၊ ယင်းသို့ ဆုံးမလိုက်မှ ရှောင်ကြဉ်သွားကြသည်ဟု မှတ်သားရဘူး၏၊ စာရှုသူ သင် ထိုကဲ့သို့

http://www.dhammadownload.com



ဆုံးမခံရလျှင် ရှောင်ကြဉ်မည်လော။

၁၂၇၃-ခုနှစ် မစိုးရိမ်မှ ကျောင်းတိုက်တလုံး ရေစက်ချရာ၌ ဆရာတော်ကြီးက "ဟေ့ သက်ရှည်! နွားသတ်သည့်သူ ရေစက်ချဖို့ လိုသလား"ဟု မေးလိုက်၏၊

ကျောင်း ဒကာကြီး ဦးသက်ရှည်က "မလိုပါဘုရား၊ သူ့အကုသိုလ်ကံနှင့် သူ အပါယ် သွားမှာပါ"၊

"အေး အခုလဲ မင်းတို့ ကျောင်းဆောက်လှူတာပဲကွ၊ မင်းတို့ ကုသိုလ်ကံနှင့် မင်းတို့ သုဂတိဘဝ ရောက်ကြမှာပါ၊ ရေစက်ချစရာ မလိုပါဘူး"ဟု ပြောပြီး ပြန်ကြွသွားသည် ဟူ၏။

သည့်ပြင် မှတ်သားစရာ အဆုံးအမများလည်း ဤအတ္ထုပ္ပတ္တိ၌ များစွာပါဝင်၏၊ စာရှုသူများ ဆုံးအောင်ဖတ်လျှင် တွေ့ပါလိမ့်မည်၊ ကျော်ကာလွှားကာ ဖတ်လျှင်ကား တွေ့ရလိမ့်မည် မဟုတ်။

အရှင်ရာဇဓမ္မာဘိဝံသ<br>
မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်၏<br>
အဓိပတိမဟာနာယကချုပ် ဆရာတော်<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေး<br>
၁၃၇၀-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆-ရက်<br>
(၁၁-၈-၂၀၀၉) အင်္ဂါနေ့။

(ဤအမှာစာကို

"စစ်ကိုင်းမြို့နယ် ဝါးချက်ရွာ ဗိမာန်ဘုံသာ လှေသင်းမင်းကျောင်းဆရာတော် (ဝါးချက် မင်းကျောင်းဆရာတော်) ဘဒ္ဒန္တသောမာဘိဓဇ အတ္ထုပ္ပတ္တိကထာ **ထေရဝံသာစာရက္ခမပဒီပိကာ နှင့် အဝိရောပေဥ္စာဗျာကရဏကျမ်း**။

စစ်ကိုင်းတောင်ရိုး မဟာသစ်ဝင်ချောင် မစိုးရိမ်တောရဆရာတော် ဘဒ္ဒန္တသောမာဘိသိရီ ရေးသားသည်ဟူသော စာအုပ်အတွက် နိဒါန်းရေးပေးသော်လည်း ထိုစာအုပ်၌ မထည့်သွင်းခဲ့ပါ)

http://www.dhammadownload.com



## "အမှာစာ မလိုသော စာအုပ်"

ပထမအဘိဇ မစိုးရိမ်ဆရာတော်ဘုရားကြီး ရှိစဉ်က နာမည်ကြီး ရိပ်သာ ဆရာတော်ကြီး တပါးက စာအုပ်ရေးပြီး သူ့စာအုပ်အတွက် မစိုးရိမ်ဆရာတော်ဘုရားကြီးမှ အမှာစာ ရေးပေးရန် လျှောက်ထားဖူး၏။

မစိုးရိမ်ဆရာတော်ဘုရားကြီးက။ ။ အရှင်မဟာဗုဒ္ဓဃောသဟာ အဋ္ဌကထာ ကျမ်းစာအုပ်ပေါင်း (၃၀)ကျော် ရေးသားခဲ့တယ်။ ဘယ်စာအုပ်မှာမှ အမှာစာ မပါ။ အရှင်ဗုဒ္ဓဃောသ ပြုစုသော စာအုပ်များက လေ့လာဖတ်ရှုသူတို့အား လောကီလောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ပေးစွမ်းနိုင်သောကြောင့် လေ့လာဖတ်ရှုသူတို့ ပေါများလှပါသည်။

ယခု ဆရာတော်ရေးသည့် စာအုပ်လည်း လေ့လာဖတ်ရှုသူများအတွက် လောကီလောကုတ္တရာ ကောင်းကျိုး တမျိုးမျိုးကို ပေးစွမ်းနိုင်သည်ဟု ဆိုလျှင် လေ့လာဖတ်ရှုသူများ ပေါများပါလိမ့်မည်၊ တပည့်တော်ထံမှ အမှာစာ မလိုပါဟု ပြောကြားခဲ့ဖူး၏။

ယခုလည်း မေတ္တာရှင် အရှင်ဇဝနက လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ စာအုပ်အတွက် မိမိအား လျှောက်ထား၏။ ပထမမစိုးရိမ် ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူးသည့် အတိုင်း အမှာစာ မလိုသော စာအုပ်ဟု ထင်ပါသည်။

အနည်းငယ်ပြောရန် ရှိသည်ကား ဂမ္ဘီရဟု နာမည်တပ်ထားသော်လည်း အခန်းတိုင်း နက်နဲသည် မဟုတ်ပါ။ အချို့အခန်းများ၌ ပေါ့ပေါ့ပါးပါး အကြောင်းအရာများသာ ဖြစ်သည်။ (ဂမ္ဘီရဝိပဿနာအတွဲ ၇၊နှာ-၆၆ ကြည့်)

ခေတ်လူငယ်များ မိဘကျေးဇူးကို သိပြီး ကျေးဇူးဆပ်ကြအောင် ရွှေဟင်္သာတောရ စံကျောင်း ဆရာတော်ကြီး၏ မိဘကျေးဇူး ကဗျာကလေးကို ကိုး၍ မီးမောင်းထိုးပြထား၏။(ဂမ္ဘီရဝိပဿနာအတွဲ ၈၊နှာ-၆၈၊၆၉၊ကြည့်)

စံကျောင်း ဆရာတော်ကြီး၏ ကဗျာကလေးကား အများစု နားလည်နေသည့် မင်္ဂလာ ကဗျာမျိုးပင် ဖြစ်သည်။

အနန္တဂိုဏ်းဝင် အဓိကထားရသည့်
မိဘနှစ်ပါး ကြီးကျယ်စွာ၊
လက်ဦးဆရာ ပြဟ္မာအလားသို့
ဘဂဝါဘုရား ဟောခဲ့တာ၊
သူတို့မွေးတဲ့ ကျေးဇူးမြတ်ကို
ကြွေးအထူးဆပ်ဖို့ နားလည်ပါ၊
စွမ်းနိုင်လျှက်သား အိုမင်းငြား
ပစ်ထား လူယုတ်မာ။

http://www.dhammadownload.com



အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော အယုတ်သဘော ကင်းစေရာ။
အထက်ကဗျာကလေးကား သုတ္တနိပါတ်၊ ပါဠိတော် ဝသလသုတ်မှာ ဟောကြားထားချက်နှင့် အညီဖြစ်သည်။

## "တောနှင့်မြို့ ကွာဟချက်နည်းအောင်"

ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေးစသည် အရေးအရာအားလုံး တောနှင့်မြို့ ကွာဟချက် နည်းအောင်ဟု အစိုးရတိုင်း ကြုံးဝါးခဲ့ကြ၏။ ယနေ့အထိလည်း ကွာဟချက်မှာ ကြီးမားနေဆဲပင် ဖြစ်သည်။ ဓမ္မကထိက အကျော်အမော်များ တောတရားပွဲနှင့် မြို့တရားပွဲ ဘယ်သင်းက များသည်ကို စဉ်းစားကြည့်ကြ စေလို၏။ အရှင်ဇဝနကမူ ဝေးလံသီးခေါင်လှသည် တောရွာတရားပွဲများကို ဦးစားပေး လိုက်ကြောင်း (ဂမ္ဘီရဝိပဿနာ စာအုပ်၊ နှာ-၃၁၁)တွင် ရေးထား၏။

ဂမ္ဘီရ(နက်နဲသည်)ဟူသော နာမည်နှင့် လိုက်အောင်၊ စာမျက်နှာ (၃၁၈)၌ လောဘကို လေးစိတ်စိတ်၍ မင်လေးပါးက အသီးသီး ပယ်သတ်ရကြောင်း လူပြိန်များ နားလည်အောင် ရေးထားသည်ကို တွေ့ရ၏။ သည့်ပြင်သည့်ပြင် စိတ်ဝင်စားစရာ ကောင်းသည့် အကြောင်းအရာ များကို စာအုပ်တွင် ရှာဖွေဖတ်ကြည့်ကြပါတော့ဟု တိုက်တွန်းလိုက်ရပါသည်။

အရှင်ရာဇဓမ္မာဘိဝံသ<br>
သကျသီဟနှင့် အစိုးရဓမ္မာစရိယ<br>
မဟာနာယကဆရာတော်<br>
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်<br>
မဟာအောင်မြေမြို့နယ်၊ မန္တလေး။<br>
၁၃၇၂-ခု ပြာသိုလပြည့်ကျော် (၁၀)ရက်။<br>
၂၉၊၁၊၂၀၁၁၊ (စနေနေ့)

(၁၃၇၂-ခုနှစ် ပြာသိုလပြည့်ကျော် (၁၀)ရက်၊ (၂၉၊၁၊၂၀၁၁)<br>
လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈) မေတ္တာရှင် ရွှေပြည်သာ စာအုပ်မှ)

http://www.dhammadownload.com



## အလွယ်သင် မစိုးရိမ်ပါဠိသဒ္ဒါ စာအုပ်ပါ
## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ပဓာနမဟာနာယကဆရာတော်ကြီး၏ အမှာစကားဦး

### "သဒ္ဒါအခက်အခဲ"

သဒ္ဒါအခက်အခဲနှင့် ပတ်သက်၍ တိပိဋကပါဠိ မြန်မာအဘိဓာန် ပ-ဝဂ်၊ အတွဲ(၁၅) ကျမ်းဦးမှတ်ဖွယ်၌ အောက်ပါအတိုင်း ခေါင်းစီးတပ်၍ ရေးသားထားသည်ကို တွေ့ရ၏-----(က)

### "ဝန်မပါတော့လည်း ပွဲမစည်၊ ဝန်ကြာတော့လည်း ပွဲအီ"

ဇာတ်သဘင်များ၌ ဝန်ကြီးဟူ၍ ပါရှိကြ၏။ ဝန်ကြီးများ၏ တာဝန်မှာ နောက်ပိုင်း ကပြမည့် ဇာတ်ကွက်၊ ဇာတ်လမ်းအတွက် ပရိသတ်များ ကြိုတင်သိရှိအောင် တိုင်းနိုင်ငံ၊ အုပ်ချုပ်သူမင်း၊ အဓိကမင်းသား၊ မင်းသမီးတို့၏ နာမည်စသည်တို့ကို နှစ်လုံးခြား သုံးလုံးခြား နဘေထပ်ကလေး များဖြင့် ပြောဆိုပေးရခြင်း ဖြစ်သည်။ ဇာတ်သဘင် ဝန်ကြီးများ၏ အလုပ်သည် လွယ်ကူလှသည် မဟုတ်။ စာများများရရသည်။ အာဝဇ္ဇန်းရွှင်ရသည်။ ဗဟုသုတကြွယ်ဝရသည်။

သို့ရာတွင် ပရိသတ်က ဝန်ကြီးပြောစကားများကို လုံးဝစိတ်မဝင်စား။ ဝန်ကြီးထွက်လျှင် မုန့်စားထွက်ကြသည်။ စကားမပြတ် ပြောကြသည်။ ဝန်ကြီးထွက်နေစဉ် ငြိမ်သက်စွာ နားထောင် နေသော ပွဲကြည့်ပရိသတ်ဟူ၍ လုံးဝမရှိ။ ဝန်ကြီးများ စကားပြော ရှည်လျှင် အပြစ်ပြောကြ သေးသည်။ ဝန်မပါပြန်တော့လည်း ပွဲကမစည်။ ခြောက်ကပ်ကပ် ဖြစ်နေတတ်သည်။ ဝန်ကြာလျှင် ပွဲက "အီ"သွားတတ်ပြန်သည်။ ထို့ကြောင့် "ဝန်မပါလည်း ပွဲမစသည်၊ ဝန်ကြာတော့လည်း ပွဲအီ"ဟု စကားပုံတခုရှိနေ၏။

ထို့အတူ ပါဠိစာပေကို လေ့လာသင်ကြားရေး၌ သဒ္ဒါရေးသည် မပါလျှင် မဖြစ်။ သဒ္ဒါရေး ကိုချည်း အလေးပေးပြန်လျှင် လေ့လာသင်ကြားရေး ကျင့်ကြံအားထုတ်ရေးအတွက် ခရီးမတွင် ရှိတတ်လေသည်။ ထို့ကြောင့် သာရိပုတ္တရာ အလောင်း ဥပတိဿ-က ရှင်အဿဇိအား "ကိံ ကာဟသိ ဗျဥ္ဇနံ ဗဟုံ-သဒ္ဒါတွေ အများကြီး ပြောနေလို့ ဘာလုပ်မှာလဲ"ဟု လျှောက်ထားခဲ့ခြင်း ဖြစ်၏။ (ဝိ၊၃၊၅၁) ကျမ်းဦးမှတ်ဖွယ် (င)

ဤကျမ်းပြုစုသူ အရှင်သဓ္ဓနသည် သဒ္ဒါသင်ကြားရေး၌ "သဒ္ဒါကိုးခေါက် စားပျိုးပြောက်" ဝါဒကိုလည်း မနှစ်သက်၊ စနစ်တကျ မလေ့လာလျှင် သဒ္ဒါရေး၌ အခက်အခဲတွေ့မည်ကိုလည်း စိုးရိမ်ဟန်တူ၏။ ထို့ကြောင့် ကျမ်းဂန်သစ် ရေးသားရာ၌ သဒ္ဒါနှင့် ပတ်သက်၍ အခက်အခဲအားလုံးကို ကျော်လွှားနိုင်ရန် ရည်သန်ဟန် တူသည်။

http://www.dhammadownload.com



ကျမ်းစာသစ်ရေးသားပုံအစီအစဉ်က ကောင်းလှ၏။ သုတ်နက်၊ ရုပ်တွက်များ သင်ဦးစ စာသင်သားများ လွယ်လွယ်ကူကူ သိရှိနိုင်အောင် စီစဉ်ထား၏။ အချို့နေရာများ၌ နိယံဆောင်ပုဒ်လေးများဖြင့် ဖော်ပြထား၏။ သဒ္ဒါစာသင်သားများ ဤသဒ္ဒါကျမ်းစာကို လေ့လာလျှင် အချိန်တိုတိုနှင့် တတ်မြောက်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

ဆရာတော် ဦးရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ် မန္တလေး

(အရှင်သဇ္ဇန (ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊
အာဘိဓမ္မိက (ရွှေပိုင်း အာဂုံ-ရေးဖြေ)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဝိနယပါဠိပါရဂူ ရေးသားသည့်
၁၃၇၃-၂၀၁၂-ခု၊ ပထမအကြိမ်ထုတ်
ပိဋကတ္တယပါဒက ကစ္စာယနတ္ထ သုခါဝဗောဓိနီ
**အလွယ်သင် မစိုးရိမ်ပါဠိသဒ္ဒါ** စာအုပ်နိဒါန်းမှ)

http://www.dhammadownload.com



သို့/

မခင်ဦးလွင်

ဘရှူးနိုင်း

၉-၈-၉၇

နင့်ဆီကစာ ကနေ့ပဲ ရတယ်။ လှူကြုံနဲ့မို့ ငါ့ဆီ ရောက်တာ။ စာတိုက်ကဆို မလွယ်ဘူး။ တို့ဆီမှာ ဖြစ်နေတာက မန္တလေးမြို့ထဲခြင်း စာပေးတာတောင် စာတိုက်က ထည့်လျှင် သုံးလလောက် ကြာတယ်။

နင် မလေးရှားနေတုန်းက စာတိုက်က ငါ့ထည့်တဲ့စာတွေ တစ်စောင်မှ မရောက်ဖူး မဟုတ်လား။ အဲ့ဒီတုန်းက နင်က စာရေးတယ်။ "ငါ့ကို မေမေကလည်း ဖြစ်ထားတယ်။ ဘုန်းဘုန်းကလည်း ဖြစ်ထားတယ်။ စာမရေးကြဘူး"လို့ နင် အပြစ်တင်စာရေးတယ်။

တို့က ဖြစ်မထားဘူး။ စာရေးတယ်။ စာတိုက်ကထည့်တော့ မရောက်ဘူး။ အခု နင့်အမေ နေကောင်းပါတယ်။ ခါးနာတာက လွဲလို့ ဘာရောဂါမှ မရှိဘူး။ ခန္ဓာကိုယ် ဝိတ်ကြီးတာက တကြောင်း။ တခါတရံ လှေခါးအဆင်းအတက် အလုပ်များတာက တကြောင်းကြောင့် ခါးနာတာကတော့ မပျောက်ပဲ ဖြစ်နေတယ်။

နင့်အမေ အခု အသက်၆၉-နှစ်ထဲ ရောက်ပြီ။ ဒီအရွယ်ထိအောင် အလုပ်လုပ်ရ တာလဲ မကောင်းပါဘူး။ အလုပ်မှ အနားယူဖို့ ငါ ပြောထားတယ်။ နင့်အမေ အလုပ်လုပ် တာကတော့ လှူဖို့နဲ့ ပေးဖို့ ကမ်းဖို့ပါပဲ။

အခုလဲ မန္တလေး စက်မှုမြို့သစ်မှာ ကျောင်းတိုက်တတိုက် ငါရထားလို့ အဲဒီ ကျောင်းတိုက်ထဲမှာ နင့် အမေက ကျောင်းတဆောင် ဆောက်ဦးမယ်။

"အမေရဲ့ သာသနာ ပြုလုပ်ငန်းကို တပည့်တော်မ ဆက်လုပ်နိုင်ရပါလို၏"လို့ နင် ဆုတောင်းတာ မှန်တယ်။ ကုသိုလ်အမွေကို ဆက်ယူတဲ့ သားသမီးက ရှားတယ်။ ပစ္စည်းအမွေဆိုတာ သမီး နင်တယောက် ရှိတာပဲ။ နင်ကလွဲလျှင် နင့်အမေ ဘယ်သူ့ ပေးအုံးမှာတုန်း။ ငါ့ကိုလည်း အကုန်လျှောက်ထားပါတယ်။ စာလည်း ရေးထားမယ်လို့ ပြောတယ်။

နင့်တို့ သားမိနှစ်ယောက် အခုချိန်ထိ ငါးနှစ်ဆက်တိုက် အတူတူနေရတယ်လို့ မရှိခဲ့ဘူး။ နင် ကလေးအရွယ်တုန်းကတော့ အတူတူနေခဲ့ရတာ ရှိချင်ရှိမှာပေါ့။ သိတတ်တဲ့ အရွယ်က စပြီးတော့ သားအမိ ခွဲနေကြရတာ။

နင့်အမေ နင့်အပေါ် သံယောဇဉ် ရှိပါတယ်။ ဘာကုသိုလ်ပဲလုပ်လုပ် ဆိုင်းဘုတ်ထဲ နင့်နာမည် ထည့်ရမှ ကြေနပ်တယ်။ နင် ဘရှူးနိုင်း ပြန်ခါနီးတုန်းက နင့်အမေဆီ ဖုန်းဆက်တယ် မဟုတ်လား။ "နောက် အမေနဲ့ အတူတူနေပါတော့မယ်"လို့ နင် ဖုန်းဆက်တယ်။

အဲဒီလို ဖုန်းဆက်တာကို နင့်အမေ သိပ်ပီတိဖြစ်နေတယ်။ ဖြစ်မယ်ဆိုလဲ ဖြစ်စရာပေါ့။ သူလည်း သမီးနဲ့ နီးနီးကပ်ကပ် နေချင်မှာပဲ။ သမီးရဲ့ အပြုစု အယုယကို သူ ခံခြင်မှာပဲ။

http://www.dhammadownload.com



မိဘကျေးဇူးဆိုတာ ဆပ်လို့ မကုန်ဘူး။ အဲဒီအကြောင်းကို ငါက တရားဟောထားတယ်။ တရားခွေထဲက ကူးပြီး စာအုပ်ဖြစ်အောင် ရိုက်ကြတယ်။ အဲဒီစာအုပ် အခု စာနှင့်အတူ နင့်ဆီ ပို့လိုက်တယ်။ ဖတ်ကြည့်ပေါ့။ တရားခွေကတော့ နင် မြန်မာပြည် ပြန်ရောက်မှ နာ။

မိုးရွာတုန်း ရေခံတဲ့အနေနဲ့ အလုပ်လုပ်တာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ငါမှာ အမေ့ကို ပြုစုဖို့ တာဝန်ရှိတယ်ဆိုတာတော့ ထည့်တွက်ထား။

ငါကတော့ နင့်အမေ နီးနီးကပ်ကပ် စောင့်ရှောက်မှာပါပဲ။ စိတ်ချသာနေ။ နင့်ဆီ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားစရာရှိလျှင်လဲ တယ်လီဖုန်း ဆက်လိုက်မယ်။ နင်တို့ဆီက တယ်လီဖုန်းတွေက နံပါတ်အညွှန်း များလွန်းတော့ တို့ဗမာပြည်က တောသားတွေ ဆက်တတ်ဖို့ သိပ်မလွယ်ဘူး။

ပြီးတော့ ဗမာပြည် တယ်လီဖုန်းတွေကလည်း ဆက်လျှင် အော်တိုက တော်တော်နဲ့ ဝင်တာမဟုတ်ဘူး။ နင် ငါ့ဆီက တယ်လီဖုန်းနံပါတ်တော့ သိတယ်ထင်ပါတယ်။ ဖုန်း ၀၂ - ၂၆၉၁၁။ အဲဒါက ကြိုးနဲ့ တယ်လီဖုန်းရိုးရိုး။ ၀၂-၃၈၀၁၇။ အဲဒါက ကြိုးမဲ့တယ်လီ ဖုန်း။ ကျောင်းခြင်း ကပ်နေတာပါ။ ဘယ်ဖုန်းခေါ်ခေါ် ငါ့ဘွဲ့ ပြောလိုက်။ သူတို့ ခေါ်ပေးလိမ့်မယ်။ ၀၂ - ၂၆၇၆၂။ အဲဒီ တယ်လီဖုန်းလဲ ဆက်နိုင်တယ်။ အဲဒီဖုန်းက နင့်တို့ ထမင်းစားသွားတဲ့ အရှေ့(ဒါယာဒ)ကျောင်းနဲ့ မျက်နှာခြင်းဆိုင်ပဲ။ ကျမ်းမာပါစေ။

ဦးရာဇဓမ္မ
ဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
မန္တလေး မြန်မာပြည်။

http://www.dhammadownload.com



ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သကျသီဟနှင့် အစိုးရဓမ္မာစရိယ
မဟာနာယကဆရာတော်
ဓမ္မဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ် မန္တလေး

နေ့စွဲ ၆၊ ၃ ၊ ၂၀၀၅။

သို့

ဒါယကာကြီးဦးချစ်ပြိုင် မိသားစု (USA)

ဒကာကြီးတို့ မိသားစု လှူဒါန်းလိုက်သည့် အမေရိကန်ဒေါ်လာ(၂၅၀) (၂၈၊ ၂၊ ၂၀၀၅)နေ့က ဒု-ဗိုလ်မှူးကြီးမောင်တင်မှ တဆင့် လက်ခံရရှိပါသည်။

ယခင်(၂၀၀၃)ခုနှစ်ကလည်း ဒေါ်လာ(၂၀၀)လှူဒါန်းခဲ့ဘူးပါသည်။ ထိုစဉ်က တဒေါ်လာ ကျပ်ငွေ (၁၀၀၀)နှုန်း ရရှိပါသည်။ ယခု တဒေါ်လာ ကျပ်ငွေ(၉၀၀)နှုန်းသာ ရရှိပါသည်။ ဗမာကျပ်ငွေတန်ဘိုး တက်လာသည်ဟု ဆိုရမည်လား မပြောတတ်ပါ။

ယခင် လှူငွေကို ဆွမ်းပဒေသာပင်တွင် ထည့်၍ သုံးစွဲခဲ့ပါသည်။ ယခုလှူငွေကို စာအောင်ပဒေသာပင်တွင် ထည့်၍ စာအောင်သံဃာများအား နှစ်စဉ်လှူဒါန်းပါမည်။

စိန်ပန်းမစိုးရိမ်တိုက်သစ်၌ သံဃာ(၂၀၀၀)ကျော် ရှိပါသည်။ သံဃာများလွန်း၍ ပြည်ကြီးတံခွန်မြို့နယ်၌ မစိုးရိမ်တိုက်သစ် တတိုက် ခွဲထားပါသည်။ ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်၌ သံဃာ(၄၀၀)ခန့် ရှိပါသည်။ (၂)တိုက်စလုံး ဘုန်းကြီးတပါးတည်း ပဓာနအုပ်ချုပ်သူအဖြစ် တာဝန်ယူထားပါသည်။ ပဓာနအုပ်ချုပ်သူအဖြစ် တာဝန်ယူ ဆိုသော်လည်း အာဏာရှင်ဆံဆံ ထင်ရာမလုပ်ပါ၊ နာယကအဖွဲ့(ကက်ဘိနက်)နှင့် တိုင်ပင်အုပ်ချုပ်ပါသည်။ ညီညွတ်မှုရှိ၍ တိုးတက်မှုလည်း အထိုက်အလျောက်ရှိသည်ဟု ဆိုချင်ပါသည်။

ကျန်းမာစွာဖြင့် သာသနာထောက်ပံ့နိုင်ကြပါစေ။
ဆရာတော်ဦးရာဇဓမ္မ။

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ဓမ္မာဓိပတိကျောင်းဆောင် ရေစက်ချ အလှူတော်မင်္ဂလာ
## ကျောင်းလွှတ်မော်ကွန်း ဓမ္မလက်ဆောင်မွန်စာအုပ်ပါ
## ဓမ္မဒါယာဒဆရာတော်၏ ဩဝါဒကထာ

အတ္တနာ ကုရုတေ လက္ခိံ၊ အလက္ခိံ ကုရုတေ'တ္တနာ။
န ဟိ လက္ခိံ အလက္ခိံ စ၊ အညော အညဿ ကာရကော။

လက္ခိံ-ကျက်သရေ ရှိလာအောင် (ဝါ) နာမည်ကောင်း ထွက်လာအောင်၊ အတ္တနာ-ကိုယ်တိုင်၊ ကုရုတေ-လုပ်ရပါတယ်။ အလက္ခိံ-ကျက်သရေ မဲ့သွားအောင်၊ အတ္တနာ-ကိုယ်တိုင်၊ ကုရုတေ-လုပ်တာပါဘဲ။

အညော-အခြားသူ တယောက်က၊ အညဿ-အခြားသူ တယောက်အား၊ လက္ခိံ စ-ကျက်သရေ ရှိလာအောင်လည်းကောင်း (ဝါ) နာမည်ကောင်း ရလာအောင်လည်းကောင်း၊ အလက္ခိံ စ-ကျက်သရေ မဲ့သွားအောင်လည်းကောင်း (ဝါ) နာမည်ဆိုး ထွက် နာမည်ပျက် သွားအောင် လည်းကောင်း၊ န ကာရကော-မပြုလုပ်နိုင်ပါ။

အဲဒီ ဘုရားဟော ဒေသနာအတိုင်းပဲ **ဓမ္မာဓိပတိကျောင်း** ဒကာ+ဒကာမ များကတော့ ကိုယ့်ကိုကိုယ် ကျက်သရေ ရှိလာအောင် နာမည်ကောင်း ထွက်လာအောင် ကျောင်းဆောင်သစ်ကြီး အသစ်ဆောက်လုပ်ပြီး လက်တွေ့ကျကျ ဘုရားဟော ဒေသနာတော်ကို အကောင်အထည် ဖေါ်သွားကြပြီး ဘယ်တော့မှ အရှုံးမထွက်နိုင်တဲ့ အရင်းအနှီးမြှုပ်နှံမှုကို ပြုသွားကြပြီ။

လောကီစီးပွားရေးနယ်ပယ်မှာ အရင်းအနှီး မြှုပ်နှံတယ်ဆိုတာကတော့ တခါတရံ မတော်တဆ အရှုံးထွက်တတ်ပါသေးတယ်။ သာသနာတော်မှာ ကျောင်းဆောက်ပြီး အရင်းအနှီး မြှုပ်နှံတယ်ဆိုတာကတော့ ဘယ်တော့မှ အရှုံးမထွက်ပါဘူး။ လောက+ သံသရာ နှစ်ဖြာလုံး အမြတ်ကြီးကြီးရတဲ့ လုပ်ငန်းကြီးပါဘဲ။ ဘယ်ထိ အမြတ်ကြီးကြီး ရမလဲဆိုရင်? ခပ်သိမ်းသော ဝဋ်ဒုက္ခတို့ရဲ့ အေးငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရသည်အထိ အမြတ်ကြီးကြီး ရနိုင်ပါတယ်။

ကျောင်းဒကာ+ဒကာမများကတော့ ကိုယ့်ကိုကိုယ် ကျက်သရေ ရှိလာအောင် လက်တွေ့ကျကျ အကောင်အထည် ဖေါ်သွားကြပြီ။

ဒီကျောင်းကြီးကို "ရက္ခိတ ဂေါပိတ"အဖြစ် အလှူခံစောင့်ရှောက်ကြမည့် မစိုးရိမ်တိုက်သစ် နာယကများအဖို့ ကိုယ့်ကိုကိုယ် ကျက်သရေ ရှိအောင် လုပ်ကြဖို့ လိုပါတယ်။

မစိုးရိမ်တိုက်သစ်ဟာ လွန်ခဲ့တဲ့ (၁၃၂၈)က သံဃာ(၆၀)ကျော်ဘဲ ရှိပါတယ်။ အခု (၁၃၅၈)ခုနှစ်မှာ သံဃာ (၂၁၅၃)ပါးအထိ တိုးတက်လာပါတယ်။ ဒါဟာ တိုက်သစ် နာယကများ တက်ညီလက်ညီ မခိုမကပ် ကြိုးစားသာသနာပြုကြတဲ့အတွက် ဒီလောက်အထိ တိုးတက်လာခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



နာယကကြီးသုံးပါးက အသက်ကြီးကြပြီ။ ဆက်ခံမည့် နာယကငယ်များက တက်ညီ လက်ညီနဲ့ ကြိုးစားပြီး သာသနာပြုကြဖို့ လိုတယ်။ လက်ရှိ အခြေအနေကနေ တဖြည်းဖြည်း သံယာဆုတ်ယုတ်သွားတယ် နည်းပါးသွားတယ်ဆိုရင် သန်သန်မာမာ နာယကငယ်များ ကြိုးစားမှုနည်းပါးလို့-လို့ သာသနာ့လောကက အပြစ်တင်ကြမယ်။

အဲဒီလို အပြစ်တင်ခံရရင် ကိုယ့်ကိုကိုယ် နာမည်ဆိုးထွက်အောင် နာမည်ပျက်အောင် လုပ်တဲ့စာရင်းထဲ ဝင်သွားမယ်။ "အလက္ခိ ကုရုတေ အတ္တနာ" ဖြစ်သွားမယ်။ လက်ရှိအခြေအနေထက် မတိုးတက်တောင် လက်ရှိ အခြေအနေအတိုင်း တည်နေအောင် ကြိုးစားကြဖို့လိုတယ်။

ဒါမှ အတ္တနာ ကုရုတေ လက္ခိံ = ကိုယ့်ကိုကိုယ် ကျက်သရေ ရှိအောင် နာမည်ကောင်း ရအောင် ပြုလုပ်ရာရောက်မယ်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
ဓမ္မဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
(ဓမ္မာဓိပတိကျောင်းဆောင် ရေစက်ချ အလှူတော်မင်္ဂလာ
ကျောင်းလွှတ်မော်ကွန်း ဓမ္မလက်ဆောင်မွန်စာအုပ်မှ
(၁၃၅၈-ခု၊ နတ်တော်လပြည့်ကျော်(၁၄)ရက်၊ (၁၂-၁၁-၉၅) တနင်္ဂနွေနေ့။)

http://www.dhammadownload.com



၁၃၆၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်
ပဥ္စမအကြိမ်မြောက်
အောင်မေတ္တာဓမ္မာရုံ အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ

## "ပဌာန်းဆိုင်ရာ ဩဝါဒကထာ"

မြန်မာပြည်အနှံ့အပြား တောရွာမြို့ပါ အသံမစဲ မဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲတွေ အဆက်မပြတ် ကျင်းပပူဇော်နေကြတယ်။ ကမ္ဘာကြီး ပူနွေးပြီး နိုင်ငံတော်တော်များများ ရာသီဥတု ကမောက်ကမ ဖြစ်နေသော်လည်း မြန်မာပြည်အဖို့ သဘာဝဘေးအန္တရာယ် ဆိုးကျိုးအမျိုးမျိုးမှ ကင်းလွတ်ပြီးတော့ နေတယ်။ ဒါဟာ ပဌာန်းရဲ့ မမြင်ရသော တန်ခိုးတော်စွမ်းအားကြောင့်ပဲလို့ ဦးဇင်းကတော့ ယုံကြည်တယ်။ ပဌာန်းတရားတော်ရဲ့ အန္တရာယ်ကင်းပျောက်နိုင်တဲ့ စွမ်းအားရှိပုံကို ဦးဇင်းကြားဘူးတဲ့ သာဓကတခု နှစ်ခုကို ထုတ်ပြလိုပါတယ်။

သီပေါဘုရင်လက်ထက်က **သက်ပန်းဆရာတော်**တို့ဟာ သီဟိုဠ်ကျွန်းကို သင်္ဘောနဲ့ ဘုရားဖူးသွားကြတယ်။ ပင်လယ်တွင်းမှာ ပြင်းထန်တဲ့ လေမုန်တိုင်းနဲ့ ရင်ဆိုင်ရပါတယ်။ သက်ပန်း ဆရာတော်တို့ဟာ "ငါတို့ သင်္ဘောကတော့ ဒီလေမုန်တိုင်းဘေးဒဏ်က လွတ်မြောက်မှာ မဟုတ်တော့ဘူး။ သင်္ဘောနဲ့အတူ ပင်လယ်ထဲ နစ်မြုပ်ပြီး သေကြရတော့မယ်လို့ ထင်တဲ့အတွက် သေမယ့်အတူတူ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပြီး အသေခံမယ်"လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

အဲဒီ အချိန်ကစပြီး သက်ပန်းဆရာတော်ဟာ ပဌာန်းပစ္စယနိဒ္ဒေသကို ရွတ်ဖတ် ပူဇော်ပါတယ်။ သုံးလေးခေါက်လောက် ရွတ်ဖတ်ပြီးတဲ့အခါ လေမုန်တိုင်းဟာ သိသိသာသာ အရှိန် လျော့နည်းသွားတယ်လို့ ဆိုပါတယ်။ ဆယ်ခေါက်လောက် ရွတ်ဖတ်ပြီးတဲ့အခါ လေမုန်တိုင်း လုံးဝငြိမ်ကျသွားပြီး အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရကြောင်း မှတ်သားခဲ့ရဖူးပါတယ်။

၁၃၁၅-ခုနှစ်လောက်ကလို့ ထင်ပါတယ်။ မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးဟာ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံမှာ တိပိဋကစာမေးပွဲအတွက် ပဌာန်းကျမ်းစာကို ပြန်ဆိုနေပါတယ်။

ဒီအချိန်မှာ မြန်မာပြည်ထဲကို ပြင်းထန်တဲ့မုန်တိုင်း ဝင်ရောက်မည်ဖြစ်ကြောင်း ရေဒီယိုမှ ကြေငြာပါတယ်။ ဆရာတော်ဘုရားကြီး ပြန်ဆိုနေတဲ့ ပဌာန်းဒေသနာတော်ရဲ့ စွမ်းအားကြောင့်ပဲလို့ ထင်ပါတယ်။ မုန်တိုင်းဟာ မြန်မာပြည်ထဲကို မဝင်ဘဲ တဘက်နိုင်ငံသို့ လမ်းကြောင်း ပြောင်းသွား ကြောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဟောကြားတဲ့ တရားဒေသနာတော်ကို ကြားနာရ ဖူးပါတယ်။

အဲဒီသာဓကများကို ထောက်ပြီး ကမ္ဘာ့နိုင်ငံအတော်များများမှာ သဘာဝဘေးအန္တရာယ်ဆိုး

http://www.dhammadownload.com



အမျိုးမျိုးနဲ့ တွေ့ကြုံနေရသော်လည်း မြန်မာပြည်အဖို့ သဘာဝဘေးအန္တရာယ်ဆိုး အမျိုးမျိုးမှ သက်သာခွင့်ရနေခြင်းဟာ မြန်မာပြည်အနှံ့အပြား ကျင်းပနေတဲ့ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ စွမ်းအားကြောင့်လို့ ဦးဇင်းကတော့ ယုံကြည်ပါတယ်။

သဘာဝဘေး အန္တရာယ်ဆိုး အမျိုးမျိုးမှ ကင်းလွတ်ဖို့အတွက် ကိုယ်တိုင်လည်း ပဋ္ဌာန်း ရွတ်ဖတ်ကြပါ။ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွေလည်း အဆက်မပြတ် ကျင်းပကြပါလို့ တိုက်တွန်းရင်း ဦးဇင်းရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

ဦးရာဇဓမ္မာဘိဝံသ
ဒုတိယမဟာနာယကဆရာတော်
မစိုးရိမ်တိုက်သစ်၊ မန္တလေး

(၁၃၆၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်
အောင်မေတ္တာဓမ္မာရုံ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ
ပဌမအကြိမ်မြောက် အထိမ်းအမှတ် ဓမ္မပူဇာစာအုပ်မှ)

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏
## ဩဝါဒကထာ

ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်သည် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဆရာရင်းဖြစ်သည်။ မြောင်းမြဆရာတော်က စာသင်တိုက်အသစ် တည်ထောင်မည်ဖြစ်ကြောင်း အရှင်ဇနကာဘိဝံသထံ အသိပေးသည့် အခါ-

အရှင်ဇနကာဘိဝံသက "ဆရာတော် သက်တော်ကြီးပါပြီး။ စာသင်တိုက် တတိုက်ဆိုတာ (၁၀)နှစ် (၁၅)နှစ်လောက် ကြိုးကြိုးစားစားအလုပ်လုပ်မှ အထိုက်အလျောက် အောင်မြင်နိုင်တာပါ။ ဆရာတော် အသက်အရွယ်နှင့် စာသင်တိုက်သစ်အတွက် လုံးပန်းနေရလျှင် သက်တော်ကြီးရင့်ချိန်မှာ ပြုလုပ်ရမည့် ကိုယ်ရေးကိုယ်တာ ကိစ္စများ လစ်ဟင်းသွားနိုင်ပါသည်"ဟု လျှောက်ထားခဲ့ဖူးကြောင်း ဖတ်ရဖူး၏။ ထိုစဉ်က မြောင်းမြဆရာတော် သက်တော်သည် (၇၀)ကျော်လောက်ဟု ထင်ပါသည်။

စာသင်တိုက်တတိုက် ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်ဖို့အတွက် နာယကများ၊ ဂဏဝါစကစာချဘုန်းကြီးများ စာပေစိတ်ရှိဖို့ သာသနာစိတ်ထက်သန်ဖို့ လိုပါသည်။ နာယကများ၊ ဂဏဝါစကစာချဘုန်းကြီးများ စာပေစိတ် သာသနာစိတ် လျော့နည်းလျှင် မကြီးပွားနိုင်ပါ။ ယခုခေတ်၌ စာပေစိတ် သာသနာစိတ် ရှိရုံမျှနှင့် မလောက်တော့ပါ။ စာသင်သားပရိသတ်ကို အမြဲတမ်း စိတ်ဝင်စားနေဖို့လည်း လိုအပ်ပါသည်။ ယခုခေတ် စာသင်သားများသည် လွန်ခဲ့သည့် နှစ်ပေါင်း(၄၀) ကျော်ကနှင့် မတူတော့ပါ။ လွန်ခဲ့သည့် နှစ်ပေါင်း(၄၀)ကျော်က စာအံကြသည်။ ယခုခေတ်၌ စာအံကျောင်းမထားလျှင် မရတော့။ စာအံကျောင်းထားလျှင် လုံလောက်ပြီဟု မထင်နှင့်။ စာအံကျောင်း စောင့်ရသေးသည်။ ယင်းဒုက္ခများ မခံနိုင်လျှင် စာသင်တိုက်မတည်ထောင်ပါနှင့်။

အထက်ပါဒုက္ခများ ခံနိုင်၍ စာသင်တိုက်တည်ထောင်ပြီထား။ သာသနာတော် တဟုန်ထိုး တိုးတက်လာလိမ့်မည်ဟု မမျှော်လင့်နှင့်။ အပျက်နှေးအောင် အင်အားရှိသမျှ ဆွဲထားနိုင်ရုံမျှသာဟု သဘောထား။

ပခုက္ကူအလယ်တိုက်ကြီးဆရာတော် ဦးပဏ္ဍိတ မိန့်ခဲ့ဖူးသည့် စကားရပ်ကိုလည်း ဖေါက်သည်ချလိုပါ သေးသည်။ မိမိတနှစ်တွင် ပခုက္ကူရောက်ခိုက် အလယ်တိုက်ကြီး ဆရာတော်ကို ဝင်ရောက်ဝတ်ပြုပြီး "ဆရာတော် ဘာစာဝါချနေလဲဘုရား"ဟု လျှောက်ထားလိုက်သည်တွင်-

ဆရာတော်က "မောင်ရာဇ! ငါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ချနေတယ်။ ဒီ့ကသာ ကျမ်းအိပ်တွေ မပျောက်ပျက်အောင် ချနေရတာကွ။ စာလိုက်တဲ့ ဦးဇင်းတွေက စာလိုက်ယင်း အဋ္ဌကထာ စာအုပ်ကြား ကာတွန်းစာအုပ်ထားပြီး ကာတွန်းကြည့်နေကြတာကွ။ သာသနာတော့ သွားပါပြီကွာ"ဟု မိန့်တော်မူသွား၏။

http://www.dhammadownload.com



ယခု မကွေးမြို့ အောင်မြေရတနာကျောင်းတိုက်က (၂၅)နှစ်ပြည့်သဖြင့် ငွေရတုသဘင်ကျင်းပကြမည်ဖြစ်၏။ (၂၅)နှစ်တိတိ ငါတို့ အင်အားရှိသမျှ ဆွဲထားနိုင်သဖြင့် သာသနာတော်အထိုက်အလျောက် အပျက်နှေးနေသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရုံမှတပါး ကြီးကြီးကျယ်ကျယ် မျှော်မှန်းချက်မထားဖို့ သတိပေးလိုပါသည်။

ဦးရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ်။

(မကွေးမြို့ ကန်သာရပ်
အောင်မြေရတနာကျောင်းတိုက် (၂၅)နှစ်ပြည့်
ငွေရတုအထိမ်းအမှတ်စာစောင်မှ
၁၃၆၇-ခု တပို့တွဲလ)

http://www.dhammadownload.com



မှော်ဘီမြို့ မင်္ဂလာတိုက်အတွင်း
ကျင်းပပြုလုပ်သော သံဃာပူဇော်ပွဲ၌ မိန့်ကြားသော

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ-၏
ဩဝါဒကထာ

တပည့်တော် ဓမ္မကထိကတွေကို မနေ့ညကလည်း တော်တော်ပြောခဲ့ပါတယ်။ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ (ပိုဒ်၊၁၉၂) ရေးသားထားတယ်။

"ဉာဏ်ရှိယောက်ျား၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာ့နောက်ဆက်၊ အကုခက်သို့၊ ဖျတ်၍အမြဲ၊ ပြင်နိုင်ခဲ၏"

ဒီတော့ ဦးဇင်းတို့ ဓမ္မကထိကတွေ ဉာဏ်ရှိယောက်ျားတွေ အဲဒီပုဂ္ဂိုလ်တွေ မမှားဖို့ အင်မတန် အရေးကြီးပါတယ်။ မှားယင် "ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျတ်၍အမြဲ၊ ပြင်နိုင်ခဲ၏" ဆိုတဲ့အတိုင်း ဖျတ်ရတာ အင်မတန် ခက်ပါတယ်။ ဒီတော့ အဲဒီ မန်လည်ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာအတိုင်း ပထမဉာဏ်ရှိယောက်ျားဖြစ်တဲ့ အရှင်ဘုရားတို့ အမှားကို မဟောမိဖို့ အင်မတန်လိုအပ်တယ်။

လောကစကားပုံ ရှိတယ် - "ကုန်ရှုံးတော့ တခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တသံသရာလုံး မှောက်တတ်တယ်"

အဲဒီစကားပုံ အတိုင်းပဲ ဦးဇင်းတို့ ဓမ္မကထိကတွေက ဆရာလုပ်ပြီး အမှားကို ဟောမိပြီးတော့ ဒကာဒကာမတွေက ဦးဇင်းတို့ ဟောထားတဲ့ အမှားကို အမှန်လို့ ထင်သွားယင် အဲဒါ ဆရာကုန် ရှုံးပြီးတော့ တသံသရာလုံး မှောက်မှာစိုးရတယ်။

ဆိုကြပါစို့၊ တပည့်တော်တို့ စာပေမှာလာတဲ့ အဇာတသတ်ဆိုတာ ရှိတယ်။ အဲဒီ အဇာတသတ်ဟာ ဆရာကုန် ရှုံးတဲ့အတွက် တသံသရာလုံး မှောက်သွားတယ်။ သူကိုးကွယ်တာက ဘယ်သူကို ကိုးကွယ်တုန်း။ ဒေဝဒတ်ကို ကိုးကွယ်တယ်။ ဒေဝဒတ် ညွှန်ပြချက် မှားတဲ့အတွက် အဲဒီ ဒေဝဒတ်ရဲ့ ညွှန်ပြချက်အတိုင်း လိုက်နာလုပ်ဆောင်တဲ့ အတွက် အဇာတသတ်ဟာ အခုထိ ငရဲမှာ ခံနေရတယ်။

ဒါကြောင့်မို့လို့ အရှင်ဘုရားတို့ ဓမ္မကထိကတွေ ဆရာကုန် မရှုံးအောင် ဉာဏ်ရှိ ပုဂ္ဂိုလ်တွေ မမှားဖို့ အင်မတန် အရေးကြီးပါတယ်။ **အဲဒါ ပထမအချက်**။

ပြီးတော့ ဘုရားရှင် ဟောကြားထားတဲ့အတိုင်း အဘိဓမ္မာကို ဟောမှ တကယ့် ဓမ္မကထိက-တဲ့။ ဒီတော့ အဘိဓမ္မာကို ဟောဖို့အတွက် ဦးဇင်းတို့ ကလေးတွေက စပြီး အဘိဓမ္မာသဘောတရား နားလည်အောင် ဟောပြောပေးဖို့ လိုတယ်။

တပည့်တော်တို့ မြန်မာပြည်က ကလေးတွေကလည်း ရန်ဖြစ်တယ်။ လူကြီးတွေကလည်း

http://www.dhammadownload.com



ရန်ဖြစ်တယ်။ ဦးဇင်းတို့ ဘုန်းကြီးတွေလည်း ရန်ဖြစ်တယ်။ ဒီတော့ မြန်မာပြည်က ရန်ဖြစ်တာကို ကုသိုလ်လို့ ထင်နေသလား မပြောတတ်ဘူး။ ဟုတ်လား။ ရန်ဖြစ်တာ ဦးဇင်းတို့ ကုသိုလ်လား အကုသိုလ်လား။ အဲဒီလောက်တော့ သိအောင်လို့ လုပ်ပေးဖို့ ကောင်းတယ်။ ဟုတ်လား။ ရန်ဖြစ်နေခြင်းဖြင့် ဘာမျှ ဦးဇင်းတို့ အကျိုးမများဘူး။

ဘုရားရှင်က အဲဒီ ရန်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို အလယ်ကနေပြီးတော့ စေ့စပ်ပေးတာ။ မနေ့ညက ပြောတဲ့ "**ဘိန္နာနံ သန္ဓာတာ**"ဆိုတာ အဲဒါကို ပြောတာ။ သဘောထား ကွဲနေတဲ့ ပုဂ္ဂိုလ်တွေကို သန္ဓာတာ-စေ့စပ်ပေးပါတဲ့။

အဲဒါ ဘုရားရှင်က သူကိုယ်တိုင် ခုနက **သာကီယ**နှင့် **ကောလိယ** ရေကိစ္စနဲ့ ပတ်သက်ပြီးတော့ ရန်ဖြစ်တဲ့အခါ ဘုရားရှင်က ရန်မဖြစ်အောင် ငြိမ်းချမ်းရေးရအောင် ဆုံးမခဲ့တယ်။ အဲဒါကိုလည်းပဲ ဦးဇင်းတို့ ဓမ္မကထိကတွေ အတုယူဖို့ လိုတယ်ဗျ။

ကျုပ်တို့ အင်းဝခေတ်ပေါ့။ ရာဇာဓိရာဇ်အရေးတော်ပုံ။ ဦးဇင်းတို့ ဖတ်ဘူးကောင်း ဖတ်ဖူးပါလိမ့်မယ်။ ရာဇာဓိရာဇ်နဲ့ မင်းခေါင်ဆိုတာ အသက်ကလည်း ဘယ်လောက်မှ မကြီးကြဘူး။ ငါးဆယ်ကျော်လေးနဲ့ နတ်ရွာစံကြ တယ်။

အေး အဲဒီ ငါးဆယ်ကျော်လေးနဲ့ နတ်ရွာစံကြတဲ့ ရာဇာဓိရာဇ်နဲ့ မင်းခေါင် သူတို့ အသက်ထင်ရှားရှိတုန်း စစ်ပွဲဖြစ်တာ အကြိမ်လေးဆယ်ကျော်တယ်။ အသက်နေရတာကမှ ငါးဆယ်ကျော်လေး။ အဲဒါ စစ်ပွဲဖြစ်တာ အကြိမ်လေးဆယ်ကျော်ဖြစ်တယ်တဲ့။

တစ်ချိန်မှာတော့ **စကြိုသူမြတ်**က စစ်ပွဲမဖြစ်အောင် ကြားကနေပြီးတော့ ငြိမ်းချမ်းရေး တရားဟောပေးတယ်။ ရာဇာဓိရာဇ်တို့ ဟံသာဝတီက အင်းဝလာဝိုင်း၊ အင်းဝလာဝိုင်းတော့ စကြိုသူမြတ်က ဟံသာဝတီ ရာဇာဓိရာဇ်တို့ စစ်တပ်သွားပြီးတော့ တရားဟောတယ်။

"အရှင်မင်းတရား! အရှင်မင်းတရားတို့မှာ လူလက်နက် ပြည့်စုံသလိုပဲ အင်းဝဘုရင် မင်းခေါင်မှာလည်း လူလက်နက် ပြည့်စုံတယ်။ အချင်းချင်း စစ်တိုက်တယ်ဆိုတာ တိုင်းပြည် အင်မတန် နာပါတယ်။ ဒီတော့ စစ်မတိုက်ဘဲနဲ့ ဒီနေရာကပဲ ဟံသာဝတီကို ပြန်ပြီးတော့ ချီပါ"

စကြိုသူမြတ်က အဲဒီလို ကြားဝင်ဆောင်ရွက်တယ်။ အဲဒီလို ကြားဝင်ဆောင်ရွက်တဲ့အတွက် အဲဒီအကြိမ်မှာတော့ စစ်မဖြစ်ဘဲနဲ့ ရာဇာဓိရာဇ်တို့က သူ့ပဲခူးကို ပြန်သွားတယ်-လို့ ရာဇဝင်မှာ ရှိတယ်။

ဦးဇင်းတို့ ဓမ္မကထိကတွေ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့ ရန်ပွဲအသီးသီးကို ငြိမ်းချမ်းအောင် တရားဟောကြဖို့ အင်မတန် လိုအပ်တယ်။

ခိုက်ရန်ဖြစ်တယ်ဆိုတာ ဒေါသ၊ ဒေါသဆိုတာ အကုသိုလ်ဖြစ်တယ်။ အကုသိုလ်ဆိုတာ ဆိုးပင်၊ ဆိုးပင်စိုက်ပျိုးတော့ ဆိုးကျိုးပဲ ရမှာပေါ့။ အဲဒါကို ကလေးကအစ နားလည်အောင် တရားဟောပြီးတော့ ဆုံးမပါ။ အင်မတန် အရေးကြီးပါတယ်။

http://www.dhammadownload.com



အေး ညီညီညွတ်ညွတ် နေတာကျတော့ မေတ္တာ၊ မေတ္တာဆိုတာ ကုသိုလ်ခေါ်တယ်။ ကုသိုလ်ဆိုတာ ကောင်းပင်၊

ဘုရားရှင်က "ယာဒိသံ ဝပတေ ဗီဇံ တာဒိသံ ဟရတေ ဖလံ"တဲ့။

ကောင်းပင် စိုက်ပျိုးယင် ကောင်းကျိုးပဲ ရမှာပဲတဲ့။ ဒါကြောင့် မြန်မာပြည်သူ ပြည်သား အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာဟူသော ကုသိုလ်ကောင်းပင် စိုက်ပျိုး နေထိုင်ကြဖို့ အရှင်ဘုရားတို့ ဓမ္မကထိကတွေက ဟောပြောဆုံးမပေးကြပါ--လို့ တိုက်တွန်းယင်း တပည့်တော်ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

(၁၃၇၂-ခု၊ ဝါဆိုလဆန်း(၁၁)ရက်၊ အင်္ဂါနေ့
မှော်ဘီမြို့ မင်္ဂလာတိုက်အတွင်း
ကျင်းပပြုလုပ်သော သံဃာပူဇော်ပွဲ၌
ဆရာတော်ကြီးများ မိန့်ကြားတော်မူသည့် ဩဝါဒကထာစာအုပ်မှ

http://www.dhammadownload.com



မြတောင်သာသနာ နှစ် (၁၀၀)ပြည့် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသော
ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ
ပူဇော်ပွဲကျင်းပနိုင်ရန် အကြိုညှိနှိုင်း အစည်းအဝေးပွဲ၌ မိန့်ကြားသော

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မစိုးရိမ်တိုက်သစ်ဆရာတော်၏
ဩဝါဒ

ဩဝါဒ တိုတိုပဲ ပေးပါမယ်။

တနိုင်ငံလုံး ပင့်မယ်ဆိုတော့ သံဃာ(၂၀၀)ကျော်ကို ဝေယျာဝစ္စအားလုံး ကျေပွန်ဖို့ မလစ်ဟင်းဖို့ လိုအပ်မယ်။

အတွေ့အကြုံတခု ပြောပြမယ် -

စက်ာပူမှာ ရွှေကျောင်းဆရာတော်က တို့ဗမာပြည်မှ သံဃာတော် ၄၊ ၅၊ ၆ပါးပင့်တယ်။ အဲဒီထဲမှ မကွေးဆရာတော်လည်း ပါတယ်။ ဟိုတယ်တခုမှာ ထားတယ်။ ငါကတော့ မလေးရှား ဗီဇာရဖို့ သွားဆောင်ရွက်နေစဉ် နေ့ဆွမ်းစားချိန်မှာ မကွေးဆရာတော်က တို့ကို ဖုန်းဆက်တယ် -

"ဟိုတယ်မှာ ဘယ်သူမှ မရှိတော့ဘူး၊ တပည့်တော်ကို ဆွမ်းကပ်မယ့်သူတောင် မရှိ ဖြစ်နေတယ်"လို့ ပြောလို့ -

ဟိုတယ်ကို မကွေးဆရာတော်ပြန် ပင့်ပြီး ရွှေကျောင်းကိုလည်း မပြောတော့ပါဘူး။ အဲဒီစက်ာပူမှာရှိတဲ့ ဆွမ်းကွမ်းပြည့်စုံတဲ့ တို့ရဲ့တပည့်ကျောင်းမှာပဲ ဆွမ်းကပ်လိုက်တယ်။ အဲဒီလို လစ်ဟင်းတာမျိုး မတွေ့ရအောင် စီစဉ်ထားကြပါ။

ခုတုံးလုပ်တာ မဟုတ်ဘူးဆိုတာကိုလည်း ပေါ်လွင်အောင် လုပ်ကြပါ။ တချို့က "ဓမ္မနဲ့ ပူဇော်တာကို ခုတုံးလုပ်တယ်"လို့ အထင်မရောက်အောင် အလုပ်နဲ့ သက်သေပြပါ။

သံဃာ(၂၀၀)ကို ချမ်းချမ်းသာသာနဲ့ ဝေယျာဝစ္စ လိုလေသေးမရှိ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြဖို့ ဘုန်းကြီးက ဩဝါဒပေး ပြောကြားယင်း နိဂုံးချုပ်ပါတယ်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မစိုးရိမ်တိုက်သစ်ဆရာတော်

(၁၇၇၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်
ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏
သာသနာတော်အတွက် လမ်းညွှန်ချက်များ-စာအုပ်မှ)

http://www.dhammadownload.com



## မန္တလေး အတုလကျောင်းကြီး၌ ပြုလုပ်သည့်ပွဲ ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများ၏ သာသနာတော်အတွက် လမ်းညွှန်ချက်များ-စာအုပ်ပါ ဩဝါဒကထာ

ဆရာတော်ဘုရားကြီးနှစ်ပါး ဩဝါဒပြောသွားတာ တော်တော်ပြည့်ပြည့်စုံစုံ ဖြစ်သွားပါပြီ ဘုရား။ ဒီမှာ တပည့်တော်ထက် အသက်သိက္ခာ သိပ်ကြီးမားတဲ့ ဆရာတော်ကြီးတွေလည်းပဲ ပါနေပါတယ်ဘုရား။ အဲဒီလို ပါနေတော့ တပည့်တော်က ဩဝါဒစကားပေးတာမျိုး မဟုတ်ပါဘူး ဘုရား။ အကြံပြုလျှောက်ထားလွှာ လျှောက်ထားတယ်လို့ ဒီလိုပဲ သဘောထားတော် မူကြပါဘုရား။

ဒီတော့ ဓမ္မကထိက အရှင်မြတ်တွေ ပရိယတ်နယ်ပယ်က အရှင်မြတ်တွေ နောက်ဆို အလုပ်အတူတူ ပူးပေါင်းပြီး လုပ်ကြတော့မယ်။ အဲဒီလို အလုပ်ပူးပေါင်းပြီး လုပ်ကြတဲ့နေရာမှာ သူ့ဒကာ၊ ကိုယ့်ဒကာ စသည်ဖြင့် ရှိလာတယ်။ အဲဒီဒကာ ဒကာမတွေ မြှောက်ပင့်ပေးတိုင်း ရန်မဖြစ်ကြဖို့ လိုတယ်။

မန်လည်ဆရာတော်ဘုရားကြီးက သူရဲ့ မဃဒေဝလင်္ကာ (ပိုဒ်၊၄၂၇) ကျမ်းမှာ

"သူ၏ဆရာ၊ ငါ့ဆရာဟု၊ တဏှာရေယှက်၊ မာနတက်၍၊ သူ့ဘက် ငါ့ဘက်၊ တီးလက် ဆော်ရိုက်၊ နွားကို တိုက်သို့၊ အမိုက်ပွဲခံ၊ ပါပကံဖြင့်၊ အုန်းည် ဝိုင်းညာ၊ ပြုကြခါဝယ်၊ ဆရာကြက်ဖျင်း၊ ပညာကင်းသို့၊ အတင်းစောင့်၍၊ နွားနှယ်ဇွေ၏"လို့ အတော် ခပ်ကြမ်းကြမ်း ပြောဆိုဆုံးမသွားတယ်။ ဥပမာလဲ ခပ်ကြမ်းကြမ်းပေးပြီး ဆုံးမခဲ့တယ်။

အဲဒီဆရာတော်ရဲ့ လင်္ကာအတိုင်း အလုပ်အတူတူ ပူးပေါင်းပြီး လုပ်ကြတဲ့နေရာမှာ ခုနက ပြောသလို သူ့ဒကာ ကိုယ့်ဒကာ စသည်ဖြင့် ရှိလာလိမ့်မယ်။ အဲဒီလို ရှိလာတဲ့အခါမှာ ဒကာ ဒကာမတွေ မြှောက်ပင့်ပေးတိုင်း ရန်မဖြစ်ကြဖို့ အင်မတန် အရေးကြီးပါတယ်။ တို့တတွေဟာ ရန်ဖြစ်တဲ့အထဲကို ပါဝင်ဖို့ မဟုတ်တော့ဘူး၊ တို့ရဲ့အဆင့်က ရန်ဖြစ်တဲ့ သူတွေကို ငြိမ်းချမ်းအောင် လုပ်ပေးရမယ့်အဆင့်၊ အဲသလို သတိပြုပြီး ရန်ဖြစ်တဲ့သူများကို ငြိမ်းချမ်းအောင် ဆောင်ရွက်ပေးဖို့ အင်မတန်အရေးကြီးပါတယ်။

တပည့်တော်တို့ ဗမာပြည် ဟိုတုန်းက **ရာဇာဓိရာဇ်**တို့ **မင်းခေါင်**တို့ ရှိကြတယ်။ အဲဒီ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့ဟာ အသက်ကလည်း ဘယ်လောက်မှ မကြီးကြဘူး။ ငါးဆယ်ကျော်လေးနဲ့ နတ်ရွာစံကြတယ်။ အဲဒီအသက် ငါးဆယ်ကျော်လေးနဲ့ နတ်ရွာစံကြတဲ့ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့ဟာ အချင်းချင်းစစ်ပွဲဖြစ်တာ အကြိမ်(၄၀)ကျော် ရှိတယ်။ အသက်နေရတာက (၅၀)ကျော်လေး။ စစ်ပွဲဖြစ်တာက အကြိမ်လေးဆယ်ကျော် ဖြစ်နေတယ်။

တချိန်မှာတော့ **စကြိုသူမြတ်**က စစ်မဖြစ်အောင် ကြားဝင်ပြီးတော့ ငြိမ်းချမ်းရေး တရား ဟောပေးတယ်။ ရာဇာဓိရာဇ် ထံသွားပြီးတော့ တရားဟောတယ်။

"အသင်မင်းကြီး! အသင်မင်းကြီးမှာလည်း လူလက်နက် ပြည့်စုံသလို့ အင်းဝ မင်းခေါင်မှာ

http://www.dhammadownload.com



လည်း လူလက်နက် ပြည့်စုံနေတယ်၊ နှစ်ဦးနှစ်ဘက် အချင်းချင်း စစ်တိုက်တယ်ဆိုတာ တိုင်းသူပြည်သား အင်မတန် နာပါတယ်။ ဒီတော့ စစ်မတိုက်ဘဲနဲ့ ဒီနေရာကပဲ ပြန်သွားပါ”လို့ ကြားဝင်ပြီး ဆောင်ရွက်ခဲ့တယ်။

အဲဒီလို ဆောင်ရွက်တဲ့အတွက် ရာဇာဓိရာဇ် သတိဝင်လာပြီး “ဟုတ်တယ်၊ ရန်ဖြစ်နေတာဟာ တိုင်းပြည်ကြီးပွားဖို့အတွက် မဟုတ်ဘူး။ ဆင်းရဲဖို့အတွက်သာ ဖြစ်တယ်”လို့ သဘောပေါက်သည့်အတွက် အဲဒီအကြိမ်မှာ ပြန်ပြီး ဆုတ်နှင်သွားတယ်။

ဒါကြောင့် အရှင်ဘုရားများလည်းပဲ ဗမာပြည်မှာ ရန်ပွဲတွေ ရှိနေတယ်။ အဲဒီ ရန်ပွဲတွေထဲကို တို့ပါဖို့ မဟုတ်ဘူး။ ငါတို့က ရန်ပွဲတွေကို ပြေငြိမ်းသွားအောင် လုပ်ရမယ့် တာဝန်သာ ဖြစ်တယ်-လို့ သဘောထားပြီးတော့ မိမိတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြပါလို့ လျှောက်ထားယင်း တပည့်တော်ရဲ့ အကြံပြုလျှောက်ထားလွှာကို နိဂုံးချုပ်ပါတယ်။

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သက္ကျသီဟနှင့် အစိုးရဓမ္မာစရိယ၊
အဂ္ဂမဟာပဏ္ဍိတ
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်
မန္တလေးတိုင်းဒေသကြီး

(၁၃၇၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်
မန္တလေး အတုလကျောင်းကြီး၌ ပြုလုပ်သည့်ပွဲ
ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများ၏
သာသနာတော်အတွက် လမ်းညွှန်ချက်များ-စာအုပ်မှ)

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ-၏
## သူငယ်တော်တောရကျောင်း၌ ပေးသော ဩဝါဒကထာ

ဒို့ဘုရားရှင် ဘုရားရှင်တိုင်းက-

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။

သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါန သာသနီ။ (အပ-၁-၇။ စရိယာ-၄၂၀)

ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ဆုံးမထားတဲ့ အဆုံးအမ။

ဝိဝါဒံ-အချင်းချင်း ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ အထင်အမြင်လွဲခြင်း၊ သဘောထားကွဲလွဲခြင်းကို။ ဘယတော- ကြောက်ဖွယ်မအေး ဘေးကြီးလို့။ ဒိသွာ-မြင်ကြစမ်း။

အဝိဝါဒဉ္စ ခေမတော။ အဝိဝါဒဉ္စ-မငြင်းမခုံ ခိုက်ရန်မဖြစ် သဘောထား ညီညွတ်ခြင်းကို။ ခေမတော-ငြိမ်းချမ်းရေး လမ်းစဉ်ကြီးလို့။ ဒိသွာ-မြင်ကြစမ်း။

အဲဒီလို မြင်ပြီးတော့ လူ့ဘဝနေထိုင်တဲ့အခါ

သမဂ္ဂါ-ညီညီညွတ်ညွတ် နေထိုင်ကြ။ သခိလာ-ပြေပြေပြစ်ပြစ် ဆက်ဆံကြ။ ဧသာ ဗုဒ္ဓါနုသာသနီ-အဲဒါဘုရား ရှင်တိုင်း ဘုရားရှင်တိုင်း ဆုံးမထားတဲ့ အဆုံးအမတဲ့။

ညီညွတ်ရေးဟာ ဘယ်လောက်လိုသလဲဆိုတာ ကြည့်။ ဂါဝါ်ဝင္ဂ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားတွေက ညီညွတ်ရေးရဖို့အတွက် ဒီဂါထာနဲ့ချည်းပဲ ဆုံးမကြတယ်တဲ့။ ကိုင်း လိုက် ဆိုစမ်း။

**"ညီညွတ်မှုသာ၊ ရှိတုံပါလျှင်၊ ကောင်းရာကောင်းကျိုး၊ ဆဆတိုး၍၊ ကောင်းကျိုးသခ်ျေ၊ ရနိုင်ပေ၏"**

အေး ညီညွတ်ရင် ကောင်းကျိုးရမယ်။ ညီညွတ်ရင် ကောင်းကျိုးရသလို မညီညွတ်ရင် ဘာအကျိုးရမယ် ထင်တုံး? (ဆိုးကျိုးပဲ ရမှာပါဘုရား) ကဲလိုက်ဆို-

**"မညီမညာ၊ ဖြစ်တုံပါလျှင်၊ ဆိုးရာဆိုးကျိုး၊ ဆဆတိုး၍၊ ဆိုးကျိုးသခ်ျေ၊ ရနိုင်ပေလိမ့်"**

အဲ မညီညွတ်ဘူးဆို ယင်တော့ ဆိုးကျိုးအသခ်ျေ ရမယ်တဲ့။ မင်းတို့ မှန်ရဲ့လားကွ။ (မှန်ပါဘုရား)

ဒီမှာ သူငယ်တော်တောရ တည်ထောင်လာတာ ဒီနှစ် နှစ်ပေါင်း(၂၀)ရှိလာပြီ ဟုတ်လား။ နှစ်ပေါင်း(၂၀)ဆိုတော့ လူ့လောကအနေနဲ့ လူလားမြောက်လာပြီပေါ့။ လူလားမြောက်တော့ ခန္ဓာကိုယ် လူလားမြောက်သလို အသိဉာဏ် လူလားမြောက်ဖို့လည်း လိုတယ်။ ခန္ဓာကိုယ်ချည်းသာ လူလားမြောက်ပြီးတော့ အသိဉာဏ်လူလား မမြောက်ဘူးဆို ပြန်တော့လည်း အဲဒါတန်ဖိုးမရှိဘူး။

ဗလိဗဒ္ဒေါဝ ဇီဝတိ၊ ပညာ တဿ န ဝဍ္ဎတိ။ (ထေရ-၃၄၇။ ထေရ-ဋ္ဌ-၂-၄၁၉-၄၂၃။ ဓမ္မ-၃၆။ ဓမ္မ-ဋ္ဌ-၂-၇၉။)

နွားလားကြီးလိုပဲတဲ့ အစာစား၊ စားပြီးအိပ်။ ဒီလိုနဲ့ ခန္ဓာကိုယ်ကြီး ကြီးထွားလာတယ်။

http://www.dhammadownload.com



ပညာ တသ န ဝဓတိ - ပညာကတော့ ဘာမှ မတိုးတက်ဘူးတဲ့။

အေး ဒါကြောင့် အနှစ်(၂၀)ဆိုတော့ လူလားမြောက်လာပြီ။ ခန္ဓာကိုယ် လူလားမြောက်သလိုပဲ အသိဉာဏ်လည်းပဲ လူလားမြောက်ဖို့ လိုတယ်။

အခု ဦးဇင်းတို့ ဒီမှာ ပရိယတ္တိသမားရော ပဋိပတ္တိသမားရော ရှိတယ်မဟုတ်လား။ (ရှိပါဘုရား) အေး ပရိယတ္တိသမားလည်း ရှိတယ်။ ပဋိပတ္တိသမားလည်း ရှိတယ်။ အဲဒါ ပရိယတ္တိသမားရော ပဋိပတ္တိသမားရော ညီညီညွတ်ညွတ်နဲ့ ကိုယ်အလုပ်ကို လုပ်ကြဖို့ လိုတယ်။ ဟုတ်လား။ ညီညီညွတ်ညွတ်နဲ့ လမ်းသွား။ ကိုယ့်လမ်းကို လျှောက်။ အဲဒါ အကောင်းဆုံးပဲ။ ဒါကြောင့် ဦးဇင်းတို့ သူငယ်တော်တောရ အနှစ်(၂၀)ဆိုတော့ လူလားမြောက်ပြီ ခန္ဓာကိုယ်သာ လူလားမြောက်တာမျိုး မဖြစ်စေနဲ့။ အသိဉာဏ်ပါ လူလားမြောက်အောင် အသိဉာဏ်ပါ တိုးတက်အောင် ကြိုးစားကြဖို့ လိုတယ်။

ဒီမှာ အဓိကကတော့ သာသနာလင်္ကာရ သာမဏေစာမေးပွဲ အဓိကထင်ပါရဲ့။ ဟုတ်လား။ ငယ် လတ် ကြီးတွေ ဘာတွေ ဝင်ရဲ့လား။ မဝင်ဘူးလား? (ဝင်ပါဘုရား) အများကတော သာမဏေစာမေးပွဲပဲ ဖြေတယ်မဟုတ်လား? (မှန်ပါဘုရား) အေးအေး မင်းတို့ ဘယ်စာမေးပွဲဖြေဖြေ ငယ် လတ် ကြီးပဲ ဖြေဖြေ သာမဏေစာမေးပွဲပဲ ဖြေဖြေ ကိုယ့်အတန်းနဲ့ကို အရည်အချင်းရှိအောင် သင်ယူကြဖို့ လိုတယ်။ စာမေးပွဲအောင်ရုံလေးလို့ အဲသလို သဘောမထားပါနဲ့။ စာမေးပွဲလည်း အောင်ရမယ်။ အရည်အချင်းလည်း ပြည့်စုံရမယ်။ အဲသလို သဘောထားပြီးတော့ ဘယ်စာမေးပွဲ ဖြစ်ဖြစ် ပြဋ္ဌာန်းကျမ်းစာ ရှိပါတယ်။ အဲဒီ ပြဋ္ဌာန်းကျမ်းစာကို ကုန်အောင် လေ့ကို လေ့လာရမယ်။ ဘယ်လောက်ပဲ ပြဋ္ဌာန်းကျမ်းစာအုပ်ကြီး ထူထူ အဲဒီ ပြဋ္ဌာန်းကျမ်းစာကို ကုန်အောင်တော့ လေ့လာရမယ်။ အကုန်လုံး မရဘူးပဲထား။ ဟိုနေရာ ဘာရှိတယ်။ ဒီနေရာ ဘာရှိတယ် စသည်ဖြင့် အဲသလောက် သိအောင် လေ့လာထားရင် ကောင်းတယ်။

ဦးဇင်းတို့ ခေတ်က စာကို ပလ္လင်ပေါက်လုပ်တဲ့ ကိုရင်ဦးဇင်း အတော်ရှားသွားပြီ။ ပလ္လင်ပေါက်ဆိုတာ မင်းတို့ သိရဲ့လား။ အစကနေ အဆုံးအထိ စာအုပ်တအုပ် ဟုတ်သလား။ ဆိုကြပါစို့-နံပါတ် ၁-ကနေ နံပါတ် ၁၀၀-ဖြင့် ၁၀၀-ထိပေါ့။ ၁၀၀၀-ဖြင့် ၁၀၀၀-အထိ တလုံးမကျန် မကျော်ဘဲနဲ့ လုပ်တာကို ပလ္လင်ပေါက် လုပ်တယ်လို့ ဆိုတယ်။ နိဒါန်းကနေ စပြီးတော့ နိဂုံးအထိပေါ့ကွာ။ စာအုပ်တအုပ်မှာ နိဒါန်း နိဂုံးစသည် ပါရှိတယ်။ အဲဒီ နိဒါန်းကနေ နိဂုံးအထိ လုပ်တာကို ပလ္လင်ပေါက်လုပ်တယ်လို့ ခေါ်တယ်။ မင်းတို့ခေတ်က ပလ္လင်ပေါက်လုပ်တဲ့ ဦးဇင်းကိုရင် အတော်လေး ရှားသွားပြီ။ အဲဒါ မပေါက် ပေါက်အောင် အတင်းလုပ်ပြီးတော့ ပေးနေရတယ်။

ဒို့ မစိုးရိမ်တိုက်သစ်ဆိုယင် အဋ္ဌကထာကြီး သုံးကျမ်းပေါ့။ ပါရာဇိကဏ်တို့ သီလက္ခန်တို့ အဋ္ဌသာလိနီတို့ အဲဒါကို ပထမ ဝါကျကောင်းတဲ့ နေရာချည်းပဲ အရင်အလှည့်ခိုင်းတယ်။ အဲဒါတွေ မြန်မြန်ကုန်အောင် အဋ္ဌကထာ တကျမ်းတကျမ်းကို ဝါကျက ၂၀၀၊ ၂၀၀-ကျော်၊ ၂၀၀-နီးပါးပေါ့။ အဲသလိုရှိတယ်။ သီလက္ခန်ဆို ၂၀၀-နီးပါးပေါ့။ ပါရာဇိကဏ်ဆို ၂၀၀-ကျော်ရှိမယ်ပေါ့။

အဲဒီရှိတဲ့ ဝါကျတွေကို ပထမ ကုန်အောင် အလှည့်ခိုင်းလိုက်တယ်။ တရက်ကို နေ့လည်

http://www.dhammadownload.com



၁-နာရီတချိန်၊ နောက် ၃-နာရီကျ တချိန်၊ နှစ်ချိန်နှစ်ချိန် အလှည့်ခိုင်းတယ်။ ၁-နာရီမှာ နှစ်ဝါကျ၊ ၃-နာရီမှာ နှစ်ဝါကျ။ အဲဒီတော့ တရက်ကို ၄-ဝါကျတော့ ကုန်သွားတာပေါ့။ အဲဒီကောင်းတဲ့ ဝါကျတွေကို ပုစ္ဆာဆင်လို့ ကောင်းတဲ့ဝါကျတွေကို ပထမ အရင်အလှည့်ခိုင်းလိုက်တယ်။

အဲဒါတွေ ကုန်သွားပြီဆိုယင် အဲဒီ အဟောင်းဝါကျတွေကိုလည်း ဆက်ပြီးတော့ အလှည့်ခိုင်းတယ်။ ပြီးတော့ မလှည့်ပဲနဲ့ ကြားထဲမှာ ကျန်နေခဲ့တဲ့ စာတွေရှိတယ်။ အဲဒီ စာတွေကိုလည်း အစဉ်လိုက် အလှည့်ခိုင်းတယ်။ ဒါမှ ဘယ်နေရာ ဘာရှိတယ် အဲဒါသိမှာ။ အခုတော့ ဒီလို မဟုတ်ဘူး။ ဖြတ်ထိုးနဲ့ လုပ်ကြတော့ အဋ္ဌကထာထဲမှာ ဘယ်နေရာ ဘာပါတယ် အဲဒါကို သိပ်မသိတော့ဘူး။

အေး ဘုန်းကြီးက တရားတပွဲမှာ တရားဟောတယ်။ တရားဟောတော့ ဘယ်ပါဠိ ရွတ်ဟောသလဲ ဆိုတော့ **"ဥဒ္ဒရဏော ပဝတ္တာ ရူပါရူပဓမ္မာ အတိဟရဏံ န ပါပုဏန္တိ"**စတဲ့ အဲဒီသမ္မဇညပဗ္ဗအခန်းက အဋ္ဌကထာ စကားတွေကို ရွတ်ပြီးတော့ တရားဟောတယ်။ (ဒီ-ဋ္ဌ-၁-၁၇၂။ မ-ဋ္ဌ-၁-၂၆၅။ သံ-ဋ္ဌ-၃-၂၂၅။ အဘိ-ဋ္ဌ-၂-၃၃၉။ အံ-ဋီ-၂-၃၇၈။ ဝိသုဒ္ဓိ-၂-၂၅၇)

အဲသလို တရားဟောတော့ တရားပွဲပြီးတော့ သက္ကသီဟအောင်ပြီးသား ဘုန်းကြီးတပါးက ဒါတွေ ကြားဘူးတယ်။ ဘယ်ထဲ ပါမှန်းမသိဘူးတဲ့။ ဟုတ်လား။ သူက အဲသလို ပြောတယ်။ အဲဒီတော့မှ တပည့်တော်က "ဦးဇင်း! အဲဒါ သီလက္ခန်အဋ္ဌကထာမှာ ပါတာဗျ"လို့။ ဒီပြင် ဝိသုဒ္ဓိမဂ်တို့မှာလည်း ပါတယ်ပေါ့။ ဒါပေမယ့် ဒီ့လေ့လာထားတာက သီလက္ခန်အဋ္ဌကထာ၊ အဲဒါ အစိုးရစာချတန်းလည်း ပါတယ်။ သက္ကသီဟစာချတန်းလည်း ပါတယ်။ စေတိယင်္ဂဏ စာချတန်းလည်း ပါတယ်။ ဒီတော့ ဝင်နေကြတာကလည်း အစိုးရဓမ္မာစရိယ ရော၊ သက္ကသီဟ ဓမ္မာစရိယ ရော၊ စေတိယင်္ဂဏ ဓမ္မာစရိယ ရော ဓမ္မာစရိယသုံးမျိုးလုံး အောင်တယ်ဆိုယင် အဲဒီသီလက္ခန်ကို အဲဒီစာမေးပွဲတွေ အောင်ဖို့ လေ့လာတာ အကြိမ်အတော်များမှာပေါ့။

ဒါပေမယ့်လည်း အခုနကပြောသလို "ဥဒ္ဒရဏော ပဝတ္တာ ရူပါရူပဓမ္မာ အတိဟရဏံ န ပါပုဏန္တိ"စတဲ့ ပါဠိတော်တွေ ကြားတော့ကြားဘူးတယ်။ ဒီပါဠိတော်တွေ ဘယ်ပါမှန်း မသိဘူးလို့ အဲသလို သူက ပြောတယ်။ သူက ရိုးရိုးသားသား ဝန်ခံတာပါ။ အဲဒါ ဘာကြောင့်လည်းဆိုယင် စာပေကို နှံ့နှံ့စပ်စပ် မလုပ်တဲ့အတွက် အဲသလို ကြားတော့ ကြားဘူးတယ်။ ဘယ်ပါမှန်းမသိဘူးလို့ အဲသလိုဖြစ်တာ။

ဒါကြောင့် အဋ္ဌကထာကြီး သုံးကျမ်းကို ဦးဇင်းတို့ ဆက်တိုက်ပေါ့ ခုနက ပြောသလို နိဒါန်းကနေပြီးတော့ နိဂုံးအထိ အကျော်မရှိ အဲသလို လေ့လာလို့ရှိယင် ပါးစပ်ထဲမှာ အာဂုံရနေတာ မရနေတာထား။ ဘယ်နေရာ ဘာပါတယ် အဲသလောက်ကတော့ သိတယ်။ အဲသလို သိအောင် ဦးဇင်းတို့ အဋ္ဌကထာများကို လေ့လာတဲ့အခါမှာလဲ အဲဒါတွေသိအောင် လေ့လာကြ။

ပြီးတော့ ရှိသေးတယ်။ အခု ဦးဇင်းတို့ မန္တလေးတို့ ဘာတို့မှာ တခါတရံ ကိုးပါးသီလ တောင်းကြတယ်ပေါ့။ ကိုးပါးသီလ ပေးပါလို့ လျှောက်တယ်။ အဲဒီတော့ ဘုန်းကြီးတပါးက "ကိုးပါးသီလဆိုတာ ဘုရားဟော မဟုတ်ဘူး"တဲ့။ သူက အဲသလို ပြောတယ်။ လူထဲဆိုတော့ ပြောရမှာလည်း ခက်တယ်။

http://www.dhammadownload.com



ကိုးပါးသီလက အင်္ဂုတ္တိုရ်ရဲ နဝကနိပါတ် (အံ-၃-၁၉၂)မှာ ပါတယ်ဗျ။ ဟုတ်လား။ ဘုရား ဟောထားတာ။ ဒါပေမယ့် အဲဒါကို သူက မကြည့်ဘူးတော့ ကိုးပါးသီလကို ဘုရားဟော မဟုတ်ဘူးလို့ အဲသလို လျှောက်ပြီးတော့ ပြောတယ်။ ဦးဇင်းတို့ သာမဏေလက်ာရလုပ်တဲ့ ပုဂ္ဂိုလ်တွေ အင်္ဂုတ္တိုရ်ပါတယ် မဟုတ်လား။ နဝကနိပါတ်ဆိုတော့ ဘယ်အဆင့်မှာပါလဲ။ (တတိယအဆင့်မှာ ပါဘုရား) အေး တတိယအဆင့်ကြ ပါပြီ။ အဲဒီ နဝကနိပါတ် ကိုးပါးသီလဆိုတာ ဘုရားရှင် ဟောကြားတာ ရှိတယ်။ အဲဒါကို စာမန့်စပ်ဘဲနဲ့ ရမ်းပြီးတော့ မပြောရဘူး။ အေး သူက ပရိသတ်ထဲကို ကိုးပါးသီလဆိုတော့ ဘုရားဟော မဟုတ်ဘူးလို့ အဲသလို လျှောက်ပြီးတော့ ပြောနေတယ်။ ဘာမှတော့ မငြင်းပါဘူး။ နောက်ကျမှ သူ့ကို လက်တို့ပြီးတော့ ပြောရတယ်။

ဒီတော့ စာပေကို လေ့လာတဲ့နေရာမှာ စေ့စေ့စပ်စပ်လေ့လာပါ။ လေ့လာသလောက်လေး အကျိုးရှိရှိဖြစ်အောင် အဲသလို လေ့လာရတယ်။

စာမေးပွဲကျတာကို စိတ်မပျက်ပါနဲ့။ စိတ်ပျက်စရာလည်း မလိုပါဘူး။ စာမေးပွဲကျလေ စာကြေလေပေါ့ဗျ။ တောမှာ စကားပုံခုရှိတယ်။ "ယုန်မရ တောကြေတဲ့"။ မင်းတို့နားလည်ရဲ့လား။ (မှန်ပါဘုရား) ယုန်လိုက်တာပေါ့ကွ။ ဟုတ်လား။ နားလည်ရဲ့လား။ ယုန်လိုက်တာ တကောင်မှတော့ မရဘူးတဲ့။ ဒါပေမယ့် တောကြေတယ်တဲ့။ ဘယ်နေရာမှာ ဘယ်သစ်ပင် ရှိတယ် စသည်ဖြင့်ပေါ့။ အဲသလို သိတယ်။ အဲသလိုပဲ ဦးဇင်းတို့ စာမေးပွဲ မအောင်ချင် နေပါစေ။ ဟုတ်လား။ ယုန်မရချင် နေပါစေ။ တောကတော့ ကြေသွားမှာပဲ။ ဒါကြောင့်မို့ စာမေးပွဲ ကျတော့လည်း စိတ်မပျက်နဲ့ ဟုတ်လား။

ဦးဇင်းတို့ **မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး** ကြားဖူးတယ်ဟုတ်လား။ မှန်ပါ့ဘုရား။ အဲဒီ တိပိဋက ဆရာတော်ဘုရားကြီး ဘယ်စာမေးပွဲမှ မကျဖူးဘူးတဲ့။ ဟုတ်လား။ သူတို့က အတ္ထုပ္ပတ္တိတွေ ရေးနေကြတယ်။ အဲဒီတော့ ကိုယ်က အတ္ထုပ္ပတ္တိကို ဖတ်တယ်ပေါ့။

ဖတ်ပြီးတော့ ဆရာတော်နဲ့ တွေ့တော့ လျှောက်ကြည့်တယ်။ "ဆရာတော်ရဲ့ ထေရုပ္ပတ္တိမှာ စာမေးပွဲမှန်သမျှ ဘယ်စာမေးပွဲမှ မကျခဲ့ဖူးဘူးလို့ ရေးထားတယ်ဘုရား။ အဲဒါ မှန်သလားလို့ ဆရာတော် ငယ်စဉ်တုန်းက စာမေးပွဲတွေ ဘာတွေ မကျခဲ့ဘူးလား"လို့ သူ့ကို လျှောက်ထား ကြည့်တော့ သူက-

"ဦးဇင်း! တပည့်တော် သကျသီဟစာသင်တန်း ကျခဲ့တယ် တနှစ်"တဲ့။ အေး သူက ပထမကျော်လည်း အောင်ပြီးသားကိုး။ စာသင်တန်းတော့ လွယ်လွယ်ကူကူ အောင်မှာပဲ ဆိုပြီးတော့ သကျသီဟစာမေးပွဲ ဝင်ဖြေတယ်တဲ့။ အဲဒီ ပထမနှစ် ကျပါတယ်တဲ့။ ကျတော့ အသင်းတိုက်ကို သွားပြီးတော့ အသင်းလူကြီးတွေကို သွားပြောတယ်။ "ဒကာကြီးတို့ စာမေးပွဲ ဦးဇင်း ဒီနှစ်ကျတယ်။ ဦးဇင်းက ပထမကျော် အောင်ပြီးသား။ ဒါပေမယ့် ကိစ္စမရှိဘူး။ ဒီနှစ် ကျယင်ကျပါစေ။ ဦးဇင်းက နောက်နှစ်ကျယင် နံပါတ်တစ်က အောင်စေရမယ်"။ အဲသလို အသင်းလူကြီးတွေကို သူက သီဟနာဒ ပေါ့- ရဲတင်းသော ကြုံးဝါးသံနဲ့ ကြုံးဝါးခဲ့တယ်တဲ့။ အဲဒီ ကြုံးဝါးခဲ့တဲ့အတိုင်းပဲ နောက်နှစ်ကျတော့ သူက နံပါတ်တစ်ကနေ အောင်တယ်တဲ့။ အဲဒါ ဆိုလိုယင်းက ဦးဇင်းတို့ မင်းကွန်းတိပိဋက ဆရာတော်ကြီး ဘယ်စာမေးပွဲမှ မကျခဲ့ဘူးဆိုတာ မဟုတ်ဘူး။

http://www.dhammadownload.com



စာမေးပွဲဆိုတာ ဝင်ရင် အနည်းဆုံး တကြိမ် နှစ်ကြိမ်တော့ ကျကြမှာ များပါတယ်။ ကျတဲ့အခါ ဝမ်းနည်းမသွားနဲ့။ ဟုတ်လား။ "နောက်နှစ်မှာ ငါ အောင်ကို အောင်ရမယ် နံပါတ်တစ်က အောင်ရမယ်" အဲသလို စိတ်ဓာတ်ကို ပြင်းထန်ပြီးတော့ ထားရတယ်။ အဲဒါမှ သဘာဝကျတယ်။ တိပိဋကဆရာတော်ဘုရားကြီးလို "နောက်နှစ်ကျယင် နံပါတ်တစ်က အောင်ရမယ်"လို့ ကြုံးဝါးပြီးတော့ သီဟနာဒ ပြုတော်မူကြပါလို့ ဩဝါဒပေးရင်း တပည့်တော်ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

သာဓု သာဓု သာဓု

(မန္တလေးတိုင်း၊ တံတားဦးမြို့နယ်။
သူငယ်တော်တောရကျောင်း
တောရသာသနာ နှစ်နှစ်ဆယ်ပြည့်
(၁၃၅၃-၁၃၇၃)စာစောင်မှ)

http://www.dhammadownload.com



## မစိုးရိမ်တိုက်သစ်
## ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏
## ဩဝါဒကထာ

သမ္ပဒါ-၄-ပါးအနက် အလေအလွင့် မရှိအောင် ထိန်းသိမ်း စောက်ရှောက်ခြင်းကို အာရက္ခသမ္ပဒါ-ဟု ခေါ်ပါသည်၊

မြန်မာပြည် အများနှင့် သက်ဆိုင်သော နေရာများ၌ ယင်းအာရက္ခသမ္ပဒါ ညံ့ဖျင်းသည်ကို တွေ့ရ၏၊ စာသင်ကျောင်း/ ရုံး/ ဆေးရုံ စသည့်နေရာများ၌ ရေကန် ရေပြည့်နေသော်လည်း ပိုက်ခေါင်းကို ပိတ်ရမှန်း မသိကြ၊ လျှပ်စစ်မီး သုံးစွဲရသည့် ပန်ကာ/ မီးသီး/ မီးလုံး/ မီးချောင်းများကိုလည်း မလိုအပ်ဘဲ ဖွင့်လျှင် ဖွင့်ထားကြ၏၊ မလိုအပ်လျှင် မီးပိတ်ရမည်၊ ပန်ကာပိတ်ရမည်ဟု အသိဉာဏ် မရှိကြ၊

မြို့ထဲ ပေးဝေထားသည့် ရေပိုက်လိုင်းများတွင် တချို့ရပ်ကွက်၌ ရေပိုက် ပေါက်နေသော်လည်း ရေပိုက်ပေါက်နေကြောင်း သက်ဆိုင်ရာဌာနသို့ အကြောင်းကြားမည့်သူ မရှိ၊ အသိဉာဏ်ရှိသူ ရပ်ကွက်သူ/သားများက ရေပိုက်ပေါက် နေကြောင်း သက်ဆိုင်ရာဌာနသို့ သတင်းပို့ အကြောင်းကြားသော်လည်း သက်ဆိုင်ရာဌာန ဝန်ထမ်းများက ရုံးပိတ်ရက် ဖြစ်နေ၍ လာမပြင်နိုင်ကြောင်း ပြန်ကြားသည်ဟု သိရသည်၊

ပေါက်နေသည့် ရေပိုက်က ရုံးပိတ်ရက်ဖြစ်၍ ရေမထွက်ဘဲ နေမည်မဟုတ်၊ ရေသည် အတောင်ပေါက်ပြီး မြေကြီးပေါ် ပျံတက်လာသည် မဟုတ်၊ ခြေထောက်ပေါက်ပြီး ခုန်တက်လာသည်လည်း မဟုတ်၊ ငွေကုန်ကြေးကျခံ၍ မော်တာစွမ်းအား အင်ဂျင် စွမ်းအားဖြင့် မြေကြီးပေါ် ရောက်အောင် တင်ကြရသည်၊ ပိုက်ပေါက်မှ ရုံးပိတ်ရက်အတွင်း ရေဒလဟော ထွက်နေလျှင် ယင်းရေ မြေကြီးပေါ် ရောက်အောင် တင်ရသည့်စရိတ် မည်မျှကုန်ကျမည်ကို သိသင့်လှ၏၊

ရှေးယခင်နှစ်များက နိုင်ငံပိုင် ဘိလပ်မြေအိတ်များကို ဂိုဒေါင်ထဲ သိုလှောင်ထားပြီး သုံးမရအောင် မာခဲပျက်စီး သွားသည်ဟု ကြားရဘူး၏။ ဤသည်မှာလည်း အာရက္ခသမ္ပဒါ ညံ့ဖျင်းခြင်းပင် ဖြစ်သည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေချင်သည်ဟုဆိုလျှင် အာရက္ခသမ္ပဒါကို စောင့်ရှောက်ကြဖို့ လို၏၊ ကျောင်းသားငယ်များက အစ အလေအလွင့် မရှိအောင် ထိန်းသိမ်းစောင့်ရှောက်သည့် အာရက္ခသမ္ပဒါကို နားလည်အောင် သင်ကြားထားဖို့ လိုသည်၊

ဘုန်းကြီးတို့ ငယ်စဉ်က ဆရာသမားများက ရေသောက်တာကအစ အကျန်အကြွင်း မရှိအောင် သောက်ဖို့ ဆုံးမတယ်၊ "သောက်ကြွင်း, သောက်ကျန်ကို ရေအိုးစဉ်နား သွန်ပစ်ရင် မြေအမြဲတမ်း စိုနေမယ်၊ မြေစိုကို နင်းမိရင် မတော်တဆ လဲတတ်တယ်၊ ရေကုန်ရင်လည်း မင်းတို့ဘဲ ရေတွင်းသွားပြီး သည်ရပိုးရမယ်၊ ထမင်းစားပြီးရင်လည်း ထမင်းတွေ, ဟင်းတွေ ပေနေသောလက်ဖြင့် ရေသောက်ခွက်ကို မကိုင်ရ"ဟု သေခိယ-လာတဲ့အတိုင်း ဆုံးမကြတယ်၊

http://www.dhammadownload.com



အခုခေတ်တော့ ဒီလို ဆုံးမတဲ့ ပုဂ္ဂိုလ်တွေ နည်းသွားပြီနဲ့ တူပါတယ်၊ ရေသောက်တာက အစ အပိုအလျှံခတ်ပြီး သောက်ကြတယ်၊ ပိုလျှံသည့် သောက်ကြွင်း, သောက်ကျန်ကိုလည်း ရေအိုးစဉ် အနားတွင် ပတ်ကနဲ သွန်လိုက်ကြတာပဲ၊ ကျောင်းတိုင်း ရုံးတိုင်း ဌာနတိုင်း အတော်ကို ပြင်ဖို့ လိုပါသေးတယ်၊

အများနဲ့ဆိုင်ရာ ဌာနများ၌ အိမ်သာကို အဆင့်မြင့်မြင့် ဆောက်ပေးထားသော်လည်း သုံးစွဲသူများက အဆင့်မြင့်မြင့် မသုံးစွဲတတ်ကြသေးပါ၊ အိန္ဒိယ၌ ရှိသည့် မြန်မာ ဘုန်းကြီးကျောင်း များ၌ အိမ်သာများ ပျက်စီးနေသည်က များသည်၊ ဤသည်မှာ မြန်မာဘုရားဖူးများ၏ လက်ချက်ဟု ထင်သည်၊ တခြားနိုင်ငံက ဘုရားဖူးများ မြန်မာဘုန်းကြီးကျောင်း တည်းခိုသူ နည်းပါးလိမ့်မည်၊

ပျက်စီးသင့်သည်ထက် အချိန်စောပြီး ပျက်စီးခြင်းသည် အာရက္ခသမ္ပဒါ ညှံ့ဖျင်းခြင်းပင် ဖြစ်သည်၊ တတိုင်းပြည်လုံး အာရက္ခသမ္ပဒါ အကြောင်းကို သိပြီး၊ ယင်း သမ္ပဒါနှင့် ညီညွတ်အောင် နေထိုင်ကြပါဟု တိုက်တွန်းရင်း ဘုန်းကြီး၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည်။

၁၃၇၃-ခု၊ တန်ဆောင်မုန်းလဆန်း (၃)ရက် (၂၉-၁၀-၂၀၁၁) စနေနေ့။
(မန္တလေး ဇီဝိတသံယဆေးရုံ မဂ္ဂဇင်းအတွက် ရေးပေးသည်။)

http://www.dhammadownload.com



## မန္တလေးမြို့ ရေပန်းကျောင်းတိုက်အတွင်း ပြုလုပ်သော စာရေးဆရာဖြစ် သင်တန်းဆင်းပွဲ၌ ပေးသော ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ ဩဝါဒကထာ

မင်းတို့ စာရေးဆရာဖြစ်ချင်လို့ စာရေးဆရာသင်တန်း လာတက်တဲ့ ဦးဇင်းတွေ စာရေးဆရာကောင်း ဖြစ်ချင်ရင် မြန်မာစာကို ကျောင်းကျောင်းပြေးနေအောင် ဖတ်ရမယ်။ အဲဒါမှ မင်းတို့ စာရေးဆရာကောင်း တယောက်ဖြစ်မှာ။ ဟုတ်လား။ စာဖတ်ကောင်း တယောက် မဖြစ်သ၍ ဘယ်တော့မှ စာရေးဆရာကောင်းတယောက် မဖြစ်နိုင်ဘူး။ **အဲဒါ မှတ်ထား။**

မင်းတို့ စာဘယ်လောက် ဖတ်ပြီးပြီလဲ? စာရေးဆရာဖြစ်ချင်လို့ သင်တန်းလာတက်တဲ့ ဦးဇင်းတွေ! ဝတ္ထုဘယ်နှစ်အုပ် ဖတ်ပြီးပြီလဲ? မဂ္ဂဇင်း ဘယ်နှစ်အုပ် ဖတ်ပြီးပြီလဲ? (များပါတယ်ဘုရား)

ကောင်းပြီ ဘယ်လိုဝတ္ထုတွေ ဖတ်လဲ? ဘယ်လိုမဂ္ဂဇင်းတွေ ဖတ်လဲ? ဘာသာရေး မဂ္ဂဇင်းတွေ ရှိတယ်ကွာ။ အားကစားဂျာနယ်တွေ ရှိတယ်ကွာ။ အဲဒီ မဂ္ဂဇင်းဂျာနယ်တွေ ဘယ်ဟာ ဖတ်တုန်း? (ဘောလုံးဂျာနယ်တွေဖတ်ပါဘုရား) အင်း ဘောလုံးဂျာနယ်တွေ ဖတ်တော့ ဘောလုံး အကြောင်းပဲ ရေးတတ်မှာပေါ့။ **အဲဒါ မှတ်ထား။**

စာဆိုတာ စုံအောင်ဖတ်ရမှာ။ အဲ မင်းတို့က အခုခေတ် ဘောလုံးက နာမည်ကြီးနေတော့ ဘောလုံးဂျာနယ်ကိုပဲ ဖတ်ကြတယ်။ မင်းတို့ကို ကြည့်လိုက်ယင် ကို့ယို့ကားယား ဘောလုံးကန်နေတဲ့ ပုံတွေနဲ့ ဂျာနယ်ကို ဖတ်နေတာ တွေ့ရတယ်။ **အဲဒါ မှတ်ထား။**

စားရေးချင်ယင် ပထမဆုံး စာဖတ်ကောင်းဖြစ်အောင် ကြိုးစား၊ ဟုတ်လား။ အဲဒါမှ စာရေးဆရာကောင်း ဖြစ်မှာ။ စာမဖတ်ပဲနဲ့တော့ စာရေးဆရာဖြစ်ဖို့ အင်မတန် ခက်ပါတယ်။ ခက်သလား မခက်ဘူးလား။ (ခက်ပါဘုရား) အေး ခက်တယ်။

မင်းတို့ထဲက အသက်အငယ်ဆုံး ဦးဇင်းက အသက် ၂၀-တော့ ရှိတယ်။ အဲ အသက် ၂၀-ရှိပြီထား။ ဘယ်အရွယ်ကစပြီး စာဖတ်ဝါသနာပါတာလဲ။ ကိုယ့်ဘာသာကို စစ်တမ်းထုတ်ကြည့်။ ငါ ဘယ်အရွယ်က စပြီး စာဖတ်ဝါသနာပါတာလဲ? (၁၄-နှစ်ကပါဘုရား) အင်း ၁၄-၁၅နှစ်က စပြီး စာဖတ်ဝါသနာပါတယ်။

အဲဒီ စာဖတ်ဝါသနာပါအောင် ဘယ်စာက စပြီး ဆွဲဆောင်သွားသလဲ ဝတ္ထုက ဆွဲဆောင် သလား။ ဆောင်းပါးက ဆွဲဆောင်သလား? (ဝတ္ထု၊ ကာတွန်းပါဘုရား) အေး ဝတ္ထုတဲ့ ကာတွန်းတဲ့။

မင်းတို့ အဆင့်အတန်းကြည့်လေ၊ ကာတွန်းက စဖတ်တာဆိုတော့ မင်းတို့လည်း ကာတွန်းပဲ ဖြစ်မှာပေါ့။ လက်ရေးက ကာတွန်း၊ သွားတာလာတာက ကာတွန်း၊ ပြောတာဆိုတာ ကာတွန်း မဟုတ်ဘူးလား။ မင်းတို့ဥစ္စာ ကာတွန်းချည်း ဖတ်နေတော့ အကုန်လုံး ကာတွန်းချည်း ဖြစ်မှာပေါ့။

http://www.dhammadownload.com



အဲ ခုနတုန်းက ပြောသလို စာဆိုတာ စုံအောင်ဖတ်ရတယ်။ နိုင်ငံရေး ပညာပေး ကာတွန်းလည်း အများကြီးရှိတယ်။ အဲဒါမျိုးတွေ ဖတ်ယင် ကောင်းတာပေါ့ကွာ။

မင်းတို့ **ကာတွန်းဆရာကြီး ဦးဘဂျမ်း**ဆိုတာ ကြားဘူးလား? (ကြားဖူးပါဘုရား) ဘယ်နှစ်တုန်းက သေတာတုံး? အဲဒီကာတွန်းဆရာကြီး ဦးဘဂျမ်းကို မင်းတို့မှီလား? (မမှီပါဘုရား) ဦးဘဂျမ်းရဲ့ သားသမီးတွေ ဇနီးတွေရော **ကာတွန်းဖေသိန်း**လို့ ရှိတယ်။ မင်းတို့ သိတယ် မဟုတ်လား? အဲဒီလူတွေရော မင်းတို့ ကြားဘူးလား? (ကြားဖူးပါဘုရား)

အဲဒီကာတွန်းဆရာကြီး ဦးဘဂျမ်းရဲ့ ကာတွန်းတပုဒ်ကို လူတယောက်က လာမေးတယ်။

ဆရာကြီး! ကမ္ဘာကြီး ဘယ်တော့ ကောင်းမှာလဲ? တဲ့။

"မင်း ကောင်ကင်ထိအောင် လှေကားထောင်"။

"ထောင်ပြီးပါပြီ ဆရာကြီး"။

တက်ပြီးတော့ အရှေ့ဘက်ကို ကြည့်စမ်းဟေ့။ ဘာတွေမြင်တုံး?

"လူတွေ နွားတွေ ဆိတ်တွေ မြင်ပါတယ် ဆရာကြီး"။

အနောက်ဖက် လှည့်ကြည့်ဦးဟေ့ ဘာတွေမြင်တုံး?

"လူတွေ နွားတွေ ဆိတ်တွေ မြင်ပါတယ် ဆရာကြီး"။

"တောင်ဘက် မြောက်ဘက် လှည့်ကြည့်တော့လည်း ဒါတွေပဲ မြင်တယ်"။

"အဲဒါဆို မကောင်းသေးဘူး"။

လူတွေ ရှိနေသ၍ မကောင်းသေးဘူးလို့ ပြောတာ နားလည်လား။

အဲဒါ နိုင်ငံရေး ကာတွန်းပေါ့ကွ။ အဲဒါ လူတွေရှိနေသ၍ ဘယ်တော့မှ မကောင်းဘူးလို့ ပြောတာ။ အဲဒါ မှတ်ထား။

မင်းတို့ စာရေးဆရာကောင်း ဖြစ်ချင်ယင် ခုနတုန်းက ပြောခဲ့တဲ့ စာဖတ်ကောင်း ဖြစ်အောင် ကြိုးစားပါ။

အေး စာဖတ်ကောင်းဖြစ်မှ စာရေးဆရာကောင်းဖြစ်မှာ။ စာဖတ်ကောင်း မဖြစ်သ၍ ဘယ်တော့မှ စာရေးဆရာဖြစ်မှာ မဟုတ်ဘူး။

ပြီးတော့ စာရေးတယ်ဆိုတာ တချို့နေရာတွေမှာ ဝိဘတ်ကို ဖြုတ်ရေးရတယ်။ "ဝိဘတ်ကို ဖြုတ်ရေးမှ ကောင်းမလား၊ ဝိဘတ်ထည့်ရေးမှ ကောင်းမလား" အဲဒါ စဉ်းစားရတယ်။

ဉပမာအားဖြင့် ငါရေးတဲ့ မစိုးရိမ်သမိုင်းစာအုပ် တအုပ်မှာ "ဩဝါဒ ခံယူပြီ"လို့ ခေါင်းစဉ်ရေးပြီး စာပေစိစစ်ရေးအဖွဲ့ကို တင်လိုက်တယ်။

အဲ ဘာဖြစ်တုန်းဆိုတော့ သူတို့က "ကို"ဆိုတဲ့ ဝိဘတ်ကို ထည့်လိုက်တယ်။ "ဩဝါဒကို ခံယူပြီ"တဲ့။ သူတို့ထည့်လိုက်တာ မှန်ပါတယ်။ ဒါပေမယ့် "ဩဝါဒကို ခံယူပြီ"ဆိုတဲ့ စာလုံးနဲ့ "ဩဝါဒ ခံယူပြီ"ဆိုတဲ့ စာလုံး ဖတ်တဲ့နေရာမှာ ဘယ်စာလုံးက ပိုသွက်မယ် ထင်တုံး? (ဩဝါဒ ခံယူပြီ-ဆိုတဲ့ စာလုံးပါ ဘုရား)

http://www.dhammadownload.com



အေး ဟုတ်တယ်။ အဲဒါက ပိုသွက်တယ်။ ဒီနေရာမှာ ကို-ဆိုတဲ့ဝိဘတ် ထည့်ရမယ် ဆိုတဲ့ စကားလုံး မထည့်လည်း လူတိုင်းသိတယ်။ မြန်မာစာ ဖတ်တတ်တဲ့ သူတိုင်း သိတယ်။ အဲဒါ သိပြီးသားကိစ္စကို ပြင်ပြီးတော့ ဝိဘတ် (preposition)ကို ဖြုတ်ပြီးတော့ ရေးရတယ်။

အဲဒီဝိဘတ်တွေကို တချို့က လျှောက်ပြီးထည့်တော့ မမှားတော့ မမှားဘူးပေါ့ကွာ။ စာဖတ်တော့ ထောက်နေတာပေါ့။ ဘယ်ဘာသာပဲ ဖြစ်ဖြစ် ဝိဘတ်တွေ ထောက်နေမယ်ဆိုယင် မထည့်ဘဲနဲ့ ဖြုတ်ပြီးတော့ ရေးရတယ်။ **အဲဒါ မှတ်ထား။**

စာရေးဆရာ ဖြစ်ချင်ယင် ဝိဘတ်ကို မြန်မာမှာရော အင်္ဂလိပ်မှာရော ဖြုတ်သင့်ယင် ဖြုတ်ရတယ်။

ပြီးတော့ စာအုပ်ကို ဆွဲဆောင်မှုရှိအောင် ခေါင်းစီး တပ်ရတယ်။ အဲဒါကလည်း အရေးကြီးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိကို ငါက ရေးတယ်။ အဲဒီ အထဲမှာ ငါက ခေါင်းစီးကို ဘယ်လို တပ်တယ်မှတ်လဲ။ "ရက်စက်ပါပေ့ အမာရယ်" အေး-ရေးတာက ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိ၊ ပါနေတာက "ရက်စက်ပါပေ့ အမာရယ်"၊ အမာဆိုတဲ့ မိန်းကလေးနဲ့ ဆရာတော်ကြီးနဲ့ ဘယ်လိုများ ဖြစ်ပါလိမ့်။ ဖတ်တဲ့လူက အဲဒီလို တွေးမှာပေါ့ကွ။ အမာဆိုတဲ့ မိန်းကလေးနဲ့ ဆရာတော်ကြီးနဲ့ အချစ်ကွဲ ကွဲကြသလား ဘာလား။ ဒီလို သူတို့ စဉ်းစားမှာပေါ့။ စာအုပ်ကို စာဖတ်တဲ့ ပုဂ္ဂိုလ်ကို ဆွဲဆောင်နိုင်အောင်လို့ ခေါင်းစဉ် တပ်တယ် ခေါ်တယ်။ **အေး မင်းတို့ မှတ်ထား။**

စာရေးဆရာ ဖြစ်အောင်ဆိုယင် သင်တန်းတက်ရုံနဲ့ မရသေးဘူး။ ကိုယ်ကိုယ်တိုင် စာဖတ်ရတယ်။ ရေးကာစဆိုတာ ဘယ်သူ့ စာမှုဖြစ်ဖြစ် များသောအားဖြင့် အပယ်ခံရမှာပဲ။ ဘာဖြစ်လို့တုန်းဆိုတော့ ကလောင်သစ်ဖြစ်နေလို့။

မင်းတို့ **ဂျာနယ်ကျော်မမလေး**ဆိုတာ ကြားဖူးလား? (ကြားဖူးပါဘုရား) ဂျာနယ်ကျော် မမလေး စာရေးကာစတုံးက ဘယ်လိုဖြစ်သွားတုံး သိလား? (မသိပါဘုရား)

မြန်မာ့အလင်းမှာ **ဂျာနယ်ကျော် ဦးချစ်မောင်**က အယ်ဒီတာလုပ်တယ်။ ဂျာနယ်ကျော် မမလေးက သူ့မြို့ကနေပြီး မြန်မာ့အလင်းသတင်းစာကို ဆောင်းပါးတပုဒ် ရေးပြီး ပို့တယ်။ အဲဒီဆောင်းပါးက ကောင်းလည်းကောင်းပါတယ်။ အကြောင်းအရာကလည်း ပြည့်စုံတယ်။

ဒါပေမယ့် တာဝန်ခံအယ်ဒီတာက ဆောင်းပါးကို ဖတ်ပြီး အဲဒီဆောင်းပါးကို အမှိုက်ခြင်းထဲ ထည့်ပစ်လိုက်သည်၊ အမှိုက်ခြင်းထဲ ထည့်လိုက်တော့ သတင်းစာတိုက်တို့ ဂျာနယ်တိုက်တို့က အမှိုက်ခြင်းထဲ ရောက်သွားတဲ့ ဆောင်းပါး ဘယ်ထည့်လိမ့်မလဲ။ မထည့်ချင်လို့ကို အမှိုက်ခြင်းထဲ ထည့်လိုက်တာ။ အဲဒါ တာဝန်ခံအယ်ဒီတာက ဂျာနယ်ကျော်မမလေး စာရေးဆရာပေါက်စ ဆောင်းပါးကို အမှိုက်ခြင်းထဲ ထည့်လိုက်တယ်။

http://www.dhammadownload.com



နောက် ဂျာနယ်ကျော် ဦးချစ်မောင်က အဲဒီ အမှိုက်ခြင်းကို ပြန်ရှာတော့ အဲဒီဆောင်းပါး တွေ့တယ်။

ဟာ ဒီဆောင်းပါးက အချက်အလက်လည်း ပြည့်စုံတယ်။ အရေးအသားလည်း ကောင်းတယ်။ ဘာဖြစ်လို့ တာဝန်ခံအယ်ဒီတာက အမှိုက်ခြင်းထဲ ထည့်လိုက်ပါလိမ့်။ ပြန်ဖတ်ပြီးတော့ ဂျာနယ်ကျော်မမလေးဆီ စာရေးတယ်။

အကြောင်းအရာလည်း ကောင်းပါတယ်။ အရေးအသားလည်း ကောင်းပါတယ်။ တာဝန်ခံအယ်ဒီတာက အမှိုက်ခြင်းထဲ ထည့်လိုက်တယ်။ အဲဒီဆောင်းပါးနဲ့ ပတ်သက်ပြီး အကြောင်းအရာဟာ ခုထိ ရှင်ဆဲပဲ ရှိသေးလား? ဖြစ်သွားတာ ကြာပြီလား?

ရှင်ဆဲပါပဲ။ ခုနေ ရေးလဲ ရပါတယ်။ ဂျာနယ်ကျော်မမလေးက စာပြန်ရေးလိုက်တော့ အဲဒီ ဆောင်းပါးကို မြန်မာ့အလင်းသတင်းစာက ထည့်ပေးတယ်။ အယ်ဒီတာတယောက် ပယ်ပေမယ့် အယ်ဒီတာတယောက်က ပြန်ပြီး သုံးတာလဲ ရှိတယ်။

မင်းတို့လည်း ဖတ်ဘူးတာ မဟုတ်ပဲနဲ့ ရမ်းဖြီးနေတာ။ မင်းတို့ စာမူဆို အစဆုံး စာမူ ပယ်ခံရမှာ။

ဟိုတုန်းက **ကထိကဦးကျော်ရင်**ဆိုတာ ရှိတယ်။ မင်းတို့ ကြားဘူးလား ဘယ် တက္ကသိုလ်ကတုန်း? (မသိပါဘုရား) အေး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ပေါ့။ အစကတော့ ကထိကဦးကျော်ရင်တဲ့။ နောက်တော့ ပါမောက္ခချုပ် ဖြစ်ရော။

သူက ငယ်ငယ်တုံးက စာရေးတယ်။ သူ့ရဲ့ဆောင်းပါးကို ပုံနှိပ်နဲ့ တွေ့ရတော့ ဝမ်းသာတာ ပေါ့ကွာ။ အဲဒီ မဂ္ဂဇင်း သူ့ဆောင်းပါးပါတဲ့ စာမျက်နှာကို လက်နဲ့ ညပ်ပြီးတော့ သူ့ သူငယ်ချင်းတွေရှေ့ သွားဖတ်ပြတာ သူ့သူငယ်ချင်းတွေက ကစားနေကြ ဆော့နေကြတာ။

သူက "ဘာစာအုပ်လဲကွာ ဘာလဲကွ" အဲဒီလို မေးစေချင်တာ။ ဟိုကောင်တွေက သူ့ကို တယောက်မှ အရေးမစိုက်ဘူး။ အရေးမစိုက်တော့ အရေးစိုက်အောင် "ဟေ့ မင်းတို့ ဒီစာအုပ် ဖတ်ပြီးပြီလား? မြှောက်ပြလိုက်တယ်။ မဖတ်ရသေးပါဘူးကွာ။ ဘယ် မဂ္ဂဇင်းတုံးကွ? ဘာ ဂျာနယ်တုံးကွ? သူက သူရေးတာကို သိစေချင်တာကိုကွ။ သူ့သူငယ်ချင်းတွေကို ကြွားချင်တာ။ ကြွားချင်တော့ ဒီမှာကွ ငါးရေးတဲ့ ဆောင်းပါး။ သူ့သူငယ်ချင်းတွေက ကြည့်ပြီးတော့ "ဒါလားကွ မင်းရေးတဲ့ ဆောင်းပါး" "အေး ဟုတ်တယ်" သွားကွာဆိုပြီး စာအုပ်ကို လွှင့်ပစ်လိုက်တယ်။

အဲဒါ ပထမဆုံးရေးတဲ့ ဆောင်းပါးကို ပုံနှိပ်စာလုံးအနေနဲ့ ပထမဆုံး မြင်ရတော့ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး သူငယ်ချင်းတွေကို ကြွားတာ။ သူ့သူငယ်ချင်းတွေက တယောက်မှ မယုံဘူး။ "ဒါ ငါရေးတာပါ"လို့ ဘုရားစူးကြိမ်ပြောသော်လည်း မယုံဘူး။ အဲဒါ မှတ်ထား။

မင်းတို့လည်း ရေးကြည့်။ ပထမဆုံးဆောင်းပါးကတော့ ဘယ်သူငယ်ချင်းကမှ ယုံမှာ မဟုတ်ဘူး။ အဲဒါ ပထမဆုံးဆောင်းပါး အနေနဲ့ဆိုယင် "ဒါ မင်းရေးတာ မဖြစ်နိုင်ဘူး" လို့ ဦးကျော်ရင် အပြောခံရသလို မင်းတို့လည်း အပြောခံရမှာ။

http://www.dhammadownload.com



မင်းတို့ စာစာက ငါပြောတာ မှတ်ထား။ စာရေးဆရာကောင်း ဖြစ်ချင်ယင် စာဖတ်ကောင်းအောင် ဂျောင်းဂျောင်းဂျောင်းဂျောင်းနဲ့ နေအောင် ဖတ်ပါ။

ပြီးတော့ စာရေးဆရာတွေဟာ အမျိုးမျိုးရှိတယ် ဝါကျတည်ဆောက်ပုံ။ အဲဒီ ဝါကျတည်ဆောက်ပုံ အမျိုးမျိုးရှိတယ်။ ဥပမာ-**ဆရာရွှေဥဒေါင်း**၊ သူ့စာကို များများဖတ်၊ ကြာတော့ သူ့ရဲ့မူ သူ့ရဲ့အိုက်ဒီယာပေါ့ကွာ သူ့လိုပဲ ဖြစ်သွားတာ။ **သိန်းဖေမြင့်**စာကို ဖတ်လို့ရှိယင် ကြာတော့ သူ့အိုက်ဒီယာ ဖြစ်သွားတာ။

အခု စာရေးဆရာတယောက် သိန်းဖေမြင့် အတုခိုးထားတာ။ မဟုတ်ပါဘူးဗျာ ဘာဗျာဆိုတာ သိန်းဖေမြင့် အတုခိုးတာ။ သိန်းဖေမြင့်က ဗိုလ်တထောင်မှာ ဆောင်းပါးတွေ ရေးတယ်မို့လားကွ။ ပင်တိုင်ဆောင်းပါးတွေ။ ဟိတ်ကောင် (စာရေးဆရာ) မှတ်မိလား? (မှန်ပါဘုရား၊ **ပွင့်ပွင့်လင်းလင်း ပြောပါရစေ-ပါ**) အေး ဟုတ်တယ်။ အဲဒီဆောင်းပါးကို ဗိုလ်တထောင်မှာ ပင်တိုင်ဆောင်းပါးတွေ ရေးတယ်။

အခု စာရေးဆရာတယောက်က အဲဒါကို အတုခိုး ရေးထားတယ်။ မဟုတ်ပါဘူးဗျာ ဘယ့်နှယ်ဗျာ ညာနှယ်ဗျာနဲ့ စသည်ဖြင့်ပေါ့ အဲဒီလို၊ သိန်းဖေမြင့် အတုယူတာ ယူပေမယ်လို့ သိန်းဖေမြင့် မှီသလားဆိုတော့ မမှီဘူး။ ဟုတ်လား အမှန်အတိုင်း ပြောတာ။ မမှီဘူးပေါ့။ အတုယူရင်လည်း မှီအောင်ကို အတုယူကြ။ အဲဒါမှ ကောင်းတာ။

အဲ မင်းတို့ စာရေးဆရာ ရွှေဥဒေါင်းကို အတုယူမယ်ဆိုယင် တကယ့်ကို တူအောင် တု။ စာရေးဆရာကြီး ရွှေဥဒေါင်းက ဝါကျအစပ်တွေ သမ္ဗန္ဓအစပ် ကောင်းတယ်။ သမ္ဗန္ဓဆိုတာ ဝါကျတခု ပြီးချင်ရင် ရပြီ။ မပြီးချင်သေးလို့ သမ္ဗန္ဓဆက်ပြီး နောက်ဝါကျ ရေးတာ။ အဲဒီ အဆက်အစပ်တွေမှာ ရွှေဥဒေါင်းက ကောင်းတယ်။ ဆရာကြီးရွှေဥဒေါင်းရဲ့ စာတွေ များများဖတ်ဖို့ လိုတယ်။ မင်းတို့ ဘယ်နှစ်အုပ် ဖတ်ဘူးတုံး? တအုပ်မှ မဖတ်ဘူးလား? (ဖတ်ဘူးပါဘုရား) ဘာဖတ်ဘူးတုံး? (တသက်တာ မှတ်တမ်းပါဘုရား)

အေး တသက်တာမှတ်တမ်း ဘယ်နှစ်ခေါက် ဖတ်ဘူးတုံး? (တခေါက်ပါဘုရား)

အေး မင်းတို့ များများဖတ်၊ တသက်တာ မှတ်တမ်းမှာ ဟာသလေးတွေ ပါတယ်။ ဂျပန်ခေတ်မှာ ဂျပန်တွေက လေယာဉ်နဲ့ ဗုံးချတော့ ဗုံးကျင်းထဲ ပုန်းရတာ။ ခြင်တွေက မကိုက်ဘူးလား? (ကိုက်ပါဘုရား) ကျွန်တော်တို့ကသာ ဗုံးကြောက်တာ ခြင်တွေက ဗုံးမကြောက်ဘူးတဲ့။ ဟုတ်လား။

အဲဒါ ဟာသလေးတွေ ဝါးလုံးထိုးရယ်ရတဲ့ ဟာသမျိုး မဟုတ်ဘူး။ ကြောက်တာလေး နှိုင်းထားတာပေါ့။ လူက သိတော့ ဗုံးကို ကြောက်တာ။ ခြင်က ဗုံးကို မကြောက်ဘူး။ အဲဒါ မှတ်ထား။ အဲဒီ စာရေးကောင်းတဲ့ စာရေးဆရာကြီးတွေရဲ့ စာကို မင်းတို့ များများ ဖတ်ရမယ်။

**လူထုဦးလှ**တို့ **လူထုဒေါ်အမာ**တို့ ပြီးတော့ ခုနက မင်းတို့ကို ပြောခဲ့တဲ့ ဂျာနယ်ကျော် မမလေးတို့ ရေးတဲ့ စာတွေကို ဖတ်ရတယ်။

http://www.dhammadownload.com



ဂျာနယ်ကျော်မမလေးရဲ့ "မုန်း၍မဟူ" ဖတ်ဘူးလား? အဓိကအကြောင်းကတော့ အဆုပ်နာ တီဘီရောဂါကို မြန်မာဆေးနဲ့ဆိုယင် ခတ်စာနဲ့တောင် ပျောက်တယ်တဲ့။ အဓိက အဲဒါပဲ သူ့ရဲ့ ရည်ရွယ်ချက်ပဲကွ။ အေး အဲဒါ မှတ်ထား။

စာရေးဆရာ တကယ်ဖြစ်ချင်တယ်ဆိုယင် စာများများရေး။ စားများများဖတ်။ အဲဒီလိုဆိုယင် စာရေးဆရာ ဖြစ်ပါလိမ့်မယ်လို့ တိုက်တွန်းယင်း ငါ့ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။ "သာဓု၊ သာဓု၊ သာဓု"

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက
မစိုးရိမ်တိုက်သစ် နာယကချုပ်
မဟာအောင်မြေ။ မန္တလေး။
၆. ၈. ၂၀၁၁

**(စာရေးဆရာဖြစ် သင်တန်းသားများ၏ လေ့ကျင့်ရေးသား စာပေများ-စာအုပ်မှ)**

http://www.dhammadownload.com



## "တကာများ သံဃာများဘဝကို ပြောင်းလဲစေခဲ့သော စကားတော်များ"

### "တမြက်လှဲငှားရင် ကိုယ့်ကို ငှားပါ"

စာရေးသူသည် မစိုးရိမ်ဆရာတော် ဘုရားကြီး၏ ထံပါးသို့ ကိုရင်ဘဝက စ၍ ဆည်းကပ်ခဲ့၏၊ ဆရာတော်ကြီး အမိန့်ရှိသမျှမှာ အချို့ ပြုံးရွှင်ဖွယ် ကောင်းသလောက် မှတ်သားဖွယ်ရာလည်း ကောင်း၏၊ အချို့ကို စာနှင့်ရေး၍ မှတ်သား၏၊ စာနှင့် မမှတ်မိသော မှတ်သားဖွယ်ရာ များစွာတို့ကား ပျောက်ပျက်ကုန်တော့သည်၊ ပြန်လည်စဉ်းစား၍လည်း ပေါ်မလာတော့၊ မှတ်သားထားမိသမျှမှ အချို့ကို ယခု ပြန်လည်တင်ပြပါမည်။

### "ကိုယ် တမြက်စည်း လှဲမယ်"

ဆရာတော်သည် တမြက်လှဲ ရေခပ်စသော ကျောင်း၌ ပြုလုပ်ရမည့် လုပ်ငန်း (သေနာသန ဝတ်)များကို စာချနာယက စာသင်သားဟု မခွဲခြားပဲ ပြုလုပ်စေလို၏၊ မစိုးရိမ်စာချနာယကများ တမြက်လှဲခြင်း စသောဝတ် မပြုလုပ်ဟု သိရလျှင် ပြုချင်လာအောင် တရားဟောလေ့ရှိ၏၊ အသာတကြည် တရားဟော၍ မရလျှင်ကား ငေါ့တော့တော့ ပြော၍ လုပ်စေခဲ့၏၊

မစိုးရိမ်တိုက် ပါဠိတက္ကသိုလ်ဖွင့်စက အဖြစ်အပျက်တခုကို မှတ်မိသေးသည်၊ အစိုးရ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့မှ စာချကထိကများအား လစာဆွမ်းဆန်တော် နဝကမ္မ ဝတ္ထုငွေ လှူဒါန်းသည့်အပြင် ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွက် အထွေထွေ အသုံးစရိတ်ကိုလည်း သတ်မှတ်လှူဒါန်းခဲ့၏၊

မစိုးရိမ်တိုက်ကြီးအတွင်းမှ ဂန္ဓကူရနယူပဒေသကျောင်းကို ပါဠိတက္ကသိုလ် စာချကျောင်း အဖြစ် သတ်မှတ်ခဲ့ကြသည်၊ ပါဠိတက္ကသိုလ်စာဝါဟူသမျှ ဂန္ဓကျောင်း၌သာ လာရောက်ပို့ချကြသည်၊ ပါဠိတက္ကသိုလ်ကျောင်းသားများကလည်း ဂန္ဓကျောင်းသို့သာ စာဝါလာ၍ လိုက်ကြရသည်၊

ဂန္ဓကျောင်းအတွက် နေ့စဉ် ဖုံသုတ် တမြက်လှဲစသော ဝတ်များပြုလုပ်ရန် လိုလာ၏၊ တနေ့ ဆရာတော့် ရှေ့မှောက်တွင် မစိုးရိမ်ပါဠိတက္ကသိုလ်ကထိက စုံညီ အစည်းအဝေး ပြုလုပ်ကြ၏၊

ယင်းအစည်းအဝေး၌ ခေတ်ဆံလိုသော ကထိကတပါးက

"ပါဠိတက္ကသိုလ် ကျောင်းများအတွက် အထွေထွေ အသုံးစရိတ် လှူဒါန်းထားလို့ အဲဒီ အသုံးစရိတ်ထဲမှ ပါဠိတက္ကသိုလ်စာချကျောင်းမှာ တမြက်လှဲ ဖုံသုတ် ကြမ်းတိုက်စတဲ့ ဝေယျာဝစ္စများ ပြုလုပ်ဖို့ အလုပ်သမား ငှားရမ်းထားသင့်ပါတယ် ဘုရား"ဟု လျှောက်ထား၏၊

သည်တွင် ဆရာတော်က

"ဦးပဉ္စင်းတို့! တမြက်လှဲ ဖုံသုတ်ငှားရင် ငှားလေ၊ ငှားမယ်ဆိုရင် ကိုယ့်ကို ငှားကြပါ၊ တလ ဘယ်လောက်နဲ့ ငှားကြမလဲ၊ ကိုယ်လုပ်ပါ့မယ်"ဟု အမိန့်ရှိလိုက်၏၊ နာယကကထိကများလည်း ဘာမျှ ပြန်မလျှောက်ရဲကြ၊

http://www.dhammadownload.com



တဖန်ဆက်လက်၍

"ကျောင်းတိုက်မှာ တမြက်လှဲဖို့ ဖုံသုတ်ဖို့ ကြမ်းတိုက်ဖို့စတဲ့ သေနာသနဝတ်ဆိုတာ စာချစာသင်သားမရွေး ကျောင်းတိုက်မှာ သီတင်းသုံး နေထိုင်တဲ့ သံဃာမှန်သမျှ အားလုံး တာဝန်ရှိတာဘဲ၊ ကိုယ်လုပ်ရမဲ့ တာဝန်ကို မလုပ်ဘဲနဲ့ ငှားရမ်းကြမယ်ဆိုရင် ဦးပဥ္စင်းတွေကလဲ ဘာမဆို အခနဲ့ ငှားရမ်းမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဝင်ကုန်တော့မှာပေါ့၊ လယ်တီဆရာတော်ဘုရားကြီးတို့ဆိုရင် ကိုယ်တိုင် လယ်တီကျောင်းတိုက်ကြီးထဲမှာ တမြက်လှဲတယ်၊ စာသင်သားများ မျက်နှာသစ်ဖို့ ဆွမ်းခံပြန် ခြေဆေးဖို့ ရေခပ်ကုသိုလ် ပြုတယ်၊ ဦးပဥ္စင်းတို့နဲ့တော့ တခြားစီဘဲ"

ကထိကများလည်း ဆရာတော်၏ သဘောထားကို နားလည်ကြသဖြင့် တမြက်လှဲ ဖုံသုတ် ကိုယ်တိုင် ပြုလုပ်ကြတော့၏။

## "သနပ်ခါးလိမ်း အရေးတော်ပုံ"

ကြာတော့ ကြာပါပြီ၊ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော်က ဖြစ်၏၊ မစိုးရိမ်ဆရာတော်သည် ထိုစဉ်က မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်းတွင် သီတင်းသုံးဆဲ ဖြစ်လေသည်၊ ပါဠိကျောင်း၌ စာသင်သားသံဃာ ၈ဝကျော်ခန့် ရှိ၏၊ ဆရာတော်သည် စာသင်သားသံဃာ ၈ဝကျော်အား တပါးတည်း အုပ်ချုပ်ရန် ခဲယဉ်းလှသဖြင့် စာသင်သားသံဃာများမှ သိက္ခာဝါ အကြီးဆုံး ဦးနေမိန္ဒအား ကူညီအုပ်ချုပ်ရန် လွှဲအပ်ထား၏၊

စာသင်သားများသည် ငယ်ရွယ်သူများပီပီ ဝိနည်းတော်နှင့် မလျော်သော အပြုအမူကို ပြုမူတတ်ကြ၏၊ ယင်းသို့ ပြုမူသည်ကို တွေ့ရလျှင် ဖျောင်းဖျတရားဟော ဆုံးမရန် ဦးနေမိန္ဒအား ပြောကြားထား၏၊

ထိုစဉ်က စာသင်သား ထက်ဝက်ကျော်ကျော်သည် ညပိုင်းဆိုလျှင် သနပ်ခါးလိမ်း၍ အိပ်တတ်ကြ၏၊ သနပ်ခါးလိမ်းသည့် စာသင်သားများတွင် ကြည့်ရှုပြောဆိုရန် လွှဲအပ်ထားသည့် ဦးနေမိန္ဒလည်း ပါဝင်နေလေသည်။

ဆရာတော်သည် ထိုအကြောင်းကို သိရှိသဖြင့် တနေ့တွင် ဦးနေမိန္ဒအား ခေါ်ယူ၍ စာသင်သားများကို ဆုံးမရန် ထပ်မံလွှဲအပ်ပြန်သည်၊

"စာသင်သား ဦးပဥ္စင်းငယ် ကိုရင်ငယ်များကို အမြင်မတော်တာ တွေ့ရင် ကြည့်ရှုပြောဆိုဆုံးမဘို့ ဦးပဥ္စင်းကို လွှဲအပ်ထားတာဘဲ၊ ဦးပဥ္စင်း ပြောဆိုဆုံးမလို့ ထင်ပါရဲ့ အရင်နဲ့စာရင် အတော်ကလေး သေသေဝပ်ဝပ် ဖြစ်လာတာကို တွေ့ရတယ်၊ တခုရှိတာက ညပိုင်းဆိုရင် ကိုယ်တို့ကျောင်းပေါ်မှာ သနပ်ခါးစော် သိပ်မွှေးတယ်ဗျ၊ ကိုယ်က ဦးပဥ္စင်းတွေ ကိုရင်တွေ သနပ်ခါး လိမ်းကြတယ်လို့ ထင်နေတယ်၊ သနပ်ခါးလိမ်းတာ တွေ့ရင် ဦးပဥ္စင်း ကြည့်ပြောနော်၊ မလိမ်းကြစေနဲ့"။

ဦးပဥ္စင်း ဦးနေမိန္ဒသည် ဆရာတော် ခေါ်ယူပြောဆိုသည့် နေ့မှစ၍ သူကိုယ်တိုင် သနပ်ခါး မလိမ်းတော့၊ ဦးပဥ္စင်းငယ် ကိုရင်ငယ်များ သနပ်ခါးလိမ်းသည်ကို တွေ့ရလျှင်လည်း ဆုံးမ ပြောဆိုတော့၏၊ ထိုအချိန်မှစ၍ သနပ်ခါးလိမ်း အရေးတော်ပုံလည်း အောင်မြင်စွာ ပြီးဆုံးသွားလေတော့သည်။

http://www.dhammadownload.com



## "ဆားငန်လျှင် မယားကို ရန်မတွေ့နဲ့"

ဆရာတော်သည် အဘိဓမ္မာပို့ချရာ၌ သဘာဝကျကျ လောကနှင့် ဟပ်မိအောင် ပြောဆိုပို့ချတော်မူလေ့ရှိ၏၊ ဆဋ္ဌသံဂါယနာခေတ် ရန်ကုန်၌ ကြွရောက်၍ သိတင်းသုံးစဉ် ရန်ကုန်တက္ကသိုလ်ကထိက ဦးလှမောင် (ယခု သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ဦးဆောင်သော တကာအတော်များများ ဆရာတော်ထံ အဘိဓမ္မာ သင်ယူကြ၏၊

တနေ့တွင် ဆရာတော်က "မင်းတို့ ထမင်းစားပွဲမှာ ဟင်းတခွက် ဆားငန်နေလျှင် အဘိဓမ္မာသဘောအရ ဘယ်သူ့ကို အပြစ်တင်မလဲ"ဟု မေးမြန်းလိုက်၏၊

ဦးလှမောင်က "ထမင်းချက်တဲ့ အိမ်ရှင်မက ဆားမပြည်းဘဲ မဆင်မခြင် ထည့်တာကိုး၊ အိမ်ရှင်မကိုဘဲ အပြစ်တင်ရမယ် ဖြစ်ပါတယ်ဘုရား"ဟု လျှောက်လေသည်၊ ထိုအခါ ဆရာတော်က မေးတော်မူသည်။

ဆားငန်တဲ့ အရသာကို သိတဲ့စိတ်က ဘယ်စိတ်လဲ?

ဇိဝှါဝိညာဏ်စိတ်ပါဘုရား။

ကုသလဝိပါက် ဇိဝှါဝိညာဏ်လား၊ အကုသလဝိပါက် ဇိဝှါဝိညာဏ်လား?

အကုသလဝိပါက်ပါဘုရား။

အကုသလဝိပါက်ဆိုတာ ကုသိုလ်အကျိုးလား အကုသိုလ်အကျိုးလား?

အကုသိုလ်အကျိုးပါဘုရား။

ဒါဖြင့် ဟင်းချက်တဲ့ အိမ်ရှင်မနဲ့ မဆိုင်ပါဘူးကွ၊ ကိုယ့်အကုသိုလ်က ကိုယ့်ကို ပြန်အကျိုးပေးတာပါ။

တကာကြီးဦးလှမောင်တို့လည်း ဆရာတော်က သဘာဝကျကျ ရှင်းလင်းပြသဖြင့် "ဆားငန်လျှင် မယားရန်မတွေ့တော့ပါဘုရား"ဟု လျှောက်ထားခဲ့ရတော့၏။

## "စက်ရှင်တရားသူကြီးတယောက်"

အဘိဓမ္မာသဘောတရားနှင့် ပတ်သက်၍ စက်ရှင်တရားသူကြီး ဦးဘအောင်အား တရားဟောပုံမှာလည်း မှတ်သားဘို့ ကောင်းလှ၏၊ စက်ရှင်တရားသူကြီးဟူသည် သေစားသေစေ အမိန့်ပေးတန် ပေးရ၏၊

ဦးဘအောင်သည် ဆရာတော်ထံ အဘိဓမ္မာသင်ယူရင်း "တရားသူကြီးများက သေစားသေစေလို့ ဥပဒေအရ အမိန့်ပေးရတဲ့အခါ အဘိဓမ္မာသဘောအရ တရားသူကြီးမှာ အပြစ်ရှိ/မရှိ သိပါရစေဘုရား"ဟု လျှောက်ထား၏၊

ဆရာတော်က ဖြေကြားတော်မူသည် "အဘိဓမ္မာဆိုတာ သိမ်မွေ့တယ် တကာကြီး၊ နေ့စဉ်ထမင်းစားတာက အစ မဆင်မခြင်စားရင် အပြစ်ဖြစ်တာဘဲ၊ လှဘို့ ပဘို့ ဝဘို့ ဆိုတဲ့ စိတ်ထားတွေနဲ့ ထမင်းစားယင် ထမင်းစားတုန်း အဘိဓမ္မာသဘောအရ အကုသိုလ် လောဘဇောတွေ ဖြစ်နေတာဘဲ၊

အဋ္ဌကထာများမှာ သေစားသေစေ အမိန့်ချမှတ်ရမည့် တရားခံအတွက် ပရိယာယ်သုံးပြီး

http://www.dhammadownload.com



**"ချမ်းသာစွာ အိပ်ပါစေ"**လို့ အမိန့်ချမှတ်လဲဘဲ ဖရုသဝါစာ အကုသိုလ် ဖြစ်တယ်လို့ လာတယ်"။

တကာကြီးဦးဘအောင်သည် ဆရာတော်၏ အဘိဓမ္မတရားကို နာယူရသဖြင့် စက်ရှင်တရားသူကြီးအဖြစ်မှ အငြိမ်းအပိုင် ထွက်စာတင်လေသည်ဟူ၏။

ဦးရာဇဓမ္မာဘိဝံသ
နာယကဆရာတော်
မစိုးရိမ်တိုက်သစ်၊ မန္တလေး

(သင့်ဘဝအောင်မြင်ရေး မဂ္ဂဇင်း၊ အတွဲ ၂၃၊
အမှတ် ၇၊ ဖေဖော်ဝါရီ။ ၁၉၇၆-ထုတ် စာအုပ်မှ)

http://www.dhammadownload.com



သင့်ဘဝ အောင်မြင်ရေး မဂ္ဂဇင်း
(၁၉၇၇-ခု မေလထုတ်)ပါ ဆောင်းပါး
ရေး-ဆရာတော် ဦးရာဇဓမ္မ
မန္တလေး မစိုးရိမ်တိုက်သစ်

---

## သခင်စိတ်နှင့် ကျွန်စိတ်

သခင်နိုင်ငံရေး ခေတ်ထစက ဖြစ်၏။ လူငယ်များသည် ဒို့ဗမာအစည်းအရုံးဟူ၍ တည်ထောင်ကာ အစည်းအရုံးဝင်များ၏ နာမည်ရှေ့၌ (ဦး, ဒေါ်, ကို, မောင်, မ)စသော စကားလုံးများကို ဖြုတ်ပြီးလျှင် ယင်းတို့အစား သခင်ဟူသော စကားလုံးကို ဝိသေသနတပ်၍ သုံးနှုံးကြ၏။ ဝိုင်အမ်ဘီ ဆရာတင်ရေးသည့် ဒို့ဗမာသီချင်းကလည်း မြန်မာတပြည်လုံး ခေတ်စားနေလေသည်။

တနေ့ သခင်နိုင်ငံရေးသမားများသည် မစိုးရိမ်တိုက်သို့ ရောက်ရှိလာကြ၏။ ဆရာတော်၏ တပည့်များလည်း သခင်နိုင်ငံရေး သမားများတွင် ပါဝင်လာသည်။ ဆရာတော်က မေးသည်။

"မင်းတို့ သခင်အသင်းတွေ တည်ထောင်တာတော့ ဟုတ်ပါရဲ့၊ သခင်စိတ်နဲ့ ကျွန်စိတ် ကွဲကြရဲ့လား?"

"အမိန့်ရှိပါဘုရား"

"ဖန်ခွက်တလုံး စားပွဲစွန်းမှာ တင်ထားတယ် ဆိုပါတော့ကွာ။ အိမ်ဖော်က မြင်ပေမယ့် အိမ်ရှင်က အသိမ်းမခိုင်းဘူးဆိုရင် သိမ်းမှာမဟုတ်ဘူး။ အိမ်ရှင်ကတော့ ကျကွဲချေရဲ့ဆိုပြီး မကွဲနိုင်တဲ့ နေရာရွှေ့ထားမှာပဲ။ ကျကွဲရင် သူ့ပစ္စည်း ဆုံးမှာကိုးကွ။ အေး မကွဲတန် မကွဲအောင် မလေလွင့်တန် မလေလွင့်အောင် မပျက်စီးတန် မပျက်စီးရအောင် ထိန်းသိမ်းတတ်တဲ့ စိတ်က သခင်စိတ်ခေါ်တယ်ကွ။

ကွဲဘာဖြစ်သလဲ။ ပျက်စီး ဘာဖြစ်သလဲ။ ငါ့ဟာမှ မဟုတ်ဘဲလို့ သဘောထားတဲ့ စိတ်က ကျွန်စိတ်ခေါ်တယ်။ ခိုင်းမှ စေမှ လုပ်တတ်တာဟာ ကျွန်ဘဲပေါ့ကွာ။

ဒို့နိုင်ငံမှာ သခင်အသင်းတွေ တည်ထောင်ပြီး သခင်စိတ်မွေးကြဖို့လဲ လိုသေးတယ်။ အသင်းသာ တည်ထောင်ပြီး စိတ်က သခင်စိတ် မရှိကြဘူးဆိုရင် မင်းတို့အသင်းဟာ အကျိုး သက်ရောက်မှာ မဟုတ်ဘူး"

## အတုခိုးလိုသောစိတ်

ကလေးများသည် လူကြီးလုပ်သမျှ ဟုတ်ဟုတ် မဟုတ်ဟုတ် အတုလိုက် ပြုလုပ်တတ်ကြ၏။ လူကြီးများကို အထင်ကြီးတတ်ကြ၏။ တပည့်များသည် ဆရာများကို အထင်ကြီးတတ်ကြ၏။ ဆရာလုပ်သမျှ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အတုယူပြုလုပ်တတ်ကြ၏။

မစိုးရိမ်ဆရာတော်သည် ညဝါချုပ်လျှင် ဆေးပြင်းလိပ်ခဲ၍ ချုပ်လေ့ရှိ၏။ ဆရာတော်၏ ဆေးပြင်းလိပ်ခဲသည့်စတိုင်ကို စာလိုက်စာသင်သားငယ်များက အတော် သဘောကျဟန်တူသည်။

http://www.dhammadownload.com



ဦးမာနိတသည် ဆရာတော်၏ ဆေးပြင်းလိပ်ခဲသည့်စတိုင်ကို သဘောကျလှသဖြင့် ဆရာတော်စတိုင်ကို အတုယူကာ ဆေးပြင်းလိပ်ခဲစ ပြုလေတော့သည်။ အစပဋမ၌ စွဲစွဲလမ်းလမ်း မဟုတ်လှ။ ဆရာတော့်စတိုင်ကို သဘောကျသဖြင့် ဆေးပြင်းလိပ် မကြိုက်ဘဲ ဟန်လုပ်ခဲ့ခြင်းသာ ဖြစ်သည်။ ဆေးပြင်းလိပ်ခဲရာ ပြာခွေ့ရာတို့၌ပင် ဆရာတော်နှင့် မတူ တူအောင် အတုယူ ပြုလုပ်၏။

နောက်ပိုင်း၌ ဆေးပြင်းလိပ် ဖြတ်မရအောင် စွဲလမ်းသွားလေသည်။ ထိုအဖြစ်ကို သက်တော် ၇၀-ကျော်လာပြီဖြစ်သော ဆရာတော်ဦးမာနိတ (ယခု ချောင်းဦးမွှေ့ရုံ ဆရာတော်)က သူကိုယ်တိုင် ဤသို့ အမိန့်ရှိလေသည်။

"ဒို့ ဆေးပြင်းလိပ်သောက်တတ်တာ မစိုးရိမ်ဆရာတော်ကြောင့်ပေါ့။ လူငယ်ဆိုတာ လူကြီးကို တယ်အတင်ကြီးတတ်တာကလား။ လူကြီးလုပ်သမျှ ဘာမဆို အကောင်းချည်း ထင်တတ်တယ်။ ဆရာတော် ဆေးပြင်းလိပ်ခဲပြီး စာချတာ သဘောကျတာနဲ့ ဆေးပြင်းလိပ် စသောက်ခဲ့တာ။ နောက်တော့ ဖြတ်မရတော့ဘူး။ တနေ့ကို ဆေးပြင်းလိပ် ၅-လိပ်လောက် ကုန်အောင်သောက်တယ်။ ဒူးနာလို့ ဆေးရုံတက်မှ ဆရာဝန်များရဲ့ ဖွတ်အဖြတ် ခိုင်းမှုကြောင့် ဆေးလိပ် ပြတ်သွားရတယ်။ နှစ်ပေါင်း ၅၀-ကျော်လောက် ဆေးပြင်းလိပ် စွဲစွဲလမ်းလမ်း သောက်ခဲ့တာ အခုမှ ပြတ်ပေတော့တယ်"

လူကြီးများသည် လူငယ်၏ ရှေ့မှောက်၌ အတုမယူသင့်သော ကိစ္စများကို မပြုလုပ်မိအောင် ရှောင်ကြဉ်သင့်လှသည်။

(သင့်ဘဝ အောင်မြင်ရေး မဂ္ဂဇင်းမှ
အတွဲ-၂၄၊ အမှတ် ၁၀။ ၁၉၇၇-ခု၊ မေလ။
၁၃၃၉-ခု၊ ကဆုန်လနှင့် နယုန်လ)

http://www.dhammadownload.com



## "အုပ်ချုပ်သူများ အမှားဝန်ခံ"

ရှင်ဘုရင်များသည် "ငါဘုရင်"ဟူသော မာနဖြင့် မိမိအမှားကို ဝန်မခံတတ်။ မှားမှန်းသိလျှက် ဖွတ်လုပ်တတ်ကြသည်။ တိုင်းပြည်အုပ်ချုပ်သူ မင်းအစိုးရများသည် "ငါအုပ်ချုပ်သူ"ဟူသော မာနဖြင့် အမှားကို ဝန်မခံတတ်၊ မှားမှန်းသိလျှက် ဖွတ်လုပ်တတ်ကြသည်။ ပရိယတ်ရာပေါင်းများစွာကို အုပ်ချုပ်နေသော စာသင်တိုက်ကြီး တတိုက်မှ ဆရာတော်များသည်လည်း "ငါဆရာတော်"ဟူသော မာနဖြင့် အမှားကို ဝန်မခံတတ်ကြ၊ မှားမှန်းသိလျှက် ဖွတ်လုပ်တတ်ကြသည်။

ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဒုတိယမြောက် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)ကား ထိုသို့ မဟုတ်ပါပေ။ မှားလျှင် မှားကြောင်း လွယ်ကူစွာ ဝန်ခံတတ်ပေသည်။

စာရေးသူသည် ကိုရင်ဘဝက (၁၃၁၂-ခုနှစ်မှ ၁၃၁၄-ခုနှစ်အထိ) မဟာဇောတိကာရာမ တိုက်တွင် နေထိုင်ခဲ့၏။ ငယ်-လတ်စာမေးပွဲကိုပင် ယင်းကျောင်းတိုက်မှ အောင်မြင်ခဲ့ပါသည်။ မဟာဇောတိကာရာမတိုက်၌ တနှစ်လျှင် သင်္ကြန် ဝါဆိုဦး ဝါကျွတ် သုံးကြိမ် မြို့တွင်းသို့ သံဃာကုန် ဆွမ်းခံကြွလေ့ရှိ၏။ ဆရာတော် တိုက်အုပ် တိုက်ကြပ် အားလုံး ဆွမ်းခံလိုက်ကြသည်။ သံဃာအားလုံး တပါးနှင့်တပါး အနေတော်ခြား၍ တန်းပြီး ဆွမ်းခံကြွကြရသည်။ အပါးနှစ်ရာကျော် သံဃာ တန်းကြီးကို ဖူးမြင်ရသည်မှာ ဘုရားရှင်လက်ထက် ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းခံ ကြွလာသည်ကို အောက်မေ့ဖွယ်ပင် ဖြစ်နေတော့သည်။ ဆွမ်းခံရာမှ ရရှိလာသည့် လက်ဖက်ခြောက် ဖယောင်းတိုင် ဆပ်ပြာစသည် ကုန်ခြောက်ပစ္စည်းများကို နေ့လည်တွင် ကျောင်း အသီးသီးသို့ ဝေခြမ်းပေးလေ့ရှိသည်။

၁၃၁၃-ခုနှစ် သင်္ကြန်အတွင်း၌ ဆွမ်းခံရာမှ ရရှိလာသည့် ပစ္စည်းများကို ထုံးစံအတိုင်း ဆွမ်းစားကျောင်းမှ သံချောင်းခေါက်၍ ဝေခြမ်းပေးလေသည်။ အခြားကျောင်းမှ ကိုရင်များကား အသီးသီး ဝေစု ယူသွားကြသည်။ ကျွန်ုပ်တို့ နေထိုင်သော **အသင်းကျောင်း**မှ ကိုရင်များကား တပါးမှ ဝေစု သွားမယူကြ၊ သူသွားယူနိုး ငါသွားယူနိုး ကိုရင်တွက် (ကျောင်းသားတွက်) တွက်နေကြသည်။ ဒီလိုနှင့် အသင်းကျောင်းအတွက် ဝေပုံသည် ဆွမ်းစားကျောင်း၌ ပကတိအတိုင်း ရှိနေ၏။

ဆရာတော်ကြီးက ဆွမ်းစားကျောင်းပေါ် တတ်လာပြီး ဝေပုံတခု ကျန်သဖြင့် ဆွမ်းစား ကျောင်း ဘုန်းကြီးကို မေးလိုက်၏။ ထိုစဉ်က ဆွမ်းစားကျောင်းဘုန်းကြီးမှာ ညောင်ဖြူပင် ဦးတိဿ ဖြစ်လေသည်။

ဆရာတော်- တိဿ! ဟိုဝေပုံက ဘယ်ကျောင်းအတွက်လဲ။

ဦးတိဿ- အသင်းကျောင်းအတွက်ပါဘုရား၊ သံချောင်းခေါက်ပေမဲ့ အသင်းကျောင်း က ကိုရင်တွေ လာမယူကြပါဘုရား။

ဆရာတော်- အသင်းကျောင်းက ကိုရင်တွေ အကုန်ခေါ်စမ်း။

http://www.dhammadownload.com



ဆရာတော်ကြီးက အခေါ်ခိုင်းသဖြင့် အသင်းကျောင်း ကိုရင်အားလုံး ဆရာတော်ကြီး ရှေ့မှောက် ရောက်လာကြသည်။ ရေဒဏ်သဲဒဏ် တခုခု ပေးတော့မည်ကိုလဲ သိနေကြ၏။

ဆရာတော်- မင်းတို့ အသင်းကျောင်း ကိုရင်တွေ သံချောင်းခေါက်သံ မကြားဖူးလား။

ကိုရင်များ- ကြားတယ်ဘုရား သူ့အလှည့် ကိုယ့်အလှည့် တွက်နေကြလို့ မလာကြတာ ဘုရား။

ကိုရင်များကား အမှန်အတိုင်းလျှောက်ထားကြသည်။

ဆရာတော်- ဪ မင်းတို့က ကိုရင်တွက် တွက်နေကြသကိုး၊ မင်းတို့ ကျောင်းနဲ့ ဆွမ်းစားကျောင်း ဘယ်လောက်မှ မဝေးဘူး၊ ခြေလှမ်းငါးဆယ်လောက်ဆို ရောက်တယ်၊ ဒါကို မင်းတို့က တွက်နေကြသေးတယ်၊ မင်းတို့ အကုန်ဒဏ်ပေးမယ် ဟို အုတ်လမ်းပေါ်မှာ ဖိနပ်မစီးပဲ တနာရီ မတ်တပ်ရပ်နေကြ။

ရာသီက တန်ခူးလ၊ အချိန်က နေ့တနာရီ ခြစ်ခြစ်တောက်ပူနေသည့် အချိန် တနာရီ မဆိုထားနဲ့ ဆယ်မိနစ် ပြည့်အောင်ပင် နေနိုင်ဖို့ ခဲယဉ်းလှ၏။ ကိုရင်အားလုံး အုတ်လမ်းပေါ် မတ်တပ် ရပ်နေကြသည်။ မိနစ်ပိုင်းသာ ကြာပါသည်။ ကိုရင်အားလုံး တသံတည်းထွက်လာကြ၏။

ဟော့ ဒီဒဏ်တော့ မထမ်းဘူး တိုက်က ထွက်ချင်ထွက်ရပါစေ။

တညီတညွတ်တည်း ကျောင်းပြန်သွားကြသည်။ မကြာပါချေ ဆရာတော်က အားလုံးကို ခေါ်ခိုင်းပြန်သည်။

ဆရာတော်- မင်းတို့ ဘာဖြစ်လို့ ဒဏ်မထမ်းပဲ ပြန်သွားကြတာလဲ။

ကိုရင်များအားလုံး ရဲရဲတင်းတင်း တသံတည်း ပြန်လျှောက်ထားကြသည်။

ကိုရင်များ- တပည့်တော်တို့ နေပူကြီးထဲ အုတ်လမ်းပေါ် မတ်တပ်ရပ် မနေနိုင်ပါဘုရား၊ ဒီပြင်ဒဏ် ပေးချင်ပေးပါ တိုက်ကထွက်ဆိုလဲ ထွက်ပါမယ်။

ဆရာတော်- ဘကြီး မှားပါတယ်၊ နောက် မင်းတို့ကလည်း ကျောင်းသားတွက် မတွက်ကြနဲ့။ (ဆရာတော်သည် ကိုရင်များနှင့် စကားပြောရာ၌ သူ့ကိုယ်သူ ဘကြီးဟု နာမ်စားသုံးတတ်၏။)

ယင်းအဖြစ်အပျက်ကို အသက်အတန်ရလာမှ ပြန်စဉ်းစားကြည့်ရာ ကိုယ့်အမှားကို ဝန်ခံရဲသော ဆရာတော်ကြီး ပေတကားဟု ကြည်ညိုမဆုံး ဖြစ်ရပါသည်။

## "အမှန်ပြင်ပေး သာသနာ့အရေး"

ကျွန်ုပ်တို့နေသည့် အသင်းကျောင်း၌ ၁၃၁၃-ခုနှစ်ခန့်က သံဃာ(၃၀)ကျော် ရှိ၏။ သမုန်းကုန်း သရက်ချိုအုပ်စု၊ မြင်းခြံ ပခုက္ကူအုပ်စု နှစ်ခုရှိလေသည်။ တအုပ်စုနှင့် တအုပ်စု သံဃာ အရေအတွက်မှာ ထက်ဝက်စီလောက်ပင် ရှိ၏။

ဇောတိကာရာမတိုက်၌ ကျောင်းသံဃာထုတည်းမှ ကျောင်းဘုန်းကြီး တင်မြောက်သည့် အစဉ်အလာရှိသည်။

သမုန်းကုန်း၊ သရက်ချိုအုပ်စုမှ ဦးစက္ကိန္ဒကို ကျောင်းဘုန်းကြီး တင်မြောက်ကြ၏။

http://www.dhammadownload.com



ဦးစက္ကိန္ဒသည် လွန်ခဲ့သည့် ၃+၄+နှစ်က စ၍ ကျောင်းဘုန်းကြီး တာဝန်ယူခဲ့သူ ဖြစ်လေသည်။ ထိုအစဉ်အလာအရ တင်မြှောက်ခြင်း ဖြစ်၏။ မြင်းခြံပခုက္ကူအုပ်စုက ယင်းကို မကြိုက်ပေ၊ ဦးတေဇဝန္တကို ကျောင်းဘုန်းကြီး တင်မြှောက်ရမည်ဟု အဆိုပြုကြ၏။

ကျောင်းဘုန်းကြီး (ကျောင်းခေါင်းဆောင်)သည် ဘာမှ အခွင့်အရေး ရသည်မဟုတ်။ ကျောင်းသံဃာ နေပုံထိုင်ပုံ အချိုးမကျလျှင် ဆရာတော်များ၏ ဆူပူကြိမ်းမောင်းမှု ခံရသေးသည်။ ယင်းသို့ အခွင့်အရေးမရသည့် ခေါင်းဆောင်ရာထူးကိုပင် သူရထိုက် ငါရထိုက်၊ သူ့လူ တင်ထိုက်၊ ငါ့လူ မြှောက်ထိုက် အငြင်းပွားကြသေး၏။ ယင်းကိစ္စ စာသင်သားချင်း ညှိုနှိုင်းမရတော့၊

ထိုစဉ်က ကျွန်ုပ်တို့ ကျောင်း၌ တိုက်ကြပ်ဘုန်းကြီး ဦးဝီရိယ (ယခု ဆရာကြီး ဦးမြင့်ထွန်း၊ ဗောဓိရိပ်သာ မန္တလေး) သီတင်းသုံးလေသည်။ ထိုက်ကြပ်ဘုန်းကြီးက စာသင်သားကြီးများကို ခေါ်၍ ညှိနိုင်းပေး၏ မရ။ ထိုက်ကြပ်ဘုန်းကြီးသည် ပြဿနာ ကြီးထွားလာမည်စိုးသဖြင့် ဆရာတော်ကြီးထံ တင်ပြ လျှောက်ထားလေသည်။ တနေ့တွင် ဆရာတော်ကြီးသည် အသင်းကျောင်းသို့ ကြွလာ၍ စာသင်သားအားလုံးကိုခေါ်ပြီး တရားဟောသည်။

ဆရာတော်ကြီး - ဦးပဥ္စင်းတို့ မိဝေးဖဝေး တရပ်တကျေးက လာပြီး ဒီတိုက်ထဲမှာ နေကြတာ၊ စာသင်သား အချင်းချင်း ညီရင်းအကိုလို သဘောထားပြီး နေကြရတယ်။

ဘုရားလက်ထက်က အနုရုဒ္ဓါတို့၊ နန္ဒိယတို့၊ ကိမိလတို့ သုံးပါး နေထိုင်ကြသလိုပေါ့။ အနုရုဒ္ဓါက အကြီးဆုံးဆိုတော့ ကျန်နှစ်ပါးကို ညီငယ်လေးတွေလို သဘောထားတယ်။ ကျန်နှစ်ပါးကလည်း အနုရုဒ္ဓါကို နောင်တော်ကြီး (အကိုကြီး) အရင်းလို သဘောထားကြတယ်။

ကျောင်းကိစ္စဆောင်ရွက်မှုနှင့် ပတ်သတ်လာလျှင်လည်း ရှင်သာရိပုတ္တရာကြီးကို အတုယူကြဖို့ လိုတယ်။ အရှင်အာနန္ဒက ဘုရားရှင်ဝေယျာဝစ္စ လုပ်နေတော့ ရှင်သာရိပုတ္တရာကြီးက ဘုရားဝေယျာဝစ္စ လုပ်ဖို့ဆိုတာ သားတော်အကြီးဆုံးဖြစ်တဲ့ ငါ့တာဝန်ပဲ၊ ခုတော့ ငါ့ကိုစား အာနန္ဒာက တာဝန်ယူပြုစုနေလို့ ငါ့မှာ ကြောင့်ကြမဲ့ နေလို့ရတယ်။ အာနန္ဒာကို ကျေးဇူးတင်လိုက်တာလို့ ပြောသတဲ့။

ကျောင်းကိစ္စကို ဘယ်သူပဲ ဆောင်ရွက်ဆောင်ရွက် သူဆောင်ရွက်ပေလို့ ငါတို့မှာ ကြောင့်ကြမဲ့ နေလို့ရပေတယ်လို့ သဘောထားရတယ်။

ဆရာတော်ကြီး ဩဝါဒကို နာရသဖြင့် အုပ်စုနှစ်ခုစလုံး သဘောပေါက်သွားကြသည်။ ကျောင်းဘုန်းကြီး (ခေါင်းဆောင်) ရာထူးပြိုင်ဆိုင် တင်မြှောက်ခြင်းမျိုးလဲ မပြုလုပ်ကြတော့၊ သာသနာ့အရေး (လောကရေး)အတွက် အမှန်ပြင်ပေးသော ဆရာတော်ကြီးပေးတကားဟု ကြည့်ညိုမဆုံး ဖြစ်ရပါသည်။

(ဇောတိကကျောင်းသားဟောင်း တဦး)
၁၃၆၁-ခု၊ တပို့တွဲလ၊ ၂၀၀၀၊ ဖေဖော်ဝါရီလထုတ်
(မုံရွာဇောတိကာရာမတိုက် ၇၅-နှစ်ပြည့်
စိန်ရတု အထိမ်းအမှတ် စာအုပ်မှ။)

http://www.dhammadownload.com



အမေရိကန်နိုင်ငံ၌ ထုတ်ဝေသော
သီတဂူဗုဒ္ဓဝိဟာရသတင်းလွှာ
ဒုတိယပါဝါဆိုလပြည့်
August 4, 2001 နေ့ထုတ်ပါ ဆောင်းပါး

## "တုယူမမှား၊ စောင့်ထားမျိုးနွယ်၊ အမြင်ကျယ်"

(၁)

တပည့်များသည် ဆရာသမားများကို အတုယူတတ်ကြ၏၊ ဆရာသမားလုပ်သမျှ အဟုတ်ဟု ထင်တတ်ကြ၏၊ သားသမီးများကသည် မိဘများကို အတုယူတတ်ကြ၏၊ မိဘလုပ်သမျှ အဟုတ်ဟု ထင်တတ်ကြ၏၊ ရာထူးငယ်သူများသည် ရာထူးကြီးသူများကို အတုယူတတ်ကြ၏၊ ရာထူးကြီးသူ လုပ်သမျှ အဟုတ်ဟု ထင်တတ်ကြ၏၊ သာမန် အရပ်သူ အရပ်သားများသည် ရုပ်ရှင်သရုပ်ဆောင် များကို အတုယူတတ်ကြ၏၊ ရုပ်ရှင်သရုပ်ဆောင်များ လုပ်သမျှ အဟုတ်ဟု ထင်တတ်ကြ၏၊

မဖွံ့ဖြိုး မတိုးတက်သော နိုင်ငံမှလာသော ပုဂ္ဂိုလ်များသည် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးသားများကို အတုယူတတ်ကြ၏၊ နိုင်ငံကြီးသားများ လုပ်သမျှ အဟုတ်ဟု ထင်တတ်ကြ၏၊ မိမိအထင်ကြီးသည့် ပုဂ္ဂိုလ်များ ပြုလုပ်သည့် အကျင့်ဆိုးများကို အတုယူမှားသဖြင့် တသက်လုံး ပြင်မရသည့် အကျင့်ဆိုး စွဲသူများပင် ရှိခဲ့ဘူးသည်။

(၂)

မြန်မာပြည့်တွင် ဖြစ်၏၊ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီးကား တည်ထောင်ခါစ ဖြစ်လေသည်၊ စီမံအုပ်ချုပ်သည့် စာချဆရာတော်များကား အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောမ၊ ပထမကျော် အဂ္ဂမဟာပဏ္ဍိတ စာချဆရာတော် ဦးသူရိယ (နောင် အဘိဓဇ)၊ ပထမကျော် ဦးဉာဏတို့ ဖြစ်ကြသည်၊ စည်းကမ်းကောင်းခြင်း ဦးဆောင်ဆရာတော်များ စာပေကြိုးစား ချပို့ခြင်းကြောင့် မစိုးရိမ်တိုက်သည် အတော်နာမည်ထွက်လျှက် ရှိ၏၊ စာသင်သား သံဃာများ တနှစ်ထက် တနှစ် တိုးတက်လာသည်၊ မြန်မာပြည်အရပ်ရပ်ရှိ စာမေးပွဲများ၌လည်း မစိုးရိမ်တိုက်မှ အောင်ချက် ကောင်းလျှက် ရှိ၏၊ အနယ်နယ်အရပ်မှ စာသင်သားသံဃာများသည် မစိုးရိမ်တိုက်နေမှ စာတတ်မည်ကဲ့သို့ ထင်လာကြ၏၊ အထူးသဖြင့် ဆရာတော်ဦးသူရိယသည် အဘိဓမ္မာညဝါပို့ချရာတွင် နာမည်ကြီး၏၊ စာလိုက်သံဃာများ တကျောင်းလုံး ပြည့်ညပ်နေသည်၊ စာလိုက်သံဃာ နှစ်ရာကျော် သုံးရာ အမြဲတမ်း ရှိနေ၏၊

(၃)

မုံရွာမြို့နယ်မှ ဦးပဥ္စင်းကလေး ဦးမာနိတသည် မစိုးရိမ်တိုက်ကြီးသို့ စာသင်ရောက်လာ၏၊ ဆရာတော်ကြီး ဦးသူရိယချပို့သည့် ညဝါကို မပျက်မကွက် လိုက်လေ့ရှိ၏၊ ဆရာတော် ဦးသူရိယကား

http://www.dhammadownload.com



စာချလျှင် ဆေးပြင်းလိပ်တိုလေးကို ပါးစပ်တွင် ခဲ၍ စာချလေ့ရှိသည်၊ ဦးမာနိတသည် ဆရာတော် ဦးသူရိယ ဆေးပြင်းလိပ်တိုလေး ခဲ၍ စာချသည်ကို အလွန်သဘောကြ၏၊ ဦးမာနိတသည် စာချဆရာတော်ကို အတုယူကာ ဆေးပြင်းလိပ် စတင်သောက်တော့သည်၊ တသက်လုံး ဆေးပြင်းလိပ် စွဲသွားတော့၏၊ အသက် ၈၀-နီးသောအခါ၌ ဦးမာနိတက "ဒီ ဆေးပြင်းလိပ်စွဲတာ မစိုးရိမ်ဆရာတော် ဦးသူရိယကြောင့်ပေါ့"ဟု ပြောလေ့ရှိသည်၊

ယင်းအကြောင်းကို ဆရာတော် ဦးသူရိယအား လျှောက်ထားရာ ဆရာတော်က သူအမှားကို ဝန်ခံရှာ၏၊

"ရဟန်းတော်များသည် ဆေးလိပ်ကြိုက်လျှင် ကိုယ့်အခန်းတွင်မှာသာ သောက်သုံးသင့်၏၊ တပည့် စာလိုက်သံဃာများ ရှေ့၌ ဆေးပြင်းလိပ်ခဲ၍ စာချခြင်းသည် ငါ့အမှားသာ ဖြစ်သည်"ဟု ဆရာတော်ဦးသူရိယက ဝန်ခံလေသည်၊

ဆရာသမားလုပ်သမျှ အဟုတ်ထင်၍ အတုယူမှားခြင်းသည် ဦးမာနိတ၏ အမှားသာ ဖြစ်သည်၊ ဦးမာနိတသည် နောင်အခါ ချောင်းဦး ဓမ္မာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးမာနိတ-ဟု ဖြစ်လာ၏။

(၄)

မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ပုဂ္ဂိုလ်များသည် အမေရိကန်သို့ လာရောက်၍ စီးပွားရှာနေကြ၏၊ နိုင်ငံရပ်ခြားသို့ စွန့်စားလာရောက်ပြီး စီးပွားရှာခြင်းသည် ကောင်းပါ၏၊ အပြစ်မဆိုလိုပါ၊ သို့ရာတွင် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို မပြောက်ပျက်အောင် ထိမ်းသိမ်းဖို့ လိုပါသည်၊ မကောင်းသည့် နိုင်ငံခြား ဓလေ့ထုံးစံများကို အတုယူ မမှားကြစေလိုပါ၊

မိမိ အမေရိကန်ရောက်ခိုက် တရားတပွဲ ချီးမြှောက်ရန် နယူးယောက်မြို့မှ ဒကာ ဒကာမများက လျှောက်ထားကြ၏၊ မိမိကလည်း တနာရီခန့် ဟောပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်၊ ဇွန်လနောက်ဆုံးပတ် တနင်္ဂနွေနေ့ (၂၄-၆-၀၁)နေ့၌ နယူးယောက် ဘရုတ်ကလင်းရပ်ကွက် ဦးထွန်းမင်း + ဒေါ်အိအိမေတို့ နေအိမ်ဝယ် တရားပွဲပြုလုပ်ကြ၏၊ အိအိမေ၏ မိခင်ကြီး ဒေါ်ကျေင်လည်း အိမ်၌ ရှိနေသည်၊

ဒေါ်ကျေင်၏ သားသမီးများ အားလုံး တရားနာ လာကြ၏၊ သမီးငယ်များသည် ရာသီဥတု ပူပြင်း၍လော မပြောတတ်၊ ဘောင်းဘီတိုများနှင့် လာရောက်ကြ၏၊ ဒကာမကြီး ဒေါ်ကျေင်ကား လူပုံအလယ်၌ (ပရိသတ် ၂၀-ကျော်ခန့် ရှိသည်) သမီးငယ်များကို ဆုံးမတော့၏၊ "နင်တို့ ဘောင်းဘီတိုနဲ့ တရားနာလာရသလား၊ ဘောင်းဘီရှည်ရှည်ဖြစ်ဖြစ် ထမီဖြစ်ဖြစ် အခုလဲ ဝတ်၊ အိအိမေ! နင့် ဘောင်းဘီရှည်တို့ ထမီတို့ သူတို့ကို ခဏငှားလိုက်"၊ သမီးများကား တော်ရှာကြသည်၊ မိခင်ကြီးကို တခွန်းမျှ ပြန်မပြော၊ မိခင်ကြီးအလိုအတိုင်း ထမီလဲ၍ တရားနာကြသည်။

(၅)

အမေရိကန်နိုင်ငံ၌ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဆန့်ကျင်သော အပြုအမူ အတော်

http://www.dhammadownload.com



များများပင် တွေ့ရ၏၊ လူရှေ့သူရှေ့၌ မျက်စိရှက်စရာ ကောင်းလောက်အောင် နေထိုင်ကြသည့် ဒွယ်ဒွယ်များပင် တွေ့ရပါသည်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် ထိုအနေအထိုင်များကိုကား အတုယူမမှားသင့်ပါ။

ထိုပြင် လက်ညှိုးကို မိမိဘက်ကွေး၍ လှုပ်ပြကား လူကြီးမိဘတို့ကို ခေါ်ခြင်း၊ ခြေနှင့်တို့၍ ခေါ်ခြင်းတို့ကို အမေရိကန်၌ တွင်တွင်ကျယ်ကျယ် ပြုမူနေကြလေ၏၊ ဤသို့ ရိုင်းပြသော အမူအယာတို့ကို လူကြီးမိဘတို့က သွန်သင်ညွှန်ပြ ဆုံးမထားသင့်ကြပေ၏၊

ဤနိုင်ငံ၌ ကြီးသော ကလေးအချို့သည် **ခရစ်စမတ်နေ့**ကို သိသော်လည်း **ကဆုန်လပြည့် ဗုဒ္ဓနေ့**ကို မသိချေ၊ Thanksgiving-နေ့ကို သိသော်လည်း ဘာသာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ တခုအနေဖြင့် အလွန်သိထားသင့်သော **ဓမ္မစကြာအခါတော်နေ့ အဘိဓမ္မာအခါတော်နေ့**များကို မသိကြတော့ပေ၊

ထို့ကြောင့် ဤနိုင်ငံရောက်ကာမှ တိုးပွားလာသည့် မျိုးဆက်သစ်များကိုလည်း မြန်မာစာ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံ မြန်မာစကား မကွယ်ပျောက်အောင် အမြဲတစေ သင်ကြားပေးဖို့လည်း လိုပါသည်၊

တုယူမမှား၊ စောင့်ထားမျိုးနွယ်၊ အမြင်ကျယ်၍၊ ဘဝပင်လယ်ကြီးကို အလွယ်တကူ ကူးခပ်နိုင်ကြပါစေ ဟု-

ဦးရာဇဓမ္မာဘိဝံသ (ခေတ္တ အော်စတင်)
ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

(သီတဂူဗုဒ္ဓဝိဟာရသတင်းလွှာ
ဒုတိယဝါဆိုလပြည့် ၊ August 4, 2001 နေ့ထုတ်မှ)

http://www.dhammadownload.com



## "ကျောက်ကောင်း တစေ့"

မောင်ဩဘသသည် ကိုရင်ဘဝနှင့် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိလာခဲ့၏။ အကြီးတန်း အောင်ပြီးဟုလည်း သိရသည်။ ကိုရင်ဘဝနှင့် အကြီးတန်း အောင်လာသည်ဆိုတော့ ပညာရေး အနေနှင့် မဆိုးလှ။ ထိုစဉ်က မိမိကိုယ်တိုင် စာချတန်းကို ကြပ်ကြပ်မတ်မတ် ပို့ချပေးနေသော အချိန်ဖြစ်သည်။ မောင်ဩဘသသည် ပါရာဇိကဏ်ကျမ်းစာကို ဦးစားပေး လုပ်ဆောင်သူဖြစ်သည်။ မိမိစာချသောအခါ၌ စာသင်သားသံဃာများက ဘေးမှဝဲယာ ကျောင်းစဉ်အလိုက် တန်းစီနေကြရပြီး မိမိက အလယ်မှ လမ်းလျှောက် စာချလေ့ရှိ၏။ စာဆိုပုဂ္ဂိုလ်များလျှင် ဖနောင့်နှင့် ခေါင်းကို ပေါက်စမြဲ။

ဩဘသသည် အကြိမ်ကြိမ် ဖနောင့်ပေါက် ခံရသောသူ ဖြစ်သည်။ စာသင်သားများ တန်းထားသည့် အထဲက အကြိမ်ကြိမ် ကျောင်းလစ်သော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ယင်းသို့ အကြိမ်ကြိမ် ကျောင်းလစ်သဖြင့် လစ်မရအောင် မိမိအနေဖြင့် ကြံဆရတော့၏။ ဩဘသကို ပရိသတ်ထဲမှာ ရောနှော မတန်းစေဘဲ ဝဲယာပရိသတ်တန်း အလယ်၌ တပါးတည်း ထားလိုက်သည်။ ယင်းသို့ ထားလိုက်သဖြင့် အတန်းလစ်၍ ကျောင်းလစ်၍ မရတော့ပေ။ ဂရုစိုက် ကြပ်မတ်ပေးသဖြင့် စာချတန်းကိုကား နှစ်အနည်းငယ်နှင့် ကျမ်းပြီးသွားသည်။

## "စာချဘုန်းကြီးလေး ဩဘသ"

စာချတန်းအောင်မြင်ပြီးနောက် မစိုးရိမ်တိုက်သစ်၌ အတန်းငယ်များကို စာချခိုင်း၏။ စာချဘုန်းကြီးလေး ဖြစ်လာသော်လည်း အနေအထိုင်ကမူ အချိုးမကျလှ။ လူကြီးမဆန်။ တခါတရံ လမ်းသရဲ ဦးဇင်းဆန်ဆန် သင်းပိုင်ကို ဒူးပေါ်ပေါင်ပေါ် ဝတ်ထားသည်မျိုးကိုလည်း တွေ့ရ၏။ သင်းပိုင်ကို ပုဆိုးလို ဝတ်ထားသည်မျိုးကိုလည်း တွေ့ရတတ်၏။ အထက်ပိုင်းက သင်းပိုင်လိုဝတ်ပြီး အောက်ပိုင်းက သင်္ကန်းတစကို လုံချည်လို ပုဆိုးလိုလည်း ဝတ်တတ်၏။

ဩဘသနှင့် ပတ်သက်လျှင် ကျွန်ုပ်သိသော အဆိုးများထက် ကျွန်ုပ် မသိလိုက်ရသော အဆိုးများက ပိုမည်ဟု မှန်းဆရပါသည်။ ကျွန်ုပ်သိသော အဆိုးများက ဇီးစေ့လောက် ရှိသည်ဆိုလျှင် ကျွန်ုပ်မသိလိုက်ရသော အဆိုးများက မြင်းမိုရ်တောင်လောက် ကြီးမားပါလိမ့်မည်။ လူကြီးဆန်ဆန် မနေရကောင်းလားဟု အကြိမ်ကြိမ် ခေါင်းခေါက် ဆုံးမသော်လည်း မရ။ မိမိလက် နာကျန်ရစ်သည်သာ အဖတ်တင်၏။ (၂)နှစ်(၃)နှစ်ခန့်စာချပြီး မစိုးရိမ်တိုက်သစ်မှ ပြောင်းရွှေ့သွား၏။

## "ဗောဓိပင်ပျိုး၍ ပေါင်ကျိုးခြင်း"

တိုက်သစ်မှ ပြောင်းရွှေ့သွားပြီး ဘယ်တိုက်မှာ နေသည်ဟုလည်း မသိ။ စုံလည်း မစုံစမ်းမိ။ သူ့(ဩဘသ) အကြောင်းကို မိမိတပည့်များက မိမိအား မကြာမကြာ လာလျှောက်ကြ၏။ သူတို့ လျှောက်ထားကြခြင်းမှာ သတင်းကောင်း မဟုတ်။ သတင်းဆိုး ချည်းသာဖြစ်သည်။ ဩဘသ ပြန်လာလျှင် လက်မခံဖို့ပင် လျှောက်ထားကြသည်။

http://www.dhammadownload.com



တနေ့ မောင်တင်အောင်+မရွှေတို့က သူတို့ဦးဇင်း ဩသဓကို မစိုးရိမ်တိုက်သစ် ပြန်လက်ခံရန် လျှောက်ထားကြ၏။

"အေး မင်းတို့ဦးဇင်း ငါ့စည်းကမ်းအတိုင်း နေနိုင်ယင် ပြန်လက်ခံမယ်။ စည်းကမ်း ဖျက်ယင်တော့ မင်းတို့ကိုလည်း အားမနာနိုင်ဘူး။ နှင်ထုတ်ရမှာပဲ"။

"တပည့်တော်တို့ ဦးဇင်း ဆရာတော် ပြန်မစောင့်ရှောက်ယင်တော့ ဘဝပျက်စီး တော့မှာပါ ဘုရား။ တပည့်တော်တို့ကို ငဲ့ညှာသောအားဖြင့် ပြန်လက်ခံတော်မူပါဘုရား"လို့ မျက်ရည်စက်လက်နှင့် လျှောက်ထားကြသည်။ သူတို့ကို အားနာသဖြင့် ပြန်လက်ခံလိုက်သည်။ စာချတန်း အောင်မြင်ပြီး ဖြစ်သဖြင့် အင်္ဂလိပ်စာသင်လိုကြောင်း မောင်ဩသဓက လျှောက်ထား၏။

"အေး မင်းအင်္ဂလိပ်စာသင်ချင်ယင် ငါ့ဆီမှာဘဲ သင်ရမယ်။ မြို့ထဲသွား မသင်ရဘူး။ မြို့ထဲသွား သင်ခွင့်ပေးရင် စာသင်သွားမယ်ဆိုပြီး မင်း မဟုတ်တာ လုပ်မယ့်အကောင်။ မင်းကို ယခင်နေခဲ့တဲ့ ဘာဏကကျောင်းမှာလည်း မထားဘူး။ ငါနေတဲ့ ဒါယာဒကျောင်းမှာဘဲ နေရမယ်"။

ဩသဓကို ပြန်လက်ခံပြီးနောက် မိမိအနေဖြင့် သူ့ကို လုံးဝအလစ်မပေး။ အင်္ဂလိပ်စာ ကိုလည်း မိမိထံ နေ့စဉ် သင်ကြားစေ၏။ "အင်မတီးဒရမ်၊ နေရှူး၏ သမီးထံ ပေးစာများ"စသည့် ဖတ်စာများ ကျွမ်းကျွမ်းကျင်ကျင် ဖတ်ရှုနိုင်သည်အထိ သင်ပေးလိုက်သည်။ နှစ်နှစ်သုံးနှစ်လောက် အင်္ဂလိပ်စာ သင်ပြီးနောက် ပရိယတ္တိတက္ကသိုလ်သို့ ပြောင်းရွှေ့သွားပြန်၏။ ယင်းတက္ကသိုလ်၌ နေ့စဉ် ဖောဓိပင်ပိုး၍ ပေါင်ကျိုးသောအဖြစ်သို့ ရောက်သွားသည်ဟု ကြားရ၏။ မကြာမီ မိမိ ပေါင်ကျိုးသော အဖြစ်သို့ ရောက်ခဲ့ရပြန်သည်။ ဆရာတပည့် ကံတူအကျိုးပေးဟု မှတ်ရတော့၏။

## "ကျောက်သွေးဆရာ တော်၍သာ"

ပေါင်ကျိုးပျောက်ပြီးနောက် စစ်ကိုင်းသီတဂူဆရာတော်ထံ ရောက်သွား၏။ ဦးမဟောသဓ လျှောက်ထားပေးသည်က တကြောင်း၊ မိမိတပည့် ဖြစ်နေသည်က တကြောင်းကြောင့် သီတဂူ ဆရာတော်က လက်ခံလိုက်ဟန် တူပါသည်။ မိမိ သီတဂူဆရာတော်နှင့် တွေ့သည်အခါ "အရှင်ဘုရားထံ ဩသဓရောက်နေတယ် ကြားတယ်။ ဩသဓက ပညာတော့ သိပ်မဆိုးဘူး။ အနေအထိုင်က အချိုးမကျလှဘူး။ စည်းကမ်းဖောက်ဖျက်ယင် တပည့်တော်မျက်နှာ မထောက်ပါနဲ့။ နှင်သာထုတ်ပါ"ဟု လျှောက်ထားလိုက်သေး၏။

မကြာမီ အိန္ဒိယပြည် ဂယာမြို့ မာဂဓတက္ကသိုလ်သို့ ပညာသင်သွားရမည် ဖြစ်ကြောင်း လာရောက်လျှောက်ထား၏။ အနေအထိုင်ရော အရည်အချင်းပါ အတန်အသင့် သဘောတွေ့၍ သီတဂူဆရာတော်က ပညာသင်လွှတ် ခြင်းဖြစ်ပါလိမ့်မည်။ မိမိအကဲခတ်ကြည့်ရာ ယခင် မစိုးရိမ် နေစဉ်ကထက် အများကြီး အပိုးသေလာသည်ကို တွေ့ရ၏။ သာသနာ့အကျိုးကို သယ်ပိုးလိုစိတ် ဖြစ်လာသည်ကိုလည်း တွေ့ရ၏။

"အေး မင်းသူများနိုင်ငံ ပညာသင်သွားတယ်ဆိုတာ ငွေကုန်ကြေးကျ များတယ်။ တကယ် ပညာတော်အောင် သင်။ မင်းအတွက်နဲ့ မြန်မာနိုင်ငံရော မြန်မာနိုင်ငံ သာသနာပါ နာမည်မပျက်စေနဲ့။ ကိုယ့်ကိုကိုယ်လည်း ထိန်းနိုင်ဘို့ လိုတယ်"။

http://www.dhammadownload.com



မာဂဓတက္ကသိုလ်တွင် နေထိုင်စဉ် တနေ့ သူနေထိုင်သည့် အဆောင်၌ ငါးပိကြော်သဖြင့် ပြဿနာတက်ရကြောင်း စာရေးဘူး၏။ မိမိကလည်း စာပြန်ရေးလိုက်သည်။ "မင်း အတော်မိုက်တဲ့ ကောင်၊ ဟိန္ဒူဆိုတာ သားငါးစားယင် ပါရာဇိကကျတယ်လို့ ယူဆတဲ့ လူမျိုး။ မင်းလုပ်ရပ်က သူတို့ ဘာသာရေးကို စော်ကားသလို ဖြစ်နေတာ။ ငါးပိကြော် မစားရလို့ လျှာပြတ်မသေနိုင်ပါဘူးကွာ။ နောင် လူမျိုးဘာသာကို စော်ကားတဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်နဲ့" စာထဲ ထည့်ရေးပေး လိုက်ရသည်။

စာသင်နှစ် ကုန်ဆုံးလျှင် M.Aတန်းကို အဆင့်ကောင်းကောင်း၊ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ကြောင်း၊ Ph.Dတန်းတက်ဖို့ အရည်အချင်းမှီကြောင်း သိရသဖြင့် ဝမ်းမြောက်ရသည်။ Ph.Dဘွဲ့ရအောင် သင်ရမည်ဖြစ်ကြောင်း ဆုံးမလိုက်သည်။

## "အမေရိကန် ရောက်သွားပြန်"

M.Aအောင်မြင်ပြီးနောက် သီတဂူဆရာတော်က အမေရိကန်၊ တက္ကဆက်ပြည်နယ် မြန်မာဘုန်းကြီးကျောင်း တည်ထောင်သဖြင့် ထိုကျောင်း၌ ဦးမဟောသနှင့် အတူနေရမည် ဖြစ်ကြောင်း လာရောက်လျှောက်ထားသည်။ ထိုကျောင်း၌ နေထိုင်ယင်း မာဂဓတက္ကသိုလ်မှ Ph.Dအတွက် တာဝန်ပေးလိုက်သည့်ကျမ်းစာ ရေးသားမည်ဖြစ်ကြောင်းလည်း လျှောက်ထားသည်။ သုံးနှစ်ခန့်ကြာလျှင် ကျမ်းစာရေးပြီး တက္ကသိုလ်သို့ တင်ပြလိုက်၏။ တက္ကသိုလ်မှ ကျမ်းစာကို သဘောကျသဖြင့် Ph.Dဘွဲ့ပေးလိုက်သည်။

ကျောက်သွေးဆရာများ ကောင်းတော့လည်း အရည်အသွေး တောက်ပြောင်သည့် ကျောက်ကောင်းတစေ့ ဖြစ်လာပေသားပဲဟု အထူးဝမ်းမြောက်ရပါသည်။ ကောင်းနေသည့် အရည်အသွေးကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေ။

ဆရာတော် အရှင်ရာဇဓမ္မာဘိဝံသ<br>
မဟာနာယကချုပ်ဆရာတော်<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေး။<br>
(၁၈-၈-၂၀၀၃)<br>
(ဒေါက်တာဦးဩသ၏ ဒေါက်တာဘွဲ့ရ အထိမ်းအမှတ် စာအုပ်မှ)

http://www.dhammadownload.com



မန္တလေး ဗုဒ္ဓတက္ကသိုလ်
ဆယ်နှစ်မြောက်အထိမ်းအမှတ် စာအုပ်ပါ ဆောင်းပါး

---

## ဖွဲ့ကောင်းသော ဆရာကြီး

လွန်ခဲ့သည့်(၁၀)နှစ်ခန့်က ဆရာကြီးဦးမြင့်ဆွေသည် မိမိထံ ရောက်လာ၏။ "ဗုဒ္ဓတက္ကသိုလ်" တည်ထောင်၍ 'သက္ကတ, ဘာသာဗေဒ, အင်္ဂလိပ်'စသည့် ဘာသန္တရများ သင်ပြမည်-ဖြစ်ကြောင်း လျှောက်ထားလေသည်။

ရင်းနှီးပြီးဖြစ်သည်က တကြောင်း၊ သက်တူရွယ်တူ ဖြစ်သည်က တကြောင်းကြောင့် ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်၏။

"ကိုမြင့်ဆွေ! အခုခေတ် စာသင်သားများက သိပ်ပညာတတ်ချင်ကြတာ မဟုတ်ဘူး။ ဘွဲ့-သာ လိုချင်ကြတာ။ ဘွဲ့-နဲ့ တန်တဲ့ အရည်အချင်းရှိအောင် သင်ချင်ကြတာ မဟုတ်ဘူး။ ခင်ဗျား တက္ကသိုလ်ဖွင့်မယ်ဆိုယင် အရည်အချင်း မပြည့်ဘဲနဲ့ ဘွဲ့-မပေးပါနဲ့။

ပြီးတော့ ရှိသေးတယ်။ ခင်ဗျားတက္ကသိုလ်မှာ ဖွင့်ကာစတော့ သင်တန်းသားတွေ လေးငါးရာ လာမယ်။ ဖွင့်ပြီး တလ၊ နှစ်လလောက်ကြာယင် သင်တန်းသား ထက်ဝက်လောက်ပဲ ကျန်မယ်။ လေးငါးလ ကြာလာယင် လေးငါးဆယ်လောက်ပဲ ကျန်မယ်။ သင်တန်းသား တဖြည်းဖြည်း လျော့သွားတာကို စိတ်ပျက်မယ်ဆိုယင် အစကတည်းက မဖွင့်နဲ့"။

သူကလည်း ပွင့်ပွင့်လင်းလင်းပင် လျှောက်ထားသည်။ "တပည့်တော် စိတ် မပျက်ပါဘူး ဘုရား။ သင်တန်းသား တယောက်တည်း ကျန်ယင်တောင် တယောက်တည်းပဲ တပည့်တော် သင်ပါ့မယ်"

"အေး အဲသလို စိတ်ထားနိုင်ယင် ခင်ဗျား ဖွင့်၊ ကျန်တဲ့သင်တန်းသားကိုတော့ အရည်အချင်း ပြည့်အောင် သင်ပေး"။

သင်တန်းဖွင့်ပြီး တလခွဲလောက် အကြာတွင် မိမိထံ ရောက်လာပြန်၏။ မိမိက ရောက်မဆိုက် မေးလိုက်သည်။

"ကိုမြင့်ဆွေ! ခင်ဗျားသင်တန်း ဘယ့်နှယ်လဲ"

"ဆရာတော် အမိန့်ရှိတဲ့အတိုင်းပါပဲ ဘုရား။ ဖွင့်စက တပည့်တော်တို့ ဓမ္မာရုံ ပြည့်နေအောင် လာတယ်။ ဓမ္မာရုံ အပြင်ဘက်မှာတောင် သင်တန်းသားအများကြီး။ အခု ထက်ဝက်မကဘူး လျော့သွားပြီဘုရား"

"အေး နောက်လည်း လျော့ဦးမှာ။ သင်တန်းပြီးသည်အထိ ငါးဆယ်ကျန်ယင် ကံကောင်းတယ် မှတ်"

ကိုမြင့်ဆွေကား ကျန်သမျှ သင်တန်းသားများကို ဖွဲ့ကောင်းကောင်း၊ စိတ်ရှည်ရှည်ဖြင့် ပညာသင်မည်။ သင်တန်းသား မရှိ၍ တက္ကသိုလ်ပိတ်လိုက်ရပြီဟု မကြားရ။ ပထမနှစ် သင်တန်းပြီးဆုံးချိန်၊ အရည်အချင်းသင်တန်းသား (၄၃)ပါးကို သင်တန်းဆင်း "ဘွဲ့လက်မှတ်"

http://www.dhammadownload.com



ပေးနိုင်၏။ ဘွဲ့နှင့် တန်အောင် အရည်အချင်းပြည့်လျှက်။ "အင်း အထိုက်အလျောက် အောင်မြင်ပေသားပဲ"ဟု မှတ်ချက်ချမိ၏။

နောက် ဒုတိယနှစ် တတိယနှစ် စသည်ဖြင့် ဆက်လက်ဖွင့်သွားသည်။ ယခု (၂၀၀၄)ခုအထိ ဗုဒ္ဓတက္ကသိုလ် ဖွင့်ခဲ့သည်မှာ (၁၀)နှစ်ခန့် ရှိသွားပေပြီ။ တက္ကသိုလ်ထွက် ဘွဲ့ရ အရည်အချင်းပြည့် ပညာရှင်များပင် "MA(၂၃)ဦး။ BA(၇၃)ဦး" ရှိသွားပေပြီ။ ပညာရေးအောင်မြင်သော်လည်း ငွေရေးကြေးရေး ထောက်ပံ့သူကား နည်းပါးလှ၏။

## ဗန်ဒါဗစ်တွေ အများကြီးလိုသည်

အမေရိကန် တင်နက်စီပြည်နယ် နက်ရှ်ဗီးမှာ "ဗန်ဒါဗစ်"ဆိုတဲ့ တက္ကသိုလ်ကြီး တခု ရှိတယ်။ နှစ်ပေါင်း(၁၀၀)ကျော် ရှိသွားပြီ။ သိပ္ပံ-ဝိဇ္ဇာ ပညာမျိုးစုံသင်တဲ့ တက္ကသိုလ်ကြီးပဲ။ အဲဒီ တက္ကသိုလ်ကြီးကို "ဗန်ဒါဗစ်"ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတဦးက အမေရိကန်ဒေါ်လာ နှစ်သိန်း မ-တည်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း (၁၃၀)ကျော်က တည်ထောင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာပြည်မှာ "ဗန်ဒါဗစ်"လို ပုဂ္ဂိုလ်မျိုး အများကြီးလိုတယ်။ "ဗန်ဒါဗစ်"လို တက္ကသိုလ် တည်ထောင်ပေးသည့် ကုသိုလ်ရှင်များ လိုအပ်သလို "သမ္မတလင်ကွန်း"လို သက်ရှယ်ကြီးမှ ပညာသင်ကြားသူများလည်း လိုအပ်ပါတယ်။

ဗုဒ္ဓတက္ကသိုလ်မှာ လာရောက်ပညာဆည်းပူးကြတဲ့ ပုဂ္ဂိုလ်များဟာ သက်ရှယ်ကြီး ပုဂ္ဂိုလ်များမယ်လို့ ထင်ပါတယ်။ သမ္မတလင်ကွန်းဟာ ၁၆-နှစ်အရွယ်ကျမှ ပညာ စသင်ရသတဲ့။ စာအုပ်တအုပ်ဖတ်ဖို့ (၂၂)မိုင် ဝေးတဲ့ခရီးကို သွားပြီး ငှားရသတဲ့။

အခု ဗုဒ္ဓတက္ကသိုလ်မှာ ပညာသင်နေကြတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ နေထိုင်တဲ့ နေရာနဲ့ တက္ကသိုလ် (၂၂)မိုင်တော့ ဝေးမယ်မထင်ပါဘူး။ လင်ကွန်းကို အားကျပြီး စိတ်ရှည်လက်ရှည် ပညာဆည်းပူးကြပါလို့လည်း တိုက်တွန်းချင်ပါတယ်။ ဆရာကြီး ဦးမြင့်ဆွေကတော့ ဖွဲ့ကောင်းကောင်းနဲ့ သင်ပြပါလိမ့်မယ်။

ဦးရာဇဓမ္မ

(၁၃၆၆-ခု။ ၂၀၀၄-ခုထုတ်
မန္တလေး ဗုဒ္ဓတက္ကသိုလ်
ဆယ်နှစ်မြောက်အထိမ်းအမှတ် စာအုပ်မှ)

http://www.dhammadownload.com



## ကျွန်ုပ်သိသော ကိုဒွေးလှိုင်

(၁)

ကျွန်ုပ်နှင့် ကိုဒွေးလှိုင် (ဓမ္မာစရိယ ဦးဒွေးလှိုင်)သည် ဆယ်ကျော်သက် ကိုရင်ဘဝမှစ၍ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်၌ အတူနေထိုင်ခဲ့ကြ၏၊ ကိုဒွေးလှိုင်က မာမကကျောင်း ကိုရင်ကုမုဒအဖြစ်၊ မိမိက အသင်းကျောင်း ကိုရင်ရာဇဓမ္မအဖြစ်၊ ကိုဒွေးလှိုင်က အလတ်တန်း အောင်ပြီး အကြီးတန်းတက်ကာစ၊ မိမိက အငယ်တန်းတက်ကာစ၊ ကျောင်းချင်းကလည်း နီး၏၊ ဇာတိနယ်ချင်းကလည်း နီး၏၊ သူက မောင်းထောင်၊ ကျွန်ုပ်က သာစည်အင်တိုင်း၊ ထို့ကြောင့် ခင်မင်သွားလေသည်၊

သူသည် ကျွန်ုပ်တို့ အင်တိုင်းကိုရင်လေးများကို တောမှ ရောက်လာကာစ ညီငယ်လေးများ အဖြစ် အစစ အကူအညီပေးခဲ့၏၊ ထိုစဉ်က သူသည် မောင်းထောင် ရှင်ကုမုဒ အမည်ဖြင့် ဘုန်းကြီးပျံ့ ဂါထာများ တေးထပ်များ ကောင်ကင်ကြိုးများ လေ့လော့်သံများ ရေးစပ်နေပေပြီ၊ မိမိသည် သူရေးစပ်သည့် ဂါထာများ တေးထပ်များ ကောင်ကင်ကြိုးများ လေ့လော့်သံများကို အသံနေ အသံထားဖြင့် အော်ဟစ်ရွတ်ဖတ်လေ့ရှိ၏၊ ကိုရင်ကုမုဒသည် သူရေးစပ်သည့် တေးထပ်ကဗျာ ဂါထာများ ရွတ်ဖတ်သံကြားလျှင် အတော်သဘောကြဟန်ရှိ၏၊ တခါတရံ မိမိနားလာ၍ အသံပြင် ပေးတတ်၏။

ဟော့ . . . တေးထပ်တို့ ကဗျာတို့ဆိုတာ အသံရှင် အသံသေ ရှိသကွ၊ အသံရှင်ကို အသံသေ ဖတ်လိုက် ဖတ်ရတယ်၊ အသံနှစ်မျိုးထွက်လို့ရတဲ့ စာလုံးကို အရှင်လို့ ခေါ်တယ်၊ တစ်မျိုးတည်း ထွက်လို့ရတဲ့ စာလုံးကို အသံသေလို့ ခေါ်တယ်။

ဥပမာကွာ- ကိုယ်ချင်းကပ်လျှက်၊ မလွတ်သာအောင်၊ ကြိုးဖြင့်နှောင်လည်း၊ အဲဒီမှာ "ကပ်" က အသံသေကွ၊ "ကပ်"လို့ တမျိုးတည်းဘဲ ထွက်လို့ရတယ်၊ "မလွတ်"မှာ "လွတ်"က အသံရှင်ကွ၊ "လွပ်"ကို ပသတ်သံနဲ့ ဖတ်လို့လဲရတယ်၊ "လွတ်"ကို တတတ်သံနဲ့ ဖတ်လဲရတယ်။

အဲဒီကဗျာရွတ်တဲ့အခါ "ကပ်"က အသံသေဖြစ်တဲ့အတွက် "မလွတ်"မှ "လွတ်"ကို "ကပ်"ဖက်လိုက်ပြီး "လွပ်"လို့ ပသတ်သံနဲ့ ထွက်ရတယ်ကွ၊ ဒါမှ အသံသာတယ်။

နောက်မကြာမီ အကြီးတန်း ဦးဇင်း ကိုရင်များ စုပေါင်း၍ ဇောတိကတိုက်၌ ပါဠိစကားပြော အသင်း တည်ထောင်ပြီး ဥပုသ်နေ့တိုင်း ပါဠိစကားပြော လေ့ကျင့်ကြ၏၊ မိမိကား အငယ်တန်းမျှသာ ရှိသေး၍ အသင်းဝင်ခွင့် မရပါ။ ထိုစဉ်က ဦးဂါရဝ (ယခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်) လဲ ပါဠိစကားပြောအသင်းတွင် ပါဝင်၏၊ ဦးဂါရဝကား မိမိနှင့် တကျောင်းတည်း အတူနေဖြစ်သည်၊ မိမိအဖို့ သူတို့ ပါဠိစကားပြောသံကို အားကျရုံမှတပါး တလုံးတပါဒမျှ ပြောလည်းမပြောတတ်၊ ပြောလည်းမပြောရဲပါ၊ ပါဠိစကားပြောအသန်ဆုံးကား နောင် မင်းကွန်း အုဋ္ဌချုပ် ဆရာတော် ဖြစ်လာမည့် ဦးမေဃိယဖြစ်သည်။

(၂)

ကိုရင်ကုမုဒသည် အကြီးတန်းဖြေမည့် နှစ်တွင်ပင် စစ်ကိုင်းတောင်ရိုး ပဌာန်းနည်းပြတိုက်သို့

http://www.dhammadownload.com



ပြောင်းသွားသည် ဟု ကြားရ၏၊ ထိုစဉ်က မဟာဇေတိကာရာမ ဆရာတော်ကြီးမှာ ဦးဥတ္တမ ဖြစ်လေသည်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ပင် မရရှိသေး၊ ဆရာတော်ကြီးက ပညာတော်သည့် ကိုရင်ကုမုဒ သူ့တိုက်မှ ပြောင်းရွှေ့သွားမည်ကို နှမြော၏၊ ထို့ကြောင့် "ဟဲ့ ကုမုဒ နှစ်ရက်သုံးရက် စဉ်းစားအုံး"ဟု အမိန့်ရှိလိုက်၏၊ သူကား နှစ်ရက်သုံးရက် မစဉ်းစားပါ၊ ဆရာတော်ကျောင်း လှေခါးသုံးထစ်ခန့်ဆင်းပြီး ပြန်တက်လာ၏၊

ဆရာတော်ကြီးက မေးလိုက်သည် "ဟဲ့ ကုမုဒ ဘာလဲ"၊

ရှင်ကုမုဒ။ တပည့်တော် စဉ်းစားပြီးပါပြီဘုရား။

ဆရာတော်။ ဩော် မင်းဟာ မြန်လှချည်လား၊ ပြောင်းချင် ပြောင်းပေ့ါကွာ နောင် ဆရာတော် ခေါ်ရင် ပြန်လာ။

ထိုစဉ်က မုံရွာဇေတိကတိုက်၌ သံဃာနှစ်ရာခန့်မျှသာ ရှိသေး၏၊ မုံရွာ၌ သံဃာအများဆုံး တိုက်ပင် ဖြစ်သည်။ စာမေးပွဲအောင်ချက်ကောင်းသဖြင့် အတန်အသင့် နာမည်ရနေလေပြီ။

(၃)

ကိုရင်ကုမုဒသည် စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းနည်းပြတိုက်၌ ကြာရှည်မနေပါ၊ အကြီးတန်း အောင်ပြီး မန္တလေး မစိုးရိမ် အလယ်တိုက်ကြီးသို့ ပြောင်းသည်ဟု သိရ၏၊ မိမိလည်း အလတ်တန်း အောင်ပြီး မန္တလေး တောင်သမန်တိုက်သို့ ပြောင်းလာ၏၊ တနေ့ အမှတ်မထင် လမ်း၌ ကိုရင်ကုမုဒနှင့် ဆုံမိ၏၊ သူက စတင်၍ နှုတ်ဆက်လေသည်။

ဟေ့ မိုးထိ! မင်း ဒီရောက်နေသလား။

ကျနုပ်ကား အရပ်ပုသည် ပိန်သည်၊ ထို့ကြောင့် သူက 'မိုးထိ' ဟု နာမည်ပြောင်ဖြင့် ခေါ်ခြင်း ဖြစ်၏၊ ကျနုပ်က "ဟုတ်တယ် ဦးဇင်း တပည့်တော် တောင်သမန်တိုက် ပုသိမ်ကျောင်းမှာ နေတယ်"။

ထိုစဉ်က သူသည် ဦးဇင်းပေါက်စ ဖြစ်နေပေပြီ။ ကျနုပ်ကား ကိုရင်ဘဝသာ ရှိသေး၏၊ ဘွဲ့ကလည်း ကုမုဒ မဟုတ်တော့၊ ယတိကောလိနိယဟု ပြောင်းထားသည်။

ယတိကောလိနိယ။ မင်း မစိုးရိမ်တိုက် ပြောင်းချင် ပြောင်းခဲ့ကွ၊ မင်း အလားအလာ ရှိတယ်၊ မစိုးရိမ်ရောက်ရင် ထွန်းထွန်းပေါက်ပေါက်ဖြစ်မယ်။

သူ့အကြံပေးချက်အရ တောင်သမန်တိုက် တနှစ်နီးပါးနေပြီး မစိုးရိမ်တိုက်သို့ ပြောင်းလိုက် သည်၊ မစိုးရိမ်အလယ်တိုက်ကြီး၌ အတူနေထိုင်ကြ၏၊ သူက အထက်ထပ်၊ ကျနုပ်က အောက်ထပ်၊ သူက ဓမ္မာစရိယစာချတန်း၊ ကျနုပ်က အကြီးတန်း၊ တနှစ်လောက်ကြာလျှင် သူလည်း ဓမ္မာစရိယ ကျမ်းပြီးသွား၏၊ ဂုဏ်ထူးပါသဖြင့် သီရိပဝရဘွဲ့ပါ ရရှိလေသည်၊ ကျနုပ်လည်း အကြီးတန်းအောင်၏။

ကျနုပ်က အကြီးတန်းအောင်သဖြင့် သကျသီဟဆက်လုပ်၏၊ သူ (ယတိကောလိနိယ) ကား အလှည့်ကျ ကထိကလုပ်သည်၊ စာချပေးသည်၊ အကြီးတန်း၌ "ဆန်း"ပါသော်လည်း "ဆန်း"ကို ကျနုပ်ကောင်းကောင်း နာမလည်ပါ၊ ထို့ကြောင့် ဦးကောလိနိယ ဆန်းစာဝါ ချပို့သည့်အခါ ကျနုပ်က သူ့ထံ ဆန်းစာဝါလိုက်ခဲ့၏။

http://www.dhammadownload.com



"ဟေ့- မင်း အကြီးအောင်ပြီးသားဘဲ ဆန်းထပ်လိုက်မလို့လား ဟု မေးသေး၏"၊

ကျနုပ်က "နားမလည်သဖြင့် ထပ်လိုက်မည်ဖြစ်ကြောင်း" လျှောက်ထားလိုက်သည်၊

သူ့ဆီ ဆန်းစာဝါ အကုန်လိုက်ပြီးတော့မှ မိမိလည်း တပည့်များ ပြန်ပို့ချနိုင်သည်အထိ "ဆန်း" သဘောပေါက်တော့သည်။

(၄)

ကျနုပ် သကျသီဟစာသင်တန်းအောင်ပြီး မကြာမီ တနေ့၌ သူနှင့်တိုင်ပင်ပြီး **မစိုးရိမ် ပါဠိဝေဒဂူသမိတီ**အမည်ဖြင့် ပါဠိစကားပြောအသင်း တည်ထောင်ကြ၏၊ သူက ဥက္ကဋ္ဌ၊ ကျနုပ်က အတွင်းရေးမှူး၊ သတင်းစာများမှ ကြော်ငြာပြီး ပါဠိလို စကားရည်လုပွဲ၊ ကျဘမ်းစကားပြောပွဲများ ကျင်းပကြ၏၊ အထိုက်အလျောက် အောင်မြင်သည်။ ဆဋ္ဌသံဂါယနာခေတ် အဋ္ဌကထာဋီကာ သန္နိပါတ၌ မစိုးရိမ်ဆရာတော်ကြီးခေါ်သဖြင့် ယတိကောလိနိယ ဆရာတော်ကြီးနှင့်အတူ ရန်ကုန်လိုက်နေရပြီး ဆရာတော်ကြီး၏ စာရေးတော်အဖြစ် ဆောင်ရွက်ရလေသည်၊ သူကား ရန်ကုန်မှနေ၍

မင်းတို့တတွေ စာသာမကျက်ရင်တော့၊ မဟာအခက် ကြုံဦးမယ်၊

တဝါထွက်လဲ ဂုဏ်ထူးမကြွယ်သည်၊ ယမ့်ဦးဝယ် ရေစုံမျော၊

တက်မဲ့လှေနဲ့ အောင်ပန်းဆီကို၊ ရောင်ရမ်း မရည်စူးလေနဲ့နော။

စသဖြင့် တေးထပ်ရေးစပ်၍ ကျနုပ်တို့ကို ဆုံးမလေသည်၊ သူ့တေးထပ်၌ 'နောင်အနာဂတ် သာသနာတော်တွင် မဟာဆရာတော်ပင် လုပ်ဦးမှာတဲ့လေး' ဟု အဆုံးသတ်ထား၏။

သူ့တေးထပ် ဆုံးမစာကို ဖတ်ရသဖြင့် မိမိလည်း တက်စုံရွက်စုံဖွင့်၍ ကြိုးစားရပါသည်၊ ကြိုးစားသဖြင့် အထိုက်အလျောက် အောင်မြင်မှုရသည်ဟု ဆိုနိုင်ကောင်းသည် ထင်၏။

အဋ္ဌကထာဋီကာသန္နိပါတပြီးသည့်အခါ သူ(ယတိကောလိနိယ)သည် မဟာစည် ရိပ်သာကြီးသို့ ဝင်၍ တရားအားထုတ်၏၊ ရိပ်သာမှ ထွက်လာသည့်အခါ မိမိထံ စာရေးလေသည်၊ မိမိကား ထိုစဉ်က သကျသီဟ စာချတန်းအောင်မြင်ပြီးသဖြင့် မစိုးရိမ်တိုက်ကြီး၌ ကျောင်းထိုင်နာယက လုပ်ရင်း တဘက်မှ စာပေပို့ချ၏၊ အားလပ်ချိန်၌ အင်္ဂလိပ်စာသင်၏၊ ထိုအကြောင်းကို သူကြားဟန် တူသည်၊ သူ့စာထဲ၌ မင်း အင်္ဂလိပ်စာနောက်မှသင် တရားအရင် အားထုတ်၊ ရွှေစည်ရိပ်သာကိုသွား၊ ဦးကုလိသ (ရွှေစည်ရိပ်သာဆရာတော်)ကို ငါက လွှတ်လိုက်တယ်ပြောဟု ပါလာ၏၊ သူ့စာက နောင်ကြီးက ညီငယ်ကို အမိန့်ပေးသည့် သဘောမျိုးပင် ဖြစ်သည်။

(၅)

တရားအားထုတ်ပြီး တနှစ်မျှ မကြာမီ သူ မန္တလေးသို့ ပေါက်လာ၏၊ ကျနုပ်နေထိုင်သည့် ဓမ္မကျောင်း၌ပင် တည်းခိုသည်၊ ကွဲကွာနေသည်မှာ ကြာပြီဖြစ်သဖြင့် တညလုံး မအိပ်တမ်း စကားပြောကြ၏၊ နောက်တနေ့ ဈေးချို ဈေးဝယ်ချင်သည် ဆိုသဖြင့် သူနဲ့ အဖော်လိုက်သွား၏၊ လုံချီ အကျီ ယောကျ်ားဝတ်စုံ သုံးလေးစုံမျှ ဝယ်လေသည်။ လက်ဆောင်ပေးစရာ သို့မဟုတ်

http://www.dhammadownload.com



မှာလိုက်၍ ဝယ်ခြင်းဟု ထင်မိ၏၊ ရန်ကုန်အပြန် ရထားသို့ လိုက်ပို့သည်၊ ရထားပေါ်၌ ကျနုပ်က ဝတ်ချကန်တော့၏၊ ဒီတော့ သူက "မင်း! ငါ့ကို ဒါ နောက်ဆုံးဝတ်ချတာဘဲ၊ နောက်ဆိုရင် ငါက မင်းကို ဝတ်ချရမယ်" ဟု ပြော၏။ ကျနုပ်ကား အပြောင်အပြက်ပြောသည်ဟုပင် ထင်မိ၏၊ မဟုတ်ပါ၊ ရန်ကုန်ရောက်လျှင် လူထွက်ပြီးပြီ ဖြစ်ကြောင်း စာရေး၏၊ သူစာ၌ "ဒွေးလှိုင်"ဟု လက်မှတ် ထိုးထားလေသည်။

(၆)

ဓမ္မာစရိယဦးဒွေးလှိုင် မဖြစ်မီ ကိုဒွေးလှိုင်ဘဝအစ၌ အတော်ပင် ရုန်းရကန်ရဟန် တူ၏၊ ပထမ သိမ်ဖြူတိုင်းရင်းဆေးခန်း ဦးနာဂသေနထံ ဝင်အလုပ်လုပ်၏၊ လခက မလောက်မငှ၊ နောက် ပထမအဘိဓေ မစိုးရိမ်ဆရာတော်ကြီး ထောက်ခံချက်ဖြင့် ကမ္ဘာအေး သာသနာရေးဌာန၌ စာရေး ဝင်လုပ်၏၊ အောက်တန်းစာရေး လခက တရာကျော်မျှသာ၊ ဝန်ထမ်းအိမ်ရာ၌ နေရ၍ အိမ်လခ သက်သာဟန် တူ၏၊ ထိုစဉ်က မိမိ သူ့အိမ်တခေါက် ရောက်သွား၏၊ သူ့ဇနီးက ပြောသည်။

"တပည့်တော်တို့တော့ ကလေးနှစ်ယောက်နဲ့ သူ့လခက မလောက်မငှ၊ ရွှေဖရုံသီးချည်း ချက်စားနေရသည်" ဟူ၏။

မိမိက အားပေးလိုက်သည်။

ညီး! အားမငယ်ပါနဲ့၊ ဖရုံသီးချည်း ချက်စားနေရတော့ ချီးတောင် အရောင်လှသေး၊ တအိမ်သားလုံး တဟားဟားရယ်ကြ၏။

ဓမ္မာစရိယ ဦးဒွေးလှိုင်အဖြစ် ရတနာသုံးပါးဂုဏ်ကျေးဇူး၊ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာအုပ် ရေးထုတ် တွင်ကျယ်လာတော့မှ အဆင်ပြေတော့သည်။

(၇)

ကိုဒွေးလှိုင်ကား မိမိကို ညီငယ်တယောက်သဖွယ် ခင်မင်၏၊ ရန်ကင်းတောင် တရားစခန်း ဖွင့်တိုင်း မိမိကို လာခေါ်၏၊ မအားလပ်သဖြင့် တခါမျှ အားမထုတ်ဖြစ်၊ သူ ရန်ကင်းတောင် တရားစခန်းမှ ရောဂါဖြစ်ပြီး ရန်ကုန်ပြန်သွား၏၊ ရောဂါအခြေအနေ ဆိုးသည်ဟု သိရ၏၊ မိမိ ဖုံးဆက်မေးသည်တွင် သူ့သမီးငယ် လာဘနှင့် တွေ့ရ၏၊ ဆရာဝန်များ လက်လျှော့ပြီဖြစ်ကြောင်း သိရသည်၊ ငါ တပေါင်းလပြည့်နားနီးလျှင် လာမည်၊ ညီးအဖေ အဲဒီအထိ အသက်ရှည်ပါ့မလား မေးလိုက်၏၊ မသေချာကြောင်း ပြန်ဖြေသည်၊ ၆၅-ခု တပေါင်းလဆန်း (၁၄)ရက်နေ့ သူ့ထံ ရောက်သွား၏၊ သူ့အကိုအရင်း မြေဇင်းဆရာတော်လည်း ရှိနေသည်၊ လူနာခန်းထဲဝင်ပြီး တရား ဟောရ၏၊ "ကိုဒွေးလှိုင် ခင်ဗျား တရားအများကြီး အားထုတ်ထားတာပဲ၊ ဒီအချိန်မှာ တရားပဲ အားကိုးစရာရှိတော့တယ်၊ **ဝေဒနံ ဝိကၡမ္ဘေတွာ**လုပ်ပြီး အားထုတ်နေကျတရား နှလုံးသွင်းပါ"ဟု ဟောရ၏။ သူလဲ သဘောပေါက်ဟန် တူပါသည်။

သူက အသံသဲ့သဲ့ဖြင့် ပြန်ပြော၏၊

" ဦးဇင်းရေ! ဦးဇင်းနဲ့ တပည့်တော်နဲ့က အကြာကြီး ပေါင်းသင်းလာကြတာ အပြစ်က

http://www.dhammadownload.com



ရှိမှာပဲ၊ တပည့်တော် အပေါ် ခွင့်လွှတ်ပါ ဦးဇင်းရာ”ဟု တောင်းပန်စကား နောက်ဆုံး ဆိုသွားရှာ၏။

“အချစ်ဆုံး သူငယ်ချင်းတဦး၏ နောက်ဆုံးတောင်းပန်စကားပါတကား” ဟု သံဝေဂ ယူရုံမှ တပါး မိမိဘာမျှ မတတ်နိုင်ပါ။ မိမိကလည်း ငိုသံမပါအောင် ထိန်းပြီး “ကျုပ်အပေါ် အပြစ်ရှိလျှင်လဲ ခွင့်လွှတ်ပါ” ဟု ပြောလိုက်ရ၏။ လူနာခန်းမှ ထွက်လျှင်ကား ရှိုက်ကြီးတငင် မငိုမိသော်လည်း မျက်ရည်ကား သိသာအောင် လည်မိပါသည်။

## မျှော်လင့်ချက် ပျက်ရပြီ

၁၃၆၆-ခု ကဆုန်လပြည့်နေ့ဆိုလျှင် မစိုးရိမ်တိုက်သစ် နှစ် (၅၀) ပြည့်မည်ဖြစ်၏၊ နှစ် (၅၀)ပြည့် ရွှေရတုပွဲသဘင်ကို ခတ်ကျဉ်းကျဉ်းလုပ်မည်ဟု စိတ်ကူးထား၏၊ ရွှေရတုပွဲ၌ ကိုဌေးလှိုင်ကို မစိုးရိမ်အကြောင်း တည ဟောပေးရန် ကမ်းလှမ်းထား၏၊ သူကလဲ ဟောပေးမည် ဖြစ်ကြောင်း ကတိပြုသည်။ သူကား မစိုးရိမ်ကျောင်းသားဟောင်း ဖြစ်သဖြင့် မစိုးရိမ်အကြောင်းကို ဂယနဏ သိသည်၊ သူဟောလျှင် ပို၍အဆင်ပြေမည်ဟု ထင်မိ၏၊ ထို့ကြောင့် သူကို ဟောပြောပေးဖို့ မေတ္တာရပ်ခံခြင်း ဖြစ်သည်၊ သူကား ရွှေရတုပွဲအထိ မနေရရှာပါ။ ရွှေရတုပွဲ နှစ်လနီးပါးအလို ၆၅-ခု တပေါင်းလပြည့်ကျော်တွင် ကွယ်လွန်သွားရှာ၏၊ မိမိအဖို့ မျှော်လင့်ချက် ပျက်စီးသွားရခြင်း ပင်တည်း။

ဦးရာဇဓမ္မာဘိဝံသ<br>
မဟာနာယကဆရာတော်<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ ။<br>
(၁၉၊ ၁၊ ၂၀၀၅)

http://www.dhammadownload.com



## လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်

မြန်မာပြည်တွင် ပါဠိတက္ကသိုလ်များ ပေါ်လာသည့် ၁၃၁၃-ခုနှစ်မှ စ၍ အဋ္ဌကထာကြီး ၃ကျမ်း (ပါရာဇိကဏ်အဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ) အချအပို့များ၏။ ရှေးရိုးအစဉ်အလာအတိုင်း ချပို့သည့် ဆရာတော်ကသာ များလေသည်။ ပါဠိတက္ကသိုလ်ကျောင်းသား များ နားထဲစွဲသွားအောင် ချပို့သည့် စာချဘုန်းကြီးကား မရှိသလောက် ရှားလှသည်။

ဦးကောဝိဒသည် သူကိုယ်တိုင် ပါဠိတက္ကသိုလ်ကျောင်းသားအဖြစ် အဋ္ဌကထာ စာဝါကြီးများ လိုက်စဉ်က ထိုချို့ယွင်းချက်များကို သဘောပေါက်ခဲ့ဟန် တူ၏။ သူကိုယ်တိုင် ပါဠိတက္ကသိုလ် အဋ္ဌကထာစာဝါကြီးများ ချပို့သည့်အခါ စာမေးပွဲမေးသည့် ပုစ္ဆာစဉ်အတိုင်း တစ်၊ နှစ်၊ သုံး၊ လေး ပုစ္ဆာစဉ်၍ ချလေသည်။

စာမေးပွဲ၌ နံပါတ်(၁)ဝယ် အနက်မေးမည် နံပါတ်(၂)ဝယ် အတက်အထွက် မေးမည် စသည်ဖြင့် စည်းကမ်းသတ်မှတ်ထားသည်။ ဆရာတော်ဦးကောဝိဒ စာချသည့်အခါ စာမေးပွဲ စည်းမျဉ်းအတိုင်း ပုစ္ဆာစဉ်၍ ချပို့လေသည်။ ယင်းသို့ပို့ချသဖြင့် ပါဠိတက္ကသိုလ်ကျောင်းသားများ စာသွားစာလာ သဘောပေါက်လွယ်၏။

ထို့ကြောင့် ဆရာတော် ဦးကောဝိဒ စာဝါဆိုလျှင် စာသင်သားများ တရုံးရုံး စာလိုက်ကြ၏။ နှစ်မိုင် သုံးမိုင် အဝေးစာသင်တိုက်များမှ စာသင်သားများဆိုလျှင် စာမချမီ တနာရီခွဲခန့် အချိန်စော၍ ရောက်လာကြလေသည်။ သူတို့သည် မိမိစာလိုက်သည့် နေရာကို ရေသနုတ်သင်းပိုင်ကလေးများ နေကထိုင်လေးများ ခင်း၍ မှတ်ထားကြ၏။ သုံးရက်ခန့် စာလိုက်မိလျှင် သူ့နေရာ အပိုင်ဖြစ် သွားတော့၏။ စာဝါရာသီမကုန်မချင်း ထိုနေရာ၌သာ ထိုင်၍ စာလိုက်လေသည်။

ဆရာတော် ဦးကောဝိဒ ထံတွင် ပါဠိတက္ကသိုလ်ကျောင်းသားများ စာသင်သားသံဃာများ တရုံးရုံး စာလိုက်နေသဖြင့် ဆရာတော်ဦးသိရိန္ဒက (ထိုစဉ်က ဆရာတော် ဦးသိရိန္ဒသည် မစိုးရိမ် အလယ်တိုက်ကြီး၌ သီတင်းသုံးဆဲဖြစ်၏)

" ဦးကောဝိဒဆီ စာလိုက်သံဃာတွေ များလိုက်တာကွာ "ဟု ပြော၏။

သည်တွင် မိမိက(ဦးရာဇ) " ဦးကောဝိဒက ပုစ္ဆာစဉ် စာချတာ။ သည်တော့ စာသင်သားတွေ နားလည်လွယ်တယ်။ အခုခေတ် စာသင်သားများက ရှေးရိုး အစဉ်အလာအတိုင်း စာချရင် မှတ်စု မထုတ်တတ်ကြတော့ဘူး။ ပုစ္ဆာစဉ်စာချမှ မှတ်စုရေးတတ်တာ"ဟု လျှောက်ထားလိုက်၏။

## တိုက်တာအတွက် ဆောင်ရွက်ချက်

တနှစ်တွင် (၁၃၂၃)ခုနှစ်ဟု ထင်သည်။ မစိုးရိမ်တိုက်ကြီး တစ်တိုက်လုံးမှ အကြီးတန်း တပါးသာ အောင်လေသည်။ ထိုစဉ်က စာမေးပွဲ အအောင်အများဆုံး တိုက်ကြီးရှစ်တိုက် ရွေးချယ်သည့် ထုံးစံရှိ၏။ "အကြီးတန်း တပါးအောင်လျှင် သုံးမှတ်၊ အလတ်တန်း တပါးအောင်လျှင် နှစ်မှတ်"စသည် အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခြင်း ဖြစ်သည်။ အကြီးတန်း အအောင်များလျှင်

http://www.dhammadownload.com



စာသင်တိုက်ကြီး ရှစ်တိုက်တွင် ပါဝင်ရလေသည်။

ယင်း တိုက်ကြီးရှစ်တိုက်မှ ပထမပြန်စာမေးပွဲ ပုစ္ဆာထုတ်ခြင်း၊ အဖြေလွှာ စစ်ဆေးခြင်း စသော ကိစ္စရပ်များကို ဆောင်ရွက်ကြရလေသည်။ ယင်းတိုက်ကြီးရှစ်တိုက်မှ ဆရာတော်များကို ပထမပြန်နာယကအဖွဲ့ဟု ဖွဲ့စည်းထား၏။

ထိုနှစ်က အကြီးတန်းတပါးသာ အောင်မြင်သဖြင့် မစိုးရိမ်တိုက်ကြီးအဖို့ စာအောင် အများဆုံး တိုက်ကြီးရှစ်တိုက်မှ ပြုတ်မလိုပင် ဖြစ်ခဲ့သေး၏။ တော်ပါသေးသည်။ သုံးနှစ်ရမှတ် ပေါင်းလိုက်သည့်အခါ မစိုးရိမ်တိုက်ကြီးသည် တိုက်ကြီးရှစ်တိုက်တွင် ပြန်၍ ပါဝင်လာသည်။

၁၃၂၄-ခုနှစ်၌ မိမိသည် (ဦးရာဇ) သကျသီဟစာချတန်း အောင်မြင်လာ၏။ ဓမ္မကျောင်း နာယကဘုန်းကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ ဝါဆိုလ ပထမပတ် တိုက်စာမေးပွဲ၌ ဘုန်းကြီး ဦးကောဝိဒနှင့်အတူ စာဖြေသံဃာများ ကြီးကြပ်သည့် တာဝန်ယူရ၏။

စပ်မိစပ်ရာပြောယင်း ဆရာတော်ဦးကောဝိဒက " တိုက်မှာ ပြီးခဲ့တဲ့နှစ်က အကြီးတန်း (၁)ပါးပဲ အောင်တယ်။ စာသင်သားသံဃာတွေက ငါးရာကျော် ခြောက်ရာနီးပါး၊ ဒီထဲ အကြီးတန်း တပါးသာ အောင်တယ်ဆိုတော့ ရှက်တောင် ရှက်စရာ ကောင်းတယ်"။

ဒီတွင် မိမိက လျှောက်ထားလိုက်၏ "ဦးဇင်း! ဒီကိစ္စက မလွယ်ဘူး။ စာသင်သားတွေက စာမလိုက်ချင်ဘူး။ သူ့အတန်းနဲ့ သူ စာမလိုက်မနေရ။ စာအံကျောင်း မတက်မနေရ။ စည်းမျဉ်း လုပ်ပေးမှ ဖြစ်မှာ။ တပည့်တော်တို့ နာယကအငယ် (၅)ပါး တိုင်ပင်ပြီး နာယကကြီးများ လျှောက်၊ နာယကကြီးများထံမှ အမိန့်ရလျှင် စာသင်သားများအတွက် စည်းမျဉ်းဥပဒေလုပ်ကို လုပ်မှ ဖြစ်မယ်"

ဘုန်းကြီး ဦးသိရိန္ဒ၊ ဦးသုမန၊ ဦးတေဇော၊ ဦးကောဝိဒ၊ ဦးရာဇ ဤ(၅)ပါးကား နာယကအငယ် ငါးပါးဖြစ်သည်။ ဆရာတော် ဦးကောသလ္လ (ဂန္ထကျောင်းမဟာနာယက)၊ ဆရာတော်ဦးဉာဏဝံသ (ဝိနယ)၊ ဆရာတော်ဦးဝိသုဒ္ဓ (ပဋ္ဌာန်းဆရာတော်) ပါဠိ၊ ဆရာတော် ဦးစန္ဒောဘာသ (ပရိယတ္တိ)၊ ဆရာတော် ဦးနာရဒ (မာဂဓ)၊ ဆရာတော် ဦးဉာဏော (သိရောမဏိ) အဘိဓမ္မ၊ အာဂမဆရာတော် ဦးဝိစိတ္တ၊ ဆရာတော် ဦးကုသလ (သဒ္ဓမ္မ) ဤ(၈)ပါးကား နာယကကြီးများ ဖြစ်ကြသည်။

ဒုတိယကမ္ဘာ စစ်မတိုင်မှီက တိုက်တာတွင် နာယကအဖြစ် ခန့်အပ်ခြင်းခံရသဖြင့် နာယကကြီးများဟု သုံးနှုန်းခြင်းဖြစ်သည်။ မိမိတို့ နာယကအငယ်ငါးပါးမှာမူ လွတ်လပ်ရေးခေတ်မှ နာယကအဖြစ် ခန့်အပ်ခြင်းခံရသဖြင့် နာယကအငယ်ဟု သုံးနှုန်းခြင်းဖြစ်သည်။

မိမိတို့ နာယကအငယ်ငါးပါး တိုင်ပင်ပြီး နာယကကြီး (၈)ပါးကို လျှောက်ထားကြ၏။ နာယကကြီး (၈)ပါးက နာယကအငယ်များအကြိုက် စည်းမျဉ်းလုပ်ပြီး တိုက်တာကို တိုးတတ်အောင် ဆောင်ရွက်ကြရန် အမိန့်ရှိခဲ့သည်။

ယင်းအမိန့်ရှိချက်အရ စာသင်သားများ မိမိသက်ဆိုင်သည့် စာဝါမလိုက် မနေရ။ စာအံကျောင်း မတတ်မနေရ စည်းမျဉ်းလုပ်ပြီး စာပေပို့ချကြသည်။ ဆရာတော်ကြီးကလည်း ယင်းစည်းမျဉ်းကို သဘောကျ၏။

၁၃၂၇-ခုနှစ်တွင် ဘုန်းကြီးဦးသိရိန္ဒသည် မစိုးရိမ်တိုက်သစ်သို့ ပြောင်း၍ စာချရ၏။ ၁၃၂၉-

http://www.dhammadownload.com



ခုနှစ်တွင် မိမိ (ဦးရာဇ) မစိုးရိမ်တိုက်သစ်တို့ ပြောင်း၍ စာချရ၏။ ဆရာတော်ကြီး အမိန့်အရ မစိုးရိမ်တိုက်သစ်သို့ ပြောင်း၍ စာချရမည်ဖြစ်ကြောင်း မဟာနာယက ဂန္ထဆရာတော်အား လျှောက်ထားသည့်အခါ ဂန္ထဆရာတော်က

"အေး မင်း မစိုးရိမ်တိုက်ကြီးမှာ ပီပီပြင်ပြင် မဖြစ်ခဲ့တဲ့စည်းမျဉ်း တိုက်သစ်ရောက်တော့ လုပ်ကွာ"ဟု အားပေးလိုက်သည်။

မိမိတို့ နှစ်ပါး တိုက်သစ်သို့ ပြောင်းပြီး တိုက်ဟောင်းတုန်းက လုပ်ခဲ့သည့် ဥပဒေအတိုင်း တိုက်သစ်၌ ပြုလုပ်သဖြင့် တိုက်သစ်မှာ စာအောင်သံဃာ များလာသည်။ မစိုးရိမ်တိုက်ကြီးကား ပိုနေမြဲ ကျားနေမြဲ ဖြစ်သွားဟန် တူ၏။

## ဗောဓိပင်ပျိုး၍ ပေါင်ကျိုးခြင်း

၇-၈-၈၈-ခုနေ့တွင် တိုင်းကောင်စီဥက္ကဋ္ဌ ဦးညိုဝင်းအမှူးပြုသော ဒကာ လေးငါးယောက်ကို မစိုးရိမ်တိုက်ကြီး သိမ်ကျောင်းအတွင်း၌ ဝိုင်းဝန်းပိတ်ဆို့ထားကြ၏၊ ပြဿနာ ဘယ်ကဘယ်လို စဖြစ်သည် မသိ၊ ဝိုင်းထားသောပရိသတ်မှာ ဘုန်းကြီးရော လူပါ ခြောက်ထောင် ခုနှစ်ထောင်ကျော်ခန့် ရှိပေလိမ့်မည်၊ မစိုးရိမ်တိုက် ဝင်းကြီးနှင့် ဝိသုဒ္ဓါရုံတိုက်သစ် လမ်းမကြီးတလျှောက်လုံး ဝိုင်းထားသော လူထုဘုန်းကြီးထုဖြင့် ပြည့်နှက်နေလေသည်၊

ရန်ကုန်ကမ္ဘာအေးမှ မိမိ(ဦးရာဇ)ထံ "တိုင်းကောင်စီဥက္ကဋ္ဌ ဦးညိုဝင်းနှင့် အဖွဲ့ဝင်များ မစိုးရိမ်ကျောင်းတိုက်ကြီးအတွင်း အဝိုင်းခံနေရကြောင်း" ဖုန်းဆက် အကြောင်းကြား၏၊ "ယင်းပြဿနာ ဖြေရှင်းပေးရန်လည်း" အကြောင်းကြား၏၊

မိမိ (ဦးရာဇ)က " ပြဿနာဘယ်ကစ ဘယ်လိုဖြစ်သည်ကို မသိကြောင်း၊ ပြဿနာ အရင်း အမြစ် သိအောင်လုပ်ပြီး **အဆိုးထဲမှ သက်သာသောအဆိုးဖြစ်အောင် ဆောင်ရွက်ပေးမည်** ဖြစ်ကြောင်း" ဖုန်းဆက်ပြောလိုက်၏၊

မန္တလေးတိုင်းကောင်းစီ အတွင်းရေးမှူးကလည်း မိမိထံ ဖုန်းဆက်၍ အထက်ပါ အကြောင်း အရာကိုပင် ပြောကြားပြန်၏၊ မိမိက ကမ္ဘာအေးဖုန်းဆက်၍ ဝန်ခံပြောကြားလိုက်သည့်အတိုင်း ပြန်ကြားလိုက်သည်၊

မိမိသည် မေ့ဒီပကျောင်း နာယကဘုန်းကြီး ဦးနာယကကို ခေါ်ပြီး မစိုးရိမ်တိုက်ကြီးသို့ သွား၏၊ ဝိုင်းထားသူများက တိုင်းကောင်းစီဥက္ကဋ္ဌ စီးလာသည့်ကားကို ခဲဒုတ်ပုလင်းတို့ဖြင့် ပစ်ပေါက်ကြ၏၊ မိမိတို့ မစိုးရိမ်တိုက်ကြီးသို့ ရောက်လျှင်ရောက်ခြင်း **"အကြမ်းဖက်မှုများကို ရပ်ဆိုင်းရန်"** မေတ္တာရပ်ခံလိုက်သည်၊ အကြမ်းဖက်သူများကလည်း တကြိမ်မေတ္တာရပ်ခံရုံမျှဖြင့် ရပ်ဆိုင်းသွားကြ၏၊ တိုင်းကောင်းစီဥက္ကဋ္ဌနှင့် ပရိသတ် သဘောတူညီမှုရပြီး ပြဿနာ ပြေလည် သွားသည်။ ဥက္ကဋ္ဌစီးလာသည့်ကား မှန်များ ခဲမှန်ကြေမွကုန်သည်၊ ထိုအချိန်က ဘုန်းကြီး ဦးကောဝိဒ မစိုးရိမ်တိုက်ကြီးတွင် မရှိပါ၊

အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းမှ အဖွဲ့ဝင်အချို့က "ဘုန်းကြီးဦးကောဝိဒ-က ပြဿနာကို ရှောင်သွားသည်" ဟု စွပ်စွဲကြ၏၊ အချို့ကလည်း "ပြဿနာဖြစ်အောင် ဆွပေးသည်"ဟု စွပ်စွဲကြ၏၊

http://www.dhammadownload.com



ရှောင်သွားသည်လည်း မဟုတ်၊ ဆွပေးသည်လည်း မဟုတ်၊ ဘုန်းကြီးဦးကောဝိဒ မသိ၍သာ ပြဿနာဖြစ်ခြင်း-ဟု ယူဆရသည်။

## နှစ်ပါးတွဲ၍ ပြဿနာဖြေရှင်းပေးခဲ့ရခြင်း

၈-၈-၈၈ နေ့တွင် အရေးအခင်း စတင်ဖြစ်ပေါ်လာ၏၊ အရေးအခင်းအတွင်း လူထုနှင့် အာဏာပိုင် အဖွဲ့အစည်းအကြား တင်းမာမှု မပြင်းထန်အောင် မိမိတို့နှစ်ပါး (ဦးကောဝိဒနှင့် ဦးရာဇ) ဆောင်ရွက်ပေးခဲ့ရ၏၊ တကြိမ်၌ ဘယ်ကဘယ်လို စဖြစ်သည်မသိ၊ လူထုနှင့် ဘုန်းကြီးထုက မစိုးရိမ်နှင့် ဝိသုဒ္ဓါရုံကြား လမ်းမကြီးအပြည့် ဆူပွက်နေကြ၏၊ မေတ္တာပို့ခြင်းမဟုတ်၊ အယုတ္တ အနတ္တ ဆဲဆိုကြခြင်းသာ ဖြစ်သည်၊ တံတိုင်းများပေါ်၌ပင် တက်၍ ဆူပွက်ကြ၏၊ စစ်တပ်ကလည်း ၃၅-အေလမ်းပေါ်မှ ကားလေးငါးခြောက်စီး လက်နက်အပြည့်အစုံဖြင့် စောင့်ကြပ်နေ၏၊ လူထုနှင့် စစ်တပ် ထိပ်တိုက်ဖြစ်နိုင်သည့် အခြေအနေကို မြို့နယ်ဥက္ကဋ္ဌက မိမိထံ ဖုန်းဆက် အကြောင်းကြား၏၊

မိမိက "လာခဲ့မည်ဖြစ်ကြောင်း၊ မစိုးရိမ်တိုက်သစ်နှင့် တိုက်ကြီး ခြေလျှင်လာရလျှင် ဆယ်မိနစ်ခန့် ကြာနိုင်ကြောင်း၊ ယင်းအတွင်း အလွန်အကျွံ မဖြစ်အောင် ထိန်းထားဘို့ လိုကြောင်း" တဆက်တည်း ပြောလိုက်၏၊

မိမိလည်း ချက်ခြင်း မစိုးရိမ်တိုက်ကြီး အရှေ့ပေါက်သို့ သွားပြီး ပိဋကဘုန်းကြီး ဦးကောဝိဒကို အပင့်ခိုင်းကာ **"ပထမ လူထုနှင့် ရဟန်းထုကို ကိုယ့်အိမ်ကိုယ့်ကျောင်း ပြန်ကြရန်"** မေတ္တာရပ်ခံလိုက်သည်၊ လူထုပရိသတ်ရှင်းမှ မိမိတို့နှစ်ပါး ၃၅-အေလမ်း သွားပြီး **"စစ်တပ်ကို ဤနေရာမှ ရုပ်သိမ်းသွားရန်"** မေတ္တာရပ်ကြ၏၊ စစ်တပ်ကလည်း အထက်ကို အခြေအနေမှန် သတင်းပို့ပြီး ရုပ်သိမ်းသွားကြ၏၊ ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်မှု မဖြစ်တော့ပါ၊

အထက်ပါဖြစ်ရပ်မျိုး အကြိမ်ကြိမ်တွေ့ကြုံခဲ့၏၊ အကြိမ်ကြိမ် ဖြေရှင်းပေးခဲ့ရ၏၊ ယင်းသို့ ဖြေရှင်းပေးသောကြောင့် " ဆု "ချခြင်းလော မပြောတတ်၊ မိမိတို့နှစ်ပါးလုံးကို မော်စကိုသို့ ပို့လိုက်၏၊ မိမိတို့နှစ်ပါးကမူ "ဗောဓိပင်ပျိုး၍ ပေါင်ကျိုးခြင်းဖြစ်သည်"ဟု ယူဆပါသည်၊ ကျိုးတော့မှကျိုးစေ ဗောဓိပင်ပျိုးခြင်းသည် ကောင်းသောအလုပ်သာ ဖြစ်၍ နောင်အခါ ပျိုးခွင့်ကြုံလျှင် ပျိုးရမည်သာ ဖြစ်ပါသည်။

## မော်စကိုပြန် နှုတ်ဆက်ဟန်

မိမိတို့ မော်စကို ရောက်နေစဉ်အတွင်း တနေ့တွင် မိမိက ဘုန်းကြီးဦးကောဝိဒအား လျှောက်ထားလိုက်၏၊ "ဦးဇင်း! တပည့်တော်တို့ အပြင်ပြန်ရောက်လျှင် သူတို့က သံဃာငယ်များကို မဆူ-ဆူအောင် ဆွပေးလိမ့်မည်၊ သံဃာငယ်များ ဆူဖန်များလာသောအခါ ဒီဆရာတော်နှစ်ပါး အပြင်ရှိနေတာ သံဃာငယ်များ မငြိမ်မသက် ဖြစ်သည် ဆူပူသည်-ဟု အကြောင်းပြပြီး တပည့်တော်တို့ကို မော်စကို ပြန်ပို့ချင် ပို့လိမ့်မည်၊ တပည့်တော်တို့က သံဃာငယ်များ ဆူပူလာလျှင် ငြိမ်သက်အောင် ထိန်းသိမ်းပေးဘို့ လိုသည်" ဟု လျှောက်ထားလိုက်၏၊

http://www.dhammadownload.com



မိမိတို့ ထင်သည့်အတိုင်းပင် အပြင်ရောက်၍ မကြာမြင့်မီ ဟိုရပ်ကွက် ဒီရပ်ကွက် လူငယ်များနှင့် သံဃာတော်များ မကြာခဏ အဖုအထစ် ဖြစ်ကြ၏၊ မိမိတို့ကလည်း အဖုအထစ် ဖြစ်တိုင်း ငြိမ်သက်အောင် ထိန်းသိမ်းပေးလိုက်ကြသည်၊ မိမိတို့နှစ်ပါးကို ဘက်လိုက်၍ ပြဿနာများ ဖြေရှင်းပေးသည်ဟု စွပ်စွဲကြ၏၊ ဩဇာကျအောင် အမျိုးမျိုး သွားပုတ်လေလွင့် ပြောကြ၏၊ မိမိတို့ကား ယခုအချိန်အထိ ဩဇာမကျပါ၊ နောင်လည်း သေသည်အထိ သွားပုတ်လေလွင့်ဒဏ်ကို ခံရလိမ့်မည်ဟု မျှော်လင့်ထားသည်၊

မိမိတို့ အပြင်ပြန်ရောက်သည့်အခါ ဂိုဏ်းတူဂိုဏ်းကွဲ ဆရာတော်ကြီးများက "ဦးဇင်းတို့က နိုင်ငံရေး လုပ်တာကို"ဟု မိန့်ဆိုကြ၏၊ ဆရာတော်ကြီးများကား ရိုးသားလှသည်၊ **နှစ်ပက္ခတင်းမာမှု လျှော့နည်းအောင် လုပ်သည်ကို နိုင်ငံရေး-ဟု ထင်နေရှာကြ၏**၊ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကလည်း နှစ်ပက္ခတင်းမာမှု လျှော့နည်းအောင် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ဘူးပါသည်၊ မိမိတို့လည်း ဘုရားရှင်သားတော်ပီပီ တင်းမာမှု လျှော့နည်းအောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်ပါသည်။

ဦးရာဇဓမ္မ
မဟာနာယကဆရာတော်
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့
၁၃၇၀-ခု၊ တပေါင်းလဆန်း(၄)ရက်
(၂၇-၂-၂၀၀၉)
(ဆရာတော် ဦးကောဝိဒါဘိဝံသ တနှစ်ပြည့် အထိမ်းအမှတ်စာအုပ်မှ )

http://www.dhammadownload.com



## ဗန်းမော်ဆရာတော်(၂)ပါး

မန္တလေးသာသနာဝင်၌ ဗန်းမော်ဆရာတော်အမည်ဖြင့် ထင်ရှားသော ဆရာတော်(၂)ပါး တွေ့ရ၏၊ တပါးမှာ ပုဂံမင်းခေတ် မင်းတုန်းမင်းခေတ် ဗန်းမော်ဆရာတော် ဖြစ်သည်၊ ဆရာတော်သည် ပုဂံမင်းလက်ထက်တွင် ပဏ္ဍိတဝံသာဘိဇ မဟာဓမ္မရာဇာဓိ ရာဇဘွဲ့ တံဆိပ်တော် ရရှိခဲ့ပေသည်၊ (မေမြို့မိုးကြည်၊ စာပေတိုက်ပွဲ၊ နှာ၊ ၉၇) ယင်းဆရာတော်မှာ ရှင်ဘုရင်နှင့် ဆက်ဆံရာ၌ရင်း မှူးကြီးမတ်ရာ သေနာပတိတို့နှင့် ဆက်ဆံရာ၌ရင်း ပြတ်သားလှ၏၊

တချိန်တွင် မင်းတုန်းမင်းတရားကြီးက ကြည်စယ်လိုသည့်အနေဖြင့် ဗန်းမော် ဆရာတော်အား လျှောက်ထားသည်။

မင်းတုန်း။ ။ တပည့်တော် ငရဲသူငရဲသားတွေအကြောင်း စာဖတ်တယ် ဘုရား၊ ငရဲသူငရဲသားတွေက ကတုန်း များတာပဲတဲ့ဘုရား။

သည်တွင် ဗန်းမော်ဆရာတော်က ချက်ခြင်းတုန့်ပြန်လိုက်သည်။

ဗန်းမော်။ ။ ဒကာတော်မင်းတရား! ငရဲသူငရဲသားတွေဟာ ငရဲကျစတုန်းကတော့ ဒကာတော့် ဆံထုံးလိုဘဲ မဖြစ်စလောက် ဆံထုံးလေးတွေ ပါသတဲ့၊ ငရဲမီးလောင်တဲ့အထဲ ဆံပင်တွေ ပါသွားလို့ ကတုန်းကြီး ဖြစ်နေတာလို့ ဘုန်းကြီးတော့ ဖတ်ရဖူးတယ်။

မင်းတုန်းမင်းကြီးလဲ ပြုံးပြီး နားထောင်နေရှာ၏၊ ဆက်ပြီး မကြည်စယ်ရဲတော့။

### ရေငုတ်ပြိုင်ရအောင်

တချိန်၌ မင်းတုန်းမင်းတရားကြီးသည် "ဘိက္ခုပါတိမောက် မရသော ရဟန်းတော်များ နေပြည်တော်၌ မနေရ"ဟု အမိန့်ထုတ်လိုက်သည် ဟူ၏။ ယင်းအမိန့်ကို ဗန်းမော်ဆရာတော်က မကြိုက်၊ ဘိက္ခုပါတိမောက် ရသည်ဖြစ်စေ မရသည်ဖြစ်စေ ရဟန်းဟာ ရဟန်းသာ ဖြစ်သည်၊ ဘုရားရှင် လက်ထက်ကလည်း ပါတိမောက်မရသော ရဟန်းတော်များ တောအရပ် တောရွာမှာသာ နေရမည်ဟု ပညတ်ချက်မရှိ၊

ဗန်းမော်ဆရာတော်က မင်းတုန်းမင်းတရားကြီးအမိန့် မကြိုက်သော်လည်း မင်းတရားကြီးထံ ဒါရိုက်စာမသွင်း၊ မန္တလေးတောင်ပေါ်တွင်ရှိသည့် ဗျာဒိတ်ပေးမတ်ရပ် ဘုရားကြီးနှင့် တောင်ခြေတွင် ရှိသည့် ကျောက်တော်ကြီးဘုရားကြီး၌ စာကပ်၍ မင်းအမိန့်ကို ပျက်ရယ်ပြုလိုက်သည်၊

ဗျာဒိတ်ပေးကိုယ်တော်ကြီး၏ လက်ညိုး၌ " **တောင်ခြေက မောင်ဖြူ! ပါတိမောက် ရရဲ့လား? မရရင်တော့ နေပြည်တော်နေခွင့် မပြုနိုင်ဘူး မောင်ရေ့**"ဟု စာကပ်ထားလိုက်၏၊ တောင်ခြေမှ ကျောက်တော်ကြီးဘုရားကား စကျင်ကျောက်အဖြူဖြစ်သည်၊ ထို့ကြောင့် မောင်ဖြူ-ဟု စာပြောင်ကပ်ခြင်းဖြစ်၏။

ကျောက်တော်ကြီးဘုရား၌လည်း ကျောက်တော်ကြီးဘုရားက ပြန်ပြောသည့် အနေဖြင့် **"အမယ် ကိုယ်မတ်ရပ်က အထက်ကနေပြီး ကြီးကျယ်လိုက်တာ၊ ဘယ်သူမဆို တမျိုးတော့**

http://www.dhammadownload.com



**စွမ်းကြတာချည်းပေါ့၊ သတ္တိရှိရင် မင်းနှင့်ငါ ရေငုပ်ပြိုင်ရအောင်**"ဟု စာကပ်ထား၏၊

ယင်းစာများကို မင်းတုန်းမင်းတရားကြီး သိသည့်အခါ ပါတိမောက်မရသော ရဟန်းတော်များ နေပြည်တော် မနေရ ဟူသော အမိန့်ကို မသိမသာ ချူထားလိုက်သည်ဟု ဆို၏။

## ဗိုက်ထဲကြ စုံပါလိမ့်မယ်

ဗန်းမော်ဆရာတော် ကိုရင်ဘဝက ကင်းဝန်မင်းကြီးက ဆွမ်းပင့်ကျွေးသည်ဟူ၏၊ ဆွမ်းပွဲ ပြင်ရာတွင် ဟင်းတခွက်ပြီးတခွက် လာချနေ၏၊ ဗန်းမော်ဆရာတော်အလောင်း ကိုရင်က တခွက် လာချလိုက် ကုန်အောင်စားလိုက်၊ တခွက် လာချလိုက် ကုန်အောင်စားလိုက်နှင့် စားနေသဖြင့် ကင်းဝန်မင်းကြီးက "ကိုရင်! ဟင်းစုံမှ စားရတယ်"ဟု လျှောက်ထားသည်ဆို၏၊ သည်တွင် ကိုရင်က "ဗိုက်ထဲကြ စုံပါလိမ့်မယ်ဗျာ"ဟု ပြန်ပြောသည်ဆို၏၊

ဗန်းမော်ဆရာတော်ကား နွေအခါ ရေအိုးသစ်ကလေးနှင့် မန်ကျည်းသီးမှည့် ဖျော်ရည် သီးသန့်ဖျော်နေစရာမလို၊ "မန်ကျည်းသီးမှည့် စား , ထန်းလျက်စား , ရေသောက်၊ ဗိုက်ထဲကြ ဖျော်ရည်ဖြစ်လိမ့်မည်"ဟု အယူအဆ ရှိသူတည်း။

ဘုရင့်ခေတ် ဗန်းမော်ဆရာတော်ကား ပြတ်သားသူဖြစ်သည်။ လွတ်လပ်ရေးခေတ် ဗန်းမော်ဆရာတော်ကိုလည်း တပည့်ဒါယကာ ဒါယိကာမများက ဘုရင့်ခေတ် ဗန်းမော် ဆရာတော်လို ပြတ်သားစေချင်ကြဟန် တူ၏၊ ဆရာတော်ကား ပြတ်သား/ မပြတ်သား မသိပါ။

## နိုင်ငံခြားခရီးသွားခဲ့စဉ်က

လွတ်လပ်ရေးခေတ် ဗန်းမော်ဆရာတော်သည် မိမိ(ဦးရာဇ)နှင့် နိုင်ငံခြားခရီး သုံးခေါက် လောက် အတူ သွားဖူး၏၊ နှစ်ခေါက်က မွန်ဘိုင်း(ဘုံဘေ)၊ တခေါက်က အင်ဒိုနီးရှား စက်ာပူ ဖြစ်သည်၊

အင်ဒိုနီးရှား သွားစဉ်က ဥတမိဟော်တယ်တွင် တခန်းတည်း အတူတည်းကြ၏၊ အခန်း တွင်းရှိ မီးလုံးများ သူ့ခလုတ်နှင့်သူ အားလုံး ငြိမ်းပြီးသော်လည်း ညှော်သည်ကုနင် နှစ်လုံးကြား စားပွဲပေါ်၌ ထားသည့် မီးတလုံးကား လုံးဝ ငြိမ်းမရ၊ ခလုတ်လည်း ရှာမတွေ့၊ သည်တွင် ဗန်းမော် ဆရာတော်က စားပွဲပေါ်မီးလုံး ငြိမ်းဘို့ ဟော်တယ်ဝန်းထမ်းကို ခေါ်မည်ဟု ပြောဆို၏၊ ဤတွင် မိမိက "ဟာ ဦးဇင်း! မီးငြိမ်း မရတာနှင့်တော့ ဟော်တယ်ဝန်းထမ်း မခေါ်ပါနှင့်၊ မီး မငြိမ်းတတ်လို့ ဟော်တယ်ဝန်းထမ်း ခေါ်ရတယ်ဆိုတာ ရှက်စရာကြီး၊ သည်မီး အရောင်မထွက်အောင် လုပ်မယ် ဆိုပြီး နိုင်သိဒိုင်ဖြင့် မီးလုံးကို ပတ်ထားလိုက်သည်၊ ကဲ သည်လိုဆိုတော့ မီးရောင် မထွက်တော့ပါဘူး၊ အိပ်လို့လည်း ရပါပြီ "။

ယင်းမီးလုံးကား မိမိတို့ တည်းခိုသည့် ဟော်တယ်အခန်းသော့နှင့် ချိပ်ဆက်ထားသော မီးလုံးဖြစ်သည်၊ မနက်လင်းသည့်အခါ အခန်းသော့ နှုတ်ပြီး အပြင်ထွက်တော့မှ ယင်းမီးလုံး ငြိမ်းသွား တော့၏၊ အစိပ္ပါယ်မှာ ဟော်တယ် တည်းခိုသည့် ညှော်သည်များ အပြင်ထွက်လျှင် အခန်းတွင်းရှိ

http://www.dhammadownload.com



မီးလုံးများ လင်းမကျန်ရစ်အောင် အခန်းသော့နှင့် ဆက်ထားခြင်း ဖြစ်ဟန်တူ၏။

## ဘာ့ကြောင့် ဖန်းမော်ဆရာတော် အမည်တွင်သနည်း?

ဘုရင်ခေတ် ဖန်းမော်ဆရာတော်ကမူ ဘုရင်ကို ကပ်ဘက်လုပ်လွန်းသဖြင့် ဖန်းမော် အပို့ခံရသောကြောင့် ဖန်းမော်ဆရာတော် အမည်တွင်ခဲ့ဟန် တူ၏။

လွတ်လပ်ရေးခေတ် ဝဋ္ဋသကာ သီရောမဏိဘွဲ့ရ ဖန်းမော်ဆရာတော်ကား ဖန်းမော် အပို့ မခံရပါ၊ မင်းအစိုးရကို ကပ်ဘက်လည်း မလုပ်ပါ၊ ပထမအဘိဓဇ မစိုးရိမ်ဆရာတော်ကြီးက သူပိုင်ဆိုင်သည့် ဖန်းမော်ကျောင်းတိုက်ကို အရည်အချင်းပြည့်ဝသည့် ဦးကုမာရာဘိဝံသအား လှူဒါန်းလိုက်၏၊ လှူဒါန်သည့် အချိန်မှစ၍ ယင်းကျောင်းတိုက်၌ စဉ်ဆက်မပြတ် သီတင်းသုံး သောကြောင့် ဖန်းမော်ဆရာတော်ဟု အမည်တွင်ခြင်း ဖြစ်သည်။

ဦးရာဇဓမ္မ<br>
မဟာနာယကဆရာတော်<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။<br>
၁၃၇၁-ခု၊ ကဆုန်လဆန်း(၁၀)ရက်<br>
(၃-၅-၂၀၀၉) တနင်္ဂနွေနေ့။<br>
(မန္တလေးမြို့ နဝမဖန်းမော်ဆရာတော်၏ (၈၀)ပြည့် ပတ္တမြားရတုပူဇာ<br>
၁၃၇၁-၂၀၀၉နှစ်ထုတ် စာအုပ်မှ)

http://www.dhammadownload.com



# ဆရာဟူသည်

## (၁) ဝိ-သံ-ဝါ၊ ပြန် "စာ" မချတော့။

၁၃၁၉-ခု ၂၀-တဝိုက်က ဝိသုဒ္ဓါရုံ သံတော်ဆင့်ကျောင်းမှ စာချဘုန်းကြီး ဦးဝါသဝ ရန်ကုန်ပြောင်း စာချမည်ဟု စာသင်သားလောကတွင် သီတင်းထွက်လာ၏၊ ဝိသုဒ္ဓါရုံ မစိုးရိမ် ဝန်းကျင်ရှိ စာသင်သားအားလုံး "ဟင်"ကနဲ "ဟာ"ကနဲ "ဟယ်"ကနဲ အံ့သြနေကြ၏။

စာချဘုန်းကြီး ဦးဝါသဝကား စာချရာ၌ "ဝိ-သံ-ဝါ"ဟု နာမည်တလုံး ရနေသူ ဖြစ်သည်။ ဝိသုဒ္ဓါရုံ သံတော်ဆင့်ကျောင်းမှ ဦးဝါသဝသည် စာချကောင်းသည်ဟု ဆိုလို၏။

ထိုစဉ်က စာဝါချိန်တိုင်လျှင် မစိုးရိမ်စာသင်သားများကလည်း ဝိသုဒ္ဓါရုံသို့ သွား၍ တရုန်းရုန်း စာလိုက်ကြ၏၊ ဝိသုဒ္ဓါရုံစာသင်သားများကလည်း မစိုးရိမ်တိုက်သို့ လာ၍ တရုန်းရုန်းပင် စာလိုက်ကြသည်။

ပါဠိတက္ကသိုလ်များ အရှိန်ကောင်းနေစဉ် ဖြစ်သဖြင့် ပါဠိတက္ကသိုလ်စာဝါများ (ပါရာဇိကဏ် အဋ္ဌကထာ သီလက္ခန်အဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာ) အချအပို့ အလိုက်အလာ များကြ၏၊ တောင်ပြင်မြောက်ပြင် အရှေ့ပြင်မှ သံဃာများလည်း လာရောက် စာလိုက်ကြသည်၊ မန္တလေးမြို့၌ လိုင်းကား များများစားစား ရှိသေးသည်မဟုတ်၊ ခြေလျင်ဖြင့် လာရောက် စာလိုက်ကြခြင်းဖြစ်သည်။

စာချဆရာတော် ဦးဝါသဝကား အဋ္ဌကထာစာဝါကြီးများ ပို့ချရာ၌ "ဋ-အနု-ပါ၊ ပဋိပါ၊ နု-ဋိရောပနာ"ကျမ်းရိုးတက်ကို စာသင်သားများ စိတ်ထဲနှလုံးထဲ စွဲနေအောင် အပြောကောင်း၏၊ ထို့ကြောင့် နာမည်ကြီးခြင်း ဖြစ်သည်။ ဥပမိရုပ်ရော အသံသြဇာကပါ ကောင်းလှ၏၊ အသံချဲ့စက် မလိုအောင် မည်ဟိန်းပါသည်၊ ထိုခေတ်က အသံချဲ့စက်ဖြင့် စာချရိုးလည်း မရှိကြသေးပါ၊

မိမိသည် ထိုစဉ်က မစိုးရိမ်တိုက်ကြီး၌ အလှည့်ကျ ပါဠိတက္ကသိုလ်ကထိက ဖြစ်နေသည်၊ အစိုးရစာချတန်းပြီးကာစ ဖြစ်သဖြင့် အမြဲတမ်းကထိက မဟုတ်ပါ၊ မစိုးရိမ်တိုက်၌ သကျသီဟ (ပရိယတ္တိ) ကျမ်းပြီးများကိုသာ အမြဲတမ်းကထိက ခန့်အပ်တာဝန်ပေးလေ့ရှိ၏၊ အစိုးရကျမ်းပြီး များကိုကား အလှည့်ကျသာ ကထိကခန့်အပ်သည်၊ ဆရာတော် ဦးဝါသဝကား ဝိသုဒ္ဓါရုံ (မန္တလေး) ပါဠိတက္ကသိုလ်၌ အမြဲတမ်းကထိက ဖြစ်ဟန်တူပါသည်။

ဦးဝါသဝ ရန်ကုန်ပြောင်းပြီး စာချမည့်သီတင်း အတည်ဖြစ်လာသောအခါ ဟာသနှောပြီး ပြောလေ့ရှိသည့် စာသင်သားတပါးက စကားဝိုင်းတွင်

"ဟေ့ ဆရာတော် ရန်ကုန်ပြောင်းပြီး စာချလျှင် မန္တလေး ပြန်လာမှာ မဟုတ်ဘူးကွ၊ ဒီတော့ "ဝိ-သံ-ဝါ၊ ပြန် "စာ"မချတော့"လို့ သံပေါက် ပြောင်းရလိမ့်မည်"ဟု ပြောလိုက်၏၊ စကားဝိုင်းရှိ သံဃာအားလုံး ရယ်ကြရသည်။

## (၂) ဂိုဏ်းစွဲမသန်သော ဆရာတော်များ

ဆရာတော်သည် ရွှေကျင်တိုက်၌ နေသော်လည်း ဂိုဏ်းစွဲသည့်ဟန် မတူပါ။ ဝိသုဒ္ဓါရုံ

http://www.dhammadownload.com



စည်ရှင်ကျောင်းမှ ဆရာတော် ဦးကောသလ္လသည် နေ့စဉ် နံနက်တိုင်းလိုလို မစိုးရိမ်ဆရာတော်ကြီးထံ အလည် လာလေ့ရှိ၏၊ လာသည့်အခါတိုင်း စာစကား ပေစကား ပြောသံကိုသာ ကြားရ၏၊ အရပ်စကားပြောနေသံ ကြားရခဲလှသည်။

သံတော်ဆင့်ကျောင်းမှ စာချဆရာတော် ဦးဝါသဝကလဲ မစိုးရိမ် ဝိနယကျောင်း ဆရာတော် (ဦးဉာဏဝံသ၊ နောင် မစိုးရိမ်မဟာနာယက)ထံ ညနေတိုင်းလိုလို လာရောက် အလ္လာပသလ္လာပစကား ပြောလေ့ရှိ၏၊

တနေ့တွင် ဆရာတော် ဦးဝါသဝ-က ဘုန်းကြီး! တပည့်တော် တိုက်ထဲနေရတာ စိတ်ပျက်လာပြီ၊ အရှုပ်အထွေးတွေက တယ်များတယ်၊ တပည့်တော် ဂိုဏ်းပြောင်းမယ်လို့ စိတ်ကူးတယ်"ဟု ပြောလိုက်၏၊

သည်တွင် ဆရာတော်ဦးဉာဏဝံသ-က "ဘုန်းကြီး! ရွှေကျင်ဂိုဏ်းရှုပ်လို့ သုဓမ္မာထဲ ပြောင်းလျှင် သုဓမ္မာအရှုပ်နဲ့ တွေ့ဦးမှာပဲ"ဟု ပြန်လျှောက်လိုက်၏၊

ထိုလျှောက်ထားချက်ကြောင့်လော မပြောတတ်၊ ပျံလွန်တော်မူသည်အထိ ရွှေကျင်ဂိုဏ်းမှာပင် ပျော်ပျော်ကြီး သီတင်းသုံးသွားသည်။

## (၃) အော်ဝါဒ (ဩဝါဒ)

ထိုစဉ်က ဆရာတော် စာချဆရာတော်စသော လူကြီးများသာ မစိုးရိမ်+ဝိသုဒ္ဓါရုံ ကူးလူးဆက်ဆံကြသည်မဟုတ်၊ စာသင်သားသံဃာ အချင်းချင်းလဲ အကူးအလူး အဆက်အဆံ ရှိသည်။ သံတော်ဆင့်ကျောင်း နေကြသည့် ဦးကုသလ ဦးပဏ္ဍာဝံသတို့ ညီအကိုဆိုလျှင် မိမိနေထိုင်သည့် မစိုးရိမ်တိုက်ကြီးသို့ မကြာခဏ လာရောက်လေ့ရှိကြ၏။

လာတိုင်း စာပေဆွေးနွေးကြသည်က များသည်၊ ဦးကုသလ-က တခါတရံ "ဋီကာတွေ စာကျသည်"ဟု ပြောတတ်၏၊ ဘာကျသလဲဟု မေးလျှင် နိဿယကျသည် ဟု ဟာသလုပ်ပစ်၏၊ သူ ဋီကာအနက် မထင်ပါဟု ပြောလိုရင်း ဖြစ်သည်၊ သူတို့ ညီအကို နှစ်ပါးသည် သကျသီဟ စာချတန်း အောင်ပြီးနောက် ရန်ကုန်ဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့ စာပေပို့ချကြ၏။

တနှစ် မိမိ ရန်ကုန်ရောက်ခိုက် သူတို့နှစ်ပါးလုံး ဝိသုဒ္ဓါရုံ၌ ရှိနေသဖြင့် အလည် ရောက်သွား၏၊ အချိန်မှာ ကောင်းကင်၌ နေလုံးပင် ပျောက်ကွယ်သွားပေပြီ၊ သူတို့ ညီအကို နှစ်ပါးလုံးက ဝိသုဒ္ဓါရုံမှာ တညအိပ်ရန် ဖွတ်တားကြသဖြင့် ဝိသုဒ္ဓါရုံမှာ အိပ်ဖြစ်သွားသည်၊ မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် တွေ့တုန်းကြုံတုန်း စကားလက်ဆုံ ဝင်မိကြသည်၊ ဆူဆူညံညံ ကြီးကား မဟုတ်ပါ၊ တိုးတိုးတိတ်တိတ်သာ ပြောပါသည်။

ဆရာတော် (ဦးဝါသဝ)သည် ဖြုန်းကနဲ ကွန်ပ်တို့ စကားဝိုင်းနား ရောက်လာပြီး ဆူပူ ကြိန်းမောင်းတော့၏၊

ဆရာတော်။ ။ ဦးဇင်းတို့ လူကြီးတွေက စကားဝိုင်းဖွဲ့ပြောနေလျှင် စာသင်သား သံဃာတွေက ဘယ်မှာ စာပြန် စာအံတော့မလဲ-စသည်ဖြင့် ဆူပူကြိမ်းမောင်း၏၊ သိပ်တော့ မကြာပါ၊ မျက်နှာစိမ်း တွေ့၍လား မသိ၊ သူ့ကျောင်းသူ အမြန်ပြန်သွားပါသည်၊ ဦးပဏ္ဍာဝံတို့ ညီအကိုက

http://www.dhammadownload.com



မိမိကို အားနာနေကြ၏။

"ဦးဇင်းတို့! အားမနာနဲ့ ဆရာတော် ဆူပူကြိမ်းမောင်းတာ မှန်တယ်၊ စာသင်တိုက်တတိုက်မှာ စာချဘုန်ကြီးများက ရေဒီယိုနားထောင် တီဗွီကြည့် စကားဝိုင်းထိုင် ပြောနေကြလျှင် စာသင်သားများ ဘယ်မှာ စာအံကြတော့မှာလဲ၊ တပည့်တော်တို့ နောင် ဆင်ခြင်ဖို့ပေါ့"

ဆရာတော်သည် ဘုရားဝတ်တက်အပြီး ဩဝါဒပေးရာ၌လည်း တပည့်များအပေါ် အားမလိုအားမရ ဖြစ်တိုင်း "ကျွဲပါး စောင်းတီးတွေ"ဟု ထည့်ပြောလေ့ရှိ၏၊ ဆူပူကြိမ်းမောင်းမှုကသာ လွန်ကဲနေသဖြင့် တပည့်များက "ဩဝါဒမဟုတ်၊ အော်ဝါဒသာ ဖြစ်သည်"ဟု မျက်ကွယ်တွင် ပြောင်လှောင်ကြ၏၊

ယခု ပြောင်လှောင်ခဲ့သော တပည့်ကြီးများသည်ပင် တထီးတနန်း ဖြစ်နေကြပေပြီ၊ ယခုမှ ဆရာတော် ဆူပူကြိမ်းမောင်းခဲ့သည့် ကျေးဇူးကို သိလာကြတော့၏၊ ဆရာဟူသည် အရိုးဆွေးမှ ကျေးဇူးတင်ခံရသော အမျိုးပါကလားဟု သံဝေဂ ယူမိ၏။

## (၄) တိုးတက်နေသော ရန်ကုန်ဝိသုဒ္ဓါရုံ

ကျောင်းတိုက် စတည်ထောင်ခါစက မန္တလေးမှ လိုက်ပါလာခဲ့သည့် စာသင်သား သုံးဆယ် ခန့်သာ ရှိပါသည်၊ သို့သော် ဆရာတော်ကြီး အရည်အချင်း လုံ့လဝီရိယတို့ကြောင့် နှစ်အနည်းငယ် အတွင်း စာသင်သား ခြောက်ဆယ်ကျော်အထိ ဖြစ်လာခဲ့ပြီး တည်ထောင်ပြီး သုံးနှစ်အတွင်းမျှဖြင့် ပါဠိတက္ကသိုလ် အရည်အချင်းပြည့် စာသင်တိုက်တတိုက်အဖြစ် အစိုးရသာသနာရေးဌာနက အသိအမှတ် ပြုခဲ့သည်။

ယခုအချိန်၌ကား သံឃာ နှစ်ရာဝန်းကျင် နှစ်ရာကျော် နှစ်စဉ် သီတင်းသုံးလျှက် ရှိ၏၊ ဆရာတော်ကြီး၏ လုံ့လဝီရိယကို အတုယူ၍ သာသနာပြုကြရန် တိုက်တွန်းလိုက်ပါသည်။

ဦးရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ်၊ မန္တလေး
(ရန်ကုန် ဗဟန်းဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်
ရာပြည့်နှင့် ရွှေရတုစာစောင်၊
၁၃၇၀-ခု၊ ၂၀၀၉-ခုနှစ် ထုတ်သည့်စာအုပ်မှ)

http://www.dhammadownload.com



## "ရေစကြိုဆရာတော်(၁)"

သာသနာတော်တွင် ရေစကြိုဆရာတော်အမည်ဖြင့် ထင်ရှားသည့်ဆရာတော် (၂)ပါး တွေ့ရ၏။ တပါးမှာ မင်းတုန်းမင်းကြီးလက်ထက် မင်းပေးဘွဲ့တော်ကို လက်မခံဘဲ ပယ်ချခဲ့သော ဆရာတော် ဖြစ်သည်။

ယင်းရေစကြိုဆရာတော် (၁၁၉၄-၁၂၇၆)သည် ရဟန်း(၁၂)ဝါရမှ စ၍ တိုက်တော် စလင်း ကျောင်း၌ နေထိုင်လျှက် စာသင်သားသံဃာများကို စာပေပို့ချတော် မူခဲ့သည်။ မင်းတုန်းမင်းကြီးက ပထမစာတော်ချအဖြစ် အသိအမှတ်ပြု၍ ကိုးကွယ်ခဲ့သည်။ ယင်းရေစကြိုဆရာတော်၏ ဘွဲ့မှာ ဦးဂန္ဓသာရ ဖြစ်၏။ ဦးဂန္ဓသာရ၏ ဆရာကား မင်းတုန်းမင်းခေတ် သာသနာပိုင် ဦးဥေ ယျဖြစ်သည်။

ဦးဂန္ဓသာရ သာသနာပိုင်ဦးဥေ ယျထံ ရောက်လာသည့်အချိန်၌ ဆရာတော် ဦးဥေ ယျသည် အသက် တော်တော်ကြီးရင့်နေလေပြီ။ စာပေပို့ချရာ၌ အဓိပ္ပါယ် သိုင်းသိုင်းဝိုင်းဝိုင်း မပြောနိုင်တော့။ ထို့ကြောင့် အနက်ထဲ အဓိပ္ပါယ်ပါသည့် စာချနည်းကို အသုံးပြုတော်မူသည်။

၁၂၂၇-ခု ဆရာရင်း သာသနာပိုင် ဦးဥေ ယျ ပျံလွန်တော်မူသောအခါ ဦးဂန္ဓသာရသည် ရေစကြိုမြို့သို့ ပြောင်း၍ စာပေပို့ချတော်မူသည်။ ဦးဂန္ဓသာရ ရေစကြိုမြို့သို့ ပြောင်းရွှေ့လာသော အခါ မန္တလေးမှ စာသင်သား တပည့်သံဃာ တော်တော်များများ လိုက်ပါလာ၏။ ရေစကြိုမြို့ဝန် မင်းကြီး ဆောက်လုပ်လှူဒါန်းသည့် အောင်မြေသာယာ မင်္ဂလာကျောင်းတိုက်၌ သီတင်းသုံးခြင်း ဖြစ်သည်။ ထိုအချိန်မှ စ၍ ရေစကြိုဆရာတော်ဟု အမည်တွင်လာလေသည်။

ရေစကြိုဆရာတော်သည် သူ၏ ဆရာရင်း သာသနာပိုင်ဦးဥေ ယျ အသက်ကြီး ရင့်သည့် အခါ အသုံးပြုခဲ့သည့် စာချနည်းကိုပင် ဆက်လက်အသုံးပြုခဲ့၏။ ၁၂၄၁-ခု၊ သိက္ခာတော်(၃၆)ဝါ ရသည့် အချိန်မှစ၍ ယင်းစာချနည်းကို စွဲစွဲမြဲမြဲ အသုံးပြုခဲ့လေသည်။

၁၂၅၈-ခုနှစ်၌ ရေစကြိုဆရာတော် ဦးဂန္ဓသာရထံ ပညာသင်ကြားရန် ရောက်လာကြသော စာသင်သား သံဃာတော်များသည် မြို့နှင့် မမျှအောင် များပြားလှ၏။ ယင်းနှစ်၌ မီးကြီးလောင်သဖြင့် မြို့နေလူထုလည်း အစားအသောက် ကြပ်တည်းကြသည်။ လှူဒကာဒကာမများ ကြပ်တည်းသဖြင့် စာသင်သားသံဃာများအဖို့ နေ့စဉ် ဆွမ်းကွမ်းကအစ ကြပ်တည်းစ ပြုလာသည်။

http://www.dhammadownload.com



## "ပခုက္ကူသို့ ပြောင်းခြင်း"

ထိုနှစ်၌ ပခုက္ကူမြို့မှ ပွဲစားကြီးဦးရွှေအောင် ဦးဆောင်သော ဒကာဒကာမများက ပခုက္ကူသို့ ပြောင်းရွှေ့သီတင်းသုံးရန် လျှောက်ထားကြသဖြင့် ပခုက္ကူသို့ ပြောင်း၍ သီတင်းသုံး စာချတော်မူသည်။ ပခုက္ကူမြို့ ပန်းစွာတိုက် မယ်မင်းခင်ကျောင်း၌ (၇)ဝါမျှ စာချသီတင်းသုံးတော်မူသည်။

၁၂၆၅-ခုနှစ်တွင် ရေစကြိုသို့ ကြွ၍ (၁)ဝါသီတင်းသုံးတော်မူသည်။ ၁၂၆၆-ခုနှစ် ဒုတိယဝါဆို လဆန်း(၈)ရက်နေ့တွင် သီတင်းသုံးခဲ့သော ပန်းစွာကျောင်းတိုက်မှ မဟာဝိသုတာရာမတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ တပည့်စာသင်သား သံဃာတော် (၁၆၀)ကျော် ပါရှိလာသည်။ ပခုက္ကူတွင် သီတင်းသုံးသော်လည်း "ရေစကြိုဆရာတော်"ဟုပင် အမည်တွင်လေသည်။

## "ရေစကြိုဆရာတော်(၂)"

ရေစကြိုဆရာတော်(၂)မှာ ဆဋ္ဌတိပိဋက ဘဒ္ဒန္တဝါယမိန္ဒပင် ဖြစ်သည်။ ပထမအဘိဓဇ မစိုးရိမ် ဆရာတော်ကြီးက တနှစ်တွင် ရန်ကုန်နိကာယ်စာမေးပွဲ အဖွင့်ဩဝါဒ၌ "သာသနာတွင် သကျသီဟမဟာဓမ္မာစရိယ၏ တပည့် သကျသီဟဓမ္မာစရိယများ အမြောက်အများ ပေါ်နေပြီ ဖြစ်သော်လည်း တိပိဋကရေ၏ တပည့် တိပိဋကဓရ ပေါ်မလာသေးသည်မှာ အားမရစရာပင် ဖြစ်၏"ဟု ထည့်သွင်း မိန့်ကြားခဲ့၏။

ထိုမိန့်ကြားချက်အရ မင်းကွန်းအာဒိကမ္မိကတိပိဋကဓရဆရာတော်ကြီးသည် မိုးမိတ်ကုန်းမြေ၌ ကျောင်းတိုက်အသစ် တည်ထောင်၍ တိပိဋကစာသင်သားများကိုသာ သီးသန့်လက်ခံ သာသနာ ပြုခဲ့သည်။ ထိုကျောင်းတိုက်မှ အရှင်ဝါယမိန္ဒသည် ပထမ တိပိဋကဓရ ဆရာတော်ကြီး ပြန်လွန်တော်မမူမီ တိပိဋကစာမေးပွဲ အာဂုမ်ပြန် အောင်မြင်ခဲ့၏။ ဆရာတော်ပျံလွန်တော်မူသည့် နှစ်၌ပင် သဘောရေးဖြေ စာမေးပွဲလည်း အောင်မြင်လာသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဖြစ်လာလေသည်။ မိုးမိတ်ကုန်း မြေမှ ပထမဆုံး တိပိဋကအောင်မြင်သော ဆရာတော်ပင် ဖြစ်သည်။ ဇာတိရေစကြိုမြို့ကို အစွဲပြု၍ "ရေစကြိုတိပိဋကဆရာတော်"ဟု ထင်ရှားလေသည်။

## "ကံထူးလှသူ"

ရေစကြိုဆရာတော်(၂)ကား ရေစကြိုဆရာတော်(၁)ကို အားကြ၍လော မပြောတတ်၊ တိပိဋကအောင်ပြီး မကြာမီပင် ရန်ကုန်မြို့ မန္တလေးမြို့တို့၌ စာသင်တိုက်များ တည်ထောင်၏။

စာသင်တိုက်ဟူသည် တဆယ့်လေးငါးနှစ်အတွင်း ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်ရန် ခဲယဉ်းလှသည်။ ရေစကြိုဆရာတော်(၂)ကား ကံထူးလှသည်။ တဆယ့်လေးငါးနှစ်အတွင်း စာသင်တိုက်များ ထူးထူးခြားခြား အောင်မြင်နေ၏။ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းဖို့တော့ လိုသည်။

ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် အသက်(၆၀)ကျော်လောက်တုန်းက

http://www.dhammadownload.com



စာသင်တိုက် အသစ်တည်ထောင်ရန် ကြိုးစားသည့်အခါ သူ၏တပည့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက "ဆရာတော်! သက်တော်ကြီးပါပြီ၊ စာသင်တိုက်အသစ်တည်ထောင်ရန် မကြိုးစားပါနှင့်တော့။ စာသင်တိုက်ဟူသည် ဆယ်နှစ် ဆယ်ငါးနှစ်အတွင်း ဖြစ်ဖြစ်မြောက်မြောက် ကြီးပွားရန် ခဲယဉ်းလှပါသည်"ဟု စာရေးလျှောက်ထားခဲ့ဘူးကြောင်း သိရသည်။

ရေစကြိုဆရာတော်(၂)ကား ဆယ်နှစ် ဆယ့်ငါးနှစ်အတွင်း စာသင်တိုက်များ ဖြစ်ဖြစ်မြောက်မြောက် ကြီးပွားအောင် ဆောင်ရွက်နိုင်သည်မှာ ကံထူးလှ၏။

ဦးရာဇဓမ္မာဘိဝံသ
(မဟာနာယကဆရာတော်)
မစိုးရိမ်တိုက်သစ်၊ မန္တလေး
၁၃၇၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက်
(၂၄-၃-၂၀၁၀) ဗုဒ္ဓဟူးနေ့။
(၁၃၇၂-ခုနှစ်ထုတ် တိပိဋကဂန္ထဝင်ကျောင်း ၁၀-နှစ်ပြည့် စာအုပ်မှ)

http://www.dhammadownload.com



## "ရွှေရတုအကြို ရွှာမ"

(၂၅)နှစ်ကို ငွေရတု၊ နှစ်(၅၀)ကို ရွှေရတုဟု သတ်မှတ်ကြ၏၊ အင်းစိန်ရွာမ စာသင်တိုက်သည် (၂၅)နှစ် ငွေရတုကိုကား ကျော်လွန်ခဲ့ပြီ၊ အနှစ်(၅၀)ရွှေရတု အချိန်အခါသို့ကား မရောက်သေး၊ ကြားကာလ အနှစ်(၄၀)ပြည့်၌ ကျောင်းတိုက်တည် အထိမ်းအမှတ် ရတုသဘင် ကျင်းပခြင်းဖြစ်သည်။ "မိုးကြိုးရတု"ဟု ခေါ်လျှင် သင့်မည်လော မပြောတတ်၊ မိုးကြိုးသည် ရွှေလောက်လည်း တန်ဘိုးမကြီး၊ ငွေထက်လည်း တန်ဘိုးသာပေသည်။

ရွာမစာသင်တိုက် တည်ထောင်ခါစက တဟုန်ထိုး နာမည်ကြီးလှ၏၊ ငယ်လတ်ကြီး စာမေးပွဲများ၌ နှစ်စဉ် အတန်း တတန်းတန်းဝယ် နံပါတ်ဝင်သည်က များသည်။ နံပါတ်မဝင်သော နှစ်ဟူ၍ မရှိသလောက် ရှားလှ၏၊ နံပါတ်အဝင်များသဖြင့် စာသင်သား သံဃာများ ရွာမ စာသင်တိုက်ကို အာရုံစိုက်လာကြသည်။ စာသင်သားများ အာရုံစိုက်လာသဖြင့် သံဃာလည်း တဟုန်ထိုး တိုးလာတော့သည်။ ရန်ကုန်အနီးတဝိုက်၌ ရွာမစာသင်တိုက်သည် သံဃာအများဆုံး ဖြစ်လာ၏။ ဘုရားကြီးတိုက်သည် သံဃာအများဆုံး ဖြစ်သော်လည်း တဩဇာတည်း အုပ်ချုပ်သည့် စာသင်တိုက် မဟုတ်။ ရွာမစာသင်တိုက်ကား တဩဇာတည်း အုပ်ချုပ်သည့် စာသင်တိုက်ဖြစ်သည်။ စာသင်သားများ တနှစ်ထက်တနှစ် တိုးလာခြင်းသည် စာချနာယကများ စာအသင်အပြ ကောင်း၍ ဖြစ်ပါလိမ့်မည်။

သကျသီဟမဟာဝိဇ္ဇာစရိယဘွဲ့ရ အရှင်တိလောကသည် ပဓာနစာချဖြစ်၏။ ပဋ္ဌာန်းလက်ဆောင် ယမိုက်လက်ဆောင်စသော အဘိဓမ္မာညဝါကျမ်းစာများ ပြုစု၍ ခက်ပေ့ဆိုသည့် ပဋ္ဌာန်းကျမ်းကို အလွယ်ကလေးပါကွာဟု ထင်လာအောင် ပို့ချနိုင်သူလည်း ဖြစ်သည်။ ထိုဆရာတော်၏ ပဋ္ဌာန်း သင်တန်း ယမိုက်သင်တန်းများ၌ သင်တန်းတက် သံဃာ ၅၀၀-၆၀၀ အနည်းဆုံးရှိသည်ဟု သိရသည်။ အဘိဓမ္မာဝါသနာပါသည့် တကာ တကာမများပင် လာရောက် စာနာသည်ဟု ဆို၏။

## "အောင်မြင်ပြီးဌာနဟောင်းကို လျစ်လျူရှုသင့်သလော?"

အရှင်တိလောကသည် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ ပေါ်ခါစက "ရန်ကုန် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်၌ အဘိဓမ္မာဌာနမှူးတာဝန် ထမ်းဆောင်မည်" ဖြစ်ကြောင်း မိမိနှင့် တွေ့ဆုံစဉ် ပြောကြား၏၊

"အောင်မြင်မှု အရှိန်ရနေသည့် အင်းစိန်ရွာမ ဌာနဟောင်းကို လျစ်လျူရှုပြီး အောင်မြင်မည် မအောင်မြင်မည် မသိနိုင်သေးသည့် ဌာနသစ်ကို ရွေးချယ်ခြင်းမှာ အာဂသတ္တိဘဲ"ဟု ဗျာဇနိန္ဒာ အလင်္ကာမျိုးဖြစ်အောင် ပြောဆိုလိုက်၏။

အရှင်တိလောကလည်း မိမိ၏ ရည်ရွယ်ချက်ကို သိမည် ထင်ပါသည်။ သိပ်မကြာလိုက်ပါ၊

http://www.dhammadownload.com



(၂)နှစ်ခန့်လောက် တာဝန်ထမ်းဆောင်ပြီး နှုတ်ထွက်စာ တင်သည်ဟု ကြားရ၏။ အင်းစိန်ရွာမ စာသင်တိုက်အဖို့ ကံဇာတာမှေးမှိန်နေရာမှ ကံထလာခြင်းဖြစ်သည်ဟု မိမိယူဆမိ၏၊ "ဆက်လက် ကံထပါစေ"ဟု ဆန္ဒပြုလိုက်ပါသည်။

အရှင်ရာဇဓမ္မာဘိဝံသ
(မဟာနာယကဆရာတော်)
မစိုးရိမ်တိုက်သစ်၊ မန္တလေး
၁၃၇၀-ခုနှစ်၊ ပြာသိုလပြည့်
(၃၀-၁၂-၂၀၀၉) ဗုဒ္ဓဟူးနေ့။

http://www.dhammadownload.com



## ရွှေကျင်နိကာယ နှစ်(၁၅၀)ပြည့် မဂ္ဂဇင်းပါ ဆောင်းပါး
## " နှစ်ပေါင်း(၈၀)ကျော်က သပိတ်မှောက်ကံ "

သပိတ်မှောက်ကံဟူသည် ဆရာ+ဒကာ သဘောထားခြင်း မတိုက်ဆိုင်ရာမှ ပေါ်ပေါက်လာသည့်ကံ ဖြစ်သည်။ ဆရာကလည်း အတ္တမာန အတ္တဒိဋ္ဌိ အားကြီးပြီး ငါတကော ကောလျှင်, ဒကာကလည်း အတ္တမာန အတ္တဒိဋ္ဌိ အားကြီးပြီး ငါတကော ကောလျှင် သပိတ်မှောက်ကံ ဆက်လက်ပေါ်နေမည်သာ ဖြစ်သည်။

၁၂၈၂-ခု၊ ဝါဆို ဝါခေါင်လ၌ ရွာလေးထပ်ကျောင်း ကျောင်းဝင်းဖျက်ဆီးမှုနှင့် ပတ်သက်၍ သပိတ်မှောက်ကံ ဆောင်ရွက်ခဲ့ကြဘူး၏။ ရွာလေးထပ်ကျောင်းကား ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားကြီး၏ မိဖုရားကြီး ဆောက်လုပ်လှူဒါန်းသော ကျောင်းဖြစ်သည်။

စစ်ကိုင်းမြို့နေ ပင်စင်ရ အရေးပိုင်မင်း ဦးကျော်ငြိမ်း၊ ပင်စင်ရ ဝန်ထောက်တော် ဦးစံမင်း၊ မြူနီစပယ် ဝန်ထောက်တော် ဦးစံဖူး အမှူးပြုသော ဒကာဒကာမတစုသည် ရွာလေးထပ်ကျောင်း ဝတ္ထုကံမြေထဲရှိ သစ်ပင်ကြီးများကို အတင်းခုတ် အတင်းလှဲပြီး ပေတရာကျော်လမ်း ဖောက်လုပ်ကြ၏။

ရွာလေးထပ် ကျောင်းဆိုင်ရာ သံဃာတော်များက ယင်းသို့ ကျောင်းဝတ္ထုကံမြေကို ဖျက်ဆီးမှု မပြုရန် မေတ္တာရပ်ခံတားမြစ်သော်လည်း မရ၊ မခြေမင် ပြောဆို၍ လမ်းဖောက်မှုလုပ်ငန်းကို လုပ်မြဲ ဆက်လုပ်ကြ၏။ ထို့ကြောင့် ဦးဆောင်ဒကာ (၃)ဦးအပေါ် သပိတ်မှောက်ကံ ဆောင်ကြခြင်း ဖြစ်သည်။

ယင်းသပိတ်မှောက်ကံကို စစ်ကိုင်းတောင်ရိုးနှင့် မြို့တွင်းရှိ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များက အထမမြောက်သော အဓမ္မကံ ဖြစ်သည်ဟု စွပ်စွဲ၍ ကြေငြာချက် ထုတ်ကြ၏။ ရွာလေးထပ်ကျောင်းမှ ဆရာတော်ဦးပညာ အမှူးပြုသော သုဓမ္မာဂိုဏ်း သံဃာတော်များကလည်း ဒကာ(၃)ဦး ဦးဆောင်သော လူတစုအပေါ် သပိတ်မှောက်ကံဖြင့် အပြစ်ဒဏ်ခတ်ခြင်းသည် ပါဠိ အဋ္ဌကထာတို့နှင့် ညီညွတ်သော ဓမ္မကံသာ ဖြစ်သည်ဟု ချေပချက်ကြော်ငြာများ ထုတ်ကြသည်။ ယင်းကြေငြာချက်များ၌ စစ်ကိုင်းမြို့ ရွှေကျင်ဂိုဏ်းဝင်သံဃာများသည် ဆန္ဒာဂတိလိုက်၍ ဓမ္မကံကို အဓမ္မကံဟု မျက်စိမှိတ် ညင်းချက်ထုတ်ကြခြင်းသာ ဖြစ်သည်၊ ပင်စင်ရ ဦးကျော်ငြိမ်းစသော ပုဂ္ဂိုလ်(၃)ဦးအပေါ် သပိတ်မှောက်ကံ ပြစ်ဒဏ်ချမှတ်ခြင်းသည် ဓမ္မကံသာ ဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားလှ၏-စသည်ဖြင့် ထည့်သွင်းရေးသား ပြောကြားကြ၏။

အချိန်ကြာလာသည့်အခါ နှစ်ဂိုဏ်းစလုံးမှ သံဃာများ မောသွားကြဟန် တူပါသည်၊ သပိတ်မှောက်ကံနှင့် ပတ်သက်၍ ဓမ္မ အဓမ္မ ငြင်းဆိုသံ တဖြည်းဖြည်း လျော့နည်းသွားသည်။

## " တရားဟော ရေစက်ချ ကြိုမပြောရ "

နာမည်ကြီး သူဌေးများ သားရှင်ပြု သမီးနားထွင်း အလှူပွဲ ပြုလုပ်သည့်အခါ မြို့ပေါ်နှင့်

http://www.dhammadownload.com



မြို့အနီးအနားမှ နာမည်ကြီး ဆရာတော်ကြီးများကို ပင့်ဖိတ်တတ်ကြ၏။ တနေ့ နာမည်ကြီး ဒကာမကြီးတဦး၏ အလှူတွင် အလှူ့အမကြီးသည် နာမည်ကြီး ရွှေကျောင်စာသင်တိုက်ကြီးတတိုက်မှ ဆရာတော်ကြီးကို အလှူပင့်ဖိတ်၏။ ယင်း စာသင်တိုက်ကြီးကား မန္တလေး မြို့နီစပယ်နယ်နိမိတ်အတွင်းမှ မဟုတ်ချေ။ ဆရာတော်ကြီးက အလှူပွဲ၌ သူကိုယ်တိုင် တရားဟော ရေစက်ချ ချီးမြှင့်မည် ဖြစ်ကြောင်း မိန့်လိုက်သည်။

အလှူ့အမကြီး ခေါင်းနားပန်း ကြီးသွားတော့၏။ အလှူ့အမကြီးက မစိုးရိမ်ပါဠိကျောင်း ပဌာန်းဆရာတော်ကို တရားဟော ရေစက်ချ ချီးမြှင့်ရန် လျှောက်ထားပြီး ဖြစ်နေလေသည်။ ပဌာန်းဆရာတော်ကို လျှောက်ထားပြီး ဖြစ်ကြောင်း ရွှေကျောင်ဆရာတော်ကြီးအား ပြန်မလျှောက်ရဲ။ အလှူ့အမကြီး စိတ်လေးလေးနှင့် ရွှေကျောင်ဆရာတော်ကြီး အထံမှ ပြန်လာ၏။

## " မစိုးရိမ်မှာ အားကိုးရှာ "

နာမည်ကြီး သူဌေးမကြီး အလှူဖြစ်သည်အားလျော်စွာ နာမည်ကြီးဆရာတော်အားလုံးလောက်နီးနီး ပင့်ထားပြီးဖြစ်၏။ ပဌမအဂ္ဂါဘိဓဇ မစိုးရိမ်ဆရာတော်ကြီးကိုလည်း ပင့်ပြီးဖြစ်လေသည်။ အလှူ့အမကြီးသည် အလှူရေစက်ချကိစ္စ မစိုးရိမ်ဆရာတော်ကြီးကို အကြောင်းစုံလျှောက်ထားလျှင် အဆင်ပြေမည်ဟု သဘောရရှိ၏။ ထို့ကြောင့် အလှူမတိုင်မီ တနေ့၌ ရေစက်ချကိစ္စ မစိုးရိမ်ဆရာတော်ကြီးထံ လာရောက် လျှောက်ထားလေသည်။ ဆရာတော်ကြီးက "ဒကာမကြီး ဒီတရားဟော ရေစက်ချကိစ္စ ဘာမှ ပူမနေနဲ့၊ ဘုန်းကြီး ကြည့်စီစဉ်လိုက်မယ်။ ပဌာန်းဆရာတော်က ဘုန်းကြီးတပည့်ပါ။ အခုပဲ ပဌာန်းဆရာတော်ကို အခေါ်ခိုင်းပြီး ပြောက်လိုက်ပါ့မယ်"

ထိုစဉ်က မစိုးရိမ်ဆရာတော်ကြီးအနီးတွင် ယောသိတ (ယခု ပုသိမ်ကြီး တံတိုင်းရှည်) ရှိနေ၏။ ဆရာတော်ကြီးသည် ယောသိတကို ပဌာန်းဆရာတော် အပင့်ခိုင်းပြီး ချက်ခြင်း အမိန့်ရှိလေသည်။

ဆရာတော်။ ။ ဦးဇင်း! (အလှူ့အမကြီးကို လက်ဖြင့် ညွှန်လျက်) ဒီဒကာမကြီးရဲ့ အလှူမှာ ရွှေကျောင်ဆရာတော် တရားဟောလိမ့်မယ်။ ကိုယ်တို့ ဦးဇင်းတို့က ရွှေကျောင်ဆရာတော် ဟောတဲ့တရားကို နာကြတာပေါ့။

ဆရာတော်သည် သူ့တပည့်များကို ဘယ်လောက်သိက္ခာကြီးကြီး ဦးဇင်းဟုသာ နာမ်စားသုံး၏။ သူ့ကိုယ်သူလည်း ဒကာဒကာမများနှင့် စကားပြောရာ၌ "ဘုန်းကြီး"ဟုသာ နာမ်စားသုံးသည်။ "ဆရာတော်"ဟု မည်သည့်အခါမျှ မသုံး။

## " သိမ်သမုတ်ရာ မငြင်းပါ "

မိမိသည် စစ်ကိုင်းတောင် ဝိဇ္ဇာဒပ္ပဏဆရာတော်နှင့် ကသာနယ်သို့ သိမ်သမုတ် အတူကြွဘူး၏။ ဝိဇ္ဇာဒပ္ပဏဆရာတော်ကား ရွှေကျောင်ဂိုဏ်းဝင်၊ သက်တော် (၇၀)ကျော်။ မိမိကား သုဓမ္မာဂိုဏ်းဝင်၊ အသက် (၅၀)ကျော်မျှ။ ပင့်သံဃာအားလုံးကလည်း ရွှေကျောင်ဂိုဏ်း အနွယ်ဝင်ချည်း

http://www.dhammadownload.com



ဖြစ်ကြသည်ဟု ထင်ပါသည်။ မိမိ တပါးတည်းသာ သုမေ္မာဂိုဏ်းဝင် ဖြစ်နေ၏။ သိမ်သမုတ်သည့်ရွာက ကသာမြို့အထက် ရေမိုင် ၁၅-၂၀-ခန့် ဝေးသည်ဟု ထင်၏။ ဧရာဝတီမြစ်ကြီးကလည်း သိမ်သမုတ်သည့်ရွာ၏ အနီးမှ စီးဆင်းလျှက်ရှိသည်။ သိမ်ကား နယ်သိမ်းသမုတ်ရမည့်သိမ် ဖြစ်၏။ ရွာကား (၃)ရွာ တအုပ်စု ဖြစ်သည်။ ဝိဇ္ဇာဒပ္ပဏ်ဆရာတော်က သိမ်သမုတ်မည့် အလယ်ရွာ တရွာတည်းကိုသာ နယ်သိမ်းလိုသည်။ ယင်းကိစ္စ မိမိကို ဖွင့်၍တိုင်ပင်၏။

ဝိဇ္ဇာဒပ္ပဏ်ဆရာတော် ။ ။ သည်ထဲမှာ တိုင်ပင်စရာဆိုလို့ ဦးဇင်းတပါးတည်းပဲ ပါတယ်၊ ဦးဇင်းကိုပဲ တိုင်ပင်ရမှာပဲ။ တပည့်တော် အယူအဆကတော့ သည်အလယ်ရွာ တရွာထဲ နယ်သိမ်းလိုက်ရင် လုံလောက်ပြီလို့ ထင်တယ်။ ဦးဇင်း ဘယ်လိုသဘောရသလဲ?

မိမိ ။ ။ ဆရာတော်! ရှေးတုန်းကတော့ သူကြီးတပိုင် နယ်သိမ်းကြတာ များတယ်၊ သူကြီးက (၅)ရွာ အုပ်ချုပ်ရင် (၅)ရွာလုံးကို နယ်သိမ်းပြီး သမုတ်ကြတာ များပါတယ်ဘုရား။ အခုခေတ် ကျေးရွာကောင်စီ တခုဆိုတာ ရှေးခေတ် သူကြီးတပိုင်နှင့် ညီမျှပါတယ်ဘုရား။ (၃)ရွာ တအုပ်စုဆိုရင် (၃)ရွာလုံး နယ်သိမ်းတာက ပိုပြီး သံသယ ရှင်းပါတယ်ဘုရား-ဟု လျှောက်လိုက်ရသည်။

ဝိဇ္ဇာဒပ္ပဏ်ဆရာတော် ။ ။ ကိုင်း ဒီလိုဆို ဦးဇင်းသဘောကျအတိုင်း (၃)ရွာ စလုံးကို နယ်သိမ်းမယ်၊ ဧရာဝတီကြီးက ရွာဘေးက ကပ်စီးသွားတာဆိုတော့ နယ်သိမ်းကင်းစောင့် သမားတွေ နည်းနည်းတော့ ဒုက္ခများမယ်၊ ဒုက္ခများချင် များပါစေလေ၊ သံသယကင်းသွားတာက ကောင်းတယ်။

ဝိဇ္ဇာဒပ္ပဏ်ဆရာတော်သည် ကမ္မဝါစာနိဂုံးဖတ်ရာ၌ "သော ဘာသေယျ (ဘာသစ်ယျ)"ဟု ရဿသံ ထွက်ဖတ်သည်။ ဤသည်မှာ "ကွစိ သံယောဂတော ပုဗ္ဗာ ဧကာရောကာရာ ရဿာ ဣဝ ဝုစ္စန္တေ"ဟူသော ရူပသိဒ္ဓိ(၄) ညွှန်ကြားချက်အတိုင်း ရွတ်ဖတ်ခြင်း ဖြစ်ပါလိမ့်မည်။ မိမိ ကမ္မဝါဖတ်လှည့် ရောက်သည့်အခါ မိမိက အများထုံးစံအတိုင်း "ဘာသေယျ"ဟု ဒီဃဖြင့် အသံထွက် ရွတ်ဖတ်လိုက်သည်။ ဝိဇ္ဇာဒပ္ပဏ် ဆရာတော်က "ကွစိ"ပါနေသည့်အတွက် ဦးရာဇ ဖတ်တာလည်း မှန်ပါသည်ဟု ရှင်းပြ၏။

နောက်ဆုံး နိဂုံးချုပ်အနေအားဖြင့် ဝိဇ္ဇာဒပ္ပဏ်ဆရာတော်က သိမ်သမုတ်ကံ ဆောင်ရွက်တဲ့ နေရာမှာ ကမ္မဝါစာနှင့် ပတ်သက်ပြီး မငြင်းရ မခုန်ရဘူး၊ (၂)မူရှိ (၂)မူလုံးဖတ်, (၂)သံရှိ (၂)သံလုံးဖတ် အကောင်းဆုံး-ဟု မိန့်တော်မူသည်။

အရှင်ရာဇဓမ္မာဘိဝံသ<br>
(မဟာနာယကဆရာတော်)<br>
မစိုးရိမ်တိုက်သစ်၊ မန္တလေး<br>
၁၃၇၂-ခု၊ ကဆုန်လဆန်း(၁၀)ရက်၊<br>
(၂၂-၄-၂၀၁၀) ကြာသပတေးနေ့<br>
(၁၂၂၂-၁၃၇၂ ရွှေကျင်နိကာယ နှစ် (၁၅၀)ပြည့် စာအုပ်မှ)

http://www.dhammadownload.com



## စာရေးဆရာ ဒါရိုက်တာ ဦးသုခ
## နှစ်(၁၀၀)ပြည့် မဂ္ဂဇင်းပါ ဆောင်းပါး

## "ဆိုပိမ့်မည်ှာ စေ့စေ့နာလော့"

ကျွန်ုပ်တို့ ငယ်စဉ်က စားရေးခြင်းအလုပ်တခုတည်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုနိုင်သူမှာ စာရေးဆရာ သာခုနှင့် စာရေးဆရာသုခ နှစ်ဦးသာ ရှိသည်ဟု ဖတ်ရဖူး၏။ ထိုစဉ်က ထိုစာရေးဆရာကြီး နှစ်ဦးရေးသော နှစ်ကျပ်တန် လုံးချင်းဝတ္ထုများ အထွက်များ၏။ လစဉ်ထုတ် မဂ္ဂဇင်းများ၌လည်း ထိုဆရာကြီးနှစ်ဦး၏ ဝတ္ထုတို/ရှည်များ လစဉ်လို ပါရှိ၏။

ဆရာကြီးသုခက မဂ္ဂဇင်းတစ်စောင်တွင် "လူဝင်လူထွက် ပြဿနာ"ဟု ဟာသဝတ္ထုတိုလေး တပုဒ် ရေးသားလိုက်သည်။ ယင်းဝတ္ထုတိုမှာ ဟာသမြောက်လှ၏။ ဟာသမြောက် ဆိုသော်လည်း ဝါးလုံးကွဲရယ်ရသော ဟာသမျိုးမဟုတ်။ တစိမ့်စိမ့်ပြုံး၍ အရသာခံရသော ဟာသမျိုးသာ ဖြစ်သည်။ ဝတ္ထုပါဇာတ်ကောင်တို့၏ အမည်များကိုကား မမှတ်မိတော့ပါ။ ဇာတ်လမ်းအချုပ်နှင့် စာရေးဆရာ၏ ရည်ရွယ်ချက်ကိုကား ကျွန်ုပ်သေသည်အထိ မှတ်မိနေမည် ထင်ပါတယ်။

ဇာတ်လမ်းမှာ ရိုးရိုးရှင်းရှင်းလေး ဖြစ်၏။ အောက်တန်းစာရေးကလေး တယောက်၏ ဇာတ်လမ်း ဖြစ်သည်။ အောက်တန်းစာရေးလေးသည် စာရေးအလုပ် တနှစ်လောက်ကြာလျှင် သူချစ်သူနှင့် လက်ထပ်လိုက်၏။ ချစ်သူက အသက်(၃၀)ကျော် အပျိုကြီးဖြစ်သည်။ သူမ၌ ရှစ်တန်းကျောင်းသူ အပျိုလေးတယောက်လည်း ရှိသည်။ အောက်တန်းစာရေးကလေး၏ အပျိုကြီးသည် တနှစ်လောက်ကြာလျှင် အောက်တန်း စာရေးလေးကို ကန္တဲ့ကယ ပြောပြီး အပူကပ်တော့၏။ "မောင်ရယ်၊ ကိုယ့်မှာလည်း ညီမလေး တယောက်တည်းရှိတယ်။ မိဘတွေလည်း ကျောင်းထားပေးနိုင်မယ် မထင်ပါဘူး၊ မိဘများက ဆင်းရဲရှာကြပါတယ်၊ မမက ညီမလေးကို အိမ်ခေါ်ထားပြီး ကျောင်းထားပေးချင်တယ်။ မောင်ကလေး သဘောတူမယ် မဟုတ်လား"။

အောက်တန်းစာရေးကလေး၏ ဇနီးသည်သည် စာရေးလေးထက် ၄-၅-၆ နှစ်ခန့်ကြီးသည်။ ကလေးမုန့်ပေး ကြိုက်သည့် သဘောလည်း ပါကောင်းပါလိမ့်မည်။ အပျိုကြီးဇနီး အချွဲကောင်းသဖြင့် အောက်တန်းစာရေးလေးသည် အပျိုကြီးညီမလေးကို အိမ်နေခွင့် ပြုလိုက်ရ၏။ ကျူရှင်လခ၊ ကျောင်းလခ အကုန်ခံ၍ ကျောင်းထားပေးလိုက်ရ၏။ အောက်တန်းစာရေးလေး လစာဝင်ငွေလေးဖြင့် ၃-ယောက်စားအိုး၊ ခယ်မ၏ ကျောင်းစရိတ် လစဉ်ကုန်နေသဖြင့် ငွေရေးကြေးရေး အကျပ်အတည်း တွေလာရတော့၏။ ခယ်မကို အိမ်မှာမထားပါနှင့် ကျောင်းမထားပါနှင့်ဟု ပြောလျှင် ယောကျာ်းမပီသရာ ရောက်မည်။ သဘောထားမကြီးရာ ရောက်မည်။ ထို့ကြောင့် စာရေးလေးသည် သူ့ဇနီး ကိုယ်တိုင်က ခယ်မကို အိမ်၌ မထားချင်အောင် ပရိယာယ်မာယာ ကြွယ်ရတော့၏။

လခထုတ်သည့်နေ့၌ သူ့ခယ်မအတွက် ရေမွှေးပုလင်းကလေးကအစ လက်ကိုင် ပဝါလေး အစ ဝယ်လာပြီး သူ့ဇနီးရှေ့တွင် လက်ဆောင်ပေးတော့၏။ အဖိုးမတန်သည့် လက်ဆောင်ပစ္စည်း

http://www.dhammadownload.com



လေးက စပြီး လကြာလာသည့်အခါ အဖိုးတန်သည့် အင်္ကျီစ ထမီစ စသည်တို့ကိုလည်း ဝယ်ပေးတတ်၏။ လက်ဆောင်ပေးတိုင်း သူ့ဇနီးရှေ့တွင်ချည်း ပေးခြင်းဖြစ်သည်။ လခထုတ်မည့် တရက်တွင်ကား သူ့ခယ်မကို ဇနီးရှေ့တွင် ခေါ်ပြီး "ညီမလေး၊ ဒီနေ့ ကိုလေး လခထုတ်မယ်၊ ညီမလေးအတွက် ဘာဝယ်ခဲ့ရမလဲ၊ ညီမလေး ကြိုက်တာပြော၊ အစ်ကိုလေး ဝယ်ခဲ့မယ်"ဟု ပြောလိုက်၏။

အောက်တန်းစာရေးလေး၏ဇနီးချောသည် သည်းမခံနိုင်တော့။ စာရေးလေး ရုံးတက်သွားစဉ် သူ့ညီမကို မိဘအိမ်သို့ ပြန်ပို့လိုက်လေသည်။

ဆရာသုခသည် အထက်ပါဇာတ်လမ်းကို သူ့ဘဝ တစိတ်တစ်ပိုင်းအဖြစ် ဇာတ်အိမ်ဖွဲ့ထားသည်ဟု ယူဆရပါသည်။ ကျွန်ုပ်တို့ လူငယ်ပိုင်း စာဖတ်သူများက "လူဝင်လူထွက်ပြဿနာကြုံလာရင်တော့ ဆရာသုခနည်းယူပြီး သုံးရမှာဘဲဟေ့"ဟု နောက်ပြောင်ပြောလေ့ရှိကြ၏။

## "နှစ်ယောက်တည်း နေချင်တယ်"

ဆရာသုခတို့ ဇနီးမောင်နှံမှာ သားသမီးများ ရှိကြသော်လည်း အတူမနေကြ။ အချို့က နိုင်ငံခြားမှာ၊ အချို့က တခြားရပ်ကွက်မှာ နေကြသည်။ တခြားရပ်ကွက်နေသူ သားသမီးများက ခဏတဖြုတ် အိမ်အလည် လာတတ်သော်လည်း ရက်ရှည်လများ အိမ်မနေကြ။ နိုင်ငံခြားနေသူ သားသမီးများကလည်း ရက်တပတ် နှစ်ပတ် အလည်လာပြီး နိုင်ငံခြားပြန်သွားကြသည်။ အဖိုးကြီး အဘွားကြီး နှစ်ဦးသာ ရှိသည်။ အတူနေပြီး မိဘပြုစုမည့် သားသမီးမရှိ။

တနေ့တွင် ဆရာကတော်က ညည်းတော့သည် "သားသမီးများ မွေးထားရပြီး တယောက်မှ အတူမနေကြ"ဟု ညည်းတော့၏။ သည်တွင် ဆရာသုခက "မင်းဘဲ ငယ်စဉ်တုန်းကတော့ နှစ်ယောက်တည်း နေချင်တယ်ဆို"ဟု အရွှန်းဖောက်လိုက်၏။ ဆရာကတော်က "အဖိုးကြီး နာလန်ထနေပြန်ပြီ"ဟု ပြန်ရွှန်းလိုက်သည်။ အိမ်တွင် အဖိုးကြီး အဖွားကြီး နှစ်ဦးတည်းရှိ၍ ကြုံကြုံဖန်ဖန် အပျင်းဖြေကြရဟန် တူပါသည်။

## "ကိုလှ ထောင်ထဲရောက်တာ နောက်ကျတယ်"

လူထု ဦးလှ ဖဆပလခေတ်က မန္တလေးထောင်တွင် အတော်ကြာကြာ ကျဖူး၏။ ထိုစဉ်က မန္တလေးထောင်မှာ စံပြထောင်ဖြစ်သည်။ **စံပြထောင်ဟူသည်** အကျဉ်းသားများကို အခြားထောင်များထက် လွတ်လပ်ခွင့်ပေး၏။ အထိမ်းအမှတ် နေ့ကြီးရက်ကြီးများ၌ ထောင်ထဲတွင် ပြဇာတ်ကလိုက ကနိုင်သည်။ စာရေးဆရာများ ဖိတ်ကြားပြီး စာပေဟောပြောပွဲများ ပြုလုပ်လိုက ပြုလုပ်နိုင်သည်။ ဘုန်းကြီးပင့်ပြီး တရားနာလိုက နာနိုင်သည်။ ဟိုအခန်း ဒီအခန်း ဟိုအဆောင် ဒီအဆောင်သွား၍ စကားလက်ဆုံကျလိုက ကျနိုင်သည်။

လူထုဦးလှ ထိုစဉ်က ထောင်ထဲတွင် ၄-၅-၆နှစ် ကြာသည်ဟု ထင်ပါသည်။ ထောင်က ထွက်လာသည့်အခါ "ထောင်နှင့် လူသား" "လေနှင့် အတူ"စသော အကျဉ်းသူ အကျဉ်းသားများ၏

http://www.dhammadownload.com



တကယ့်အဖြစ်အပျက် စာအုပ်များ ဟောတစ်အုပ် ဟောတစ်အုပ် ထွက်လာသည်။ ထွက်သမျှ စာအုပ်များလည်း လက်ကမချနိုင်အောင် ဆွဲဆောင်မှု ရှိလှ၏။ ရိုးရိုးရှင်းရှင်း အတ္ထုပ္ပတ္တိလေးများသာ ဖြစ်သည်။ ဘဝဖြစ်စဉ် အမှန်အတိုင်း တင်ပြထားသဖြင့် ဖတ်၍ ကောင်းခြင်း ဖြစ်၏။ လူထုဦးလှသည် ထွက်သမျှ စာအုပ်များကိုလည်း ဆရာသုခထံ ပို့ပေး၏။

ဆရာသုခကလည်း ပို့သမျှစာအုပ်ကို ဖတ်၏။ တနေ့တွင် သတင်းစာတည်းကလေး၊ မဂ္ဂဇင်းတည်းကလေး မပြောတတ်၊ "ကိုလှ ထောင်ထဲရောက်တာ နောက်ကျတယ်"ဟု ခေါင်းစဉ် တပ်ပြီး ဆောင်းပါးရေးလိုက်သည်။ ဆောင်းပါးအဆုံး၌ စောစောစီးစီး ထောင်ထဲရောက်ပါက စာကောင်းပေကောင်းများ စောစောဖတ်ရမည်ဟု အဆုံးသတ်လိုက်၏။

## "ပုံပြောချော့သိပ် အမာအိပ်"

လူထုဦးလှ၏ ပုံပြင်စာအုပ်များနှင့် ပတ်သက်၍လည်း ဆရာသုခက စာပေဟောပြောပွဲ တခုတွင် ဟာသနှော၍ ပြောဆိုခဲ့ဘူး၏။ ထိုစာပေဟောပြောပွဲ၌ လူထုဦးလှလည်း ဟောပြော၏။ ဒေါ်အမာလည်း ဟောပြော၏။ ဒေါ်အမာက ပထမ ဟောပြောလေသည်။ ထို့နောက် လူထုဦးလှ ဟောပြော၏။ လူထုဦးလှက နိဂုံးချုပ်တွင် "ဆရာသုခက သဘာဝကျကျ သူတောင်းစားလုပ်ပြပြီး ဟောပြောပါလိမ့်မယ်"ဟု အဆုံးသတ်လိုက်သည်။ ဂုဏ်ရည်မတူ ရုပ်ရှင်ဇာတ်ကားမှ ဆရာသုခ သူတောင်းစားလုပ် တောင်းသည်ကို ရည်ညွှန်း၍ ဟာသလုပ်ခြင်း ဖြစ်သည်။

ဆရာသုခက ဟောပြောလျှင် စလျှင်စခြင်း "ကိုလှက (ဆရာသုခသည် လူထုဦးလှထက် ၇-ရက်ခန့်သာ ကြီး၏။ ရိုသေသောအားဖြင့် ကိုလှဟု သုံးနှုန်းဟန် တူသည်) သူ့ပုံပြင် စာအုပ် မိတ်ဆက် နိဒါန်းတွေမှာ ပုံပြင်များကို ဘယ်လိုကြိုးစား ရှာဖွေရကြောင်း ရေးသားထားတယ်။ တကယ်က ဘာမှ ရှာဖွေနေတာ မဟုတ်ဘူး။ ညည အမာ အိပ်မပျော်တိုင်း ပုံပြောပြီး ချော့သိပ်ရလို့ ပုံပြင်စာအုပ်တွေ ဖြစ်လာတာ၊ မယုံရင် အမာ့ကို မေးကြည့်ကြ"ဟု ဒေါ်အမာဘက်လှည့်ပြီး ပြုံးပြောလိုက်သည်။ ပရိသတ်မှာ တဝေါဝေါ ရယ်ကြရ၏။

လူထုဦးလှနှင့် ဆရာသုခတို့ ဆုံမိလျှင် တခါတရံ ဆရာသုခက အငြင်းသန်တတ်၏။ လူထုဦးလှက ဆရာသုခနှင့် ပြိုင်မငြင်းပဲ "ကိုယ့်ထက် ကြီးသူတွေဆိုတော့ ပြောရဆိုရခက်တယ်"ဟု လေသံပျော့လေးနဲ့ ညည်းတတ်၏။ သည်တွင် ဆရာသုခက "ကိုယ်က ၇-ရက်တည်း ကြီးတာပါ ကွာ"ဟု လျှော့ချတတ်၏။

## "ဝါ"ပရိုးမိုးရှင်း

ဆရာသုခတို့ အသက်၂၀-ကျော်ခန့်က ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ရွှေကျင်ကျောင်းတွင် ဒုလ္လဘရဟန်း ဝတ်ကြ၏။ သံဝေဂရ၍ ဝတ်ခြင်းကား ဟုတ်ဟန်မတူ။ သူငယ်ချင်းတစ်စု အပန်းဖြေ အနားယူသည့် သဘောဖြင့် ဝတ်ကြဟန် တူ၏။ ထိုအထဲတွင် ပစ္ဆိမာရုံကျောင်းဒကာ သားများလည်း ပါသည်။ ကျောင်းဒကာသား အကြီးဆုံး ဒုလ္လဘရဟန်းသည် တညတွင် နာရီဝက်ခန့် ဆရာတော်

http://www.dhammadownload.com



ကြီးကို ဝတ်ဖြည့်ပေးပြီး ဒုလ္လဘရဟန်းများ၏ စကားဝိုင်းသို့ လာထိုင်သည်။

"ဦးဇင်းတို့! တပည့်တော်ကို ဆရာတော်ကြီးက ကျောင်းဒကာသား အကြီးဆုံး ဖြစ်လို့ "ဝါ"ပရိုးမိုးရှင်း ပေးလိုက်တယ်။ ကနေ့ကစပြီး "ခုနှစ်ဝါ"တဲ့။ ဦးဇင်းတို့ တပည့်တော်ကို ဝတ်ချကြ"ဟု အတည်ပေါက် ပြောလိုက်သည်။ ဒုလ္လဘ ရဟန်းတော်အားလုံး အံ့အားသင့်သွားကြသည်။ ဒုလ္လဘဦးဇင်း ဦးသုခက ကျောင်းဒကာသား အကြီးဆုံး ဒုလ္လဘရဟန်းကို ပြန်ပြောလိုက်သည် "ဦးဇင်းနှယ်၊ ရာထူးသာ ပရိုးမိုးရှင်း ပေးလို့ရမှာပေါ့။ 'ဝါ'ပရိုးမိုးရှင်း ပေးလို့ အလကား ရပ့်မလား၊ ဝါတွင်းသုံးလ စေ့အောင်နေမှ တဝါရမှာ။ ဘယ်နည်းနဲ့မှ ခုနှစ်ဝါအထိ ချက်ချင်းတိုးလို့ မရဘူး"။

## "ဆရာသုခ၏ အမေနေ့"

ဆရာသုခသည် အမေနေ့ကို တတိုင်းတပြည်လုံး ကျယ်ကျယ်ပြန့်ပြန့် ကျင်းပစေချင်၏။ မန္တလေးမြို့၌ ပထမအကြိမ်ကျင်းပစဉ် ကျွန်ုပ်တို့ကို နံနက်ခင်း ဆွမ်းပင့်ကျွေးပြီး မိဘကျေးဇူးများများ ဟောပေးဘို့ လျှောက်ထားသည်။

ကျွန်ုပ်က "ဆရာကြီး! ဦးဇင်းလဲ မိဘကျေးဇူးဆိုပြီး မာတုပေါသကသုတ္တန်နဲ့ ကေဒါရဇာတ် ဟောတယ်။ ဦးဇင်းက စာရေးဆရာလဲ မဟုတ်၊ ဒါရိုက်တာလဲ မဟုတ်တော့ တရားနာပရိသတ်က သိပ်မရှိဘူး"ဟု ပြန်ပြောလိုက်တယ်။

"ဆရာတော် တရားနာပရိသတ် ရှိရှိ/မရှိရှိ ဟောပါဘုရား၊ တရားနာပရိသတ်ထဲက မိဘကျေးဇူး တယောက်သိသွားရင် တပည့်တော်တို့အဖို့ အမြတ်ထွက်တာပါပဲ၊ အခုခေတ် လူငယ်တွေ တပည့်တော်လို အသက်ကြီးမှ နောင်တ မရစေချင်ဘူး၊ တပည့်တော် လူလတ်ပိုင်း အရွယ်တုန်းက မိဘကို ကျွေးမွေးထားနိုင်တဲ့ ငွေကြေးအင်အားရှိတယ် ဘုရား၊ မကျွေးဖြစ်ခဲ့ဘူး။ အသက် အတော်လေး ရလို့ အမေ့ကို အိမ်မှာ ခေါ်ထားပြီး ကျွေးမွေးပြုစု ထားပါတယ်။ အမေက တပည့်တော်အိမ်မှာ ကြာကြာမနေလိုက်ရဘူး။ ခုနှစ်ရက်လောက် နေပြီး သေဆုံးသွားတယ်ဘုရား၊ ဒါကြောင့် တပည့်တော်ဟာ မိဘကို အားရအောင် မပြုစုလိုက်ရဘူး"လို့ နောင်တ ရနေပါတယ်ဘုရား၊ ခုခေတ်လူငယ်တွေ တပည့်တော်လို ကြီးမှ နောင်တမရစေချင်ပါဘူး။

အရှင်ရာဇဓမ္မာဘိဝံသ
မစိုးရိမ်တိုက်သစ်၊ မန္တလေး။
(စွယ်စုံအနုပညာရှင် ဦးသုခ
ရာပြည့်မင်္ဂလာဖင်း (၁၉၁၀-၂၀၁၀) စာအုပ်မှ)

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရဆရာတော်
နှစ်(၁၀၀)ပြည့် မင်္ဂလာဖင်းပါ ဆောင်းပါး

"ရှင်တဆူ၊ လူတယောက်"

ရေး။ အရှင်ရာဇမဓာဘိဝံသ

"ရှင်တဆူ"

ရှင်ကား အသက်အရွယ် ငယ်လှသေးသည်။ နှစ်ဆယ်ကျော်မျှသာ ရှိသေး၏။ အသက်အရွယ် ငယ်စေကာမူ ပညာကား ကြွယ်ဝလှ၏။ အသက်အရွယ် နှစ်ဆယ်ကျော်မျှဖြင့် ပထမကျော် အောင်ပန်း ဆွတ်လှမ်းပြီးပြီ။ ရှင်ငယ်သည် ပထမကျော်အောင်ပန်း ဆွတ်လှမ်းနိုင်ရုံမျှဖြင့် အားမရ တင်းမတိမ်သေး။ ပထမကျော်ထက် အဆင့်မြင့်သည့် ပရိယတ္တိသာသနဟိတ(သကျသီဟ)စာမေးပွဲ ဖြေဆိုလိုသေး၏။ ပထမကျော် ပြဋ္ဌာန်းကျမ်းစာနှင့် ပရိယတ္တိသာသနဟိတပြဋ္ဌာန်းကျမ်းစာကား သိပ်မကွာလှ။ ဘေဒစိန္တာ, ကစ္စာယနသာရမျှသာ ပရိယတ္တိသာသနဟိတ(သကျသီဟ)စာမေးပွဲက ပိုလွန်း၏။ ထိုကျမ်းစာနှစ်စောင်လုံး ရှင်ငယ် ရပြီးဖြစ်သည်။ ပရိယတ္တိသာသနဟိတ စာမေးပွဲ ဝင်ဖြေလျှင် တနှစ်တည်းဖြင့် အလွယ်တကူအောင်မည်ဟု ရှင်ငယ်က ထင်နေသည်။ တကယ်တမ်း ရှင်ငယ်ဖြေသည့်အခါ ပထမနှစ်၌ ကျရှုံးသွား၏။ ရှင်ငယ်ကား ဝမ်းမနည်း။ နောက်နှစ် နံပါတ်(၁)မှ အောင်ရမည်ဟု အားခဲ့ထားသည်။ ပရိယတ္တိသာသန ဟိတအသင်းလူကြီးများထံသို့လည်း ရှင်ငယ်က သီဟနာဒ-မြတ်သောကြုံးဝါးသံ ပေးလိုက်သည်။

ရှင်။ ။ "ဦးဇင်း ပထမကျော် အောင်ပြီးသား။ ဒကာကြီးတို့ အသင်းစာမေးပွဲ ဒီနှစ် ဝင်ဖြေတယ်။ ကျတယ်။ ဦးဇင်း ဝမ်းမနည်းပါဘူး။ နောက်နှစ် နံပါတ်(၁)က အောင်ကို အောင်ရမယ်။

ဒကာကြီးများ။ ။ ဦးဇင်း ဆက်သာဖြေ။ တနှစ်မအောင် တနှစ်အောင်ရမှာပေါ့။ တပည့်တော်တို့ အသင်းက ဦးဇင်းတို့လို ဇွဲကောင်းတဲ့ ရှင်ငယ်များအတွက် ရည်ညွှန်းထားတာပါ။

ပရိယတ္တိသာသနဟိတ(သကျသီဟ)စာမေးပွဲဟူသည် အသက်အရွယ် ငယ်စဉ်သာ ဖြေဆိုခွင့် ရှိ၏။ အသက် ၂၇-နှစ်ကျော်သွားလျှင် ဖြေဆို ခွင့်မရ။ ရှင်ငယ်ကား အသက် ၂၀-ကျော်မျှသာ ရှိသေးသည်။ ဒုတိယနှစ်(နောက်နှစ်) ဆက်ဖြေသည်။ ရှင်ငယ် ကြုံးဝါးသည့်အတိုင်းပင် နံပါတ်(၁)မှ အောင်မြင်လာ၏။ ရှင်ငယ်က နံပါတ်(၁)မှ အောင်ရမည်ဟု သာမန်ကြုံးဝါးခြင်းမျိုးမဟုတ်။ နံပါတ်(၁)က အောင်ကို အောင်ရမယ်ဟု သီဟနာဒ- ကြုံးဝါးခြင်းမျိုးဖြစ်သည်။ အာဂရှင်တဆူပေတကား။

ရှင်တဆူကား နောင်ကြီးလာသောအခါ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသဖြစ်လာလေသည်။

တိပိဋကဓရ ဆရာတော်ကြီးအား "စာမေးပွဲ တကြိမ်တခါမျှ မကျဖူးကြောင်း ဆရာတော်၏ ထေရုပ္ပတ္တိတွင် ရေးသားထားပါသည်၊ မှန်ပါသလားဘုရား" လျှောက်ထားကြည့်ရာ ဆရာတော်ကြီးက ငယ်စဉ်က အဖြစ်အပျက်ကို အထက်ပါအတိုင်း မိန့်ကြားတော်မူ၏။

http://www.dhammadownload.com



## လူတယောက်

လူတယောက်ကား မောင်ဌေးလွင်ဖြစ်သည်။ မောင်ဌေးလွင်သည် အသက်ကလည်း ငယ်သေး၏။ ဆယ့်ငါးနှစ် ဝန်းကျင်ခန့်။ သူ့ခေတ်က အစိုးရ ကြီးမှူးကျင်းပသည့် ပါဠိပဌမပြန် စာမေးပွဲသည် နာမည်ကြီးလှ၏။ စာမေးပွဲကျင်းပသည်မှာ နှစ်သိပ်မကြာ လှသေးသဖြင့် သာသနာ့ လောကမှ ယင်းစာမေးပွဲကို အာရုံစိုက်ကြသည်။

မောင်ဌေးလွင် စာမေးပွဲကို စိတ်ဝင်စားသည်။ သူ့ကို စာချပေးသည့်ဆရာတော်ကို "တပည့်တော် ပါဠိပါထမပြန်စာမေးပွဲ ဝင်ဖြေချင်သည်"ဟု လျှောက်ထားလိုက်သည်။ စာချဆရာတော် ကလည်း မောင်ဌေးလွင် ပါဠိပထမပြန် ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာ အားလုံး ရပြီးဖြစ်သည့် အတွက် ဝင်ရောက်ဖြေဆိုခွင့် ပြုလိုက်၏။

မောင်ဌေးလွင်သည် ထိုအချိန်၌ ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းသာမက ပထမလတ်တန်း ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာအချို့ပါ အာဂုံရပြီး ကျက်ပြီးတက်ပြီး ဖြစ်နေလေပြီ။ မောင်ဌေးလွင်က ပထမငယ်တန်းဝင်ရောက်ဖြေဆိုလျှင် မုချအောင်ရမည်ဟု သူ့ကိုသူ တွက်ထား၏။

သူ့ဆရာ စာချဘုန်းကြီးများကလည်း ဒီကလေးငယ် စာမေးပွဲအောင်မည်ဟုပင် တွက်ထား ကြသည်။ တကယ်တမ်း ဝင်ရောက်ဖြေဆိုသည့်အခါ မောင်ဌေးလွင် စာမေးပွဲ ကျရှုံးလေသည်။ အသက်အရွယ်က ငယ်သေးသဖြင့် မောင်ဌေးလွင်သည် စာမေးပွဲကျသည့်ဒဏ် မခံနိုင်တော့။ ချုံးပွဲချ ငိုလေတော့သည်။ တရက်နှင့်လည်း ငိုမပြီး။ နှစ်ရက်နှင့်လည်း ငိုမပြီး။ စာမေးပွဲကျသည့်ဒဏ်ကို အရွယ်နှင့် မလိုက်အောင် ခံရရှာသည်။ ဆရာသမားများက အားပေးချော့မော့သော်လည်း သောက မဖြေနိုင်သေး။

နောင်ကြီးလာသည့်အခါ မောင်ဌေးလွင်သည် အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ဖြစ်လာ၏။ အရှင်ဇနကာဘိဝံသသည် ငယ်စဉ်က စာမေးပွဲကျ၍ ငိုခဲ့ရသည်ကို အမှတ်ရတိုင်း ပြုံးမိ၏။ ထို့ကြောင့် ကလေးငယ်များ လောကဓံ ခံနိုင်အောင် ကဗျာတပုဒ် ရေးသားခဲ့၏။ ကဗျာကား-

လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူတွင်တွေ့ရှိ၊ ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍၊ ဝမ်းနည်းဝမ်းသာ၊ မဖြစ်ရာဘူး-ဟူသည်တည်း။

## နိကာယုဒ္ဓေါတကမှ မိုးမိတ်ကုန်းမြေ

မစိုးရိမ် ပထမအဘိဓဇဆရာတော်ကြီးသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှင်ငယ် ရဟန်းငယ်တို့၏ နှုတ်ထဲ ကိန်းအောင်တည်ရှိရေးကို အထူးကြိုးပမ်း တော်မူခဲ့၏။ ရှင်ငယ်ရဟန်းငယ်တို့၏ နှုတ်ထဲဝမ်းထဲ ဓမ္မက္ခန္ဓာကိန်းအောင်း တည်ရှိစေလိုလျှင် စာမေးပွဲစနစ်ဖြင့် ဖော်ထုတ်ပေးမှ ရနိုင်ပေမည်။

မစိုးရိမ် ပထမအဘိဓဇဆရာတော်ကြီး၏ တိုက်တွန်းချက်အရ နေရင်း ဦးကောဝိဒသည် ၁၃၁၇-ခုနှစ်မှ စ၍ နိကာယ်စာမေးပွဲ ကျင်းပပေးခဲ့သည်။ မန္တလေးမှ (ဘီ-အို-စီ) ဦးမောင်ကို

http://www.dhammadownload.com



ကိုလည်း နိကာယ်စာမေးပွဲ ကျင်းပပေးရန် တိုက်တွန်းခဲ့ဘူး၏။ မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ ဒကာကြီးဦးမောင်ကိုက နိကာယ်စာမေးပွဲ ကျင်းပပေးခဲ့သည်။ လေးငါးခြောက်ကြိမ်လောက်သာ ကျင်းပနိုင်ခဲ့သည်။ စာဖြေဌာနကို ဦးမောင်ကို အိမ်၌ပင် ပြုလုပ်ခဲ့သည်။ စာဖြေဌာနပြုလုပ်ခဲ့သည့် အိမ်ပိုင်ရှင်ကို အစွဲပြု၍ **"ဦးမောင်ကို စာမေးပွဲ"**ဟု အမည်တွင်၏။ ဦးမောင်ကို စာမေးပွဲဖြင့် နိကာယ်ဆောင်ပုဂ္ဂိုလ် ၁၂၇-ပါးဖော်ထုတ်နိုင်ခဲ့သည်။

မစိုးရိမ်ဆရာတော်ကြီးက ဖ-ဆ-ပ-လအစိုးရကိုလည်း နိကာယ်စာမေးပွဲ ကျင်းပပေးရန် တိုက်တွန်းခဲ့ဖူး၏။ မအောင်မြင်ပါ။ မန္တလေး ပရိယတ္တိသာသနဟိတ အသင်းကြီးကိုလည်း တိုက်တွန်းခဲ့သည်။ အသင်းကြီးကမူ မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက် အရ ၁၃၃၁-ခုနှစ်မှ စ၍ နိကာယ်စာမေးပွဲ ကျင်းပပေးခဲ့သည်။

မစိုးရိမ်ဆရာတော်ကြီးသည် ၁၃၃၄-ခုနှစ် နတ်တော်လပြည့်နေ့မှ စ၍ ရန်ကုန်မြို့ တာဝါလိန်းလမ်း ခြံအမှတ်(၃၀) လှူပျံတော်ပတ္တမြား ဦးမောင်မောင်+ဒေါ်ဒေါ်ငြိမ်းတို့ အိမ်၌ သီတင်းသုံးခဲ့၏။ ထိုအိမ်၌ သီတင်းသုံးစဉ် ၁၃၃၅-ခုနှစ်၊ နတ်တော်လ၌ **"နိကာယုဋ္ဌာတက သမိတိ - နိကာယ်သာသနာတော် ထွန်းကားပြန့်ပွားရေး အသင်း"**ကို တည်ထောင်ခဲ့လေသည်။

အဆိုပါ နိကာယ်သာသနာတော်ထွန်းကားပြန့်ပွားရေးအသင်းမှ ကြီးမှူးပြီး ရန်ကုန်မြို့တွင် ၁၃၃၆-ခုနှစ်မှ စ၍ နှစ်စဉ် တန်ဆောင်မုန်းလ၌ နိကာယ်အာဂုံဆောင် စာမေးပွဲကြီး ကျင်းပပြုလုပ်လေသည်။ စာအောင်ဆုနှင်းသဘင်ပွဲ၌ မစိုးရိမ် ဆရာတော်ကြီးက ဩဝါဒပေးရာတွင် အောက်ပါစကားရပ်များ ထည့်သွင်းမိန့်ဆိုခဲ့၏။

"သာသနာတော်မှာ သကျသီဟဓမ္မာစရိယ၏တပည့် သကျသီဟဓမ္မာစရိယများ အဆက်မပြတ် ပေါ်နေသော်လည်း တိပိဋကဓရ၏တပည့် တိပိဋကဓရ မပေါ်လာသေးသည်မှာ အားရစရာ မကောင်းလှ။ တိပိဋကဓရဘွဲ့ ရရှိသူများက မိမိ၏တပည့် တိပိဋကဓရပေါ်လာအောင် အားထုတ်ဖို့ကောင်းလှပေပြီ"ဟု ထည့်သွင်းမိန့်ကြားသွား၏။

ထိုစာအောင်ဆုနှင်းသဘင်၌ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးလည်း တက်ရောက်လေသည်။ အခမ်းအနားပြီးဆုံးသည့်အခါ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မစိုးရိမ်ဆရာတော်ဘုရားထံ လာရောက်၍ ကန့်တော့ပြီးလျှင် "ဆရာတော်ကြီး၏ ဩဝါဒအတိုင်း တိပိဋကဓရ ပေါ်ထွက်လာအောင် တပည့်များ ကြိုးစားပါမည်" ဝန်ခံလျှောက်ထားလေသည်။ ထိုကတိဝန်ခံချက်အရ မိုးမိတ်ကုန်းမြေ **တိ-နိစာသင်တိုက်ကြီး** ပေါ်လာဟန်တူပါသည်။

## ဩဝါဒခံယူခြင်း

တိပိဋကဓရဆရာတော်ကြီးသည် မိုးမိတ်ကုန်းမြေ တိ-နိ နိကာယ်စာသင်တိုက် တည်ထောင်မည် ရှိသည့်အခါ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဩဝါဒခံ အကြံဉာဏ် တောင်းယူရန် တပည့်သံဃာများနှင့် ဥပါသကာများကို စာသင်တိုက်ကြီး အသီးသီးသို့ စေလွှတ်ခဲ့၏။ စာသင်တိုက်ကြီး အသီးသီးမှ အကြံအမျိုးမျိုး ပေးကြ၏။

http://www.dhammadownload.com



တနေ့တွင် ဩဝါဒခံယူရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့ **မစိုးရိမ်အလယ်တိုက်ကြီး အဘိဓာန်ဌာန**သို့ ရောက်ရှိလာကြ၏။ အဘိဓာန်ဌာနဖြစ်သည့် မစိုးရိမ်အလယ်တိုက်ကြီး၌ နာယကဆရာတော်အားလုံး ရှိနေလေသည်။

အချို့နာယကများက "စာချတန်းပြီး စာသင်သာများကိုသာ လက်ခံမည်ဖြစ်သဖြင့် နိကာယ်စာသင်သားများအတွက် သီးခြားစည်းကမ်းသတ်မှတ်ရန် မလိုတော့ကြောင်း" မိန့်ဆိုကြသည်။

မိမိကမူ "နိကာယ်စာသင်တိုက်၌ နှစ်နှစ်နေပြီး နိကာယ်တကျမ်းမှ မအောင်မြင်လျှင် တိုက်တာမှ ရွှေ့ပြောင်းပေးရမည်-ဟု သတ်မှတ်ချက်စည်းကမ်းနှင့် စာသင်သားလက်ခံသင့်ကြောင်း၊ ယင်းသို့ စည်းကမ်းသတ်မှတ်ချက် မရှိလျှင် နောင်အခါ၌ တိုက်ဆွေး စာသင်သားဟောင်း များနေပြီး တိုက်တာဆုတ်ယုတ်သွားနိုင်ကြောင်း" အကြံပြုတင်ပြခဲ့၏။ မိမိအကြံပြုတင်ပြချက်ကို မင်းကွန်းဆရာတော်ကြီးကလဲ လက်မခံ၊ မစိုးရိမ်နာယက အဖွဲ့ကလည်း လက်မခံခဲ့ပါ။

နှစ်နှစ်ကျော်ကြာသည့်အခါ မင်းကွန်းဆရာတော်ကြီးနှင့် ဆွမ်းကျွေးပွဲတခုတွင် ဆုံမိ၏။ ထိုဆွမ်းကျွေးပွဲ၌ ဆရာတော်ကြီးက မိုးမိတ်နိကာယ်စာသင်တိုက် ဖြစ်ပျက်နေသည့် အကြောင်းစုံကို မိမိအား မိန့်တော်မူ၏။ "ဦးဇင်း အကြံပြုခဲ့သည်အတိုင်း စာသင်သား လက်ခံစည်းမျဉ်း သတ်မှတ်ရတော့မည် ဖြစ်ကြောင်း" မိန့်တော်မူသည်။

## ပဋ္ဌနိကာယကျောင်းတိုက်

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ ပဋ္ဌနိကာယကျောင်းတိုက် ပန္နက်ချစဉ်က အဖြစ်အပျက်ကိုလည်း ဖောက်သည်ချလိုသေး၏။ ထိုစဉ်က "ပန္နက်တင်"ဟု အသုံးအနှုန်း မရှိပါ။ တတိုင်းပြည်လုံး "ပန္နက်ချ"ဟုသာ သုံးနှုန်းကြသည်။ ပန္နက်ချပွဲနှင့်အတူ ရန်ကုန်နိကာယအသင်းအစည်းအဝေးကိုလည်း ကျင်းပမည် ဖြစ်ကြောင်း ရန်ကုန်မှ နာမည်ကြီး/ မကြီး ဆရာတော်များကို ပင့်ဖိတ်ထား၏။ ၆-နာရီ အရုဏ်ကပ်ပြီးလျှင် ၆-နာရီခွဲ ၇-နာရီခန့် အစည်းအဝေး စတင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက လျှောက်ကြားထား၏။

သို့ရာတွင် ၇-နာရီထိုးသော်လည်း အစည်းအဝေး မစတင်နိုင်သေး။ ၈-နာရီထိုးသည့် အချိန်၌ကား ပင့်ထားသည့်သံဃာတော်များ လှုပ်လှုပ်ရွရွဖြစ်လာသည်။ အချို့က "စောင့်နေရတာ ကြာလှပြီ၊ အခုထိ အစည်းအဝေးက မကျင်းပသေးဘူးလား။ ဘယ်သူ လိုနေလို့လဲ"စသည်ဖြင့် ပြောဆိုလာကြ၏။ သက်ဆိုင်ရာက "တိပိဋကဓရ ဆရာတော်ကြီး ရောက်မလာသေး၍ အစည်းအဝေး မစတင်နိုင်သေးကြောင်း" လျှောက်ထားကြ၏။

အချို့ဆရာတော်များက "စောင့်နေရတာ ကြာလှပြီဖြစ်၍ ကျောင်းပြန်တော့မည်" ဖြစ်ကြောင်း ပြောဆိုကြ၏။ ဤတွင် နိကာယ်အသင်းဒကာကြီးများက တာဝါလိန်း၊ ခြံအမှတ် (၃၀)၌ သီတင်းသုံးနေသည့် မစိုးရိမ်ဆရာတော်ကြီးထံ အကြောင်းစုံ လျှောက်ထားလာကြ၏။ မစိုးရိမ်ဆရာတော်ကြီးက မိမိအား ဒကာကြီးများနှင့်အတူ လိုက်ပါသွားပြီး ဖြေရှင်းပေးရန် အမိန့်ချတော်မူ၏။ မိမိလည်း ဒကာကြီးများနှင့်အတူ လိုက်ပါသွားပြီး ပန္နက်ချမည့်နေရာသို့ ရောက်လျှင်ရောက်ချင်း

http://www.dhammadownload.com



အစည်းအဝေး စတင်မည် ဖြစ်ကြောင်း သံဃာ့ပရိသတ်များအား လျှောက်ကြားလိုက်သည်။ သည်တော့မှ ငြိမ်ကျသွား၏။

အစည်းအဝေးစ၍ တနာရီလောက်ကြာလျှင် တိပိဋကရေဆရာတော်ကြီး ရောက်လာ၏။ တိပိဋကရေဆရာတော်ကြီးက "ကြို့ပင်ကောက်မှ လာရသည်ဖြစ်၍ အချိန်အနည်းငယ် နောက်ကျသွားကြောင်း"သံဃာ့ပရိသတ်အား တောင်းပန်လျှောက်ထားလေသည်။

## "မိဘဝတ္တရား ကျေပွန်သူ"

ဘုရားရှင်က မဟာသုတသောမဇာတ်၌ မိဘဝတ္တရားကျေပွန်သူ သားသမီးများ သေရမှာကြောက်ဖို့မလိုကြောင်းကို--

ပိတာ စ မာတာ စ ဥပဋ္ဌိတာ မေ၊

အနာနုတပ္ပံ ပရလောကံ ဂမိဿံ။ (ဇာ၊၂။၁၄၀)

မိဘဝတ္တရားကျေပွန်သူများသည် နောင်ဘဝကူးပြောင်းဖို့ စိုးရိမ်စရာမလိုကြောင်း၊ တမလွန်လောက နောက်ဘဝလမ်းမကြီး ဖြောင့်ဖြူးနေပြီးဖြစ်ကြောင်း ဟောကြားတော်မူခဲ့၏။

မင်းကွန်းတိပိဋကရေဆရာတော်ကြီးက မိဘဝတ္တရား ကျေပွန်လှ၏။ သူ တိပိဋကရေအောင်မြင်ပြီးနောက် မိခင်ကြီးကို မင်းကွန်းဓမ္မနာဒကျောင်းတိုက်သို့ ခေါ်ဆောင်၍ ဇရပ်လေးတဆောင်၌ နေထိုင်စေခဲ့၏။ မိခင်ကြီး၏ စားဝတ်နေရေးကိုလည်း ဆရာတော်ကြီးကပင် တာဝန်ယူဆောင်ရွက်ပေးခဲ့၏။ မိခင်ကြီးသည် နှစ်နှစ်သုံးနှစ် ဆက်တိုက် ဓမ္မနာဒကျောင်းတိုက်၌ နေပြီးသောအခါ ဆက်လက်မနေထိုင်လိုတော့ ပျင်းရိလာသည်။

"အဘိုးကြီး အဘွားကြီး"ဟူသည် "ဘကြီး၊ အမေကြီး"ခေါ်ဆိုတတ်သည့် မြေးငယ်များရှိရာ၌သာ ပျော်မွေ့ကြသည်။ ဓမ္မနာဒကျောင်းတိုက်၌ "အမေကြီး"ဟု ခေါ်ဆိုမည့် မြေးငယ်များမရှိသဖြင့် မယ်တော်ကြီးသည် မပျော်ရွှင်တော့။ ရွာပြန်နေချင်လာသည်။ ထိုအကြောင်းကို တိပိဋကရေဆရာတော်ကြီးအား လျှောက်ထား၏။

ဆရာတော်ကြီးက ရွာမှာနေလိုလျှင် အိမ်ဆောက်ပေးမည်ဖြစ်ကြောင်း၊ မယ်တော်ကြီး ပျော်မွေ့ရာသာ နေထိုင်ရမည်ဖြစ်ကြောင်း အမိန့်ရှိပြီး ရွာ၌ အိမ်တလုံး ဆောက်ပေး၏။ ထိုစဉ်က ဆရာတော်ကြီး၏ညီ **မောင်ဘသင်**သည် မြို့တမြို့၌ နေပြီး ပွဲရုံလုပ်ငန်း လုပ်သဖြင့် အတန်အသင့်စီးပွားဖြစ်သည်။ မယ်တော်ကြီးအတွက် အိမ်ဆောက်ပေးသည့်အခါ ဆရာတော်ကြီးက "အိမ်ဆောက်သည့်အထဲ ကုသိုလ်ပါဝင်ရန်" မောင်ဘသင်အား တရားဟော၏။

"မောင်ဘသင်! မင်းအမေ မယ်တော်ကြီးက မင်းကွန်းမှာ မပျော်ဘူးတဲ့ကွ၊ ရွာမှာ နေချင်သတဲ့၊ ငါက မယ်တော်ကြီးအတွက် ရွာမှာ အိမ်ဆောက်ပေးမလို့၊ မင်းလည်း စီးပွား အသင့်အတင့်ဖြစ်သားကွာ၊ မင်းအမေအတွက် အိမ်ဆောက်တဲ့အထဲ ကုသိုလ် ပါဝင်ပါလား"ဟု တရားဟော၏။

သည်တွင် ညီမောင်ဘသင်က "ဦးဇင်း! (ညီအကိုချင်းဖြစ်၍ ဦးဇင်းဟု သုံးဟန်တူပါသည်)၊ တပည့်တော်က သားသမီးတွေ ရှိသေးတယ်၊ သူတို့ကို ပေးရဦးမှာ၊ ဦးဇင်းက သားသမီး ရှိတာ

http://www.dhammadownload.com



မဟုတ်ဘူး၊ တပည့်တော် များများတော့ မထည့်နိုင်ဘူး၊ ငွေသီးခြား ၁၀၀-ကျပ် ပို့ပေးလိုက်မည်"ဟု လျှောက်ထားပြီး ဆရာတော်ကြီး၏ ကပ္ပိယထံ ငွေ ၁၀၀-ကျပ် အပ်နှင်းလိုက်၏။ အိမ်ဆောက်၍ ကုန်ကျငွေမှာ ၁၃၂၅-ကျပ်ခန့် ရှိသည်ဟု ဆို၏။

## "မယ်တော်ကြီး ကွယ်လွန်ခြင်း"

မယ်တော်ကြီးသည် ဆရာတော်ကြီး ဆောက်ပေးသည့်အိမ်၌ လေးငါးခြောက်နှစ်ခန့် နေပြီးနောက် ကွယ်လွန် သွားရှာသည်။ ဆရာတော်ကြီးက "မယ်တော်ကြီး ကွယ်လွန်သွားရှာပြီ ဖြစ်ကြောင်း" သူ့ညီ မောင်ဘသင်သို့ အကြောင်းကြားလိုက်၏။ မောင်ဘသင်သည် မယ်တော်ကြီး၏ အသုဘကိစ္စအတွက် ရွာသို့ပြန်လာပြီး မယ်တော်ကြီး အလောင်းအနီး၌ ထိုင်၍ တရှုပ်ရှုပ် ငိုလေတော့သည်။

ဆရာတော်ကြီးက "မိဘဝတ္တရား မကျေပွန်တဲ့သူတွေ ငိုကြကွ၊ တို့ကတော့ ဝတ္တရား ကျေပွန်တယ်ကွ၊ ငိုစရာမလိုဘူး၊ မင်း အမေ့အတွက် အိမ်ဆောက်ပေးမယ်ဆိုတော့ ငွေတရာပဲ ထည့်တယ်။ မိဘဆိုတာ အသက်ထင်ရှားရှိတုန်း သူတို့စိတ်တိုင်းကျ ထားပေးနိုင်ဖို့ လိုတယ်ကွ"ဟူ၍ မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီးသည် ညီမောင်ဘသင်ကို တွက်ကပ်ခြင်းမဟုတ်၊ ယခုခေတ် လူကြီး လူငယ်များ မိဘအသက် ထင်ရှားရှိစဉ် တာဝန်ကျေပွန်အောင်ပြုစုဖို့ သူ့ညီ မောင်ဘသင်ကို ဆုံးမခြင်း ဖြစ်ပါလိမ့်မည်။ ခေတ်လူကြီးလူငယ်များ မိဘဝတ္တရား ကျေပွန်နိုင်ကြပါစေ။

အရှင်ရာဇဓမ္မာဘိဝံသ<br>
မဟာနာယကချုပ်ဆရာတော်<br>
မစိုးရိမ်တိုက်သစ် မန္တလေးမြို့။

(ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး<br>
သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်<br>
၁၂၇၃-၁၃၇၃-ခုနှစ်ထုတ် စာအုပ်မှ)

http://www.dhammadownload.com



## "သဒ္ဓါဓိကဘုရားလောင်း"

ဆုထူးပန်ဆရာတော်သည် သဒ္ဓါဓိကဘုရားလောင်းဟု အထင်ခံရလောက်အောင် အလှူအတန်း ရက်ရောလှ၏။ ဆုထူးပန်သိရိမင်္ဂလာကန်တော် ပရဟိတ ဘ/က ကျောင်း၌ မိဘမဲ့ ဆင်းရဲသား ကလေးသူငယ် သုံးရာကျော်ကို လက်ခံပြီး စာပေသင်ကြားပေးနေသူ ဖြစ်၏။ ယင်းကလေးငယ်များ ပညာသင်ကြားနိုင်အောင် ဆရာ/ဆရာမ ဆယ်ယောက်ခန့် ငှားရမ်းပြီးလျှင် တယောက် နှစ်သောင်းကျပ်နှုန်းဖြင့် လခပေးထား၏။

ယင်းကျောင်း၌ ထရန်စဖော်မာ တပ်ဆင်ရာတွင် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ကျပ်သိန်း တရာငါးဆယ်ဖြင့် မလုံလောက်ပေ။ ဆုထူးပန်ဆရာတော် ဦးဆောင်သော ဒကာ/ဒကာမများမှ ကျပ်ငွေ သိန်းငါးဆယ် စုပေါင်းစိုက်ထူလှူဒါန်းခဲ့သည်ဟု သိရသည်။

ဆုထူးပန်ဆရာတော် ငယ်စဉ်က နေ့စဉ် ဆွမ်းကွမ်းရှားပါးသဖြင့် ဆရာတော် ဖြစ်လာသည့် အခါ မန္တလေး မဟာမုနိဘုရားကြီးအရှေ့မုခ်၌ ဆယ်နှစ်တိုင်တိုင် ဘုံဆွမ်းလောင်းလှူ ကုသိုလ် ပြုခဲ့သည်။

မိမိဇာတိကျေးရွာ၌ သောက်သုံးရေ ရှားပါးသဖြင့် ရေလျှံတွင်းများ တူးဖော်လှူဒါန်းခဲ့သည်။ ဒေသခံတောင်သူလယ်သမားများ ယင်းရေလျှံတွင်းမှ ရေများဖြင့် စားပင်သောက်ပင်များ စိုက်ပျိုး၍ စီးပွားရှာကြသည်။ မြေကြီးအထက် ဆယ်ပေအထိ လျှံတက်သော ရေတွင်းများဖြစ်သည်။

## "စေတီအမျိုးမျိုး တည်ထားကိုးကွယ်ခြင်း"

ဆုထူးပန်အိမ်ဟောင်းကြီးသည် ယခင်က မင်းသားဂရိတ် ဦးဖိုးစိန်ကြီး ပိုင်ဆိုင်သော အိမ်ဟောင်းကြီးဖြစ်သည်။ ဂရိတ်ဖိုးစိန်သည် ဇာတ်ကရာ၌ ဆံထုံးထဲ ဓာတ်တော် ဌာပနာသွင်းပြီး ကပြလေ့ရှိ၏။ သူသေခါနီးသည့်အခါ သူ့အိမ်ဝင်းထဲ၌ ကိုးတောင်ပြည့်စေတီ တည်ထားကိုးကွယ်၍ ဓာတ်တော်များကို ဌာပနာခဲ့သည်။

ဆုထူးပန်ဆရာတော်သည် ထိုကိုးတောင်ပြည့်စေတီကလေးကို ငုံ၍ ဆုထူးပန် ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကြီး ပြုပြင်တည်ထားကိုးကွယ်ခဲ့၏။ နှစ်စဉ် တပို့တွဲ လပြည့် အဖိတ်နေ့တိုင်း ဘုရားပွဲတော် ကျင်းပ၍ လာသမျှပရိသတ်အား နှမ်းမနဲ ကောက်ညှင်းပေါင်းစသော စားဖွယ် သောက်ဖွယ် များဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိ၏။

ထို့အပြင် မိမိဇာတိ မင်းကန်ကြီးရွာ၌ ဆံတော်ခြောက်ဆူ ပေါ်တော်မူလာသခြင့် ဆကေသာဓာတု ကပ်ကျော်စေတီတော်ကြီး တည်ထားကိုးကွယ်ခဲ့၏။ ယင်းစေတီတော်ကြီးအနီး၌ ဆယ်ပေပတ်လည် ရေတွင်းကြီးတူးပြီး နယ်သူနယ်သားတို့၏ ရေအခက်အခဲကို ဖြေရှင်းပေးခဲ့သည်။

မအူပင်မြို့နယ် ပန်းတပွတ်ချောင်း ရွှေဂျိုးဖြူ မူလခဲသိုက်အနီး၌ တရာ့ရှစ်တောင် ရန်မျိုးအောင် စေတီတော်ကြီးကို ဆုထူးပန်ဆရာတော် ဦးဆောင်၍ ရုပ်ရှင်မင်းသား ကိုလူမင်း ဆုထူးပန် ဦးသိန်းလှိုင်တို့နှင့် စုပေါင်းပြီး ရွှေထီးတော်ကြီး တင်လှူခဲ့သည်။

http://www.dhammadownload.com



သည့်ပြင်သည့်ပြင် အခြားစေတီးပေါင်း မြောက်များစွာကိုလည်း တည်ထား ကိုးကွယ်ခဲ့သေး၏။ ထို့ကြောင့် "သဒ္ဓါမိကဘုရားလောင်း ဖြစ်လေသလော"ဟု အတွေး ပေါ်မိခြင်းဖြစ်သည်။

## "အပ်ပေါက်လောက်အပြစ်ကို ကောင်းကင်လောက်ချဲ့"

ဆုထူးပန်ကျောင်းတိုက်၌ မိမိ(ဦးရာဇ)၏ တပည့်ကြီးများ (ကုန္တာသဘာ၊ ဉာဏိက) လည်း မကြာမကြာ တည်းခိုလေ့ရှိ၏။ ဆုထူးပန်ဆရာတော်သည် ထိုတပည့်ကြီးများအား မိမိအကြောင်းကို တခါတရံ မေးမြန်းဟန် တူ၏။ မေးမြန်းတိုင်း မိမိအပြစ်ကို ပြောသည့် တပည့်ကြီးဟူ၍ မရှိ။ ချီးမွမ်းပြောဆိုကြသည်သာ များ၏။

သည်တွင် ဆုထူးပန် ဆရာတော်က "ဦးဇင်းတို့ကို ဆရာတော် ဦးရာဇ-က ဘာပေးလို့လဲ"ဟု မေးမြန်းသည်ဟူ၏။ "ဘာမျှ မပေးပါ၊ အနေအထိုင်နှင့် ပရိသတ် အုပ်ချုပ်မှုကို ကြည့်၍ အပြစ်ပြောစရာ မရှိ၊ ချီးမွမ်းစရာသာ ရှိသည်"ဟု လျှောက်ထားလိုက်ကြ၏။

**ဆုထူးပန်**။ "တပည့်တော်မှာတော့ တပည့်ဦးဇင်းကိုရင်များကို သက်န်းထီးဖိနပ် လိုလေသေး မရှိအောင် ပေးလိုက်ရတာ။ တပည့်တော်အကြောင်း အကောင်းပြောသည့် တပည့် တပါးမျှမရှိ"ဟု ညည်းတွားသည်ဟူ၏။ ဆရာသမား အပ်ပေါက်လောက် အပြစ်ရှိလျှင် ကောင်းကင်လောက် ချဲ့ထွင်လိုသူသာ များသည်။

ရန်ကုန်မြို့ ဆုထူးပန်ကျောင်းတိုက်
အထိမ်းအမှတ်စာအုပ်အတွက် ရေးပေးသည်။

http://www.dhammadownload.com



စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အလည်ရွှေကျေးရွာ
အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)
ဘက်စုံမွမ်းမံ တည်ဆောက်ရေးလုပ်ငန်း
လှူဒါန်းမှုအစုစု ရေစက်ချအခမ်းအနား၌
မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်
ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
ဟောကြားတော်မူအပ်သော
"အခြေတိုးမြှင့် ဆောင်ရွက်သင့်၏"တရားတော်

အလယ်ရွှေကျေးရွာ ဒကာ ဒကာမတွေ ကျောင်းဆရာ ဆရာမများ ကျောင်း ကော်မတီများ ကျောင်းသူ ကျောင်းသား များအားလုံး ဘုန်းကြီးတရားဟောမယ်။ ဆရာဇော်ဂျီက လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀)လောက်က ကဗျာတပုဒ်ရေးခဲ့တယ်။ ကဗျာရဲ့ ခေါင်းစဉ်က "သင်သေသွားသော်"တဲ့။

"လူ့ပြည်လောက၊ လူ့ဘဝကား။
အိုရနာရ၊ သေရဦးမည်။
မှန်ပေသည်တည့်"လို့ ကဗျာကို သံဝေဂနဲ့ ပထမဖွင့်လိုက်တယ်။

သို့တပြီးကား၊ သင်သေသွားသော်။
သင်ဖွားသောမြေ၊ သင်တို့မြေသည်။
အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏။
အဲဒါက မသေခင်မှာ လုပ်ရမယ့်ဟာကို ဆရာဇော်ဂျီက ရေးသွားတာ။
သင်တို့မျိုးသား စာစကားလည်း
ကြီးပွားတိုးမြှင့် ကျန်ကောင်းသင့်၏။

ကဲမသေခင်မှာ ကိုယ့်အမျိုးဘာသာ စာပေလည်းပဲ တိုးတက်အောင် ဆောင်ရွက်ရမယ်။ ဒါမသေခင်မှာ လုပ်ရမဲ့လုပ်ငန်းရပ်ကို ဆရာဇော်ဂျီက ကဗျာထဲမှာ ထည့်သွင်း ရေးသားသွားတယ်။
ကိုင်း လိုက်ဆိုကြ
လူ့ပြည့်လောက၊ လူ့ဘဝကား။
အိုရနာရ၊ သေရဦးမည်။
မှန်ပေသည်တည့်။
အေး ဒကာ ဒကာမတွေ လူ့ဘဝမှာ တစ်နေ့ကျရင် သေရမှာပဲ။ မသေခင်မှာ လုပ်ရမဲ့ ကိစ္စရပ်ကို သူကဗျာနဲ့ သူ လိုယင်းပဲ မှာသွားတယ်။ ကိုင်း လိုက်ဆိုကြ။
သို့တပြီးကား၊ သင်သေသွားသော်။

http://www.dhammadownload.com



သင်ဖွားသောမြေ၊ သင်တို့မြေသည်။
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏

အေး လူတွေဟာ တနေ့ကျယင် သေကြမှာပဲ။ မသေခင်မှာ ကိုယ်မွေးဖွားတဲ့ ဇာတိရွာ အဲဒါကို "အခြေတိုးမြင့် ကျန်ကောင်းသင့်၏"တဲ့။ ကိုယ်မမွေးခင်ကထက် အခြေအနေ တိုးမြင့်အောင် ဆောင်ရွက်ပါလို့ ပြောတာ။ မိမိဇာတိကျေးရွာလည်းပဲ အခြေအနေ တိုးမြင့်အောင် လုပ်နိုင်သမျှ ဆောင်ရွက်ပါ။ မိမိမွေးဖွားလာတဲ့ ဇာတိရွာအပြင် မိမိနိုင်ငံကြီးကိုလည်းပဲ အခြေနေတိုးမြင့်အောင်လို့ တတ်နိုင်သမျှ ဆောင်ရွက်ပါလို့ အဲဒါကို ဆရာဇော်ဂျီက ပြောတယ်။

သို့တပြီးကား၊ သင်သေသွားသော်။
သင်ဖွားသောမြေ၊ သင်တို့မြေသည်။
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း။
ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏-တဲ့။

ကိုယ်မသေခင်မှာ ကိုယ့်ရဲ့ အမျိုးသားစာပေ ဘာသာစကားလည်း ကြီးပွားတိုးတက်အောင် ဆောင်ရွက်ပါလို့ ပြောတာ။

ကိုယ်မွေးဖွားတဲ့ ဇာတိရပ်ရွာ ကိုယ့်မြန်မာတွေ အဲဒါတွေကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အပြင် အမျိုးသားဘာသာစာပေလည်းဘဲ ဒီလို ကြီးပွားတိုးတက်အောင် ဆောင်ရွက်ပါတဲ့။

အမျိုးသာဘာစာစာပေကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်တယ်ဆိုတာ ကိုယ့်မြန်မာနိုင်ငံက အရည်အသွေးကောင်းပြီး ကမ္ဘာ့ဈေးကွက်ဝင် ကုန်ပစ္စည်းတွေ ထုတ်လုပ်၊ အဲဒီကုန်တွေမှာ မြန်မာစာတွေ ရေးပြီးတော့ ထုတ်လုပ်ဖြန့်ချိရမယ်။ အခု တရုတ်တို့ ယိုးဒယားတို့ကို ကြည့်။ တရုတ်ကလည်းပဲ သူတို့ဆီက ထုတ်တဲ့ပစ္စည်းတွေမှာ အင်္ဂလိပ်စာတွေ မထည့်တော့တာ များတယ်။ သူတို့ တရုတ်စာတွေချည်း ထည့်တယ်။ ယိုးဒယားလည်း ထို့အတူပဲ။ သူတို့နိုင်ငံက ထုတ်တဲ့ ကုန်ပစ္စည်းမှန်သမျှ ယိုးဒယားစာပဲ ထည့်တော့တယ်။

တရုတ်ကလဲ သူ့နိုင်ငံကထွက်တဲ့ ဆေးပစ္စည်းတို့ စက်ပစ္စည်းတို့စတဲ့ ပစ္စည်းမှန်သမျှ တရုတ်စာနဲ့ ရေးတော့တယ်။ သူတို့နိုင်ငံထုတ်တဲ့ ပစ္စည်းတွေက အရည်အသွေးလဲ ထိုက်သင့်သလောက် မြင့်တယ်။ ဈေးနှုန်းကလဲ သက်သာတယ်ဆိုတော့ နိုင်ငံတကာ ဈေးကွက်မှာ ဝယ်လိုအား ကောင်းတာပေါ့။ ဖြန်းအား ကောင်းတာပေါ့။ သူတို့ပစ္စည်းတွေက အရည်အသွေးနဲ့ ဈေးနှုန်း သင့်တင့်တော့ သုံးတဲ့သူ ပိုများလာမယ်။ ဒီတော့ သူတို့ပစ္စည်း ကျကျနန သုံးတတ်ချင်ယင် သူတို့နဲ့ တိုက်ရိုက်ပြောဆို ဆက်သွယ်ချင်ယင် သူတို့စာပေ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူလာကြရမယ်။ ဟုတ်လား။ အဲဒါ ကမ္ဘာမှာ သူတို့စာပေ ပျံ့နှံ့အောင်လို့ ဆောင်ရွက်တဲ့သဘောကွ။ သူတို့ရဲ့ အမျိုးသား စာပေတိုးတက်အောင် ဆောင်ရွက်နေကြတာ။

ဒို့မြန်မာတွေကလည်း အဲဒီလို လုပ်ရမှာ။ ခက်တာက ဒို့မြန်မာပြည်က ပဲလျှော်ပဲ ထွက်တော့

http://www.dhammadownload.com



တော်တော်ဝွကျတယ်။ ဟုတ်ပြီလား။ ပဲလှော်ပဲ ထွက်တော့ တို့ဗမာစာပေ ဘယ်လိုတိုးတက်အောင် လုပ်ရမှန်းမသိဘူး။ ကဲ ဟုတ်ပြီလား။

ကိုင်း လိုက်ဆို

သင်၏မျိုးသား၊ စာစကားလည်း။
ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ။
စေတီသာနှင့်၊ သစ္စာအရောင်။
ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျှက်ဝင်းလျှက် ကျန်စေသတည်း။

အဲဒါကလည်း ဘာသာရေး အဆောက်အအုံတွေ သာသနိကအဆောက်အဦးတွေ ဘုရားပုထိုး စေတီတွေ ကျောင်းကန်စရပ်တွေ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ရှိတယ်။ အဲဒီ ဘာသာရေး အဆောက်အအုံတွေလဲဘဲ မိမိ မမွေးခင်ကတည်းကထက် ပိုပြီးတော့ ကောင်းမွန်အောင် တိုးတက်အောင် ဆောင်ရွက်ပါ။ အဲဒါက ရုပ်ဝတ္ထုပိုင်းမှာ တိုးတက်အောင် ဆောင်ရွက်ကြဘို့ ပြောတာ။

အတွင်းအဇ္ဈတ္တသန္တာန်မှာလဲ ကိုယ့်ရပ်ရွာက လူတွေ ကိုယ့်မြို့နယ်က လူတွေ ကိုယ့်တိုင်း အတွင်း မှီတင်းနေထိုင်ကြတဲ့လူတွေ နောက်ဆုံး တနိုင်ငံလုံးမှာ ရှိကြတဲ့ တိုင်းသူပြည်သားတွေ ကိုယ့်ကျင့်သီလမြဲပြီး အချင်းချင်း ရန်မဖြစ်ကြဘဲ မေတ္တာကရုဏာစတဲ့ ပြဟ္မစိုရ်တရားတွေ လက်တွေ့လိုက်နာ ကျင့်သုံးနေထိုင်ကြမယ်ဆိုယင် ဒီရွာ ဒီမြို့နယ်တွေ မအေးချမ်း မသာယာ ပေဘူးလား။ (သာယာပါမယ်ဘုရား) အေး အဲဒီလို ရုပ်ဝတ္ထုပိုင်းမှာရော အတွင်း အဇ္ဈတ္တ နာမ်ဝတ္ထုပိုင်းမှာပါ ပိုပြီးတိုးတက်အောင်လဲ ဆောင်ရွက်ကြပါလို့ မင်းတို့ကို ဆရာဇော်ဂျီက မှာသွားတာ။ ကိုင်း လိုက်ဆို

သင်ဦးချ၍၊ အမျှဝေရာ။
စေတီသာနှင့်၊ သစ္စာအရောင်။
ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျှက်ဝင်းလျှက် ကျန်စေသတည်း။

အေး တို့တတွေ တနေ့ကျယင် သေရမှာပဲ။ မသေခင်မှာ မိမိရဲ့ ကျေးရွာ တိုးတက်အောင် လို့ ဆောင်ရွက်၊ မိမိမွေးဖွားတဲ့ ဇာတိကျေးရွာ တိုးတေက်အောင် ဆောင်ရွက်တဲ့အပြင် မိမိ မြန်မာနိုင်ငံကြီးကိုလည်းဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်။ မိမိရဲ့ မြန်မာစကား မြန်မာစာပေဘက်ကလည်းဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပါ။ မိမိကျေးရွာ တခြားကျေးရွာမှာရှိတဲ့ ဘာသာရေး အဆောက်အအုံတွေဘက်ကလည်းဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပါလို့ မင်းတို့ကို ဆရာဇော်ဂျီက သတိပေးသလို

အခု မင်းတို့ကလည်းဘဲ အလယ်ရှိကျေးရွာ အရင်တုန်းက တွဲဘက် အလယ်တန်းကျောင်း ဟုတ်လား။ တွဲဘက်အလယ်တန်းကျောင်း ဘယ်နှယ်နှစ် ကြာတုံး။ (၁၆-နှစ်ကြာခဲ့ပါ ဘုရား) တွဲဘက်အလယ်တန်းကျောင်း (၁၆)နှစ်ရှိပြီလား။ အဲဒီတွဲဘက် အလယ်တန်းကျောင်းက နေပြီးတော့

http://www.dhammadownload.com



အခု အလယ်တန်းကျောင်းခွဲ ဟုတ်ပြီလား။ တွဲဘက်အလယ်တန်းကျောင်းတုန်းက မင်းတို့ရွာက ကျောင်းဆရာ ဆရာမတွေ ငှားရမှာပေါ့။ ငှားရသလား။ (ငှားရပါဘုရား) အခု ကျောင်းခွဲဖြစ်လာတော့ ကျောင်းဆရာ နည်းနည်း အငှားသက်သာသွားတာပေါ့။ မသက်သာဘူးလား။ (သက်သာပါဘုရား)

အစိုးရအနေနဲ့ ဘယ်နှစ်ယောက် ချပေးသလဲ? သုံးယောက်ပါဘုရား။ အလယ်တန်းပြ အတွက် သုံးယောက်ပေါ့။ ဒါနဲ့ လုံလောက်သလား? (မလုံလောက်သေးပါဘုရား) မလုံလောက် သေးရင် ရွာက နည်းနည်းတော့ ငှားရမှာပေါ့။ ငှားရသလား? အရင်တုန်းက မင်းတို့ တွဲဘက်ကျောင်း တုန်းက ဘယ်နှစ်ယောက်လောက် ငှားရသလဲ? (ဆရာလေးယောက် ငှားရပါဘုရား) အခု အစိုးရက သုံးယောက်တိုးပြီး ချပေးတယ်ဆိုတော့ နောက်ထပ် ဆရာဘယ်နှစ် ယောက်ငှားရမလဲ? (ကျောင်းသားကများတော့ နှစ်ယောက်လောက်တော့ ငှားရဦးမယ် ထင်ပါဘုရား) နှစ်ယောက် လောက် ငှားရမှာ။ ဟုတ်လား။

နောက် ကျောင်းခွဲကနေ အလယ်တန်းကျောင်းကြီးဖြစ်သွားတဲ့ အခါကျတော့ ဆရာ/ဆရာမ ထပ်တိုးလာမှာပေါ့။ ဟုတ်ပြီလား။ အေး အဲဒါကို ဆရာဇော်ဂျီက "သင်သေးသွားသော်"ဆိုတဲ့ အဲဒီကဗျာနဲ့ တဖြည်းဖြည်း တိုးတက်အောင် ဆောင်ရွက်ကြဖို့ သူက တိုက်တွန်းသွားတယ်။

ဒီတော့ မင်းတို့ အလယ်ရှိကျေးရွာ ပထမ တွဲဘက်အလယ်တန်းကျောင်းက နေပြီးတော့ နောက် အလယ်တန်းကျောင်းခွဲ၊ နောက်ကျ သုံးလေးငါးနှစ်လောက် ဆက်ပြီးကြိုးစားကြယင် အလယ်တန်းကျောင်း ပါတ်ကား ဖြစ်လာမှာပေါ့။ ဟုတ်လား။ အဲ တဖြည်းဖြည်း အခြေအနေ တိုးတက်လာအောင် ဆောင်ရွက်ပါလို့ ဆရာဇော်ဂျီရဲ့ ကဗျာက မှာတာကွ ဟုတ်လား။

မင်းတို့ အဲဒီကဗျာ ဖတ်ဘူးလား? (မဖတ်ဘူးပါဘုရား) ကျောင်းသုံးစာအုပ်ထဲ ပါတယ် မဟုတ်လား? (ပါပါဘုရား) ဆရာဇော်ဂျီရဲ့ ကဗျာအတိုင်း တဖြည်းဖြည်း တိုးတက်အောင် ဆောင်ရွက်ကြ။

မင်းတို့ ဒီတရားပွဲထဲမှာ အလယ်ကျောင်းတက်နေတဲ့ ကျောင်းသူ ကျောင်းသား ကလေးတွေ ပါလား။ (ပါပါဘုရား) အေး အဲဒီကလေးတွေကို ငါတရားနဲနဲ ဟောဦးမယ်-

သိပ္ပဟူသည်၊ နည်းသည်ဟူ၍၊ မအောက်မေ့ရာ။

တွေ့ရမှတ်သား၊ မိုးပေါက်များသော်၊ အင်းများချောင်းကန်၊ ပြည်သောဟန်သို့-တဲ့။

**"ပညာဆိုတာ** တဖြည်းဖြည်း စုဆောင်းပြီးတော့ သင်ယူရတယ်တဲ့။ မိုးပေါက်တွေ များလာ တော့ ချောင်းတွေ ကန်တွေ ပြည့်လာသလိုပဲ တဖြည်းဖြည်း စုဆောင်း သင်ယူလာတော့ ပညာဆိုတာ ပြည့်လာတာပဲ"လို့ ဆိုလိုတယ်။ အဲဒါကြောင့်မို့ ကျောင်းသူကျောင်းသားတွေလဲဘဲ ပညာကို တဖြည်းဖြည်း စုဆောင်းသင်ယူကြဖို့ အရေးကြီးတယ်။

ကဲ မင်းတို့ကျေးရွာ စုပေါင်းပြီးတော့ အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်နိုင်အောင် အဆောက်အဦးတွေ မွန်းမံ ပြင်ဆင်ဆောက်လုပ် စက်ရေတွင်းတွေ တူး၊ လမ်းတွေ တံတားတွေ ဆောက်လုပ်လှူဒါန်းကြတယ်။ အဲဒီကုသိုလ်တွေ ကနေ့ စုပေါင်းပြီးတော့ ရေစက်ချမယ်။

အခု မင်းတို့ရွာကို ဝင်တဲ့လမ်း မိုးရွာရင်တော့ ကားမောင်းလို့ရမယ် မထင်ဘူး။ ရသလား? (မရပါဘုရား) အဲဒီတော့ လမ်းလဲပဲ မိုးရာသီမှာ ကားမောင်းလို့ရအောင် လုပ်ဖို့ လိုသေးတယ်။

http://www.dhammadownload.com



ဟုတ်ပြီလား။ လိုသလား မလိုဘူးလား? (လိုပါဘုရား) အစိုးရချည်း အားမကိုးနဲ့။ အစိုးရချည်းလည်း အားကိုးလို့ မရဘူး။ ကိုယ့်အားကို ကိုးပြီးတော့ တဖြည်းဖြည်း လုပ်အားပေး တည်ဆောက် သွားကြမယ်ဆိုယင် အဲဒီလမ်းလည်းဘဲ တနေ့ကျ ကျောက်ခင်းနိုင်မှာပေါ့ ကွာ။ ဟုတ်ပြီလား။ အေး ရွာဝင်တဲ့လမ်းလဲ ရာသီမရွေး သွားလို့ရအောင် လုပ်ဖို့လိုတယ်။

မလေးရှားမှာ **ဝန်ကြီးချုပ်မဟာသီယာ** သူက ဝန်ခံတယ်။ "ကျွန်တော်တို့ မလေးရှား နိုင်ငံက လမ်းတွေကို ကောင်းပြီလို့ ဆိုပေမယ့် ကျေးရွာတွေကို ဝင်တဲ့လမ်းတွေ ကားမောင်းလို့ မရသေးပါဘူးတဲ့။ ဟုတ်လား။ ဒါကြောင့်မို့လို့ အဲဒီကျေးရွာတွေကို ဝင်တဲ့လမ်း ကားမောင်းလို့ရအောင် ကျွန်တော်တို့ ဒီနှစ်ဆောင်ရွက်မယ်" ဆိုပြီးတော့ အဲဒီ မလေးရှားဝန်ကြီးချုပ် မဟာသီယာကတော့ စီမံကိန်းချပြီးတော့ ဆောင်ရွက်တယ်။

အေး မင်းတို့ကျေးရွာလဲပဲ ဒီရွာဝင်တဲ့လမ်း ကားနဲ့ဆိုယင် ဘယ်နှစ်ဖာလုံ မောင်းရသလဲ? (ငါးဖာလုံလောက်ပါဘုရား) အေး အဲဒီ ငါးဖာလုံရှည်လမ်းကို မြေညီလမ်း ဖြစ်အောင် ပထမလုပ်။ နောက်တော့ ကျောက်လမ်းပေါ့ကွ။ ကတ္တရာကတော့ အစိုးရက မြို့ပေါ်မှာကို လုံလောက်အောင်မှ မပေးနိုင်ပဲ။ မင်းတို့က တောရွာဆိုတော့ ခဲယင်းလိမ့်မယ်။ ဘယ်နှယ်လဲ ခဲယင်းသလား မခဲယင်း ဘူးလား? (ခဲယင်းပါဘုရား) မန္တလေးမြို့ပေါ်မှာပဲ တမိုင်ပတ်လည်လောက်မှာမှ ကတ္တရာတမတ်သား လောက်ပဲ ပါမယ် ထင်တယ်။ ဟုတ်လား။ မင်းတို့က တောရွာဆိုတော့ မလွယ်ဘူး။ ဒီတော့ မင်းတို့ ကျေးရွာတွေကို ကတ္တရာပေးနိုင်ဘို့က သိပ်မလွယ်ဘူး ထင်ပါတယ်ကွာ။

အဲဒီတော့ ကတ္တရာလမ်း မဖြစ်သေးတဲ့လမ်းကို မိုးရွာတော့လဲဘဲ ကားဝင်လို့ ရအောင် မင်းတို့ရွာသားတွေ လုပ်ဖို့လိုသေးတယ်။ ညီညီညွတ်ညွတ်နဲ့ တဖြည်းဖြည်း လုပ်အားပေးပြီးတော့ ဆောင်ရွက်ကြမယ်ဆိုရင် နှစ်နှစ် သုံးနှစ်လောက်နဲ့ ဖြစ်မလား မဖြစ်ဘူးလား? (ဖြစ်ပါဘုရား) ဖြစ်တာပေါ့ကွ။ ကိုယ့်ရွာဝင်တဲ့လမ်း ကောင်းယင် မင်းတို့ ရွာလဲဘဲ လမ်းပန်းဆက်သွယ်ရေးတွေ အဆင်ပြေပြီး စီးပွားရေးတွေ ကောင်းလာမှာပေါ့ ဟုတ်ပြီလား။ အေး အဲဒီလို ကျေးရွာအဝင် လမ်းလဲဘဲ ရာသီမရွေး သွားလာနိုင်အောင် လုပ်ကြဖို့ လိုတယ်။

"အခြေတိုးမြင့် ဆောင်ရွက်သင့်၏"ဆိုတဲ့ ဆရာဇော်ဂျီရဲ့ ကဗျာအတိုင်း တဖြည်းဖြည်း ဒီထက်တိုးတက်အောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းယင်း ဘုန်းကြီးရဲ့ တရားကို နိဂုံးချုပ်ပါတယ်။

သာဓု သာဓု သာဓု

၁၃၆၅-ခု၊ ဝါဆိုလပြည့်ကျော်(၁၅)ရက်
(၂၇. ၇. ၂၀၀၃)တနင်္ဂနွေနေ့။
(စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အလယ်ရှိကျေးရွာ အမှတ်တရ စာအုပ်ငယ်မှ)

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
## ဓမ္မသမ္ဘတ္တိလေးထပ်ကျောင်းဆောင်သစ်
## ရေစက်ချပွဲ အနုမောဒနာတရား
## (၁၃၆၆-ခု၊ တော်သလင်းလကွယ်နေ့)

ကိုင်း ကျုပ်က တရားဟောမယ်၊ ဒကာမကြီး! အခု မစိုးရိမ်တိုက်သစ်အတွင်းမှာ သိန်းပေါင်း များစွာ အကုန်အကျခံပြီးတော့ ဓမ္မသမ္ဘတ္တိလေးထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးပြီ၊ အဲဒီ သိန်းပေါင်းများစွာဟာ သာသနာ့ဘဏ်မှာ အပ်လိုက်တာပဲ၊ အေး သာသနာ့ဘဏ်က ရရှိလာတဲ့ အတိုးအပွားတွေနဲ့ နိဗ္ဗာန်မရမချင်း ဘာမှ လုပ်ကိုင်စရာ မလိုဘဲနဲ့ အကုန်လုံး ပြည့်ပြည့်စုံစုံ ဖြစ်မယ်၊

အခု လက်ရှိဘဝမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ချင်လုပ်ရမယ်၊ ဒါမှမဟုတ် ရုံးဝန်ထမ်း လုပ်ချင်လုပ်ရမယ်၊ လက်ရှိဘဝမှာတော့ အလုပ်တမျိုးမျိုးတော့ လုပ်ကို လုပ်ရမယ်၊

အခု ကျောင်းဆောက်ပြီးတော့ လှူဒါန်းထားတဲ့ သာသနာ့ဘဏ်မှာ အပ်ထားတဲ့ ငွေကြေး ကြောင့် နောင်ဘဝအဆက်ဆက် နိဗ္ဗာန်မရမချင်း ဘာမှ လုပ်ကိုင်စရာ မလိုတော့ဘူး၊ အစစအရာရာ အကုန်လုံး ပြည့်စုံမယ်၊ ပြီးတော့ အပ်ထားတဲ့ ဘဏ်ကြီးကလဲ အင်မတန်ကို ခိုင်မာတဲ့ ဘဏ်ကြီး၊

အခုလောကမှာ ဘဏ်တွေရှိပါတယ်၊ တချို့ဖျက်သိမ်းရတဲ့ ဘဏ်တွေစသည်ဖြင့် ရှိပါတယ်၊ အင်မတန်ကို ခိုင်ခိုင်မာမာနဲ့ လုပ်ထားတဲ့ (ICB)ဆိုတဲ့ ဘဏ်ကြီးတခု၊ ဒီ ရင်းနှီးမြှုပ်နှံမှုတွေ အင်မတန်များတဲ့ ဘဏ်ကြီးတခုတောင်မှ ကမောက်ကမဖြစ်တယ်၊

အဲ ဗမာပြည်က ဘဏ်ဆိုတာက အနုတ်စုတ်ဂုတ်စုတ် ဘဏ်လေးတွေပါ၊ ဘာမှ ပြောပလောက်တဲ့ ဘဏ်တွေ မဟုတ်ဘူး၊ ဟိုမှာ (ICB)ဘဏ်ဆိုတာ ကမ္ဘာကကို ယုံကြည်ပြီးတော့ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီး မြှုတ်နှံထားတဲ့ ဘဏ်ကြီး၊ အဲဒီ ဘဏ်ကြီးတောင်မှ တချိန်တုန်းက ကမောက်ကမ ဖြစ်ဖူးတယ်၊

အခု ဒကာမကြီး အပ်လိုက်တဲ့ သာသနာ့ဘဏ်ကတော့ ဘယ်တော့မှ ကမောက်ကမ မဖြစ်တော့ဘူး၊ ဘာဖြစ်လို့တုန်း ကံကနေ အာမခံထားတဲ့ ဘဏ်ဖြစ်တဲ့အတွက် ဒီသာသနာ့ ဘဏ်ကတော့ ဘယ်တော့မှ ကမောက်ကမ မဖြစ်ဘူး၊ ရောက်လေရာ ဘဝတိုင်းမှာ နိဗ္ဗာန်မရမီ အကြား ဒီ သာသနာ့ဘဏ်က ရရှိတဲ့ အတိုးအပွားနဲ့ ဘာမှ လုပ်ကိုင်စရာ မလိုဘဲနဲ့ ချမ်းချမ်းသာသာ နေနိုင်ထိုင်နိုင်မယ်၊

ကဲ မင်း အဲဒါလေး ဘာသာပြန်ပြလိုက်။

( ဦးပဏ္ဍိစ္စက ဒကာမကြီးကို ကိုရီးယားဘာသာ ပြန်ပေးသည်)

အေး အဲဒီလို သာသနာ့ဘဏ်မှာ အပ်ထားတဲ့အတွက် ဘုရားရှင်က၊ ဘုရားရှင် ဟောထားတဲ့ အထဲမှာ **ကမ္မဖလူပဇီဝီ**ဆိုတဲ့ ပုဂ္ဂိုလ်တမျိုးရှိတယ်၊ ကမ္မဖလူပဇီဝီဆိုတာ အတိတ်ဘဝက လုပ်ခဲ့တဲ့ အကျိုးတရားတွေကိုသာ အမှီပြုပြီးတော့နေတဲ့ပုဂ္ဂိုလ်၊ ဘာမှ လုပ်ကိုင်စရာမလိုတဲ့ ပုဂ္ဂိုလ်မျိုးကို ကမ္မဖလူပဇီဝီလို့ခေါ်တယ်၊ ဒါကြောင့် အခု သာသနာ့ဘဏ်မှာ အပ်ထားတဲ့ ဒီ ဘဏ်တိုးနဲ့ ရရှိပြီးတော့

http://www.dhammadownload.com



ဘဝဆက်တိုင်း စံစားရမယ့် ကမ္ဘဖလူပဇီဝိဆိုတဲ့ ဘဝမျိုး ရောက်မယ်၊

အေး အဲဒီ ဘဝမျိုးရောက်တော့ကို အရေးကြီးတာက ဘာလဲဆိုတော့ ဘုရားရှင်က "သက္ကစ္စံ ဒါနံ ဒေတိ"၊ ကုသိုလ်လုပ်တဲ့နေရာမှာ ရိုရိုသေသေနဲ့ ကုသိုလ်လုပ်၊ ဒါနပြု၊ အဲဒီလို ဒါနပြုရင် မိမိရဲ့စကားကို ပရိသတ်အားလုံးက နားထောင်ကြတယ်ဆိုတဲ့ ဩဇာကောင်းခြင်း အဲဒီ အကျိုးတရား ပိုပြီးတော့ ရတယ်လို့ ဘုရားရှင်က အင်္ဂုတ္တိုရ်မှာ ဟောကြားထားတယ်၊

အခု ဒီဘဝ ဒကာမကြီး သားသမီးဘယ်နှစ်ယောက်ရှိလဲ၊ (ငါးယောက်ရှိပါဘုရား)၊ အဲ ငါးယောက်ရှိတယ်၊ အဲဒီ သားသမီးငါးယောက်က မွေးထားတဲ့ မြေးတွေ ရှိတယ်၊ အဲဒီ သားသမီးငါးယောက်ကလဲပဲ ဒကာမကြီးစကား မြေဝယ်မကျ နားထောင်ချင်မှ နားထောင်မှာ၊ မြေးတွေကလဲ မြေဝယ်မကျ နားထောင်ချင်မှ နားထောင်မှာ၊

အဲဒီလို ငါ့စကား နားမထောင်ကြတာဟာ ငါဟာ တချိန်တုန်းက ကုသိုလ်တော့ လုပ်ခဲ့မယ်၊ ဒါပေမယ့် အဲဒီကုသိုလ်က သက္ကစ္စဒါန မဟုတ်တဲ့အတွက် ငါ့ရဲ့သားသမီး အချို့ကလဲ ငါ့စကား နားမထောင်ဘူး၊ ငါ့ရဲ့ မြေးအချို့ကလဲ ငါ့စကား နားမထောင်ဘူး၊ ငါအခုတော့ သိပြီ၊ ကုသိုလ်လုပ်ရင် ရိုရိုသေသေ လှူဒါန်းတဲ့ သက္ကစ္စဒါနနဲ့ ပြည့်စုံရမယ်၊ အဲလို ပြည့်စုံရင် ဘဝဆက်တိုင်းဆက်တိုင်း မိမိရဲ့ သားသမီး မြေးမြစ် အခြွေအရံ ပရိသတ်အားလုံးက မိမိရဲ့ စကားကို မြေဝယ်မကျ နားထောင်ခြင်းဆိုတဲ့ အဲဒီ အကျိုးတရား ထူးခြားပြီးတော့ ရတယ်လို့ ဘုရားရှင်က ဟောကြား ထားတယ်၊ ကဲ ဒို့ မြန်မာပရိသတ် လိုက်ဆိုဟော့-

ရိုသေလှူပြား၊ သူ့စကား၊ အများနာယူကြ၊ (ကဲ ဆိုကြည့်စမ်း သုံးခေါက်)

အဲဒီ ဒေသနာနဲ့အညီ ဖြစ်လေရာဘဝအဆက်ဆက်မှာ မိမိရဲ့ ပရိသတ်က မိမိရဲ့စကားကို မြေဝယ်မကျ နားထောင်အောင် ဒကာမကြီးက အခုလိုပဲ လှူဒါန်းတိုင်း လှူဒါန်းတိုင်း ရိုရိုသေသေနဲ့ သက္ကစ္စဒါနဖြစ်အောင်လို့ လှူဒါန်းဖို့ အရေးကြီးတယ်၊

အဲဒါ မင်းက ဘာသာပြန်ပေး၊ (ဘာသာပြန်သည်)၊

ကောင်းပြီ ဘုရားရှင် ဟောကြားထားတဲ့အတိုင်း "သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွှတ်ပြောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်၊ အမြဲနေ့ညဲ၊ ဝိပဿနာ၊ ဘာဝနာကို၊ ခိုင်မာဆန္ဒ၊ ကြိုးလုံ့လမှ၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကျပ်ကျပ်သတိရှိပါလေ"လို့ ရှေးဆရာ တွေက သတိပေးထားတယ်၊

"ရေချမ်းသစ်သီး၊ ကျောင်းတော်ကြီးကို၊ ဆောက်လုပ်ပြီးခါ၊ လှူဒါန်းကာမျှ၊ ငါ့မှာ ကောင်းကျိုး၊ အလွန်တိုးဟု၊ ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်"တဲ့၊

ငါကျောင်းဆောက်ပြီးပြီ၊ အဲသလို ဒါနကုသိုလ်လေးနဲ့ ရောင့်ရဲပြီးတော့ မနေပါနဲ့တဲ့၊

"ဆက်ကာတမျိုး၊ ရှေ့သို့တိုး၍၊ အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က၊ ရှပ်နှာမ်ပိုင်းခြား၊ ကျင့်တရားသာ၊ သံသရာဝဋ်၊ ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွှတ်ပြောင်း စိတ်ထဲ၊ ယုံကြည်စွဲလျက်၊ အမြဲနေ့ညဲ၊ ဝိပဿနာ၊ ဘာဝနာကို ၊ ခိုင်မာဆန္ဒ ကြိုးလုံ့လမှ၊ ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ်သတိ ရှိပါလေ"ဆိုတဲ့ ကဗျာအတိုင်း

http://www.dhammadownload.com



ရုပ်တရား နာမ်တရားကို ပိုင်းခြားသိတဲ့ ဝိပဿနာ အားထုတ်ဖို့ အရေးကြီးတယ်၊ အဲဒီ ရုပ်တရား နာမ်တရားကို ပိုင်းခြားသိဖို့ ဝိပဿနာအလုပ် လုပ်ပါ။ အိုဘေး၊ နာဘေး၊ သေဘေးက ကင်းတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရရှိမယ်၊

ကိုင်း ဘာသာပြန်ပြလိုက်၊ (ဘာသာပြန်သည်)၊

အေး အဲဒီတော့ ဝိပဿနာတရား အားထုတ်ဖို့ ဒကာမကြီး ကျိုးစား၊

ကဲ သူ ဘာလျှောက်စရာ ရှိတုန်း၊ သူလျှောက်ဦးမှာမို့လား၊ သူလျှောက်ချင်တာ လျှောက်ပါစေ၊ ပြီးတော့မှ ဦးဇင်းက ပြန်ပြ၊

(ဒကာမကြီး လျှောက်ထားသည်များကို ဦးပဏ္ဍိစ္စမှ မြန်မာဘာသာ ပြန်ပေးသည်)

"ကြွရောက်လာကြတဲ့ သံဃာတော် အရှင်သူမြတ်များနဲ့ ဧည့်ပရိသတ်အားလုံးပဲ အခုလို တွေ့ရတဲ့အတွက် တပည့်တော် အင်မတန်ဝမ်းသာပါတယ်ဘုရား၊ ဆရာတော်ကြီးတို့ အခုလို ကိုယ်တိုင်ကြွရောက်ကြတဲ့အတွက် တပည့်တော် တကယ်ပဲ ကျေးဇူးတင်ပါတယ် ဘုရား၊

တပည့်တော် ကိုရီးယားက Song Jung Sook ပါဘုရား၊ တပည့်တော် တသက်လုံး ဒီလို အလှူမျိုး ပြုချင်နေခဲ့တာ ကနေ့မှပဲ ပြီးပြည့်စုံတော့တယ်ဘုရား၊

တပည့်တော် နေထိုင်ခဲ့တဲ့ အသက်အပိုင်းအခြားတွေမှာ အမေတယောက် အနေနဲ့ သားနှစ်ယောက် သမီးသုံးယောက်အတွက် တပည့်တော်ရဲ့ဘဝကို တည်ဆောက်ခဲ့ပါတယ် ဘုရား၊ အခုအချိန်မှာ သားသမီးတွေ ကွယ်လွန်သွားပြီ ဖြစ်တဲ့အတွက် တပည့်တော်ရဲ့ ပိုနေတဲ့ ဘဝသက်တမ်းကို မြတ်စွာဘုရားရဲ့ သာသနာမှာ တပည့်တော် ပုံပြီးတော့မှ အပ်ထားပါတယ်ဘုရား၊

မစိုးရိမ်တိုက်သစ် ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၊ ဓမ္မာဓိပတိဆရာတော် ဦးဣန္ဒက၊ ဦးပဏ္ဍိစ္စတို့ရဲ့ အကူအညီနဲ့ တပည့်တော်ရဲ့ အလှူထမြောက် အောင်မြင်ခဲ့တဲ့ အတွက် တပည့်တော် အင်မတန်ပဲ ကျေးဇူးတင်မိပါတယ်ဘုရား၊

တပည့်တော် ကိုရီးယားလူမျိုး ဖြစ်ပေမယ့်လဲ ဦးပဏ္ဍိစ္စနဲ့ တွေ့ဆုံဖို့ တပည့်တော်တို့ ရေစက်ရှိခဲ့ကြတဲ့အတွက် တပည့်တော် မြန်မာပြည် မန္တလေးမှာ ကုသိုလ်ပြုဖို့ အကြောင်းတွေ တိုက်ဆိုင်ခဲ့ပါတယ်ဘုရား၊

မစိုးရိမ် ဒီကျောင်းတော်ကြီး ပြီးမြောက်ဖို့အတွက် အားလုံးပဲ ဝိုင်းဝန်းကူညီခဲ့ကြတဲ့ ဆရာတော် အရှင်မြတ်များ၊ အားလုံးသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာ ဦးစောမြင့်နှင့် တကွ အလုပ်သမားတွေ အားလုံး အထူးပဲ ကျေးဇူးတင်ရှိကြောင်း တပည့်တော် ပြောပါရစေဘုရား၊ (သာဓု သာဓု သာဓု)၊

သီတဂူဆရာတော်! ကြွပါဘုရား၊ တပည့်တော် ကုလားထိုင်း ဖယ်ပေးပါ့မယ်။

(ထိုနေ့က ဘုန်းကြီးဦးရာဇ က တရားဟောပြီး၊ သီတဂူဦးဉာဏိဿရ က ရေစက်ချသည်)

http://www.dhammadownload.com



၁၃၇၁-ခု၊ နယုန်လဆန်း(၈)ရက်နေ့
မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
သီတဂူ-ဘဝပျိုးဥယျာဉ် စာကြည့်တိုက် ကျောင်းဆောင်သစ်
ဖွင့်ပွဲ၌
ဟောကြားတော်မူသော ဓမ္မကထာ

ဘဝပျိုးဥယျာဉ်စာကြည့်တိုက် (ကျောင်း ဆောင်) ကုသိုလ်ရှင်များ။
မန္တလေးမြို့၊ မင်းတဲအီကင်းရပ်၊ ဦးမြင့်ဆွေ +ဒေါ်ခင်သန်း-နေလမိသားစု။
ဦးဟန် လင်းအောင်+ ဒေါ်ထားထား (ဟန်သစ် စက်)မိသားစု၊
ဦးမောင်တင်+ဒေါ်မြင့်မြင့်မော် (သစ်ကုန်သည်) မိသားစု။
ဦးမျိုးကိုကို+ ဒေါ်စောယုအောင် (သူရိန်လင်းသစ် စက်)မိသားစု။

ကဲ - မင်းတို့ စာကြည့်တိုက် (ကျောင်းဆောင်) ပေါ့ကွာ၊ စာကြည့်တိုက် ကျောင်းဆောင်သစ်၊ ဒီမှာ ဆောက်လုပ်လှူဒါန်းတာ၊ ဒီတော့ ဒို့ဗမာပြည် ဟိုတုန်းက လမ်းတိုင်းလိုလို စာကြည့်တိုက် ရှိတယ်၊ မင်တို့ မှီချင်မှ မှီမှာပေါ့ကွာ၊ ဘယ်လမ်းသွား သွား စာကြည့်တိုက် ရှိတယ်။ သူ့ရပ်ကွက်နှင့် သူ၊ စာကြည့်တိုက်များမှာ သတင်းစာ အစုံရှိတယ်၊ ဟိုတုန်းက သတင်းစာက ဗမာပြည် တပြည်လုံး ထွက်တဲ့ သတင်းစာက (၁၅) စောင်လောက် အနည်းဆုံးရှိတယ်၊ ဟုတ်လား၊ (မှန်ပါ ဘုရား)။ အခုတော့ မင်းတို့ ကြေးမုံ, မြန်မာ့အလင်း, ရတနာပုံ, မန္တလေး ဒါပဲ ရှိပါတယ်၊ အရင်တုန်းက သတင်းစာ စောင်ရေကိုက အမျိုးအမည်ပေါင်း (၁၅)ခုလောက် အနည်းဆုံးရှိတယ်၊ စာကြည့်တိုက်တိုင်း စာကြည့်တိုက်တိုင်းမှာ နေ့စဉ်ထွက်တဲ့ သတင်းစာတွေ အကုန်လုံးထားပေးတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား) သတင်းစာ လပေးမကြည့်နိုင်တဲ့သူအတွက် စာကြည့်တိုက်မှာ လာကြည့်ရအောင် ဆိုပြီးတော့ စာကြည့်တိုက်တိုင်း စာကြည့်တိုက်တိုင်း သတင်းစာတွေ အလကားထားပေးတယ်၊ ဟိန္ဒူသတင်းစာ ရှိတယ်၊ အင်္ဂလိပ်သတင်းစာ ရှိတယ်၊ တရုပ်သတင်းစာ ရှိတယ်၊ ဘာသာခြား သတင်းစာတွေရော ပေါင်းရင် ဗမာပြည်မှာ သတင်းစာ အနည်းဆုံး ၂၅/၃၀လောက် ရှိတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)

အဲဒီ၂၅/၃၀လောက် ရှိတဲ့ သတင်းစာတွေကို အကုန်လုံး စာကြည့်တိုက်မှာ ထားပေးတယ်။ စာကြည့်တဲ့ ပုဂ္ဂိုလ်ကလည်း များတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ဘာတွေ လုပ်ပေးသလဲဆိုတော့ အဲဒီတုန်းက စကားရည်လုပွဲတွေ စကားနိုင်လုပွဲပေါ့၊ ဟုတ်လား၊ စကားရည်လုပွဲဆိုတာ ကြားဘူးသလား? (ကြားဖူးပါဘုရား) နားထောင်ဘူးသလား? (နားထောင်ဘူးပါဘုရား) ကဲ-ဘယ်သူနဲ့ ဘယ်သူပြောတာ နားထောင်ဘူးတုန်း?ဆိုစမ်း၊ (တပည့်တော်ကတော့ နန်းရှေ့က ဦးချစ်တင်တို့ ဦးစံသိန်းတို့ စာကြည့်တိုက် ဥက္ကဋ္ဌ လူကြီးတွေပေါ့ဘုရား) အေး-အဲဒီတုန်းက စကားရည်လုပွဲတွေ ဘာတွေ လုပ်ပေးသလား? (နတ်အကြောင်းပဲ အခြေအတင် ပြောကြတာပါ ဘုရား) အေး-ဟုတ်ပြီ၊

http://www.dhammadownload.com



နတ်ကို ကိုးကွယ်သင့်တယ်၊ မကိုးကွယ်သင့်ဘူး၊ အချင်းချင်းငြင်းတာပါပဲ၊ ဟုတ်လား၊ (မှန်ပါဘုရား)။

အေး- အဲဒါ ဗဟုသုတ ဘယ်လောက်ရှိသလဲ သိအောင် ဗဟုသုတစမ်းတာ ခေါ်တယ်၊ အဲဒီ ခေတ်တုန်းကတော့ စကားရည်လုပွဲတွေကလဲ ပေါတယ်၊ ပိုက်ဆံနဲ့ နားထောင်ရတဲ့ စကားရည် လုပွဲလဲ ရှိတယ်၊ ဒီအတိုင်း အလွတ်နားထောင်ရတဲ့ စကားရည် လုပွဲတွေလဲ ရှိတယ်။ ဒီတော့ စာကြည့်တိုက်တွေကလဲပေါ ဆိုတော့ စာကြည့်တဲ့ပုဂ္ဂိုလ် အဲဒီခေတ်တုန်းက အတော်များတယ်။

အခု -နောက်ပိုင်းခေတ်ကျတော့ သိပ် စာမကြည့်တော့ပါဘူးကွ၊ ဟုတ်လား၊ ဗမာပြည်က စာကြည့်တာ အတော်ပျင်းတာ၊

**လူထုဒေါ်အမာ**က စာကြည့်တိုက်ကြီး ထောင်ထားတယ်။ အရင်တုန်းကတော့ ဂိုဒေါင် နေရာပေါ့၊ အဲဒီဂိုဒေါင်နေရာမှာ စာကြည့်တိုက် တော်တော်ကြီးကြီးကို ဆောက်ထား တာ။ သူ့ စာကြည့်တိုက် အဆောက်အအုံ အနေနဲ့တော့ ကမ္ဘာအဆင့်မှီတယ်၊ ကောင်းတယ်၊ ထားပုံ သိုပုံရော, ဘာရော အကုန်လုံးကောင်းတယ်၊

အဲဒီ စာကြည့်တိုက်ဖွင့်ပွဲတုန်းကလဲ ငါ သွား တရားဟောရတယ်၊ ဒေါ်အမာလည်း ရှိသေးတယ်၊ ဟုတ်လား၊ သူမသေသေးဘူး၊ ဒကာမကြီး စာကြည့်တိုက် အဆောက်ဦး အနေနဲ့လည်း တော်တော် ကောင်းတယ်၊ စာအုပ်အနေနဲ့လဲပဲ တော်တော်စုစု ဆောင်း ဆောင်း ရှိတယ်၊ ဒါပေမဲ့လို့ အစိုးရက စာကြည့်တိုက် အမည်မခံရဘူး၊ အမည်မခံရတော့ နားခိုးစရာအိမ် အနေနဲ့ပေါ့။ အဲဒီထဲမှာ စာကြည့်ပေါ့။

မင်းတို့ သွားကြည့်ဘူးလား? (မကြည့်ဘူးပါ ဘုရား) တခါမှ မကြည့်ဖူးဘူးလား၊ (မှန်ပါဘုရား) အတော်ဟုတ်တဲ့ ကောင်တွေကွာ၊

အေး-အဲဒါ စာကြည့်တိုက်ဆိုပြီးတော့ ဆောက်ထားတယ်၊ သူငယ်ငယ်က ကြည့်တဲ့ စာပေတွေရော၊ ဘာတွေရော၊ ဒို့ပြင် စာအုပ်တွေရော ရှာဖွေပြီးတော့ ထားတယ်၊ ဒီတော့ စာအုပ်လဲ အတော်ပြည့်စုံပါတယ်၊ ဒကာမကြီး စာကြည့်တိုက်က စာအုပ်တွေကလဲ ကောင်းတဲ့စာအုပ်တွေ၊ ဒီမှာ ထားပါတယ်၊

မင်းတို့ ဗမာပြည်ပရိသတ်က စာကြည့်တဲ့ပရိသတ် မဟုတ်ဘူး၊ စာကြည့်ရင်လဲ ကားတွန်းလောက် ကြည့်တာ၊ ဟုတ်လား၊ ဘာမှ မဟုတ်ဘူး၊ အပျင်းပြေ ကာတွန်းလောက် ကြည့်တာ၊ ကာတွန်းတောင်မှ အဖိုးတန်တဲ့ ကာတွန်းဆိုရင် မကြည့်ဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား) တမင်သက်သက် ရယ်စရာ ကာတွန်းလေးတွေ ဘာလေးတွေ၊ အဲဒါမျိုး တွေပဲ ကြည့်တာ၊ ဗမာပြည်က စာကြည့်တဲ့ပုဂ္ဂိုလ်က အင်မတန် နည်းတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။

စာရေးဆရာ **အောင်သင်း**ဆိုတာ ကြားဘူး သလား? (ကြားဘူးပါဘုရား)။ စာရေးဆရာ အောင်သင်းက ဆောင်းပါးတပုဒ်ရေးတယ်၊ သူ့စာအုပ် “ကောင်းတယ် ကောင်းတယ်”လို့ အများက ပြောကြတယ်ပေါ့၊ ကောင်းတယ် ကောင်းတယ်-ဆိုတဲ့ အဲဒီ စာအုပ်၊ စာအုပ်ဦးရေ ဘယ်လောက် ထုတ်ရသလဲဆိုတော့ (၃၀၀၀) သုံးထောင်ပဲ ထုတ်ရပါတယ်တဲ့။

http://www.dhammadownload.com



ဗမာပြည်မှာ လူဦးရေက သန်း(၅၀)ကျော် ရှိတာ၊ အများက ကောင်းတယ်ဆိုတဲ့ စာအုပ်၊ စာအုပ်ထုတ်ရတဲ့ ဦးရေက (၃၀၀၀)ပဲ ရှိတယ်၊ ဗမာပြည်မှာ တကယ်ရှိတာက လူဦးရေသန်း(၅၀) ကျော်လောက် ရှိတယ်၊ အဲဒါမှ စာအုပ်ဦးရေ သုံးထောင်ဆိုတော့ မင်းတို့ နည်းသလား? မနည်းဘူး လား? (နည်းပါဘုရား) လူဦးရေနဲ့စာရင် သိပ်နည်းတာ၊ တသန်း ထုတ်ရမှ အပုံ(၅၀)ပုံ တပုံဘဲ ရှိသေးတယ်၊ ဟုတ်လား၊ အခုတော့ အပုံတထောင်ပုံ တပုံတောင် မရှိဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား)။ အေး- ဗမာပြည်က အဲဒီလို စာကြည့်တဲ့ပုဂ္ဂိုလ် အင်မတန်ကို နည်းပါတယ်၊ ကြာလေ နည်းလေ၊ ဟုတ်လား၊

မင်းတို့ အခု ဗမာပြည် မြန်မာ့စွယ်စုံကျမ်းဆိုတာတော့ ရှိတယ်၊ မင်းတို့ ကြားဘူးသလား? (ကြားဘူးပါဘုရား)။ အေး- အဲဒီစွယ်စုံကျမ်းကြီးက **ဦးနု ဝန်ကြီးချုပ်** ဖြစ်တုန်းက စတင်ထုတ်တာ၊

"အဲဒီစွယ်စုံကျမ်းကြီးကို တရက်ကို ဆယ့်ငါးမိနစ်၊ ဆယ့်ငါးမိနစ်ပဲ ဖတ်ပါ၊ နှစ်ပေါင်း နှစ်ဆယ်ကျော်ကျရင် ဗဟုသုတတွေ အများကြီးရပါလိမ့်မယ်"၊

ဦးနုက အဲသလို အမှာစာ ရေးထားတယ်၊ "များများဖတ်ဖို့ မလိုပါဘူး၊ တရက် တရက်ကို ဆယ့်ငါးမိနစ်ပဲ စာဖတ်ပါ၊ နှစ်ပေါင်းများလာတော့ ဗဟုသုတတွေ အများကြီး ရပါလိမ့်မယ်"တဲ့၊ ဦးနုက ဝန်ကြီးချုပ် အနေနဲ့ တိုက်တွန်းလွှာ ဥယျောဇဉ် ရေးထားတယ် ပေါ့ကွာ၊ ဟုတ်လား၊ (မှန်ပါဘုရား)

ကဲ - ဆယ့်ငါးမိနစ် ဖတ်ဘို့ နေနေသာသာ မြန်မာ့စွယ်စုံကျမ်းရှိတယ်ဆိုတာ သိတဲ့ ပုဂ္ဂိုလ်ကိုက အတော့်ကို နည်းတယ်၊ နည်းသလား? မနည်းဘူး လား? (နည်းပါဘုရား) မင်း-အတွဲပေါင်းက ဆယ့်ငါးနှစ်ဆယ်လောက်ရှိတာ၊ အေး အဲဒီစွယ်စုံကျမ်းကို သိတဲ့ပုဂ္ဂိုလ်က အတော်နည်းသွားပြီ၊ ဟုတ်လား၊ (မှန်ပါဘုရား)။ မင်းတို့ ဗမာပြည် ဝမ်းနည်းစရာပေါ့၊ စာဖတ်က သိပ်နည်းတာ၊ ဦးဇင်းတွေလည်း စာဖတ်နည်းတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။

ငါကတော့ စည်းကမ်းနဲ့၊ စာအံကျောင်းမှာ ဒီလို စာအုပ်တွေ ယူလာတယ်ဆိုရင် နှင်ထုတ်တယ်၊ ကိုယ့်နေရာ ကိုယ်ပိုင်အချိန်ကျ ဖတ်၊ စာအံကျောင်းက စာအံကျောင်းအချိန် ပြဋ္ဌာန်းကျမ်းစာပဲ လုပ်ရတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ဒီလို ပြင်ပစာကို မဖတ်ရဘူး၊

အဲဒါကတော့ စည်းကမ်းနဲ့ ငါက လုပ်ထားတယ်၊ စာဖတ်တာ ငါကြိုက်ပါတယ်၊ ငါလဲ အခုထက်ထိ ဖတ်တုန်းပဲ၊ မင်း-ငါ့အသက် (၇၆)နှစ်ရှိပြီ၊ ပြည့်တော့မှာ ဝါဆိုလဆို ပြည့်ပြီ၊ ဒါပေမဲ့ ခုထက်ထိ စာဖတ်တုန်း၊ ဟုတ်လား၊ ဒီလို လောကီစာအုပ်တွေရောပေါ့၊

ငါက ဒီစာကြည့်တိုက် (ဘဝပျိုးဥယျာဉ် စာကြည့်တိုက်)ကလည်း ယူဖတ်ရင် ဖတ်တယ်၊ အေး-ငါကတော့ စာဖတ်တယ်၊ စာဖတ်တာ မနာလို ဝန်တိုလို့ မဟုတ်ဘူး၊ ဖတ်ကို ဖတ်သင့်တယ်၊ ဒါပေမဲ့ ခုနက ပြောသလို ဦးဇင်းတွေလည်း စာဖတ်နည်းတာပါပဲ၊ ဟုတ်လား၊ (မှန်ပါဘုရား)။

ဖတ်တော့လည်းပဲ ကိုယ့်ဘဝကို အထောက်အကူပြုမယ့် စာပေမျိုး မဖတ်ဘူး၊ ကာတွန်းပဲ ဖတ်တယ်၊ ဟုတ်လား၊ မင်းတို့ ဗမာပြည် ဒါကြောင့်မို့လို့ မတိုးတက်တာ၊ ပညာက အင်မတန်နည်းတယ်၊

http://www.dhammadownload.com



ဟုတ်လား။ (မှန်ပါဘုရား)။ ဗဟုသုတက အင်မတန် နည်းတယ်။ ဟုတ်လား။ အဲဒီလိုနည်းတဲ့အတွက် မင်းတို့ဗမာပြည် မတိုးတက်တာ၊

ဗမာပြည်လောက် တိုးတက်ဖို့ အလားအလာ ကောင်းတာ ကမ္ဘာပေါ်မှာ ရှာကြည့်၊ အင်မတန်ရှားတယ်၊ ဟုတ်လား။ (မှန်ပါဘုရား)။ အခု-မင်းတို့ စာကြည့်တိုက် ကျောင်းဆောင်လေး ဆောက်တယ်ဆိုပါစို့၊ ကဲ- မင်းတို့ ငွေကြေး ဘယ်လောက်လောက်ကုန်ကျသလဲ? အကုန်လုံး အစကနေ အဆုံးထိ၊ (အခုဟာက ဆယ်သိန်းကျော် ပါဘုရား) အရင်ဟာကော (ဆယ်သိန်းလောက်ပါဘုရား)။ ကဲ-သိန်းနှစ်ဆယ်ပေါ့ကွာ၊ သိန်းနှစ်ဆယ်ကျော်နဲ့ ဒီ အဆောက်ဦးလေးရတာ၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ကဲ-ဗမာပြည် ဒီဟာ သစ်သားနဲ့ ဆောက်တာ သိန်းနှစ်ဆယ်နဲ့ ဒီအဆောက် အဦးလေး ဒီလောက်ကြီးတဲ့ အဆောက်အဦ ဖြစ်တာ။

မင်းတို့ နိုင်ငံခြားဆောက်ကြည့် ခုနကပြောတဲ့ အင်္ဂလန်တို့ အမေရိကန်တို့ ဆောက်ကြည့် ဒီလို အဆောက်အဦမျိုး ဆောက်မယ်ဆိုရင် မင်း အနည်းဆုံး ဒေါ်လာ တသိန်းကျော် ကုန်မယ်ကွ၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ဒါ ငါက အနည်းဆုံး ပြောတာ၊ ဘာဖြစ်လို့လဲဆိုရင် သူတို့ဆီမှာ ဒီအသားတွေက သိပ်ရှားတာ၊

မင်းတို့ ကမ္ဘာမှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်းနှစ်ရာ နီးပါးရှိတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒီ နှစ်ရာနီးပါးထဲမှာ ကျွန်းပင်ပေါက်တဲ့ နိုင်ငံ ဘယ်နှစ်နိုင်ငံလောက် ရှိသလဲ? (အမိန့်ရှိပါဘုရား)။

အဲ ခုနက ငါပြောတဲ့ မြန်မာ့စွယ်စုံကျမ်းမှာ ပါတယ်ကွ။ ဟုတ်လား။ (မှန်ပါဘုရား)။ ကျွန်း-ဆိုပြီးတော့ စာလုံးကြီးက ကျွန်းပေါ့။ အဲဒီ ကျွန်းပင်ဟာ ဘယ်လိုနေရာမျိုးမှာ ပေါက်တယ်ပေါ့၊ (မှန်ပါဘုရား)။ ကမ္ဘာပေါ်မှာ ကျွန်းပင်ပေါက်တဲ့နိုင်ငံ ဘယ်လောက် ရှိတယ်၊ ဟုတ်လား။ အဲဒီထဲမှာ အကုန်လုံးပါတယ်။ အဲဒါ မြန်မာ့စွယ်စုံကျမ်း ကျွန်း-ဆိုတဲ့ စကားလုံးကို ကြည့်ရင် အဲဒါတွေ အကုန်ပါတယ်၊

မင်းတို့ နိုင်ငံနှစ်ရာ နီးပါးရှိတဲ့အထဲက ကျွန်းပင်ပေါက်တဲ့နိုင်ငံ (၆)နိုင်ငံပဲ ရှိတယ်၊ ဒါ သူ့ရဲ့ မြန်မာ့စွယ်စုံကျမ်းအလို ပြောတာ၊ မကြာခင်က ရေးတဲ့ ဆောင်းပါးတခုက (၄)နိုင်ငံပဲ ရှိတာ၊ သူ့စွယ်စုံကျမ်းကြည့်တော့ ခြောက်နိုင်ငံရှိတယ်-တဲ့

ငါက သတင်းစာဆောင်းပါတွေ ဖတ်တယ်ပေါ့၊ (မှန်ပါဘုရား)။ သတင်းစာ ဆောင်းပါးကတော့ လေးနိုင်ငံပဲ ရှိတယ်တဲ့၊ ဒါပေမဲ့ (၄)နိုင်ငံ ဖော်ပြမထားဘူး၊ ဘယ်နိုင်ငံတွေ ဘယ်နိုင်ငံတွေ ကျွန်းပင်ပေါက်ပါတယ်လို့ ဖော်ပြမထားဘူး၊ စွယ်စုံကျမ်းကတော့ ဖော်ပြထားတယ်၊ ဟုတ်လား၊ အဲဒီတော့ စွယ်စုံကျမ်းအလိုကို မှန်တယ်လို့ ငါ ယူရမှာပေါ့ကွ၊ ဟုတ်လား၊ (မှန်ပါဘုရား)

အဲဒီမှာ ဗမာပြည် ကျွန်းပေါက်တယ်ပေါ့၊ အင်ဒိုနီးရှား၊ မလေးရှားတို့၊ အဲဒီ နိုင်ငံတွေ ကျွန်းပင်ပေါက်တယ်တဲ့၊ အဲဒီတော့ ကျွန်းပင်ပေါက်တဲ့နိုင်ငံ ကမ္ဘာမှာ (၆)နိုင်ငံပဲ ရှိတယ်။ ဟုတ်လား၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



မင်းတို့ တိုးတက်ပါတယ်-ဆိုတဲ့ အမေရိကန်တို့ အင်္ဂလန်တို့ ကိုရီးယားတို့ ဂျပန်တို့ ကျွန်းပင် တပင်မှ မရှိဘူး၊ ပေါက်ကို မပေါက်တာ၊ (မှန်ပါဘုရား)။ အေး - အဲဒါ ကျွန်းပင် ပေါက်တဲ့ နိုင်ငံ (၆)နိုင်ငံပဲ ရှိတယ်ထားကြပါစို့၊

အဲဒီ(၆)နိုင်ငံထဲမှာ ဗမာပြည်မှာ ပေါက်တဲ့ ကျွန်းက အရည်အသွေး အကောင်းဆုံး တဲ့၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ဒီပြင် နိုင်ငံတွေ ပေါက်တဲ့ကျွန်းက ကျွန်းပင်တော့ ဟုတ်တယ်၊ အရည်အသွေး မကောင်းဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား)။

ဒါကြောင့်-မင်းတို့ ဗမာပြည် အဲသလောက် တိုးတက်ဖို့ အလားအလာ ကောင်းတယ်၊ အေး- အဲသလောက် အလားအလာကောင်းတဲ့နိုင်ငံ၊ ဘာကြောင့် သူများ နိုင်ငံလို မဖွံ့ဖြိုး မတိုးတတ်သလဲ- ဆိုတော့ စစ်တမ်းထုတ်ကြည့်- မညီညွတ်လို့၊ ဘာဖြစ်လို့တုန်း? (မညီညွတ်လို့ပါဘုရား)

အေး- အဲဒါ မင်းတို့ မှတ်ထား မညီညွတ်ဘူးဆိုတာ အကုသိုလ်ဗျ၊ မညီညွတ်ဘူး-ဆိုတာ ဘာတုန်း၊ (အကုသိုလ်ပါဘုရား) အကုသိုလ်ဆိုတာ ဆိုးပင်ခေါ်တယ်ကွ၊ အကုသိုလ်က ဘာပင်တုန်း? (ဆိုးပင်ပါဘုရား)။

အေး-ဆိုးပင် စိုက်ပျိုးတော့ ဆိုးကျိုးဘဲရမှာပေါ့ကွ၊ မှန်ရဲ့လား၊ (မှန်ပါဘုရား) မညီညွတ်တဲ့ အကုသိုလ်ဆိုးပင် စိုက်ပျိုးလို့ ဆိုးကျိုးတွေရနေတာ၊ ဆိုးကျိုးဆိုတာ တခြား မဟုတ်ဘူးကွ၊ မင်းတို့ လမ်းထွက်သွား ပွက်တွေဘာတွေ ရှိသလား? မရှိဘူးလား? (ရှိပါ ဘုရား)

ကိုင်း -လိုက်ဆို ✻ ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ၊

မင်းတို့ အဲဒါမှတ်ထား၊ မင်းတို့ ဗမာပြည် မညီညွတ်တဲ့ အကုသိုလ်ဆိုးပင် စိုက်ပျိုးလို့ ဘာအကျိုးတွေရတုန်း? (ဆိုးကျိုးတွေရပါဘုရား)

အေး-ဆိုးကျိုးတွေရတာ၊ မင်းတို့ ဗမာပြည် လွတ်လပ်ရေးရတာ နှစ်ပေါင်း (၆၀) ကျော်လာပြီကွ၊ တိုးတက်အောင် မလုပ်နိုင်ဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား) စီးပွားရေး တိုးတတ်ဖို့ နေနေသာသာ မင်းတို့ တိုင်းသူပြည်သားကို ရေတောင်မှ ဝအောင် မတိုက်နိုင်ဘူး၊

မင်းတို့- တချို့ ရွာတွေမှာ သောက်တဲ့ရေ ခြေဆေးရေလောက်တောင် မကောင်းဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား)။ အဲသလောက်-နောက်နေတဲ့ ရေတွေ သောက်ရတယ်၊ အဲဒီရွာတွေ အတော်များများ ရှိနေတယ်၊ အေး-မညီညွတ်တဲ့ အကုသိုလ်ဆိုးပင် စိုက်ပျိုးတော့ ဆိုးကျိုးပဲရမှာပေါ့။ (မှန်ပါဘုရား)

ညီညွတ်တယ်ဆိုတာ မေတ္တာကွ၊ မေတ္တာဆိုတာ ကုသိုလ်ခေါ်တယ်၊ ညီညွတ်တဲ့ ကုသိုလ်ကောင်းပင် စိုက်ပျိုးရင် ဘာအကျိုးရမတုန်း? (ကောင်းကျိုးရမှာပါဘုရား)

ကိုင်း-လိုက်ဆို၊ ✻ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆိုစမ်း-သုံးခေါက်၊

ညီညွတ်တဲ့ ကုသိုလ်ကောင်းပင်စိုက်ပျိုးရင် ဘာ အကျိုးရမတုန်း? ( ကောင်းကျိုး ရမှာဘုရား)

အခုတော့ မင်းတို့ ဗမာပြည်တပြည်လုံး ဆိုးကျိုးတွေ ရနေတယ်၊ မင်းတို့က ဆိုးကျိုး

http://www.dhammadownload.com



လိုချင်သလား? ကောင်းကျိုး လိုချင်သလား? (ကောင်းကျိုး လိုချင်ပါဘုရား)။ ကောင်းကျိုး လိုချင်ရင် အချင်းချင်း မေတ္တာဆိုတဲ့ ကုသိုလ်ကောင်းပင် စိုက်ပျိုးမှ ရမယ်၊ မှန်ရဲ့လား၊ (မှန်ပါဘုရား)

အေး- ကနေ့ မင်းတို့ မိသားစု(၄)ဦးက မစိုးရိမ်တိုက်သစ်ထဲမှာ ဘဝပျိုးဥယျာဉ် စာကြည့်တိုက် ကျောင်းဆောင်-ဆိုတဲ့ ဒါနကုသိုလ်ကောင်းပင် စိုက်ပျိုးတာ၊ အဲဒီ ကောင်းပင်စိုက်ပျိုးတဲ့အတွက် မင်းတို့ ဘာအကျိုး ရမလဲ? (ကောင်းကျိုးရမှာပါဘုရား)။

ကောင်းကျိုးက ဘယ်တိုင်အောင် ရမလဲဆိုရင် နိဗ္ဗာန်တိုင်အောင် ရမယ်၊ ဘယ်တိုင်အောင် ရမလဲ? (နိဗ္ဗာန်တိုင်အောင်ပါဘုရား)

အေး-နိဗ္ဗာန်တိုင်အောင် ရမယ်လို့ ယုံကြည်ပြီးတော့ ဒီကနေ့ လုပ်တဲ့ကုသိုလ် ရေစက်ချ အမျှပေးဝေရအောင်။

သာဓု သာဓု သာဓု။

http://www.dhammadownload.com



ဒေါက်တာ အောင်နိုင်လွင် + ဒေါက်တာ ကြည်ကြည်ရွှေ ၊ သမီး - မဉ္ဇူလွင်၊
သား - မောင်အာကာလွင်၊ မောင်ရာဇာလွင်၊ U-S-A မိသားစုတို့၏
၁၃၇၀-ခု၊ နတော်လပြည့်ကျော် (၁၃)ရက်၊ ၂၅-၁၂-၂၀၀၈ ကြာသပတေးနေ့
မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ သံဃာတော် (၃၀၀၀)ကျော်တို့အား ဆွမ်းဆက်ကပ်သည့်ပွဲ
ဟောကြားသည့် အနုမောဒနာတရား

ကဲ ကနေ့ ဆွမ်းဒကာက ဒေါက်တာ အောင်နိုင်လွင်+ဒေါက်တာမ ကြည်ကြည်ရွှေ သားသမီးတစု ဆွမ်းကပ်တာ ဟုတ်လား၊ နဝကမ္မအလှူငွေ ကျပ်တသောင်း၊ ရီရီနဲ့ သုံးသောင်းကျပ်၊ ဦးမြဇော်+ ဒေါ်ဝင်းဝင်းမြ ဂေါပကအဖွဲ့ ပန်းသီးနှင့် ရေနွေးပွဲ အချိုပွဲ၊ နှစ်ဘက်မိဘများ အမှူးထား၍ ကိုဇင်မင်းဌေး + မချိုချိုမာ သား မောင်မင်းဝေထိန် ဆေးပဒေသာပင် သိန်းနှစ်ဆယ်ကျပ်၊ အဲဒါတွေ မင်းတို့ လာပြီးတော့ လှူဒါန်းတယ်။

တို့ဘုရားရှင်က "ယာဒိသံ ဝပတေ ဗီဇံ ၊ တာဒိသံ ဟရတေ ဖလံ"တဲ့ကွ၊

မင်းတို့ ဘုရားရှင်ဟောတဲ့ တရားတွေက အင်မတန်လွယ်တာ၊ ယာဒိသံ ဝပတေ ဗီဇံ ၊ တာဒိသံ ဟရတေ ဖလံ-ဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ ကောင်းပင်ပျိုးရင် ကောင်းကျိုး ရတယ်လို့ ပြောတာ၊ ဘာတုန်းဗျား? (ကောင်းပင်ပျိုးရင် ကောင်းကျိုး ရပါဘုရား)၊ ကိုင်း မင်းတို့ ဘုရားဟောပါဠိတော် သိပ္ပံပညာနဲ့ ဆန့်ကျင်သလား၊ ဘယ့်နဲ့တုန်း ဆန့်ကျင်းသလား? (မဆန့်ကျင်ပါ ဘုရား)၊ မင်းတို့လည်း သိပ္ပံပညာ နည်းနည်းပါးပါးတော့ နားလည်တယ်မို့လား၊ အိုင်စတိုင်း လောက်တော့ နားလည်မှာပေါ့ကွာ၊ ဟုတ်လား၊ အေး ဒါပေမယ့် ဘာပဲပြောပြော နည်းနည်းပါးပါး တော့ မင်းတို့ လေ့လာထားတယ်၊

ဒီတော့ ဒို့ဘုရားရှင်က ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ-တဲ့ ကောင်းပင်ပျိုးရင် ကောင်းကျိုးရတယ်တဲ့၊ မှန်ရဲ့လား? (မှန်ပါ့ဘုရား) ကိုင်း လိုက်ဆိုစမ်း၊

ကောင်းပင်ပျိုးက ကောင်းကျိုးရ လောက ဓမ္မတာ၊ (ဆို သုံးခေါက်)၊

အေး "ယာဒိသံ ဝပတေ ဗီဇံ ၊ တာဒိသံ ဟရတေ ဖလံ"ဆိုတာ ဒါပဲ၊ ကနေ့ မင်းတို့ လာပြီးတော့ မင်းတို့ မိသားစုက သံဃာတော် အရှင်သူမြတ်များ ဆွမ်းကပ် ဆေးပဒေသာပင် လှူတဲ့သူက လှူတယ်၊ အဲဒါ ကောင်းပင်စိုက်ပျိုးတာလား ဆိုးပင်စိုက်ပျိုးတာလား? (ကောင်းပင် စိုက်ပျိုးတာပါ ဘုရား)၊ ကိုင်း ကောင်းပင်စိုက်ပျိုးတာ ဖြစ်တဲ့အတွက် ဘာအကျိုးရမတုန်း? (ကောင်းကျိုးရမှာပါ ဘုရား)၊ အေး အဲဒါ မှတ်ထား၊ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာလဲ ကောင်းပင်စိုက်ပျိုးတဲ့ နိုင်ငံ ကောင်းကျိုးရတယ် မှန်ရဲ့လား? (မှန်ပါဘုရား)၊ ဆိုးပင် စိုက်ပျိုးတဲ့နိုင်ငံ ဆိုးကျိုးရတယ် မှန်ရဲ့လား? (မှန်ပါဘုရား)၊

အဲ အမေရိကန်နိုင်ငံတို့ အင်္ဂလန်တို့ ပြင်သစ်တို့ ဒို့ထက်သာတယ်၊ လူနေမှု အဆင့်အတန်း မြင့်သလား မမြင့်ဘူးလား? (မြင့်ပါဘုရား)၊ အခုတော့ မသိဘူး မင်းတို့ အမေရိကန် ငါလာတဲ့ နှစ်တုန်းက ငါက တောရောမြို့ရော ရောက်တယ်၊ ဘယ်ရောက်ရောက် ခြင်ထောင် ထောင်အိပ်ဖို့

http://www.dhammadownload.com



မလိုဘူး၊ ဟုတ်သလား မဟုတ်ဘူးလား? (ဟုတ်ပါဘုရား)၊ အခုရော ခြင်ထောင် ထောင်ရသလား? (မထောင်ရပါဘုရား)၊ အဲ မထောင်ရဘူး၊

ကဲ မင်းတို့ ဗမာပြည် ခြင်ထောင်မထောင်ဘဲ ရရဲ့လား? (မရပါ ဘုရား)၊ အဲ အဲဒါ မင်းတို့ လူနေမှုအဆင့်အတန်း နိမ့်တာခေါ်တယ်၊ အဲ ဟုတ်လား၊ ဟိုမှာ အမေရိကန် အင်္ဂလန် ပြင်သစ် အီတလီ ငါ အကုန်ရောက်ဖူးတယ် ကိုရီးယားတို့ စသည်ပေါ့၊ အဲဒီ နိုင်ငံတွေ ငါအကုန် ရောက်ဖူးတယ်၊ ဘယ်နိုင်ငံမှာမှ ခြင်ထောင် ထောင်အိပ်ရတဲ့ နိုင်ငံ မရှိဘူး၊ ကောင်းလား မကောင်းဘူးလား၊ အဲဒါ သူတို့က ကောင်းပင် စိုက်ပျိုးလို့ ကောင်းကျိုးရတာ၊ ဘာဖြစ်လို့တုန်း? (ကောင်းပင်စိုက်ပျိုးလို့ပါဘုရား)၊

အဲ သူတို့ ညီညွတ်တယ်ဗျ၊ ဘာတဲ့တုန်း? (ညီညွတ်တာပါဘုရား)၊ ညီညွတ်တယ် ဆိုတာ မေတ္တာ ခေါ်တယ်၊ ညီညွတ်တာ ဘာခေါ်တုန်း? (မေတ္တာ ခေါ်ပါဘုရား)၊ မေတ္တာဆိုတာက ကုသိုလ်၊ မေတ္တာက ဘာတုန်း? (ကုသိုလ်ပါဘုရား)၊ ညီညွတ်တဲ့ မေတ္တာ ကုသိုလ်စိုက်ပျိုးရင် ဘာအကျိုးရမလဲ? (ကောင်းကျိုး ရမှာပါဘုရား)၊ အဲ သူတို့ဆိက မေတ္တာကုသိုလ် စိုက်ပျိုးလို့ ဘာအကျိုးရတာလဲ? (ကောင်းကျိုးရတာပါဘုရား)၊

ဆိုစမ်း ကောင်းပင်ပျိုးက ကောင်းကျိုးရ လောကဓမ္မတာ၊ ဆို သုံးခေါက်၊

ကဲ ညည်းတို့ လောလောဆယ် ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကြည့်၊ အိုဘားမားနဲ့ ဟီလာရီကလင်တန် ဟုတ်တယ်မို့လား၊ သူတို့က ပြိုင်ဘက် ဟုတ်လား၊ အဲဒီ ပြိုင်ဘက် ဟီလာရီကလင်တန်က သူရှုံးမယ်ဆိုတာကို သိတော့ကို ဝင်မပြိုင်တော့ဘူး၊ မပြိုင်ဘဲနဲ့ အိုဘားမားကို မဲပေးကြပါ ပြောသလား မပြောဘူးလား? (ပြောပါဘုရား)၊ အဲ ပြောတယ်၊ ကိုင်း မဲပေးလို့ နိုင်ရော့ပေါ့ အိုဘားမား ဟုတ်လား၊ အဲ သူက ဘာလုပ်တုန်း ဟီလာရီ ကလင်တန်ကို မင်း နိုင်ငံခြားရေးဝန်ကြီး ခန့်တယ်၊ ဒို့ဆီ ဒီလိုလုပ်မလား? (မလုပ်ပါဘုရား) စိတ်ဆိုးနေတာ အချင်းချင်း၊ ဟိုက ဒီလိုမဟုတ်ဘူး၊ ဟုတ်တယ်မို့လား၊ တချိန်တုန်းက ပြိုင်တာက ပြိုင်တာလေ ဟုတ်လား၊ အေး ဟိုက ညည်း သူလဲ နိုင်ရော မနေ့ စနေနေ့က သူတို့ သစ္စာဆိုပြီးပြီ မဟုတ်လား၊ ပြီးပြီလား၊ ကျမ်းသစ္စာ ကျိန်ဆိုပြီးပြီ မဟုတ်လား? (ဇန်နဝါရီ မှပါဘုရား)၊ ဩော် အေး ဇန်နဝါရီမှကိုကွ၊ ငါက ဒီဇင်ဘာလ(၃၀)မှာ မှတ်လို့၊ အဲ သူက သမ္မတဖြစ်တော့မယ်၊ ဒီတော့ သူက ဟီလာရီကလင်တန်ကို နိုင်ငံခြားရေး ဝန်ကြီးတဲ့ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

ဒို့ဆီက ရန်ဖြစ်နေတာ ညည်းတို့ ဘယ်တိုးတက်မလဲ၊ မှန်ရဲလား? (မှန်ပါဘုရား)၊ ညည်းတို့သာ ပြောတာ မဟုတ်ဘူး၊ ငါက လူကြီးတွေလည်း ပြောတာပဲ၊ ဟုတ်လား မောင်အေးနဲ့ ခင်ညွန့် တခါက ငါ့ဆီလာတယ်၊ "ဗမာပြည် ဘယ်တိုးတက်မလဲ၊ မင်းတို့ ကာကွယ်ရေးစရိတ်လို့ ခေါင်းစီးတပ်ထားတဲ့ ရန်ဖြစ်စရိတ် အားကြီးနေတယ်"လို့ ငါက ပြောလိုက်တယ် ဟုတ်လား၊ သူတို့ ကြိုက်တာ မကြိုက်တာတော့ ဘယ်သိမလဲ၊ ဟုတ်လား၊ ငါက အဲဒါ ထည့်မတွက်ဘူး၊ ကြိုက်ကြိုက် မကြိုက်ကြိုက် ပြောသင့်ရင် ပြောရမယ်၊ မှန်ရဲ့လား? (မှန်ပါဘုရား)၊ အေး ငါက ပြောသင့်လို့ ပြောတာ ဟုတ်လား၊ အဲဒါ မှတ်ထား၊

http://www.dhammadownload.com



အဲဒီလို သူတို့ဆီက ညီညွတ်တဲ့ မေတ္တာကောင်းပင်စိုက်ပျိုးလို့ ဘာအကျိုး ရသတုန်း? (ကောင်းကျိုးရပါဘုရား)။

ကဲ ဆို ကောင်းပင်ပျိုးက ကောင်းကျိုးရ လောကဓမ္မတာ၊ ကဲ ဆိုစမ်း သုံးခေါက်၊

အေး အဲဒါ မှတ်ထား သူများနိုင်ငံမှာက အချင်းချင်း ညီညီညွတ်ညွတ်နဲ့ ကောင်းပင်စိုက်ပျိုးတဲ့အတွက် ဘာအကျိုးရသတုန်း? (ကောင်းကျိုးရပါဘုရား)၊ အဲ ကောင်းကျိုးရတာ၊

ဒို့ဆီက ဆိုးပင်စိုက်ပျိုးတဲ့အတွက် ဘာအကျိုးရသတုန်း? (ဆိုးကျိုးရတာပါ ဘုရား)၊ အဲ ဆိုးကျိုးရတာ မှတ်ထား၊ ကောင်းကျိုးလိုချင်ရင် ကောင်းပင်စိုက်ပျိုးရမယ် မှန်ရဲ့လား? (မှန်ပါဘုရား)၊ ဆိုးကျိုး လိုချင်ရင် ဆိုးပင်စိုက်ပျိုးကြ ဒါပဲ ရှိတယ်၊

အဲ မင်းတို့ ဗမာပြည်ကတော့ ဆိုးကျိုး အတော်လိုချင်ပုံ ရပါတယ်၊ ဟုတ် ရဲ့လား၊ အဲ ငါက မင်းတို့ အမေရိကန်က ပြန်လာစ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒီရောက်လာတယ်၊ ဒီကျောင်းတိုက် ဒီကျောင်းကြီး ရေစက်ချတာပေါ့ကွာ ဟုတ်လား၊

အဲ သူရောက်လာတော့ ငါ့ကို မေးတယ် "ဆရာတော် အမေရိကန်ကြွတယ် ဆို"တဲ့၊ ဟုတ်တယ် အမေရိကန်ကြွတယ်၊ "အမေရိကန် ဘယ်လိုလဲ ဘုရား"တဲ့ အမေရိကန် တိုးတက်တာပေါ့၊ သူလည်း ရောက်ဖူးပုံတော့ မရပါဘူး ဟုတ်လား၊ "ဒီ ဖရီးဝေး ဟိုက်ဝေး လမ်းမကြီးတွေဆိုရင် ခြောက်လမ်းသွားတွေ၊ လမ်းမှာ ကား ခေါင်းချင်းဆိုင် ရှောင်စရာ မလိုဘူး"လို့ "မိုင်လေးရာကျော် ဝေးတဲ့ခရီးကို လေးနာရီခွဲလောက် ကားမောင်းရုံနဲ့ ရောက်တယ်"လို့ ရောက်သလား မရောက်ဘူးလား? (ရောက်ပါဘုရား)၊ မင်း ဆန်ဖရန် စစ်စကိုနဲ့ အယ်လ်အေဆိုရင် ဘယ်လောက်ဝေးလဲ? (လေးရာကျော် ဝေးပါဘုရား) အဲ မိုင်လေးရာ ကျော်တယ်ကွ၊ ငါက "အဲဒီ ကားနဲ့ သွားတဲ့ အခါ လေးနာရီနဲ့ နှစ်ဆယ့်ငါးမိနစ်လား မိနစ်သုံးဆယ်လား အဲသလောက်ပဲ မောင်းရတယ် ဟုတ်သလား၊ အေး အဲသလောက်ထိ လမ်းတွေကောင်းတယ်"လို့ ငါကသူ့ကို ပြောလိုက်တယ်၊

အဲ "ဦးဇင်းက ဗမာပြည် အဲသလို ဖြစ်စေချင်တယ်၊ ဟုတ်လား၊ ဒါပေမယ့် ဦးဇင်း ဘာမှ မတတ်နိုင်ဘူး"လို့ ဦးဇင်း တတ်နိုင်တာက တရားဟောနိုင်တယ် တရားဟောမယ်၊ တရားဟောတဲ့ အခါ နိုင်ငံရေး ပါပါလိမ့် နိုင်ငံရေး မဟောရဘူးလို့ လာမပြောနဲ့ မရဘူး"လို့၊ ဟုတ်လား၊ ငါဟောရင် နိုင်ငံရေးချည်းပဲ ဟောတာ၊ အဲ မနေ့ညက ငါတရားပွဲ ရှိတယ်၊ ဒီလိုပဲ နိုင်ငံရေး ချည်းပဲ ဟောခဲ့တာပဲ၊ ကြိုက်တာ မကြိုက်တာတော့ မတတ်နိုင်ဘူး၊ ဟုတ်လား၊

အဲ သူတို့ကတော့ ထင်ချင်ထင်မှာပေါ့ ဒီဘုန်းကြီးက နိုင်ငံရေးရှုနေတာလို့၊ ဟုတ်လား၊ နိုင်ငံရေးရှုတာ မဟုတ်ဘူး၊ ကိုယ့်နိုင်ငံက ဒိပြင့်နိုင်ငံနဲ့ ယှဉ်ကြည့်ရင် ရှက်စရာ ကောင်းလောက်အောင်ကို ဖွံ့ဖြိုးတိုးတက်မှု နှေးတယ်၊ နှေးသလား မနှေးဘူးလား? (နှေးပါဘုရား)၊ အဲ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် ကောင်းပင်စိုက်ပျိုးမှ ရမယ်၊

ကဲ ဆို ကောင်းပင်ပျိုးက ကောင်းကျိုးရ လောကဓမ္မတာ၊

နောက်က ဒကာမကြီးတွေ မှတ်ထားကြ၊ ညည်းတို့ အမေရိကန်ဆိုတာ တည်ထောင်ကာစက

http://www.dhammadownload.com



ဆယ့်သုံးပြည်နယ်ပဲ ရှိတယ်၊ အခု ပြည်နယ်ငါးဆယ်ကျော်လား? (ကျော်ပါဘုရား)၊

ဘာဖြစ်လို့ ပြည်နယ်ငါးဆယ်ကျော်လာသလဲဆိုရင်? **ပူးပေါင်းနေရတာ ပိုပြီးအကျိုးရှိတယ်-လို့ မြင်လို့ဗျ သိလို့ဗျ**၊ မှန်ရဲ့လား၊

မင်းပြောတဲ့ ခုနက တက္ကဆက်ဆိုတာ အစက သူ့နိုင်ငံနဲ့သူ ကွ၊ ဟုတ်တယ်မို့လား၊ ငါရောက်ခဲ့တာပဲ မင်းတို့ တက္ကဆက် အကြာကြီး၊ ငါ ရက်နှစ်ဆယ်လောက် ကြာတယ်၊ ဟုတ်လား၊ အေး အစက သူ့နိုင်ငံနဲ့သူ နောက် ကျမှ ပြည်မနဲ့ ပေါင်းတာ၊

အဲ အမေရိကန်မှာ တည်ထောင်ကာစက ဆယ့်သုံးပြည်နယ်ပဲ ရှိတယ်ဗျ၊ အခု ပြည်နယ်ငါးဆယ်ကျော်လောက်ပြီ ထင်ပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုရင် အချင်းချင်း လက်တွဲပြီး နေရတာ ပိုကောင်းတယ်ဆိုတာ သူတို့ဆီက အသိဉာဏ်ရှိလို့ လက်တွဲနေတာ မှန်ရဲ့လား၊

ဒို့ဆီက အသိဉာဏ်မရှိတော့ကို အချင်းချင်း လက်သီးထိုးနေတယ်၊ ဟုတ်လား၊ လက်တော့ လက်ချည်းပါပဲ၊ ဒါပေမယ့် ဟိုက လက်တွဲတာ၊ ဒို့ဆီက လက်သီး ထိုးတာ၊ မှန်ရဲ့လား၊ အေး မှတ်ထား၊ ကောင်းပင်စိုက်ပျိုးမှ ကောင်းကျိုးရမယ်၊

ကဲ ဒီနေ့လုပ်တဲ့ ကုသိုလ် ရေစက်ချ အမျှဝေကြမယ်။

http://www.dhammadownload.com



## မန္တလေး (၄၁+၉၀လမ်း) အေးအေးခိုင် ကုမ္ပဏီ
## ဦးစိုးနိုင် ဘွဲ့ရ အမှတ်တရ ဆွမ်းကပ်။ ၁၃၇၀-ခု၊

ကဲ ဒီနေ့ ဘာ မင်း မဏိဇောတရေ (တင်ပါ့ သုဓမ္မမဏိဇောတရေ)၊ မင်း ကိုယ့်ဘွဲ့ ကိုယ်တော့ အဓိပ္ပာယ် နားလည်ရဲ့လား၊ (နားမလည်ပါဘုရား၊ သုဓမ္မတော့ သိပါတယ်၊ မဏိဇောတရေတော့ မသိပါဘုရား)၊ မဏိဆိုတာ ပတ္တမြားပေါ့ကွာ၊ ခု မင်းတို့ ကျောက်တွေ ပတ္တမြားတွေက မဏိပဲ၊ ဟုတ်လား၊ အဲဒီလို ထွန်းပရမယ်ပေါ့၊ ဟုတ်လား၊ အဲဒီအဓိပ္ပာယ်နဲ့ သုဓမ္မမဏိဇောတရေဆိုတဲ့ ဘွဲ့ပေးတာ၊

ဒီ ဘွဲ့ရတာက မင်းက လူမှု့ ဘာတုန်း ကူညီရေး လုပ်ငန်းတွေ အများကြီး လုပ်ခဲ့တယ်၊ စစ်ကိုင်းတိုင်း ဘက်ပေါ့၊ အဲဒီစစ်ကိုင်းတိုင်းဘက်မှာ လူမှုရေးလုပ်ငန်းတွေ အများကြီး လုပ်ခဲ့တဲ့အတွက် အဲဒါကို သူတို့က ဂုဏ်ပြုတဲ့အနေနဲ့ ပေးတာနေမှာပေါ့ကွ၊ မင်း ငါ ကြားတာတော့ မုံရွာ မောင်တိုင်းမှူးက အတင်း အတင်ခိုင်းတယ်ဆို၊ ဟုတ်လား? (အတင်းတော့ မဟုတ်ပါဘုရား)၊ ငါ ကြားတာ ပြောတာပါ၊ ဟုတ်လား၊ အေး မင်း မုံရွာ မောင်တိုင်းမှူးက သူ့ရဲ့ တိုင်းအတွင်းမှာ မင်းက လူမှုရေး အကျိုးပြု လုပ်ငန်းတွေ အများကြီး လုပ်ထားတဲ့အတွက် ဒီလိုပုဂ္ဂိုလ်မျိုး ဘွဲ့ပေးသင့်တယ် ဆိုပြီးတော့ သူက ထည့်တာ နေမှာပေါ့ ဟုတ်လား (တင်ပါ့ ဘုရား)၊

ကိုင်းလိုက်ဆိုစမ်း" လူ့ပြည်လောက၊ လူ့ဘဝကား၊ အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည်း"

အဲဒါ မင်းတို့ ဆရာဇော်ဂျီရဲ့ ကဗျာကွ၊ မင်း အဲဒီကဗျာက လွတ်လပ်ရေး မရခင် ဆယ့်ငါးနှစ်လောက်က ကြိုတင်ပြီးတော့ ရေးသားထားတဲ့ ကဗျာကွ၊ ဆရာဇော်ဂျီက မင်းတို့ ကဗျာကို သံဝေဂနဲ့ ဖွင့်တာခေါ် တယ်ကွ၊

တနေ့ကြ အိုရဦးမယ်တဲ့ မှန်ရဲ့လား? (မှန်ပါဘုရား)၊ နာရဦးမယ်တဲ့ မှန်ရဲ့လား? (မှန်ပါဘုရား)၊ သေရဦးမယ်တဲ့ မှန်ရဲ့လား? (မှန်ပါဘုရား)၊ အဲဒါ ကဗျာကို သံဝေဂနဲ့ ဖွင့်တာခေါ် တယ်၊ အတ္တမာန အတ္တဒိဋ္ဌိ နည်းအောင်ကွ ဟုတ်လား? (မှန်ပါဘုရား)၊

တနေ့ ဒို့တတွေ အိုရဦးမယ် နာရဦးမယ် သေရဦးမယ်ဆိုတဲ့ သံဝေဂဉာဏ်တွေ ဝင်နေရင် မင်း အတ္တမာန မနည်းပေဘူးလား? (နည်းပါဘုရား)၊ အတ္တဒိဋ္ဌိ မနည်းပေ ဘူးလား? (နည်းပါဘုရား)၊ အဲ မင်းတို့ ဆရာဇော်ဂျီက အတ္တမာန အတ္တဒိဋ္ဌိ နည်းအောင် ကဗျာကို ပထမ သံဝေဂနဲ့ ဖွင့်လိုက်တာ ခေါ် တယ်ကွ၊ ဟုတ်လား၊

နောက်ကဗျာကို သံဝေဂနဲ့ ဖွင့်ပြီးတော့မှ မသေခင် လုပ်ရမယ့် လုပ်ငန်းစဉ်ကို အကျဉ်းချုပ် ရေးသွားတယ်၊

ကဲ ဆိုစမ်း၊"သို့တပြီးကား၊ သင်သေသွားသော်၊ သင်ဖွားသည့်မြေ၊ သင်တို့ ပြည်သည်၊

http://www.dhammadownload.com



အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏”၊

အဲ တနေ့တော့ သေမှာပဲ မသေခင် ဘာလုပ်ရမလဲ၊ သင်ဖွားသည့်မြေ ကိုယ့်ရဲ့ ဇာတိကျေးရွာ ဇာတိရပ်ကွက် ဇာတိမြို့ပေါ့၊ အဲဒါ အခြေအနေ တိုးမြင့် အောင်လုပ်ကြ၊ ကဲ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊ ဟော့ကောင်တွေ အခြေအနေ တိုးမြင့်အောင် လုပ်ဆိုတာ တခြားမဟုတ်ဘူးကွ လမ်းမကောင်းရင် ကောင်းအောင် ပြင်ကြလို့ပြောတာ၊ ဟုတ်လား၊ မင်းတို့ အခု ဒီ-၄၁-လမ်း တပိုင်းတစတော့ ကောင်းနေပြီ မို့လား? (ခု ပြန်ပြီးတော့ ဖောက်နေပြီ ဘုရား)၊ ဒီရှေ့ကျ ကောင်းချင်မှ ကောင်းမှာ၊ ရှေ့ကျ ကောင်းရဲ့လား? (မှန်ပါ အရှေ့ထိပ်ထိ ဖောက်တာပါ ဘုရား)၊ အေးမင်းတို့ ရွှေတချောင်း အရှေ့ဘက်ကျ မကောင်းသေးဘူး၊ ခင်းပါ၊ အေး မင်းတို့ လမ်းမကောင်းရင် ကောင်းအောင်ပြင်ကျလို့ ပြောတာ မှန်ရဲ့လား? (မှန်ပါဘုရား)၊ အေး လမ်းမှာ ဗွက်တွေ ဘာတွေ ရှိနေရင် အားတဲ့နေ့ကျတော့ လုပ်အားပေးပြီးတော့ ဗွက်တွေဖို့၊ ကိုယ့်ရပ်ကွက်သူ ရပ်ကွက်သား မြို့သူမြို့သား ချမ်းချမ်းသာသာ မသွားရဘူးလား? (သွားရပါဘုရား)၊ အေး- အခြေတိုးမြင့် ကျန်ကောင်းသင့်၏-ဆိုတာ အဲဒါပြောတာ၊

နောက်-သင်တို့ပြည်သည်-တဲ့ မြန်မာနိုင်ငံ တနိုင်ငံလုံးပေါ့ကွ၊ တဘက်မှာ တရုတ်ရှိတယ် တဘက်မှာ ယိုးဒယားရှိတယ် တဘက်မှာ အိန္ဒိယရှိတယ်၊ အဲဒီ သုံးနိုင်ငံ ကြားက နိုင်ငံကို မြန်မာနိုင်ငံ လို့ မခေါ်ဘူးလား? (ခေါ်ပါဘုရား)၊ အေး အဲဒီမြန်မာ နိုင်ငံကြီး တနိုင်ငံလုံးကိုလည်း အခြေအနေ တိုးမြင့်အောင် လုပ်ကြတဲ့၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြတဲ့ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

အေး မင်း ဟိုတနေ့က ရောက်ခဲ့တဲ့ ဂျပန်နဲ့ မြန်မာနိုင်ငံ ကွာသလား မကွာဘူးလား၊ ဟော့ကောင် အမှန်အတိုင်းပြော၊ (နည်းနည်း ကွာပါဘုရား)၊ အေး နည်းနည်းလေးကွာတယ် ကောင်းကင်နဲ့ မြေကြီးလောက်ပဲ ကွာတာ၊ အေး အဲဒါမှတ်ထား အဝီစိနဲ့ ကောင်းကင်လောက်ပဲ ကွာတယ် ဟုတ်လား၊ အေး ဟိုက သိပ်ပြီးတော့ တိုးတက်တယ်၊ နောက်ဆုံး ဟိုက အမှိုက်ပုံးတွေကစ ဘာတွေ လုပ်ထားတုန်း၊ ဒို့ဆီလို ပလက်စတစ် မဟုတ်ဘူး၊ လမ်းဘေး ချထားတဲ့ အမှိုက်ပုံးကအစ ဒို့ဆီထက် သာတယ်၊ ဟုတ်လား၊ မင်း ဘာတဲ့ ကျည်ဆန်ရထားဆိုတာ မစီးခဲ့ရဘူးလား? (စီးရပါဘုရား) အေး မြန်သလား မမြန်ဘူးလား? (မြန်ပါဘုရား) မြန်ပေမယ့် ငြိမ်သလား မငြိမ်ဘူးလား? (ငြိမ်ပါဘုရား)၊ အေး မင်း လက်ဖက်ရည်သောက်လို့ ရတယ်၊ အေး မင်း တနာရီကို မိုင်-၁၂၀- အနည်းဆုံး မောင်းရတယ်၊ အေး အဲဒါကိုပဲ ရထားပေါ်မှာ လက်ဖက်ရည်သောက် ရတယ်၊ ရသလား မရဘူးလား? (ရပါဘုရား)။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတောင် ပြောသတဲ့ ဗမာရထားစီးရတာ မြင်းစီးရတာ ကြနေတာပဲ၊ ခုန်သလား မခုန်ဘူးလား? (ခုန်ပါဘုရား)၊ အေး ခုန်တယ်၊ ဟိုက ရထားတွေက သိပ်ငြိမ်တယ်၊ အဲဒါ သိပ်တိုးတက်တယ်၊“အခြေတိုးမြင့် ကျန်ကောင်း သင့်၏”ဆိုတာ အဲဒါပြောတာ၊ အဲဒီလို အခြေအနေ တိုးမြင့်အောင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြတဲ့ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

http://www.dhammadownload.com



အေး"အခြေတိုးမြင့် ကျန်ကောင်းသင့်၏"လို့ မင်းတို့ ဆရာဇော်ဂျီက ရေးခဲ့ပေမယ့် ဗမာပြည် ယေဘုယျ ခြုံငုံသုံးသပ်ကြည့်ရင် အခြေအနေ တိုးမြင့်မှု သိပ်နည်းတယ်၊ နည်းသလား မနည်း ဘူးလား? (နည်းပါဘုရား)၊ နည်းတာပေါ့ကွ၊ မင်းတို့ လွတ်လပ်ရေး ရတာ (၆၁)နှစ် ရှိပြီ၊ မင်းတို့ အသက်လောက် မကတော့ဘူး၊ ဟုတ်တယ်မို့လား၊ မင်းအသက် အခုဘယ်လောက်တုန်း? (၄၅)နှစ်ပါ ဘုရား၊ အေး (၄၅)ဆိုတော့ လွတ်လပ်ရေးက မင်းထက် (၁၆)နှစ်လောက်ကြီးတယ်၊ လွတ်လပ်ရေး ရပြီး (၁၆)နှစ်နေမှ မင်းတို့ မွေးတာဗျ၊ ဟုတ်လား၊ အေး အဲသလောက် လွတ်လပ်ရေးရတာလည်း သက်တမ်းရှည်လာပြီ၊ သို့သော် ခုနက ငါပြောသလို အခြေအနေ တိုးမြင့်မှု အင်မတန်နည်းတယ်၊ နည်းသလား မနည်းဘူးလား? (နည်းပါဘုရား)

အဲဒါ ဘာကြောင့်လည်း စစ်တမ်းထုတ်ကြည့်၊ အတ္တမာန အတ္တဒိဋ္ဌိ အားကြီးလို့၊ ဘာကြောင့်လဲဟေ့? (အတ္တမာန အတ္တဒိဋ္ဌိ အားကြီးလို့ပါ ဘုရား)၊

အေး အတ္တမာန အတ္တဒိဋ္ဌိ ဆိုတာ အကုသိုလ်ကွ၊ ဘာတဲ့လဲဟေ့? (အကုသိုလ်ပါ ဘုရား) အကုသိုလ်ဆိုတာ ဆိုးပင်ခေါ်တယ်ကွ၊ အကုသိုလ်ဆိုတာ ဘာပင်ခေါ်သလဲဟေ့? (ဆိုးပင်ပါဘုရား)၊

အေး အတ္တမာန အတ္တဒိဋ္ဌိဆိုတဲ့ ဆိုးပင်စိုက်ပျိုးတော့ ဆိုးကျိုးပဲ ရမှာပေါ့ကွ၊ မှန်ရဲ့လား? (မှန်ပါဘုရား)၊

ကိုင်း ဆိုကြစမ်း၊ ဆိုးပင်ပျိုးက ဆိုးကျိုးရ လောကဓမ္မတာ-ဆိုဗျာ သုံးခေါက်၊

အဲ မှတ်ထား၊ အတ္တမာန အတ္တဒိဋ္ဌိဆိုတဲ့ ဆိုးပင်စိုက်ပျိုးလို့ ဘာအကျိုးတွေ ရသတုန်း? (ဆိုးကျိုးပါဘုရား)၊ အတ္တမာန အတ္တဒိဋ္ဌိတွေ ခံနေတော့ တဦးနဲ့တဦး တပါတီနဲ့ တပါတီ မတည့်ဘူးကွ၊ တည့်ရဲ့လား? (မတည့်ပါဘူး ဘုရား) ညီညွတ်ရဲ့လား? (မညီညွတ်ပါ ဘုရား)၊ အဲ မတည့်ဘူး မညီညွတ်ဘူးဆိုတာလည်း အကုသိုလ်ကွ၊ မညီညွတ်ဘူးဆိုတဲ့ အကုသိုလ် စိုက်ပျိုးရင်း ဘာအကျိုး ရမတုန်း? (ဆိုးကျိုးပါဘုရား)၊

ကဲ ဆိုစမ်း-ဆိုးပင်ပျိုးက ဆိုးကျိုးရ လောကဓမ္မတာ-၊ဆို သုံးခေါက်၊

အဲ မှတ်ထား မင်းတို့ ဗမာပြည် ဆိုးပင်တွေ စိုက်ပျိုးလို့ ဘာအကျိုးရမတုန်း? (ဆိုးကျိုးပါ ဘုရား)၊ အဲ ကောင်းပင် စိုက်ပျိုးရင် ဘာအကျိုးရမတုန်း? (ကောင်းကျိုးပါဘုရား)၊

အေး မင်းတို့ အချင်းချင်း ညီညွတ်တယ်ဆိုတာ မေတ္တာကွ၊ ညီညွတ်တာက ဘာတဲ့တုန်း? (မေတ္တာပါဘုရား)၊ မေတ္တာဆိုတာ ကုသိုလ်ကွ၊ မေတ္တာက ဘာတဲ့တုန်း? (ကုသိုလ်ပါဘုရား) ကုသိုလ် ဆိုတာ ကောင်းပင်ကွ၊ ကုသိုလ်က ဘာတဲ့တုန်း? (ကောင်းပင်ပါ ဘုရား)၊ ညီညွတ်တဲ့ ကုသိုလ် ကောင်းပင် စိုက်ပျိုးရင် ဘာအကျိုးရမတုန်း? (ကောင်းကျိုးပါဘုရား)၊

ဆိုစမ်း-ကောင်ပင်ပျိုးက ကောင်းကျိုးရ လောကဓမ္မတာ။ ဆိုစမ်း သုံးခေါက်၊

အဲ မှတ်ထား၊ ညီညွတ်တဲ့ မေတ္တာဆိုတဲ့ ကောင်းပင်စိုက်ပျိုးရင် ဘာအကျိုး ရမတုန်း? (ကောင်းကျိုးပါ ဘုရား)၊

http://www.dhammadownload.com



အေး မင်းတို့ မုံရွာတိုင်းမှူးက ပြောတယ်တဲ့ "မစိုးရိမ်ဆရာတော်ကြီးက သူ့ကို အမိန့်ရှိသွားတယ်"တဲ့၊ "အစိုးရ ကောင်းမကောင်းဆိုတာ လမ်းကြည့်ရတယ်"တဲ့၊ "လမ်းကောင်းရင် အစိုးရကောင်းတယ်၊ လမ်းမကောင်းရင် အစိုးရမကောင်းဘူး"တဲ့ "ငါက သူ့ကို အမိန့်ရှိထားတယ်"တဲ့ ဟုတ်လား၊

သူ မပြောရဲတဲ့ စကားကို ငါ့စကားလုပ် ပြောတာကွ၊ ဟုတ်လား၊ အဲ နည်းနည်းတော့ငါက ပြောပါတယ်၊ နည်းနည်းပါးပါး ပြောတယ်ဆိုတာက သူတို့က လမ်းသစ်ဖောက်ထားပြီးတော့ လမ်းသစ်က သွားခွင့် မပြုဘူးကွ၊ ဟုတ်လား၊ မင်းတို့က လမ်းသစ်လည်းဖောက်သေး ဟိုမှာ ဘာတဲ့ ဗောဓိတထောင်လေ၊ လမ်းသစ်လည်း ဖောက်ထားသေး၊ လမ်းသစ်ကလည်း သွားခွင့်မပြုဘူး၊ မင်းတို့က ဘာတုန်းလို့ ငါက မေးလိုက်တယ်၊ ဟုတ်လား၊ အဲဒါတော့ ငါက ပြောပါတယ်၊

သူက အဲဒါကို တမျိုးလုပ် ပြီးတော့ "မစိုးရိမ်ဆရာတော်ကြီးက အမိန့်ရှိ သွားတယ်"တဲ့ "အစိုးရ ကောင်း/မကောင်း သိချင်ရင် လမ်းကြည့်၊ အစိုးရ မကောင်းရင် လမ်းမကောင်းဘူး၊ လမ်းကောင်းရင် အစိုးရ ကောင်းတယ်"တဲ့ "သူက အဲသလို ပြောတယ်"တဲ့ ဟုတ်လား၊

အခု ဒို့ရွာဘက် သွားတဲ့လမ်း ကတ္တရာခင်းတယ်လို့ ကြားတယ်၊ ငါတော့ မရောက်သေးပါဘူး၊ အဲ သူ့လမ်းလေး မပျက်ခင် ငါတော့ သွားဦးမှနဲ့ တူတယ်၊ ဟုတ်လား၊ ဟော့ကောင် မင်း တိုင်းမှူးနဲ့ တွေ့ရင် ပြောလိုက်ကွာ၊ "ငါက အဲသလို ပြောတယ်"လို့ ဟုတ်လား? (မှန်ပါဘုရား)၊ "ဗိုလ်ချုပ်က အဲဒီဘက် ကတ္တရာခင်းတယ်လို့ ကြားတယ်"လို့ ဒို့ရွာဘက် သွားတဲ့လမ်း ဟုတ်လား? (မှန်ပါဘုရား)၊

အေး အဲဒါ မှတ်ထား၊ အချင်းချင်းညီညီညွတ်ညွတ်နဲ့ မေတ္တာကောင်းပင် စိုက်ပျိုးရင် ဘာအကျိုးရမတုန်း (ကောင်းကျိုးပါဘုရား)၊

ကဲ ဆိုစမ်း-ကောင်းပင်ပျိုးက ကောင်းကျိုးရ လောက ဓမ္မတာ-၊ဆို သုံးခေါက်၊

ကဲ ကနေ့ မောင်စိုးနိုင်! မင်းက သုဓမ္မမဏ်ဍောတရဲ ဟုတ်လား၊ အဲဒီဘွဲ့ ရတဲ့အတွက် သံဃာတော် အရှင်သူမြတ်များကို ဩဝါဒခံယူတဲ့ ဒါနကုသိုလ်ဆိုတဲ့ ကောင်းပင်စိုက်ပျိုးတာကွ၊ ဘာစိုက်ပျိုးတာလဲ? (ကောင်းပင် စိုက်ပျိုးတာပါ ဘုရား)၊ ကဲ ဒါနကုသိုလ်ဆိုတဲ့ ကောင်းပင်စိုက်ပျိုးတဲ့အတွက် မင်းတို့ ဘာအကျိုး ရမှာတုန်း? (ကောင်းကျိုး ရမှာပါဘုရား)၊

အဲ မင်းတို့ ကောင်းကျိုးက နှစ်မျိုးရှိတယ်ကွ၊ လောကီကောင်းကျိုး လောကုတ္တရာကောင်းကျိုး၊ ကောင်းကျိုး ဘယ်နှစ်မျိုးရှိလဲဟေ့? (နှစ်မျိုးပါဘုရား)၊ အဲ လောကီကောင်းကျိုး ဆိုတာ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာပေါ့ကွာ၊

ကဲ မောင်စိုးနိုင်+မအေးအေးခိုင် နောင်ဘဝမှာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံမှာ သန်းကြွယ်သူဌေးကြီး ဖြစ်ပြီထားကွာ၊ မင်းတို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံမှာ လူဖြစ်ရတာနဲ့ မဖွံ့ဖြိုး မတိုးတက်တဲ့ နိုင်ငံမှာ လူဖြစ်ရတာ ဘယ်ဟာက ကောင်းတုန်းကွ? (ဖွံ့ဖြိုးတဲ့ နိုင်ငံမှာ လူဖြစ်ရတာ ကောင်းပါဘုရား)၊ မှန်တာပေါ့ကွ ဟုတ်တယ်မို့လား၊

http://www.dhammadownload.com



ကဲ ဖွံ့ဖြိုးတဲ့နိုင်ငံမှာ သန်းကြွယ်သူဌေးကြီး ဖြစ်ပြီထားဗျာ၊ အဲဒီ သန်းကြွယ် သူဌေးကြီးရဲ့ ခန္ဓာကိုယ်မှာ သေလောက်တဲ့ ရောဂါဝေဒနာ စွဲကပ်လာရင် သူပိုင်ဆိုင်တဲ့ ငွေကြေးက မသေအောင် ကူညီနိုင်ရဲ့လား? (မကူညီနိုင်ပါ ဘုရား)၊ သေလောက်တဲ့ ရောဂါစွဲကပ်လာရင် ဘယ်နိုင်ငံသွား ဆေးကုကု မရဘူးကွ၊ ရရဲ့လား? (မရပါ ဘုရား)၊ အေး မရဘူး၊ အဲဒါ မှတ်ထား၊

ကနေ့ ငါတို့လုပ်တဲ့ ကောင်းမှုကုသိုလ်ကြောင့် အိုဘေး နာဘေး သေဘေးက မကင်းတဲ့ လူ့ချမ်းသာ နတ်ချမ်းသာ ပြဟ္မာ့ချမ်းသာကို ဆုမတောင်းနဲ့ ကွ၊ ဟုတ်လား၊ အိုဘေး နာဘေး သေဘေးက ကင်းတဲ့ လောကုတ္တရာ ချမ်းသာ ရရပါလို၏လို့ ဆုတောင်း၊ ဆုတောင်းနေရုံနဲ့ မရဘူးကွ၊ မင်းတို့ လူ့ဘဝဆိုတာ -၈၀-၉၀-၁၀၀-ဆို သေသလား မသေဘူးလား? (သေပါဘုရား)၊ အဲ-၁၀၀-ထိအောင် နေရတဲ့ လူဆို ရှားသလား မရှားဘူးလား? (ရှားပါ ဘုရား)၊ အေး လူ့ဘဝ ဘာမှ မကြာဘူးလို့ မိမိဘဝကိုလည်းပဲ အနိစ္စ, ဒုက္ခ, အနတ္တ ဆင်ခြင်သုံးသပ်၊

ကိုင်းလိုက်ဆို "လူ့သက်လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နယ်၊ ပုံသောကြယ်မျှ၊ ကြာနွယ် ရေခြောက်၊ သေမီးတောက်သို့၊ ချုပ်ပျောက်ခန္ဓာ၊ ကွယ်ရရှာသည်၊ ခန္ဓာအနိစ္စ ပါတကား၊ ခန္ဓာဒုက္ခ ပါတကား၊ ခန္ဓာအနတ္တ ပါတကား"

တုမ္ဟေ-သင်ဒကာ ဒကာမအပေါင်းတို့သည်၊ အတ္တနော-မိမိ၏၊ သန္တာနေ-သန္တာန်၌၊ ဥပ္ပန္နံ-ဖြစ်ပေါ်၍ နေသော၊ ကုသလံ-ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်တရားကို၊ ဝိပဿိတွာ-အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ တင်ကာရှုနိုင်ကြကုန်သည်ဖြစ်၍၊ အနုတ္တရံ-အတုမရှိသော၊ ဝိမုတ္တိသုခံ-အရဟတ္တဖိုလ်ချမ်းသာကို၊ သစ္ဆိကရောထ- ကိုယ်ဆီကိုယ်၌ မျက်မှောက်-ပနိုင်ကြပါစေကုန်သတည်း။ (သာဓု သာဓု သာဓု-ပါဘုရား)။

ကိုင်း ဒီနေ့ပြုတဲ့ ကုသိုလ်ကို ရေစက်ချ အမျှဝေမယ်။

http://www.dhammadownload.com



(နေရာ နေ့ရက် မမှတ်မိတော့)

--ရွတ်ပါဗျာ အန္တရာယ်ကင်းပါတယ်၊ မင်းတို့ ဗမာပြည်ကလည်း အန္တရာယ်က အတော်များတာ၊ ဆိုင်ကယ်တွေကလည်း ကို့ရို့ကားရား ခွစီးတာ၊ သကြိန်ဆိုလည်း ကြည့်ပါလား၊ ဆိုင်လင်စာဆိုတာ အသံမပြည်အောင် သက်သက် တပ်တာကွ၊ အဲဒါကို အဲဒီဟာကို ဖြုတ်ပစ်တယ်၊ အဲ ဖြုတ်ပစ်ပြီးတော့ကို အဲဒီဟာကို အသံပိုပြီး မြည်အောင် လုပ်တယ်၊ မင်းတို့ ဗမာပြည်လောက် ညံ့တာ မရှိဘူး၊ ဟုတ်လား၊

ကြည့် ဟိုမှာ စက်ဘီးပူမှာ ဟိုဟာတွေ ဘာတွေက လမ်းဆုံတွေဘာတွေမှာ ကင်မရာတွေ ဘာတွေ တပ်ထားတယ်မဟုတ်လား၊ ကင်မရာတွေ တပ်ထားတယ်၊ ကားတွေ အရှိန်ပြင်းစွာ မောင်းရင် သူတို့ သတ်မှတ်ထားတဲ့ အရှိန်ထက် ကျော်မောင်းရင် အဲဒီ ကင်မရာက ဓာတ်ပုံရိုက်ထားတယ်၊ အဲဒီ ကင်မရာတွေကို လျှို့ဝှက်တပ်ထားတယ်၊ အခု ဒို့ဆီက တပ်တယ် ဘာတုန်း မီးပွိုင့်တွေမှာ တပ်တယ်၊ ဟုတ်လား၊ အဲဒါ ရွံ့နဲ့ ပက်ကျတာတဲ့၊ ဟုတ်လား၊ အဲဒါ အတော်ရိုင်းတဲ့ လူမျိုးပဲ၊ အဲဒီကင်မရာတွေကို ရွံ့နဲ့ ပက်ကျသတဲ့၊ အဲဒါ ဘာတုန်း ယာဉ်ထိန်းက ပြောတာပဲ၊ သူတို့ ကိုယ်တိုင်က ပက်သလား ဘာလားတော့ မသိဘူးပေါ့၊ ဟုတ်လား၊ ပြောတာ ကတော့ ယဉ်ထိန်းက ပြောတာပဲ ဟုတ်သလား မဟုတ်သလား ငါလည်း မသိပါဘူး၊ ဟုတ်လား၊ မီးပွိုင့်တွေမှာ ကင်မရာ တပ်မှန်းတောင် ငါက မသိဘူး၊ အဲဒါ မီးပွိုင့်တွေမှာ ကင်မရာတွေ တပ်တယ် ဘုရားတဲ့၊ အဲဒါ ဗမာတွေက ရွံ့နဲ့ ပက်တယ်တဲ့ ဟုတ်လား၊ အတော် စိတ်ပျက်စရာ ကောင်းတဲ့ နိုင်ငံပဲ၊

ကိုင်း မင်းတို့ ဒီမှာ အန္တရာယ်ကင်းဘို့အတွက် ဆွမ်းကျွေးတာ ဟုတ်လား၊

ကိုင်းလိုက်ဆိုစမ်း-ချမ်းသာသုခ၊ တစ်ခုမျှဩ၊ လောကအထု၊ အကုန်စု၏၊ ပုပုရွရွ၊ ဟူသမျှလည်း၊ သုခဘို့ချည်း၊ လုံ့လမှီး၏။

အဲဒါ သက်ရှိသတ္တဝါ ဟူသမျှ ကိုယ်ချမ်းသာဘို့ချည်း လုပ်တာ၊ ဟုတ်လား၊ မင်းတို့ ညအိပ်တဲ့ အခါ ခြင်ထောင် ထောင်ထားတယ်၊ ခြင်ထောင်မှာ မင်းတို့ ခြင်တွေဘာတွေ ကပ်မနေ ဘူးလား၊ အဲသူက ခြင်ထောင်ထဲ ဝင်ဖို့ကြိုးစားတာကွ၊ ဟုတ်လား၊ ခြင်ထောင်ထဲ ဝင်ပြီးတော့ မင်းတို့ အိပ်နေတဲ့ လူကို သွေးစုပ်မယ်ပေါ့၊ ဒါမှ သူက သူ့အာဟာရအတွက် ချမ်းသာမယ်၊ အဲဒါ သူ ချမ်းသာဘို့ အတွက် လုံ့လပြုတာတဲ့ အဲဒီလိုပဲ-

ပုပုရွရွ၊ ဟူသမျှလည်း၊ သုခဘို့ချည်း၊ လုံ့လမှီး၏-တဲ့

သတ္တဝါ မှန်သမျှဟာ အကုန်လုံး ကိုယ်ချမ်းသာဘို့ချည်း လုပ်နေကြတာ၊ ဟုတ်လား၊ အဲဒီ ချမ်းသာဘို့ချည်း လုပ်တဲ့အခါမှာ အတ္တသိပ်အားမကြီးရင် အဲဒီပုဂ္ဂိုလ် တော်တာပဲကွ၊ ဒို့ ဗမာပြည်ကတော့ အတ္တက သိပ်အားကြီးတယ်၊ ဟုတ်လား၊ မင်းတို့ လူကြီးတွေကစ အတ္တက အားကြီးတယ်၊ ဟုတ်လား၊ အတ္တက အားကြီးတော့ ဒီတော့ ဗမာပြည်က မတိုးတက်တာ၊ အဲဒါ အတ္တမာနတွေ အတ္တဒိဋ္ဌိတွေ လျှော့ပစ်ရင် တိုးတက်မယ်၊ ဟုတ်လား၊

ဘုရားရှင်ကတော့ "အဗျာပဇ္ဈံ သုခံ လောကေ"

http://www.dhammadownload.com



လောကေ-သတ္တဝါဟူသမျှ၌ (ဝါ) သတ္တလောကအပေါ်၌ (ဝါ) သတ္တဝါ အားလုံးအပေါ်၌၊ အဗျာပဇ္ဇံ-စိတ်မဆိုး အမျက်မထွက်ခြင်းဟာ၊ သုခံ-ချမ်းသာတယ်တဲ့။

အဲဒါ ဘုရားရှင်ရဲ့ ချမ်းသာတဲ့နည်းကတော့ သတ္တဝါ အချင်းချင်း စိတ်မဆိုး အမျက်မထွက်တဲ့ မေတ္တာနဲ့ နေမှ ချမ်းသာတာတဲ့၊

ကိုင်း လိုက်ဆိုစမ်း-စိတ်ဆိုးလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ဆိုကွာ သုံးခေါက်၊

အေး အဗျာပဇ္ဇံ သုခံ လောကေ-ဆိုတာ အချင်းချင်း စိတ်မဆိုးနဲ့ အမျက်မထွက်နဲ့တဲ့ အဲသလို နေမှ ချမ်းသာတာတဲ့၊

"ပါဏဘူတေသု သံယမော"

ပါဏဘူတေသု-သတ္တဝါအားလုံး အပေါ်မှာ၊ သံယမော-မညှဉ်းဆဲရဘူးတဲ့။

ကိုင်းလိုက်ဆို-ညှဉ်းဆဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ဆိုပေ့ သုံးခေါက်၊

အဲ-ပါဏဘူတေသု သံယမော-ဆိုတာ အဲဒါ ပြောတာ၊ အဲ ဒီတော့ ဘုရားရှင်က မေတ္တာ ကရုဏာ ဆိုတဲ့ ဗြဟ္မစိုရ်တရားနှစ်ပါးနဲ့ နေပါတဲ့၊ အဲဒီ ဗြဟ္မစိုရ်တရား နှစ်ပါးနဲ့ နေရင် ချမ်းသာတယ်၊ ဟုတ်ပြီလား၊ အဲဒီတော့ ဗြဟ္မစိုရ်တရား လေးပါးနဲ့ နေနိုင်ရင် ကောင်းတာပေါ့၊ လေးပါးလုံး မနေနိုင်ရင်တောင်မှ- အဗျာပဇ္ဇံ သုခံ လောကေ- ဆိုတဲ့ မေတ္တာ၊ ပါဏဘူတေသု သံယမော- ဆိုတဲ့ ကရုဏာ၊ အဲဒီ မေတ္တာကရုဏာဆိုတဲ့ ဗြဟ္မစိုရ်တရားနဲ့ နေထိုင်ပါ၊ နေထိုင်ရင် ချမ်းသာမယ်တဲ့၊

အဲဒီနည်းနဲ့ မိသားစုအားလုံးလည်း နေထိုင်ဘို့ လိုတယ်၊ ရပ်ကွက်သူ ရပ်ကွက်သား အားလုံးလည်း အဲဒီနည်းနဲ့ နေထိုင်ဘို့ လိုတယ်၊ တနိုင်ငံလုံးလည်း အဲဒီနည်းနဲ့ နေထိုင်ဘို့ လိုတယ်၊ အဲဒီနည်းနဲ့ နေထိုင်ရင် ဗမာပြည် ချမ်းသာမယ်၊ ဒီလို မဟုတ်ရင်တော့ ဗမာပြည် ဒီအတိုင်းချည်းပဲ သွားမှာ၊ ဟုတ်လား၊ အဲ အသက်တွေသာ ကြီးသွားတယ်၊ လွတ်လပ်ရေးရတဲ့ နှစ်တွေသာ များသွားတယ် တိုင်းပြည်က ဒါ ဒါပဲကွ၊ ဟုတ်လား၊

ဟော့ကောင် မင့်ညီက ငါ့ ပြောတယ်၊ သူက ဟိုရောက်တော့ စက်ာပူမှာ ငါနဲ့ တွေ့တာကို၊ ဆရာတော်! ဥရောပတိုက်တွေ လည်ပါဦးတဲ့၊ ဟ ငါ အဲသလောက် မတတ်နိုင်ပါဘူးကွ၊ စရိတ် မတတ်နိုင်ဘူးကွ၊ ဆရာတော် သိပ်မကုန်ဘူးတဲ့၊ တပည့်တော် သွားပြီးပြီတဲ့ ဟုတ်လား၊ တပည့်တော် နိုင်ငံတော်တော်များများ သွားခဲ့တယ်တဲ့၊ ဒေါ်လာ-၃၀၀၀-ကျော်လောက် ကုန်တယ်တဲ့၊ ဟုတ်လား၊ တခုတော့ ရှိတာပေါ့ဘုရားတဲ့၊ ဆရာတော် ဟိုကျတော့ အပျံစား ဟိုတယ်တွေတော့ မတည်းနဲ့တဲ့၊ ဟုတ်တယ်၊ အပျံစားဟိုတယ်တွေ တည်းရင် မရဘူး၊ အဲဒီ အပျံစားဟိုတယ်တွေ မတည်းဘဲ သင့်ရုံဟိုတယ်ပဲ တည်းရင် ဒေါ်လာ-၃၀၀၀-လောက်ဆို လောက်တယ်တဲ့၊ ဟုတ်လား၊ အဲ သူက အဲသလို ပြောတယ်၊

အဲသလို ပြောတော့ ငါက ဟိုဘက်နှစ်က သွားလိုက်တယ်၊ ဟုတ်ပါတယ် သူပြောတဲ့အတိုင်း၊ ငါကတော့ ဟိုတယ်တောင် မတည်းဘူး၊ ဘုန်းကြီးကျောင်းပဲ တည်းတာ ဟုတ်လား၊ ငါ့တပည့်တွေ

http://www.dhammadownload.com



ဘုန်းကြီးတွေ ရှိတယ်ကွ ပြင်သစ်မှာရော အီတလီမှာရော ဟုတ်လား၊ အင်္ဂလန်မှာရော တပည့် ဦးဇင်းတွေ ရှိတယ်၊ ဘုန်းကြီးကျောင်း ဟိုတယ်ပေါ့ကွာ၊ ဘုန်းကြီးကျောင်းဟိုတယ်တည်းတော့ ပိုပြီးသက်သာတာပေါ့၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား။

မောင်အောင်ဆန်းဝင်း ဟုတ်လား အောင်ဆန်းဝင်းလား? (မှန်ပါဘုရား)၊ တပည့်တော် တခေါက်ပြန်လာပြီတဲ့ ဟုတ်လား အဲဒီ ဥရောပနိုင်ငံတွေ လျှောက်လည် ပါဦးတဲ့ ဟုတ်လား၊ အဲ သူတို့ နိုင်ငံတွေမှာ ဘယ်လောက် တိုးတက်တယ် ဆိုတာ သိရတာပေါ့ကွာ၊ ဟုတ်လား၊

အေး အဲဒီနိုင်ငံတွေလို ဖြစ်ချင်ရင် ခုနက ပြောတဲ့ မေတ္တာ ကရုဏာဆိုတဲ့ ဖြဟ္မစိုရ်တရား နှစ်ပါးနဲ့ နေထိုင်၊ အဲဒီလို နေထိုင်ရင် ဥရောပနိုင်ငံတွေလို တိုးတက်မယ်၊ သူများနိုင်ငံမှာ မင်းတို့ တရက်တရက်ကို-၈-နာရီ အလုပ်လုပ်ရတယ်၊ ဒို့ဆီက ညီညွတ်မယ် ဆိုရင်မင်း-၈-နာရီ အလုပ်လုပ်ဖို့ မလိုဘူး၊- ၆-နာရီလောက် လုပ်ရင်ကိုပဲ ဒို့ဆီက လုံလောက်တယ်၊

မင်း ဒါ ပါကေးတွေမို့လား၊ ဘာသားတွေတုန်း? (ကျွန်းသားတွေပါ ဘုရား) ၊ဒါမျိုးတွေကို ခင်းပြီးထိုင်လို့ "အရှင်ဘုရားတို့ နိုင်ငံက ရွှေပေါ်မှာ ထိုင်တဲ့ လူတွေပဲ"တဲ့၊ ဟုတ်လား၊ ကျွန်းက သူတို့ဆီ သိပ်ရှားတာကွ၊ မရှိသလောက် ရှားတာ မင်း၊ ဟုတ်လား၊ အင်္ဂလန်ဆို ကျွန်းတပင်မှ မရှိဘူး၊ မင်း တိုက်တာတို့ ဘာတို့ ဆောက်ရင် တံခါးကျည်းခွေတို့ ဘာတို့ မလုပ်ရဘူးလား? (လုပ်ရပါ ဘုရား)၊ အဲဒီ ကျည်းခွေတို့ ဘာတို့ကို သူတို့ဆီက ကျွန်းတို့ ပိတောက်တို့ မလုပ်နိုင်ဘူး၊ ဟုတ်လား၊ ထင်းရှူးသား လုပ်ရတာ၊ ဒို့ဆီကတော့ ဗမာပြည်က ဘာပြောတုန်း ထင်းရှူးသား ခြကိုက်တယ် ပြောသလား မပြောဘူးလား? (ပြောပါဘုရား)၊ အဲ သူတို့ဆီက ထင်းရှူးသား ခြမကိုက်အောင် ပေါင်းတင်ပစ်လိုက်တာ၊ ဟုတ်လား၊ ပေါင်းတင် ပြီးတော့ အဲဒီထင်းရှူးသားကို တံခါးကျည်းခွေတို့ ဘာတို့ လုပ်ရတာ၊ ဟုတ်လား၊

ထင်းရှူးသားတောင် ဆရာတော်! တပည့်တော်တို့ အင်္ဂလန် ရှိတာမဟုတ်ဘူး၊ အရှေ့ ဥရောပကနေပြီးတော့ မှာရတာတဲ့၊ အင်္ဂလန်က အနောက်ဥရောပကွ၊ ငါသွားတုန်းက ဆရာဝန် ဒေါက်တာ မြင့်သိန်းလား၊ အဲဒီဆရာဝန် ဒေါက်တာမြင့်သိန်းက ဆွမ်းပင့်ကပ်တော့ သူ့ဆီမှာ အဲဒီ ထင်းရှူးသားလေးတွေ ထောင်ထားတာမြင်တော့ ငါက မေးတာ "မင်း ဒါတွေ ဘာလုပ်မလို့လဲကွ"လို့၊

ဒေါက်တာ။ ။ ဆရာတော်! တပည့်တော် အားကစားရုံကလေး ဆောက်မလို့ ဘုရားတဲ့၊ အဲဒါ တံခါး ကျည်းခွေ ဘုရားတဲ့၊

ဆရာတော်။ ။ ဟ-မင်း အသားတွေက ကျွန်းမဟုတ် သစ်မာမဟုတ်ပါလားလို့ ဆိုတော့၊

ဒေါက်တာ။ ။ ဆရာတော် တပည့်တော်တို့ အင်္ဂလန်မှာ ကျွန်းတို့ သစ်မာတို့ မရှိဘူး ဘုရားတဲ့၊

ဟုတ်လား၊ အဲ ကြည့်ချင်ရင် ပြတိုက်သွားကြည့်ရမှာ ဟုတ်လား၊ သူများနိုင်ငံမှာ ကျွန်းတို့ ပိတောက်တို့ဆိုတဲ့ သစ်သားတွေ သိပ်ရှားတာကွ၊ ဒို့ဆီကတော့ ကြည့် ဒါတွေကို ပါကေး လုပ်ပြီးတော့

http://www.dhammadownload.com



ထိုင်တယ် ဟုတ်လား၊ ကနေဒါတို့ ဘာတို့ လာရင် ဒီလိုဟာတွေ မြင်လို့ရှိရင် သူတို့က ဟာ-ရွှေပေါ် ထိုင်တာပဲတဲ့ ဟုတ်လား၊ သူတို့ဆီမှာ ဟုတ်တယ် တကယ်ကို ရှားတယ်၊ ဒို့နိုင်ငံ သဘာဝ အနေနဲ့ သိပ်ပြီး အလားအလာ ကောင်းတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ မတိုးတက်သလဲဆိုရင် ခုနက ပြောသလို မေတ္တာ ကရုဏာနဲ့ မနေလို့ ဟုတ်လား၊ အချင်းချင်း ရန်ဖြစ်နေလို့ မတိုးတက်တာ၊

ကိုင်း ဒီနေ့တော့ မင်းတို့က မေတ္တာ ကရုဏာ မေတ္တာသုတ်လည်း ရွတ်ပြီးပြီ၊ ဟုတ်လား၊ ဒီကနေ့ လုပ်တဲ့ကုသိုလ် ရေစက်ချ အမျှဝေရအောင်။

http://www.dhammadownload.com



## ၁၃၇၀-ခု၊ ပြာသိုလ်လ တမွဝတီရပ်မှ
## မူလတန်းကျောင်းဆောင် လှူဒါန်းပွဲ ရေစက်ချ

ကိုင်း နည်းနည်းနားထောင်၊ ဆရာဇော်ဂျီက မင်းတို့ ကဗျာတပုဒ် ရေးထားတယ်၊ မင်းတို့ လူငယ်တွေအတွက် ဟောမှာ၊ သူ့ရဲ့ကဗျာက အင်မတန် ကောင်းတယ်၊ ပထမ ကဗျာကို သံဝေဂနဲ့ ဖွင့်ထားတယ်၊

"လူ့ပြည်လောက၊ လူ့ဘဝကား၊ အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည်း"တဲ့၊

အဲဒါ မင်းတို့ ဆရာဇော်ဂျီက ကဗျာကို သံဝေဂနဲ့ ဖွင့်တာခေါ်တယ်၊ ဘာဖြစ်လို့ သံဝေဂနဲ့ ဖွင့်ရသလဲဆိုရင် အတ္တမာန အတ္တဒိဋ္ဌိတွေ နည်းအောင် သံဝေဂနဲ့ ဖွင့်လိုက်တယ်၊ ကဗျာကို သံဝေဂနဲ့ ဖွင့်ပြီးတော့မှ မသေခင်လုပ်ရမယ့် လုပ်ငန်းစဉ်ကို သူ့ကဗျာထဲမှာ ရေးသွားတယ်၊

"သို့တပြီးကား၊ သင်သေသွားသော်၊ သင်ဖွားသည့်မြေ၊ သင်တို့ပြည်သည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏"၊

တနေ့တော့ သေမှာပဲတဲ့ အဲဒီတော့ မသေခင် ဘာလုပ်ရမလဲဆိုရင်-သင် ဖွားသည့် မြေ-တဲ့၊ ကိုယ့်ဇာတိ ကျေးရွာ ကိုယ့်ဇာတိရပ်ကွက် ကိုယ့်ဇာတိမြို့ အခြေအနေ တိုးမြင့် အောင် လုပ်ကြတဲ့၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြတဲ့ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

သင်တို့ပြည်သည်-တဲ့၊ သင်တို့ပြည်ဆိုတာ ဗမာ ပြည်တပြည်လုံးပေါ့ကွာ၊ မင်းတို့ ဗမာပြည် ဆိုတာ တဘက်က အိန္ဒိယရှိတယ်၊ တဘက်က တရုတ်ရှိတယ်၊ တဘက်က ယိုးဒယားရှိတယ်၊ အဲဒီကြားက နိုင်ငံကို မြန်မာနိုင်ငံလို့ ခေါ်တယ်၊ ခေါ်သလား မခေါ်ဘူးလား? (ခေါ်ပါဘုရား)၊

အဲဒီ မြန်မာနိုင်ငံကြီး တနိုင်ငံလုံးလည်း အခြေအနေ တိုးမြင့်အောင်လုပ်ကြတဲ့၊ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ကြတဲ့၊ မင်းတို့ ဆရာဇော်ဂျီက ကဗျာရေးပြီးတော့ မှာသွားတယ်၊ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

အခု မင်းတို့ ဒီမှာ ဒကာမကြီး မူလတန်းကျောင်းဆောက်တာ၊ အင်မတန် ကောင်းတယ် ဟုတ်လား၊

နေမည့်သူ မရှိတဲ့နေရာ သွားပြီးတော့ ကျောင်းဆောက်တယ်၊ အဲဒီမှာ နေတဲ့ဘုန်းကြီးလည်း မရှိပါဘူး ဟုတ်လား၊ တနှစ်ပတ်လုံး ကျောင်းတွေ ပိတ်ထားရတယ်၊ အဲဒီနေရာ သွားကျောင်းဆောက် ဘာအဓိပ္ပာယ်ရှိမတုန်း၊

ဒီတော့ ခုလို တကယ်လိုအပ်တဲ့ နေရာ ကျောင်းဆောက်ပေးရင် မကောင်းဘူးလား? (ကောင်းပါဘုရား)၊ တကယ်လိုအပ်တဲ့ နေရာမှာ ဆောက်ရင် မူလတန်းကျောင်းဆိုတာ တကယ် လိုအပ်တာပဲ၊ ကျောင်းသားတွေ ရှိပြီးတော့ ကျောင်းက မကောင်းဘူး မိုးရွာရင် အစိုပေါ့၊ နေပူရင် အခြောက်ပေါ့၊ ဟုတ်လား၊ အဲ အဲသလို သင်နေရတဲ့ မူလတန်းကျောင်း၊ အဲဒါကို ကိုယ်က တတ်နိုင်တော့ ပြင်ပေးလိုက်တော့ ကောင်းတာပေါ့၊ အဲ ဒို့ဗမာပြည်မှာ အဲဒါတွေ အများကြီး လိုတယ်၊

http://www.dhammadownload.com



မင်းတို့ ဒို့တိုက်ထဲမှာ ကိုရီးယားကျောင်းဆောင် ရှိတယ်၊ အဲဒီကိုရီးယား ကျောင်းအမကြီး ဘယ်လောက် တော်သလဲ ကြည့်၊

ဒီကိုရီးယား ကျောင်းအမကြီးက ဒို့ရွာနားမှာ သာစည်ရွာဆိုတာ ရှိတယ်၊ အဲဒီမှာ အထက်တန်းကျောင်း လိုနေတယ်၊ ပညာရေးဝန်ကြီးက ငါ့ဆီ လာတယ်၊ လာတော့ ငါက

"မောင်ပညာရေးဝန်ကြီး ဒို့ရွာနားမှာ တွံဘက်အထက်တန်းကျောင်း လိုနေတယ်၊ အဲဒီ တွံဘက် အထက်တန်းကျောင်းမှာ ကျောင်းသားများတယ်၊ မှီခိုတဲ့ ရွာက (၁၇)ရွာတောင် ရှိတယ်၊ အဲဒီနားက ကျောင်းသူ ကျောင်းသားတွေ အဲဒီရွာကို လာပြီး ကျောင်း တက်ကြတယ်၊ အဲဒီ ကျောင်းသူ ကျောင်းသားတွေရဲ့ မိဘတွေကို အလှူခံပြီး ဆောက်မယ်ဆိုရင် ကျောင်းက ဘယ်တော့မှ ပြီးမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့တုန်း ငွေတထောင်ထည့်ဖို့ သူတို့မှာ အင်မတန် ခဲယဉ်းတယ်၊ တကယ်လို့ အဲဒီနေရာမှာ လိုအပ်နေပါရင် မင်းတို့ အစိုးရက ကျောင်းဆောက်ပေး"လို့ မောင်ပညာရေးဝန်ကြီးကို ပြောလိုက်တယ်၊

"ဆရာတော်!တဲ့ တပည့်တော်က တနှစ်တည်း သိန်းပေါင်း လေးရာငါးရာချပေးလို့ မရဘူးတဲ့၊ တပည့်တော်က သိန်းတရာလောက်ပဲ ချပေးနိုင်မယ်၊ အဲဒီတော့ ဒီလိုလုပ်မယ်ဘုရားတဲ့၊ တနှစ်ကို သိန်းတရာချပေးမယ်၊ သုံးနှစ်ပြည့်တော့ သိန်းသုံးရာတန် ကျောင်းကြီးတဆောင် ပြီးရောပေါ့တဲ့၊ ဆရာတော်က ကြွတ်မတ် ဆောက်ပေးပါတဲ့၊ ဒါတွေကို ဒကာ ဒကာမတွေ လက်ထဲ ပေးလိုက်မယ် ဆိုရင် သိန်းတရာ ထုတ်ပေးပေမယ့် သိန်းတရာတန်တဲ့ အဆောက်အဦး တပည့်တော်တို့ ရမှာ မဟုတ်ဘူးတဲ့၊ စားကျ သောက်ကျနဲ့ အဲဒါ သိန်းတရာတန် အဆောက်အဦးရရင် ကံကောင်းတဲ့၊ ဒီတော့ ဆရာတော်က ကြွတ်မတ်ပြီးတော့ ဆောက်ပေးပါတဲ့၊ တပည့်တော်က နှစ်စဉ်နှစ်စဉ် သိန်းတရာတရာ ထုတ်ပေးပါ့မယ်"တဲ့၊ သူက တာဝန်ယူသွားတယ်၊ သူနဲ့ငါ သဘောတူညီချက် ရထားတာပေါ့ကွာ၊

"အေး အဲဒီစနစ် ကောင်းတယ်ကွာ၊ မင်း အဲဒီလို လုပ်မယ်"ဆိုပြီးတော့ ပထမအရစ် ထုတ်ပြီး သိန်းတရာတောင် မပြည့်သေးဘူး သိန်းခုနစ်ဆယ်နဲ့ ဒီ အုပ်မြစ်တွေ ဘာတွေချ၊ အုပ်မြစ်တောင် ပေါ်လာပြီပေါ့၊ အဲဒီအချိန် မောင်ပညာရေး ဝန်ကြီးက ပြုတ်သွားတယ်၊ မောင်သန်းအောင်လေ၊ ပညာရေးဝန်ကြီး မောင်သန်းအောင် လက်ထက်က ဟုတ်လား၊ သူက ပြုတ်သွားရော၊ ဒို့ကလည်း အုပ်မြစ်ချပြီး အုပ်မြစ်က မြေပေါ်တောင် ပေါ်လာပေါ့၊

ဟ ဒါကြီ ကျောင်းသားမိဘတွေ အလှူခံပြီး ဆောက်ရင်တော့ ဘယ်တော့မှ ပြီးမှာ မဟုတ်တော့ဘူး၊ ငါ့ ကိုရီးယားကျောင်းအမကြီးက လာတယ်၊ လာတော့ကို အဲဒီအကြောင်း ပြောပြတယ်၊ ပြောပြတော့ "ဆရာတော် စိတ်မပူနဲ့တဲ့၊ တပည့်တော်မ ဆောက်ပေးမယ်"တဲ့၊ သူက ဒေါ်လာသုံးသောင်း တခါတည်း လှူသွားတယ်၊ ဒေါ်လာသုံးသောင်း ဆိုတော့ ပြီးတာပေါ့ကွ၊ ပြီးသလား မပြီးဘူးလား? (ပြီးပါဘုရား)၊ မင်းတို့ ဒေါ်လာငွေက တန်ဖိုးရှိတယ်မို့လား၊ အေး ဒေါ်လာသုံးသောင်းဆိုတော့ အဲဒီ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းပေါ့ကွာ ပြီးသွားတယ်၊

အဲ ပြီးသွားတော့ကို ဒေါ်လာသုံးသောင်းက မကုန်သေးတဲ့အတွက် ဒို့ဇာတိရွာမှာ မူလတန်း

http://www.dhammadownload.com



လွှန် ကျောင်းတကျောင်း ဆောက်ပေးလိုက်တယ်၊ အဲ ဇာတိရွာမှာလည်း မူလတန်းလွှန်ကျောင်း ရတယ်၊ ဇာတိရွာနဲ့ နီးတဲ့ သာစည်ရွာမှာလည်း တွဲဘက် အထက်တန်းကျောင်း ရတယ်၊ အဲဒါ မင်းတို့ ကိုရီးယားကျောင်းအမကြီးက လှူတာဗျ။

နောက် နတ်မောက်နယ်မှာ ပေပင်ကုန်းဆိုတဲ့ရွာ ရှိတယ်၊ အဲဒီ ပေပင်ကုန်းရွာ ကလည်း ဒီလိုပဲ မွဲတယ်၊ တိုင်ထူပြီး ဒုက္ခရောက်သွားအောင် လုပ်သွားကြတာ၊ အဲဒါ ဆယ်နှစ် ရှိပြီတဲ့၊ ဒီအတိုင်းပဲ တပည့်တော်တို့ လုံးဝဆက်ပြီးတော့ မဆောက်နိုင်ဘူးတဲ့၊ ဆရာတော် ကုသိုလ်ရှင် ရှာပေးပါတဲ့၊ အဲဒီရွာက ဘုန်းကြီးက ဦးဇင်းဆီ အကူအညီ တောင်းတယ်၊

ဒီတော့ ဒကာမကြီးက ရောက်နေတော့ "ဒကာမကြီး! ဒီလိုဖြစ်နေပြန်ပြီ ဆောက်မလား" ဆိုတော့ "ဆရာတော် ဆောက်မယ်တဲ့၊ တပည့်တော် ကိုရီးယား ပြန်ရောက်သွားရင် ဒေါ်လာ ပို့လိုက်မယ်၊ ဆရာတော် ဆောက်ပေးလိုက်ပါ"တဲ့၊

သူက အဲဒီလို တာဝန်ယူတဲ့အတွက် နတ်မောက်နယ်က ပေပင်ကုန်းရွာမှာလည်း မူလတန်း ကျောင်းတကျောင်း ဆောက်ပေးလိုက်တယ်၊ ဟုတ်လား၊ အဲဒါလည်း အခု ပြီးသွားပြီ နော်၊ အေး အဲဒါ မှန်တယ်ကွ၊ ဟုတ်လား၊

ဒီ ကိုရီးယားကျောင်းအမကြီးကို ငါက ရွာထိအောင်ခေါ်သွားတယ်၊ ကားနဲ့ ရွာထိအောင် ခေါ်သွားတော့ တံတားတခု ကားကူးလိုက်တော့ကို သူက သိတယ်၊ "ဆရာတော်! ဒီတံတား မကောင်းတော့ဘူးတဲ့၊ ဒီတံတား တပည့်တော်မ ကွန်ကရစ်တံတား ပြင်ပေ့ါမယ်တဲ့၊ အဲဒီတော့ ခဏလေးရပ်ပြီး ကြည့်ပါ"ဆိုတော့ ဟုတ်ပါတယ်၊ တံတားက မကောင်းတော့ဘူး၊ အသားတံတားကို ဟုတ်လား၊ အဲဒီတော့ မကောင်းတော့ဘူး၊ ဒီတံတား တပည့်တော်မ ကွန်ကရစ်တံတားပြင်ပေးပေ့ါမယ် ဆိုပြီးတော့ကို သူက တာဝန်ယူတယ်၊ အဲဒီတံတားလည်း အခု ပြီးသွားပြီ၊ အေး အဲဒါ မှတ်ထား၊

"သို့တပြီးကား၊ သင်သေသွားသော်၊ သင်ဖွားသည့်မြေ၊ သင်တို့ပြည်သည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏"လို့ ဆရာဇော်ဂျီက ရေးခဲ့တဲ့အတိုင်း ကိုယ့်မြန်မာနိုင်ငံ အတွင်းမှာ အခြေအနေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြတဲ့ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊ အေး အဲဒါ မှတ်ထား၊

ကျောင်းဆောက်ပြီး လှူဒါန်းတယ်ဆိုတာ ဘုန်းကြီးကျောင်းဆောက် လှူဒါန်းမှ ကုသိုလ်ရတာ မဟုတ်ဘူး၊ အဲဒီလို ပညာရေးကျောင်းတွေ ဘာတွေ ဆောက်လှူဒါန်း။

မင်းတို့က သံဃိကအလှူလို့ဆိုရင် မင်းတို့ စိတ်ထဲမှာ ဘုန်းကြီးတွေချည်းပဲ မြင်နေတယ် ဟုတ်လား၊ သံဃိကဆိုတာ တခြားပြောတာမဟုတ်ဘူး၊ အများစုအား လှူတာကို သံဃိကလို့ခေါ်တယ် ဟုတ်လား၊ သံဃဆိုတာ အစုအပေါင်းပဲ၊ အဲဒီ အစုအပေါင်းကို လှူလိုက်တာ သံဃိကပဲ၊

အေး ဒါကြောင့်မို့လို့ ဘုန်းကြီးကျောင်းတွေ လှူတာတော့ လှူပေ့ါ မလှူရဘူးလို့ မပြောပါဘူး၊ သို့သော် မလိုအပ်ဘူးဆိုရင်တော့ မဆောက်တာ ကောင်းတယ်၊ အေး ဘုန်းကြီးတွေကတော့ မင်းတို့ လာဆောက်ရင် သူတို့က လက်ခံမှာပဲ၊

http://www.dhammadownload.com



သူတို့လည်း စဉ်းစားဖို့တော့ ကောင်းတယ်၊ ကျောင်းတွေများရင် တံမြက်စည်း လှည်းရတာ တောင် ဒုက္ခများသေးတယ်၊ ဟုတ်လား၊ ပရိသတ်မရှိဘဲနဲ့ ဆိုရင် ကျောင်းမဆောက်တာ ကောင်းတယ်၊ ဟော့ကောင်တွေ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊ အဲဒါ ပရိသတ်မရှိရင် ဘာကျောင်းဆောက်ဖို့ လိုလဲ၊ ဟုတ်လား၊ တပါးရှိ တပါးနေလောက် မဖြစ်ဘူးလား၊ (ဖြစ်ပါဘုရား)၊ ဆယ်ပါးရှိရင် ဆယ်ပါးနေလောက် ပြီးတာပဲ၊ ဒို့ဗမာပြည် လှူတဲ့တန်းတဲ့ နေရာမှာ မင်းတို့ ပြင်ဆင်ဘို့ လိုအပ်ပြီ၊

ခုနက ပြောသလို ကိုယ့်ရပ်ကွက်အတွင်းမှာ မူလတန်းကျောင်း စုတ်ပြတ်နေတယ် ဆိုရင် အဲဒီမူလတန်း ကျောင်းလေးကို ပြင်ပြီးတော့ ဆောက်ပေးပါ၊ အဲဒါလည်း ကုသိုလ်ပါပဲ၊ အဲဒါလည်းပဲ သံဃိကဒါနပါပဲ၊ ဟုတ်လား၊ အများအစုအပေါင်းကို လှူရတဲ့ ဒါနဖြစ်တဲ့ အတွက် အဲဒါလည်းပဲ သံဃိကဒါနပဲ၊

ကဲ လိုက်ဆို၊"လူ့ပြည်လောက၊ လူ့ဘဝကား၊ အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည်း၊ သို့တပြီးကား၊ သင်သေသွားသော်၊ သင်ဖွားသည့်မြေ၊ သင်တို့ပြည်သည်၊ အခြေတိုးမြင့်၊ ကျန်ကောင်း သင့်၏၊ သင်၏မျိုးသား၊ စာစကားလည်း၊ ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏၊ သင်ဦးချ၍၊ အမွှေဝေရာ၊ စေတီသာနှင့်၊ သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျှက်ဝင်လျှက် ကျန်စေသတည်း"၊

ဆရာဇော်ဂျီရဲ့ ကဗျာအတိုင်း ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် မင်းတို့ မှတ်ထား အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာဆိုတဲ့ ကောင်းပင်စိုက်ပျိုးမှ ဖွံ့ဖြိုးတိုးတက်မယ်၊

အေး ညီညွတ်တယ်ဆိုတာ မေတ္တာကွ၊ ညီညွတ်တယ်ဆိုတာ ဘာတဲ့လဲဟေ့? (မေတ္တာပါ ဘုရား)၊ မေတ္တာဆိုတာ ကုသိုလ်ခေါ်တယ်၊ မေတ္တာက ဘာတဲ့တုန်း? (ကုသိုလ်ပါဘုရား)၊ အဲ ကုသိုလ်ဆိုတာ ကောင်းပင်ဗျ၊ ကုသိုလ်က ဘာပင်တုန်း? (ကောင်းပင်ပါ ဘုရား)၊ ညီညွတ်တဲ့ မေတ္တာကောင်းပင် စိုက်ပျိုးရင် ကောင်းကျိုးရမယ်၊

ကဲ လိုက်ဆိုစမ်း၊"ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောက ဓမ္မတာ" ကဲ ဆိုစမ်း သုံးခေါက်၊

ကဲ အဲဒါ မှတ်ထား၊ ညီညွတ်တဲ့ မေတ္တာဆိုတဲ့ ကောင်းပင်စိုက်ပျိုးရင် ကောင်းကျိုး ရမယ်၊ မင်းတို့ ဗမာပြည် ကောင်းကျိုးမရဘူး၊ လမ်းတွေ မကောင်းဘူး၊ ကောင်းရဲ့လား? (မကောင်းပါဘုရား)၊ မကောင်းတာ မကောင်းဘူးပေါ့ကွ၊ ဘာ မင်းကြောက်စရာလိုတုန်း၊ ဒီလောက်တော့ ပြောရဲရမှာပေါ့၊ ဟုတ်လား၊ လမ်းတွေ မကောင်းဘူး၊ လျှပ်စစ်မီးတွေ မလုံလောက်ဘူး၊ လုံလောက်ရဲ့လား? (မလုံလောက်ပါ ဘုရား)၊ မင်းတို့ ဗမာပြည် လွတ်လပ်ရေးရတာ ကြာလှပြီ မင်းတို့ နှစ်သက်လောက် ရှိပြီ၊ ခြောက်ဆယ်ကျော်နေပြီ လွတ်လပ်ရေးရတာ။ မင်း အလားအလာကလဲ အင်မတန်ကောင်းတဲ့ နိုင်ငံဗျ၊ ဟုတ်လား၊ မင်းတို့ ဗမာပြည်လောက် အလားအလာ ကောင်းတဲ့နိုင်ငံ ကမ္ဘာပေါ် ရှားတယ်၊ မရှိသလောက် ရှားတယ်၊

အမေရိကန်တို့ အင်္ဂလန်တို့ တိုးတက်တယ်လို့ ဆိုတယ်၊ ဘယ်လောက် တိုးတက်တိုးတက်

http://www.dhammadownload.com



သူတို့နိုင်ငံမှာ ကျွန်းပင် တပင်မှ မရှိဘူး၊ ဟုတ်လား၊ ဒို့ဗမာပြည် ကျွန်းပင် ပေါသလား မပေါဘူးလား? (ပေါပါဘုရား)၊ မင်း မတ္တရာသွားရင်ကိုပဲ လမ်းဘေးမှာ ကျွန်းပင်တွေသလား မတွေ့ဘူးလား၊ အဲ မေမြို့သွားရင်ကော ကျွန်းပင် တွေ့သလား မတွေ့ဘူးလား? (တွေ့ပါဘုရား)၊ ဒို့ဗမာပြည် ကျွန်းပင် ပေါလိုက်တာ၊ ခုနက ပြောတဲ့ အမေရိကန်တို့ အင်္ဂလန်တို့ တိုးတက်ပါတယ်၊ ဒို့ထက် တိုးတက်တယ်၊ ဒါပေမယ့် ကျွန်းပင် မရှိဘူး၊ ပိတောက်ပင် မရှိဘူး၊ ဟုတ်လား၊ သစ်ရာပင် မရှိဘူး၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား၊

မင်းတို့ ဗမာပြည် သိပ်အလားအလာ ကောင်းတာ၊ အလားအလာ ကောင်းလျက် ဘာကြောင့် မဖွံ့ဖြိုး မတိုးတက်သလဲ စစ်တမ်းထုတ်ကြည့် ငါပြောတဲ့ အတ္တမာန အားကြီးတယ်၊ ဘာအားကြီးတုန်း? (အတ္တမာနပါဘုရား)၊ အတ္တဒိဋ္ဌိ အားကြီးတယ်၊ ဘာအားကြီးတုန်း? (အတ္တဒိဋ္ဌိ အားကြီးပါဘုရား)၊

အဲ အတ္တမာန အတ္တဒိဋ္ဌိဆိုတာ အကုသိုလ်ကွ၊ ဘာတဲ့တုန်း? (အကုသိုလ်ပါဘုရား)၊ အကုသိုလ်ဆိုတာ ဆိုးပင်ခေါ်တယ်၊ အကုသိုလ်ဆိုတာ ဘာခေါ်တုန်း? (ဆိုးပင်ပါဘုရား)၊ ကိုင်း အတ္တမာန အတ္တဒိဋ္ဌိဆိုတဲ့ ဆိုးပင်စိုက်ပျိုးတော့ ဘာအကျိုးရမတုန်း? (ဆိုးကျိုး ရမှာပါဘုရား)၊ ဆိုးကျိုးပဲရမှာပေ့ါ၊

ကိုင်းဆိုစမ်း၊"ဆိုးပင်ပျိုးက ဆိုးကျိုးရ လောကဓမ္မတာ"၊ ဆိုစမ်းဟေ့သုံးခေါက်၊

အဲ အဲဒါ မှတ်ထား၊ မင်းတို့ ဗမာပြည် ဘယ်လောက်ထိ ဖြစ်နေသလဲဆိုရင် အခု မင်းတို့ အသံချဲ့စက် ကြည့် ဟုတ်လား၊ ဒါ နိုင်ငံခြားက ဝယ်တာ၊ စပီကာက မကောင်းဘူး မဟုတ်လား၊ အဲဒီတော့ ဒီတနိုင်လုံး သွင်းမှ မသွင်းဘဲကို မသွင်းတော့ မရှိဘူး၊ မသွင်းတော့ ဓာတ်ခဲတွေ အဲဒီ ဓာတ်ခဲတွေကို ဖြစ်သလို လုပ်ထားတာ၊ အေး မင်းတို့ ဗမာပြည် စက်သာရှိပြီး စပီကာ ဝယ်မရဘူး၊ ဟုတ်လား၊ ကဲ ဒါ မင်းတို့က ဖွံ့ဖြိုးတိုးတက်သည်လို့ ဆိုချင်သေးလား? (မဆိုချင်ပါဘုရား) အဲ မဆိုနဲ့၊ သူတို့ ဘယ်လောက်ဆိုဆို မဆိုနဲ့၊ ဟုတ်လား၊ သူတို့ ဘယ်လောက်ပဲ ပြောနေနေ ဒီမှာ ဓာတ်ခဲတခဲ ဘက်ထရီတခုတောင် ဝယ်လို့ရတာ မဟုတ်ဘူး၊ ဟုတ်လား၊ အဲဒါမှတ်ထား၊ မဖွံ့ဖြိုးတာ ဘာကြောင့်လဲဆိုရင် ဆိုးပင်စိုက်ပျိုးလို့၊ ဘာဖြစ်လို့တုန်း? (ဆိုးပင်စိုက်ပျိုးလို့ပါ ဘုရား)၊ အဲ ကောင်းပင်စိုက်ပျိုးရင် ကောင်းကျိုးမရဘူးလား? (ရပါဘုရား)၊

ကဲဆို"ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ" ဆိုစမ်းဟေ့ သုံးခေါက်၊

အဲ ဒီနေ့ မင်းတို့ မူလတန်းကျောင်း ဆောက်ပြီးတော့ ကောင်းပင်စိုက်ပျိုးတာ၊ ဒါနကုသိုလ် ကောင်းပင် စိုက်ပျိုးတဲ့အတွက် ဘာအကျိုးရမလဲ? (ကောင်းကျိုးပါ ဘုရား)၊ ကဲ အဲဒီ ရတဲ့ ကောင်းကျိုးကို ရေစက်ချ အမျှဝေရအောင်။ ။

http://www.dhammadownload.com



## ၁၃၇၁-ခု မစိုးရိမ်တိုက်သစ် အာစရိယပူဇော်ပွဲ ဩဝါဒ
## သီတင်းကျွတ်လဆန်း (၈)ရက်
## "စံပြခေါင်းဆောင် ဖြစ်အောင် ကြိုးစားကြ"

ကဲ မင်းတို့ မနှစ်ကလည်းပဲ ဆရာပူဇော်ပွဲ ကန်တော့ပွဲ လုပ်ပြီ၊ ဟိုဘက်နှစ်တွေ ကလည်း လုပ်တယ်၊ အဲဒီ ဒီကန်တော့ပွဲတွေ ဖြစ်ပေါ်လာတာက မင်းတို့ ပါရာဇိကဏ် အဋ္ဌကထာမှာ အရိယူပဝါဒ-အဖွင့်မှာ အဲဒီ အဖွင့်မှာ ပါတယ်၊

အဲဒီ ပါရာဇိကဏ် အဋ္ဌကထာမှာက ရဟန်းတပါးနဲ့ ကိုရင်လေး ရွာထဲ ဆွမ်းခံ သွားကြတယ်၊ မနက်စောစော အဲဒီလို ဆွမ်းခံသွားတော့ ဒကာ,ဒကာမတွေက ယာဂုဆွမ်း လောင်းလိုက်တယ်၊ ဆန်ပြုတ် လောင်းလိုက်တယ် ပူပူနွေးနွေး။ ရဟန်းက သူ့မှာ လေနာ ရှိတယ်၊ အစာအိမ်ရောဂါ ရှိတယ်၊ အစာအိမ်ရောဂါရှိတော့ ဒီ အနေတော် ပူနွေးနေတဲ့ ယာဂုလေး သောက်ရင် အစာအိမ် ရောဂါက နည်းနည်းသက်သာတယ်၊ အဲဒါ သိတော့ကို ရဟန်းက လမ်းဘေးက သစ်တုံးပေါ်မှာ ထိုင်ပြီးတော့ အဲဒီ ယာဂုကို ဘုဉ်းပေးတယ်၊ အဲဒီလို ဘုဉ်းပေးတော့ နောက်က ကိုရင်က မကျေနပ်ဘူး၊

"ဒီ ရဟန်းကြီးနယ်နော် ငါတို့ကို အရှက်ခွဲလိုက်တာ၊ ဘယ့်နှယ် အခြေမဲ့ အနေမဲ့တွေ ထိုင်တဲ့ လမ်းဘေး သစ်တုံးပေါ်မှာ ထိုင်ပြီးတော့ ယာဂုဆွမ်း ဘုဉ်းပေးရတယ်"လို့ ကိုရင်ငယ်က ရဟန်းရဲ့ အပြုအမူကို မကျေနပ်တော့ စိတ်ထဲကနေပြီးတော့ သူက အပြစ်တင်လိုက်တယ်ပေါ့၊ ပြစ်မှား လိုက်တယ်ပေါ့၊ အေး အဲသလို ပြစ်မှာတော့ ရဟန်းက ချက်ချင်းသိတယ်၊ ဘာဖြစ်လို့တုန်း၊ သူက ပရစိတ္တဝိဇာနန အဘိညာဉ်ရပြီးသား ရဟန္တာ ပုဂ္ဂိုလ်မို့၊ သူတပါးစိတ်ကို သိတဲ့ ရဟန္တာပုဂ္ဂိုလ် ဖြစ်တဲ့အတွက် အဲဒီ ကိုရင်ပြစ်မှား လိုက်တာကို ချက်ချင်းသိတယ်၊ သိတော့ ယာဂုဘုဉ်းပေးပြီးတော့ ဆက်ပြီး ဆွမ်းခံသွား ကြတယ်လို့ ဆိုပါစို့၊

အဲဒီလို ဆွမ်းခံသွားတော့ကို ရဟန်းက ကိုရင့်ကို မေးတယ်၊ ဟဲ့ ကိုရင် မင်း သာသနာမှာ ထောက်တည်ရာ ရပြီလား၊ အဲသလို မေးတယ်၊ အဲသလို မေးတော့ မှန်ပါဘုရား တပည့်တော် တမဂ်,တဖိုလ် ရပြီးသားပါဘုရား၊ အေး ရဟန်းက မေးတာကလည်း ဒါပဲ၊ မင်း တမဂ်,တဖိုလ် ရပြီးသားလား၊ အဲဒါ မေးလိုရင်း၊ အဲလို ကိုရင် တမဂ်,တဖိုလ် ရပြီးသားပါ၊ ထောက်တည်ရာ ရပြီးသားပါလို့ ဖြေတော့ ရဟန်းတော်က ကိုရင် မင်းဆက်ပြီး အားမထုတ်နဲ့ မင်း အထက်မဂ် အထက်ဖိုလ် မရနိုင်တော့ဘူး၊ ဘာဖြစ်လို့လည်း ဆိုတော့ "အရိယူပဝါဒ" အရိယာကို စွပ်စွဲကဲ့ရဲ့တဲ့ကံ ထိုက်သွားပြီ၊ အဲဒီကံ ထိုက်သွားတဲ့ အတွက် မင်းအထက်မဂ် အထက်ဖိုလ် မရနိုင်ဘူး၊ ဆက်ပြီးတော့ အားမထုတ်နဲ့။

အေး ကိုရင်က သောတာပတ္တိမဂ်ဖိုလ်တော့ ရပြီးသား၊ ဒါပေမယ့် အရိယာပုဂ္ဂိုလ်ကို သွားပြီးတော့ စွပ်စွဲကဲ့ရဲ့တဲ့အတွက် အဲဒီ အပြစ်ဒဏ်ကြောင့် မင်းအထက်မဂ် အထက်ဖိုလ် ဆက်ပြီး အားမထုတ်နဲ့တော့ မင်းမှာ မရနိုင်တော့ဘူး၊ ရဟန်းတော်က အဲသလို ကိုရင်လေးကို ဆုံးမတယ်ပေါ့၊

http://www.dhammadownload.com



ဆုံးမတော့ ကိုရင်လေးက ချက်ချင်း နားလည်တယ်၊ ငါ ရဟန္တာကို ပြစ်မှားမိပြီ၊ သူက အစက ရဟန္တာမှန်း မသိပဲကို၊ ရဟန္တာမှန်း မသိတော့ သွားပြီး ပြစ်မှားလိုက်တာ၊ အဲဒီတော့ ငါ ရဟန္တာကို ပြစ်မှားမိပြီ၊ အရှင်ဘုရား တပည့်တော် အဲလို ပြစ်မှားမိတာ ဘယ်လို ဝန်ချတောင်းပန်ရမလဲ၊ ကိုရင်က လျှောက်တော့ အေး ဒီလို ပြစ်မှားမိရင် အသက်ထင်ရှား ရှိတုန်း ဝန်ချပြီး တောင်းပန်၊ အကောင်းဆုံး၊

ဒီလို မဟုတ်ဘဲနဲ့ ကိုယ်က စွပ်စွဲတာ ကြာပြီ၊ အစွပ်စွဲခံရတဲ့ ပုဂ္ဂိုလ်က ပျံတော်မူသွားပြီ၊ အဲလို ပျံတော်မူသွားရင် ဘယ်လို လုပ်ရမလဲ ဆိုရင် အဲဒီ ပျံတော်မူသွားတဲ့ အလောင်းစင်ထားတဲ့ ကုတင်မှာ သွားပြီး ကန်တော့၊ အဲဒါ ပြေပျောက်တယ်၊

ဒါပေမယ့် ကုတင်ပေါ်မှာကို အလောင်းက မရှိတော့ဘူး၊ မီးရှို့ပစ်လိုက်ပြီ အဲသလိုဆိုရင် ဘယ်လို လုပ်ရမှာလဲဆိုရင် အဋ္ဌကထာက ဆက်ရေးတယ်၊ အဲဒီကျတော့ သူမီးရှို့တဲ့ နေရာကို သွားပြီးတော့ ကန်တော့ပါ၊ တပည့်တော် ဘယ်ချိန်တုန်းက ပြစ်မှား မိပါတယ်၊ အဲဒီလို ကန်တော့ပါ၊ အဲဒီလို ကန်တော့ရင် ပြစ်မှားမိတဲ့ ဒဏ်ဟာ ပြေပျောက်တယ်၊ ဒါ မင်းတို့ စာချတန်းသမားတွေ အကုန်လုံး ဒီဝတ္ထုအကြောင်း မင်းတို့ သိတယ်၊

အေး အဲဒီ ဝတ္ထုကြောင်းအရ ဝါကျွတ်အခါမှာ ဆရာသမားတွေကို ကန်တော့ကျတယ်၊ ပုထုဇဉ်ဆိုတာ စိတ်က မြန်တယ်၊ ကိုယ်နဲ့ အခန့်မသင့်ရင် အပြစ်တင်ချင်တဲ့ သဘော ဒါ ပုထုဇဉ် တိုင်းမှာ ရှိတယ်၊ အဲဒီ အခန့်မသင့်တုန်း အပြစ်မတင်ဖို့ ဒီဇာတ်ကြောင်းက နေပြီးတော့ မင်းတို့ သခ်ဳန်းစာ ပေးတယ်၊ အပြစ်တင်မိရင် ဘယ်လိုပျောက်အောင် လုပ်ရမယ်ဆိုတဲ့ သခ်ဳန်းစာကို လည်းပဲ မင်းတို့ ဒီဇာတ်ကြောင်းကနေ ပေးသွားတယ်၊

ဗိုလ်ချုပ်တို့ ရှိတုန်းက ပခုက္ကူဆရာတော် ဦးပညာက ဗိုလ်ချုပ်အောင်ဆန်းကို ဆုံးမတယ်၊ "မောင်အောင်ဆန်း မင်းငယ်သေးတယ်၊ ဒီတော့ ခြောက်တိုင်းလည်း မကြောက်နဲ့ကွ၊ ကြောက်တော့ လည်း ကြောက်ပေ့ါ"၊ မင်းတို့ ဟို ဆရာတော်ကြီး ဦးဂန္ဓလည်း မဟုတ်ဘူး၊ ဦးသုန္ဒရလည်း မဟုတ်ဘူး၊ ဆရာတော် ဦးပညာ၊ သူက တတိုက်လုံးရဲ့ ဆရာတော် ဖြစ်မသွားပါဘူး၊ အဲဒီ ဆရာတော် ဦးပညာက ဗိုလ်ချုပ်အောင်ဆန်းကို ဆုံးမတယ်တဲ့၊" မောင်အောင်ဆန်း မင်း အသက်ငယ်သေးတယ်၊ အသက် ငယ်သေးတော့ကို ခြောက်တိုင်းလည်း မကြောက်ပါနဲ့တဲ့၊ ကြောက်တော့လည်း ကြောက်ပါ"၊ အေး အဲဒါ မင်းတို့ နားလည်ဖို့ လိုတယ်၊

ခြောက်တိုင်းလည်း မကြောက်နဲ့ဆိုတာ တခြားမဟုတ်ဘူး၊ ဒါ မင်းတို့ တကယ့် အဖြစ် အပျက်ကို ငါပြောမယ်၊ ရန်ကုန်မှာ နိကာယုဇ္ဈောတက နိကာယ်အသင်း ရှိတယ်၊ နိကာယ်အသင်း ရှိတော့ နိကာယ်စာမေးပွဲ နှစ်စဉ် ကျင်းပတယ်၊ ပထမဆုံး ကျင်းပတော့ကို ငါတို့က နှစ်စဉ်နှစ်စဉ် နိကာယ်စာမေးပွဲကို သွားပြီးတော့ ကြီးကြပ်ပေးရတယ်၊ ဒါ အစောပိုင်းတုန်းက၊

တနှစ်မှာ ပြဿနာ ဖြစ်တယ်၊ ဘာပြဿနာ ဖြစ်လည်းဆိုတော့ ပုဒ်မ-၁၄၄-နဲ့ အုပ်ချုပ်မယ့် ပြဿနာ၊ **ပုဒ်မ-၁၄၄-ဆိုတာ** ဆူပူလိုသော ရည်ရွယ်ချက်ဖြင့် လမ်းမပေါ်တွင် လူငါးယောက်ထက် ပိုမစုရ၊ ပုဒ်မ-၁၄၄-က အဲဒါ၊

http://www.dhammadownload.com



အဲဒီတော့ စာမေးပွဲက ကျင်းပနေပြီ၊ အဲဒီနေ့မှာ မနက်ကိုးနာရီဆိုရင် ပုဒ်မ ၁၄၄-ထုတ်တယ်၊ အဲဒီလို ထုတ်မှာ သိထားတော့ ဥက္ကဋ္ဌလုပ်သူက ငါ့ဆီကို လှမ်းပြီးတော့ တယ်လီဖုန်းဆက်တယ်၊

ဘယ်လို ဆက်သလဲဆိုတော့ ဆရာတော်တဲ့ ကနေ့ ပုဒ်မ ၁၄၄-ထုတ်မှာဘုရားတဲ့၊ တပည့်တော်တို့ စာမေးပွဲ ပိတ်ပေးမှ ထင်တယ်တဲ့၊ သူက အဲသလို ဆက်တယ်၊ ဒီတော့ ငါက သူ့ပြောလိုက်တယ် "မပိတ်နဲ့ ပုဒ်မ ၁၄၄-နဲ့ စာမေးပွဲ ဘာမှ မဆိုင်ဘူး"လို့၊ "ပုဒ်မ ၁၄၄-ဆိုတာ ခုနက ငါရှင်းပြတဲ့အတိုင်း ဆူပူလိုသော ရည်ရွယ်ချက်ဖြင့် လမ်းပေါ်မှာ ငါးယောက်ထက် ပိုမစုရ၊ အဲဒါ ပုဒ်မ ၁၄၄-ရဲ့ အဓိပ္ပာယ်ပဲ"လို့၊ "အခု စာမေးပွဲ ဖြေတယ်ဆိုတာ ဆူပူလိုတဲ့ ရည်ရွယ်ချက်နဲ့ လူစုတာ မဟုတ်ဘူး၊ နံပါတ် (၁) လမ်းပေါ်မှာ လူစုတာ မဟုတ်ဘူး၊ ဆူပူလိုတဲ့ ရည်ရွယ်ချက် မပါဘူး၊ လမ်းပေါ်မှာ မဟုတ်ဘူး၊ ပြီးတော့ ကနေ့မှ စတင်ကျင်းပတဲ့ စာမေးပွဲလည်း မဟုတ်ဘူး၊ စာမေးပွဲ ကျင်းပပြီးတာ နှစ်ရက်သုံးရက် ရှိသွားပြီ၊ ဒီတော့ ဒီစာမေးပွဲ ပုဒ်မ ၁၄၄-ထုတ်ခြင်းတည်းဟူသော အကြောင်းကြောင့် စာမေးပွဲ ပိတ်စရာ မလိုဘူး"လို့ ဦးဇင်းကိုယ်တိုင် လာပါ့မယ်"လို့ ကနေ့ စာမေးပွဲ ကျင်းပတဲ့ နေရာ၊ ကျင်းပချိန်ကျရင် ဦးဇင်းကိုယ်တိုင် ရောက်လာမယ်လို့ စာမေးပွဲ လုံးဝ မဖျက်ပါနဲ့ ငါက အဲသလို တားရတယ်၊ အဲသလို တားတော့ စာမေးပွဲ မဖျက်ဘူးပေါ့၊ "မောင်အောင်ဆန်း မင်း ခြောက်တိုင်းလည်း မကြောက်နဲ့"ဆိုတာ အဲဒါ ပြောတာ၊

ကြောက်တော့လည်း ကြောက်ပေါ့၊ ကြောက်တော့လည်း ကြောက်ပေါ့ဆိုတာ မင်း တခြားပြောတာ မဟုတ်ဘူး၊ လမ်းပေါ်မှာ လူစုပြီးတော့ ဆူမယ်ပူမယ်ဆိုရင် အဲဒီ ပုဒ်မ ၁၄၄-ဒါ ကြောက်ရမှာပေါ့၊ ဘာပြုလို့တုန်း သူ့ခွင်ထဲ ဝင်သွားပြီ၊ အေး အဲသလို သူ့ခွင်ထဲ ဝင်သွားတဲ့အတွက် အဲဒါမျိုးကျ ကြောက်ရမယ်၊

ဒီလို မဟုတ်ဘဲနဲ့ ရိုးရိုးသားသား စာမေးပွဲဖြေတာ၊ အဲဒါ ပုဒ်မ ၁၄၄-ထုတ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဒီ စာမေးပွဲကို ရွှေ့စရာမလိုဘူး၊ ငါက အဲသလို ပြောခဲ့တယ်၊ အဲသလို ပြောတော့ စာမေးပွဲလည်း မပိတ်ဘူးပေါ့၊ ဆက်ပြီးတော့ ဖြေတယ်၊ အဲဒါ တစ်ခု၊

ပြီးတော့ မင်းတို့ ဟို (၈. ၈. ၈၈) ရှစ်လေးလုံး အရေးအခင်းကြီး ဖြစ်ပြီး သိပ်မကြာခင် မာဂဓကျောင်း နာယကဘုန်းကြီးက ပျံတော်မူတယ်၊ အဲဒီ အချိန်အတွင်းမှာ ကာဖြူးကလည်း ထုတ်ထားတယ်၊ ကာဖြူးဆိုတာက ညမထွက်ရဘူး၊ ဥပမာ ည-၉-နာရီကျော်ရင် လမ်းပေါ်မှာ မထွက်ရ စသည်ဖြင့် အဲသလို အမိန့်ထုတ်ထားတာကို ကာဖြူးလို့ ခေါ်တယ်၊

အဲဒီတော့ နာယကဘုန်းကြီးကလည်း ပျံတော်မူသွားပြီ၊ ကာဖြူးကလည်း ထုတ်ထားတယ်၊ အဲဒီတုန်းက မစိုးရိမ်ရဲ့ ဈာပနမှာ ပွဲတွေက ဘယ်ဈာပနပွဲဖြစ်ဖြစ် ပွဲလမ်းတွေက ပါတယ်၊ အငြိမ့်ပါတယ်၊ ဇာတ်ပါတယ်၊ စသည်ဖြင့်ပေါ့၊ အဲလို ပွဲလမ်တွေ ပါတယ်၊ ဒီပွဲလမ်းသဘင်ပါရင် ပရိသတ်က လာမှာပဲ၊ ဒီတော့ ကာဖြူးကလည်းပဲ ည-၉-နာရီကျော်ရင် မထွက်ရ အဲဒီလို အမိန့်ထုတ်ထားတယ်၊ အဲဒါကို တို့က ဖြစ်အောင်လုပ်တယ်၊

ဘယ်လိုလုပ်တုန်း? သူတို့ အာဏာပိုင်အဖွဲ့အစည်းနဲ့ ဆွေးနွေးတယ်၊ မင်းတို့ ဘုန်းကြီးဆိုတာ

http://www.dhammadownload.com



ဆရာတော် ကာဖြူးရှိလို့ လျှောက်ထားလို့ မရဘူးကွ၊ ပျံတော်မူသွားပြီ၊ ပျံတော်မူသွားတော့ ဒီအလောင်းကို အကြာကြီး ထားလို့လည်း သိပ်မကောင်းဘူး၊ အေး ဒါကြောင့်မို့လို့ တို့ ဒီလိုလုပ်မယ်၊ "ဘုန်းကြီး ပျံတော်မူပွဲလုပ်တဲ့ အရှေ့ဘက်ဆိုရင် မင်းတို့ ၈၄-လမ်းပေါ့ကွာ၊ မြောက်ကျ အေ-လမ်းထိပေါ့ကွာ-လို့၊ တောင်ကျတော့ ၄၁-လမ်းထိပေါ့၊ အနောက်ကျတော့ စိန်ပန်းလမ်းမကြီးထိ၊ အဲဒီထဲမှာ ဘုန်းကြီးပျံပွဲ ကျင်းပဖို့ မင်းတို့ အာဏာပိုင်အဖွဲ့အစည်းက ကာဖြူးစာချုပ်ဖြေပေး၊ တို့က တာဝန်ယူမယ်၊ ဒီခုနက လမ်းတွေကြားမှာ ဘုန်းကြီးပျံပွဲ ကျင်းပတဲ့ ပွဲမှာ ဘာမှ ဆူပူမှု မဖြစ်အောင် တို့ဘက်က တာဝန်ယူမယ်လို့ မင်းတို့ဘက်က အဲလို ခွင့်ပြုပါ" အဲဒီလို ပြောတော့ ညှိနှိုင်းပြီးတော့ လုပ်တဲ့အတွက် အဲဒီ ကာဖြူးအတွင်းမှာကိုပဲ ပွဲတွေ လမ်းတွေနဲ့ ဘာတုန်း ဘုန်းကြီးပျံပွဲ ကျင်းပခဲ့တယ်၊ ဖြစ်လာတယ်၊

နောက် မင်းတို့ မစိုးရိမ်ရာပြည့်၊ ရာပြည့်တုန်းကလည်းပဲ နှစ်,နှစ် ကြိုတင်ပြီးတော့ အစည်းအဝေး လုပ်တယ်၊ မစိုးရိမ်ရာပြည့် ၂၀၀၇-ခုနှစ်၊ အဲဒီနှစ်မှာ မစိုးရိမ် ရာပြည့် လုပ်တယ်၊ ရက်ဆုံးဖြတ်ပြီး၊ ငါက ပြောတယ် အဲဒီ အစည်းအဝေးကို "ကိုင်း "ဒီရက်မှာ မစိုးရိမ်ရာပြည့်ပွဲ လုပ်မယ်'လို့ မင်းတို့ ဆုံးဖြတ်ပြီးပြီ၊ တိုင်းပြည် အခြေအနေ ဘယ်လိုရှိရှိ တို့ ဆုံးဖြတ်တဲ့ရက်မှာ မစိုးရိမ်ရာပြည့်ပွဲ လုပ်ကိုလုပ်မယ်၊ အဲဒီ အစည်းအဝေး အချိန်တုန်းက ဘာမှလည်း မဖြစ်ဘူး၊ အေး ဒါပေမယ့် တိုင်းပြည်အခြေအနေ ဘယ်လိုရှိရှိ အဲဒီ မစိုးရိမ်ရာပြည့်ပွဲ လုပ်ဖြစ်အောင် လုပ်မယ်၊ နှစ်,နှစ် ကြိုတင်ပြီးတော့ ငါက ပြောခဲ့တယ်၊

အဲ ပြောခဲ့တဲ့ အတိုင်းပဲ ရာပြည့်ပွဲ နီးတော့ကို မင်းတို့ ကာဖြူးက ထုတ်လာတယ်၊ အဲဒီတော့ ကာဖြူးက ထုတ်ထားတော့ တို့က တရားပွဲတွေ ဘာတွေလည်း စီစဉ်ပြီးပြီ၊ ငါက သီတဂူကို သွားပြီးတော့ လျှောက်တယ်၊ "ဦးဇင်း! ဒီမှာ ကာဖြူးကတော့ မရုတ်သိမ်းသေးဘူး၊ ဒါပေမယ့် ထုံးစံအတိုင်း တရားပွဲက လုပ်မှာ၊ စီမံထားတဲ့ အတိုင်း လုပ်မယ်၊ ကာဖြူးကို ရုပ်သည်ဖြစ်စေ မရုပ်သည်ဖြစ်စေ စီမံထားတဲ့ အတိုင်းပဲ ဆောင်ရွက်ဖြစ်အောင် ဆောင်ရွက်မယ်"လို့ အဲသလို ကြိုတင်ပြီး သွားလျှောက်ထားတယ်၊ အဲ ဒါပေမယ့် ပွဲရက်မတိုင်ခင်လေးတင်ပဲ ကာဖြူးက ရုပ်သိမ်းသွားပါတယ်၊ တောင်းဖို့လည်း မလိုပါဘူး၊ သူဟာသူ ရုပ်သိမ်းသွားတယ်၊

အဲသလို ခေါင်းဆောင်မယ့် ပုဂ္ဂိုလ်များ ဒီလိုကိစ္စမျိုးတွေ တွေ့တတ်တယ်၊ အဲသလို ကိစ္စမျိုးတွေ တွေ့လို့ရှိရင် အဆင်ပြေပြေနဲ့ ကိစ္စပြီးသွားအောင် ဆောင်ရွက်နိုင်ကြဖို့ အရေးကြီးတယ်လို့ သတ်မှတ်ပြီးတော့ စံပြခေါင်းဆောင် ဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်း ငါ့ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

http://www.dhammadownload.com



## ၁၃၇၁-ခု ကဆုန်လ၊ ဂိလာန ပရိတ်ရွတ်ပွဲ

## ၃၈-လမ်း၊ ၈၄-၈၃လမ်းကြား

ကဲ မင်း အိပ်ရာပေါ်ပဲ လှဲနေပါကွ၊ (ရပါဘုရား)၊ အခု ပရိတ်ရွတ်တဲ့နေရာမှာ မေတ္တသုတ် ရွတ်မယ်၊ မေတ္တသုတ်ဆိုတာကတော့ သတ္တဝါတွေကို မေတ္တာပို့တာပါပဲကွာ ဟုတ်လား၊

နောက် ဝဋ္ဋသုတ်ရွတ်မယ်၊ ဝဋ္ဋသုတ် ဆိုတာကတော့ မီးဘေးတွေ ဘာတွေ ကာကွယ်တဲ့ သုတ်ပေါ့၊

နောက်ဗောဇ္ဈင်္ဂသုတ်ရွတ်မယ်၊ အဲဗောဇ္ဈင်္ဂသုတ်ဆိုတာကတော့ မောဂ္ဂလာန်တို့ ရှင်မဟာကဿပတို့ ရောဂါဖြစ်တဲ့အခါ ဘုရားရှင်က ဒီဗောဇ္ဈင်သုတ်ကို ဟောတယ်၊

ဘုရားရှင်ကိုယ်တိုင်လည်းပဲ တချိန်မှာ ရောဂါဖြစ်တယ်၊ အဲဒီလိုရောဂါဖြစ်တော့ စုန္ဒမထေရ်ကို ဘုရားရှင်က ဟဲ့ စုန္ဒ! ဗောဇ္ဈင်သုတ် ရွတ်စမ်း ဆိုပြီးတော့ အမိန့်ချမှတ်တယ်၊ အဲဒီတော့ စုန္ဒမထေရ်က ဗောဇ္ဈင်သုတ် ရွတ်တယ်တဲ့၊ အေး

ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စကဿပံ။

ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တဒေသယိ-တဲ့

ဘုရားရှင်က မောဂ္ဂလ္လာန်နဲ့ ကဿပတို့ ရောဂါဖြစ်နေတာ တွေ့ရတဲ့အတွက် အဲဒီ ဗောဇ္ဈင်သုတ်ကို ဘုရားရှင်က ဟောတယ်၊

ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိပီဠိတော။

စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော-တဲ့

တချိန်မှာ ဘုရားရှင်ကိုယ်တိုင် နာမကျန်းဖြစ်တဲ့အခါ စုန္ဒမထေရ်ကို ခေါ်ပြီးတော့ ဗောဇ္ဈင်သုတ် ရွတ်စမ်းတဲ့ အဲသလို ခိုင်းတယ်၊ အဲဒီလို ဘုရားရှင်က အမိန့်ချမှတ်ပေးတဲ့ အတွက် စုန္ဒမထေရ်က ဗောဇ္ဈင်သုတ် ရွတ်ဖတ်ပြီးတော့ ဘုရားရှင်ကို ပူဇော်တယ်၊ အဲဒီဗောဇ္ဈင်သုတ်ရဲ့ စွမ်းအားကြောင့် ရောဂါက ခဏချင်း ပျောက်သွားတယ်တဲ့၊

ရောဂါပျောက်တယ်ဆိုတာ တခြားမဟုတ်ဘူးကွ ဗောဇ္ဈင်သုတ်ကို နာရတော့ အဲဒီ ဗောဇ္ဈင်သုတ်ထဲမှာ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ-စသည်ဖြင့် ဗောဇ္ဈင်အမည်လေးတွေ ပါတယ်၊ အဲဒီ အမည်လေးတွေကို နာပြီးတော့ ခုနက အရှင်မဟာမောဂ္ဂလ္လာန်တို့ အရှင်မဟာကဿပ တို့ ဘုရားရှင်တို့ သန္တာန်မှာ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဆိုတဲ့ အဲဒီတရားတွေ ဖြစ်တယ်၊

ကာယပဿဒ္ဓိ-ကိုယ်ငြိမ်းချမ်းတာပေါ့ကွာ၊ စိတ္တပဿဒ္ဓိ- စိတ်ငြိမ်းချမ်းတာပေါ့ကွာ၊ အဲဒီငြိမ်းချမ်းတဲ့ စေတသိက်တွေ ဖြစ်လာတယ်ပေါ့၊ စေတသိက်တွေ ငြိမ်းချမ်းလာတော့ကို စိတ်လည်း ငြိမ်းချမ်းတယ်၊ စိတ်လည်း ငြိမ်းချမ်းတော့ ရုပ်ပါ တခါတည်း ငြိမ်းချမ်းတယ်တဲ့၊ မင်းတို့ အဲဒီ ဗောဇ္ဈင်သုတ်ကို နာရတဲ့အတွက် ပျောက်တယ်ဆိုတာ ခန္ဓာကိုယ်မှာ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ

http://www.dhammadownload.com



ဖြစ်တဲ့အတွက် ငြိမ်းချမ်းသွားတာကွ၊ အဲဒီ ဗောဇ္ဈင်သုတ်လည်းပဲ ထည့်ပြီးတော့ ရွတ်မယ်၊

ပြီးတော့ ပုဗ္ဗဏှသုတ်လည်း ရွတ်မယ်၊ သုနက္ခတ္တံ သုမင်္ဂလံ-စသည်ဖြင့် ကောင်းသောနက္ခတ် ကောင်းသောမင်္ဂလာဖြစ်ဖို့ အဲဒီပုဗ္ဗဏှသုတ်လည်း ထည့်ပြီးတော့ ရွတ်မယ်၊

မင်းတို့ မေတ္တသုတ်ရယ် ဝဋ္ဋသုတ်ရယ် ဗောဇ္ဈင်္ဂသုတ်ရယ်၊ မင်းတို့ ဗောဇ္ဈင်္ဂသုတ် ပြီးတော့ ဂုဏ်တော်တွေကို တန်းရွတ်မယ်၊ ပြီးမှ ပုဗ္ဗဏှသုတ်ရွတ်မယ်၊ ကိုင်း စကြစို့ (ပရိတ်ရွတ်တော်မူသည်)။

ကဲ ကိုရဲမြင့် မင်း နည်းနည်းနားထောင်၊ သီလပေးတုန်းက ပထမဆုံး ရွတ်သွားတဲ့ ပါဠိ၊ ဗဟုရောဂသာဓာရဏာ၊ မင်းတို့ ငါတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ဗဟုရောဂသာဓာရဏာ-ရောဂါပေါင်းစုံနဲ့ ဆက်ဆံနေတာ ဟုတ်ရဲ့လား၊ ဒါ့ကြောင့် ရောဂါပေါင်းစုံနဲ့ ဆက်ဆံနေတဲ့အတွက် အသာရော-ဒီခန္ဓာကိုယ် ဘာမှအနှစ်မရှိဘူးတဲ့ ဟုတ်ရဲ့လား? (မှန်ပါဘုရား)၊

အဲဒီအနှစ်သာရ မရှိတဲ့ ခန္ဓာကိုယ်ကနေ ဘယ်လို အမြတ်ထုတ်ရမလဲဆိုတော့-အဘိဝါဒနာဒိကမ္မံ သာရော-တဲ့၊ ရဟန်းတော်များတွေရင် လက်အုပ်ချီမိုး ရှိခိုးပြီးတော့ အမြတ်ထုတ်ပါတဲ့ ဟုတ်ရဲ့လား၊ ကိုယ့်စိတ်ထဲ ကိုယ့်အာရုံထဲမှာ ဘုရားရှင်ပေါ်လာရင် အဲဒီဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးပြီးတော့ အမြတ်ထုတ်ပါတဲ့၊ ဟုတ်လား၊

ဗဟုရောဂသာဓာရဏာဘာဝေန-မင်းတို့ ငါတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ရောဂါပေါင်းစုံ စွဲကပ်ဆက်ဆံနေတဲ့အတွက် ဘာမှအနှစ်သာရ ရှာမရဘူး၊ ဒါကြောင့်-အဘိဝါဒနာဒိကမ္မံ သာရော-သံဃာတော်များဂုဏ် ဘုရားဂုဏ် တရားဂုဏ် လက်အုပ် ချီပြီးတော့ အမြတ်ထုတ်ပါတဲ့၊ အဲဒါ အမြတ်မ်းကို လက်အုပ်ချီပြီး မင်း အမြတ်ထုတ်ပေါ့ ဟုတ်လား၊ အဲ ခန္ဓာရှိရင် ခန္ဓာရဲ့ဒုက္ခ ခန္ဓာရဲ့ရောဂါဆိုတာ ရှိတာပဲကွ ဟုတ်လား? (မှန်ပါ)၊

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ-တဲ့

ဒို့ဘုရားရှင်က ဒို့ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ခန္ဓာငါးပါးဟာ ဝန်ထုပ်ဝန်ပိုး ကြီးပဲတဲ့၊-

ဘာရာ ဟာရော စ ပုဂ္ဂလော-

ပုဂ္ဂိုလ်အသီးသီးဟာ အဲဒီခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပိုးပြီးတော့ နေရတယ်တဲ့၊ ဒါဖြင့် ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပိုးသယ်ဆောင်ရတာ သုခလား ဒုက္ခလားတဲ့၊

ဘာရာဒါနံ ဒုခံ လောကေ-တဲ့၊

အဲဒီခန္ဓာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းပိုးနေရတာ သိပ်ကို ဒုက္ခဖြစ်တယ်၊ ဘယ်တော့မှ ချမ်းသာမှာလည်းဆိုတော့-

ဘာရနိက္ခေပနံ သုခံ-

ခန္ဓာဝန်ပစ်ချရာ နိဗ္ဗာန်ရောက်မှ ချမ်းသာမှာ၊ အဲဒါ ကိုရဲမြင့် မင်းမှတ်ထား၊

ငါတို့ ရရှိထားတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဟာ ဝန်ထုပ်ဝန်ပိုးကြီးတဲ့ မှတ်ထား၊ အဲဒီ ဝန်ထုပ်ဝန်ပိုးကြီး ရှိနေသ၍ ဘယ်တော့မှ မချမ်းသာဘူးတဲ့၊ ဟုတ်လား၊

http://www.dhammadownload.com



ကိုင်း လိုက်ဆို-ခန္ဓာငါးဝ၊ ရှိနေသမျှ၊ လုံးဝမချမ်းသာ။ ကဲ ဆိုကြည့်စမ်းကွ သုံးခေါက်၊

အဲ ခန္ဓာငါးပါးရှိနေရင် ဘယ်တော့မှ မချမ်းသာဘူးတဲ့၊ ဟုတ်လား၊ အဲဒီခန္ဓာ ငါးပါးကို အကျဉ်းချုပ် ကြည့်လိုက်မယ်ဆိုရင် ရုပ်နာမ်နှစ်ပါးပဲ ကျန်တယ်ကွ၊ ဘာကျန်သတုန်း? (ရုပ်နာမ် နှစ်ပါးပဲ ကျန်ပါဘုရား)၊ အဲ ရုပ်နာမ်နှစ်ပါးပဲ ကျန်တယ်ကွ၊

ကိုင်း လိုက်ဆိုစမ်း-ရုပ်နာမ်ဓမ္မ၊ ရှိနေသမျှ၊ လုံးဝမချမ်းသာ။ ကဲ ဆိုစမ်းဟေ့ သုံးခေါက်၊

အဲ ကိုရဲမြင့် မှတ်ထားကွ၊ ရုပ်နာမ်နှစ်ပါးရှိနေသမျှ လုံးဝမချမ်းသာဘူးတဲ့ ဟုတ်လား၊ (၃၁)ဘုံကလည်း ရုပ်တရား နာမ်တရားက လွတ်တဲ့ဘုံလို့ တဘုံမှ မရှိဘူးကွ၊ ဟုတ်လား၊ အဲ(၃၁)ဘုံမှာ တချို့က ရုပ်နာမ်နှစ်ပါးလုံး ရှိတယ်၊ တချို့က ရုပ်သက်သက် ရှိတယ်၊ တချို့က နာမ်သက်သက် ရှိတယ်၊ ဟုတ်လား၊ အဲ ရုပ်နာမ်က ကင်းလွတ်တဲ့ဘုံလို့ တဘုံမှ မရှိဘူး၊ ဟုတ်လား၊ အေး ဒါကြောင့် ဘုရားရှင်က (၃၁)ဘုံထဲ ရှိနေသမျှ ဘယ်တော့မှ မချမ်းသာဘူးတဲ့ အမြဲတမ်း ဒုက္ခတွေနေမှာတဲ့၊ ဟုတ်လား၊ ဘယ်တော့မှ ချမ်းသာမလဲဆိုရင်-ဘာရနိက္ခေပနံ သုခံ-တဲ့၊ ခန္ဓာဝန်ပစ်ချရာ နိဗ္ဗာန်ရောက်မှ ချမ်းသာမယ်တဲ့၊

ကိုင်းလိုက်ဆို-ခန္ဓာငါးဝ၊ ချုပ်ဆုံးမှ၊ သုခလွန်ချမ်းသာ။

အေး ခုနပြောတဲ့ အတိုင်းပဲ ခန္ဓာငါးပါးဆိုတာ အကျဉ်းချုပ်လိုက်ရင် ရုပ်နာမ်နှစ်ပါးပဲ၊ အဲဒီ ရုပ်တရား နာမ်တရားချုပ်မှ ချမ်းသာမှာတဲ့၊

ကိုင်းလိုက်ဆို-ရုပ်နာမ်ဓမ္မ၊ ချုပ်ဆုံးမှ၊ သုခလွန်ချမ်းသာ-၊ ကဲဆိုကြည့်စမ်း သုံးခေါက်၊

အေး ကိုရဲမြင့် မှတ်ထား၊ ခန္ဓာငါးဝ ရုပ်နာမ်နှစ်ပါး ချုပ်ဆုံးမှ ချမ်းသာမှာတဲ့၊ အေး နိဗ္ဗာန်မရောက်မီ နတ်ပြည်ရောက်ရောက် ဗြဟ္မာပြည်ရောက်ရောက် မင်းတို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံမှာ လူလာဖြစ်ဖြစ် ဒုက္ခကတော့ ရောက်မှာ မှန်ရဲ့လား? (မှန်ပါဘုရား)၊ အေး မှတ်ထား ရုပ်နာမ်နှစ်ပါး ရှိနေသမျှ ဘယ်တော့မှ မချမ်းသာဘူးတဲ့၊ အဲဒီရုပ်နာမ် နှစ်ပါးချုပ်ငြိမ်းမှ တို့တွေဟာ ချမ်းသာမှာတဲ့၊

အေး ခုနကပြောသလို- ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ-ဆိုတဲ့အတိုင်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ ဝန်ထုပ်ဝန်ပိုးကြီးပဲတဲ့၊ ကျန်းမာရေးကောင်းတဲ့ လူတောင်မှ ဝန်ထုပ်ဝန်ပိုးကြီးပဲ၊ ဟုတ်လား၊ အေး ကျန်းမာရေး ဘယ်လောက်ကောင်းကောင်း ခန္ဓာဝန်ကတော့ ရှိနေတာပဲ၊ ကျန်းမာရေးမကောင်းရင် ပိုဆိုးတာပေါ့၊ ပိုသိသာတာပေါ့၊ သိသာသလား မသိသာဘူးလား? (သိသာပါဘုရား)၊

ကိုရဲမြင့်! မင်းကျတော့ ပိုပြီးတော့ သိသာမှာပေါ့ ဟုတ်လား၊ ဒီခန္ဓာကြီးဟာ ဒုက္ခပဲဆိုတာ ကိုယ်တိုင်ဆို ပိုပြီးတော့ သိသာတယ်၊ ကျန်းမာရေး ကောင်းတဲ့သူတောင်မှ ဒီခန္ဓာဒုက္ခဆိုတာ ရှိနေတာ၊ ကျန်းမာရေးမကောင်းတဲ့သူဆို ပိုပြီးတော့ ခံရမယ်၊ ဒီခန္ဓာဒုက္ခက လွတ်အောင် ငါ တရားနှလုံးသွင်းထားမယ်လို့ မင်းသန္နိဋ္ဌာန်ချထား၊

မင်း အကျဉ်းချုပ်ကြည့်ရင် ရုပ်တရားဆိုတာ အေးတာပူတာ နှစ်မျိုးပဲရှိတာ၊ အေးတာ ဟာလည်း ရုပ်တရားကွ၊ သီတတေဇောဓာတ်ခေါ်တယ်၊ ကိုင်း အေးတဲ့ရုပ်တရား ဖြစ်နေတဲ့အခါ ပူတဲ့ရုပ်တရားဖြစ်ရဲ့လား? (မဖြစ်ပါဘုရား)၊

http://www.dhammadownload.com



ကိုင်းလိုက်ဆို-အေးရုပ်ဖြစ်လာ၊ ပူရုပ်မှာ၊ သေချာပျက်မည် သိ။

ကဲ ဒီထဲမှာ အဲယားကွန်းလည်း ဖွင့်ထားတယ် ပန်ကာလည်း ဖွင့်ထားတယ်၊ ခန္ဓာ ကိုယ်မှာ အေးတဲ့ရုပ်တွေ ဖြစ်မနေဘူးလား၊ အဲဒီလို အေးတဲ့ရုပ်တွေ ဖြစ်နေလို့ ပူတဲ့ရုပ်တွေ ဖြစ်ရဲ့လား၊ မင်းတံခါး ဖွင့်ပြီးတော့ အပြင်ဘက် ထွက်လိုက်လေ၊ ပူသလား မပူဘူးလား? (ပူပါဘုရား)၊ အေး ပူတာကလည်း ရုပ်တရားပဲ၊ ပူတာက ဘာတရားလည်း? (ရုပ်တရားပါဘုရား)၊ ပူတာ ဥဇ္ဇတေဇော ဓာတ်ခေါ်တယ်၊ ဘာခေါ်တုန်း? (ဥဇ္ဇတေဇော ဓာတ်ပါဘုရား)၊ မင်း အပြင်ဘက် ထွက်လိုက်တော့ ကိုင်း ဒီအခန်းထဲ ထိုင်နေတုန်းက အေးတဲ့ရုပ်တွေ ရှိသေးလား? (မရှိတော့ပါဘုရား)၊ ချက်ချင်း ပျောက်မသွားဘူးလား? (ပျောက်သွားပါဘုရား)၊

ကိုင်းလိုက်ဆို-ပူရုပ်ဖြစ်လာ၊ အေးရုပ်မှာ၊ သေချာပျက်မည် သိ။

အဲဒါ ကိုရဲမြင့် မင်း သေချာမှတ်ထားကွ၊ အပူနဲ့အအေး ဒီနှစ်မျိုးပဲရှိတယ် ဟုတ်လား၊ ပူရင် ပူမယ် အေးရင်အေးမယ် ဒါပဲမို့လား၊ အေး ပူတာဟာ ရုပ်တရား အေးတာဟာ ရုပ်တရားလို့ မင်းမှတ်ပြီးတော့ နေပါ၊ အဲ အေးရင်လည်းပဲ ငါ့သန္တာန်မှာ အေးတဲ့ သီတတေဇောဓာတ် ရုပ်တရား တွေ ဖြစ်နေတယ်လို့ မှတ်ပြီးတော့ နေပါ၊ ပူတဲ့အခါလည်းပဲ ငါ့သန္တာန်မှာ ပူတဲ့ ဥဇ္ဇတေဇောဓာတ် ရုပ်တရားတွေ ဖြစ်နေတယ်လို့ မှတ်ပြီးတော့ နေပါ၊ အဲဒီ ရုပ်တရားတွေ ပျက်ရင် နာမ်တရား တွေလည်း ပျက်တာပဲကွ၊

ကဲဆိုစမ်း-ရုပ်တွေပျက်ရာ၊ နာမ်တွေပါ၊ မကွာပျက်စီး၏၊

ဒို့ အပြင်ဘက် နေပူတယ်၊ ပူတော့ ဒုက္ခဝေဒနာ မဖြစ်ဘူးလား (ဖြစ်ပါဘုရား) အဲဒီဒုက္ခဝေဒနာ နာမ်တရားဟာ ဒီထဲ ဝင်လိုက်လို့ အဲယားကွန်းဖွင့်လိုက် ပန်ကာဖွင့်လိုက်ရင် အေးမသွားဘူးလား၊ အေးသွားတော့ ခုနကပူတဲ့ ဒုက္ခ ဝေဒနာနာမ်တရား ပျက်မသွားဘူးလာ?၊ (ပျက်သွားပါဘုရား) အခုမှ သက်သာတော့တယ် ဖြစ်သလား မဖြစ်ဘူးလား? (ဖြစ်ပါတယ်ဘုရား)၊

ကိုင်းလိုက်ဆို-ရုပ်တွေပျက်ရာ၊ နာမ်တွေပါ၊ မကွာပျက်စီး၏။

ကဲ မင်းတို့ ငါ ဥပမာ တခုပြောမယ်၊ အခန်းထဲ မှောင်မိုက်နေတယ်၊ ဖယောင်းတိုင်လေး ထွန်းလိုက်တယ်၊ လင်းသလား မလင်းဘူးလား? (လင်းပါဘုရား)၊ အေး ဖယောင်းတိုင် မီးတောက်က ရုပ်တရားနဲ့ တူတယ်၊ အလင်းရောင်က နာမ်တရားနဲ့ တူတယ်၊ ရုပ်တရားနဲ့တူတဲ့ မီးတောက်လေး မှုတ်လိုက်ရင် အရောင်အလင်း ကျန်သေးလား? (မကျန်ပါဘုရား)၊ အေး အဲလိုပဲ မီးတောက် သေသွားရင် အရောင်အလင်း မကျန်သလိုပဲ ရုပ်တရားတွေ ပျက်စီးသွားရင် နာမ်တရားတွေလည်း ပျက်စီးသွားတယ်၊

ကိုင်းလိုက်ဆို-မီးတောက်သေရာ၊ မီးရောင်ဝါ၊ မကွာပျက်စီး၏၊

ထို့တူမခြား၊ ရုပ်ပျက်ငြား၊ ဓာတ်သား နာမ်ပျက်၏။

အေး အဲဒါ ကိုရဲမြင့် မှတ်ထား၊ မင်းအိပ်ရာထဲ လဲနေတုန်း ဒီဝိပဿနာတရား ဆင်ခြင် သုံးသပ်နိုင်အောင်လို့ ငါက တရားဟောတာ၊ အေး ဒို့ဘုရားရှင်က-

http://www.dhammadownload.com



ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ဥပရိဘာဂင်္ဂမနီယာ-တဲ့

ကုသိုလ်ဆိုတာ မိမိဘဝကို အဆင့်မြင့်အောင် မြှင့်တင်ပေးတတ်တယ်တဲ့၊ ဥပရိဘာဂဆိုတာ အဆင့်မြင့်တာ ဟုတ်လား၊

ကိုင်းလိုက်ဆို-ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင်မြှင့်လိမ့်မည်- ကဲဆိုစမ်းသုံးခေါက်၊

အေး "ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင် မြှင့်လိမ့်မည်ဆိုတာ" တခြား ပြောတာ မဟုတ်ဘူး၊ မင်းတို့ ခုဗမာပြည် ဆင်းရဲသလား မဆင်းရဲဘူးလား? (ဆင်းရဲပါဘုရား)၊ ကဲ အမေရိကန်တို့ အင်္ဂလန်တို့ ခြင်ကိုက်လား? (မကိုက်ပါဘုရား)၊ အေး ရှိကို မရှိဘူး၊ ဟုတ်လား၊ အဲဒါ မင်း ဘဝအဆင့်မြင့်သွားတာ၊ မှန်ရဲ့လား?(မှန်ပါ)

မင်းတို့ ဗမာပြည် နေဝင်ကျော် ထမင်းစားရင် မိသားစုတွေ စကားပြောရင် ကောင်းကောင်း မပြောရဘူး၊ ယက်တဖျတ်ဖျတ် မခက်ရဘူးလား? (ခက်ရပါဘုရား)၊ အဲ ဟိုမှာ ကောင်းကောင်း စကားပြောလို့ ရတယ်၊ အဲဒါ လူနေမှု အဆင့်အတန်းမြင့်တာ ခေါ်တယ်ကွ၊ အေး အဲဒါ မှတ်ထား၊

ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင် မြှင့်လိမ့်မည်-ဆိုတာ ဒီဘဝ သေပြီးလို့ လူပြန်ဖြစ်တောင်မှ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံမှာ လူဖြစ်ခြင်းဆိုတဲ့ အကျိုးတရား ရမယ်လို့ ပြောတာ၊ မင်းတို့ ဗမာပြည်ကတော့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံစာရင်း မဝင်ပါဘူးကွ၊ တီဗွီထဲတော့ ဝင်တာပေါ့၊ တီဗွီထဲတော့ ဖွံ့ဖြိုးတိုးတက်သလား မတက်ဘူးလား? (ဖွံ့ဖြိုးပါဘုရား) အေး ဖွံ့ဖြိုးတယ်ကွ၊ ဟုတ်လား? (မှန်ပါ) အေး ဒို့ဆီက တီဗွီထဲတော့ ဖွံ့ဖြိုးတယ်၊ တကယ့်လက်တွေ့ကျ အင်မတန်ကို စုတ်ခြာတဲ့ နိုင်ငံ၊

ကိုင်း လိုက်ဆို-ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင်မြှင့်လိမ့်မည်-၊ ဆိုပေ့ါ သုံးခေါက်၊

အဲ ကိုရဲမြင့် မင်း မှတ်ထားဗျ၊ အေးတာက ရုပ်တရား ပူတာက ရုပ်တရားလို့ မင်းစိတ်ထဲမှာ အသိဉာဏ်ဝင်နေရင် အဲဒါ ဝိပဿနာ ဖြစ်နေတာဗျ၊ အဲဒီ ဝိပဿနာ ဘာဝနာကုသိုလ်ဆိုတာ မင်းတို့ အမြင့်ဆုံးကုသိုလ်ခေါ်တယ်၊

အကျဉ်းချုပ်ရင် ကုသိုလ်ဟာ ဒါန,သီလ,ဘာဝနာ သုံးခု မရှိဘူးလား? (ရှိပါဘုရား)၊ ဒါနထက် သီလက မြတ်တယ်၊ သီလထက် ဘာဝနာက မြတ်တယ်၊ ခုနက အေးတာက ရုပ်တရား၊ ပူတာက ရုပ်တရား၊ အဲသလို ဝိပဿနာဘာဝနာ ဖြစ်နေရင် ငါ့သန္တာန်မှာ အမြတ်ဆုံး ကုသိုလ်တွေ ဖြစ်နေတယ်လို့ မင်း အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်၊ ဟုတ်လား၊

အဲဒီ အမြတ်ဆုံးကုသိုလ်တွေက ငါ့ရဲ့ဘဝကို ဒီထက် အဆင့်မြင့်အောင် မြှင့်တင် ပေးလိမ့်မယ်၊ အဆင့်မြင့်တယ်ဆိုရင် နိဗ္ဗာန်တိုင်အောင် အဆင့်မြင့်မယ်လို့ ယုံကြည်ပြီးတော့ ရေစက်ချအောင်။ ။

http://www.dhammadownload.com



## ၁၃၇၁-ခုနှစ် တော်သလင်းလဆန်း(၇)ရက်နေ့
## ဆရာတော် ရေစက်ချတရား (မြပွဲရုံမိသားစု အလှူ)

ကဲ ဒို့သံဃာတော်အရှင်သူမြတ်များက ပရိတ်ရွတ်ဖတ်မယ်၊ အဲဒီ ပရိတ်တရားကို ရိုသေစွာနာ၊ ပြီးတော့မှ ဝါဆိုသင်္ကန်း ကပ်၊ ပြီးတော့မှ အနုမောဒနာတရား နည်းနည်းလောက် ဟောပြီးတော့ ရေစက်ချ အမျှဝေရအောင်၊ ဒို့ ချီးမြှောက်နေကြ ပရိတ် ချီးမြှောက်ရအောင်၊

ကဲ နည်းနည်းလောက်နားထောင်

(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ပွဲ၊

၁၃၇၁-ခုနှစ် တော်သလင်းလဆန်း(၇)ရက်၊ (၂၆-၈-၂၀၀၉)ဗုဒ္ဓဟူးနေ့၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ရှိ သံဃာတော်(၂၈၀၀)ကျော်တို့အား မန္တလေးမြို့ လမ်း(၉၀)၊ (၂၆-၂၇)လမ်းကြားနေ ဦးမြမောင်အား ရည်စူး၍ ဒေါ်ခင်ခင်ကြူ သား ဖြိုးထက်အောင်၊ ကျော်ဇောအောင်၊ သမီး ငုဝါမောင်၊ မြပွဲရုံမိသားစုတို့မှ (၁၃)ကြိမ်မြောက်

နာယကဆရာတော်(၁၆)ပါးတို့အား သင်္ကန်းတစုံစီ၊ တဘက်တထည်စီ၊ ဆပ်ပြာခဲ ဆပ်ပြာမှုန့် သွားတိုက်ဆေး သွားတိုက်တံ (၁၆)စုံစီ၊ နဝကမ္မအလှူငွေ တပါးလျှင် (၁)သောင်းကျပ်၊ (၁)သိန်း (၆)သောင်း၊

သံဃာတော် (၂၈၀၀)ကျော်တို့အား တဘက်(၂၈၀၀)၊ ဆပ်ပြာမှုန့်ထုပ်ကြီး (၂၈၀၀)၊ သွားတိုက်ဆေး သွားတိုက်တံ နောက် အာရှပင်မှုည့်ဖျော်ရည်ဗူး (၂၈၀၀)၊ ပဲဆီသန့် (၁)ပီပါ၊ ဆန်(၁၀)ပိုင်း၊ ဟုတ်လား၊

ပြီးတော့ ဘာတုန်း မင်းတို့ ဆေးပဒေသာလား? (ရေပဒေသာပါဘုရား)၊ အေး ရေပဒေသာလို့တော့ ငါ့ဆီ သီးသန့် မရှိဘူး၊ ဆွမ်းပဒေသာထဲ ထည့်ခဲ့၊ ဟုတ်လား၊ အဲဒီ ဆွမ်းပဒေသာထဲကနေ ရေအတွက် ကုန်ကြတဲ့ ဒီ ဘာတုန်း မီတာကြေးတို့ ထည့်တယ်၊ ဟုတ်လား၊ အဲဒီတော့ ညည်း ရေပဒေသာပင် မလုပ်ပါနဲ့ ဆွမ်းပဒေသာပဲ လုပ်ပါ။

အခု ဩဂုတ်လမို့လား၊ ဒီလဆိုရင် မီတာခဆောင်ရတာ (၆)သိန်းကျော်တယ်ကွ၊ ဟုတ်လား၊ လတိုင်းလတိုင်း (၄)သိန်းကျော်ပဲ ဆောင်ရတယ် ဒို့ဆီမှာ မီတာခ တက်တဲ့အချိန်က စပြီးတော့၊ အခု ဒီလကျမှ ဖောက်ပြီးတော့ မီတာခ(၆)သိန်းကျော် ဆောင်ရတယ်၊ ဟုတ်လား၊ နောင်လတွေတော့ ဘယ်လိုလာမလဲ မသိဘူးပေါ့ကွာ၊ ဒီလတလတည်းပဲ (၆)သိန်းကျော် ဆောင်ရတယ်၊ အဲဒီလို မီတာခတွေလဲပဲ ဒို့က ဆွမ်းပဒေသာဆိုတဲ့ ခေါင်းစီးထဲကနေပြီး ဆောင်လိုက်တာပဲ၊

ဆွမ်းပဒေသာဆိုတာက ငါအရင်လဲ ပြောပြီးပါပြီ၊ စာမေးပွဲဖြေဆိုတဲ့ အတွင်းမှာ ဆွမ်းကျွေးတယ်၊ မိုးရွာရင် ဆွမ်းချက်တယ်၊ နေ့စဉ် ဒီသံဃာ(၂၈၀၀)ကျော်ကို ဘယ်လိုလုပ် ဆွမ်းကပ်နိုင်မလဲ၊ ဟုတ်လား၊ ဘယ့်နဲ့တုန်း ကပ်နိုင်ပါ့မလား၊ ငွေကြေးတတ်နိုင်တယ်ထား၊ နေ့စဉ် (၂၈၀၀)ကျော် ဆွမ်းကပ်ဖို့ လွယ်ပါ့မလား၊ မလွယ်ဘူးကွ၊ နေ့စဉ် မကပ်နိုင်ပါဘူး၊ အေး စာမေးပွဲဖြေတဲ့

http://www.dhammadownload.com



(၁၃)ရက်၊ အဲဒီ (၁၃)ရက်လုံး ကပ်တယ်၊ မိုးရွာရင် သူတို့ ဆွမ်းချက်တဲ့ သူတွေက စီစဉ်ကြတာပေါ့၊ ဟုတ်လား၊

အဲဒါ ဟိုတနေ့က မိုးရွာတာ ငါ တစ်ပါးကို ဆီနှစ်ကျပ်သားစီ ဝေတယ်၊ (၆)ပုံးကုန်တယ်၊ အေး ဝေတာကတော့ ဆီနှစ်ကျပ်သားပါပဲ၊ အဲ မင်းတို့ ဂျီးမများနဲ့ နည်းတယ်များတယ် မလုပ်နဲ့၊ မင်းတို့ ငါက ပန်းနာဖြစ်မှာစိုးလို့ ဆီနည်းနည်းပေးတာ၊ အေး ဆီများများစားရင် ပန်းနာ ဖြစ်တတ်တယ် ဆိုပြီး ငါက ဆီနည်းနည်းပေးတာ၊ ဟုတ်လား၊ ဟိုတနေ့က သံချောင်းခေါက်ပြီးတော့ ငါက ဆီဝေတယ်၊ ကျောင်းတောင် မစုံသေးဘူး မိုးက မရွာတော့ဘူး၊ ဟာ ဒုက္ခပဲကွာ ကဲ မထူးဘူး ဝေမှတော့ ဆက်ပြီးတော့ ဝေလိုက် အကုန်လုံး ကျောင်းတိုင်းကျောင်းတိုင်း အဲဒီနေ့က မချက်ပါဘူး၊ ဟုတ်လား၊ မချက်ဘဲနဲ့ ဒီအတိုင်းပဲ ဝေလိုက်ရတယ်၊ မိုးက သူတို့ ဆွမ်းခံများများ ထွက်တဲ့အချိန်မှာ ရွာတာ၊ ရွာတော့ ငါက ကဖြစ်ကညစ်လုပ်မယ့် သဘောရှိတယ်လို့ သံချောင်းခေါက်ပြီးတော့ ဆီဝေခိုင်းလိုက်တယ်၊ အဲဒါ ခုနက ပြောသလိုပဲ ကျောင်းတိုင်းကျောင်းတိုင်းက ဆီလာယူတယ်ပေါ့ ဝိမုတ္တိကျောင်းကို။ အဲဒီ ဆီလာယူတဲ့ ကျောင်းတွေတောင် မစုံသေးဘူး မိုးက တိတ်သွားရော့၊ ဟုတ်လား၊ လုံးဝကို တိတ်သွားတာ၊ ဒီတော့ ဆွမ်းခံ ထွက်ကြတာပေါ့၊ အဲဒီဟာတွေအတွက် ဆီတို့ ဆန်တို့အတွက် ဒါတွေကို အသုံးပြုတယ်၊

အခု မြပွဲရှိ ကိုမြမောင်လှူတာ (၁၃)ကြိမ်ရှိပြီ၊ ဒီမှာ ဆီတပိပါ တပိပါ အမြဲတမ်းလှူတာ၊ ဟုတ်လား၊ ပထမလှူတဲ့နှစ်တုန်းက ငါ မြမောင်မှန်းတောင် မသိဘူး၊ သူက လာပြီးတော့ အဲဒီနေ့က မိုးရွာတယ်ကွ၊ မိုးရွာတော့ ငါက မြမောင်မှန်းလဲ မသိဘူး၊ မသိတော့ မင်းက ဘယ်သူတုန်းလို့ ဆိုတော့ ဆရာတော်တဲ့ တပည့်တော်က ဆရာတော့်တရား ခဏခဏနာနေတာပါတဲ့၊ မင်း ဘယ်နာတာလဲဆိုတော့ အောင်နိုင်တို့ အိမ်မှာပါဘုရားတဲ့ အေး အဲဒီတုန်းက သူတို့က အနောက်နား နေတာကိုကွ၊ အဲဒီတော့ ညည်း မောင်မြမောင်နဲ့ ညည်းတို့လဲ လာမှာပေါ့၊ ဟုတ်လား၊ အဲဒီမှာ တရားနာရတယ်တဲ့၊ ဆရာတော် တပည့်တော် ဆီတွေ ဘာတွေ ပဲတွေ လာပို့တာ ဘုရားတဲ့ ဟုတ်လား၊

ဒီတော့ ငါက သူ့ပြောလိုက်တယ်၊ မင်း ဒို့ ဦးဇင်းတွေ သွားကြည့်ကွ ဆွမ်းချက်နေတာ၊ ခါးတောင်းကျိုက်တာနဲ့ ဘာနဲ့နေမှာ၊ ဟုတ်လား၊ အေး အဲလို ပြောလိုက်တယ်၊ သူဆီလှူဒါန်းတာ အခု (၁၃)ကြိမ် ရှိပြီ၊ တနှစ်ကို အနည်းဆုံး ဆီတပိပါ တပိပါ လှူဒါန်းတာ ကျန်တဲ့ပစ္စည်းတွေလဲ ဒီလိုပဲ လှူဒါန်းတာပါပဲ၊

ဒီတော့ ခင်ခင်ကြူ! ဘုရားရှင်က"အတာဏော လောကော အနဘိဿရော" လောကော-သတ္တလောကသည်၊ (ဝါ) သတ္တဝါမှန်သမျှသည်၊ အတာဏော-အားကိုးဖွယ်ရာ မရှိဘူး၊ အနဘိဿရော-တကယ့်ဘေးကြီးနဲ့ တွေ့ရင် ကူမယ့်ကယ်မယ့်သူ မရှိဘူး-တဲ့၊ ဟုတ်လား၊ ဘုရားရှင်က ရဋ္ဌပါလ သံဝေဂသုတ္တန်မှာ ဟောကြားထားတယ်၊

အခု မောင်မြမောင် သူရောဂါဖြစ်လို့ ဆေးရုံတက်တော့ ညည်း ကူညီနိုင်ရဲ့လား၊ အသက်ပြန်ရှင်လာအောင် ကူညီနိုင်သလားလို့ မေးတာ၊ ငွေဘယ်လောက် အကုန်ခံခံ မကူညီနိုင်ဘူး၊ ဟုတ်လား၊ ခန္ဓာကိုယ်မှာ သေမယ့်ရောဂါ စွဲကပ်လာရင် မရတော့ဘူး၊ ဒါကြောင့် ဘုရားရှင်က

http://www.dhammadownload.com



"အတာဏော လောကော အနဘိဿရော" တဲ့၊

လောကော-သတ္တလောကသည်၊ (ဝါ) သတ္တဝါ မှန်သမျှသည်၊ အတာဏော-အားကိုးဖွယ်ရာ မရှိဘူး၊ အနဘိဿရော-တကယ့်ဘေးကြီးနဲ့ တွေ့ရင် ကူမယ့် ကယ်မယ့်သူ မရှိဘူး-တဲ့၊

တကယ့်ဘေးကြီးဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ အိုဘေး, နာဘေး, သေဘေးကို ပြောတာ၊ အဲဒီ အိုဘေး, နာဘေး, သေဘေးဆိုတဲ့ ဘေးကြီးနဲ့တွေ့ရင် ကူမယ့်ကယ်မယ့်သူ မရှိဘူးတဲ့၊ ကိုင်းလိုက်ဆို-

"အားကိုးရာမဲ့၊ ကယ်သူမဲ့၊ အားနွဲ့လှပါတကား"

အဲ မင်းတို့ ငါတို့ ရနေတဲ့ဘဝ အားကိုးစရာ မဲ့တယ်တဲ့ တကယ့်ဘေးကြီးနဲ့တွေ့ရင် ကယ်သူလဲ မဲ့တယ်တဲ့။

"အားကိုးရာမဲ့ ကယ်သူမဲ့ အားနွဲ့လှပါတကား" ဆိုပေ့ သုံးခေါက်၊

အေး အဲဒါ မှတ်ထား ဒကာ,ဒကာမတို့ ရရှိထားတဲ့ ဘဝဟာ တကယ်ကြတော့ အားကိုးစရာ မဲ့တယ်တဲ့ မှန်ရဲ့လား? (မှန်ပါဘုရား)၊ တကယ်ကြတော့ ကူမယ့်ကယ်မယ့်သူ မရှိဘူးတဲ့ မှန်ရဲ့လား? (မှန်ပါ ဘုရား)၊

မင်းတို့ လောကမှာ တခါတရံ ရေလွှမ်းတယ်၊ မီးလောင်တယ်၊ ပြည်ပျက်တယ်၊ အဲဒါ လောကမှာ ဖြစ်တတ်တယ်၊ အဲဒီဘေးတွေက တခါတရံ ကယ်လို့ရတယ်၊ မီးလောင်တယ် ပစ္စည်းတွေ သွားယူ မရဘူးလား၊ ကူညီပြီးတော့ သယ်ပေး မရဘူးလား၊ ရေလွှမ်းတယ် ထို့အတူပဲ ပစ္စည်းတွေ ဘာတွေ ကူညီသယ်ပေး မရဘူးလား? (ရပါဘုရား)၊ အေး ပြည်ပျက်ဘေး ထို့အတူပဲ။

မင်းတို့ ဆိုကြပါစို့ ဒို့ ဂျပန်ခေတ်တုန်းက ဒုတိယကမ္ဘာစစ် ခင်ခင်ကြူ! ညည်း ဒုတိယကမ္ဘာစစ် မီလိုက်လား၊ ဂျပန်ခေတ် အမှတ်ရသေးလား၊ အဲ မမှတ်မိတော့ဘူး ဟုတ်လား၊ အဲ ဒို့ကတော့ ဂျပန်ခေတ်လဲ မီတယ်၊ ဟုတ်လား၊ ငါက ဂျပန်ခေတ်တုန်းက ကိုရင်တောင် ဝတ်ပြီ၊ အဲဒီ ဂျပန် ခေတ်ဟာ ညည်းတို့ ပြည်ပျက်ဘေးပဲ၊ ဟုတ်လား၊ မြို့ကလူတွေ မြို့မှာ ဗုံးချများတော့ တောအရပ် တွေမှာ လာပြီးရှောင်ကြတယ်၊ ဟုတ်လား၊ အဲဒီဘေးတွေက တခါတရံ ကယ်လို့ရတယ်တဲ့၊ ခုနက ပြောတဲ့ အိုဘေး, နာဘေး, သေဘေး ဘယ်သူကမှ ဘယ်သူ့ကို မကယ်နိုင်ဘူးတဲ့၊ မှန်ရဲ့လား၊ ကိုင်း လိုက်ဆို-

"ရေဘေး မီးဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေးတရေး၊ ကယ်နိုင်သေး၏၊ အိုဘေး, နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားက၊ သားနဲ့အမိ၊ ဆရာတပည့်၊ ဖြစ်တုံ့ ဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်" (မဃဒေဝ၊ပိုဒ်၊၄၀၀)

အဲဒီ အိုဘေး နာဘေး သေဘေးတွေနဲ့ တွေ့ရင် သားဖြစ်တဲ့ သူကလဲ မိဘကို မကယ်နိုင် ဘူးတဲ့၊ မိဘတွေကလဲ သားသမီးကို မကယ်နိုင်ဘူးတဲ့၊ အေး မကယ်နိုင်ဘူး၊ ဒါကြောင့် "အတာဏော လောကော" အားကိုးစရာမရှိဘူး၊ အဲ ဒါကြောင့် ကူမယ့် ကယ်မယ့်သူ မရှိဘူးတဲ့၊ ကိုင်း လိုက်ဆို-

http://www.dhammadownload.com



"အားကိုးရာမဲ့၊ ကယ်သူမဲ့၊ အားနွဲ့လှပါတကား" ဆိုပေ့ သုံးခေါက်၊

အဲဒီ သံဝေဂလင်္ကာလေးတွေတော့ ရအောင်ကျက်ထားကွ၊ ဟုတ်ပြီလား၊ ခဏခဏဆိုပေး၊ ကိုယ့်ကိုယ်ကို သံဝေဂဖြစ်အောင် တိုက်တွန်းရာ မရောက်ဘူးလား? (ရောက်ပါဘုရား)၊ အဲဒါ မှတ်ထား၊

မင်းတို့ ငါတို့ ရရှိလာတဲ့ ဘဝဟာ တကယ့်ဘေးနဲ့ တွေ့ရင် အားကိုးစရာမဲ့တယ်တဲ့၊ ကယ်မယ့် ကူမယ့်သူလဲ မရှိဘူးတဲ့၊ မှန်ရဲ့လား? (မှန်ပါဘုရား)၊ အေး အဲဒါ မှတ်ထား၊ မင်းတို့ သားသမီးတွေ ဘယ်နှစ်ယောက်ရှိတုန်း၊ သုံးယောက်လား၊ မင်းတို့ အဖေခြေရာ မီအောင် လိုက်နိုင်မလား မလိုက်နိုင်ဘူးလားတော့ မသိဘူး၊ မင်းတို့ အဖေက စီးပွားရေးလုပ်တဲ့ နေရာမှာ အတော်ကို ကျယ်ပြန့်တဲ့ သဘောရှိတယ်၊ ငါ ဟိုတောနယ်တွေ ရောက်တယ်၊ မိုးမိတ်နယ်တွေ၊ အဲဒီမှာ တောင်သူတွေ ရှိတယ်၊ ရှိတော့

"မင်းတို့ မန္တလေးပွဲရုံတွေ သွင်းသလား"ဆိုတော့ "သွင်းတယ်ဘုရား"တဲ့၊ "ဘယ်ပွဲရုံတွေ သွင်းသတုန်း"ဆိုတော့ "မြပွဲရုံဘုရား"တဲ့၊

အေး အင်မတန်တောခေါင်တဲ့ နေရာတွေကတောင် မင်းတို့ မြပွဲရုံကို လာလာပြီးတော့ အသီးနှံတွေ သွင်းကြတယ်တဲ့၊ ငါကတော့ ဟိုတောထဲ ရောက်တော့ကို မေးကြည့်ရတာပေါ့ကွာ၊ သူတို့ ဘယ်လို ရောင်းကြ ဝယ်ကြတုန်း၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား၊

မင်းတို့ရဲ့ ဖခင်ကြီးက စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ ဆက်ဆံရေး အတော် နယ်ကျယ်တယ်၊ မင်းတို့ မီအောင်မှ လိုက်နိုင်ပါ့မလား၊ ဘယ့်နှယ့်လဲ ဟေ့ကောင်တွေ မီအောင်လိုက်နိုင်ပါ့မလား၊ မီအောင်လိုက် ကြိုးစား၊ ဟုတ်လား၊ ကြိုးစားပြီးတော့ မီအောင်လိုက်ရတယ်၊ ဖခင်ရဲ့ လက်ရာကို သူ့ထက်မကျော်ချင်နေ သူ့ထက် လျှော့တော့ မလျှော့စေနဲ့၊ ဟုတ်လား၊

အေး မင်းတို့ အဖေက ခုနက ပြောသလို စီးပွားရေးမှာ အင်မတန်ကို နယ်ကျယ်တယ်၊ အေး အဲဒါ မှတ်ထား၊

စီးပွားရေးမှာ နယ်ကျယ်သလောက် လှူရေးတမ်းရေးမှာလဲပဲ နယ်ကျယ်တယ်၊ ကျယ်သလား မကျယ်ဘူးလား၊ ကျယ်တယ်ကွ၊ မစိုးရိမ်တိုက်သစ် လာလှူလိုက်၊ တော်ကြာ သီတဂူသွားလှူလိုက်၊ တော်ကြာ ဝိသုဒ္ဓါရုံ သွားလှူလိုက်၊ လှူသလား မလှူဘူးလား၊ အေး လှူတယ်၊ မင်းတို့ အဖေ ကိုမြမောင်က စီးပွားရေးနယ်ကျယ်သလောက် လှူရေး တမ်းရေးမှာလဲ အတော်ကို နယ်ကျယ်ပါတယ်၊

ဒီတော့ မင်းတို့ အဖေ ကိုမြမောင်ဟာ ဘယ်နည်းနဲ့မှ မကောင်းတဲ့ ဒုဂ္ဂတိဘုံဘဝ မရောက်ပါဘူး၊ သေသွားတာမှာ သောတာပန်အဆင့်အတန်းနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်၊ ဒီထက်သာလွန်တဲ့ နေရာကို ရောက်နေပြီလို့ မင်းတို့ စိတ်ချ လက်ချနဲ့ နေ၊ ဟုတ်လား၊

အေး သူက ရောဂါတော့ ယိုးဒယားရော သွားကုတယ်၊ စင်္ကာပူရော ကုသလား၊ အေး ကုတယ်၊ ဟုတ်လား၊ ညည်း! လိုက်သွားလား၊ ဘယ်သူ လိုက်သွားတာလဲ၊

အဲ စင်္ကာပူနဲ့ ဗမာက နည်းနည်း ပွတ်ကာသီကာပဲ ကွာပါတယ်၊ အဲ သူက လမ်းကောင်းတယ်၊

http://www.dhammadownload.com



လျှပ်စစ်မီးပျက်သလား၊ မပျက်ပါဘူးကွ၊ ဟုတ်လား၊ အဲ ငါက စက်ဘူ သုံးခေါက်လောက် ရောက်ဖူးတယ်၊ တခေါက်တခေါက်ကို ရက်(၂၀)လောက် ကြာတယ်၊ အဲဒါ ရက်(၂၀)အတွင်း လျှပ်စစ်မီး ပျက်တယ်လို့ မရှိဘူး၊ ဒီတော့ ဒို့ဗမာပြည်နဲ့ ပွတ်ကာ သီကာပဲ ကွာပါတယ်ကွ၊ ဟုတ်လား၊

အဲ မင်းတို့ အဖေက အဆင့်မြင့်တဲ့ ဘဝကို ရောက်နေပြီလို့ မင်းတို့ စိတ်ချ ယုံကြည်ပြီး ထားပါ၊ ကိုင်းလိုက်ဆို-

"ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင် မြှင့်လိမ့်မည်"

အဲ မင်းတို့ လူငယ်တွေ မှတ်ထား၊ မင်းတို့ သန္တာန်မှာ ဖြစ်နေတဲ့ ကုသိုလ်တွေက မင်းတို့ ဘဝကို အဆင့်မြင့်အောင် မြှင့်ပေးလိမ့်မယ်၊ မှန်ရဲ့လား၊ မင်းတို့ လှူထားတဲ့ ဘုန်းကြီးတွေက မြှင့်ပေးမယ် မထင်နဲ့၊ သူတို့ကိုယ် သူတို့ တော်တော်လုပ်ရဦးမှာ၊ ဟုတ်လား၊ မင်းတို့ မြှင့်ပေးဖို့ နေနေသာသာ သူတို့ကိုယ် သူတို့ အဆင့်မြင့်အောင် တော်တော်လုပ်ရမှာ၊ အဲဒါ "ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင်မြှင့်လိမ့်မည်"ဆိုတာ မင်းတို့ သန္တာန်မှာ ဖြစ်နေတဲ့ ကုသိုလ်တွေက မင်းတို့ရဲ့ ဘဝကို ဒီထက် အဆင့်မြင့်အောင် မြှင့်ပေးလိမ့်မယ်၊

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနီယာ-တဲ့

ကုသိုလ်ဆိုတာ မိမိရဲ့ ဘဝကို တဆင့်ထက် တဆင့် မြင့်အောင် မြှင့်တင် ပေးတတ်တယ်တဲ့၊ အဲဒီ ကုသိုလ်တွေ မင်းတို့ ဖခင်ကြီး ကိုမြမောင် သူ့အသက် (၆၀)အတွင်း ဆိုကြပါစို့၊ ငါးဆယ့် ဘယ်နှစ်နှစ်တုန်း၊ အေး (၅၉)နှစ်အတွင်း လုပ်သွားတဲ့ ကုသိုလ်တွေ အများကြီး၊ ဟုတ်လား၊ အဲဒီ များစွာသော ကုသိုလ်တွေရဲ့ ကောင်းကျိုးကိုသာ စံစား ခံစားနေရပြီ၊ ဒီထက် အဆင့်အတန်း သာလွန်တဲ့ ဘဝကို ရောက်နေပြီလို့ ယုံကြည် စိတ်ချပြီးတော့ ကနေ့လုပ်တဲ့ ကုသိုလ်ကို ရေစက်ချ အမျှဝေရအောင်။

http://www.dhammadownload.com



## ၁၃၇၁-ခု၊ ဝါဆိုလအတွင်း စိန်ပန်း လက်သမားရပ် အသုဘ

"ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ၊
ခဏာမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက် နီးခဲ့ပြီ၊
မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင် ပြင်သင့်ပြီ၊
ဒါနသီလာ၊ ဘာဝနာ၊ လမ်းသာ တွင်လိမ့်မည်၊
မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီးထွက်တော့မည်၊
ဒို့တတွေလဲ၊ သူ့လိုပဲ၊ မလွဲသေရမည်"
(သံဃာတော်များက "အနိစ္စာဝတ သင်္ခါရာ" သုံးဂါထာ ရွတ်တော်မူသည်)

ဒီနားက ကိုလှစိန် သူအကြီးဆုံးလား? (မှန်ပါ)၊ အေး သူအကြီးဆုံး သေသွားပြီ၊ ဒီတော့ ဒို့ဘုရားရှင်က -သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ-တဲ့၊

ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးရသူတို့နှင့် တနေ့မှာ၊ နာနာဘာဝေါ-ရှင်ကွဲသော်လဲ ကွဲရမယ်၊ ဝိနာဘာဝေါ-သေကွဲသော်လဲ ကွဲရမယ်-တဲ့၊ အဘိဏှသုတ်မှာ ဟောပြီးသား၊ အဲဒီ ဒေသနာတော် အတိုင်းပဲ အခု ကိုလှစိန်နဲ့ မင်းတို့ မိသားစုတတွေ သေကွဲ ကွဲတယ်လို့ သောကတွေ ဖြေဖျောက်၊ ကိုင်း လိုက်ဆိုစမ်း-

"သက်မျှကြင်သူ၊ ချစ်သောသူနှင့်၊ အတူတကွ၊ နေချင်လှသဖြင့်၊ လုံ့လခွန်အား၊ စောင်မာန်ထား၍၊ နှစ်ပါးရင်အပ်၊ ကိုယ်ချင်းကပ်လျက်၊ မလွတ်သာအောင်၊ ကြိုးဖြင့်နှောင်လည်း၊ လူ့ဘောင်မျက်မှောက်၊ ကွဲချိန်ရောက်က၊ တယောက်တကွဲ၊ သွားရမြဲတည်း"

အေး မိသားစုတတွေ ချစ်လှပါတယ်၊ ခင်လှပါတယ်၊ မခွဲနိုင်ဘူး၊ မခွါနိုင်ဘူး ဆိုပြီး ကြိုးနဲ့ တုတ်နှောင် ထားသော်လည်း မရဘူးတဲ့ လူ့ဘောင်မျက်မှောက် ကွဲချိန်ရောက်က တယောက်တကွဲ သွားရမယ်တဲ့၊ ကိုင်း လိုက်ဆို-

"သက်မျှကြင်သူ၊ ချစ်သောသူနှင့်၊ အတူတကွ၊ နေချင်လှသဖြင့်၊ လုံ့လခွင့်အား၊ စောင်မာန်ထား၍၊ နှစ်ပါးရင်အပ်၊ ကိုယ်ချင်းကပ်လျက်၊ မလွတ်သာအောင်၊ ကြိုးဖြင့်နှောင်လည်း၊ လူ့ဘောင်မျက်မှောက်၊ ကွဲချိန်ရောက်က၊ တယောက်တကွဲ၊ သွားရမြဲတည်း"

အေး ကိုလှစိန်နဲ့ ကိုယ့်မိသားစုတတွေ ကွဲချိန်တန်လို့ ကွဲသွားတယ်လို့ သောကကို ဖြေဖျောက်၊

ဘုရားရှင်က ကမ္မဒါယာဒေါ-ကံရဲ့အမွေကို ခံရမယ်၊ ကောင်းတဲ့ကုသိုလ်ကံကို လုပ်ရင် ကောင်းတဲ့အမွေကို ခံစားရမယ်၊ ဆိုးတဲ့ အကုသိုလ်ကံကို လုပ်ရင် ဆိုးတဲ့အမွေကို ခံရမယ်တဲ့၊ ကိုင်းလိုက်ဆို-

http://www.dhammadownload.com



"ကောင်းကံဆိုးကံ၊ ဤနှစ်တန်၊ အမွေခံရမည်၊
ကောင်းကံပြုက၊ ဒို့ဘဝ၊ မုချချမ်းသာမည်၊
ကုသိုလ်ပြုက၊ ဒို့ဘဝ၊ မုချချမ်းသာမည်"

အေး ကမ္မဒါယာဒ-ဒေသနာအရ မင်းတို့ ကိုလှစိန် အသက်(၅၀)အတွင်းမှာ လုပ်သွားတဲ့ ကုသိုလ်တွေက အများကြီး၊ အဲဒီ ကောင်းကံတွေရဲ့ အကျိုးကို ခံစား စံစားနေရပြီလို့ ယုံကြည်စိတ်ချပြီးတော့ ကိုင်း ရေစက်ချ အမျှဝေရအောင်၊(ရေစက်ချ အမျှဝေသည်)

အရင်တုန်းက ဒို့မန္တလေး အသုဘရေ စက်ချတယ်ဆိုရင် အသုဘရုပ်အလောင်းနဲ့ ရေစက်ခွက်နဲ့ တဘက်ကလေးနဲ့ ဆက်သွယ်ထားတယ်မဟုတ်လား၊ အခု အဲဒီ ထုံးစံ ပျောက်သွားပြီမဟုတ်လား? (မှန်ပါ)၊ မင်း အဓိပ္ပာယ်က သူကိုယ်တိုင် ရေစက်ချပါတယ်ဆိုတဲ့ အဓိပ္ပာယ်ဗျ? (မှန်ပါ)၊ ကောင်းတာကတော့ ကောင်းတယ်၊ သေတဲ့သူကိုယ်တိုင် ရေစက်ချနေပါတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ သူ့အတွက် ရေစက်ခွက် ထားတယ်၊ ပြီးတော့ အလောင်းနဲ့ တဘက်ကလေးနဲ့ ဟုတ်လား၊ အဲဒါ ဟိုတုန်းက အသုဘတိုင်းကို လုပ်တယ်၊ အခုကျ သုသာန်မှ မဟုတ်တော့ဘူး၊ အိမ်ဖြစ်သွားပြီ၊ ဟုတ်လား၊ ဟိုတုန်းကတော့ သုသာန်ချည်းပဲ သရဏဂုံတင်တယ်၊ အိမ်တင် သရဏဂုံတင်တာက ရှိကို မရှိဘူး၊ အိမ် သရဏဂုံတင်ရင် အိမ် သုသာန်ဖြစ်တယ် ဘာညာနဲ့ ဟိုတုန်းက အယူရှိတယ်၊ ဟုတ်လား၊ အခုရော ဘယ်လို အယူရှိသေးတုန်း? (မရှိပါဘုရား)၊

အေး သုသာန်ချည်းပဲကွ၊ ငါထိုင်တဲ့ နေရာလဲ သုသာန်ပဲ၊ မင်းတို့ထိုင်တဲ့ နေရာလဲ သုသာန်ပဲ၊ ဟုတ်လား၊ ဒို့တတွေ သေခဲ့တာ အကြိမ်ပေါင်း များလှပြီကွ၊ ဟုတ်လား၊

အဲဒီ အယူအဆလေး မန္တလေးက ဒါ ကောင်းတယ်၊ ငါက မန္တလေး အဘိုးကြီး အမယ်ကြီးတွေကို မေးကြည့်တော့ သူကိုယ်တိုင် ရေစက်ချတယ်ဆိုတဲ့ အဓိပ္ပာယ် လုပ်တာပါဘုရားတဲ့၊ ဒါကလဲ မင်းတို့ မန္တလေးတမြို့ပဲ ရှိတယ်၊ ဘယ်မြို့မှ မရှိဘူး၊ ဟုတ်လား၊ အလောင်းကြီးကို မင်းတို့ ဘုန်းကြီးတွေရှေ့ ယူလာတာလဲ ဒို့တမြို့ပဲ ရှိတယ်၊ ဟုတ်လား၊ ဒီပြင် ဘယ်မှာမှ မရှိဘူး၊ အေး ကောင်းတဲ့ ထုံးစံလေးတွေ လိုက်နာရတာပေါ့ကွာ။

http://www.dhammadownload.com



## ၁၃၇၁-ခု၊ ဝါမဆိုခင် ဦးဝါသေဌ၏ တပါးကျောင်း အလှူ

သုံးဆယ့်ရှစ်နှစ်ပြည့် မွေးနေ့မင်္ဂလာ၊ ကိုင်း“ကုသိုလ်ပညာ၊ ကိုယ်ကျန်းမာနှင့်၊ ဥစ္စာတန်ဖိုး၊ တမျိုးမျိုးမှ၊ မတိုးမတက်၊ ထိုနေ့တွက်၊ သက်သက်ဝမ်းနည်းဖွယ်”၊

အဲဒါ မှတ်ထား လူ့လောက နေတယ်ဆိုတာ နံပါတ်(၁)ကုသိုလ်၊ နံပါတ်(၂)ပညာ၊ နံပါတ်(၃)က ကျန်းမာရေး၊ နံပါတ်(၄)က စီးပွားရေး၊ အဲဒီလေးမျိုး တမျိုးမျိုးမှ မတိုးတက်ဘဲနဲ့ နေ့ကုန်သွားတယ်ဆိုရင် အဲဒီနေ့အတွက် သိပ်ကို ဝမ်းနည်းဖွယ်ကောင်းတယ်တဲ့၊ ဒါကြောင့် အနည်းဆုံး တမျိုးတော့ တိုးတက်အောင် လုပ်ရမယ်၊ နှစ်မျိုး သုံးမျိုး လေးမျိုးလုံး တိုးတက်အောင် လုပ်နိုင်ရင် ပိုပြီးတော့ ကောင်းတယ်၊

ကဲ ဆိုစမ်း“ကုသိုလ်ပညာ၊ ကိုယ်ကျန်းမာနှင့်၊ ဥစ္စာတန်ဖိုး၊ တမျိုးမျိုးမှ၊ မတိုးမတက်၊ ထိုနေ့တွက်၊ သက်သက် ဝမ်းနည်းဖွယ်”၊

အဲ ဝမ်းနည်းဖွယ် မဖြစ်အောင် အဲဒီလေးမျိုး တမျိုးမျိုးတိုးတက်အောင် လူ့လောကမှာ နေထိုင်ပြီး နေရတယ်တဲ့၊

ဒက္ခ ဂဟပတ် သာဓု၊

ဂဟပတ်-လောကီလူသားများအဖို့၊ ဒက္ခ-နိုင်ငံရေး စီးပွားရေး ကျန်းမာရေး စသည် အဖက်ဖက်က အမြင်ကျယ်ခြင်းဟာ၊ သာဓု-ကောင်းတယ်-တဲ့၊

ပညာရေးတို့ အဲဒီကျန်းမာရေးတို့ စသည် အဘက်အဘက်က အမြင် ကျယ်ခြင်းဟာ ကောင်းတယ်တဲ့၊ ဘုရားရှင်က မင်းတို့ ဇာတ်တော်မှာ မှာထားတယ်၊ ဒို့ ဗမာပြည်သူပြည်သားတွေ ခုနကပြောတဲ့ ပညာရေးတို့ လူမှုရေးတို့ ကျန်းမာရေးတို့-စသည် အားလုံး အဘက်ဘက်က အမြင်ကျယ်ဘို့ လိုတယ်၊

အဲ မင်းတို့ ဗမာနိုင်ငံ အမြင်မကျယ်တဲ့အတွက် အလားအလာကောင်းပြီး မတိုးတက်တာ၊ ဗမာနိုင်ငံလောက် အလားအလာကောင်းတာ မရှိဘူး၊ ဟုတ်လား၊ မရှိသလောက်ရှားတယ်၊ အခု ဒီမှာ ခင်းထားတဲ့ကြမ်းတွေ အမေရိကန်တို့ အင်္ဂလန်တို့မှာ မရှိဘူး၊ ဒီအသားမျိုးမရှိဘူး၊ ဒါ ပိတောက်တို့ ပျဉ်းကတိုးတို့ ဒါတွေနေမှာ ဟုတ်လား၊ ဟိုမှာက ပိတောက်တို့ ပျဉ်းကတိုးတို့ လုံးဝမရှိဘူး၊ သူတို့ခင်းတာ ဘာတွေခင်းနေလဲ၊ ထင်းရှူးသား ဟုတ်လား၊ ထင်းရှူးသားကို သူတို့က ပေါင်းတင်ပြီးတော့ ဒီလိုပဲ ကြမ်းခင်း လုပ်ထားတယ်၊ ဒီတော့ လှတော့ လှတယ်ပေါ့၊ ဒါပေမယ့် ပိတောက်တို့ ပျဉ်းကတိုးတို့ အဲဒီလောက်တော့ ဘယ်ကောင်းမလဲ၊ ဟုတ်လား၊ သူတို့ဆီမှာ အကောင်းကို လုံးဝမရှိဘူး၊ အသားကောင်း လုံးဝမရှိဘူး၊ ကျွန်းဆိုတာတော့ ဝေးလို့ အဲဒီပိတောက်တို့ ပျဉ်းကတိုးတို့ ဆိုတာတောင် မရှိဘူး၊

အဲဒီ ထင်းရှူးသားတောင်မှ သူတို့ အင်္ဂလန်တို့ ဘာတို့က မထွက်ပါဘူးတဲ့၊ တပည့်တော်တို့

http://www.dhammadownload.com



အရှေ့ဥရောပက မှာရပါတယ်တဲ့ ဟုတ်လား၊ အဲဒီ အရှေ့ဥရောပက တင်တဲ့ ထင်းရှူးသားတို့ကို ပေါင်းတင်ပြီးတော့ သူတို့ ခင်းရတယ်၊ ဟုတ်လား၊

မင်းတို့ ဗမာနိုင်ငံ အလားအလာ အင်မတန်ကောင်းတယ်၊ အလားအလာ ကောင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေတာ ဘာကြောင့်လဲလို့ စစ်တမ်းထုတ်ကြည့် အသိပညာ နည်းတယ်၊ အသိပညာနည်းတယ်ဆိုတာ တခြားမဟုတ်ဘူး၊ ဒီလိုကိစ္စမျိုး ဆောင်ရွက်တယ်ဆိုတာ အချင်းချင်း ညီညွတ်မှ ဆောင်ရွက်လို့ရတယ် တိုးတက်တယ်၊ အခုတော့ အသိပညာက အခြေခံမရှိတော့ ညီညွတ်မှုအင်မတန် နည်းတယ်၊

အဲ မညီညွတ်ဘူးဆိုတာက အကုသိုလ်ကွ၊ မညီညွတ်တာက ဘာတုန်း? (အကုသိုလ်ပါ ဘုရား)၊ အဲဒါ တရားကိုယ်ကောက်တော့ မညီညွတ်ဘူးဆိုတာ မာနတို့ ဒိဋ္ဌိတို့ ဒေါသတို့ဆိုတဲ့ အကုသိုလ်ကို တရားကိုယ်ကောက် ရတာ၊ ဒီတော့ အကုသိုလ်တွေဖြစ်တဲ့ မာနတို့ ဒိဋ္ဌိတို့ ဒေါသတို့ ကိန်းအောင်းနေတယ်ဆိုတော့ ဆိုးပင်တွေစိုက်ပျိုး နေတာ ဆိုးကျိုးပဲ ရမှာပေ့ါ၊

ကဲ ဆိုစမ်း-ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ။ ဆို သုံးခေါက်၊

အဲ မညီညွတ်တဲ့ မာနတို့ ဒိဋ္ဌိတို့ ဒေါသတို့ဆိုတဲ့ အကုသိုလ်ဆိုးပင်တွေ စိုက်ပျိုး နေလို့ မင်းတို့ ဗမာနိုင်ငံ ဆိုးကျိုးတွေရနေတာ၊

အဲ အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာဆိုတဲ့ ကောင်းပင်စိုက်ပျိုးရင် ဘာအကျိုးရမတုန်း? (ကောင်းကျိုးပါ ဘုရား)၊ မှတ်ထား။ ညီညွတ်တယ်ဆိုတာ မေတ္တာခေါ်တယ်၊ မေတ္တာဆိုတာ ကုသိုလ်၊ အဲဒီညီညွတ်တဲ့ မေတ္တာဆိုတဲ့ ကောင်းပင် စိုက်ပျိုးရင် ကောင်းကျိုးရမယ်၊ မှန်ရဲ့လား? (မှန်ပါဘုရား)၊

ကဲ ဆိုကြစမ်း-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။

အဲ မင်းတို့ ဗြဟ္မစိုရ်အသင်း မှတ်ထားဗျာ၊ ပရိယတ္တိအသင်း မှတ်ထားဗျာ၊ မင်းတို့ ညီညွတ်မှ တိုးတက်မှာ မညီညွတ်ရင် ဘယ်တော့မှ မတိုးတက်ဘူး၊ မညီညွတ်ရင် ဘယ်အသင်းဖြစ်ဖြစ် မတိုးတက်ဘူး၊

ဒို့ဗမာနိုင်ငံ အသင်းတွေကလည်း များသောအားဖြင့်တော့ မညီညွတ်တာ များတယ်၊ လူမှုရေးအသင်း ဖြစ်ဖြစ် ဘာသာရေးအသင်း ဖြစ်ဖြစ် ဘယ်အသင်းမှ ညီညွတ် တယ်လို့ မရှိဘူး၊ ကြာရင် ကွဲပြားပြီးတော့ သွားတယ်၊ အဲဒီဒဏ်တွေ ဒို့ဗမာပြည် ခံနေရတယ်၊ အဲ ညီညွတ်မှုရှိမှ တိုးတက်မှာ အသိဉာဏ်ရှိမှ တိုးတက်မှာ၊ မှန်ရဲ့လား? (မှန်ပါ)၊ အေး အဲဒါ မှတ်ထား၊ ညီညွတ်မှု မရှိသ၍ ဘယ်တော့မှ မတိုးတက်ဘူး၊

ဒါကြောင့် ဒို့ ဘုရားရှင်က "အဗျာပဇ္ဇံ သုခံ လောကေ"

လောကေ-သတ္တလောက၌ (ဝါ) သတ္တဝါအားလုံးအပေါ်၌၊ အဗျာပဇ္ဇံ-စိတ်မဆိုး အမျက် မထွက်ခြင်းသည်၊ သုခံ-ချမ်းသာတယ်-တဲ့၊ ချမ်းသာခြင်းရဲ့အကြောင်းဖြစ်တယ်တဲ့၊

ကိုင်းလိုက်ဆိုစမ်း-စိတ်ဆိုးလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ကဲ ဆိုပေ့ သုံးခေါက်၊

http://www.dhammadownload.com



အေး-အဗျာပဇ္ဈံ သုခံ လောကေ-ဆိုတာ အဲဒါ ပြောတာ၊ အဗျာပဇ္ဈ-ဆိုတာ အဒေါသ-မေတ္တာခေါ်တယ်၊ အဒေါသနဲ့ မေတ္တာနဲ့ အတူတူပဲ၊ အေး အဗျာပဇ္ဈ-ဆိုတဲ့ အဒေါသ မေတ္တာ အဲဒီ တရားနဲ့နေရင် အင်မတန်ကို ချမ်းသာတယ်တဲ့၊

နောက် 'ပါဏဘူတေသု သံယမော'

ပါဏဘူတေသု-သတ္တဝါအားလုံး အပေါ်၌၊ သံယမော-စောင့်စည်းခြင်း ကရုဏာထားခြင်းသည်၊ သုခေါ-ချမ်းသာတယ်-တဲ့၊

မေတ္တာနဲ့ မဖြစ်ဘူးတဲ့ ကရုဏာလည်းပဲ ထားရတယ်တဲ့၊ ဟုတ်လား၊ အချင်းချင်း မညှဉ်းဆဲရဘူးတဲ့၊

ကိုင်း လိုက်ဆို-ညှဉ်းဆဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ဆို သုံးခေါက်၊

အေး အဲဒါ မှတ်ထားဗျာ-အဗျာပဇ္ဈံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော-ဆိုတဲ့အတိုင်း အချင်းချင်း မေတ္တာ ကရုဏာဆိုတဲ့ ဒီဗြဟ္မစိုရ်တရားနှစ်ပါးနဲ့ နေရင် ဒီဗမာပြည် တိုးတက်မယ် မှန်ရဲ့လား? (မှန်ပါဘုရား)၊ အဲဒီဗြဟ္မစိုရ်တရားတွေ ကင်းနေသ၍တော့ ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး၊

အခု ငါ ဥရောပနိုင်ငံကို တော်တော်များများ ရောက်ခဲ့တယ်၊ ဗမာတွေရှိတယ်၊ အခု ဒီအစိုးရကို တော်လှန်နေတဲ့ ဗမာတွေရှိတယ်၊ သူတို့ချင်း တည့်လားဆိုတော့ မတည့်ဘူး၊ ဟုတ်လား၊ စိတ်ပျက်စရာ အတော်ကောင်းတာ၊ ဟိုမှာ သွားပြီးတော့ တရှိရှိ လုပ်နေကြတယ် အချင်းချင်း ရန်ဖြစ်နေကြတယ်၊

အေး ရန်ဖြစ်တယ်ဆိုတာက ဒေါသ၊ ရန်ဖြစ်တယ်ဆိုတာ ဘာတုန်း? (ဒေါသပါဘုရား)၊ ဒေါသဆိုတာ အကုသိုလ်၊ ဒေါသဆိုတာ ဘာတုန်း? (အကုသိုလ်ပါ ဘုရား)၊ အဲဒါ ကွဲဘို့ လိုတာကွ၊ ဟုတ်လား၊ အေး သူတို့က ကိုယ့်အချင်းချင်း ရန်ဖြစ်နေတယ်၊ အေး မင်းတို့ အချင်းချင်းကလည်း ရန်ဖြစ်ပြီးတော့ နေတာပဲလို့ ဘယ်မှာ တိုင်းပြည် တိုးတက်မှာလဲလို့။ အဲဒီ ဒေါသတို့ မာနတို့ မင်းတို့ ကင်းကြဘို့ လိုတယ်လို့ ရောက်တဲ့ နိုင်ငံတိုင်း ငါက တရားဟောရတယ်၊ တရားမဟောရတဲ့နိုင်ငံ တနိုင်ငံမှ မရှိဘူး၊ နော်ဝေရောက် တရားဟောရတာပဲ၊ ဒိန်းမတ်ရောက် တရားဟောရတာပဲ၊ ဂျာမနီရောက် တရားဟောရတာပဲ၊ ဟုတ်လား၊ ဘယ်နိုင်ငံရောက်ရောက် ရောက်တဲ့နိုင်ငံ တရားဟောရတယ်၊ တရားဟောတိုင်းလည်းပဲ ညီညွတ်ရေးပဲ ဟောတယ်၊ ဟုတ်လား၊ ညီညီညွတ်ညွတ် နေမှ မင်းတို့တိုးတက်မှာ မညီညွတ်ရင် မင်းတို့ ဘယ်တော့မှ မတိုးတက်ဘူး၊ အဲလိုဟောရတယ်၊

အဲဒီနိုင်ငံတွေ အကုန်လုံး ဘုန်းကြီးကျောင်းဖွင့်တယ် ဘုန်းကြီးမရှိဘူး၊ ဟုတ်ကဲ့လား? (မှန်ပါ)၊ နော်ဝေလည်း ဘုန်းကြီးမရှိဘူး၊ ဒိန်းမတ်လည်း ဘုန်းကြီးမရှိဘူး၊ ဂျာမနီလည်း ဘုန်းကြီး မရှိဘူး၊ ဟုတ်လား၊ နယ်သာလန်လည်း ဘုန်းကြီးမရှိဘူး၊ ဟုတ်လား၊ ဘုန်းကြီးကျောင်း တွေတော့ အကုန်လုံးဖွင့်ပါတယ်၊ ဖွင့်ပေမယ့် ဘုန်းကြီးမရှိဘူး၊ ရှိပြန်တော့လည်းပဲ ဘုန်းကြီးနှစ်ပါး သုံးပါးရှိ ရန်ဖြစ်ရော၊

http://www.dhammadownload.com



ဗမာတွေ မင်းတို့ အတော်ညံ့တယ်၊ ဟုတ်လား၊ စိတ်ဓာတ်တွေ၊ နည်းနည်း 'နိဝါတ'တရားက ရှိမှ မရှိဘဲကိုကွ၊ ဟုတ်လား၊ အချင်းချင်း ရှိသေရမယ်ဆိုတဲ့ 'နိဝါတ'တရားက အင်မတန် ကင်းမဲ့တဲ့ နိုင်ငံ ဟုတ်လား၊ ဒါကြောင့်မို့လို့ ဒီနိုင်ငံ မတိုးတက်တာ ဟုတ်ရဲ့လား၊

နိုင်ငံတိုင်း နိုင်ငံတိုင်းကို ကျောင်းဖွင့်ခဲ့ပါတယ်၊ ဆွီဒင်လည်း ကျောင်းဖွင့်ခဲ့တယ်၊ အဲဒီနိုင်ငံတွေ ဘုန်းကြီးဆိုလို့ တပါးမှ မရှိဘူး ဟုတ်လား၊ ပရိသတ်ကတော့ မဆိုးဘူး၊ ဒီနော်ဝေတို့ ဘာတို့ဆိုရင် ပရိသတ်နှစ်ရာလောက် လာတယ်၊ လူနှစ်ရာလောက် လာတယ်၊ ဒါ ရုတ်တရုတ် လုပ်ရတာ၊ အေးအေးဆေးဆေး ကျကျနနပေါ့ (၁၀)ရက် (၁၅)ရက် ကြေညာပြီးတော့ပေါ့ လုပ်ရရင် ဒီထက်တပည့်တော်တို့ ပရိသတ်များတယ်တဲ့ ဟုတ်လား၊ ခုတော့ ဆရာတော် နက်ဖန်ခါဟောမယ် ကနေ့မှ ကြေညာရတာတဲ့ ဟုတ်လား၊ အဲဒါကို ပရိသတ် တရာနှစ်ရာ များသောအားဖြင့် ရှိတယ်၊

အဲဒီ ပရိသတ်တွေကို -အဗျာပဇ္ဇ သုခံ လောကေ၊ ပါဏဘူတေသု သံယမော-ဆိုတဲ့အတိုင်း အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာ ကရုဏာဆိုတဲ့ ဗြဟ္မစိုရ်တရား နှစ်ပါးနဲ့နေမှ မင်းတို့အချင်းချင်းလည်း တိုးတက်မယ်၊ ဒို့ ဇာတိနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံ လည်းပဲ တိုးတက်မယ်လို့ အဲဒီ ပြည်ပပရိသတ် ဟုတ်လား ရောက်တဲ့နေရာတိုင်း ဟောတယ်၊

မင်းတို့က ဆဲတာကို နိုင်ငံရေးလို့ ထင်နေတယ် ဟုတ်လား၊ နေရာတကာ လျှောက်ဆဲနေတာ အဲဒါ နိုင်ငံရေးမဟုတ်ပါဘူးကွ၊ ဆဲတာက ဆဲတာပဲ ဖြစ်တယ်လို့ နိုင်ငံရေး မဟုတ်ဘူး၊ အသံလွှင့်ဌာနကို ပြောခဲ့ရတယ်၊ ဟုတ်လား၊ သူတို့ အသံလွှင့်ဌာနလည်း ရောက်ပါတယ် အကုန်ရောက်တယ်၊ အေး အဲဒီ အသံလွှင့်ဌာနကို ရောက်တော့ **ဆဲတာဟာ နိုင်ငံရေးမဟုတ်ပါဘူး**၊ ဟုတ်လား၊ **နိုင်ငံရေးစစ်စစ် လုပ်စမ်းပါ၊ နိုင်ငံရေးစစ်စစ်လုပ်ရင် မင်းတို့ ဗမာနိုင်ငံ တိုးတက်မယ်**လို့၊

အဲဒါ မေတ္တာ ကရုဏာဆိုတဲ့ ဗြဟ္မစိုရ်တရားနှစ်ပါးနဲ့ပဲ နေထိုင်ရင်ကို တိုးတက်မယ်၊ ဒီလိုမဟုတ်ဘူး အသိဉာဏ်မရှိဘူး အချင်းချင်း ရှိသေလေးစားမှု မရှိဘူးဆိုရင်ကတော့ ဒီဗမာနိုင်ငံ ဘယ်တော့မှ မတိုးတက်ဘူး၊

ကိုင်း ဒီနေ့ မင်းတို့လုပ်တဲ့ ကုသိုလ် ရေစက်ချ အမျှဝေမယ်။ ။

http://www.dhammadownload.com



## ၁၃၇၃-ခု ဝါဆိုလကွယ်နေ့

ဈေးချို၊ နှင်းဆီရှိ ဘုံဆွမ်းလောင်အသင်း (၅)နှစ်ပြည့်နှင့် သကျသီဟစာမေးပွဲ သီးခြားစာချတန်းအောင် အရှင်ခန္တီစာရာဘိဝံသ ဂုဏ်ပြုပူဇော်ပွဲ တရားတော်။

(နှစ်စဉ် အဂ္ဂမဟာအကျော် ရသော အရှင်မြတ် တပါးကို ပူဇော်နေကြ ဖြစ်သော်လည်း ယခုနှစ် အဂ္ဂမဟာအကျော် ရသော အရှင်မြတ် မပေါ်ထွက်တဲ့အတွက် ယခုနှစ် မန္တလေးမြို့မှ သကျသီဟကျမ်းပြီးအောင် အရှင်မြတ်ကို ပူဇော်ခြင်း ဖြစ်သည်)

ကဲ မင်းတို့ ၁၂၆၈-ခုနှစ်က အသင်းစာမေးပွဲ စပြီးကျင်းပတယ် ပြောတာ၊ အဲဒီအသင်း တည်ထောင်တာက ၁၂၆၀-ပြည့်မှာ တည်ထောင်တာ၊ ၁၂၆၈-ခုနှစ်ကျမှ အသင်းစာမေးပွဲက စပြီးတော့ လုပ်တာ၊

ဒက္ခ ဂဟပတိ သာဓု-တဲ့ ဒို့ဘုရားရှင်က ဂဟပတိ-လောကီလူသားများ အဖို့ ဒက္ခ-နိုင်ငံရေး စီးပွားရေး ပညာရေး လူမှုရေး စတဲ့ အဖက်ဖက်က အရေးအရာ အားလုံးမှာ အမြင်ကျယ်ခြင်းသည်၊ သာဓု-ကောင်းတယ်-တဲ့၊

မင်းတို့ ဘုရားရှင်က လူဆိုတာ နိုင်ငံရေးလည်း အမြင်ကျယ်ရမယ်တဲ့၊ စီးပွားရေးလည်း အမြင်ကျယ်ရမယ်တဲ့၊ ပညာရေးလည်း အမြင်ကျယ်ရမယ်တဲ့၊ ကျန်းမာရေးလည်း အမြင်ကျယ် ရမယ်တဲ့၊ အဲသလို အဖက်ဖက်က အမြင်ကျယ်တာဟာ ကောင်းတယ်တဲ့၊ အဲဒါ တို့ဗမာပြည်သူ၊ ပြည်သားတွေ မင်းတို့ အဖက်ဖက်က အမြင်ကျယ် အောင်လို့ ကြိုးစားဖို့ လိုတယ်ဗျာ၊

အခုတော့ မင်းတို့ ဗမာပြည်ဖြစ်နေတာ အစိုးရကလည်း ကြောက်လိုက်ရတဲ့ နိုင်ငံရေး၊ ဟုတ်လား၊ ဘာကြောက်မှန်း မသိဘူး၊ နိုင်ငံရေးဆိုတာ ကြောက်စရာမှ မဟုတ်ဘဲ၊ ကိုယ့်နိုင်ငံ ကောင်းဖို့အတွက် လုပ်တာ ဘာမှ ကြောက်နေစရာ မလိုဘူး၊ အဲဒါကို မင်းတို့ အစိုးရကလည်း ကြောက်လိုက်တာ နိုင်ငံရေး၊ ဟုတ်လား၊ လူထုကလည်း နိုင်ငံရေးဆိုတာ ဘာမှ နားမလည်ဘူး၊ ဒီတော့ အကျိုးတရားက ဘာရလဲ၊ မကောင်းတဲ့ အကျိုးတရား ရတာပေါ့၊ နိုင်ငံခြားက လမ်းတွေ စံချိန်မီအောင် မကောင်းဘူးလား၊ မင်းတို့ ဗမာပြည်က လမ်းတွေ စံချိန်မီတယ်လို့ မင်းတို့ ပြောလို့ရလား၊ မရသေးဘူး၊ လျှပ်စစ်မီး မလုံလောက် သေးဘူးကွ၊ လုံလောက်ရဲ့လား၊ အေး အဲဒါ မှတ်ထား၊ နိုင်ငံရေး အမြင်မကျယ်တာ ခေါ်တယ်၊

အဲဒါ ဘုရားရှင်က ဒက္ခ ဂဟပတိ သာဓု-တဲ့၊

ဂဟပတိ-လောကီလူသားများအဖို့ ဒက္ခ-နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကုသိုလ်ရေး၊ အဖက်ဖက်က အမြင်ကျယ်ခြင်းသည်၊ သာဓု-ကောင်းတယ်တဲ့၊

အဲဒါ ဘုရားရှင်က အဖက်ဖက်က အမြင်ကျယ်စေချင်တာ ဗျာ၊ မင်းတို့ အဖက်ဖက်က အမြင်ကျယ်အောင် လုပ်ဖို့လိုတယ်၊ ဟုတ်လား၊ အုပ်ချုပ်သူရော၊ အုပ်ချုပ်ခံ လူတန်းစားရော အဖက်ဖက်က အမြင်ကျယ်အောင် လုပ်ဖို့လိုတယ်၊

မင်းတို့ ဗမာပြည်က ရန်ဖြစ်တာကို ကုသိုလ်လို့ ထင်နေတာ၊ ဘာထင်တာတုန်း?

http://www.dhammadownload.com



(ကုသိုလ်ပါဘုရား)၊ အဲ ကုသိုလ်ထင်တာ၊ အတော်ကို စိတ်ပျက်စရာ ကောင်းတဲ့နိုင်ငံ၊ ရန်ဖြစ်တာက အကုသိုလ်ကွ၊ ရန်ဖြစ်တာက ဘာတုန်း? (အကုသိုလ်ပါဘုရား)၊ မင်းတို့ မဲရှုက စ ရန်ဖြစ်နေတာ၊ ခင်ဗျာတို့က နိုင်ပါတယ်၊ ကျွန်တော်တို့က နိုင်ပါတယ်၊ သူတို့က ဘယ်လိုလုပ်လို့ပါ၊ ညာလိုလုပ်လို့ပါ၊ ပါသလား မပါဘူးလား၊ အဲဒါ ရန်ဖြစ်တာဗျ၊ အချင်းချင်း ညှိနှိုင်းဆွေးနွေးတာ မဟုတ်ဘူး၊ အဲဒါ ရန်ဖြစ်တာ၊ ဟုတ်လား၊ အဲဒါ မှတ်ထား၊

မင်းတို့ ရန်ဖြစ်တာဆိုတာ အကုသိုလ်၊ ရန်ဖြစ်တာက ဘာတဲ့တုန်း? (အကုသိုလ်ပါဘုရား)၊ အကုသိုလ်ဆိုတာ ဆိုးပင်ခေါ်တယ်၊ အကုသိုလ်ဆိုတာ ဘာပင်ခေါ်တုန်း? (ဆိုးပင်ပါဘုရား)၊

ဒို့ဘုရားရှင်က -ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ-တဲ့၊ ဆိုးပင် စိုက်ပျိုးရင် ဆိုးကျိုးရမှာပဲတဲ့၊ မှန်ရဲ့လားဗျား? (မှန်ပါဘုရား)၊

အေး မင်းတို့ ဗမာပြည် အလားအလာ ဘယ်လောက်ကောင်းကောင်း ဆိုးပင်တွေ စိုက်ပျိုးနေတဲ့ အတွက် ဘာအကျိုးတွေ ရမလဲ? (ဆိုးကျိုးပါဘုရား)၊ အေး အဲဒါ မင်းတို့ လူထုအားလုံး သိဖို့လိုတယ်၊ ဦးဇင်းတွေအားလုံး သိဖို့လိုတယ်၊ အစိုးရ သိဖို့ လိုတယ်၊ ဟုတ်လား? (မှန်ပါဘုရား)၊

ကိုင်း လိုက်ဆို၊ -ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ။ ဆို သုံးခေါက်၊

အဲဒါ မှတ်ထား မင်းတို့ ဗမာပြည် အလားအလာ ဘယ်လောက်ကောင်းကောင်း ရန်ဖြစ်တဲ့ အကုသိုလ် ဆိုးပင်တွေ စိုက်ပျိုးနေသ၍ ဘာအကျိုးသာ ရမတုန်း? (ဆိုးကျိုးပါဘုရား)၊

အေး မင်းတို့ လွတ်လပ်ရေး ရတာ အခု နှစ်ပေါင်း ခြောက်ဆယ် ကျော်လာပြီကွ၊ ဟုတ်လား၊ ၆၃-နှစ် ရှိပါပြီ၊ သူများနိုင်ငံလို ဖွံ့ဖြိုးတိုးတက်မှု ရှိရဲ့လား၊ အင်မတန်ကို နိမ့်ကျတယ်၊ အဲဒါ ဘာကြောင့်လည်းဆို မင်းတို့ နိုင်ငံရေးအမြင်မကျယ်ဘူးကွ၊ မှန်ရဲ့လား? (မှန်ပါဘုရား)၊ နိုင်ငံကောင်းအောင် လုပ်တာ နိုင်ငံရေးကွ၊ ဘာတဲ့လဲ? (နိုင်ငံရေးပါဘုရား)၊ အဲ ကိုယ့်အတ္တအတွက် ကောင်းအောင်လုပ်တာ နိုင်ငံရေး မဟုတ်ဘူး၊ ငါသာ ကြီးပွား တိုးတက်ရမယ်၊ ကျန်တဲ့သူ ဘယ်သူသေသေ၊ ငတေမာ ပြီးရော-ဆိုတဲ့ ဟာမျိုးက နိုင်ငံရေး ဟုတ်ရဲ့လား? (မဟုတ်ပါဘုရား)၊ အေး အဲဒီအမြင် မင်းတို့ ကျယ်ဖို့လိုတယ်၊ အဲဒီအမြင် ကျယ်ရင် မင်းတို့ ဗမာပြည်ကောင်းမယ်၊ ဒီအတိုင်းပဲ သွားကြမယ်ဆိုရင်တော့ ဒီအတိုင်းပဲ သူများနိုင်ငံနောက် အမြဲတမ်း နောက်ကျနေမယ်၊ မှန်ရဲ့လား၊ အေး အဲဒါ မှတ်ထား၊

လူထုလည်း အသိဉာဏ် ရှိဖို့လိုတယ်၊ အစိုးရလည်း အသိဉာဏ် ရှိဖို့လိုတယ်၊ နေရာတကာ နိုင်ငံရေးကို ကြောက်မနေပါနဲ့ ဟုတ်လား၊ နိုင်ငံရေးဆိုတာ ခုနကပြောသလိုပဲ တိုင်းပြည်ကောင်းစားဖို့ လုပ်နေတာ အကုန်လုံး နိုင်ငံရေးချည်းပဲ၊ ဟုတ်လား၊ လမ်းမှာ အမှိုက်ရှင်းတာ နိုင်ငံရေးပဲကွ၊ ဟုတ်လား၊ လမ်းမှာတွေ့တဲ့ စက္ကူလေး ကောက်ပစ်လိုက်တာ ဒါနိုင်ငံရေးပဲ၊ ဟုတ်လား၊ လမ်းပေါ်မှာ အမှိုက်မရှုတ်အောင်လုပ်တာ ဒါ နိုင်ငံရေးပဲ၊ အေး အဲဒီ နိုင်ငံရေး အသိဉာဏ်ရှိရှိနဲ့ အမြင်ကျယ်ဖို့ လိုတယ်-တဲ့၊

ဘုရားရှင်က ဂဟပတ်-လောကီလူသားများအဖို့၊ ဒကွဲ-နိုင်ငံရေး စီးပွားရေး ကျန်းမာရေး ပညာရေး လူမှုရေး-စတဲ့ အဖက်ဖက်က အမြင်ကျယ်ခြင်းသည်၊ သာဓု-ကောင်းတယ်-တဲ့၊

ဒါကြောင့် မင်းတို့ အမြင်ကျယ်ဖို့ လိုတယ်၊ ကိုင်း အခုတော့ ဆိုးကျိုးပဲ ရနေသေးတယ်၊

http://www.dhammadownload.com



ဆိုးကျိုးလိုချင်တာလား၊ ကောင်းကျိုးလိုချင်တာလား၊ အေး ကောင်းကျိုးလိုချင်ရင် ကောင်းပင် စိုက်ပျိုးရမယ်၊ အေး အချင်းချင်း ညီညွတ်တယ် ဆိုတာ မေတ္တာကွ၊ ညီညွတ်တာ ဘာတုန်း? (မေတ္တာပါဘုရား)၊ မေတ္တာဆိုတာ ကုသိုလ်ခေါ် တယ်ကွ၊ အဲ ကုသိုလ်က ကောင်းပင်ကွ၊ ကုသိုလ်က ဘာပင်တုန်း? (ကောင်းပင်ပါဘုရား)၊ ကဲ ညီညွတ်တဲ့ မေတ္တာကုသိုလ် ကောင်းပင် စိုက်ပျိုးရင် မင်းတို့ ဘာအကျိုးရမတုန်း? (ကောင်းကျိုးပါဘုရား)၊

ကဲ ဆိုစမ်း-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆိုကွာ သုံးခေါက်၊

အေး အဲဒါမှတ်ထား မင်းတို့ဗမာပြည် ညီညွတ်တဲ့ မေတ္တာကောင်းပင် စိုက်ပျိုးမှ ကောင်းကျိုးရမယ်၊ ဟုတ်လား၊

ဟော ဒီနေ့ မင်းတို့ ဈေးသူဈေးသားတွေက ဒီမှာလာပြီ ဒါနကုသိုလ် ကောင်းပင် စိုက်ပျိုးတာကွ၊ ဘာစိုက်ပျိုးတာလဲ၊ ဒါနကုသိုလ် ကောင်းပင်စိုက်ပျိုးတဲ့အတွက် ဘာအကျိုးရမတုန်း? (ကောင်းကျိုးပါဘုရား)၊ အေး ကောင်းကျိုးရမယ်၊ တို့ဆီက ဆွမ်းကျွေးတယ်ဆိုတာ ဆွမ်းလည်း လောင်းတယ်၊ ဆွမ်းလောင်းတာကတော့ စတိပေ့ါကွာ၊ ကြည်ညိုဖွယ်ဖြစ်အောင် လောင်းတာ၊ အဲဒါကို စာအုပ်ကြီးအတိုင်းချည်း အကုန်လျှောက်မလုပ်နဲ့၊ ခုဟာ မင်း နေက မပူဘူးလား၊ သံဃာကုန်သာ ဆွမ်းလောင်းရင် အကြာကြီးနေမှာကွ၊ မင်းတို့လည်း နေပူ၊ ဦးဇင်းတွေလည်း နေပူ၊ မပူဘူးလား? (ပူပါဘုရား)၊ အေး စာအုပ်ကြီးအတိုင်း မလုပ်ကြနဲ့၊ တရာလောက် နှစ်ရာလောက် ဖြစ်ဖြစ် လောင်းပြီးရင် အကုန်တက်ပါစေ၊ ဟုတ်လား၊ အေး အဲဒါမှတ်ထား၊

မနေ့ကကျ တို့တတိုက်လုံး ဆွမ်းကျွေးတယ်၊ မနေ့ကကျ မိုးရွာတယ်၊ မိုးရွာထဲလည်း လောင်းမဖြစ်ဘူး၊ ဖြစ်ရဲ့လား၊ တို့က ရဲလောင်းလုပ်ထားတာ မဟုတ်ဘူး၊ ရဲလောင်း လုပ်ထားမှ ဖြစ်မှာ ဟုတ်ရဲ့လား၊ ဖြစ်သလိုပဲ လုပ်လို့ ပြောထားတယ်၊ ဟုတ်လား၊ ဘာတုန်း ဝရံတာလေးပေ့ါ၊ အဲဒီမှာလည်း ဖြစ်တာပဲ၊ မင်းတို့ ဗမာပြည်က နေရာတကာ စာအုပ်ကြီးအတိုင်း လျှောက်လုပ်နေတာ၊ ဟုတ်သလား မဟုတ်ဘူးလား? (ဟုတ်ပါဘုရား)၊ အေး အရှူးတွေကလည်း လျှောက် ဟိုအမိန့်ပေး၊ ဒီအမိန့်ပေး၊ အေး အဲဒါ မင်းတို့ ဗမာပြည် အများကြီး ပြင်ဖို့ လိုသေးတယ်၊ ဟုတ်လား၊

ကဲ ဆို-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆို သုံးခေါက်၊

တုမ္ဟေ-သင်ဒကာ, ဒကာမအပေါင်းတို့သည်၊ သမဂ္ဂါ-ညီညွတ်ကျကုန်သည် ဖြစ်၍၊ အတ္တနော-မိမိ၏၊ သန္တာနေ-သန္တာန်၌၊ ဥပ္ပန္နံ-ဖြစ်ပေါ်၍နေသော၊ ကုသလံ-ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်တရားကို၊ ဝိပဿိတွာ-အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာ တင်ကာ ရှုနိုင်ကြကုန်သည် ဖြစ်၍၊ အနုတ္တရံ-အတုမရှိသော၊ ဝိမုတ္တိသုခံ-အရဟတ္တဖိုလ် မြတ်ချမ်းသာကို၊ သစ္ဆိကရောထ-ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။ (သာဓု-သာဓု-သာဓု)

http://www.dhammadownload.com



## ၁၇၇၃-ခု ဝါခေါင်လ (ဦးဆေကိန္ဒ-တပည့် လူငယ်များ)

ကဲ ကနေ့ မင်းတို့ ဘယ်တွေ ရောက်ခဲ့လဲ၊ မဟာမုနိဘုရားကြီး ရောက်ခဲ့လား၊ ဒိပြင် ဘယ်တွေ ရောက်သေးလဲ၊ ကဲ မဟာမုနိဘုရားကြီး ဘယ်လမ်းက လာလဲ၊ မင်းတို့ ဒီလာတော့ ဘယ်လမ်းကနေ လာတာလဲ၊ (၄၁-လမ်းကပါ ဘုရား)၊ အေး (၄၁)လမ်းက ဒီဘက်ချိုးတော့ ရေတွေ ရှိသလား မရှိဘူးလား၊ အဲဒီ လမ်းပေါ် ရေတွေရှိတာ မင်းတို့က ကောင်းကျိုးလို့ ထင်သလား၊ ဆိုးကျိုးလို့ ထင်သလား၊ ဟော့ကောင်တွေ မင်းတို့ အကုန်ဖြေ၊ ဒါ ဘာမဖြေတတ်စရာ ရှိသလဲ၊ ကဲ လမ်းပေါ်မှာ ရေတွေ ရှိနေတယ်၊ ဗွက်တွေ ရှိနေတယ်ဆိုရင် မင်းတို့က ကောင်းကျိုးလို့ ထင်သလား၊ ဆိုးကျိုးလို့ ထင်သလား? (ဆိုးကျိုးလို့ ထင်ပါဘုရား)၊ အေး အဲဒါ မှတ်ထား၊ ဆိုးကျိုးဆိုတာ ဆိုးပင် စိုက်ပျိုးလို့ ရတာ၊ ဘာစိုက်ပျိုးလို့တုန်း? (ဆိုးပင် စိုက်ပျိုးလို့ပါ ဘုရား)၊

ကဲ ဆိုစမ်း-ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ။ ဆိုဟေ့ သုံးခေါက်၊

အေး အဲဒါ မှတ်ထား၊ မင်းတို့ ဗမာပြည် ဆိုးပင် စိုက်ပျိုးနေတဲ့အတွက် လမ်းတွေ မကောင်းခြင်း၊ လျှပ်စစ်မီးတွေ မလုံလောက်ခြင်း၊ ရေတွေ မလုံလောက်ခြင်း-ဆိုတဲ့ ဆိုးကျိုးတွေ ရနေတာ၊ မှန်ရဲ့လားကွ၊ အဲ ဆိုးပင်ဆိုတာ တခြားမဟုတ်ဘူး၊ အချင်းချင်း ရန်ဖြစ်နေတာ၊ ရန်ဖြစ်တယ်ဆိုတာ ဒေါသကွ၊ ဒေါသဆိုတာ အကုသိုလ်ကွ၊ ရန်ဖြစ်တဲ့ ဒေါသ အကုသိုလ်ဆိုးပင် စိုက်ပျိုးတော့ မင်တို့ ဆိုးကျိုးပဲ ရမှာပေါ့ကွ၊ မှန်ရဲ့လား၊ အေး မင်းတို့ လူငယ်တွေ မှတ်ထား၊ မင်းတို့ လူငယ်တွေ ဆိုးပင် ဆက်လက်ပြီး စိုက်ပျိုးမယ်ဆိုရင် ဆိုးကျိုးပဲ ရမယ်၊

ကိုင်း မင်းတို့က ဆိုးကျိုး လိုချင်သလား၊ ကောင်းကျိုး လိုချင်သလား? (ကောင်းကျိုး လိုချင်ပါဘုရား)၊ အဲ ကောင်းကျိုးလိုချင်ရင် အချင်းချင်း ညီညီညွတ်ညွတ်နေ၊ ညီညွတ်တယ်ဆိုတာ မေတ္တာကွ၊ မေတ္တာဆိုတာ ကုသိုလ်ကွ၊ ကုသိုလ်က ကောင်းပင်၊ ကိုင်း မင်းတို့ ညီညွတ်တဲ့ ကုသိုလ် ကောင်းပင် စိုက်ပျိုးရင် ဘာအကျိုး ရမတုန်း? (ကောင်းကျိုးပါ ဘုရား)၊

ကိုင်း ဆိုစမ်း-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆိုဟေ့ သုံးခေါက်၊

အေး မင်းတို့ လူငယ်တွေ ငါ အမေရိကန် နေချင်လိုက်တာ၊ အင်္ဂလန် နေချင်လိုက်တာ၊ နော်ဝေ နေချင်လိုက်တာ၊ ဒိန်းမတ် နေချင်လိုက်တာလို့ မလုပ်ပါနဲ့၊ တို့ မြန်မာနိုင်ငံကို အမေရိကန်လို ဖြစ်အောင် ဘယ်လို လုပ်မလဲ၊ တို့မြန်မာနိုင်ငံကို အင်္ဂလန်လို ဖြစ်အောင် ဘယ်လို လုပ်မလဲ၊ ကဲ မင်းတို့က အမေရိကန်တို့ အင်္ဂလန်တို့ ရောက်ဖူးလား? (မရောက်ဖူးပါဘုရား)၊ ဩော် အတော်ဗဟုသုတ ပြည့်စုံတာပေါ့၊ အေး မရောက်ဖူးရင် သွားကြည့်ကြကွာ၊ ဟုတ်လား၊

အဲ ငါကတော့ ပြန်လာတာ ခုမှ တလ ရှိသေးတယ်၊ အေး ဒီနှစ် ငါ အမေရိကန်ကို သွားတယ်၊ ပြန်လာတာ တလရှိသေးတယ်၊ ခုနက ငါပြောတဲ့ နော်ဝေတို့ ဆွီဒင်တို့ ဒိန်းမတ်တို့ပေါ့၊ အီးယူနိုင်ငံတွေ ငါ အကုန်ရောက်တယ် ဟုတ်လား၊ အေး အဲဒီ နိုင်ငံတွေမှာ လမ်းတွေကလည်း ကောင်းလိုက်တာ၊ မင်းတို့ ဗမာပြည် လမ်းတွေလို မဟုတ်ဘူးဗျ၊ ပြီးတော့ အသွားလမ်း အပြန်လမ်း၊ ဟုတ်လား၊ အသွားလမ်း အပြန်လမ်းဆိုတော့ ကားချင်း ခေါင်းချင်းဆိုင် ရှောင်ဖို့ လိုသေးလား? (မလိုပါဘုရား)၊ မလိုတော့ ခရီးတွင်သလား မတွင်ဘူးလား? (တွင်ပါဘုရား)၊ အေး တောင်ပေါ်ကစ

http://www.dhammadownload.com



သူတို့ဆီက လမ်းကောင်းတယ်၊ ဟုတ်လား၊ ငါ ပေကိုးထောင်ကျော် မြင့်တဲ့ တောင်တလုံး ရောက်ခဲ့တယ်၊ အဲဒီမှာလည်း သူက အတက်လမ်းနဲ့ အဆင်းလမ်းနဲ့၊ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါ ဘုရား)၊ တို့ နှစ်ပေလောက်မြင့်တဲ့ မန္တလေးတောင်တောင် နှစ်လမ်းသွား ဖောက်နိုင်ရဲ့လား၊ အေး အဲဒါ မှတ်ထား၊ သူများနိုင်ငံမှာ ပေကိုးထောင်ကျော် မြင့်တဲ့ တောင်ကိုပဲ အတက်လမ်း အဆင်းလမ်း လုပ်နိုင်ပြီကွ၊ ဟုတ်လား၊

တို့ ဗမာပြည် အလားအလာ ကောင်းပါတယ်၊ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊ အေး ဒါ မင်းတို့လည်း သိတာပေါ့ကွ၊ ဟုတ်လား၊ အဲသလောက် အလားအလာ ကောင်းတဲ့နိုင်ငံ ဘာဖြစ်လို့ သူများနိုင်ငံလို မဖွံ့ဖြိုး မတိုးတက်တာလဲဆိုရင် မညီညွတ်လို့၊ ခုနက ပြောပြီးပြီ မညီညွတ်ဘူးဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား? (အကုသိုလ်ပါ ဘုရား)၊ အဲ မညီညွတ်တဲ့ အကုသိုလ် ဆိုးပင် စိုက်ပျိုးတော့ ဘာအကျိုးတွေ ရတုန်း? (ဆိုးကျိုးပါ ဘုရား)၊ အေး အဲဒါ မင်းတို့ လူငယ်တွေ အကုန်မှတ်ထား၊

ငါ အင်္ဂလန် နေချင်လိုက်တာ၊ အမေရိကန် နေချင်လိုက်တာ မလုပ်ပါနဲ့၊ တို့ မြန်မာနိုင်ငံကို အင်္ဂလန်လို ဖြစ်အောင် ဘယ်လို လုပ်ကြမလဲ၊ တို့ မြန်မာနိုင်ငံကို အမေရိကန်လို ဖြစ်အောင် ဘယ်လို လုပ်ကြမလဲ၊ အဲဒါ မင်းတို့ စဉ်းစားပါ၊ ငါက နိုင်ငံခြားမှာလည်း ဒါပဲ ဟောပါတယ်ကွ၊ ငါက အင်္ဂလိပ်စာ မတတ်ပါဘူး၊ ဟုတ်လား၊ ထမင်းစား ရေသောက်တောင် မတတ်ဘူး၊ ဒါပေမယ့် ကိုယ့်ဗမာတွေပဲ ဟောတာ၊ ဒါကြောင့် မင်းတို့ ညည်းတို့ ကိုယ့်ဗမာနိုင်ငံကို အမေရိကန်လို ဖြစ်အောင် ဘယ်လို လုပ်ကြမလဲ၊ ဒါ စဉ်းစားကြပါလို့ သူတို့ကို ပြောတယ်၊ မင်းတို့ ညည်းတို့ ဗမာပြည် ပြန်ချင်သလား မပြန်ချင်ဘူးလားလို့၊ အကုန်လုံး ပြန်ချင်တဲ့ သူချည်းပဲ၊ ဒါ မှန်ရဲ့လားကွ၊ မင်းတို့လည်း ကိုယ့်နိုင်ငံကို မချစ်ဘူးလား၊ အဲ သူတို့သာ ချစ်တာ မဟုတ်ပါဘူး၊ မင်းတို့လည်း ချစ်ပါတယ်၊ သူတို့ဆိုတာ မင်းတို့ သိတယ်မဟုတ်လား၊ အေး သူတို့သာ ချစ်တာ မဟုတ်ဘူး၊ မင်းတို့လည်း ကိုယ့်နိုင်ငံကို ချစ်တယ်၊ နိုင်ငံခြား ရောက်နေတဲ့ ဗမာတွေလည်း ကိုယ့်နိုင်ငံကို ချစ်တယ်၊ အဲဒါ မှတ်ထား၊

ကိုယ်ချစ်တဲ့ နိုင်ငံကို ဘယ်လို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြမလဲ၊ အဲဒါ အရေးမကြီးဘူးလား၊ ဒီအတိုင်း ရန်ဖြစ်နေမယ်ဆိုရင် ကိုယ်နေတဲ့ နိုင်ငံကို ကိုယ်ပဲ ပြန်ပြီး ဖျက်ဆီးသလို ဖြစ်မနေဘူးလား၊ ငါ မင်းတို့ကို နိုင်ငံရေး ဟောနေတာ မဟုတ်ဘူးကွ၊ သဘာဝကို ဟောနေတာ၊ ဟုတ်လား၊

ဟိုတုန်းက မင်းတို့ ရှရှားသမ္မတ ခရုရှက်ဆိုတာ ကြားဖူးလား? (မှန်ပါ) ကြားဖူးတယ်၊ ကဲ ဘယ်ခေတ်တုန်းကတုန်း ပြော? ခွေးမသားတွေ လူဖြီးတွေ၊ ဟင် ခရုရှက်က မင်းတို့တောင် မမွေးသေးဘူး၊ ကဲ ထားပါတော့ မင်းတို့ စာဖတ်ရင် ကြားဖူးမှာပေါ့၊ ဟုတ်လား၊ အဲဒီ ခရုရှက်က ပြောသွားတယ် "ကျွန်တော်တို့ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုတဲ့"၊ ဟိုတုန်းကတော့ အင်္ဂလန်တို့ အမေရိကန်တို့ အနောက်အုပ်စု ခေါ်တယ်၊ ခရုရှက်တို့နေတဲ့ ရှရှားတို့ ဟန်ဂေရီတို့ ပိုလန်တို့ပေါ့ကွာ၊ အဲဒါကို အရှေ့အုပ်စုလို့ ခေါ်တယ်၊

"ကျွန်တော်တို့ အရှေ့အုပ်စုနဲ့ အနောက်အုပ်စု ကိုယ့်အုပ်စုနဲ့ကိုယ် ကိုယ့်စည်း ကမ်းနဲ့ကိုယ် တိုးတက်အောင် လုပ်ရင် ကောင်းမယ်၊ ဒီလို မဟုတ်ဘဲနဲ့ အချင်းချင်း အထင်အမြင် လွဲပြီးတော့

http://www.dhammadownload.com



စစ်ပွဲတွေ ဆင်နွှဲကြရင် ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာကြီး ကျွန်တော်တို့ပဲ ပြန်ပြီး ဖျက်ဆီးသလို ဖြစ်နေမယ်"တဲ့၊

ဟော့ကောင်တွေ မှန်သလား မမှန်ဘူးလား၊ ခု တို့ဗမာပြည်လည်း အဲသလိုပဲ ကိုယ်နေထိုင်တဲ့ မြန်မာနိုင်ငံကို ကိုယ်ပြန်ဖျက်ဆီးရာ ရောက်နေပြီလားလို့ စဉ်းစားဖို့ မလိုဘူးလား? (လိုပါဘုရား) အဲဒါ ငါက အကုန်လုံး ပြောထားပါတယ်၊ အစိုးရလည်း ပြောတယ်၊ အောင်ဆန်းစုကြည်လည်း ပြောတယ်၊ အဲ ငါ့ဆီကတော့ လာတယ်၊ အစိုးရလည်း လာတယ်၊ အောင်ဆန်းစုကြည်လဲ လာတယ်၊ အဲ ဘယ်သူလာလာ ငါက အမှန်တော့ ပြောရမှာပဲ၊ အေး မှတ်ထား၊ ငါက အမှန်ပဲ ပြောမယ်၊ မင်းတို့အကြိုက် မပြောဘူး၊ မင်တို့ မြှောက်ပေး ကြိုက်မှာပေါ့၊ ကြိုက်သလား မကြိုက်ဘူးလား၊ အဲ မင်း ကျောက်ဖျာကြီးတောင်မှ ကုတ်နဲ့ ကော်မြှောက်ရင် ရသလား၊ မရဘူးလား၊ အေး မင်းတို့ ကုတ်နဲ့ ကော်မြှောက်ဖို့ မလိုပါဘူး၊ အဲဒါ မှတ်ထား၊ မင်းတို့လည်း အမြှောက်ကြိုက်မှာပေါ့၊

မင်းတို့ လူငယ်တွေ တို့ဗမာနိုင်ငံ အင်္ဂလန်လို ဖြစ်အောင် ဘယ်လို လုပ်ကြမလဲ၊ ဒါ စဉ်းစား၊ ညီညီညွတ်ညွတ်နဲ့ မေတ္တာကောင်းပင် စိုက်ပျိုး နေထိုင်ရင် ဖြစ်မလား၊ မဖြစ်ဘူးလား၊ ဖြစ်တာပေါ့ကွ၊

ကိုင်းဆို-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆိုကွာ သုံးခေါက်၊

ဟိုတနေ့က မင်တို့ သမ္မတမိန့်ခွန်း ဖတ်လား၊ အလကားကောင်တွေ ဘာမှမသိဘူး၊ သမ္မတက ပြောသွားတယ်၊ "ကျွန်တော်တို့ နိုင်ငံဟာ-တဲ့ ကျွန်တော်တို့နိုင်ငံ နောက်က နေပြီးတော့ အခု ကျွန်တော်တို့နိုင်ငံကို ကျော်တက်သွားတဲ့ နိုင်ငံတွေ အများကြီး ဖြစ်နေပါပြီ"တဲ့၊ ပြောသလား မပြောဘူးလား၊ အေး အဲဒါ မှတ်ထား၊ အဲဒီနိုင်ငံတွေထက် တို့က ကျော်အောင် လုပ်ရမှာဗျ၊ မှန်ရဲ့လား၊ အေး အဲဒါ မှတ်ထား၊

အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာကောင်းပင် စိုက်ပျိုး နေထိုင်ရင် မင်းတို့ခေတ်ကြ ကောင်းမယ်၊ တို့ကတော့ မီဘို့မလွယ်ပါဘူး၊ ခု ၇၉-နှစ်ကွ၊ မင်းတို့ သေဖို့ မနီးဘူးလား၊ နီးတာပေါ့ မင်း၊ ဟုတ်တယ်မဟုတ်လား၊ ငါက အဲလို တွက်ပါတယ်၊ ဟုတ်လား၊ ငါသေခါနီးပြီ၊ ၇၉-နှစ်ဆိုတာ ငယ်တဲ့ အရွယ်မှ မဟုတ်တာ၊ ဒါ ငါမို့လို့ ဒီကျောင်းပေါ် တက်နိုင်တာ ဟုတ်လား၊ **ငါက နေ့စဉ် လမ်းလျှောက်လို့မို့ ဒီလောက် ကျန်းမာနေတာ**၊ ငါကတော့ မမီပါဘူး၊ မင်းတို့ လူငယ်တွေ သူများနိုင်ငံလို ဖြစ်တဲ့ နိုင်ငံမှာ နေစေချင်လို့ ငါ ဟောတာ၊ မှန်ရဲ့လား၊

ကဲ ဆို-ကောင်းပင်ပျိုးလျှင်၊ ကောင်းကျိုးပင်၊ အစဉ်ရရှိမှာ။ ဆိုဟေ့ သုံးခေါက်၊

အဲ မင်းတို့ ဆရာတော်(ဦးဆေကိန္ဒ)ကို လျှောက်လိုက် ငါ ဘာတွေ ဟောတယ်ဆိုတာ၊ "လုံ့ဖျားပုစဉ်းနား ကျီးကန်းချေးပါ"လဲ မဖြစ်နဲ့လို့၊ ဟော့ကောင်တွေ နားလည်ရဲ့လား၊ သူတော့ နားလည်မှာပါကွာ၊ ဟုတ်လား၊ မင်တို့ဆရာတော် ဦးဆေကိန် ကတော့ နားလည်ပါလိမ့်မယ်၊ "လုံ့ဖျားပုစဉ်းနား ကျီးကန်းချေးပါ"မဖြစ်နဲ့လို့ ဆရာတော် ကတော့ ဒီတရားတွေ ဟောလိုက်တယ်လို့ ဟုတ်လား၊

ကဲ မင်းတို့ သိပြီလား၊ ဘယ်လို နေရမှာလဲ၊ ညီညီညွတ်ညွတ် နေရမယ်၊ မင်းတို့ အခု လူငယ်တွေက စုပေါင်းပြီးတော့ ကျောင်းတဆောင် ဆောက်တယ် ဟုတ်လား၊ စစ်ကိုင်း အ. ထ. က-လား၊ အ. ထ. က(၁)လား၊ အေး အဲဒီမှာလည်းပဲ ငါ သွားပြီး ဩဝါဒ ပေးဖူးပါတယ်၊ ဆရာမတွေက

http://www.dhammadownload.com



ကြောက်နေတယ်တဲ့ ဟုတ်လား၊ အဲဒါ ညည်းတို့ဟာ "လုံဖျားပုစဉ်းနား ကျီးကန်းချေးပါ" ဖြစ်နေတာပဲလို့၊ ဟုတ်လား၊ ဟောတာက ငါ၊ ဘာများ ကြောက်စရာလိုလဲ၊ ဒီ ဆရာတော် ဒီလို ဟောတယ် ပြောလိုက် ပြီးတာပဲ၊ အေး အဲဒါ သူတို့က ကြောက်နေတယ်၊ နောက် ဒီဆရာတော် မပင့်ပါနဲ့လို့ ပြောတယ်တဲ့၊ ငါ လက်မှတ်ရတာပေါ့ကွ၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား၊ မင်းတို့ ကောင်းပင်ပျိုးရင် ကောင်းကျိုးပဲ ဆက်ရမယ်၊ မှန်ရဲ့လား၊

ကိုင်း လိုက်ဆို-ကောင်းပင်ပျိုးလျှင်၊ ကောင်းကျိုးပင်၊ အစဉ်ရရှိမှာ။

အေး အဲဒါ မှတ်ထား၊ မင်တို့ လူငယ်တွေ အချင်းချင်း ညီညီညွတ်ညွတ်နဲ့ မေတ္တာကုသိုလ် ကောင်းပင် စိုက်ပျိုးပြီးတော့ နေကြလို့ ဩဝါဒပေးရင်း ငါ့ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်၊ (သာဓု၊ သာဓု၊ သာဓု)။

http://www.dhammadownload.com



## ၁၃၇၃-ခု တော်သလင်းလပြည့်ကျော် (၈)ရက်
## (ကသာနယ်-ဆွမ်းကျွေးအဖွဲ့ တရား)

ကဲ မင်းတို့ ကသာအဖွဲ့ တတိုက်လုံး ကျွေးတာက မနှစ်ကနဲ့ ဒီနှစ် (၂)နှစ်ရှိပြီ ဟုတ်လား၊ ပထမနှစ်တုန်းက မင်းတို့ တတိုက်လုံး မဟုတ်ဘူး၊ သံဃာဘယ်လောက်လဲ မသိဘူး၊ အေး သံဃာအပါး (၁၀၀)၊ ဒုတိယနှစ်ကျ တတိုက်လုံး ကပ်တယ်၊ ခု တတိယနှစ် တတိုက်လုံး ကပ်တယ်၊ အေး အဲဒါ မှတ်ထား၊ ညည်းတို့ ကုသိုလ်လိုက်ပြီးတော့ စုဆောင်းတာ ခေါ်တယ်၊ ဟိုမြို့သွားလှူ ဒီမြို့သွားလှူ စသည်ဖြင့်ပေ့ါ၊ အဲသလို ကုသိုလ် လိုက်ပြီးတော့ စုဆောင်းတာ ခေါ်တယ်၊ ဟုတ်လား၊

ဘုရားရှင်က-ပုညာနိ ပရလောကသ္မိံ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ-တဲ့၊

ကုသိုလ်ဆိုတာ နောက်ဘဝအတွက် လူတွေရဲ့ အားကိုးစရာတဲ့ ဟုတ်လား၊ နောက်ဘဝ အားကိုးစရာက ပစ္စည်းမဟုတ်ဘူးဗျ၊ ပစ္စည်းတွေများလေ ညည်းတို့ ကြောက်စရာ ကောင်းလေပဲ၊ ဟုတ်လား၊ ညည်းတို့ **အိုနာစစ်**-လောက်တော့ ပစ္စည်းမပေါပါဘူး ထင်ပါတယ်အေ၊

ညည်းတို့ အိုနာစစ်-ကြားဖူးလား၊ အိုနာစစ်-က သင်္ဘောပိုင်ရှင်ကြီး၊ ဟုတ်လား၊ အဲဒီ အိုနာစစ်-လောက်တော့ ညည်းတို့ ပစ္စည်း ချမ်းသာမယ် မထင်ပါဘူး၊ ဟုတ်လား၊ သူ့မှာ သမီးကလည်း တယောက်တည်း ရှိတယ်၊ အဲဒီ သမီးလေးလည်းပဲ အခု သေပြီ၊ အသက်သုံးဆယ်နဲ့ သေသွားတာ၊ အိုနာစစ်-လည်း ခြောက်ဆယ်ကျော်လောက်မှာ သေသွားတယ်၊ အဲဒါ မှတ်ထား၊ သူ့တို့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေက သူ့တို့ခန္ဓာကိုယ် အသက်မသေအောင် စောင့်ရှောက်နိုင်ရဲ့လား၊ အေး မစောင့်ရှောက် နိုင်ဘူး၊

ညည်းတို့ ပစ္စည်းတွေ ဘယ်လောက်ပေါပေါ၊ အာဏာတွေ ဘယ်လောက်ပေါပေါ၊ မစောင့်ရှောက်နိုင်ဘူး၊ သေလောက်တဲ့ ရောဂါ စွဲကပ်လာရင် အာဏာကလည်းပဲ မသေအောင် မကာကွယ်နိုင်ဘူး၊ ပစ္စည်းဥစ္စာကလည်းပဲ မသေအောင် မကာကွယ်နိုင်ဘူး၊ မှတ်ထား ညည်းတို့ မသေအောင်က လုပ်လို့ကို မရဘူး၊ အဲ **သေရမှာ မကြောက်အောင် လုပ်ထား**၊ ဘယ်လို လုပ်ရမှာတုန်း? (သေရမှာ မကြောက်အောင်ပါ ဘုရား)၊

ကတာ မေ ကလျာဏာ အနေကရူပါ၊
ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊
ဓမ္မေ ဌိတော ကော မရဏဿ ဘာယေ-တဲ့၊ (သုတသောမဇာတ်)

မေ မယာ-ငါသည်၊ အနေကရူပါ ကလျာဏာ-ကုသိုလ်ကောင်းမှု အမျိုးမျိုးကို၊ ကတာ-ပြုလုပ်ခဲ့ပြီးပြီ၊ ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊ ပရလောကဿ-တမလွန်လောက၏၊ မဂ္ဂေါ-လမ်းခရီးကို၊ ဝိသောဓိတော-ဖြောင့်ဖြူးနေအောင် ဖောက်လုပ်ပြီးပြီ-တဲ့၊ ဓမ္မေ ဌိတော ကော မရဏဿ ဘာယေ-အဲဒီ ကုသိုလ်တရားမှာ တည်နေတဲ့ ငါ့အဖို့၊ အဲဒီ ကုသိုလ်တရားတွေ ရှိနေတဲ့ ငါ့အဖို့၊ ကော မရဏဿ ဘာယေ-သေရမှာ ဘာကြောက်ဖို့ လိုသလဲ-တဲ့၊ ငါ့မှာ အားကိုးစရာ ကုသိုလ်တွေ ရှိနေပြီတဲ့၊

http://www.dhammadownload.com



ကိုင်း လိုက်ဆို-ကုသိုလ်မှန်သမျှ မကျန်ရ စံပြပြုခဲ့ပြီ။ ကဲ ဆိုကြည့်စမ်း သုံးခေါက်၊

အဲ ညည်းတို့ ဒါနကုသိုလ် အမျိုးမျိုး လုပ်သလား မလုပ်ဘူးလား? (လုပ်ပါဘုရား)၊ သီလကုသိုလ် အမျိုးမျိုး ဆောက်တည်သလား မဆောက်တည်ဘူးလား? (ဆောက်တည်ပါ ဘုရား)၊ ဘာဝနာကုသိုလ် အမျိုးမျိုး ပွားများသလား မပွားများဘူးလား? (ပွားများပါဘုရား)၊ အေး အဲဒီ ကုသိုလ် အမျိုးမျိုး လုပ်ခဲ့ပြီ၊ သေရမှာ ဘာမှ ကြောက်ဖို့ မလိုဘူး၊ သေရင် ဒိထက် အဆင့်အတန်း သာလွန်တဲ့ နေရာ ရောက်မယ်-တဲ့၊

ညည်းတို့က ကိုယ့်နိုင်ငံကို အဆင့်မြင့်လှတယ်လို့ မထင်နဲ့၊ ဟုတ်လား၊ ညည်းတို့ ဗမာနိုင်ငံလောက် အဆင့်နိမ့်တာ မရှိဘူး၊ ဟုတ်လား၊ ဘာဖြစ်လို့တုန်း? ညည်းတို့ ဆိုကြပါစို့၊ ညည်းတို့ သားအမိတတွေ ထမင်းစားပြီးတော့ ထိုင်စကားပြောနေတယ်၊ ခြင်းတွေ လာသလား မလာဘူးလား? (လာပါဘုရား)၊ အဲဒါကို ညည်းတို့ အဆင့်မမြင့်ဘူးလို့ ပြောတာ၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား၊ ထမင်းစားမလို့ ထမင်းပွဲ ပြင်ထားတယ်၊ ယင်ကောင်တွေ လာသလား မလာဘူးလား? (လာပါဘုရား)၊ အဲဒါ ညည်းတို့ အဆင့်နိမ့်တာ ခေါ်တယ်ဗျာ၊

သူများနိုင်ငံမှာ ထမင်းပွဲကြီး ပြင်ထား ဘယ်လောက်ကြာကြာ အေးအေး ပူပူ ယင်ကောင် လာတယ်လို့ မရှိဘူး၊ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊ ညမှာ နေ့မှာ ဘယ်နေရာ အိပ်အိပ် ခြင်ထောင် ထောင်ရတယ်လို့ မရှိဘူး၊ ကောင်းလား မကောင်းဘူးလား? (ကောင်းပါဘုရား)၊

အေး-ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝ လမ်းဖြောင့်ပြီ-ဆိုတာ နောက်ဘဝ အဲလို နိုင်ငံမျိုးကို ရောက်မှာလို့ ပြောတာ၊ ကိုင်း လိုက်ဆို-

ကုသိုလ်မှန်သမျှ မကျန်ရ စံပြပြုခဲ့ပြီ၊

ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝ လမ်းဖြောင့်ပြီ။ ကဲ ဆိုပေ့ သုံးခေါက်၊

အေး သေချင်တဲ့အချိန်သေ ကိုယ့်မှာ အားကိုးစရာ ကုသိုလ်တွေ အများကြီး စုဆောင်းပြီးပြီ၊ ဟုတ်လား၊ အဲဒီ ကုသိုလ်တွေက ဒိထက် အဆင့်အတန်း သာလွန်တဲ့ နိုင်ငံ ပို့ပေးမယ်၊ ဌာန ပို့ပေးမယ်လို့ ယုံကြည်ထားဗျာ၊ ဟုတ်လား၊

နောက်-မာတာပိတာ စ မေ ဥပဋ္ဌိတာ-တဲ့၊

မေ မယာ-ငါသည်၊ မာတာပိတာ စ-အမေအဖေကိုလည်းပဲ၊ ဥပဋ္ဌိတာ-တာဝန်ဝတ္တရား ကျေပွန်အောင် ပြုစုလုပ်ကျွေးခဲ့ပြီးပြီ-တဲ့၊ အဲဒီ မိဘတာဝန် ပြုစုလုပ်ကျွေးတဲ့ ကုသိုလ်ကြောင့် သေရမှာ မကြောက်ဘူးတဲ့၊ သေရင် ဒီထက် အဆင့်အတန်း သာလွန်တဲ့ ဘဝရောက်မယ်၊

ကိုင်း လိုက်ဆို-မိဘနှစ်ပါး၊ ဝတ္တရား၊ ကြိုးစားပြုခဲ့ပြီ။ ဆိုကြည့်စမ်း သုံးခေါက်၊

ကဲ ဆိုအုံး-ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝ လမ်းဖြောင့်ပြီ။

အေး ကိုယ့်မှာ အားကိုးစရာ ကုသိုလ်တွေ အများကြီး ရှိနေပြီ၊ သေတဲ့အချိန် အားကိုးစရာ ကုသိုလ်ရှိတဲ့အတွက် သေရမှာ မကြောက်တော့ဘူး-လို့ ယုံကြည် စိတ်ချပြီးတော့ ရေစက်ချ အမျှဝေရအောင်။

http://www.dhammadownload.com



## ၁၃၇၃-ခု တန်ဆောင်မုန်းလဆန်း (၁၃)ရက် (ကထိန်-တရား)

မြေပြဇာ ကျွေးတဲ့အနေနဲ့ သံဃာတော်တွေက ပရိတ်ရွတ်တာ၊ နောက်လည်းပဲ မင်းတို့ မှတ်ထား၊ အေး ဘာပဲလှူလှူ အလှူမခံခင် သံဃာတော် အရှင်မြတ်များကို ပရိတ်တရား ချီးမြှောက်ဖို့ လျှောက်၊ သူတို့ ပရိတ်တရား ချီးမြှောက်ပြီးမှ ကိုယ်ကလှူ။

ကဲ အခု မင်းတို့ သင်္ကန်းကို ငါက အလှူခံမယ်၊ ဟုတ်လား၊ အလှူခံတာက နေဦး၊ ငါက သံဃာရဲ့ ကိုယ်စား အလှူခံတာ၊ ဒီ မစိုးရိမ်တိုက်သစ် အတွင်းမှာ သံဃာ (၂၆၀၀)ကျော် သီတင်းသုံးတယ်၊ အဲဒီ သံဃာ အကုန်ပိုင်တယ်၊ ဒါကြောင့် ငါက သံဃာရဲ့ ကိုယ်စား အလှူခံပေးမှာ၊

မင်းတို့ ကထိန်လှူဒါန်းတဲ့ နေရာမှာ "ဣမံ စီဝရံ သံဃဿ ဒေမ ကထိနံ အတ္ထရိတုံ" ဆိုကို ဆိုပေးရတယ်၊ မဆိုဘဲနဲ့ ဒီအတိုင်း ကပ်လိုက်တာဆိုရင် အဲဒါ ကထိန်သင်္ကန်း မဟုတ်တော့ဘူး၊ ရိုးရိုးသင်္ကန်း ဖြစ်သွားတယ်၊ မင်းတို့ မှတ်ထား၊

ကထိန်သင်္ကန်းရယ် ဝါဆိုသင်္ကန်းရယ်က ဆိုကိုဆိုရတယ်၊ ဤသင်္ကန်းကို ကထိန်ခင်းရန် အလို့ငှါ လှူဒါန်းပါတယ်၊ အဲသလို ဆိုကိုဆိုရတယ်၊ ဒိပြင် အလှူတွေ သင်္ကန်း မလှူဘူးလား၊ မင်္ဂလာဆောင်တယ်၊ သင်္ကန်း မလှူဘူးလား၊ အေး လှူတယ်၊ အဲဒီ သင်္ကန်းတွေ ဘာမှ မဆိုလည်း ရတယ်၊ ဟုတ်လား၊ ဒီ ကထိန်သင်္ကန်းနဲ့ ဝါဆိုသင်္ကန်းဆိုတာက ဒကာ/မတွေ ကိုယ်တိုင် အဲသလို နှုတ်မြွက်ပြီးတော့ ဆိုမှ ကထိန်သင်္ကန်း မြောက်တယ်၊ ဟုတ်လား၊ နှုတ်မြွက်ပြီးတော့ မဆိုရင် ကထိန် မမြောက်ဘူးတဲ့ ဟုတ်လား၊

ကိုင်း မင်းတို့ ကထိန်သင်္ကန်း မြောက်ထားဗျာ၊ အားလုံးလိုက်ဆို- "ဣမံ သဃာဋိံ သံဃဿ ဒေမ ကထိနံ အတ္ထရိတုံ" ဤနှစ်ထပ်သင်္ကန်းကြီးကို မစိုးရိမ်တိုက်သစ် အတွင်း၌ ပုရိမဝါမှ ထမြောက် အောင်မြင်ကြကုန်သော သံဃာတော် အရှင်မြတ် အပေါင်းအား ကထိန်ခင်းရန် လှူဒါန်းပါ၏၊ "ဣမာယ သဃာဋိယာ ကထိနံ အတ္ထရထ"-ဤနှစ်ထပ် သင်္ကန်းကြီးဖြင့် ကထိန်ခင်းတော်မူပါ အရှင်မြတ်တို့ ဘုရား၊ ကဲ လာကပ်၊

အေး ဒါ မင်း ကထိန်ခင်းတာ မဟုတ်ဘူး၊ ကထိန်သင်္ကန်း အလှူခံတာပဲ ရှိသေးတယ်၊ ကထိန်သင်္ကန်းကို အလှူခံပြီး ကထိန်ခင်းမယ့် ပုဂ္ဂိုလ်ကို ရွေးရတယ်၊ ဒိပြင် ဦးဇင်းတွေ ခင်းလို့ မရဘူး၊ ဒီထဲ ဝါဆိုတဲ့ ဦးဇင်းတွေထဲက ရွေးရတယ်၊

မင်းတို့ ကထိန်အလှူကို အများက ကာလဒါနလို့ ပြောတယ်မဟုတ်လား ကွ၊ ဟုတ်လား၊ ကာလဒါနဆိုတာ တခြား မဟုတ်ဘူး၊ သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့က စပြီး တန်ဆောင်မုန်း လပြည့်နေ့အထိ အဲဒီ တလအတွင်းပဲ အဲဒီ ရက်ပိုင်း အတွင်းပဲ ကထိန်သင်္ကန်းက လှူရတယ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁)ရက်နေ့မှ ကထိန်သင်္ကန်း လှူချင်တယ်ဆိုလို့ မရဘူး၊ ဟုတ်လား၊ အဲဒါကြောင့် တလအတွင်းမှာ လှူရတဲ့ အတွက် ကထိန်အလှူကို ကာလဒါနလို့ တချို့ဆရာတော်တွေက ဟောကြားတယ်၊ ဟုတ်လား၊

ကာလဒါန လုပ်ရတဲ့အတွက် ဘာအကျိုး ပိုရသလဲဆိုရင် အမ္ဗာ-စည်းစိမ်ဥစ္စာတို့သည်၊ အာဂစ္ဆမာနာ-လာကုန်သည် ရှိသော်၊ ဝယောဝုဍ္ဎကာလေ-အသက်အရွယ် ကြီးရင့်သော ကာလ၌၊

http://www.dhammadownload.com



အနာဂန္ဓာ-မလာကုန်မူ၍၊ ပဌမဝယေယေဝ-ပထမအရွယ် ငယ်ငယ်၌သာလျှင်၊ အဓာ-စည်းစိမ်ဥစ္စာတို့သည်၊ အာဂစ္ဆန္တိ-လာရောက် အကျိုး ပေးကြတယ်-လို့ အဋ္ဌကထာတွေက ဖွင့်တယ်၊ ဟုတ်လား၊

ကာလဒါနနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ရာထူးရတယ်ဆိုရင် အသက်အရွယ် ငယ်ငယ်လေးနဲ့ ရာထူးကြီးကြီး ရတယ်၊ သူဌေးဖြစ်မယ်ဆိုရင် အသက်အရွယ် ငယ်ငယ်လေးနဲ့ သူဌေးဖြစ်တယ်တဲ့၊ အဲဒီ အကျိုးတရား ပိုပြီးတော့ ရတယ် ဟုတ်လား၊

မင်းတို့ ပုဂံရာဇဝင် မဏိစည်သူ (အလောင်းစည်သူ) မင်းကြီးဆိုတာ မရှိဘူးလား၊ ကြားဖူးတယ်မဟုတ်လား? (မှန်ပါဘုရား)၊ မင်း မဏိစည်သူ မင်းကြီးက ဘယ်လောက်ထိ ဘုန်းတန်ခိုးကြီးလဲဆိုရင် မြို့တိုင်းမြို့တိုင်း ဖောင်တော်ဦးစေတီ မရှိဘူးလား? (ရှိပါဘုရား)၊ ဒီ ဖောင်တော်ဦးစေတီ မဏိစည်သူမင်းကြီး တည်တယ်လို့ မပြောဘူးလား၊ ဘာဖြစ်လို့တုန်း? ဖောင်ဆိုက်တဲ့ နေရာတိုင်းမှာ တည်တယ်၊ ဟုတ်တာ မဟုတ်တာတော့ ငါလည်း မသိဘူးကွ၊ ဟုတ်လား၊ သမိုင်းတွေက ပြောတာ၊ ဟုတ်လား၊ အဲဒီ မဏိစည်သူ မင်းကြီးဆိုတာ အသက်အရွယ် ငယ်ငယ်လေးနဲ့ ရှင်ဘုရင် ဖြစ်တာဗျ၊ ဟုတ်လား၊ ဘယ်လောက်ထိ ငယ်သလဲဆိုရင် ပုခက်တွင်း ကတည်းက ရှင်ဘုရင်ဖြစ်တာ၊ ဟုတ်လား၊

မဏိစည်သူ မင်းကြီးက ကျန်စစ်သားမင်းကြီးရဲ့ မြေးပေါ့ကွ၊ ဟုတ်လား၊ ကျန်စစ်သားမင်းကြီးရဲ့သမီး ရွှေအိမ်သည်ဆိုတာ ရှိတယ်၊ အဲဒီ ရွှေအိမ်သည် မင်းသမီးလေးက မွေးတာ၊ မင်းတို့ "သားအချစ်၊ မြေးအနှစ်"ဆိုတာ ရှိတယ်မဟုတ်လား၊ အဲဒီတော့ ကျန်စစ်သားမင်းကြီးက ငါ့မြေးဦးလေးကို ချစ်တယ်၊ ချစ်တော့ ငါ့မြေးကို ထီးနန်းအပ်ပါတယ် ဆိုပြီးတော့ ပုခက်တွင်းကတည်းက မင်းတို့ မဏိစည်သူ မင်းသားလေးက ထီးနန်းရတာကွ၊ ငါ့မြေး ကြီးသည်အထိ အသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ် ရှိတဲ့အထိ ဘိုးတော်က ငါ့မြေးရဲ့ နန်းတော်ကို စောင့်ရှောက်ပေးမယ် ဆိုပြီးတော့ ထီးနန်း အပ်လိုက်တယ်တဲ့၊ ဒါကြောင့် အသက်အရွယ် ငယ်ငယ်နဲ့ ရှင်ဘုရင် ဖြစ်သွားတာကွ၊ အဲဒါ မှတ်ထား၊ ကာလဒါနရဲ့ အကျိုး၊

ကာလဒါနနဲ့ ပြည့်စုံတဲ့အတွက် အသက်အရွယ် ငယ်ငယ်နဲ့ စည်းစိမ်ဥစ္စာ ရာထူးကြီးကြီး ရမှာတဲ့၊ ဟုတ်လား၊ ကျန်စစ်သားက သူ့ရဲ့သား ရာဇကုမာရ ရှိတယ်ကွ၊ ဟုတ်လား၊ ရာဇကုမာရကို ထီးနန်းအပ်လို့ မရဘူး၊ ဘာလို့တုန်း? မြေးတော်ကို အပ်ပြီးသား ဖြစ်နေတဲ့အတွက် သားအရင်းဖြစ်တဲ့ ရာဇကုမာရကို ထီးနန်း အပ်လို့ မရဘူး၊ ဟုတ်လား၊ ရာဇကုမာရက လူတော်ကွ၊ ဟုတ်လား၊ ငါ့ရဲ့တူ ထီးနန်းရတယ်ဆိုပြီး မလုဘူးကွ၊ လူတော်တွေလို့ ခေါ်ရမှာပေါ့ကွာ၊

ကိုင်း လိုက်ဆို-အခါသိသဖြင့်၊ လျှုတုံလင့်၊ ချိန်သင့်ကောင်းကျိုးရ၊၊ ဆိုကြည့်စမ်း သုံးခေါက်၊

အေး အဲဒီ မဏိစည်သူမင်းက ကာလဒါနနဲ့ ပြည့်စုံတဲ့အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ ထီးနန်းစည်းစိမ်ကို ရတာတဲ့၊ ကာလဒါနက ဒီပြင်ဒါနတွေထက် အကျိုးတရား ပိုလာတယ်တဲ့ ဟုတ်လား၊

အေး မဏိစည်သူ မင်းကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ ထီးနန်းစည်းစိမ် ရပေမယ့် သူ့အသက် အရွယ် ကြီးလာတော့ သူ့သားက ခေါင်းအုံးနဲ့ ဖိသတ်ခံရတာကွ၊ ဟုတ်လား၊ အဲဒါ ကြားဖူးလား၊ ခု ငါပြောတော့ ကြားဖူးရော့ပေါ့ကွာ၊ ဟုတ်လား၊ မဏိစည်သူမင်းကြီးက အသက်ခုနစ်ဆယ် ကျော်ကျော် သေခါနီးတော့ နန်းတော်မှာ မထားဘူး၊ ဘုရားထဲမှာ သွားထားတယ်၊ မျောတော့

http://www.dhammadownload.com



မျောနေပြီပေါ့ သေငယ်ဇောနဲ့ မျောနေပြီ၊ နောက် မျောနေရာကနေ သတိလေး ပြန်လည်လာတယ်၊ ပြန်လည်လာတော့ ငါ ဘယ်ရောက် နေသလဲပေါ့၊ ဘုရားထဲ ရောက်နေတယ်ပေါ့ အဲဒီ အချိန်မှာ သူ့ရဲ့ သားအငယ်က မသေသေးဘူး ဆိုပြီး ခေါင်းအုံးနဲ့ ဖိသတ်လိုက်တယ်တဲ့၊

အဲ ခေါင်းအုံးနဲ့ ဖိအသတ်ခံရတာက အကုသိုလ်ကံရဲ့ အကျိုးကွ၊ မှန်ရဲ့လား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရှင်ဘုရင် ဖြစ်တာက ကာလဒါနကုသိုလ်ရဲ့ အကျိုးကွ၊ မှန်ရဲ့လား၊ အဲဒါ **ကဏှသုက္ကကံ**လို့ ခေါ်တယ်ကွ၊ ဟုတ်လား၊ ကဏှ-အမည်းပေါ့ အကုသိုလ်၊ သုက္က-အဖြူပေါ့ ကုသိုလ်၊ အဲလို ကုသိုလ်, အကုသိုလ် ရောနေတဲ့အတွက် ကဏှသုက္ကကံ-လို့ ခေါ်တယ်၊ အဲလို ရောနေရင် ကုသိုလ်ကံ ထက်ပါလေ့စေ ဟုတ်လား၊ အဲဒါမှ အကျိုးပေးတဲ့ အခါမှာ ထူးထူးခြားခြား အကျိုးပေးတယ်၊ ဟုတ်လား၊ အေး အဲဒါ မှတ်ထား၊

မင်းတို့ ကုသိုလ်လုပ်တဲ့အခါ ကဏှသုက္ကကံ မဖြစ်စေနဲ့၊ သုက္ကကံ သက်သက် ဖြစ်ပါစေ၊

ဘုန်းကြီးတွေမှာကွာ မင်းတို့ အပြောအဆို မတတ်လို့ သင့်တဲ့အာပတ် ရှိတယ်၊ မင်းတို့ တခါတရံကွာ အိမ်မှာ ပင့်ပြီးတော့ ဒန်ပေါက်ဆွမ်းတို့ အုန်းဆွမ်းတို့ စသည်ဖြင့် မကပ်ဘူးလား? (မှန်ပါ)၊ အဲသလို ကပ်လိုက်တဲ့ အတွက် မင်းတို့က ဒန်ပေါက်ဆွမ်း မစားရဲတဲ့ ပုဂ္ဂိုလ်အတွက် မင်းတို့က ဆရာတော် ဒန်ပေါက်ဆွမ်း မဘုဉ်းပေးရဲလျှင် ဆွမ်းဖြူ ရှိပါတယ်ဘုရား-လို့ အဲလို လျှောက်ရမှာကွ၊ ဟုတ်လား၊ မင်းတို့က နေ့စဉ် ခေါ်နေကြအတိုင်း အရှင်ဘုရား ထမင်းဖြူ ရှိတယ်ဘုရား၊ ပြောမိမလား မပြောမိဘူးလား? (ပြောမိပါဘုရား)၊ အဲလို ထမင်းဖြူ ရှိပါတယ် ဘုရားလို့ ပြောတဲ့ဆွမ်းကို တို့ဘုန်းကြီးတွေက စားမိလို့ရှိရင် အာပတ်သင့်တယ်ကွ၊ မင်းတို့ ပြောလို့သင့်တာ၊ ဟုတ်လား၊ အဲဒီ အာပတ်ကို မင်းတို့ ကထိန်အာနိသင်က တားမြစ်နိုင်တယ်တဲ့၊ ကထိန်အာနိသင် ဒီတိုက်မှာ ရှိတဲ့ သံဃာအားလုံး မင်းတို့က ကထိန်ခင်းလိုက်တော့ ကထိန်အာနိသင် ရသွားတယ်၊ အဲဒီ အာနိသင်ရဲ့ စွမ်းအင်သတ္တိကြောင့် အဲဒီ အာပတ် မသင့်တော့ဘူး၊ ဟုတ်လား၊

တသက်လုံးလား ဆိုတော့ မဟုတ်ဘူးကွ၊ မင်းတို့ လူတွေ ဆေးမထိုးကျဘူးလား? (ထိုးပါဘုရား)၊ အဲဒီဆေးက ကြာလာတော့ ပြယ်သလား မပြယ်ဘူးလား? (ပြယ်ပါဘုရား)၊ ဒီလိုပါပဲကွ အာနိသင်ဆိုတာ ကြာတော့ ပြယ်တာပါပဲ၊ ဟုတ်လား၊ တပေါင်းလပြည့်ကျရင် အလိုအလျောက် ပြယ်သွားတယ်၊ ဟုတ်လား၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့မှာ မင်းတို့က ထမင်းဖြူရှိတယ်ဘုရား ပြောလို့ စားရင် အာပတ်က သင့်မှာပဲ၊ အေး အဲဒါ မှတ်ထား၊

အဲဒီ အကျိုးတရားတွေ သံဃာတော်တွေမှာ ရတယ်တဲ့၊ သံဃာတော်တွေ အဲဒီ အကျိုးတရား ရလို့ မင်းတို့ ကထိန်ဒကာ/မတွေကလည်း ငါတို့ သံသရာ ဘဝ အဆက်ဆက်မှာ ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်က အဆိပ်ကျွေးတောင် ဘာမှ မဖြစ်ရပါလို၏လို့ ဆုတောင်းကြ၊ ဟုတ်လား၊

ကိုင်း လိုက်ဆို-စားချင်ရာများ၊ စားသော်ငြား၊ ဘေးကားမသင့်ပြီ-

ကဲ မင်းတို့ ကထိန်လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေက ဘဝအဆက်ဆက်မှာ စားချင်ရာစား ဘယ်တော့မှ အစားအသောက်ကြောင့် အန္တရာယ် မဖြစ်ဘူး၊ ကောင်းသလား မကောင်းဘူးလား? (ကောင်းပါ ဘုရား)၊ မင်းတို့ သွေးတိုး ဆီးချို ရှိတဲ့သူက အင်တွေဘာတွေ ရှောင်ဖို့ မလိုဘူးလား? (လိုပါဘုရား)၊ အေး ကထိန်အလှူ လှူထားတဲ့ ပုဂ္ဂိုလ်က အဲဒါတွေ ရှောင်ဖို့ မလိုဘူးတဲ့၊ ဟုတ်လား၊

http://www.dhammadownload.com



ဘယ် အစားအသောက်ပဲ စားစား သူက အစာကျေ တယ်တဲ့၊

လိုက်ဆို-စားချင်ရာများ၊ စားသော်ငြား၊ ဘေးကားမသင့်ပြီ။ ဆိုပေ့ သုံးခေါက်၊

အေး မင်းတို့ ကထိန်ခင်းတဲ့ ဒကာ/မတွေ သံသရာအဆက်ဆက် အစား အသောက်ကြောင့် ရောဂါ မဖြစ်ခြင်းဆိုတဲ့ အဲဒီ လောကီအကျိုးတရား ပိုပြီးတော့ ရတယ်တဲ့၊ ဟုတ်လား? (မှန်ပါဘုရား)၊ အေး တကယ်ရည်မှန်းရမှာက မဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ အကျိုးတရားကို ရည်းမှန်းရမယ်တဲ့၊ ဟုတ်လား၊

မင်းတို့ ဆိုကြပါစို့၊ ကျောက်မျိုးစုံ ထွက်တဲ့ တောင်ကြီးတခု တွင်းကြီး တတွင်းထဲ ရောက်သွားတယ် ဆိုကြပါစို့၊ အဲလို ရောက်တော့ မင်းတို့က တန်ဖိုးမရှိတဲ့ ဓားသွေး ကျောက်ကို ကောက်မလား၊ တန်ဖိုးရှိတဲ့ ပတ္တမြားငမောက်ကို ကောက်မလား၊ ကိုင်း လိုက်ဆို

ပတ္တမြားငမောက်၊ ပြည်တန်ကျောက်၊ ကောက်ယူရအောင်သာ၊

အရေးမရောက်၊ ဓားသွေးကျောက်၊ မကောက်မိစေရာ-ဆိုပေ့ သုံးခေါက်၊

အေး တန်ဖိုးရှိတဲ့ ကျောက်ကိုပဲ ကောက်မယ်၊ တန်ဖိုးမရှိတဲ့ ဓားသွေးကျောက်ကို အလေးခံပြီးတော့ မကောက်ဘူးပေါ့ကွာ၊ ဟုတ်တယ်မဟုတ်လား၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာဆိုတာ ဓားသွေးကျောက်လိုပဲ၊

ကိုင်း လိုက်ဆို-လူ,နတ်တို့အား၊ ချမ်းသာများ၊ ဓားသွေးကျောက်ပမာ-ဆိုပေ့ သုံးခေါက်၊

အေး လူ့ချမ်းသား, နတ်ချမ်းသာဆိုတာ ဓားသွေးကျောက်လိုပဲတဲ့ ဓားသွေး ကျောက် အဖိုးမတန်သလို လူ့ချမ်းသာဆိုတာလဲ အဖိုးမတန်ဘူး၊ ဟုတ်လား၊ ဘာဖြစ်လို့ လူ့ချမ်းသာ အဖိုးမတန်ဘူးလို့ ပြောသလဲဆိုရင် မင်း လူ့ဘဝ မသေဘဲ နေလို့ ရလား? (မရပါဘုရား)၊ အေး မသေအောင်ကော လုပ်လို့ရလား? (မရပါဘုရား)၊ လူဖြစ်လာရင် သေကို သေရတယ်၊ မြေကြီးကို လက်နဲ့ ပုတ်တာက လွဲရင် လွဲမယ်ကွ၊ သေမှာက လွဲရဲ့လား? (မလွဲပါ ဘုရား)၊ အေး လူ့ချမ်းသာဆိုတာ မသေတဲ့ ချမ်းသာ မဟုတ်ဘူးကွ၊ သေတဲ့ ချမ်းသာ ဖြစ်တဲ့အတွက် တန်ဖိုး မရှိဘူးတဲ့၊ ဟုတ်လား၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကမှ မသေတဲ့ချမ်းသာ၊

ကိုင်း လိုက်ဆို- မဂ်,ဖိုလ်,နိဗ္ဗာန်၊ လောကုတ်ဉာဏ်၊ ပြည်တန်ပတ္တမြားပါ-ဆိုပေ့ သုံးခေါက်၊

အေး ပြည်တန်ပတ္တမြားနဲ့ တူတဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရရပါလို၏လို့ ဆုတောင်း၊ ဟုတ်လား၊ တုမှေ့-သင်ဒကာ, ဒကာမအပေါင်းတို့သည်၊ သမင်္ဂိ-ညီညွတ်ကျကုန်သည် ဖြစ်၍၊ အတ္တနော-မိမိ၏၊ သန္တာနေ-သန္တာန်၌၊ ဥပ္ပန္နံ-ဖြစ်ပေါ်၍နေသော၊ ကုသလ်-ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်တရားကို၊ ဝိပဿိတွာ-အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာ တင်ကာ ရှုနိုင်ကြကုန်သည် ဖြစ်၍၊ အနုတ္တရံ-အတုမရှိသော၊ ဝိမုတ္တိသုခံ-အရဟတ္တဖိုလ် မြတ်ချမ်းသာကို၊ သစ္ဆိကရောထ-ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ (သာဓု-သာဓု-သာဓု)

http://www.dhammadownload.com



## ၁၃၇၃-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက် (ရန်ကုန်အဖွဲ့)

မေတ္တာရှင်(ရွှေပြည်သာ) အရှင်ဇဝနနှင့် ဓမ္မဒူတ(-)အရှင်ပညာဝရ တပည့် ဒကာ/မ အများတို့မှ နေ့ဆွမ်းအလှူတဲ့၊ (၂၆)သိန်း၊ တိပိဋက-စာကြည့်တိုက် အတွက် သိန်း (၃၀)၊ နာယက ဆရာတော်များနှင့် စာချ ဆရာတော် (၁၃၆)ပါး၊ တပါးလျှင် ငါးထောင်ကျပ်စီ၊ စုစုပေါင်း (၆)သိန်း (၈)သောင်း၊ ကျန်ကာရကသံဃာ (၂၄၈၄) တပါး တထောင်ကျပ်၊ (၂၄)သိန်းကျော်၊ နောက် ဆေးပဒေသာပင် အတွက် (၁)သိန်း၊ (၈၈)သိန်း (၆)သောင်း (၄)ထောင်၊ ဟုတ်လား၊ ကဲ ညည်းတို့ သိရော့ပေါ့ အေ၊

ကဲ ညည်းတို့ လူ့လောက မသေချင်လို့ ရလား? (မရပါဘုရား)၊ သေရမှာ မကြောက်အောင် လုပ်ရတယ်၊ ဘယ်လိုလုပ်မလဲ? အေး မသေအောင်ကတော့ ဘယ်နည်းနဲ့မှ လုပ်မရဘူး၊ ရောဂါ ဖြစ်လာရင် ထိုင်း အားမကိုးနဲ့ စင်္ကာပူ အားမကိုးနဲ့ အမေရိကန် အားမကိုးနဲ့ အင်္ဂလန် အားမကိုးနဲ့ သေမယ့်ရောဂါဆို သေကို သေမှာ၊ အေး သူတို့ ဆေးရုံတွေလည်း မသေမယ့် ရောဂါသာ ကုနိုင်တာ၊ သေမယ့် ရောဂါ မကုနိုင်ဘူး၊ အေး မှတ်ထား၊

လူ့လောက၊ တိရစ္ဆာန်လောက၊ အကုန်လုံး သုံးဆယ့်တဘုံ မသေအောင် လုပ်လို့ မရဘူး၊ အဲ သေရမှာ မကြောက်အောင် လုပ်၊ ဘယ်လို လုပ်ရမလဲ၊ အေး တို့ဘုရားရှင်က-

ကတာ မေ ကလျာဏာ အနေကရူပါ၊

ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊

ဓမ္မေ ဋ္ဌိတော ကော မရဏဿ ဘာယေ-တဲ့၊

မေ မယာ-ငါသည်၊ အနေကရူပါ ကလျာဏာ-ကုသိုလ်ကောင်းမှု အမျိုးမျိုးကို၊ ကတာ-ပြုလုပ်ခဲ့ပြီးပြီ၊ ဝိသောဓိတော ပရလောကဿ မဂ္ဂေါ-ပရလောကဿ-တမလွန်လောက၏၊ မဂ္ဂေါ-လမ်းခရီးကို၊ ဝိသောဓိတော-ဖြောင့်ဖြူးချောညက် နေအောင် ဖောက်လုပ်ပြီးပြီ-တဲ့၊

ညည်းတို့ လမ်းတွေ ဖြောင့်ဖြူးချောညက်နေရင် သွားလို့လာလို့ အဆင် မပြေဘူးလား၊ ညည်းတို့ ဗမာပြည်မှာ အဲလိုလမ်းတွေ ရှိရဲ့လား၊ ဓမ္မေ ဋ္ဌိတော ကော မရဏဿ ဘာယေ-အဲဒီ ကုသိုလ်တရားမှာ တည်နေတဲ့ ငါ့အဖို့၊ အဲဒီ ကုသိုလ်တရားတွေ ရှိနေတဲ့ ငါ့အဖို့၊ ကော မရဏဿ ဘာယေ-သေရမှာ ဘာကြောက်ဖို့ လိုသလဲ-တဲ့၊ ငါ့မှာ အားကိုးစရာ ကုသိုလ်တွေ ရှိနေပြီတဲ့၊

ကိုင်း လိုက်ဆို-ကုသိုလ်မှန်သမျှ မကျန်ရ၊ စုံပြုပြုခဲ့ပြီ။ ကဲ ဆိုကြည့်စမ်း သုံးခေါက်၊

ကဲ နောက်တစ်ခု လိုက်ဆို-

ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝ လမ်းဖြောင့်ပြီ။ ဆိုဟေ့ သုံးခေါက်၊

နောက် ဘုရားရှင်က-မာတာပိတာ စ မေ ဥပဋ္ဌိတာ-တဲ့၊

မေ မယာ-ငါသည်၊ မာတာပိတာ စ-မိဘနှစ်ပါးကိုလည်း၊ ဥပဋ္ဌိတာ-တာဝန် ဝတ္တရား ကျေပွန်အောင် ပြုစုလုပ်ကျွေးခဲ့ ပြီးပြီ၊

http://www.dhammadownload.com



အေး ညည်းတို့ မိဘ အသက်ထင်ရှား ရှိသေးရင် အဲဒီ ဝတ္တရား ကျေအောင်လုပ်၊ အလိုလို ကုသိုလ်ဖြစ်တယ်၊ ဟုတ်လား၊ ဒိပြင်ကုသိုလ် မလုပ်ချင်နေ၊ ကျောင်းမဆောက်ချင် နေ၊ သင်္ကန်း မလှူချင် နေ၊ အဲဒီ မိဘဝတ္တရား ကျေပွန်တဲ့ ကုသိုလ်တမျိုးတည်းနဲ့ကိုပဲ-သဂ္ဂေသု ဥပ္ပဇ္ဇန္တိ-တဲ့၊ နတ်ပြည်ကို ရောက်နိုင်တယ်တဲ့၊

ညည်းတို့ တချို့ မိဘရှိဦးမှာပါ၊ ရှိသေးတယ်မို့လား? (မှန်ပါဘုရား)၊ အေး မှတ်ထား၊ မိဘအသက်ထင်ရှား ရှိသေးရင် အဲဒီမိဘ စိတ်ချမ်းသာအောင်ထား၊ အဲဒါ ကုသိုလ်ဖြစ်တယ်၊

ကိုင်း-မိဘနှစ်ပါး၊ ဝတ္တရား၊ ကြိုးစားပြုခဲ့သည်။ ဆိုကြည့်စမ်း၊

အေး မိဘနှစ်ပါး ဝတ္တရား ကျေပွန်ရင်လည်း ဒီထက်သာလွန်တဲ့ ဘဝ ရောက်မယ် တဲ့၊

လိုက်ဆို-ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။ ဆိုစမ်း သုံးခေါက်၊

နောက်-ဓမ္မေန သမေန ဣဿရိယံ ကတံ-တဲ့၊

မေ မယာ-ငါသည်၊ ဓမ္မေန-မင်းကျင့်တရား ဆယ်ပါးနှင့်၊ သမေန-ညီညွတ်စွာ၊ ဣဿရိယံ-တိုင်းပြည် အုပ်ချုပ်မှုကို၊ ကတံ-ပြုလုပ်ပြီးပြီ-တဲ့၊ မင်းတို့ အစိုးရတို့ ဆိုတာ တိုင်းပြည်အုပ်ချုပ်တဲ့ နေရာမှာ တိုင်းသူပြည်သားကို စိတ်ချမ်းသာအောင် ထားပြီးတော့ မင်းကျင့်တရား ဆယ်ပါးနှင့် အညီ အုပ်ချုပ်နေရင် အလိုလို ကုသိုလ် ရတယ်-တဲ့၊ အဲ အဲဒီ ကုသိုလ်တွေကလည်း သေရမှာ မကြောက်အောင် အကူအညီ ပေးတယ်-တဲ့၊

ကိုင်း လိုက်ဆို-မင်းကျင့်ဆယ်ဖြာ၊ ညီအညာ၊ ပြည်ရွာအုပ်ခဲ့ပြီ၊

ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။ ကဲ ဆိုကြည့်စမ်း သုံးခေါက်၊

အဲဒါ မှတ်ထား၊ လူ့လောက မသေအောင်က ဘယ်နည်းနဲ့မှ လုပ်မရဘူး၊ သေရမှာ မကြောက်အောင် လုပ်ထား၊ ဟုတ်လား၊ အဲဒီ ကုသိုလ်တွေ လုပ်ထားရင် သေရမှာ ကြောက်ဖို့ မလိုဘူးတဲ့၊ သေရင် ဒီထက် အဆင့်အတန်း သာလွန်တဲ့ ဘဝ ရောက်မယ်၊

ညည်းတို့ ဗမာပြည် ထမင်းစားရအောင်လို့ ထမင်းပွဲကြီး ခူးထားတယ်၊ ယင်ကောင်တွေ လာသလား မလာဘူးလား? (လာပါဘုရား)၊ ညည်းတို့ ယင်လာတာ ကောင်းကျိုးလား ဆိုးကျိုးလား? (ဆိုးကျိုးပါဘုရား)၊ ဘာလို့တုန်း? ယင်နားတဲ့ အစားအစာကို စားရင် လူတွေ ဘေးဥပါဒ်အန္တရာယ် ဖြစ်တတ်တယ်၊ အဲဒီ ယင်ကောင်တွေ လာတဲ့ ဆိုးကျိုးက ဆိုးပင် စိုက်ပျိုးလို့ပေါ့၊ ညည်းတို့ ဗမာပြည်က အချင်းချင်း ရန်ဖြစ်တယ်၊ ညည်းတို့ဆို မွန်ပြည်နယ် ခေါ်သလား၊ မွန်ပြည်နယ်ထဲ ပါသလား၊ ပဲခူးတိုင်းလား၊ အေး ထားပါ၊ ညည်းတို့ ဗမာပြည်က ကရင် ကရင်ချင်း ရန်ဖြစ်တယ်၊ ကရင်နဲ့ ဗမာ ရန်ဖြစ်တယ်၊ အဲ မွန် မွန်ချင်း ရန်ဖြစ်တယ်၊ အဲ မွန်နဲ့ ဗမာ ရန်ဖြစ်တယ်၊ ရှမ်း အချင်းချင်း ရန်ဖြစ်တယ်၊ ရှမ်းနဲ့ ဗမာ ရန်ဖြစ်တယ်၊ ဗမာ ဗမာချင်း ရန်ဖြစ်တယ်၊ အဲ အကုန်လုံး ရန်လှည့်ဖြစ်နေတဲ့ နိုင်ငံ၊ ဘယ်တိုးတက်မှာတုန်း၊ ရန်ဖြစ်တယ်ဆိုတာ အကုသိုလ်၊ အကုသိုလ်ဆိုတာ ဆိုးပင်ခေါ်တယ်၊

တို့ ဘုရားရှင်က သံယုတ်မှာ-ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ-တဲ့၊ ဆိုးပင် စိုက်ပျိုးရင် ဆိုးကျိုးရမှာပဲဗျ၊ မှန်ရဲ့လား၊

http://www.dhammadownload.com



ကဲ ဆိုစမ်း-ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ။ ဆို သုံးခေါက်၊

ဒါ ငါက အခု ညည်းတို့က လူထုပရိသတ်၊ အစိုးရမဟုတ်ဘူး၊ အစိုးရက ဝန်ကြီး မကဘူး ဝန်ကြီးအထက်က လူတွေကို ငါက ဒါ ဟောတာ၊ ဟုတ်လား၊ ဟောတာက ဟောတာပဲ၊ မလိုက်နာတာတော့ ဘာမှ မတတ်နိုင်ဘူး၊ ဟုတ်လား၊

ဆိုးပင်ပျိုးရင် ဆိုးကျိုးရသလို ကောင်းပင်ပျိုးရင် ဘာအကျိုး ရမလဲ? (ကောင်းကျိုးပါ ဘုရား)၊ အဲ အချင်းချင်း ညီညွတ်တယ် ဆိုတာ မေတ္တာခေါ်တယ်၊ မေတ္တာက ကုသိုလ်၊ အဲ မေတ္တာဆိုတဲ့ ကုသိုလ်ကောင်းပင် စိုက်ပျိုးရင် ဘာအကျိုး ရမလဲ? (ကောင်းကျိုးပါ ဘုရား)၊

ကိုင်း ဆိုစမ်း-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ ဆို သုံးခေါက်၊

အေး ညည်းတို့ ဗမာပြည်လောက် အလားအလာ ကောင်းတဲ့နိုင်ငံ ကမ္ဘာပေါ် ရှာကြည့်၊ မရှိသလောက် ရှားတယ်၊ ဟုတ်လား၊ တို့ဆီက မြေက သစ်ပင်တမျိုးမျိုး စိုက်ပျိုးလို့ မရဘူးလား၊ ရေက အဆင်သင့် မရှိဘူးလား၊ ရောဝတီတို့ ချင်းတွင်းတို့ မရှိဘူးလား၊ သယံဇာတကော တို့ဆီ မရှိဘူးလား၊ အင်မတန် အလားအလာ ကောင်းတဲ့ နိုင်ငံ ဟုတ်လား၊ အဲဒါ ဘာကြောင့် မတိုးတက် သလဲ ဆိုရင် မညီညွတ်လို့၊ တကယ်သာ ညီညီညွတ်ညွတ်နဲ့ လုပ်စမ်းပါ၊ ကောင်းကျိုးရမှာပေါ့၊ ဟုတ်ရဲ့လား၊

ဟောဒီ မစိုးရိမ်တိုက်သစ် ငါပြောင်းတဲ့ နှစ်က သံဃာ တတိုက်လုံးမှ (၆၃)ပါးပဲ ရှိတယ်၊ အဲ ၁၃၂၉-ခုနှစ်တုန်းက ဒီမှာ ပြောင်းတာ၊ ငါက မစိုးရိမ်တိုက်ကြီးမှာ ကျောင်းတွေ ဘာတွေ ရပြီးသား၊ ဘုန်းကြီး ဦးသီရိနန္ဒ ဒီ အနောက်ဘက်က သုံးပါက တိုက်ဟောင်းက ပြောင်းတာ၊ (ကျောင်းကြီးပေါ်ရှိ ဓာတ်ပုံများကို ပြလျက်)၊ အခု ညည်းတို့ (၂၆၀၀)ဆိုတာ အဆပေါင်း ဘယ်လောက် တိုးတက်လာသလဲ၊ ဆယ်ဆတိုးရင် ခြောက်ရာ့သုံးဆယ်ပေ့ါ၊ အေး အဲဒါ မှတ်ထား၊ ဆယ်ဆ မကဘူး တိုးတယ်၊ အဲဒါ လူကြီးတွေ ညီညီညွတ်ညွတ်နဲ့ သာသနာပြုလို့ပေ့ါ၊ ဟုတ်လား၊

ခုနက ဒီ ဓာတ်ပုံတွေက ဦးဇင်း နာယက အငယ်တွေ၊ သူတို့က ဒီတိုက်မှာ အောင်တာ၊ ဟုတ်လား၊ တို့က မစိုးရိမ်တိုက်ကြီးက အောင်လာတာ၊ ဟုတ်လား၊ သူတို့ကမှ ဒီတိုက်သား အစစ်၊ တို့က ဗစ်စစ်တင်းပရော်ဖတ်ဆာ ဧည့်ပါမောက္ခ ခေါ်တယ်ဗျ၊ အေး တို့က ဧည့်ပါမောက္ခတွေ၊ သူတို့ကမှ ဒီတိုက်သား အစစ်တွေ၊ အဲဒါ မှတ်ထား၊

တို့ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်တော့ မတိုးတက် ဘူးလား? (တိုးတက်ပါဘုရား)၊ ညည်းတို့ ခေါ်စရာတောင် မလိုဘူး၊ အလိုလို လာလာ လှူတယ်၊ ရန်ကုန်က ဖုန်းဆက်တယ်၊ ဆွမ်းကျွေးချင်လို့တဲ့၊ တခါတော့ ကျွေး၊ နောက်တခါ မကျွေးနဲ့၊ နောက်တခါ ကျွေးရင် (၁၀၀၀) ကျော်ရှိတဲ့ တိုက်တွေ အများကြီး ရှိတယ်၊ အဲဒီ သွားကျွေးလို့ မင်းတို့ အလုပ်ပျက်တယ်၊ မင်းတို့ ကနေ့ စာမေးပွဲ ရှိတယ်၊ တနာရီမှ လုပ်ကြတော့လို့ အဲလို ပြောထားရတာ၊ ထုံးစံက ဆယ့်နှစ်နာရီ စာမေးပွဲ လုပ်နေကျ၊ အဲဒါကို တနာရီမှ လုပ်ရအောင်လို့ နောက်ချထားတာ၊ ဟုတ်လား၊

အေး တို့ဆီက အလုပ်နဲ့ နေတာ၊ ဟုတ်လား၊ ညည်းတို့လည်း ဒီတခါပဲ ကျွေးပါ၊ နောက်ကျ လာမကျွေးပါနဲ့၊ ဒိပြင်တိုက်တွေ သွားကျွေး၊ အဲ ညည်းတို့ ကျွေးချင်တယ်ဆိုရင် တို့စာမေးပွဲ ဖြေတော့ ဆွမ်းကျွေးတယ်၊ ဆယ့်သုံးရက်တိတိ ဆက်တိုက် ကျွေးရတယ်၊ စာဖြေနေတုန်း၊ ဟုတ်လား၊

http://www.dhammadownload.com



ငယ်,လတ်,ကြီး-က ခုနစ်ရက်ပေါ့အေ၊ စာချတန်းက ခြောက်ရက်၊ ဟုတ်လား၊ အားလုံးပေါင်း ဆယ့်သုံးရက်တိတိ ကျွေးရတယ်၊ အဲဒီကျ လာကျွေးပါဗျာ၊ အေး ဒီအချိန်ခါ ကျွေးတာက စောစောက ပြောသလို အလုပ်မပျက် တော့ဘူး။

ကနေ့ဆို (ဥပုသ်နေ့ဆိုတော့) စာဝါတွေ မရှိဘူး၊ စာဝါက ဒီပေါ် ချတာ၊ ဒီ အလယ်ထပ် ပါရာဇိကဏ်၊ အထက်ဆုံး အထပ် အဌသာလိနီ၊ သူ့အထပ်နဲ့သူ စာချတာ၊ အေး အဲဒါ မှတ်ထား၊ ဒီမှာက ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်တော့ မတိုးတက်ဘူးလား၊ အဲဒါ မှတ်ထား၊

ညည်းတို့ ဗမာပြည်လည်း ညီညီညွတ်ညွတ်နဲ့ တိုင်းပြည် တည်ထောင်ရင် ဗမာပြည်က လမ်းတွေ ကတ္တရာ မကဘူး၊ ရွှေပြားပါ ထပ်ခင်းနိုင်တယ်၊ တို့ ဗမာပြည်လောက် ရွှေပေါတာ မရှိဘူး၊ ဒီ ဧရာဝတီမြစ် ဆန်တက်သွား၊ မြစ်ကွေ့တိုင်း မြစ်ကွေ့တိုင်း ရွှေကျင်သွား၊ အနည်းအကျင်း တော့ ရတယ်၊ ဟုတ်လား၊

တို့ မစိုးရိမ်တိုက်သစ်တောင်မှ ဦးဇင်းတွေက ပြောတယ်၊ ရန်ကုန်က ဆရာတော် တပါး ထင်တယ်၊ "မစိုးရိမ်တိုက်သစ်က အမှိုက်ပုံကြီးပါ"တဲ့၊ ဟုတ်လား၊ ငါလည်း ပြောလိုက်တယ်၊ "ဟုတ်တယ် အမှိုက်ပုံလို့၊ အဲဒီ အမှိုက်ပုံထဲက ရွှေကျင်ယူတာ"လို့၊ ဟုတ်လား၊ တခါတရံ တရွှေး သားလောက် ရတယ်၊ တခါတရံ နှစ်ရွှေးသားလောက် ရတယ်၊ ရသမျှ အမြတ်မထွက်ဘူးလား၊

ကိုင်း လိုက်ဆို-ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ။ဆို သုံးခေါက်၊

ကိုင်း လိုက်ဆို-ကိုယ့်ကုသိုလ်က၊ ကိုယ့်ဘဝ၊ မုချမြင့်အောင် မြှင့်လိမ့်မည်။

ညည်းတို့ ငါက ပါဠိတော့ မချဘူး၊ ပါဠိက-ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနီယာ-တဲ့၊

ကုသိုလ်ဆိုတာ မိမိဘဝကို တဆင့်ထက်တဆင့် မြှင့်တင်ပေးတတ်တယ်တဲ့၊ အဲဒီ ပါဠိကို ချပေးလဲ ညည်းတို့ ရမှာမှ မဟုတ်ဘဲ၊ မြန်မာလို ဆိုတော့ ညည်းတို့ မသိဘူးလား? (သိပါဘုရား)၊

တုမေ့-သင်ဒကာ, ဒကာမအပေါင်းတို့သည်၊ သမဂ္ဂါ-ညီညွတ်ကျကုန်သည် ဖြစ်၍၊ အတ္တနော-မိမိ၏၊ သန္တာနေ-သန္တာန်၌၊ ဥပ္ပန္နံ-ဖြစ်ပေါ်၍နေသော၊ ကုသလံ-ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်တရားကို၊ ဝိပဿိတွာ-အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာ တင်ကာ ရှုနိုင်ကြကုန်သည် ဖြစ်၍၊ အနုတ္တရံ-အတုမရှိသော၊ ဝိမုတ္တိသုခံ-အရဟတ္တဖိုလ် မြတ်ချမ်းသာကို၊ သစ္ဆိကရောထ-ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။ (သာဓု-သာဓု-သာဓု)